သည်။ သုဒ္ဓါဒနမင်း၏ နှမတော် အမိတ္တာမင်းသျှီးနှင့် သုပ္ပဗုဒ္ဓါတို့ သင့်မြတ်ရာတွင် ဒေဝဒတ်နှင့် ဗိမ္ပာဒေဝီကို ဖျားလေသည်။ ဗိမ္ပာဒေဝီကား နောက်၌ ယသောဓရာဟူ၍ရင်း။ဘဒ္ဒကစ္စနာဟူ၍ရင်း။ဗိမ္ပာဒေဝီဟူ၍ရင်း။ သုံးဘွဲ့ဖြင့် ကျော်စောလေသည်။ ရာဟုလာမင်းသား၏ မယ်တော်တည်း။ ဘုရားအလောင်းနှင့် ယခေသောဓရာတို့ သင့်မြတ်ရာတွင်။ ရာဟုလာကိုဖျားသည်။ စုစုပေါင်းသော် ကမ္ဘာဦး (မဟာသမ္မတမင်းကစ၍ သြက္ကာကရဇ်မင်းအထိ။ မင်းဆက်ပေါင်း (၂၅၂၅၅၆) သြက္ကာကရဇ်၏သား ကပ္ပိလဝတ်တည်း။ ဥက္ကာမုခမင်းကစ၍ ရာဟုလာမင်းသားအထိ မင်းဆက်ပေါင်း (၈၂၀၀၀) ကျော် အားလုံး စုစုပေါင်းသော် မင်းဆက်ပေါင်း (၃၃၄၅၅၆) ဆက်ဖြစ်ပါသည်။ ကပ္ပိလ၊ ဒေဝဒဟ၊ ကောလိယ၊ သုံးပြည်ထောင်ပြီး၏။

## (၁၀) ခါတုကထာအခန်း။

မူလအခြေခံ ပင်ရင်းပခေါနု ဟရားကား။ ။ခါတ်ကြီး လေးပါးတည်း။ ဖြေဦးအုံ့။ ။ကမ္ဘာပေါ်တွင် မူလအခြေခံပင်ရင်းပခါနု ဖြစ်တဲ့ တရားသည်ကားခါတ်တရားသာတည်း။ခါတ်တရားသာလျှင် ပခါနုတရား ဖြစ်ပါတော့သည်။

၁ (လောကခါတ်ကြီး၊ လောကခါတ်ကြီး) ဟူ၍ တကမ္ဘာလုံးကပင် ထောက်ခံ၍နေကြရာ ခါတ်တရားဟာ လောကပါဘဲ။ လောကဟာလဲ ခါတ်တရားပါဘဲ။

၂ (သဒ္ဒါတတ်တဲ့ စာဟတ်ကြီးတွေကို) လျှောက်ထား၍ကြည့်ကြပါအုံး။ဘုရားဟာ ခေါ်တဲ့ ဗုဒ္ဓကိုပင် (ဗုဒ္ဓခါတ်) တပစ္စည်းကြောင့်။ဗုဒ္ဓါဟာ ပညတ်ဖြစ်လာပါသည်။ တရားခေါ်တဲ့ (ဓမ္မ) ဌာ်လည်း (ဓရခါတ်) ရမ္မ ပစ္စည်းကြောင့်။ ဓမ္မောဟာ ပညတ်ဖြစ်၍ လာပါသည်။ သံဃာခေါ်တဲ့ (သံဃ) ဌာ် သံရှေးရှိသော ဟနခါတ် တပစ္စည်းကြောင့်။ သံဃာဟာ ပညတ်ဖြစ်၍လာပါသည်။ (ခါတ်ဟာ) ပရမတ်ပါဘဲ။ပစ္စည်းပုဒ်ကပညတ်ပါဘဲ ဆိုတာကို။ စာတတ် ပေကတ်ကြီးများသင်ကြ၏။ သဒ္ဒါမတတ်၊ စာမတတ်လို့ မသိတာတော့ ဗွေမယူနိုင်တော့ပါဘူး။

၃ အဘိဓမ္မာ ၇ ကျမ်းထဲက (ခါတုကထာ ပါဠိတော်) ဟာ၊ ပရမတ်လေးပါးကို ခါတ်ကြီးတဆဲ့ရှစ်ပါးဖြင့် ခွဲပြထားရာ။ (ခါတ်လဲ ပရမတ်။) ၊ပရမတ်လဲ ခါဘ်ပါဘဲ။

၄ သခ်ၢတခါတ် အသခ်ၢဟုခါတ်ဟူ၍ ၂ မျိုးရှိရာတွင်။ သခ်ၢတခါတ်၌ စေတသိကခါတ်ဟာ၊ စိတ်၌မှီရသည်။ စိတ်ခါတ်ဟာလဲ၊ ရူပခါတ်၌မှီရသည်။ ရူပ ၂၄ ပါးခါတ်ဟာလဲ၊ မဟာဘုတ် ခါတ်ကြီး လေးပါး၌မှီရသည်။ သို့မရှိကြောင့်။ ခါတ်ကြီးလေးပါး ပခါနုကို ပထမရှာမှ ရှုပ်ပြီးရပါသည်။ သာဓကမှာ။ စက္ခာရိမဟာဘူတာနိ၊ စတုန္နဉ္စမဟာဘူတာနံ၊ ဥပါဒါယရူပံ။ ။စက္ခုဂတ္ထု သောတဂတ္ထုစသည်ဖြင့်။အဘိဓမ္မာ ၇ ကျမ်း၌ ပါရှိလေသည်။

၅ ဣရိယာပထပဗ္ဗ၌ ရှုပ်ပြီးနည်းကိုဘုရားဟောသည်ကား'။(ဂစ္ဆန္တော ဝါ ဂစ္ဆာမီဟိပဇာနာတိ စသည်တို့၌။ ဂစ္ဆာမိ၊ ဋ္ဌိတောမှိ၊ နိသိန္နောမှိ၊ သယာနောမှိ၊ လေးချက်ဝယ် ဂစ္ဆာမိပုဒ်ကို။ ဂစ္ဆာမိသိမ်စိတ်ဉပဒ္ဒတ်၊ တံဝါယံဇနေတိ၊ ဝါယောတိ၊ ဝိညတ္တိ ဇနေ စိတ္တကြိယာဝါယောခါတ္၊ ဝိမ္ဘာရေန၊သကလသရီရတောအဘိနိဟာရော၊ ဂမနန္တိဝုစ္စတိ ဌာနာဒိသုပိ ဧသေဝ နယော။ ။သတိပဋ္ဌာနသုတ် အဋ္ဌကထာ ဖွင့်ပုံ။ ကြည့်ကြပါဦး။ (၁) သွားမယ်ဆိုတဲ့စိတ်ဟာ၊ မနောဝိညာဏ် ခါတ်ပါဘဲတဲ့။ (၂) သွားကြောင်းဖြစ်တဲ့လေဟာ ဝါယောခါတ်ပါဘဲတဲ့။ (၃) ဝါယောကြောင့်ဖြစ်တဲ့ ဝိညတ်အမှုအရာဟာ၊ ဝိကာရခါတ်မမှခါတ်ပါဘဲတဲ့။ (၄) စိတ္တကြိယဝါယောခါတ် လှုပ်ရှားမှုကြောင့်။ တကိုယ်လုံးရှေးသို့ ဆောင်နေခြင်းကို သွားတယ်ဆိုတဲ့ ၄ ချက်စလုံး ခါတ်ရောက်အောင်ရှုပါတဲ့ ဖွင့်၍နေပါပြီ။

၆ သမ္ပဇညပဗ္ဗ၌ အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမ္ပဇာကာရီကောတိ စသည်ဖြင့်ရှုလေရာဝယ်။ သမ္ပဇာနကာရီကား။ မှန်ခါတ်သာတည်း။

၇ ဤသို့လျှင် ခါတ်အစ ခါတ်အလယ် ခါတ်အဆုံးဖြစ်ပါ၍။ မြတ်စွာဘုရားက သားတော်ရာဟုလာအား။ ကမ္ဘဏ္ဍာန်းရှိခိုင်းတော့၊ ပထဝီခါတ်ကို ခေါ်ရာဟုလ၊ အနိစ္စတောာ× ဒုက္ခတောာ×အနတ္တတောာ× ဇာနတောာ၊ ပသဿတောာ၊ သက္ကာယဒိဋ္ဌိ ပဇဟာတိ၊ ဝိစိကိစ္ဆံ ပဇဟာတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ ဟူ၍။ သဘာဝလက္ခဏာရှုရပုံ၊ သမညလက္ခဏာရှုရပုံ၊

ရှုနည်း၊ ပယ်ခွါနည်း၊ ရုန်ဉ်း၊ ရောက်နည်းကိုပါ အစရော အလယ်ရော အဆုံးရော ဟောပြထားပါသဖြင့်။ ပဓါနအခြေခံဘုရား ဖြစ်ကြောင်းကို၊ ရဲရဲရင့်ရင့်ကြီးရေးခဲ့ပါသည်။(ခါတ်ပဓါ နှ)သာဓကအစုံအလင်ကို ကိုယ်တွေ့ဉာဏ်စဉ်ကျမ်းကြီးဌ ရုံးဟော ၂ ရပ် အဆုံးအဖြတ်အခဏ်းတွင် ပြည့်ပြည့်ဝဝ တိတိကျကျ ရှင်းခဲ့ပါသတည်း။ ခါတ်ကစ၍မရှုလျှင်။ အောက်ခြေလွတ်လေပြီတကား။

ဝိသယခေတ်၊ စကြာဝဠာ အနန္တဌ ခါတ်သာရှိနေပုံ။

လောကသက်သေစုံပြဦးအုံ။

၁ ဤကမ္ဘာလောကကြီးတွင် (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဝိညာဏ၊ မြေ၊ ရေ၊ လေမီး၊အကြား၊အသိ) ခါတ်ကြီး ၄ ပါး ၆ ပါးသာရှိကြောင်း။ ထိုခါတ်များကိုပေါင်းစပ်လျက်။ကော တောင် ရေ မြေ သမုဒ္ဒရာစသော သက်မဲ့ဝတ္ထုများ။ လူတိရစ္ဆာန်စသော သက်ရှိသတ္တဝါများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း။ လူသတ္တဝါများသည်ခါတ်ကြီး ၄ ပါး၆ပါးကလွဲ၍မည်သည့်အရာမှထူးထူးခြားခြားမရှိဘဲ။လူ၏အသိဉာဏ်သည်လည်း။ အဆိုပါခါတ်ကြီး ၄ ပါး ၆ပါး ပေါင်းစပ်ခြင်းကြောင့်။ ဖြစ်လာရသည့်ဖြင်။ ဝိညဉ်သည်လည်း တစုံတခုကို သိနားလည်မှုမှာ။ မျက်မှောက် ချက်ချင်း လက်ငင်း မြင်တွေ့ ကြားသိမှုမှာသာ တည်ရှိလေရာ။ သွယ်ဝိုက်သောနည်းအားဖြင့်။တဆင့်ကူးပြောင်းနားလည် သိမှုမျိုး မဖြစ်နိုင်ကြောင်း။ မောင်ကြည်ဌေး၏ သဘာဝမမှန်နည်းကျကျ ယူဆထားပုံတည်း။

၂ လယ်တီဆရာတော်ကြီး၏ လေးဆစ်ချီးဝိပဿနာ ကဗျာဌ်လည်း။ ပရမတ်မှန်၊ ခါတ်ဉာဏ်ထုတ်ပါလို့။ နာမ်ရုပ်ကိုတဲ့ တွေ့ခဲ့လျှင်။ သည်တွင်မှာမြင်ရပြား။ ။ခါတ်တရားတွေ့မြင်မှ ဘုရားကိုတွေ့မြင်တယ်တဲ့။

၃ ခါတ် ၆ ဖြာ။ဝိဇ္ဇာမျိုးကိုလည်း။ အသိမျိုးနဲ့ခဲ့ရှာ။ လွဲပါပေါ့ သည်ဘုရား။ ခါတ် ၆ ပါး တရားတွေ့မှ၊ ဘုရားကိုတွေ့တယ်တဲ့။

၄ လယ်တီဆရာတော်ကြီး၏ ပဋ္ဌိစ္စသမုပါဒ်လင်္ကာ (၁၃) ပုဒ်ထဲမှ ထုတ်၍ပြရပါလျှင်။ ။ဒွါရသ ခင်။ ခြောက်ပါးညဉ်ဟု။ (အရှင်ခါတ်မင်း) ပေါ်ကုံလျှဉ်း၍။

၅ ဘုတဟူပေ။ မြေ ရေ လေ မီး။ ခါတ်ကြီး ၄ တန်။အမာခံလျက်၊ အရုံရုပ်သေး၊ နှစ်ဆဲ့လေးနှင့်၊ ပေါင်းထွေးမျှညီ၊ အဋ္ဌဝိသ။ ရုပ်ကာယဟု။

၆ ငါ၏ ဤကိုယ်။ ငါမင်းမျိုဟု။ အသိအထင်။ အမြင်မှောက်မှား။ စိတ်နေကြွားဘို့။ တံခါးခြောက်သင်း။ကိုယ်လုံးလင်းသည်။ ခြောက်သင်း ခါတ်မှန် စွမ်းရည်တည်း။

၇ ခါတ်မှန်အကြည်။ ခြောက်မျိုးတည်က။ခြောက်မည်အာရုံ။ အလုံးစုံလည်း။

၈ ခြောက်စုံရသ။ အနိုင်ကျနှင့်။ ဈဋ္ဌဟူသည်။ အရည်ဖိုးဖိုး။ ယိုထွက်စီးသော်။ ခါတ်သည်းခြောက်ဖြာ၊ ဝေဒနာဟု။

၉ ကိုယ်တွင်ခါတ်နှ။ အစုစုလျှင်။ ဗဟုဝေဒါ။ မျှားပြားစွာသည်။

၁၀ တရားအစု၊ ခါတ်အနုကို။ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်။ အတ္တဝါဒုပါဒါဟည်း။

၁၁ ဝဋ္ဌိသံသရာ။ ရှည်မင်းစွာ၌။ သူ့ဝါကစ။ ဖြစ်သမျှကား။ သတ္တမဟုတ်။ ခါတ်မှန်ထုတ်သော်။ နာဝ်ရုပ်နှစ်သင်း။ အမြင်လင်းလေ့။

၁၂ ရှည်လေသမျှ။ အနန္တကား။ သုခဟူသည်။မြို့မျှမကွက်။ အဆက်ဆက်လျှင်။သက်သက်ဒုက္ခ။ ခါတ်မှန်ရသည်။ဘဝဤကိုယ်ဖြင့်ထုံးတည်း။

၁၃ အနတ္တဒီပနိကျမ်း။ နိဒါန်းခ်ီ။ သုခုမံတေပဋိဝိဇ္ဇနီ ဂါထာခ်ီ။ သုခုမံ။ သိမ်မွေ့ခဲကပ်။ ပရမတ်အစု ခါတ်အနုကို ဟူ၍။ အနက်ပြန်ထားပါသည်။

၁၄ သဘာဝမှ မှန်ပြကျမ်းခ်ီ၊ လယ်တီလက်ဝ။ မာန်လည်လက်ဝ။ မြဝတီလက်ဝ။ ဂန္ဓာရုံလက်ဝ။ ဦးတိုက်ခ်ြုပ်ယလက်ဝ။ ဗိုးညွှင်းလက်ဝမျှား ခ်ီလည်း။ ခါတ်တရားပင်တည်း။

၁၅ ရင်ရှာထဲခ်ီလည်း။ ဤခလေးခါတ်ချုပ်သည်။ ဤခလေးကား ခါတ်သက်သည်။ မင့်ခါတ်သ ဘောဝါသိပါတယ်ကွ။ ခါတ်စာစားနေပါတယ်။ ခါတ်ဆေးပေးထားတယ်။ဤလောကကြီးထဲခ်ီ။ ခါတ်ကခေတ်စားနေတယ်။ အားလုံးမပါတ်ချည်းဘဲ။ ခါတုဘေဒပညာ။ ခါတ်ပုံ။ခါတ်စက် ခါတ်အား။ ခါတ်မီး စသည်ဖြင့် ခါတ်တရားကပင်။ ကမ္ဘာကိုလွှမ်းမိုး၍ နေပါတော့သည်။ မြတ်စွာဘုရားကလဲ။ ခါတုသောဘိက္ခဝေ၊ သဒ္ဓိ သမေန္ဒိ၊ သံသန္ဒန္တိ စသည်ဖြင့်၊ အကျယ်ကြီး ဟောကြား ခဲ့ပါသည်။ ထို့ကြောင့်။ခါတ်တရား ဦးစွာတွေ့အောင်ရှာ၍ ပွါးမျှားကြပါကုန်။

## (၁၁) သတိပဋ္ဌာန် ၄ ပါးလုံး ခါတ်ချည်းဘဲ။

ကာယာနုပဿနာ သတိပဋ္ဌာန်၊ ရုပ်ခါတ်တွေ ရှုကြပါရန်။
ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ နာမ်ခါတ်တွေ ရှုကြပါရန်။
စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ နာမ်ခါတ်တွေ ရှုကြပါရန်။
ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ နာမ်ခါတ်တွေ ရှုကြပါရန်၊
သတိပဋ္ဌာန်အဋ္ဌကထာ ဋီကာမျှားဌ။ ခါတ်ရောက်အောင်ရှုကြရန် ဖွင့်ကြပါသည်။ (သွားခြင်း) ဌ မနေနာခါတ်။ ဝါယောခါတ် ဝိကာရခါတ်။ ဓမ္မခါတ် ၄ ပါးတဲ့။

---

## (၁၂) ပရမတ္ထတရား ၄ ပါးဌ ကြည့်ပါဦးတော့။

စိတ်တရား ၆ ပါး။ဂ၉ ပါး။၁၂၁ ပါးတို့ဟာ၊ ခါတ်ချည်းပါဘဲ။
စေတသိက် ၅၂ ပါးဟာလဲ၊ ခါတ်ချည်းပါဘဲ။
ရုပ်တရား ၂၈ ပါးဟာလဲ၊ ခါတ်ချည်းပါဘဲ။
နိဗ္ဗာန်တရား ၁ ပါး။ ၄၇ ပါး၊ ၅၂ ပါးဟာ။ ခါတ်ချည်း ပါဘဲတဲ့။

---

## (၁၃) လောကီ လောကုတ္တရာ ချုံးကြည့်ပါဦးတော့။

စေတသိက် ရုပ် ၃ ပါးက၊ သဒ္ဓိတခါတ်တရားပါဘဲ။
နိဗ္ဗာန် ၁ ပါး၊ ၄၇ ပါး၊ ၅၂ ပါးက အသင်္ခတခါတ်တရားပါဘဲ။

---

## (၁၄) ဘုရားရှင်ဟောသမျှ ချုံးမ်ကြည့်ကြဦးတော့။

ဗိဒ္ဓကတ် ၃ ပုံဟာ၊ ခါတ်ချည်းဘဲ။
နိကာယ်ငါးရပ်ဟာ၊ ခါတ်ချည်းဘဲ။
အင်္ဂါကိုးတန်ဟာ၊ ခါတ်ချည်းဘဲ။
ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဟာ၊ ခါတ်ချည်းဘဲ။

---

## (၁၅) ခါတုကထာ ပါဠိတော်တအုပ်လုံး ခါတ်ချည်းဘဲ။

ခါတုကထာပါဠိကော်ဌ၊ စိတ် စေတသိက်၊ ရုပ်၊နိဗ္ဗာန်ပရမတ်မျှားကို ခါတ်ကြီး (၁၀) ပါးထဲဌ ထုံ၍၊ ဘုရားဟောထားရာ၊ ယုံကြည်ကြဘို့တည်း၊

## (၁၆) အလောင်းတော်ကြီး ပဋ္ဌိသန္ဓေစွဲတော့၊ ၃၂ ပါး ဓါတ်ပေါ်သည်။

ငါတို့၏ဘုရားအလောင်းတော်ကြီးဟာ။မယ်တော်မာယာ၏ဝမ်းကြီး တိုက်၌။ ပဋ္ဌိသန္ဓေအားဖြင့် ကိန်းဝပ်တော့။ ဓါတ်ဝင်၍ နိမိတ်ပေါ်လာ ပါသည်။

(၁) ငရဲကြီးရှစ်ထပ်။ ငရဲငယ် (၁၂၈) ထပ်နှင့် လောကန္တရက်ငရဲမှ စ၍ ငရဲမှန်သမျှတို့၌ ငရဲမီးဟာ။ ဖြုံးကနဲ ချုပ်ငြိမ်း၍ သွားရပါသည်။ အဲဒါနှုတ်ဆက်တဲ့ပမာဘဲ။ငါတပြီးကား သင်တို့၏ အကုသိုလ်မီး၊ကိလေ သာမီးတွေကို ဝိပဿနာဖြင့်၊ ချုပ်စေမည်။ငြိမ်းစေမည်။ ဂါ့မှာ ဝိပဿနာ ဓါတ် ၃၅ နှစ်ရောက်တော့။ ဟောနိုင်ရန် ပါလာပါသည်ဟု ပြောပြတဲ့ လက္ခဏာပါဘဲ။

(၂) အမိဝမ်းတွင်းက။ ကလေးပြီးလာတဲ့ သူတွေဟာ။ အရုဏ်ရောကို တခဏမျှမြင်ကြရပါတယ်။ ဆိုလိုတာကတော့။ သင်တို့ဟာ။ အဝိဇ္ဇာ ဝိတ်ဖြန်းသဖြင့်။ သူကလေးသဖွယ်ဖြစ်ကြတယ်။ ဒါပေမဲ့။ ဝိပဿနာဖြင့်။ အလင်းမြင်ရပါစေတော့ဟု ဆိုလိုပါတယ်။

(၃) အမိဝမ်းထဲက နှားပင်း၍လာတဲ့ သူမျှားဟာ။ထိုအခါ၌။ အသံ မျှားကို ကြားရပါတယ်။ ဆိုလိုတာကတော့။ သင်တို့တတွေဟာ။ တသံ သရလုံး။ ပရမတ်သံ၊ ဓါတ်သံ၊ မဂ်သံ၊ ဖိုလ်သံ၊ နိဗ္ဗာန်အသံကို မကြား ခဲ့ရပေမဲ့။ ယခုအခါ ကြားရ၊စေတော့မည်ဟု ဆိုလိုပါတယ်။

(၄) ပြိုင်ဘော်တွေဟာ ငတ်ငတ် မွတ်မွတ်နှင့် ခံနေရသော်လည်း။ ထိုအခါ၌ ဝဝဖြိုးဖြိုးစားရပါတယ်။ ဆိုလိုတာကတော့။ သင်တို့ဟာ၊ တသံသရာလုံး မဂ်အရသာ၊ ဖိုလ်အရသာ၊ နိဗ္ဗာန်အရသာ မစားရဘဲ။ မဃမဖြိုးနေခဲ့ကြရပေမဲ့။ ဂါလာပါပြီ။ မဂ်အရသာ၊ ဖိုလ်အရသာ၊ နိဗ္ဗာန် အရသာကို ဝဝကြီး၊ ဖြိုးဖြိုးကြီး စား၍ နိဗ္ဗာန်သို့သွားကြရတော့မည်ဟု ဆိုလိုပါသည်။

(၅) ထိုအခါဝယ်။ရေမျှားဟာ၊ ဓမ္မတာကိုစွန့်ပြီး၊ အညာသို့ဆန်တက် ကြရပါသည်။ဂါလာပြီ။ သင်တို့ဟာ၊ဓမ္မဘာအတိုင်း စုံမျှော်၍နေကြပေမဲ့။ ဝိပဿနာကြောင့်။ ပုထုဇဉ်ဘဝမှ အရိယာဘဝ မဂ်ဖိုလ်နိဗ္ဗာန်သို့။

ဆန်တက်စေတော့မည်။ မေ့တာမှ သာသနာသို့ ပြောင်းရွှေ့တက်ဆန်စေ တော့မည်။ ပညာတ်မှ ပရမတ်သို့ ဆန်တက်စေတော့မည်ဟုဆိုလိုပါသည်။

(၆) သမုဒ္ဒရာရေဟာ ငံခါးခြင်နေပေမဲ့။ ထိုအခါဝယ်။ချိုရေပါသည်။ သင်တို့ဟာ၊ အမြတ်မမ်းကိုသော်သာ အကုသိုလ်ယဉ်နှင့် ငံချင်တိုင်း၊ခါးချင်တိုင်း ငံ-ခါးပေမဲ့။မဂ်အချို၊ဖိုလ်အချို၊နိဗ္ဗာန်အချိုကိုဝါးမျိုကြရပါတော့မယ်တဲ့။

(၇) ထိုအခါဝယ်။ ထောင်တန်း လျှောင်ချိုင့်စသည်တို့၌။ အချုပ် အနှောင်ခံကြရကုန်သော သူများသည်။ ကျွတ်လွတ်ခွင့်ရကြရပါသည်။ အဲဒါလိုပင် သင်တို့အား။ ကာမထောင်၊ ရူပထောင်၊ အရူပထောင်၊ ဝဋ် ၃ ပါး မြေးထဲမှ ဝိပဿနာဖြင့်။ ကျွတ်လွတ်ပါစေမည်ဟု ဆိုလိုပါသည်။

(၈) ထိုအခါ၌။ ဆွံ့အသူများ၊စကားပြောဆို နိုင်ကြပါဘယ်။ အဲဒီ နိမိတ်ကတော့ ဘုရားစကား၊ တရားစကား၊ သံဃာ့စကား၊ ဒါနကသာ၊ သီလကထာ၊ သဂ္ဂကထာ၊ကာမာနံအာဒီနဝကထာ၊ နေက္ခမ္မေအာနိသံသ ကထာ၊ ဗုद္ဓါနံသာမုက္ကံသိကံ ကထာများ ပြောကြားလာမည့် အတိတ် နိမိတ်ပါဘဲတဲ့။

(၉) ထိုအခါ၌၊ ကုန်းကွနေသူများတောင်။ ဖြောင့်မတ်ကြရပါတယ်။ အဲဒီနိ မိတ်ကတော့။ ဗိဿာဒိဋ္ဌိအယူဝါဒဖြင့်။ ကုန်းကွ၊ကောက်ကျစ်နေသူ များဟာ။ ဖြောင့်မတ်၊ ဖြောင့်စင်းပြီး၊ သရဏာဂုဏ်ယူကြ၊ ကိုးကွယ်ကြ ရမည့် နိမိတ်ပါဘဲ။

(၁၀) ခြေကျိုး-လက်ကျိုးခြင် နေသူများ၊ ထိုအခါ၌။ သွားနိုင် ယူနိုင် ကိုင်နိုင်ကြပါတယ်။ ဒီနိမိတ်ကတော့။ ဒါနမပြုပဲ၊ သီလမစု၊ ဘာဝနာ မရှုဘဲ။ ခြေကျိုးသလို။လက်ကျိုးသလို။နတ်ဗြဟ္မာသို့လည်းမသွားနိုင်။ မဂ် ဖိုလ် နိဗ္ဗာန်သို့လည်းမသွားနိုင်။လူစည်းစိမ်၊နတ်စည်းစိမ်၊ဗြဟ္မာ့စည်းစိမ်၊ မဂ်ဖိုလ်နိဗ္ဗာန်စည်းစိမ်များကို မယူနိုင်တဲ့ လူများဟာ။ သွားနိုင်၊ ယူနိုင် ကြမည့် နိမိတ်ပါဘဲ။

(၁၁) တိရစ္ဆာန် အားလုံးဟာ၊ ထိုအခါ။ ဘေးကင်းကြရပါတယ်။ မြွေကလဲ ဖါးကိုမမျိုနိုင်။ ဂဠုန်ကလဲ နဂါးကို မစားနိုင်။ အေးချမ်းချမ်း ပြောကြပါ။ ။အဲဒီ နိမိတ် များကတော့ မဂ်ဖိုလ်မှဝိလာဖြစ်တဲ့ လူနတ် ဗြဟ္မာတွေဟာ။ ဒုစရိုက်၊ ဒုဏ္ဏိယ၊ ဗိဿာဒိဋ္ဌိသဘောနှင့် မယူနိုင်။ မစား နိုင်ဘဲ။ ဘေးကင်းမည့် နိမိတ်ပါဘဲ။

(၁၂) ရောဂါရှိနေသူများ၊ ထိုအခါ၌။ ကင်းရှင်း ပယောက်ကြရပါ၊ ဟယ်။ အဲဒီနိမိတ်ကတော့။ဒီဋ္ဌိရောဂါ၊ ဝိစိကိစ္ဆာရောဂါ၊ အဝိဇ္ဇာ၊တဏှာ၊ မာန၊ ရောဂါများ ကင်းရှင်းပယောက်ကြရမည့် နိမိတ်ပါဘဲ။

(၁၃) အချင်းချင်း ချစ်ခင်ကြရသည်။အဲဒီ နိမိတ်ကတော့။ယခုမှာဖန် သမ္မာဒိဋ္ဌိဥာဏ်ရောက်၍။ ဘာသာတူချင်း၊ သာသနာတူချင်း ချစ်ခင် ပေါင်းသင်း အားပေးကူညီခြင်းဖြင့်။ ပြောဆိုကြမည့် နိမိတ်ပါဘဲ။

(၁၄) စကားကောင်းကောင်းသာ ပြောဆိုနေကြရတယ်။ အဲဒီနိမိတ်ကတော့။ ပညာကိုစကားကို ဗဟုသုတများပြီး။ ပရမတ်စကားကိုသာ ပြောဆိုကြရမည့် နိမိတ်ပါဘဲ။

(၁၅) ဆင်တွေ့ရှိသမျှ၊ကြိုးကြာသံဖြင့်။မြည်တွန်အော်ဟစ်မြူးတူးကြပါတယ်။ အဲဒီ နိမိတ်ကတော့။ ဆင်နှင့် အလားတူကြသော သာဝကအလောင်းကြီးတွေ၊ ဝေနေယျကြီးတွေဟာ။ ငါတို့တော့။မင်ဖိုလ်နိဗ္ဗာန်ကိုရကြတော့မှာဘဲဟု ကြိုးကြာသံဖြင့်။သာသာယာယာ ပြောဆိုကြမည့် နိမိတ်ပါဘဲ။

(၁၆) လူပြည်မှာရှိသော တူရိယာများ၊ မတီးမမှုတ်ဘဲနှင့်မြည်လာကြ၊ တယ်။ အဲဒီနိမိတ်ကတော့။ ဒါနသံ၊ သီလသံ သမထသံ၊ ဝိပဿနာသံများ ထွက်ပေါ်မည့် နိမိတ်ပါဘဲ။

(၁၇) အရပ်ကြီး လေးမျက်နှာလုံး၊ ဆင်းနှင်းမြှုတိမ် သူရိန် မီးခိုး အညစ်မျိုးကင်းစင်ပြီး။အလင်းအရောင်တွေတောက်ပြောင်ကာနေပါတော့သည်။ အဲဒီနိမိတ်ကတော့။ရိုးရောဓမ္မတာရပ်စွဲ၊ ရှာစွဲ၊ တောစွဲ၊ တောင်စွဲ၊ ပယောဂစွဲ၊ နှတ်စွဲ စသော မြှုတွေ အညစ်အကြေးတွေ ကင်းရှင်းပြီး။ အသိဥာဏ် အလင်းတွေရောက်မည့် နိမိတ်ပါဘဲ။

(၁၈) လက်ဝတ် လက်စား ဘန်းဆာ ဒိုရယာကိုသည်။ အချင်းချင်း ထိ၍ မြည်လာသည်။အဲဒီနိမိတ်ကတော့။ သွားရေး၊ရှာရေး စုရေး ဆောင်းရေး၊ စားရေး၊ သောက်ရေး၊ ဘေးထင်ပြီး။ ဒုက္ခ-ဒုက္ခဟု အသံမြည်လာတော့မည်။

(၁၉) လေးဘက်မှ လေပြေ လေညှင်း တိုက်ခတ်သည်။ အဲဒီနိမိတ်ကတော့။ သူကောင်ကောင်း အားလုံးတွေဟာ။ ဟိုအရပ်၊ ဒီအရပ်၊ ဟိုရှာ

ဒီရွာမှ အားထုတ်ကြတော့ဟေ့။ တရားအားမထုတ်လျှင် မဖြစ်တော့ဘူး ဟူ၍။ တရားလေ့သွင်း လေပြေမျှား တိုက်ခတ်မည့် နိမိတ်ပါဘဲ။

(၂၀) အခါမဲ့ ရိုးသားကြီး သီးထန်စွာရွာချပါဘယ်။ အဲဒီနိမိတ်ကတော့။ ဝိပဿနာ တရားဒေသနာရိုးသားကြီးဟာ။ အရပ်တိုင်းအရပ်တိုင်း။ရွာချမည့် နိဗိတ်ပါဘဲ။

(၂၁) ကောင်းကင်၌ ဗျုံသန်းနေသော ငှက်မျှား၊ မြေသို့ကျရောက်ရပါတယ်။ အဲဒီ နိမိတ်ကတော့။ ကမ္ဘာမှာ ဓမ္မတာတရားသွပ်မိုးပြီး ဗျုံသန်း၍နေတာတွေဟာ။ အားလုံးပြုတ်ကျရမည့် နိမိတ်ပါဘဲ။

(၂၂) မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာက၊ ရေမျှား မစီးရတော့ပေ။ တည်ငြိမ်၍နေရပါတယ်။ အဲဒီ နိမိတ်ကတော့ မြတ်စွာဘုရား တရားဟာ တော့၊ တဏှာရေ၊ ရာဂရေမျှား မစီးရတော့ဘဲ။တည်ငြိမ် ချုပ်ခန်းရမည့် နိမိတ်ပါဘဲ။

(၂၃) သစ်ပင်တိုင်း၌ ပဒုမ္မာကြာတမျိုးထည်း ပြိုင်တူပွင့်ကြရသည်။ အဲဒီ နိမိတ်ကဘော့၊ တရားရတဲ့ ယောဂိတိုင်းမှာ။ ဇာတ်မတူ အမျိုးမတူ အရိုးမတူ အသွင်အပြင် မတူပေမဲ့။စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန် ပညတ် တရားငါးမျိုးမှာ။ ကြာမျိုးပဒုမ္မာမျိုးမှိ။ တရားတမျိုး သဘောအနေဖြင့်။ တွေ့ကြရတော့မည်။

(၂၄) ကောင်းကင် အားလုံး အပြည့်အနှက်ပင်လျှင်။ ငါးမျိုးသော ကြာပန်းဖြင့် ပြည့်၍နေပါသည်။ ဒီနိမိတ်အလိုကတော့။ ကောင်းကင်နှင့် တူတဲ့ အရိယာသူတော်ကောင်းတို့မှာ။ခန္ဓာငါးပါး၊ အနိစ္စပွါးပြီး။ အပြည့် အနှက်နေကြရမည့် နိမိတ်ပါဘဲ။

(၂၅) အပင်၌ အပင်ပဒုမ္မာ၊အခက်၌ပဒုမ္မာ၊ အလက်၌ပဒုမ္မာ၊ အရွက်၌ ပဒုမ္မာချည်းဖြစ်တာလို။ လူမှာလဲ တရား။ နတ်မှာလဲ တရား။ ဗြဟ္မာမှာလဲ တရားနှင့် ဖြစ်ကြရမည့် နိမိတ်ပါဘဲ။

(၂၆) ကောင်းကင်မှ ပန်းရိုးကြီးရွာချသည်။ ကောင်းကင်နှင့်တူ သောဘုရားရှင်၏ ပကာသိ သာဝက၊ မဟာသာဝက၊အဂ္ဂသာဝကတွေ၏ ပါးစပ်မှ တရားရိုးရွာချတော့မည့် နိမိတ်ပါဘဲ။

(၂၇) နတ်စည်မျှားယွန်းကြလေသည်။ အဲဒီ နိမိတ်ကတော့။ ဘုရား၏ ဂုဏ်တော်ကိုးပါးအသံတွေ။ တရားဟော၏ ဂုဏ်တော်ခြောက်ပါးအသံ

တွေ။ သံဃာတော်တို့၏ ဂုဏ်တော်ကိုးပါး အသံတွေဟာ မိုးမှန်အောင် မြည်ဟစ်မည့် နိမိတ်ပါဘဲ။

(၂၀) လောကဓါတ်ကြီးတခုလုံးဟာ၊ အရောင်ဖြင့်ပြည့်တော့၏။ ဘဲဒီ နိမိတ်ကတော့။ လောကဓါတ်တခုလုံးပြည့်နှက်၍နေအောင်။ စကြာဝဠာ မျှားစွာမှ၊ တရားနာလာကြသော၊ နတ်ရောင် ဗြဟ္မာရောင်တို့ဖြင့် ထွန်း ပြောင်နေမည့် နိမိတ်ပါဘဲ၊

(၂၉) လူမျှားအားလုံးဟာ၊ နတ်ပြည်က ဗိမာန်တွေကဲ့မြင်ကြရကုန်၏။ ဘဲဒီနိမိတ်ကတော့။ ဒါနပြုတော့၊ ဘယ်အကျိုးရမည်။ သီလစောင့်တော့၊ ဘယ်အကျိုး၊ သမထဝိ ဘယ်အကျိုး၊ ဝိပဿနာက ဘယ်အကျိုးရမည်ဟု အတိအလင်း မိန့်ဆိုကင်း၍။ ပညာဥာဏ်လင်းကြ မြင်ကြရမည့် နိမိတ် ပါဘဲ။

(၃၀) စကြာဝဠာတသောင်းဟာ၊ သံကမ္ဘာ၊ အိုးထိမ်းစက်ကဲ့သို့ ချာလ ပတ်လည်၍လှုပ်ခြင်း။ သမုဒ္ဒကမ္ဘာ၊ ပုခက်ယေဉ်လွှဲသကဲ့သို့လှုပ်ခြင်း။ သမု ဇေါဒီ၊ အသက်အောက်လှုပ်ခြင်း ဘဲဒီနိမိတ်ကတော့။ဝိတိဂ္ဂမကိလေသာ ပရိယုဋ္ဌာနကိလေသာ၊ အနုသယကိလေသာ သုံးမျိုးတို့ ပြောင်းရ ဖျောရ ချုပ်ရ ငြိမ်းရမည်မို့။ မိုးခွဲရေဖြန်းတော့။ သေပန်းပွင့်တာပို နိမိတ်ပါဘဲ။

(၃၁) နတ်ပြည်၌၊ နတ်မျှား၊ ကကြ၊ ချန်ကြ၊ မြူးတူးကြ၊ ပျော်ရွှင်ကြပါ သည်။ ဘဲဒီနိမိတ်ကတော့။ ပရိညာဘရားမျှား၊ဝိသုद्धိတရားမျှား၊ဥာဏ်စဉ် တရားမျှား၊ဗောဓိပက္ခိယတရားမျှားအားပါးတရပေါ်ကြမည့်နိမိတ်ပါဘဲ။

(၃၂) ဗြဟ္မာတွေရှိသမျှ အားရ ဝမ်းမြောက် ရွှင်လန်းစွာဖြင့်။ လက် ပန်းပေါတ်ခတ်ကြကုန်၏။ (လက်ခမောင်းခတ်ကြတယ်ဟူလို။) ဘဲဒီနိမိတ် ကတော့။အသက်တန်းစားကြီးဖြစ်တဲ့ အမြင့်ဆုံးကြီးဖြစ်ကြတဲ့ အဘိဓမ္မာ တရား၊ ပရမတ်တရား၊ ဓါတ်တရား၊ ကလာပ်တရား၊ ခန္ဓာ အာယတန ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်း၊ ပရိညာ၊ ဝိသုद्धि၊ ဥာဏ်စဉ်၊ ဗောဓိ ပက္ခိယစသော တရားများကြောင့်။မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး နိဗ္ဗာန်တရား တို့ ကွန်ကြားထင်ရှားပေါ်ထွက်လာတော့မည့် အတိတ်ကြီး နိမိတ်ကြီးများ ပါဘဲ။ ဘဲဒီ (၃၂) ပါး သော တိတ်ကြီး နိမိတ်ကြီးများဟာ။(၁) ဝါတို့၏ ဘုရားအလောင်းတော် မယ်တော်မာယာဝမ်းခွဲ ပဋိသန္ဓေတည်နေ ကိုယ်း ဝပ်စဉ်ပြသော ကမ္ဘာကို နှုတ်ဆက်သော နိမိတ်ကြီး (၃၂)ပါး ပါဘဲ။

အဲဒါလို (၂) ဖွါးတော်မူသောအခါ။ (၃) ဘုရားဖြစ်သောအခါ။ (၄) ဓမ္မစက္ကြာတရားဟောတော်မူသောအခါ။ (၅) အာယုသင်္ခါရ လွှတ်တော်မူသောအခါ။ (၆) ပရိနိဗ္ဗာန် ပြုံတော်မူသော အခါတို့၌လည်း နိမိတ်ကြီး (၃၂) ပါးဖြင့် ပြဿ နှုတ်ဆက်၍ ဖြစ်ဟာချည်းဘဲ။ အဲဒါ! ဥာဏစာဂိ၏ ဘောက်ယူနိမိတ်ဖတ် ပြခြင်းသာတည်း။

---

## (၁၇) လုမ္ပနီတောင်၌ ဖွါးတော်မူစဉ် နိမိတ်များ။

(၁) ကပ္ပိလဝတ် ပြည်တော်ကြီး၏ဂုဏ်း။ ဒေဝဒဟ ပြည်တော်ကြီး၏ဂုဏ်း။ ၂ ပြည်အကြား လုမ္ပနိအင်ကြင်းတောင်၌ ဘုရားအလောင်းကို ဖွါးတော်မူတယ်။ မဏ္ဍိမပဒိုပဒါ ကျင့်ကိုနိမိတ်ပါဘဲ။ ဖွါးတော်မူတယ်ဆိုရင်ဘဲ။ ပထမဦးစွာ ဗြဟ္မာများက ရွှေကွန်ရက်ဖြင့် ခံယူကြတယ်။ ဒုတိယ နှတ်များက သစ်နက်ရေဖြင့် ခံယူကြတယ်။ တတိယ လူများက ဘွဲ့ဖြူပုဆိုးဖြင့် ခံယူကြတယ်။ အဲဒီခံယူခြင်းနိမိတ် ၃ ပါးဟာ၊ အနိစ္စလက္ခဏာယည်၊ ဒုက္ခလက္ခဏာယည်၊ အနတ္တလက္ခဏာယည်ဖြင့် ခံယူပြီး။ နိဗ္ဗာန်ရွှေပြည်တော်ကြီးသို့ ဦးမဲ့လက္ခာပါဘဲ။ တဖန်။ (၂) ဘုရားအလောင်းသည်။ မြေ၌ရပ်တည်တော်မူပြီးနေပါတယ်။ အဲဒီ နိမိတ်ကတော့။ ပရမတ္ထ တရားတို့တွင်။မူလ၊ ပင်ရင်း၊ အခြေခံ ရေသောက်မြစ်ကြီးဖြစ်တဲ့ မဟာဘုတ် ၄ ပါး၊ (၀၊)ဘူတရူပ် ၄ ပါး၊(၀၊) ခါတ်ကြီးလေးပါးကို အခြေခံ၍။ နှတ်လူ ဗြဟ္မာသတ္တဝါတို့အား။ ဟောကြားပြဿ ချွတ်လွှဲမည့် နိမိတ်ပါဘဲ။ (၃) တဖန်။ ရပ်ပြီးတော့ အလောင်းတော်သည်။ အရှေ့ အရပ်မျက်နှာကို ကြည့်ခြင်း။ တောင်မျက်နှာကို လှည့်၍ကြည့်ခြင်း။ အနောက်မျက်နှာကို လှည့်၍ကြည့်ခြင်း။ မြောက်မျက်နှာကို လှည့်၍ကြည့်ခြင်း ၄ မျိုးဖြင့်။ ကြည့်တဲ့နိမိတ်ကတော့။ သင်တို့ လူ နှတ် ဗြဟ္မာတွေအား။ သစ္စာ ၄ ပါး အမှန်တရားကို ကြည့်ပါစေ့မယ်။ မြင်ပါစေ့မယ်။ တွေ့ရပါစေ့မယ်ဟု နိမိတ်ပြကာပါ။ (၄) တဖန်။ အရပ်လေးမျက်နှားကိုကြည့်တော့။ ၄ မျက်နှာဘက်၌မြေလျှင်တုန်လှုပ်ပြီး ပဲ့တင်ထပ်ဖြစ်ရပါတယ်။ အဲဒါကတော့ သစ္စာ ၄ ပါးတွေကြလျှင်။ ကိလေသာတွေ တုန်လှုပ် ချောက်ချားပြီး။ ဗျာပန္နပြာကျမဲ့ နိမိတ်ပါဘဲ။ (၅) တဖန်။ ရပ်နေရာမှ အရှေ့ဘက်သို့ ၇ လှမ်း၊ တောင်ဘက်သို့ ၇ လှမ်း၊ အနောက်ဘက်သို့ ၇ လှမ်း၊ မြောက်

ဘက်သို့ ၇ လမ်း၊ ကြွရောက်တော်မူပါတယ်။ အဲဒီနိမိတ်ကတော့။ ဝိသုဒ္ဓိ ၇ ပါးဖြင့် သစ္စာ ၄ ပါးသို့ တက်ရောက်ကြမည့် နိမိတ်ပါဘဲ။ (၆) တဖန်။ အနေလာင်းတော်သည်။ အရပ် ၄ မျက်နှာတွင် မိမိထက် ကြီးသူ မြတ်သူကို မတွေ့ရဘဲ။ မိမိသာလျှင် အကြီးဆုံး အမြတ်ဆုံး ဖြစ်၍နေတာကိုသိတော်မူတော့ [ဧေဠောဟသို့လောကဿ၊ သေဋ္ဌောဟသို့လောကဿ၊ အဂ္ဂေါဟသို့လောကဿ] ဟူ၍။ သုံးခွန်းသော စကားဖြင့်။ ကြွေးဝါးတော်မူတယ်။ အဲဒီနိမိတ်ကတော့။ အကြီးဆုံးဖြစ်တဲ့ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်၊ သုညတနိဗ္ဗာန်သို့ သတ္တဝါတွေကို ငါက ပို့ရတော့မည်ဟု ဆိုလိုတာပါဘဲ။

## (၁၈) မယ်တော်မာယာ အိပ်မက်နိမိတ်ခါတ်များ။

ဝါဆိုလပြည့်မတိုင်မီ ခုနှစ်ရက်လောက်က။ သူရှုပါန၊ သောက်စားခြင်းကင်းရှင်းစွာဖြင့်ပန်းနံ့သာနံ့သာပျောင်းတန်းဆာဒ္ဒါရယာအစုံအလင်ဖြင့်ပြုပြင်ပြီး။ နက္ခတ်ကစားခြင်းဖြင့် ကစား၍။ ထိုခုနှစ်ရက်မြောက်သောနေ့၌။ နံနက်တွင် စောစောထ၍ နံ့သာရေဖြင့်ချိုး၍၊ တန်းဆာဆင်၍၊ မြတ်သောဘောဇဉ်ကို စား၍ ဥပုသ်သီလဆောက်တည်၍၊ ကြက်သရေရှိသော တိုက်ခန်းသို့ဝင်လျက်။ အိပ်ရာပေါ် ၌ အိပ်စဉ်။အိပ်မက်နိမိတ်ကြီးကိုမြင်မက်လေသည်။ စတုလောကပါလနတ်မင်းကြီး ၄ ယောက်သည်။ မယ်တော်မာယာအား။ အိပ်ရာနှင့်ကကွ ယူဆောင်၍။အနောဝဒတ်အိုင်၌ ရေချိုးစေပြီး။ နှာခေါင်းဖြစ်သော အဝတ်ကိုဝတ်စေ၍။ နတ်ခွေးဖြစ်သောနံ့သာနံ့သာပျောင်းတို့ကို လိမ်းကျံစေပြီး။နတ်ပန်းတို့ကို ပန်စေလျက်။ အနောဝဒတ်အိုင်မှ မနီးမဝေးတွင်။ ငွေတောင်တခု၏အတွင်း၌။ ရွှေဗိမာန်သည် ရှိ၏။ ထိုဗိမာန်၌ အရှေ့ကိုဦးကျွောင်းပြု၍။ အိပ်စေ၏ ထိုအခါ။ ဘုရားအလောင်းသည်။ ဆွတ်ဆွတ်ဖြူဖွေးသော ဆင်ဖြူတော်ဖြစ်၍။ ထိုဗိမာန်မှ မနီးမဝေး၌။ ရွှေတောင်တခုရှိ၏။ ထိုရွှေတောင်၌။လှည့်လည်၍။ ရွှေတောင်မှသက်ဆင်းပြီးတော့။ ငွေတောင်သို့တက်၍။ ရွှေဗိမာန်သို့ဝင်ပြီး။ မယ်တော်မာယာကိုလက်ျာရစ်လည်၍။ လက်ျာနံပါးမှဖေါက်ခွဲလျက်။ ဝမ်း၌ တည်လေသည်။ ဤနိမိတ်ဖြစ်သော။ အိပ်မက်အကြောင်း အကျိုးဖြစ်လာပုံကို။ သိကြပြီးသားဖြစ်၍။ ရေးရန် မလိုတော့ပြီ။ အထူးအဆန်း အကျိုး

ရောက်လာလျှင် အကြောင်းနိမိတ်ဖြစ်မြဲတည်း။ ။တေရသကဏ္ဍိကာ ပဌမ သိက္ခာပဒ နံပါတ် ၄ ၌ ပါရှိပုံတည်း။

---

## (၁၉) အလောင်းတော် အိပ်မက်နိမိတ် ငါးပါး။

ကဆုန်လပြည့်နေ့၌။ ဘုရားဖြစ်တော့မည်။မနေရောက်မှီ ၁၄ ရက်နေ့ည လင်းအားကြီးအချိန်၌ အိမ်မက်နိမိတ် ပေါ်လာသည်ကား။ (၁) ၂ သိန်း ၄ သောင်း အထရှိသော ဤဇမ္ဗူ။ဒီပါ ကျွန်းရှိမြေကြီးသည်။ အိပ်ရာဖြစ်ခဲ့၏။ အမြင့်ယူဇနာ ငါးရာ။ အဝန်း ယူဇနာ သုံးထောင်ရှိသော ဟိမဝန္တာ တောတောင်ကြီးသည်။ ခေါင်းအုံးကြီးဖြစ်ခဲ့၏။ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်ကိုချ၍။ အနောက် သမုဒ္ဒရာ၌ လက်ျာလက်ကိုချ၍။ တောင် သမုဒ္ဒရာ၌ ခြေ ၂ ဘက်ကို ချ၍ အိပ်စက်ရသတဲ့။ အဲဒါ ပဌမနိမိတ်ပါဘဲ။ (၂) သဗ္ဗတိဏာခေါ်သောမျက်မျိုးသည်။ ထွန်တုန်းမျှလောက် ကြီးမား၍။ နီသောအရိုးဘန်ဖြင့်၊ ချက်အရပ်မှ ပျံတက်၍ ဘုရားအလောင်းမြင်နေစဉ် ပင်လျှင်။ တယွောမှ၊ တဘောင်မှ၊ တလန်မှ၊ အတောင် (၆၀) မှ၊ တဂါ ဝတ်မှ၊ ယူဇနာခွဲမှ၊ တယူဇနာမှ၊ ဤနည်းအတိုင်း အထက်သို့ ပျံတက်၍။ ယူဇနာပေါင်းအထောင်မက ကောင်းကင်၌တည်နေသည်ဟု မြင်မက်၏။ အဲဒါက ဒုတိယ နိမိတ်ပါဘဲ။ (၃) ကိုယ်၌ဖြူ၍ ဥကျွောင်း၌မဲ့သော ပိုး ကောင်တို့သည်။ ခြေတို့မှတက်လာ၍။ ပခုတ်ရှုးပန်းတိုင်အောင် ဖုံးလွှမ်း၍ တည်ကုန်၏။ အဲဒါက တတိယနိမိတ်ပါဘဲ။ (၄) အထူးထူးသော အဆင်း ရှိကုန်သော ၄ မျိုးသောဋက်တို့သည်။ အရပ်လေးမျက်နှာတို့မှ လာ၍ကုန်၍ ခြေရင်း၌ကျ၍ အလုံးစုံ ဖြူမွေ့စွာဖြစ်ရကုန်၏။အဲဒါ စတုတ္ထ နိမိတ်တည်း။ (၅) ဘုရားလောင်းသည်။ မစင်ကျင်ကြီးတောင်၏ အထက်၌။ စကြ်ဲနှ သွားဏ်။ ဒါပေမဲ့။ မစင်ကျင်ကြီးနှင့် မလိမ်းမကျံပေ။ အဲဒါ ပဌမ နိမိတ်ပြု ခြင်းပါဘဲ။ နောက်ဖြန်ဘုရားဖြစ်ခါနီးလို့။ယနေ့ (၁၄) ရက်နေ့ည၌။ အိပ် မက်မြင်မက်ပုံတည်း။အဲဒီအိပ်မက်မျိုးကား။ဘုရားအလောင်းသာမြင်မက် နိုင်သည်။အခြားဗောဓိကြီး ၄ မျိုးတို့နှင့် မဆိုင်ပါ။(မဟာနေ့ဟိပုရိသေဟိ ပဿိကဗ္ဗတော မဟာနာဒုအဟ္ဟာနံ နိမိတ္တာဘာဝတော) ဟူ၍ တေရသ ကဏ္ဍိကာ ပဌမ သိက္ခာပဒ နံပါတ် (၄) (၅) ၌ပါရှိပုံတည်း။

## (၂၀) ရွှေခွက်မျှော ခါတ်ဖြင့်ဆန်တက်ပုံ။

ဘုရားအလောင်းတော်သည်။ သုဇာတာ သူဌေးသွီး၏ ဂဏာနိုဆွမ်းကို ဘုန်းပေးပြီးတော့။ အဓိဋ္ဌာန်ဖြင့် ရွှေခွက်မျှောသည်။ ငါသည် ဧကန်စင်စစ် ဘုရားဖြစ်အံ့သူ မှန်ပါလျှင်။ ဤရွှေခွက်သည်။ နေရဟူရာ မြစ်ရေအညာသို့ ဆန်တက်ပါစေသတည်းဟု ဓိဋ္ဌာန်ပြီးလွှတ်ရာ။ ခါတ်တရား၏ တန်ခိုးကြောင့်။ မြစ်ညာသို့ ဆန်တက်သွားတော့သည်။ ကာလနဂါးအနီးသို့ရောက်မှ မြုတ်၍။ ကောဏ္ဍသန် ဘုရား၏ရွှေခွက်။ ကောဏာဂုဝေါ် ဘုရား၏ရွှေခွက်။ ကဿပဘုရား၏ ရွှေခွက် အောက်ကကပ်၍။ အထပ်ဖြစ်ပြီး တည်လေသည်။ ကာလနဂါးသည်။ အိပ်စက်၍နေရာမှ ရွှေခွက်ချင်းထိတဲ့အသံကြောင့်နိုးပြီး။ လောကမှာ ဘုရားတွေ တဆူပြီးတဆူ ပွင့်လှချေရဲ့တကားဟု အသံမြွက်၏။ ကာလနဂါး၏ အသံကိုကြား၍။ အလောင်းတော်က။ ငါမှုကား။ ဧကန်ဘုရားဖြစ်ရတော့မည်ဟု ဆုံးဖြတ်ချက် ချနိုင်လေတော့သည်။ ဆိုလိုရင်းကား။ အဓိဋ္ဌာန်ခါတ်ကြောင့်။ ရွှေခွက်တောင်မှ မြစ်ညာသို့ဆန်တက်ရလေသည်။ အားရဘွယ်တည်း။

---

## (၂၁) ဗောဓိမဏ္ဍိုလ်အဝင် ခါတ်တရားပေါ်လွင်။

ဘုရားအလောင်းတော်သည်။ ဥရုဝေလတောထဲမှ ဗောဓိပင်ရိုရာသို့ ဝင်လာတော့။ ဦးစွာ အရှေ့အရပ်မျက်နှာမှ ဝင်လာသည်။ခါတ်မကြိုက်၍ မြေကြီးပာ။ စောင်းထောင် ပြတော့၏။ ဒီလိုမဝင်နှင့်ဟူ၏။ တဖန် အရှေ့တောင်ထောင့်မှ ဝင်ပြန်သော်။ ရင်းနည်းဘူပင်။ တောင်မျက်နှာမှ ဝင်ပြန်သော်။ ရင်းနည်းပင်။ အနောက်တောင်မှ ရင်း။ အနောက်မျက်နှာမှ ရင်း။ အနောက်မြောက်ထောင့်မှ ရင်း။ မြောက်ဘက်မျက်နှာမှ ရင်း။ ဝင်ပြန်သော်။ မြေကြီးပာ။ စောင်းထောင်၍ပြ၏။ တားဆီး၏။ ဒီဘက်က မဝင်နှင့်ဟူ၏။ တဖန် အရှေ့မြောက်ထောင့် တနုဂ်နွေအရပ်မျက်နှာမှ ဝင်လျှင်။ မြေကြီး ပကတိအတိုင်း တည်သဖြင့်။ ဗောဓိမဏ္ဍိုလ်၌။ ဝင်ရောက်ဖြီးထိုင်နွင့်ရလေသည်။ မြေကြီးစောင်းထောင်ပြသခြင်းကား။ ခါတ်ပေါ်ပုံ တမျိုးပင်တည်း။

## (၂၂) ချမ်း-၂။ သာ-၆။

ချမ်းသာဆိုတာဘာလဲ။ ။လူအသိများတဲ့ ချမ်းသာကား။ လူ့ချမ်းသာခြင်း။ နတ်ချမ်းသာခြင်း။ ဗြဟ္မာ့ချမ်းသားခြင်းကို မှတည်၍။ချမ်းသာခြင်းကို။ ဦးကာ၍ကျ၍ ၅င်းလင်း ပြကြလိမ့်မည်။ ဤချမ်းသာမျိုးတို့ကား။ တဘဝချမ်းသာခြင်း။ ကကမ္ဘာချမ်းသာခြင်းမျိုးမို့။ ဤနေရာ၌ (ဝ) ကွက်ပြီး ချွင်းချန် ပြစ်တားခဲ့ပါသည်။ အစစ်အမှန် ချမ်းသာခြင်းသည်ကား။ (ချမ်းသာ+သာ)တဲ့။ ချမ်း၌ ကနင်းလာနံ့မို့။ ၂ ဂဏန်း ကောက်ယူရပါသည်။ (၂) ဂဏန်းကား။ ပရမတ္ထ ရုပ်နာမ် ၂ ပါးတည်း။ (သာ) ၌ သောကြာနံ့မို့ (၆) ဂဏန်းကောက်ယူရပါသည်။ (၆) ကား။ ခါတ်ကြီး ၆ ပါးပင်တည်း။ ခါတ်ကြီး ၆ ပါးတွေ့၍၊ ရုပ်နာမ်ပါ ခွဲပြီးတွေ့ပါလျှင်။ လက်ခံကြည့်ပါ။

ရုပ်နာမ်မြင်က၊ ကျိုးဖလ၊ မိုးမျှမကပါ။
ရုပ်နာမ်ကိုစိုး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်သာ။
ခါတ်အားကြီးသလောက်၊ဆောင်ယူမြောက်၊ဘုန်းတောက်ဘဝပါ။
ကာမဂုဏ်ငါး၊ ခံစံစား၊ ပျက်ပြားမရှိပါ။
ဝိသာခါနှင့်၊ သက္ကသိကြား၊ ထိုသူများ၊ ဥာဏ်အားထင်စေပါ။
ရုပ်နာမ်မမှီ၊ လူဒိဋ္ဌိ၊ ရောက်၏ အပါယ်ရှာ။
ရုပ်နာမ်ကိုမှီ၊ လူကဝိ၊ ရောက်၏ နိဗ္ဗုတာ။
(ချမ်းသာ)ကို ဤမျှလောက် သဲလွန်စဖြင့် အကျယ်သိစရာရှိခဲ့ပါပြီ။

---

## (၂၃) အ၊ ဝိ၊ ဇ္ဇာ။ ၁-၄-၃။

အဝိဇ္ဇာဆိုတာ။ အဆိုးဆုံးတရား မူလတရားပင်ဖြစ်၏။ အဆိုးဆုံးတရားမို့။ မူလအရင်းတရားမို့။ အဝိဇ္ဇာကို ပဋ္ဌာန်း ဒေသနာတော်၌။ အစအဆုံးကထား၍။ (ဟေတုပစ္စယော)ဟု ဟောခဲ့ပါသည်။ ဟေတုပစ္စယော အရကား။မောဟာ၊အဝိဇ္ဇာ၊ လောဘ၊ တဏှာ၊ဒေါသ၊ အလောဘ၊ အဒေါသ၊ အမောဟာ၊ ဟိတ်ခြောက်ပါးကို ဟောခဲ့ပါသည်။ ။တဖန်။ ပဋိစ္စသမုပ္ပါဒ် သံသရာလယ်သော တရားတော်၌လည်း။ အဝိဇ္ဇာကိုပင် အစထား၍။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ဟောခဲ့ပြန်ပါသည်။ ။တဖန်။ သံသရာပြတ်သော ပဋိစ္စသမုပ္ပါဒ် ဇာတ်သိမ်းခမ်းခ၌လည်း။အဝိဇ္ဇာကိုပင်

အစထား၍။ အဝိဇ္ဇာယ၊ တွေ့ဝ၊ အသေသ ဝိရာဂနိရောဓါ။ သင်္ခါရနိရောဓောဟု ဟောတော် မူခဲ့ပါသည်။ ။အဝိဇ္ဇာ ဗိုလ်ကြီးကို သတ်ရာ၌၊ (အ၊ဝိ၊ဇ္ဇာ၊)ဖြင့်သတ်ကြပါ၊တော့တဲ့။(အ) တနှဂ်ဆွေနှံ (၁)ဂဏန်းမို့။သတ်တရုထဲထားရမည်။ (ဝိ) ဗုဒ္ဓဟူးနံ၊ (၄) ဂဏန်းမို့။ ခါတ်ကြီး ၄ ပါးနှင့် ဖြစ်စေ။သို့မဟုတ်။ သစ္စာ ၄ ပါ်းနှင့်ဖြစ်စေ သတ်ရမည်။ (ဇ္ဇာ) အင်္ဂါနံ၊ (၃) ဂဏန်းမို့။လက္ခဏာရေး ၃ ပါ်းနှင့် သတ်ရမည်။ (အဝိဇ္ဇာ)သည်ကျော။ (၁) (၄) (၃) ဖြင့်။ သတ်ကြပါတဲ့။ (ဝါ) သတိတရား၊ ခါတ် ၄ ပါး။ လက္ခဏာရေး ၃ ပါ်းဖြင့် သတ်ကြပါ။အဝိဇ္ဇာသေမည်။ ခါတ် ၄ ပါ်းဖြင့် အဝိဇ္ဇာသတ်ပုံမှာ။ [ပထဝီခါတုံ်ခေါ်၊ အာပေါခါတုံ်ခေါ်၊ တေဇောခါတုံ်ခေါ်၊ ဝါယောခါတုံ်ခေါ်၊ ရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။] သံယုတ်ပါဠိတော်။ ။ဆိုလိုရင်းကား။ ချစ်သားရာဟုလာ။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့၊ ခါတ်ကြီး ၄ ပါးကို တွေ့အောင်ရှာပါ။ တွေ့လျှင်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေး ၃ ပါးကို ဇာနတောအရ။ (ဌာန၊ သဘာဝ၊ ပမာဏ၊ ကာလာပ၊ ပဟာဏ၊ ဥာဏ၊ အာနုဘာဝ) နှင့် ကိုယ်တွေ့ရှုပါ။ ပဿတောအရ။ ဥာဏ်ဖြင့်သိအောင်ရှုပါတဲ့။ ရှုလျှင်။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ ကိလေသာ၊ ၃ ပါးသေ၍။ ဝိဇ္ဇာပေါ်လာမည်တဲ့။ သေသေချာချာ၊ ရေရေရာရာ၊ မှာခဲ့ပါသည်။ ကဖန်။ (၁) (၄) (၃) ကိုပေါင်းတော့။ (၈) ဖြစ်ပါသည်။ ခါတ် ၈ ပါး၊ ခါတ် ၆ ပါးဖြင့် အဝိဇ္ဇာကို သတ်နိုင်ပါသည်။ [စက္ခုံ၊ခေါ်ဘိက္ခု၊ အနိစ္စတော၊ ဇာနတော ပဿတော၊ ဘိက္ခုနော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ သာဒ္ဓေယျဇာနဝဂ္ဂသံယုတ် ပါဠိတော် နံပါတ် (၃၅) ကြောင်းရေ (၂) ၌။ ၎င်းသာဓကမျိုး (၁၅) ပုဒ်ကို၊ ဝိပဿနာ တက္ကသိုလ်ကျမ်းကြီး မဟာနိဒါန်း၌ရင်း ထုံ့ပြုခဲ့ပြီ။ ။ဘိက္ခု၊ ချစ်သားရဟန်း။ စက္ခုံ၊ စက္ခု ခါတ်ကို၊ ခေါ် စင်စစ်။ အနိစ္စတော၊ မမြဲသောသဘောအားဖြင့်။ ဇာနတော၊ ကိုယ်တွေ့သိသော။ ပဿတော၊ ဥာဏ်ဖြင့်မြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်သတ်နိုင်ကေား့၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တော့၏။

ဒဲဒါ အဝိဇ္ဇာလူဆိုးကြီးကို၊ (၁) (၄) (၃) ဖြင့် သတ်ဖြတ်ပုံ။ နိုင်နင်းပုံတည်း။

## (၂၄) ၉။ ၈။ ၂+၄။

လောကမှာ။ ငွေရှိလျှင်၊ ရွှေရှိလျှင်၊ မျက်နှာလှ၏။ လိုရာကိုရနိုင်၏။ ဆေးပေါ်ကြောဘက် ပြုံလုပ်ကြ၏။ ငွေရွှေမရှိသူများကား။ အရာရာ၌။ အောက်ကန်းကျ၏။ဒုက္ခရောက်၏။ ဒဲဒါ ဥပမာဘည်း။သံသရာမှာလည်း။ ငွေဆိုတဲ့။ တနင်းလာနံ (၂) ဂဏန်း၊ရုပ်နာမ် ၂ ပါးရ၍မထားလျှင်။ ရွှေ ဆိုတဲ့။ဗုဒ္ဓဟူးနံ (၄) ဂဏန်း၊ခါတ်ကြီး ၄ပါး။သို့မဟုတ်။ သစ္စာ ၄ပါးရှိ ၍မထားပါလျှင်။ တသံသရာလုံး မပြုံးနိုင်။မချမ်းသာ၊ ငေးမှိုင်ပြီး၊ အဆွေးလိုင်လိုင်နှင့်၊ ဘေးထိုင်နေရမည်။ ငွေ၊ ရွှေ ဆိုတဲ့။ ရုပ်နာမ် ၂ ပါး၊ ခါတ်ကြီး ၄ ပါး၊ သစ္စာ ၄ ပါး၊ ရှိထားကြသော၊ ၂၄ သင်္ချေ၊ ကုဋေ (၅၀) ဖိုလ်ချောတသိန်းတို့ကိုသာ ကြည့်ကြပါဘော့။ ကျွတ်ပြီ၊ လွတ်ပြီ၊ ထွက်မြောက်ပြီ၊ချမ်းသာမြဲပြီဟု ဟက ဖ္ဖာလုံးက၊အထင်၊အမြင်ကြီးရပါသည်။ မဟာဓနသူဌေးသားဟာ။ လောကီ ငွေရွှေကိုသာ အားကိုး၍။ စားလိုက်ကြွားလိုက် ပျော်ပါးလိုက်နှင့်။ ရက်၊ လ၊ နှစ်တွေကို။ ဖြုန်းတီးနေခဲ့ရာ တဘဝလုံး အညွှန့်တုံးပြီး ခွက်လက်ဆွဲကာ သူတောင်းစား အဖြစ်မျိုးရောက်၍။ တိုက်ကြို-တိုက်ကြားမှာ ကံကုန်ပြီးသေတော့။ ငရဲဘုံ စုံဆင်းရပေသည်။ ၎င်းမဟာဓနသူဌေးသားဟာ။ သာမန်ပါရဒိဂ္ဂင်ကြီးမဟုတ်ပါ။ အကယ်၍သာ လောကုတ္တရာဘက်က ရုပ်နာမ်တွေနှင့် ခါတ်ကြီး ၄ ပါး ရွှေကို ကိုယ်ပိုင်ရရှိနေပါမှုကား။ ပထမအရှယ်၌၊ ထိပ်တန်းက ပဒိုဿန္တိဒါ ပဋ္ဌာရဟန္တာကြီးဖြစ်နိုင်ပါတယ်။ တဖန်။ ဒုတိယအရှယ်၌သတိရ၍။ ရုပ်နာမ်နှင့် ခါတ်ကြီး ၄ ပါးကို၊ ကိုယ်ပိုင်ရ၍ထားပါမှု။ ဆဋ္ဌာဘိညာ ရဟန္တာဖြစ်စေ။ တေဝိဇ္ဇာရဟန္တာဖြစ်စေ။ တချချတော့ ရနိုင်ပါသေးတယ်။ တဖန်။ တတိယအရှယ်၌ သတိရ၍ ရုပ်နာမ် ၂ ပါး ခါတ်ကြီး ၄ ပါးကို ရ၍ထားပါလျှင်။ အနာဂါမ်တောင် ဖြစ်နိုင်ပါသေးတယ်။ ဒဲဒါ တရားရပြီး ကံကုန်ဆုံးတော့။ သုဒ္ဓါဝါသဘုံမှာ အနာဂါမ် ဗြဟ္မာကြီး ဖြစ်၍။ အဆုံး၌ နိဗ္ဗာန်ဝင်စံနိုင်ပါသေးတယ်။ ယခုမှာတော့။ ဘုရားသာသနာတော်ကြီး အားကောင်းတုံးမှာပင်။ ရုပ်နာမ်ကို သတိမရဘဲ။ ကာမဂုဏ်ငါး အာဇုံအမျှားနှင့်၊ရာဂုံသမားကြီး ဖြစ်မိသောကြောင့်။သူတောင်းစားဘဝနှင့် အသက်ဆုံး၍။ ငရဲတုံး၊ ငရဲအခဲကြီးဖြစ်ရတာ။(စိတ်၊ စိတ်၊ စိတ်၊ စိတ် ပါဘဲကွယ်။)

## (၂၅) ရေ-ဆီ-၄-၃။

ဥပမာပြုမယ်။ ဇလုံထဲသို့ ဆီကိုအရင်ထဲ့ပြီး။ ရေကိုလောင်းထဲ့ကြည့်တော့။ ဆီဟာရေပေါ်ကပင် တက်၍နေပါတယ်။ ဟုတ်ဖန်။ ဇလုံတခုထဲသို့ ရေကိုအရင်ထဲ့ပြီး နောက်မှ ဆီကိုလောင်းတော့လဲ။ ရေ၏အပေါ်က ဆီကပင် တက်နင်း၍နေပါတယ်။ အဲဒါဥပမာဘဲ။ ။ရေဆိုတာ ဟဏ္ဍာတဲ့။ ရာဂတဲ့။ လောဘတဲ့။ နန္ဒီတဲ့။ သမုဒယတဲ့။ နာမည်ပေါလို့။ ၎င်းတဏှာ ဆိုတဲ့ရေထဲသို့။ ဆီဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေး သုံးပါးကိုထဲ့လျှင်။ လက္ခဏာရေး ၃ ပါးကြောင့်။ အပါယ်တံခါးပိတ်၊ ဆင်းရဲသံသရာပြတ်စဲပြီး ဘုံစည်စံရ။ သိဒ္ဓိကြီးကိုးတန်ကိုရ။ (၆၇) ဆင့်ဖြင့်၊ မြင့်မြင့်ပြီး တက်သွားပါသည်။ ဝိသာခါကျောင်းအမကြီးကိုကြည့်က။ သိနိုင်ပါတော့၏။ တဖန်။ လက္ခဏာရေး ၃ ပါးကိုပွါးများနေစဉ်၊ အရှိန်လျှော့၍။ တဏှာပေါ်လာပြီး၊ ချုပ်တိုးမရဘဲ။ ခံစားမိဦးတော့။ (ဝါ) ဆီပေါ်က ရေလောင်းမိဦးတော့။ အပါယ်တံခါး ပိတ်ပြီးသားပါဘဲ။ ဆင်းရဲသံသရာပြတ်စဲပြီးသားပါဘဲ။ ဘုံစည်စံရပြီးသားပါဘဲ။ သိဒ္ဓိကြီးကိုးတန် ရှိပြီးသားပါဘဲ။ (၆၇) ဆင့်ဖြင့်မြင့်မြင့်ပြီး တက်သွားမည်ပင်တည်း။ သိကြားမင်း၊ ဝိသာခသူဌေးကြီး။ မဟာနာမ်မင်းတို့က သက်သေခံပါသည်။ ထို့ကြောင့်။ရေပေါ်၌ ဆီလောင်းလဲ၊ဆီပင်အပေါ်ကနေတာပါ။ဆီပေါ်၌ ရေလောင်းလဲ၊ ဆီပင်အပေါ်ကနေတာပါ။ တဏှာအပေါ်လက္ခဏာရေး ၁ ပါးအုပ်နိုင်ပုံတည်း။

---

## (၂၆) သာ-ကီ-ဝင် ၆-၂-၄။

သာကီဝင်အစစ် ပရမတ္ထနယ်ကကောက်ယူသော်။(သာ)သောကြောနှုတ် (၆) ဂဏန်းမို့။ ခါတ်ခြောက်ပါး တွေ့ထားသူပါဘဲ။ (ကီ) တနင်းလာနှုတ် (၂) ဂဏန်းမို့။ ရုပ်နာမ် ၂ ပါး တွေ့ထားသူပါဘဲ။ (ဝင်) ဗုဒ္ဓဟူးနှုတ် (၄) ဂဏန်းမို့။ သစ္စာ ၄ ပါးရထားသူပါဘဲ။ အဲဒီတော့ သာကီဝင်မင်းသားဘုရားကိုယ်တော်တိုင်ကပင် ခါတ် ၆ ပါး၊ ရုပ်နာမ် ၂ ပါး၊ သစ္စာ ၄ ပါး ကိုရရှိပြီးဖြစ်ပါသဖြင့်။ ဘုရားသားတော် ရဟန်းတော်များလည်း။ အဖနှင့်တူအောင် ခမည်းတော်နှင့် ညီညွတ်အောင်၊ အမျိုး၊ အရိုး၊ သွေးပါစပ်မိအောင်။ ခါတ် ၆ ပါး၊ ရုပ်နာမ် ၂ ပါး၊ သစ္စာ ၄ ပါးရ၍သားမှပင်၊

ပရမတ္ထနယ်က၊ သာကိုဝင်ဖြစ်၍။ သက္ခပုဗ္ဗ၊ သာကီယစစ် ဖြစ်ကြီးဖြစ်ကြလိမ့်မည်။

## (၂၇) သာ-သ-နာ။ ၆-၆-၇။

သာသနာဆိုတာ။ မြတ်စွာဘုရား၏ သြဝါဒ အဆုံးအမပါဘဲ။ ဘယ်လိုဆုံးမသလဲဆိုတော့၊ (သာ) တသံသရာ ကာလပတ်လုံး။သူတပါးထက် သာ၍နေချင်ပါလျှင်။(သ) ဒိဋ္ဌိစိတ်ထားကို ဒါနနဲ့ သ-ကြပါ။သီလနှင့် သ-ကြပါ။သမထနဲ့ သ-ကြပါ။ဝိပဿနာနဲ့ သ-ကြပါတဲ့။(နာ)အရာရာတိုင်းလဲ အနာခံကြပါတဲ့။အနာခံမှ အသာစံရမည်။ဤကား။ (သာ-သ-နာ)ကိုတိုက်ရိုက် ကောက်ယူပုံတည်း။ (သာ-သ-နာ)ကို နံသင့်ဂဏန်းနှင့်ကောက်သော်။(သာ) သောကြောနံ(၆)ဂဏန်းမို့။ ခါတ် ၆ ပါးကို၊ သေရေးတမျှရှင်ရေးတမျှမရမက အရရှာကြပါတဲ့။ (သ)သောကြောနံ(၆) ဂဏန်းမို့။ အာရုံ ၆ ပါးကိုသိတ်မလိုက်စားတော့ဘဲ။ လျှောပါးအောင် ကျင့်ကြံ၍ ခွါရှောင်ပါတဲ့။(နာ) စနေနံ (၇) ဂဏန်းမို့။ ဝိသုद्ध ၇ ပါးရအောင် နေ့မစဲ၊ ညမစဲ၊ အမြဲကြိုးစားပါတဲ့။ဒဲဒါ။မြတ်စွာဘုရား၏ သြဝါဒ အဆုံးအမသာသနာပါဘဲ။ (၆) ခါတ် ၆ ပါးရှာ၍ရှုသူ။ (၆) အာရုံ ၆ ပါး ခွါရှောင်နေသူ။ (၇) ဝိသုद्ध ၇ ပါး အရရှာ၍ နေသူမျှားကား။ သာသနာ တည်သူမျှားပါဘဲ။ သာသနာပြုသူမျှားပါဘဲ။ သာသနာမကွယ်အောင် ပြု၍နေသူမျှားပါဘဲ။

## (၂၈) သံတုံးမီးခါတ်ဝင် မကပ်နိုင်။

သံတုံးထဲသို့။ ဘာခါတ်မှ မဝင်သေးလျှင်။ သံတုံး၌ ချုပ်၊ ပိုး၊ ပရုက်စသော တိရစ္ဆာန်များ တက်နိုင် နားနိုင် ခိုနိုင် ကပ်နိုင်ပါသည်။ သံတုံးကို မီးခါတ်ဝင်အောင် ဖုတ်တော့။ ရဲရဲ့ကြီးတော့။ ချုပ်၊ ပိုး၊ ပရုက်စသည်တို့ မတက်နိုင်၊ မနားနိုင်၊ မခိုနိုင်၊ မကပ်နိုင်တော့ပါ။ လူများပင် လက်ဖြင့် မကိုင်နိုင်တော့ပါ။ ဒဲဒါ ဥပမာဘဲ။ ခန္ဓာကိုယ်သံတုံးကြီးထဲသို့ ပရမတ် ခါတ် ၄ ပါးမဝင်လျှင်။အကုသိုလ် ကိလေသာများ ဝင်နိုင် ကပ်နိုင် ခိုနိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ ခါတ် ၄ ပါး ဝင်နေခဲ့သော်။ အကုသိုလ် ကိလေသာများ မဝင်နိုင်၊ မကပ်နိုင်၊မခိုနိုင်၊ ထိုကြောင့်။ ခါတ်ပေါ်အောင် အရေးတကြီးအားထုတ်ကြပါကုန်။

## (၂၉) အမြတမ်းအလင်းရှိ၊ အမှောင်မလာနိုင်။

ဥပမာဆိုလျှင်။ တိုက်ခမ်းတခု၌ အမြတမ်း အလင်းရှိ၍နေပါလျှင်။ အမှောင်မလာနိုင်ဒါလို စိတ်၌။ပရမတ်၊ အသိဉာဏ်ဝိဇ္ဇာ ရှိ၍နေပါလျှင်။ အဝိဇ္ဇာမှောင်၊ ဒိဋ္ဌိအမှား မလာနိုင်ပါ။ ဥပမာ။ လူတယောက်၏လက်၌။ ဆလိုက်ခါတ်မီးကြီးကိုင်၍ထားဟော့၊ သစ်ပင်လဲမြင်၊ မတိုက်ဘဲ ရှောင်နိုင်ပါတယ်။ခြေလဲမြင်လို့ ရှောင်နိုင်ပါတယ်။ ချုင့်တို့ တွင်းတို့ ချောက်တို့ကို မြင်၍ ရှောင်ဖယ်နိုင်ပါတယ်။ အလင်းကား။ အသိဉာဏ် ဝိဇ္ဇာပါဘဲ။ အမှောင်ပျောက်ခြင်းကား။ အဝိဇ္ဇာကွာတာ၊ပျောက်ထားပါဘဲ။ သစ်ပင်လား၊ ချုင့်လား၊ ချောက်လားဟု မှားမှတ်ခြင်းကား။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကွာသွားတာပါဘဲ။ အဲဒီလို ပရမတ် သဘောကို ဝေ့ဝှေ့၍ သိရှိနေတာကို။ ဓမ္မစက္ခြာ ဒေသနာတော်၌။ (စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ) ဟူ၍ဟောတော်မူခဲ့ပါသည်။

---

## (၃၀) လူကိုသတ်မိလျှင် ယိုးဒယားပြည်သွား လွတ်၏။

ဥပမာ။ ဗမာပြည်က လူတယောက်သည်။ တဦးကိုရိုက်သတ်မိသဖြင့် အစိုးရက လိုက်ဖြိုးဘမ်းဆီးလေရာ။ သေဘေးကိုကြောက်လျှ၍။ ယိုးဒယားပြည်သို့သွားပြီး။ တောရွာတခု၌ပုန်းလျှိုးကာနေထိုင်လေသည်။ လွတ်မြောက်တော့၏။ အဲဒါ ဥပမာ။ ပညတ်နယ်၌ ဒုစရိုက်ပြုမိ၊ ဒုဂုဏ်ဝန်ခံနေမိသော လူတယောက်သည်၊ အပြစ်ကိုတွေးမိသဖြင့်။ အပါယ်သို့မကျရန်။ ပရမတ်နယ်သို့သွားရောက်ပြီး။ ချောက်တခု ဂူတလုံး၌။ပုံးကွယ်နေတော့။ လွတ်မြောက်လေသည်။ပထမလူမှာကား။ ဗမာအစိုးရ၏။ အာဏာကိုသာ လွန်ကြွားမိတာမို့။ ဗမာအစိုးရက ဘမ်းမည်။ သတ်မည်။ ယိုးဒယားအစိုးရ၏ အာဏာကို မလွန်ကြွားသဖြင့်။ ယိုးဒယားအစိုးရက၊ အပြစ်ပေးလိမ့်မည်မဟုတ်ပါ။

---

## (၃၁) မျောက်-ပုဇွန်လုံးဘမ်းဒါလိုအားထုတ်ပါ။

ဖိုးသီးဦးကျသမယ၌။ မျောက်တကောင်သည်။ အစာရှာရန်။ သစ်ပင်ထက်မှခုန်ဆင်းလာပြီး။ ပုဇွန်လုံးတွင်းဝ၌ ထိုင်ပြီး တွင်းထဲသို့ ပိပိ၏အမြီးကိုထိုးပြီးလျှင်။ ပုဇွန်လုံးကို စမ်းသတ်၏။ ပုဇွန်လုံးသည်။ ဒေါသထွက်၍ မျောက်၏အမြီးကို လက်မဖြင့်ညှပ်ထား၏။မျောက်သည် နာကျင်လှပေမဲ့။

အနာကိုသည်းခံပြီး အမြီးကို လှုပ်ပြန်၏။ပုဇွန်လုံးသည်။ လှုပ်လေ-ညှုပ်လေ ပြုတော့၏။မျောက်သည်။ဟိုဘက်သို့မျက်နှာလွှဲပြီးတော့။မဲ့ကာ ရွဲ့ကာနှင့် လှုပ်မြဲလှုပ်၏။ ပုဇွန်လုံးလည်း။ လှုပ်လေ-ညှုပ်လေပြု၏။ မြမြညှုပ်မှန်းသိ လျှင်။ မျောက်သည်။ မြေကိုလက်ဖြင့်အားယူ၍ ခုန်လိုက်တော့၏။ အမြီးဌ ပုဇွန်လုံးကြီး ပါ၍လာတော့သည်။ ပါလျှင်လွှဲ၍ လက်ဖြင့်ထုချေပြီး စားတော့သည်။ အဲဒါ ဥပမာ။ ဝိပဿနာ တရားတော်ကို အားထုတ်ကြသော ယောဂိတို့လည်း။ မျောက်ကဲ့သို့ သည်းခံ၍။ မဲ့ကာ ရွဲ့ကာနှင့် နာရီကိုက် အောင်။ အဓိဋ္ဌာန်စေ့အောင် အားထုတ်ကြပါကုန်။ အားထုတ်ပြီး နှားနေ တော့။ ပုဇွန်လုံးကို ထုချေပြီး စားသကဲ့သို့။ ရုပ်နာမ်ဌ။ခန္ဓာခွဲ၊ ခါတ်ခွဲ၊ ကလာပ်ခွဲ၊ အာယတနခွဲ၊သစ္စာခွဲပြီး ဉာဏ်ကိုယူကြပါကုန်။ ထွင်းမှ ပုဇွန် လုံးကို အပြင်ရောက်အောင် ထုတ်ခြင်းသည်ကား။ သမ္မာဒိဋ္ဌိ အလုပ် ဥပမာတည်း။ အပြင်သို့ရောက်တော့၊ ပုဇွန်လုံးကိုထုချေပြီး စားသကဲ့သို့။ ပြုခြင်းသည်ကား။ သမ္မာသင်္ကပ္ပ၏ အလုပ် ဥပမာတည်း။

---

## (၃၂) အပ်ချောင်း ၂ သောင်း တက်ပြီးကပ်ပုံ။

အပ်ချည်ကြိုး တပ်ပြီးသား အပ်နှစ်သောင်းကို။ အပေါ်က ချထားတော့။ အပ်ပေါင်း ၂ သောင်းဟာ။ အောက်သို့အသွားပြု၍။ တွဲလဲ-တွဲလဲနှင့် ဂိုနေကြသည်။ ကြည့်စမ်း။ အပ်တွေကိုဘယ်ပုံဖြစ်၍နေသလဲလို့ တွေးလဲကြည့်ကြပါဦးတော့။အပ်တွေ ၂ သောင်းဟာ။ အဖျားကအောက် သို့လွှဲပြီးနေသကဲ့သို့။ လူနတ်ဗြဟ္မာတွေဟာလဲ၊ အောက်ဘုံသို့ဇောက်ထိုး နေကြပါတယ်။ အပ်ကြိုးများပြတ်ခဲ့သော်၊ အောက်သို့ကျမှာ အမှန်ပါဘဲ။ လူနတ်ဗြဟ္မာတွေလဲ၊ ကံကြိုး၊ ဈာန်ကြိုး ပြတ်ခဲ့သော်။ ဧကန် အမှန်ပင် အပါယ်သို့ကျမှာဘဲဟုသိကြပါကုန်။ကြိုးမပြတ်မီ၊အထက်သို့တက်သွားကြ အောင်ဟာ။အကြံထုတ်ကြရပေမည်။ဉာဏ်ထုတ်ကြရပေမည်။အကြံထုတ် ဉာဏ်ထုတ်တော့။အပ်နှင့်ကြိုးများအပေါ်က၊ ၉ လက်မအကွာလောက်၌၊ သံလိုက်ပြားကြီး မိုးချထားသော်။အပ် ၂ သောင်းတို့ဟာ၊သံလိုက်ခါတ်၏ အဟုန်သက်ရှိကြောင့်။ဖြတ်ကနဲ-ဖြတ်ကနဲနှင့် သံလိုက်ပြားသို့။ တက်တက် ပြီး တွယ်ကြ-ကပ်ကြလိုင်မည်။အောက်သို့ကျရန်မရှိတော့ပါ။အဲဒါ ဥပမာ ဘဲ။ အပ်နှင့်တူကြသော လူ နတ် ဗြဟ္မာတို့သည်။ အောက်သို့မကျရန်။ အထက်သို့ဟက်ကြရန် သံလိုက်ခါတ်နှင့်တူလှသော ဝိပဿနာ၊ ခါတ်

၎ ပါး၊ ခါတ် ၆ ပါး၊ ခါတ် ၈ ပါး၊ ခါတ်တဆဲ့ရှစ်ပါး ကရားတို့ဖြင့်။ အမြဲတမ်းအားထုတ် မိုးထားရမည်။ ခါတ်တရားအရှိန်ကြောင့်။ အပေါ်သို့တက်ပြီး ကပ်ရောက်ကြသဖြင့်။ အပါယ်ဘုံသို့မကျရတော့ဘဲ။ အပါယ်တံခါးပိတ်ပြီး၊ ဆင်းရဲသံသရာဖြတ်ပြီး၊ ဘုံစဉ်စံပြီး၊ သိန္ဓိကိုးတန်ရပြီး၊ (၆၇) ဆင့်ဖြင့်၊ မြင့်ကာ-မြင့်ကာ တက်၍။ နိဗ္ဗာန်သို့ ရောက်ကြရမည်ဖြစ်ပါတော့သည်။(နိယတဂတိက၊ ဝိနိစ္ဆယျခဏ်းဌ ကြည့်ကြပါ။ဘဏ်တိုက်ကြီးခေါ်၊ ဥာဏစာဂိကျမ်းဌပါရှိလေပြီ။ဝိပဿနာတက္ကသိုလ်ကျမ်းကြီးဌ အပါယ်တံခါးပိတ်ခဏ်းတွင်လည်း မျှားပြားစွာ သာဓကဖြင့် ပြဲထားပါသည်)။ အညွှန်းအတိုင်းကြည့်ကြပါကုန်သတည်း။

## (၃၃) ဗူးနွယ်-ပမာ။

ဗူးမျိုးစေ့ကို မြေဌမှုစိုက်ပျိုးတော့။ အပင်ပေါက်လာသည်။ ဗူးစင်ဆောက်၍၊ ဗူးပင်နွယ်ပြီးတက်ရန် ကပ်ဖြင့်ထောင်၍ပေးရသည်။ ဗူးနွယ်သည်၊ သူ၏မူလခါတ်တရားသဘောသွားအတိုင်း။ နှာမောင်းဖြင့်၊ မှီစရာတွယ်စရာကို ရှာတော့သည်။ ရှာလို့ အမှီအတွယ်ရလျှင်ပင်၊ မှီရာကို နှာမောင်းဖြင့်၊ သုံးပတ် လေးပတ် ရစ်ပတ်ပြီးမှ နွယ်၍။ တဆင့်မှ တဆင့်သို့ တက်တက်ပြီး သွားလေတော့သည်။ သတ္တဝါတို့သည်။ ဗူးပင်ကဲ့သို့။ နွယ်-နွယ်ပြီး၊ရစ်ပတ် မှီတွယ်ပြီး၊ ပုထုဇဉ်မှ အရိယာအမြင့်ဆုံး ရောက်ရှိအောင်။ နွယ်ကာ၊ ရစ်ပတ်ကာ၊ အမှီပြုကာ တက်ကြပါ၊လေဟု၊ ဗူးပင်ကဩဝါဒ ဆုံးမလျှက်၊ အမြဲနေသည်။ ဗူးပင်ကား သတ္တဝါနှင့်တူ၏။ နွယ်ကား။ စိတ်နှင့်တူ၏။ နှာမောင်း ၂ ခုကား၊ ရုပ်နာမ်နှင့်တူ၏။ သုံးပတ် လေးပတ် ရစ်ပြီးမှီတွယ်ခြင်းကား၊ လက္ခဏာရေး ၃ ပါး၊ သစ္စာ ၄ ပါး၊ ရှုပွါး မှီတွယ်တာနှင့်တူ၏။ အဆင့်ဆင့် မြင့်လာခြင်းကား။ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါးရတာနှင့်တူ၏။ အသီး သီးခြင်းကား။ နိဗ္ဗာန်ရတာနှင့်တူတော့သတည်း။

## (၃၄) ဘုရားတိုင်းချွတ်ကယ်သော မဏ္ဍိမပဋိပဒါလမ်းကြီး။

$$\text{၁-၂-၃-၄-၅-၆-၇-၈-}\frac{\text{၉}}{\text{၄-၅}}$$

သတိထားတော့။ အာရုံခြောက်ပါးတွင်၊ တရုသောအာရုံ၌။ တည်နေခြင်းကို (တစ်) ဟုမှတ်ရမည်။ (၂) ဆိုတာ၊ သမာဓိရလျှင်၊ ရုပ်နာမ်တွေ

တော့ဏ်၊ (၃) ရုပ်နှာတွေ့တော့။ သုံးဆိုတဲ့ လက္ခဏာရေး ၃ ပါး တွေ့ပြန်တော့ဏ်။ (၄) လက္ခဏာရေးသုံးပါး တွေ့ပြီးတော့။ လေးဆိုတဲ့ သစ္စာ ၄ ပါး တွေ့မြင်ရပြန်တော့ဏ်။ (၅) သစ္စာ ၄ ပါးတွေ့လျှင်။ အပါယ်ခန္ဓာ ၅ ပါးပြုတ်တော့ဏ်။ လူနတ်ဗြဟ္မာ၊ မဂ်ဖိုလ်ဆိုတဲ့ ပုဂ္ဂိုလ်ဏ်ခန္ဓာ ၅ ပါး သာရှိနေတော့ဏ်။ (၆) ငါးနံပါတ် လုံ့လောက်လျှင်ပင်၊ အာရုံခြောက်ပါးတိုင်းခ၊ ကိလေသာခမ်းခြောက်တော့ဏ်။ (၇) ကိလေသာခမ်းခြောက်တော့။ ဝိသုဒ္ဓိ ၇ ပါးလုံး အထူးပင် စင်ကြယ်တော့ဏ်။ (၈) ၇ နှစ်ခွဲနှုန်း အထူးစင်ကြယ်ဟော့။ မဂ္ဂင် ၈ ပါးဖြစ်၍၊ ကိလေသာကို သတ်ခြင်းကိစ္စ၊ နိဗ္ဗာန်ဘက်သို့ ပို့ခြင်းကိစ္စ ၂ ပါးကိုပြုတော့ဏ်။ (၉) မဂ္ဂင်ကိစ္စပြီးလျှင် လောကုတ္တရာကိုးသို့ ရောက်ရှိတော့ဏ်။ အကျဉ်းချုပ်ကား။ (၁) သမာဓိ။ (၂) ရုပ်နှာမ်။ (၃) လက္ခဏာရေး ၃ ပါ.။ (၄) သစ္စာ ၄ ပါး။ (၅) အပါယ်ခန္ဓာချုပ်ငြိမ်း၍ သုဂတိငါးခုနှုန် ငါးခန္ဓာရခြင်း။ (၆) အာရုံ ၆ ပါးခ၊ ကိလေသာခမ်းခြောက်ခြင်း။ (၇) ဝိသုဒ္ဓိ ၇ ပါး။ (၈) မဂ္ဂင် ၈ ပါး။ (၉) လောကုတ္တရာ တရား ၉ ပါး ရခြင်းတည်း။

တဖန် တစ်ကစ၍၊ ကိုးအထိပေါင်းပေါင်းသွားတော့။ (၄၅) ဖြစ်သည်။ မြတ်စွာဘုရားသခင်သည်။ (၄၅)ဝါကာလပတ်လုံး။ဤကျင့်စဉ်ဖြင့်။သတ္တဝါတို့ကို ကျင့်ခိုင်း၍ ကယ်ချွတ်ပါသည်။ (၄)က ခါတ် ၄ ပါးတည်း။ခါတ် ၄ ပါးကို တကယ်ဝေ့ဝှေ့လျှင်၊ အပါယ်ခန္ဓာ ငါးပါး ချုပ်ငြိမ်းရတော့သည်။ ချုပ်ငြိမ်းပါလျှင်။ ၄+၅ ပေါင်း-ကိုးဖြစ်၍၊ လောကုတ္တရာ ၉ ပါးကို ရရှိပါတော့သည်။

---

## (၃၅) သံသရာသုံးထပ်ဖြတ်ပုံ။




အဲဒါ သံသရာ သုံးထပ်ဖြတ်၍၊ နိဗ္ဗာန်ရပ် ရောက်သွားပုံတည်း။စစ်ဆေးကြည့်တော့။အတွင်းသံသရာ၌။ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာအနုသယအနေနှင့်ရှိ၍နေသမျှ မသေသမျှ ကာလပတ်လုံး၊ အကုသိုလ် ၂၇ ပါးဆိုတဲ့ အလယ်သံသရာကြီးဟာ စိုကားနေမည်။ အကုသိုလ် သံသရာကြီးရှိ၍ နေသမျှ ကာလပတ်လုံး၊ လူပြည်၊ လူစည်းစိမ်ရတို့။ဒါနှ၊ သီလ၊ သမထ၊ ပြုကြတယ်။ နှတ်ပြည် နှတ်စည်းစိမ်

ရဟို့ ဒါန၊ သီလ၊ သမထ ပြုကြတယ်။ ဗြဟ္မာ့ပြည် ဗြဟ္မာ့စည်းစိမ် ရဟို့ ဒါန၊ သီလ။ သမထပြုကြတယ်။ ဒီပုံ ပြုကြ၊တော့။ ရဟို့ဆိုတဲ့ အလယ် သံသရာက၊ လောဘတဏှာ အကြောင်းခံလို့။ အပြင်သံသရာ ကုသိုလ် တွေ ဖြစ်နေရတာ။ အဲဒါကို ဖ-ဘုရားကြီးက၊ (အဝိဇ္ဇာပစ္စယာသင်္ခါရာ) စသည်ဖြင့်။ ပဋိစ္စ သမုပ္ပါဒ် စက်ကြီး လယ်နေတယ်။ သံသရာကြီး လယ်နေတယ်လို့ ဟောတာပါဘဲ။ ဥပမာ။ လူဘယောက် ဒါန၊ သီလ၊ သမထ ပြုတော့။ အပြင် သံသရာ နယ်ကို ဝေ့ရတယ်။ ဘာရည်ရွယ် ချက်နှင့် ဒါန၊ သီလ၊ သမထကို ပြုတာလဲဆိုတော့။ လူစည်းစိမ် နတ် စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်ကို နိဗ္ဗာန်မရ၊သေးဖို့။ရဟိ၊နေချင်လို့ပါဘဲတဲ့။အဲဒါ တဏှာပေါ့။ ဘဝတဏှာ၊ ကာမရာဂါ နှသယနှင့် ဘဝရာဂါနှသယ အရှိန် အလယ်သံသရာကိုဝေ့ရပြန်တယ်။ဘဖန် ဘာပြုလို့ လိုချင်ရတာလဲဟုမေး တော့။စိစစ်တော့သက္ကာယဒိဋ္ဌိကဘဝမရှိဘဲအရှိမှားနေလို့ပေါ့တဲ့။အတွင်း သံသရာ၊ဝေ့ရပြန်တယ်။ ထို့ကြောင့်။ သံသရာသုံးထပ်က တရား၊တွေဟာ တခုနှင့်တခု ကျေးဇူးပြုနေကြလို့ နိဗ္ဗာန်နှင့် နီးကပ်ပေမဲ့။ နိဗ္ဗာန်မရောက် နိုင်ကြ၊တာပါဘဲ။(၁၁) (၉) အောက်က မျဉ်း၊ကြောင်း၊ဆွဲပြီး သံသရာဖြတ် မဏ္ဍိမပဋိပဒါနှင့် ဟက်လိုက်တော့။ တရား၊တွေ တခြား၊စီဖြစ်ပြီး။ တက် လမ်းစဉ်ကြီး၊တွေ့ရ။ရောက်ရပါတော့သည်။ဘယ်လိုလမ်းစဉ်လဲဆိုတော့၊ ပုံစံ၌ကြည့်စမ်းပါ။ ၂ တဲ့။ ၃ တဲ့။ ၇ တဲ့။ ၈ တဲ့။ ၉ တဲ့။ ၁၁ တဲ့။ အဲဒါ တက်လမ်းစဉ်ပါဘဲ။ အနေပ်ကတော့။ ၂ ဆိုတဲ့ ပရမတ္ထ ရုပ်နာမ်အစစ် အမှန်ကိုတွေ့လျှင်။ အတွင်းက (သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်ပြီး ) သုံး ဆိုတဲ့ လက္ခဏာရေး ၃ ပါးသို့ရောက်မည်။ ၎င်းမှ (၇) ဆိုတဲ့ ဝိသုद्धि ၇ ပါးသို့ ရောက်မည်။ ၎င်းမှ (၈) ဆိုတဲ့ မဂ္ဂင် ၈ ပါးသို့ ရောက်မည်။ ၎င်းမှ (၉)ဆိုတဲ့ လောကုတ္တရာတရား (၉)ပါးသို့ရောက်မည်။ ၎င်း၊ကြောင့် (၁၁) ဆိုတဲ့ ဒီးဂဆဲ့တပါး ချုပ်ငြိမ်းမည်။နိဗ္ဗာန်ရသည်ဟူလို့။ ။(၉) ဖြစ် ရတာဟာ။ ( ၂ ရုပ်နာမ်နှင့်+၇ ဝိသုद्धिပေါင်းလို့ပါ။) (၁၁) ဖြစ်ရတာဟာ လဲ့။ (၃) လက္ခဏာရေး ၃ ပါးနှင့် (၈) မဂ္ဂင် ၈ ပါး၊ပေါင်းလို့။ (၁၁) ဒီး ဆဲ့တပါး ငြိမ်းရတာပါ။ စိတ်ရှိ သဒ္ဓါရှိ စေတနာရှိရှိနှင့်။ အမျိုးမျိုး ပြော ပြမှ နားလည်မည့်ပုံစံပါ။ အသိခက်လှ၏။

(၃၆) ဖွါးတော်မူတော့၊ ၃၂ ပါး နိမိတ်ခါတ်များ။

(၃၇) ဘုရားဖြစ်တော်မူတော့၊ ၃၂ ပါးနိမိတ်ခါတ်များ။

(၃၈) ဓမ္မစက္ကြာဟောတော့၊ ၃၂ ပါး နိမိတ်ခါတ်များ။

(၃၉) အာယုသင်္ခါရလွှတ်တော့၊ ၃၂ ပါး နိမိတ်ခါတ်များ။

(၄၀) ပရိနိဗ္ဗာန်ပြုတော့၊ ၃၂ ပါး နိမိတ်ခါတ်များ။

ဤငါးဌာနခု။ ရေးစရာမလိုတော့ပြီ၊ ဘုရားအလောင်းဟော်ကြီး ပဋိသန္ဓေနေစဉ်။ ၃၂ ပါး နိဒိတ်ခါတ်များနှင့် လုံးဝတူရကား။ ပြခဲ့ပြီး။ ရေးခဲ့ပြီးသော ပဋိသန္ဓေခဏီးခု။ ၃၂ ပါး နိဒါတ်ခါတ်များကိုသာ ပြန်၍ကြည့်ရှုကြပါကုန်။

(၄၁) ဗြဟ္မဇာလ ဒေသနာဟော၊ ခါတ် ၃ မျိုးလှုပ်ပြပုံ။

ဒီဃနိကာယ် အပါအဝင်၊ သုတ် ၃ ကျမ်းတွင်၊ သုတ်သီလကွန် ပါဠိတော်ကြီးခု။ အစဆုံး ဗြဟ္မဇာလသုတ်တော်ကို ဘုရားဟောပြီးအဆုံးခု။ တသောင်းသော စက္ကြာဝဠာကြီးဟာ၊ ကြီးစွာပင် သုံးမျိုး လှုပ်ရုပါတယ်။ (၁) သံကမ္ဘာ၊ စက္ကြာဝဠာတသောင်းဟာ၊ အိုးထိမ်းစက်ကဲ့သို့၊ ချာလပတ်ပြင်းစွာလှုပ်ရ၏။ (၂) သမ္ဘကမ္ဘာ၊ စက္ကြာဝဠာတသောင်းဟာ၊ ပုခက်ဇယည်လွှဲသကဲ့သို့၊ ပြင်းထန်စွာလှုပ်ရ၏။ (၃) သမ္ဘဝေဒီ၊ စက္ကြာဝဠာတသောင်းဟာ၊ အထက်အောက် ပြင်းထန်စွာလှုပ်ရ၏။ အဲဒါ ခါတ်ဖေါက်ပြန်မှ ခါတ်ပေါ်တာပါဘဲ။ တရားသလား။ မတရားဘူးလားဆိုတော့။ တရားလို့သာ တရားပေါ်တာပေါ့။ ခါတ်တရားရဲ့ အစွမ်းသတ္တိဟာ၊ ဘယ်လောက်အစွမ်းရှိသလဲ၊ အာနုဘော်ကြီးသလဲ၊ စက္ကြာဝဠာတသောင်းခု။ ခါတ်ဝင်တော့။ ၃ မျိုးလှုပ်၍ ပြသရုပါတယ်။ သက်သေခံ၍နေပါတယ်။

(၄၂) ပဋ္ဌိစ္စသမုပ္ပါဒ်ဆင်ချင်ခိုက် ၁၂ ကြိမ်ခါတ်ပေါ်ပုံ။

အထဿဒ္ဓါဒသပဒိကံ၊ ပစ္စယာကာရံ၊ ဝဋ္ဋ၊ ဝိဝဋ္ဋဝသေန၊ အနုလောမတော့၊ ပဋိလောမကော၊ သမ္ဘသန္ဓယ၊ ဒသသဟာသိလောကဓါတု၊

ဥဒကပရိယန္တံကတွေ၊ နွေဒသကွတ္တုံ၊သကဝိ။ ။ဇာတ်အဋ္ဌကထာ နိဒါန်း နံပါတ် (၉၃) ကြောင်းရေ (၁၆) သုမ္ဘဋ္ဌ။ ။ အထ၊ ထိုအခါဋ္ဌ။ အသ ထိုဘုရားလောင်းအား။ နွေဒသပဒိကံ၊ ၁၂ ပုဒ်ရှိသော။ ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်ကို ဝဋ္ဋ၊ ဝိဝဋ္ဋဝသေန၊ ဝင့်လည်ပုံ၊ ဝင့်ပြတ်ပုံ၏ အစွမ်းအား ဖြင့်။ အနုလောမတော၊ အနုလုံအားဖြင့်ရင်း။ ပဋိလောမတော၊ ပဋိလုံ အားဖြင့်ရင်း။ သမ္မသန္တိသ၊ သုံးသတ်၍နေစဉ်၊ ဒသသဟဿီလောက ခါတု၊ တသောင်းသော လောကခါတ်ကြီးသည်။ ဥဒကပရိယန္တံကတွေ၊ ရေလျှင်အသုံးပြု၍။နွေဒသကွတ္တုံ၊ ၁၂ ကြိမ်။သကဝိ၊ ပြင်းထန်စွာ ဝါယော ခါတ်ဝင်၍လှုပ်၏။ ။ဘုရားအလောင်း ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော့။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ် နာမ် ရူပ် သဠာယတနာ၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ မရဏာဟူ၍ ၁၂ ပုဒ်အတွက်။ မြေကြီး ၁၂ ကြိမ်လှုပ်ရပါတယ်။လှုပ်တော့။ စကြာဝဠာပေါင်းတသောင်းအနှံ့အပြား ပင် လှုပ်၍ခါတ်ပေါ်ရပါတယ်။

## (၄၃) ဘုရားဖြစ်တော့ ပဲ့တင်ထပ်ခါတ်ပေါ်ပုံ။

မဟာပုရိသေပန၊ ဒသသဟဿီလောကခါတုံ၊ ဥန္နာဒေတွာ၊ အရ ဟုဂ္ဂမနဝေလာယ၊ သဗ္ဗညုတညာဏံ၊ ပဋိဝိဇ္ဈန္တေ။ ။ဇာတ်အဋ္ဌ ကဋ္ဌာနိဒါန်း နံပါတ် (၉၃) ကြောင်းရေ (၁၆) သုမ္ဘ။ ။မဟာပုရိသေပန၊ ဘုရားလောင်းသည်ကား။ ဒသသဟဿီလောကခါတုံ၊ တသောင်းသော လောကခါတ်ကြီးကို။ ဥန္နာဒေတွာ၊ ပဲ့တင်ထပ်စေ၍။ အရဟုဂ္ဂမနဝေ လာယ၊ အာရုံတက်သောအချိန်ဌ။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ် တော်ကြီးကို။ ပဋိဝိဇ္ဈန္တေ၊ ထိုးထွင်း၍ သိအပ်သည်ရှိသော်။ ဘုရား အလောင်း သဗ္ဗညုတ ဉာဏ်တော်ရစ၊ ဘုရားဖြစ်စလည်း။ ၎င်း ခါတ်အဟုန်ကြောင့်။ တသောင်းသော လောကခါတ်ကြီး တခုလုံးခါတ် ပေါ်၍။ ပဲ့တင်ထပ်ဖြစ်ခဲ့ရပါသည်။ သတ္တိကြီးမားစွ။

## (၄၄) ကမ္ဘဋ္ဌိတလေးရပ်၊ ခါတ်ပေါ်နေပုံ။

(က) ဘုရားအလောင်းယုန်မင်း အသက်ခန္ဓာကိုယ်ကို လှူဒါန်းသဖြင့်။ သိကြားမင်း အုံ့ဩပြီး။ နောက်နောင်လူမျိုးသတိရအောင်ဆိုပြီး။လဗိမာန် ဌ၊ယုန်ရုပ်ပာ ကကမ္ဘာပတ်လုံး ကည်၍နေပါတယ်။ (ခ) ကဿပမြတ်စွာ

ဘုရား လက်ထက်တော်အခါက။ ဃဋိကာရ ဒိုးထိန်းသည်၏ အိမ်ကို။ ဃဋိကာရမရှိခိုက်၊ကဿပဘုရား စံကျောင်းတော်အတွက်ဆုပြီး။ အမိုးကို ဖျက်၍ ဘုရားကျောင်းတော်၌ မိုးကြွသည်။ ဃဋိကာရ၏ အိမ်မှာအမိုးမရှိ သော်လည်း။ဗိုလ်ပန်းရွာသော်။ရေမဝင်၊မကျရ ယခုအထိပင်ထိုနေရာ၌ ရေ မကျရဘဲ။တကမ္ဘာလုံးတည်၍နေပါသည်။ (ဂ) ဘုရားအလောင်းမျောက် မင်းဖြစ်စဉ်က။ ကန်တခု၌။ ဒကရက္ခိုသ်စောင့်နေရာ။ အလောင်းတော် သည်။ အဝိဒ္ဒာန်၍ ကြွတောတခုလုံး အဆစ်မပါစေဘဲ။ ပြွန်တန်ကဲ့သို့ဖြစ် စေပြီးဘော့။ ကြွရိုးဖြင့် ရေစုတ်၍ သောက်၏။ မျောက်အပေါင်းလည်း။ ရင်းနည်းဖြင့်၊ ရေသောက်ကြရ၏။ ထိုကြွတောက၊ တကမ္ဘာလုံးပင် အဆစ်မရှိဘဲ။ တည်နေပါသည်။ (ဃ) ဘုရားအလောင်း ငုံးမင်းဖြစ်စဉ်က။ မွေးဖွါးစနေ၌။ တောမီးကြီးလောင်ခဲ့ရာ။ ဝန္ဓသုတ်ဖြင့်။ သစ္စာဆိုမ၍။ ကောမီးကို ငြိမ်းစေ၏။ ယခုအထိ မီးမလောင်ရ။ တကမ္ဘာလုံး တည်၏။ (ထုံးမတိမ်၊ ငုံး၊အိမ်၊ကြွ၊လနှင့်၊တူမှုစံနှင်း။ဒြပ်ကြည်၊ကပ္ပဋ္ဌိ၊တင်ထိုက်ပေ၊ ယင်သိုက်ဝင်၊ သည်မေနှင့်ရယ်။ ငါးဆင့်သမိုင်း) ဟူ၍။ကဗျာ အကျော် အမော် ဇော်ထက်ဇော်သော စလေဦးပည ရေးသော ဒွေးချိုးကလေးပင် ဖြစ်၍၊ အနှစ်ရှိလှသည်။ အသားပါလှသည်။ ခါတ်ပေါ် တာကို တိုက်ရိုက် ပြထားပါသည်။

## (၄၅) လေရိပ်လှိုင်းထ ခါတ်ဆက်နေပုံ။

မြစ်ထဲမှာဖြစ်စေ၊ ပင်လယ်ထဲမှာဖြစ်စေ၊ လှေဖြင့် သင်္ဘောဖြင့်သွား လာနေကြတော့၊လေရိပ် မိုးပန်းရိပ်ကိုကြည့်ကြရလေသည်။ဥပမာ။ ဟိုမြင့် လှစွာသောကောင်းကင်၌။ ကြက်ဥမျှလေရိပ်မြင်လျှင်။ ရေပြင်ကြီးတခုလုံး လှိုင်းထ၍လာဟော့သည်။ လေရိပ်နှင့် ရေပြင်ကား။ မိုင် ၃၀၊ မိုင် ၄၀ မှ ကွာဝေးအုံးမည်။ လှိုင်းကား ထလျက်နေတော့၏။ ခါတ်တရားကား။ ရှေး ဦးစွာရောက်၏။ အမြင်ကား။ နောက်ကျသေး၏။ ခါတ်၏ အစွမ်းသတ္တိ တန်ခိုးပင်တည်း။

## (၄၆) ရေတက် ငါးပိအိုး ရေပြည့်စိုလာပုံ။

ခါတ်ဆက်၍နေပုံကို ပင်လယ်၌ရေတက်တော့။ဒီးဗိုချောင်မှ ငါးပိအိုး၌ ရေစိုခြင်း၊ ရေပြည့်ခြင်းမြင်၍ရင်း။ ရေကျသောအခါဝယ်။ ငါးပိအိုး၌၊ ရေမတွေ့ရဘဲ။ ခမ်းသွားတာကိုမြင်၍ရင်း။ သိသာလှပေသည်။

## (၄၇) ဓါတ်တရားများ ထက်မျက်စိုးရှုလှပုံကား။

လူတယောက်သည်။ အခွဲ့တိုက်အတွင်း အိပ်ခမ်းတခု၌။အိပ်စက်ကာ နေသည်။ အခွဲ့နံရံကထပ်၊ ပြင်အကာကထပ်၊ ခြင်တောင်ကထပ်၊ အညာ စောင်တထပ်၊ သင်္ကာလုပ်စောင်တထပ်၊ အပေါ်အင်္ကျီတထပ်၊ အသားကပ် အင်္ကျီတထပ်၊ အပေါ်ရေတထပ်၊ အတွင်းရေတထပ်၊ အသားတထပ်၊ အရိုးတထပ်ရှိ၍ နေပေ၏။ ဆင်းနှင်း ကျလာသောအခါ။ ထိုအထပ်ကြီး (၁၁) ထပ်ကို။ ထိုးဖေါက်ရှုးဝင်ပြီးဘေ့။ ထိုအိပ်စက်ကာနေသောသူ၏ ရိုးတွင်း ချဉ်ဆိတိုအောင်။ ဒေါ်မြမြ ချမ်းစိမ့်စိမ့်ကြီးဖြစ်၍။ ဆန့်နေခြင်းက ကွေးပြီး တုန်ခိုက်လျှက်နေတာကို။လူအများပင် လက်တွေ့ ကိုယ်တွေ့ဖြစ် ကြရပါသည်။ ဓဲဒါ အဓေါတ် ထိုးဖေါက် ရှုးဝင်နိုင်ပုံ၊ ဓါတ်တရား၏ သတ္တိ အစွမ်း အာနုဘော်ကို အာရုံပြုကြပါလေ။

---

## (၄၈) မဟာဘုတ်ချင်းဆက်၍ ဓါတ်ပေါ်နေပုံ။

လူတယောက်သည်။ အိပ်ထဲ အရိပ်ထဲ၌ နေထိုင်၏။ ကောင်းကင်၌ နေ့တနာရီ ၂ နာရီအချိန်တွင် နေပူလာတော့။ မိုးယံးရိပ်များ ဖုံးနေတော့။ အိပ်ထဲ အရိပ်ထဲက လူမှာ၊ အိုက်စပ်စပ်ကြီး၊ ပူစပ်ပူလောင်ကြီးဖြစ်ပြီး။ ကိုယ်ထဲမှ ချွေးများကျ၍လာတော့သည်။ တေဇောဝင်လို့ အာပေါဓါတ် ထွက်လာတာပါ။ ပညတ်အကြောင်းရေး၏။

---

## (၄၉) အသံလွှင့် ရေဒီယိုဖြင့် ဘမ်းနေကြသည်။

ဥပမာ။ အင်္ဂလန်နှင့် ဗမာပြည်သည်။ မိုင်ပေါင်း (၈၀၀၀) ရှစ်ထောင် ကျော်သွားမှရောက်နိုင်၏။ ဤမျှဝေးလန်းပေမဲ့။ အင်္ဂလန်ပြည်မှ စက်ဖြင့် အသံလွှင့်တော့။ ၂ စက္ကန့်အတွင်းမှာပင် ဗမာပြည်ရှိ ရေဒီယိုများ၌။ အသံပေါ် ၍နေတော့၏။ ဗမာပြည်က အသံလွှင့်လျှင်လည်း။ အင်္ဂလန်ပြည် ရေဒီယိုများ၌။အသံပေါ်နေတော့၏။မြန်လွန်းစွ။ထက်မျက်လွန်းစွတကား။

---

## (၅၀) မိုးအုံ့တော့၊ ညောင်းကိုက် တောင့်တင်းလာပုံ။

ဓါတ်ပေါ်ကာကို အသိလွယ်ကူလှပေသည်။ ဥပမာ။ ရောဂါရှိသော သူသည်။ ပထမ၌ အညောင်း အကိုက်အခဲ မရှိသေးပေမဲ့။ မိုးယံးအုံ့၍လာ တော့၊ အကြောထဲ အဆစ်ထဲက၊ ညောင်းလာ ကိုက်ခဲလာ၊ ထုန်ကျင်လာ နှင့်။ ဓါတ်ဆက်ထားကြောင့်ဖြစ်ရပါသည်။

## (၅၁) တခုခုဖြစ်တော့မည်မှန်လျှင်အသားလှုပ်ဝါတ်ပေါ်ပြီ။

တခုခု ဖြစ်တော့မည်မို့။ အချိန်ခေါ။ မျက်စိလှုပ်၏။ အချိန်မှာ။ ပါးစပ်လှုပ်၏။ ပါးလှုပ်၊ လက်လှုပ်၊ ခါးလှုပ် စသည်ဖြင့်။ မျှားစွာဖြစ်ပေါ်တတ်ပေသည်။ အဲဒါ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဥာဏ်ဝင်မှာမို့။ ရူပနသဘောပြာဘာ။ ဝိပရိဏာမသဘောပြတာ။ ဘုန်းကံအလျှောက်၊ စ(ကြ)ာ ရောက်ထာပါ။ အလောင်းမှန်လို့၊ ရထားဆိုက်ထောပါ။ ပရမတ်ပေါ်တာ၊ ရုပ်တရားပေါ်တာကို၊ မင်ရောက်အောင်။ မသုံးစွဲတတ်တော့။ အသားလှုပ်ကျမ်းကို ကြည့်ပြီး။ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ဟု မှားသိကြ၏။

---

## (၅၂) စလေငွေးကံဝါတ်နိမိတ်။

စလေမြို့သား စလေ ငွေးဆိုတာ။ ဆင်းရဲနွမ်းပါးပြီး။ လေ့ထိုး၍ အသက်မွေးရ၏။ တနေ့သ၌။ ကြီးကျယ်လှသော အိပ်မက်ကိုမြင်မက်၍။ ကြောက်လန့်ပြီး နိမိတ်ဘတ်စေရန် အကြီးနှင့် ငွေငါးကျပ် ယူခဲ့ပြီး။ ပုရောဟိတ်ပုဏ္ဏားအိမ်သို့ နံနက်စောစောသွားလေ၏။ ပုရောဟိတ်ပုဏ္ဏားကား။ ဘုရင့်နန်းတော်သို့ရောက်၍ နေခဲ့လေပြီ။ ပုဏ္ဏားမနှင့်သာ တွေ့ပြီး။ ဆရာကြီးနှင့်တွေ့လိုပါသည်ဟု ပြောတော့။နန်းတော်သို့ သွားလေပြီဟု ပြောရာ။ စလေငွေးလည်း၊ ဒါဖြင့်ပြန်တော့မည်ဟု ပြော၏။ ပုဏ္ဏားမက၊ နေပါဦး သူငယ်ရယ်။ ငါဟာလဲ၊ ပုဏ္ဏား၏ ကတော်ပါ။ ဗေဒင်တော့ တတ်ပါသေးတယ်ဟု ဆွဲထား၏။ စလေငွေးလဲ မိမိမြင်မက်ထားကို ပြောပြ၏။ ပုဏ္ဏားမကား။မိမိမက်တာကို မသိဟုမပြောဘဲ။ ဂုက်နှိုး၍။ (ယံဝါ၊ တံဝါ) သဘောဖြင့်။ လှိုင်းလိုက်၏။ ညာလိုက်တော့၏။ စလေ ငွေးလည်း။ ငါးကျပ်ကို ပေးခဲ့ပြီး ပြန်သွားတော့၏။

## မဟုတ်လျှင်တရားကမခံပါ။

တရားဆိုတာ၊ ပညတ်တရားဘဲဖြစ်ဖြစ်၊ ပရမတ်တရားဘဲဖြစ်ဖြစ်၊ မဟုတ်လျှင်မခံပါ။ ဒေဝဒတ်မြေမျိုတာ၊ အဝီစိကျတာ ကြည့်ပါ။ သူ့ဌေးသားကောကာလိကအနာကြီးရောဂါရတာ၊အဝီစိကျတာကြည့်ပါ။ကမ္ဘာဦးက စေတီယမင်း မြေမျိုတာ၊ အဝီစိကျတာ ကြည့်ပါ။ သုပ္ပဗုဒ္ဓါမင်း မြေမျိုတာ၊ အဝီစိကျတာကြည့်ပါ။ရေးနေလျှင် ဆုံးတော့မည်မဟုတ်၍။ချုံး

လိုက်ရတော့သည်။အလွန်ကြီးကျယ်တဲ့တိတ်ကြီး နိမိတ်ကြီးကို ဘာလိုလို ညာလိုလိုနှင့် မဟုတ်မဟတ်ပြောလိုက်တော့။ နွေခေါင်ခေါင်ကြီးမှာပင် မိုးသီးရိပ်များ တက်လာပြီး လျှပ်စည်းလျှပ်နွယ်များပျက်၍။ မိုးသီးများထစ် ချုံးပြီး။ မိုးသီးကြိုးကျမည့် နိမိတ်ပြုတော့သည်။ ပုရောဟိတ်ပုဏ္ဏားလည်း၊ ကယ်ပြီးထူးဆန်းပါတကား။နိမိတ်ပြုချက်ကားကြမ်းလှပါတကား။ဧကန္တ ငါ့အိမ်မှာ၊နိမိတ်ပေါ်သူရောက်၍ ပုဏ္ဏားမက ဖြီးလိုက်ဖြန်းလိုက်ယောင်တ ကားဟုအိမ်သို့လျှင်မြန်စွာပြန်ခဲ့၍။ဆောလျှင်စွာပင်။လှေခါးကနေပြီး ခေါ် မေး၊မေးမြန်းတော့။ပုဏ္ဏားမလည်း အမှန်အတိုင်း ဖွင့်ဟပြီး ပြောပြတယ်။ ပုရောဟိတ်ကား။ ငါထင်တဲ့အတိုင်း ကိုက်နေပြီတကားဟု ညီးတွားပြီး အိမ်ထဲမှ ဒါးကိုယူ၍၊ ပုဏ္ဏားမ၏ ဆံပင်ကိုဖြတ်ပြီးတော့။ လမ်းမသို့ပစ်ချ လိုက်သည်။ထိုအခါ။မိုးသီးကြိုးသည်။ ဆံစုပေါ်သို့ ပစ်ချလိုက်တော့၏။ ထို အချင်းအရာကိုမြင်တော့။ ပုဏ္ဏားမလည်း အသဲတုန်တုန်၊ရင်ခုံခုံနှင့်မျက်စိ မျက်ဆံပြူးပြူးဖြစ်၍ နေတော့၏။ ပုဏ္ဏားက၊ ကဲ-ကဲခင်မ တွေ့ရပြီမဟုတ် လား။ကံအရိပ်၊ ဉာဏ်အရိပ်၊ မဂ်အရိပ်၊ ဖိုလ်အရိပ်ကို မထေလေးစား မပြု အပ်ပါ။ ယခုပြုလုပ်မိလို့ ခေါင်းတုံး၊ ဦးပြီးဖြစ်ရတော့သည်။ အဲဒီလူကို သိပါရဲ့လား။ ပုဏ္ဏားမက လှေထိုးသားလို့ ပြောတာဘဲ။ လှေပေါ်မှာ အိပ်ရင်း အိပ်မက်မြင်မက်တာဘဲတဲ့။ ကိုင်း-ဒါဖြင့် ဧရာဝတီ လှေဆိပ် သွားစို့ရဲ့ဟု ခေါ်ပြီး။ လှေတစင်းခွ် လူကိုမေးကြည့်။ ဟိုလှေကလူကိုမေး ကြည့်နှင့် အဆုံးလှေကြတော့။ စလေ ငရွေးကိုတွေ့ရတော့သည်။ ဟော ဟိုလှေပေါ်က သူငယ်ပါဘဲဟု ပြော၏။ သွားကြပြီး၊အမောင်ခဏမျှလာခဲ့ စမ်းပါဟုခေါ် ၍။နံနက်စောစောက၊နိမိတ်လာမေးတာအမောင်ဘဲလား။ ။ ဟုတ်ပါတယ်ခင်ဗျား။ ။ဒါဖြင့် မြင်မက်ပုံ အစုံအလင်ပြောပြပါဟု မေး ဘော့။ စလေ ငရွေးက၊ ကျွန်တော် အိပ်နေတော့၊ အိပ်မက်ထဲမှာ။ ကျွန် တော်၏ ရင်ဟာ၊ ကွဲပြီး အရုကြီးထွက်၍လာပါတယ်။ အဲဒီအရုကြီးဟာ။ ပေါက္ကန်ပြည်တခုလုံးကို သုံးပတ်ရစ်ပတ်ပြီး ရင်ထဲသို့ ပြန်ဝင်၍သွားပါ တယ်ခင်ဗျား။ ။ပုဏ္ဏား။ ။ကဲ-ဒါဖြင့်၊ မောင်၏ တိတ်နိမိတ်ဟာ၊ သိတ် ကြီးကျယ်တာဘဲ။ အဲဒါ နှုတ်လုံမှ အဂကျိုးပေး ကြီးကျယ်မည်။ သုံးလအတွင်းမှာ ဘုရင်ဖြစ်မှာဇွ-ကိုံ.လူရ။ ဘုရင်နှင့် ဘုရင့်လူတွေ သိလျှင်။မောင့်အသက်မရှိတော့ဘူး။ရေ့ပြန်ယူပါငွေ (၅)၊ နှောက်နှောင် မင်းဖြစ်သောအခါသာ၊ ကျေးဇူးဆပ်ပါတော့ဆိုပြီး။ အချင်းချင်း သစ္စာ

ပြု၍ သွားကြသည်။ စလေ ငရွေးလဲ လေ့ထိုးလိုက်စဉ်။စလေမြို့မှ ပေါက္ကန်သို့လေ့ထွက်တော့၏။တနေရာတွင်၊ထိုးဝါးဖြင့်မြေကိုဖိုက်လိုက်ရာ၊ထုကနဲဖြစ်သဖြင့်။ထိုးဝါးကိုဖေါ် ကြည့်တော့၊ ရွှေလင်ပန်း ၃ချပ် ထိုးဝါးခွံပါလာတယ်။ သတိရပြီး။ အောင်မယ်-ဘုရင်ဖြစ်ရမဲ့လူဟာ။ ရွှေလင်းပန်းသုံးချပ်နှင့်ကျွန်မ်းကျေခံရမှာလား။ ကျွန်မ်းကျေမခံနိုင်ဘူး။ သွားလေတော့ မိမိနေရာသို့ဆိုပြီး။ဘယ်ဘက်က ချေဖြင့်ရွှေလင်ပန်းကို ကန်ချလိုက်တော့သည်။ သတိပေးပါရစေ။ ယခု လူများပဘာလဲ။ စလေ ငရွေးကဲ့သို့။ သာမန်စည်းစိမ်လောက်နှင့် ကျွန်မ်းအကျေမခံကြပါနှင့်။ တချို့များ မြို့ပိုင်လောက်ရတာနဲ့တင်းတိမ်ပြီး။ မဂ် ဖိုလ် နိဗ္ဗာန် ပေးနိုင်တဲ့ တရားကို ဖျက်ဆီးကြတယ်။ အချို့ ဝန်ထောက်။ အချို့ အရေးပိုင်။ အချို့ တိုင်းမင်းကြီး။ အချို့ အတွင်းဝန်။ အချို့ဝန်ကြီး။အချို့ကား ဝန်ကြီးချုပ်။အချို့ကား သမတဖြစ်ထာနှင့် ကျွန်မ်းကျေပြီး။ မဂ်ဖိုလ်နိဗ္ဗာန်ပေးနိုင်တဲ့တရားမှ ရှုံးကြရပါတယ်။ အချို့ နတ်မင်း။ အချို့ ဗြဟ္မာမင်းမျှလောက်ရတာကလေးနှင့် ကျွန်မ်းကျေပြီး။အကြီးအကျယ်မှ ဆုံးရှုံးနစ်နာခံကြရပါတယ်။ သာသနာက အရာရာပေးနေတုံးဘို့။ မယူဘဲ၊ မရဘဲ၊ နေ့ကြပါလျှင်။ နောင်တော့ မဟာ့မဟာ အမှားကောင်ကြီးဖြစ်ခဲ့ရပုံကို၊ နောင်တရကြပေလိမ့်မည်တည်း။

## (၅၃) ခါချင်ကောင်ခါတ်တရားသိရှိနေသလိုလို။

လူများသည်။ ကြိုတင်၍။ ယခုနှစ်မိုးဝင်းတွင်းဘို့။ ရေကြီးမည်ဟူ၍ရင်း။ ရေလတ်မည်ဟူ၍ရင်း။ ရေငယ်မည်ဟူ၍ရင်း။ သိ၍မထားကြပါ။ ။ ခါချင်ကောင် တိရစ္ဆာန်များမှာတော့။ယခုနှစ်မိုးဝင်းတွင်းဘို့ရေကြီးမည်ဟု သိထား သလိုလိုပင်။ အကိုင်းများ မြင့်သောနေရာဘို့။ ခါချင်အိမ်ထုတ်လုပ်ကြပါတယ်။ ယခုမိုးဝင်းတွင်းဘို့ ရေလတ်မည်ဟု သိရှိထားသလိုလို။ သစ်ပင် အလယ်အရေပ်ဘို့ ခါချင်ထုတ် အိမ်ပြုကြပါတယ်။ ယခုနှစ်ကား။ ရေငယ်မည်ဟု သိရှိကာထားသလိုလို။သစ်ပင်ရင်းဘို့ ခါချင်အိမ်ထုတ်ကြပါတယ်။ ခါချင်ထုတ်ကိုကြည့်ပြီး လူများက။ သည်နှစ် ရေကြီးမည်။ မြင့်ရာဘို့လယ်လုပ်ကြ ဟူ၍ရင်း။ ဤနှစ်ကား။ ရေလတ်မည်။ ကုန်းမြင့်ရာဘို့လယ်မလုပ်ကြနှင့် ဟူ၍ရင်း။ ယခုနှစ်ကား။ရေငယ်မည်။ နိမ့်သောနေရာဘို့

လယ်လုပ်ကြပါဟူ၍ရင်း၊ ကြိုတင်၍။ သိကြရသည်။ ခါချင်ထုတ် နိမိတ်ပြပုံ။ ခါတ်ပေါ် ပုံ၊ အတိတ်ပြပုံ၊ သဘောပေါက်ရောက်ကြရန် သာဓကဖြစ်၏။

## (၅၄) ရေသဖန်းပင်၌ နိမိတ်ခါတ် ၃ မျိုးပေါ်ပြနေ၏။

လူအားလုံးတို့သည်။ မိမိပင်ကို ပညာဖြင့် ကြိုတင်၍။ ဤနှစ်ကား။ ရေကြီးမည် ဟူ၍ရင်း၊ ဟိုနှစ်ကား။ ရေလတ်မည် ဟူ၍ရင်း။ သည်နှစ်တော့၊ ရေငယ်မည် ဟူ၍ရင်း။ မသိကြပါ။ သိလိုသော်။ ရေသဖန်းပင်၌၊ သဖန်းသီး၊ သီးနေပုံကို နိမိတ်ယူ၍ မှန်းဆကာ။ ကြိုတင်သိနှင့်ကြကုန်၏။ သိရပုံကား။ ဤနှစ်၌ ရေသဖန်းသီးများ သစ်ပင်ထိပ်ဖျားဝ၌ သီးခဲ့သော်။ ဤနှစ်ကား။ ရေကြီးမည့် နှစ်ပင်တည်းဟု သိ၍။ မြင့်ရာအရပ်၌ လယ်လုပ်ကြပါသည်။ ရေသဖန်းသီးများ သစ်ပင်၏ အလယ်ကြသော နေရာ၌ သီးဒါကိုမြင်သော်။ ဤနှစ်ကား။ ရေလတ်မည်။ မနိမ့်မမြင့်သော နေရာ၌ လယ်လုပ်မှသင့်မည်ဟု သိနှင့်ကြ၏။ သဖန်းသီးများ မြေ၏အနီး၌ သီးခဲ့သော်။ ဤနှစ်ကား။ ရေငယ်မည့် နှစ်ပင်တည်းဟု သိနှင့်ကြ၍။ နိမ့်ရာအရပ်၌ လယ်လုပ်ကြပါသည်။ ရေသဖန်းပင်၌ ခါတ်ရောက်၍။ သီးပြပုံ ၃ မျိုးဖြင့်။ ရေကြီး၊ ရေလတ်၊ ရေငယ်မည်ကို သိရ၏။

## (၅၅) ဖွတ်ကောင်၌ခါတ်ပေါ်ပုံ ၃ မျိုး။

ဤနှစ်၌။မိုးယိုးဦးကောင်းမည်ဟူ၍ရင်း။ဤနှစ်၌။မိုးယိုးလယ်ကောင်းမည် ဟူ၍ရင်း။ဤနှစ်၌။ မိုးယိုးနောင်းကောင်းမည်ဟူ၍ရင်း။ ကြိုဘင်ပြီး။လူများ ကမသိကြပါ။ သိလိုသဖြင့်။သင်ကြန်စာကြည့်ရ၏။အချို့ကား။ ဖွတ်ကောင်များ၌ကြည့်ရ၏။ ဖွတ်ကောင်များ၌ အဆင်းအရောင် သုံးတန်ရှိ၏။ ပဌမအတန်း၌။ စိန်းညိုသော အဆင်းအရောင်ကိုတွေ့ရလျှင်။ အလယ်အတန်း၌ အဝါ။အဆုံးအတန်း၌ စိန်းညိုညိုတွေ့ရလျှင်။မိုးယိုးဦးနှင့် မိုးယိုးများကောင်းလိမ့်မည်။ မိုးယိုးလယ်ခေါင်လိမ့်မည်ဟု နိမိတ်ဖတ်ကြသည်။ အကယ်၍။ ဖွတ်၌ ပထမအတန်း ဝါဝါ။ ဒုတိယအတန်း၊ တတိယအတန်း၌ စိန်းညိုညိုအတန်းတွေ့လျှင်။ မိုးယိုးဦးခေါင်မည်။မိုးယိုးလယ် မိုးယိုးများကောင်းမည်ဟု နိမိတ်ဖတ်ကြသည်။ ဤပုံ စက်လှည့်၍သိကြ၏။ အခါနှင့်လျော်အောင်၊ စပါးစိုက်ပျိုးကြရ၏။ ဖွတ်၏ နိမိတ်ခါတ်ပေါ်ပုံတည်း။

## (၅၆) ကံလမ်း၊ ဈာန်လမ်း၊ ဥာဏ်လမ်းမှ လိုက်လာကြပုံ။

(က) ကံလမ်းမှ လိုက်လာပုံကား။ ငါတို့၏ ဘုရားအလောင်းတော် သည်။ ၇ သင်္ချေအတွင်း၌ (၁၂၅၀၀၀) သော ဘုရားတို့ထံမှာ။ ပါရမီ ဖြည့်ခဲ့၏။ ၉ သင်္ချေအတွင်း၌၊ (၃၀၇၀၀၀) သော ဘုရားတို့ထံမှာ။ ပါရမီဖြည့်ခဲ့၏။ ၄ သင်္ချေအတွင်း၌၊ (၁၂) ဆူသော ဘုရားတို့ထံမှာ။ ပါရမီဖြည့်ခဲ့၏။ ကမ္ဘာတသိန်းအတွင်း၌ (၁၇) ဆူသော ဘုရားတို့ထံမှာ။ ပါရမီဖြည့်ခဲ့၏။ ဤ ၄ ဌာနက၊ ပါရမီကံတွေ လိုက်ပါရောက်လာသဖြင့်။ အလောင်းတော် သိद္ဓတ္တမင်းသား၏ကိုယ်မှာ။ ၃၂ ပါးသော လက္ခဏာ တော်ကြီး။ (၈၀) သော လက္ခဏာတော်ငယ်။ (၁၀၀၈) ကွက်သော စက်လက္ခဏာတော်။ (၈) ပါးသော အသံတော်များ။ အဲဒါ။ ကံလမ်းက လိုက်ခဲ့ဘာပါဘဲ။

(ခ) ဈာန်လမ်းကတော့။ ဖွါးမြ ၃ လခန့်အရှိတွင်။ ခမည်းတော်ကြီး လယ်ထွန် မဂီလာပြုတော့။ သင်ပြောပင်ရိပ်၌ ဘုရားအလောင်း စတုတ္ထဈာန် ရ၍။ ဈာန်ဟုံ့လေသည်။

(ဂ) ဥာဏ်လမ်းက လိုက်လာပုံကား။ ဘုရားအလောင်း (၃၅) နှစ် အရွယ်ရောက်တော့။ ဗောဓိမဏ္ဍိုလ်ခြေ ရွှေပလွင်ပေါ်တွင်။ ဝါတ် ၄ ပါး တွေ့သဖြင့်။ ဥာဏ်စဉ် ၁၀ ပါး၊ ၁၆ ပါး လိုက်လာ၍။ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါးရှိပြီး။ ဘုရားဖြစ်ပါသည်။ အဲဒါ။ လမ်း ၃ သွယ် လိုက်လာပုံ၊ ဘုရားဖြစ်ပုံ ပြီးကြတည်း။

---

## (၅၇) ဒါနသင်္ခေါ၊ ဆကာမာဝစရော။

ဒါနသင်္ခေါ၊ ဒါနပြုသဖြင့်။ သာဓုခေါ်သံသည်။ ဆကာမာဝစရော၊ ကာမာဝစရ နတ်ပြည် ခြောက်ထပ်အထိ၊ ပြန့်နှံ့၍ တက်၏။ ။သိ လွယ်ပါပြီ။

---

## (၅၈) သီလသင်္ခေါ၊ အကနိဋ္ဌပြဟ္မာနော။

သီလသင်္ခေါ။ သီလစောင့်သဖြင့်။ သာဓုခေါ်သံသည်။ အကနိဋ္ဌပြဟ္မာ နော အကနိဋ္ဌပြဟ္မာပြည်တိုင်အောင်။ ပြန့်နှံ့၍တက်၏။ ။နားလည်ပါပြီ။

## (၅၉) သမထသဒ္ဓေါ၊ ကေတိ$^{\circ}$သဘဝေါ။

သမထသဒ္ဓေါ၊ သမထ (၄၀) ဘွင်၊ တပါးပါး ပွါးများသဖြင့်။ သာဓုခေါ်သံသည်၊ ကေတိ$^{\circ}$သဘဝေါ၊ (၃၁) ဘုံ၊ (၃၁) ဘဝတိုင်အောင်။ ပြန့်နှံ့၍တက်၏။

## (၆၀) ဝိပဿနာသဒ္ဓေါ ဗုဒ္ဓစက္ကဝါဠေါ။

ဝိပဿနာသဒ္ဓေါ၊ ဝိပဿနာပွါးများသဖြင့်။ သာဓုခေါ်သံသည်၊ ဗုဒ္ဓစက္ကဝါဠေါ၊ ဘုရားပိုင် စက္ကြာဝဠာ ကုဋေတသိန်းတိုင်အောင်။ ပြန့်နှံ့၍တက်၏။

## (၆၁) လော်ဇာနှင့်ကွမ်းခါတ်လိုက်ပုံ။

ချင်းလူမျိုးအပွါးအိုကြီး တယောက်ဟာ။ လော်ဇာပြုံ၍နေ၏။ ချင်းလုင်မျိုမတဦးသည်။ အနီးသို့လာပြီး ကွမ်းစားရင်းကြည့်နေရာ။ ကွမ်းမှခါတ်ကူး-ခါတ်လိုက်ပြီး။ လော်ဇာတွေဟာ။ ကွမ်းသွေးကဲ့သို့ ဖြစ်ကုန်တော့၏။ ခါတ်သဘာဝကား။ ဤသို့ပင် သတ္တိရှိလှ၏။ အစွမ်းကောင်းလှ၏။ အာနုဘော်ရှိလှလေသတည်း။

## (၆၂) ခေါင်းကိုက် တိုင်ကူးတားပုံ။

လူတဦးသည်။ အော်ဟစ်၍နေ၏။ လမ်းခရာက်လာသောလူဘယောက်က၊ သနားလှသဖြင့်။ အနီးသို့လာပြီး။ ဘာဖြစ်၍အော်ဟစ်ရပါသနည်းဟု မေးတော့။ ခေါင်းကိုက်နာထသို့ပါတဲ့။ ဘယ်မျှကြာပြီလဲ၊ ချုန်စ်နှစ်ကျော်ပြီတဲ့။ ခရီးသယ်သည်။ ခေါင်းကိုက်သူ၏ ခေါင်းကိုကိုင်ပြီး။ မန္တာန်ရွတ်၍။ အနီးရှိတိုင်သို့ ကူးစေ၏။ တိုင်သို့လက်ဖြင့်သတ်၍၊ ဒီမှာနေ။ ဟိုမှာမနေရဟုအမိန့်ပေးလျှင်။ လူနာမှာ ချက်ချင်းသက်သာ၍။ ဆရောကယ်ပေလို့သာ ကျွန်တော့်မှာ ချမ်းသာရာရပါတယ်ဟု ရှိခိုးဦးချ ကံတော့ရှာသည်။ ခရီးသယ်က။ ၂၄ နာရီအတွင်းခွ ဒီဘိုင်သို့ ဘယ်သူမှ မထိစေနှင့် မကပ်စေနှင့် ရောဂါကူးတတ်သည်ဟု မှာ၍သွားလေသည်။ ထိုလူလည်း ထိုအခါမှစ၍ ခေါင်းမကိုက်တော့ပေ။ ခါတ်သဘာဝကား။ ဤမျှဆန်းကျယ်လှ၏။ ခါတ်ကူးတတ်၏။

## (၆၃) ဖါးပြုတ်ကောင်နှင့်ကင်းကောင်။

ခြိုတာရမှ ခဲခဲ-ခဲခဲ နှင့် အသံကြားမ၊ ကြည့်နေရာ။ ကင်းခြေများ တကောင်သည်။ လန့်အား ကြောက်အားကြီးစွာဖြင့် ပြေးလာလေသည်။ နောက်မှ ဖါးပြုတ်ကြီးသည်။ ချန်ဆွ-ချန်ဆွနှင့်အနုံ့ခံ၍ လိုက်လာတော့၏။ ကင်းခြေများသည် တိုင်ထိုတက်ပြီး ပုန်းရှောင်ကာနေ၏။ ဖါးပြုတ်ကြီး သည် တိုင်အောက်မှနေပြီး ကင်းခြေများကို ညှိုးထားရာ။ ကင်းသည် မသွားနိုင်တော့ဘဲ။ ခြေများကြွကျ၍ အဆုံးဌ ဖါးပြုတ်အနီးသို့ ပြုတ်ကျ လာတော့သည်။ဖါးပြုတ်ကား။ ကင်းခြေများကို မျိုတော့၏။ဝါတော်သဘာဝ ကား။ အုံ့ညြောဘွယ် ရှိလေစွတကား။ ပြောမယုံ ကြုံမှပင် သိမည့်အရေး ပါတကား။

## (၆၄) ကြောင်နက်နှင့်ဇရက်။

၁၂၆၉ ခုနှစ်လောက်က။ သရက်မြို့။ စန်းဒိုင်ရွာ အရှေ့ကျောင်းဌ ကြောင်နက်တကောင် ပေါ်ပေါက်လာ၏။ ၎င်းကြောင်နက်ကား၊ ဇရက် များ ဝါးတန်းဌ နားနေလျှင်။ အောက်က ဇရက်၏အရိပ်ကို ဘမ်းအုပ် လိုက်၏။ ဇရက်သည်။ ဘုတ်ကနဲကျလာ၏ ဒီလိုနှင့် ၂ ကြိမ် ၃ ကြိမ် ဖြစ်တော့။ ရွာထဲက လူတရုသည်။ ကြောင်နက်ကိုဘမ်းပြီး။ ဆေးစိရင်ရန် အကြံပြုကြ၏။ ထိုသတင်းကိုကြား၍ ဘုန်းတော်ကြီး ဦးရွှေကောင်းနှင့် ဘုန်းတော်ကြီး ဦးနန္ဒတို့သည်။ ကြောင်ကို အုပ်ဆောင်း အုပ်ထားလေ၏။ အတော်ကြာ ပြင်ဘက်က ညောင်-ညောင်ဟု မြည်သံကြား၍ အုံ့အားသင့် ကာနေကြရ၏။ ၎င်းနောက်။ ကြောင်ကားရှာ၍ မတွေ့ရတော့ပြီ။ ဝါတော် သဘာဝကား။ ဤမျှဆန်းကျယ် သတ္တိရှိလှပေသတည်း။

## (၆၅) မြွေဘာနှင့် မြွေ။

မြွေဘာတို့သည်။ မြွေကို အလွန်နှိုင်ကြ၏။ မြွေနှင့်တွေ့လျှင်ဟု်ချန်လိုက် သည်ဟုံ့လိုက်နှင့် အတော်ကြာ မြွေပါ၏ ပါးစပ်သို့ရောက်ရလေသည်။

## (၆၆) စပါးကြီးမြွေများ၊ ခြောခံ၍ ညှိုးနှိုင်ပုံ။

လူတယောက်သည်။ နွားပျောက်၍ ဟောဌ်ရှာတော့။ တွေ့နိုး တွေ့နိုး နှင့် တတောမှ-တကောသို့။ ကူးကူးလာခဲ့ရာ။ တောနက်ထဲသို့ ရောက်ရှိ

လေ၏။ ထိုလူသည်။ နွားရှာရင်းပင်။ မျက်စိမျှားပြာ၍ လာတော့သည်။ အကြောင်းကိုမသင်္ဘရသေးပေ။ ထိုနောက်၊ထိုင်းထိုင်းမှိုင်းမှိုင်း၊ထူထူထဲထဲ ကြီးဖြစ်၍နေပြန်သည်။ အကြောင်းကိုမသိရှာ။ အတော်ကြာတော့၊ ကိုယ် အသားတွေ ချွဲကြိုကြိုဖြစ်လာသည်။ မသိရှာပေ။ သွားရင်း-သွားရင်း တောထဲသာ ပြန်၍-ပြန်၍ ရောက်လာတော့သည်။ မသိရှာသေးပေ။ သစ် ပင်ကိုမှတ်ပြီးသွားနေရာ။ သစ်ပင်ကပင် မလွန်နိုင်ချေ။ သည်အခါ။မျက်စိ လဲ လယ်လားပြီဖြစ်၍။ဟိုကြည့်-ဒီကြည့်နှင့် ကြည့်မိရာ။ အနီးဌာနပါးကြီး မြွေ ညှိုးနေတာကို မြင်တော့မှ၊ ကဲ-ကဲ သေရတော့မည် မလွဲပြီဟု သန္ဌိဋ္ဌာန်ချတော့၏။စပါးကြီးမြွေသည်။ကုန်းကုန်းကြီးထွန်ကိုင်းကြီးကဲ့သို့ တအားကုန် ညှိုးလိုက်ရာ။ နွားရှာသူသည်။ မြွေ၏ အောက်သို့ရောက်ရှာ တော့၏။ မြွေသည် ညှိုးခြင်းဖြေ၍ လူကိုပတ်တော့၏။ လူက ငါ့မှာ ပဲခွပ် ပါတယ်။ သေရမဲ့အတူတူဖြင့်။ ပဲခွပ်နှင့် တအားရုတ်ပြီးမှ သေမယ်ဟု စိတ် ထဲကကြံရာ။ မြွေသည် အကြံကိုသိရှိသကဲ့သို့ အသက်မရှူ။နိုင်အောင် ညှစ်ထားတော့၏။ လူက ဘုရား-ဘုရားဟု ဂ-တပြီး မရုတ်တော့ပြီဟု စိတ်ထဲကကြံမိရာ။ မြွေသည်။ အညှစ်ကို အနည်းငယ် လျော့ပေးသဖြင့်။ အသက်ရှူ။ချောင်ချိပြန်၏။ တဖန်။ ပဲခွပ်ဖြင့် ခုတ်မည်ဟုကြံပြန်ရာ။ မြွေက ညှစ်ထားပြန်၏။ မရုတ်ခင်တော့ဘူးဟုကြံရာ။လျော့၍ပေးပြန်၏။ ဤလိုနှင့် သုံး ကြိမ်ဝေ့တော့၊ကြံစိတ်သည်ကား။ကေန္တာ၊မြွေကတော့၊လျော့ချ-တင်းချပြုတာ မဟုတ်ပေ။ စင်စစ်ကား။ငါကပြစ်မှားတဲ့အခါ တင်း၏။ မပြစ်မှားတဲ့အခါ လျော့၏။ ကဲ-ကဲ သေရမည့်အတူတူဖြင့်။ ရန်မမူတော့ပြီ။ ကုသိုလ်နှင့် အသေခံတော့မည်။ ငါတော သူ ပြစ်မှားသောအကြံကို ကြံစိမ်တာလဲ၊ ဟောဒီ ပဲခွပ်ကိုအားကိုးလို့သာ သုံးကြိမ်ကြံစိမ်တယ်။ ကြံစိတ်ကိုင်းပင် တင်းကြပ် လာတယ်။ဒီတစ်လျော့တော့။အညှစ်လျော့၍လာတယ် ခါတ်ဘုရားကို ရိုပ်ခို ပြီးဘော့။ကိုင်း-ကိုင်း။ကိုပဲခွပ်ရေ၊သွားပေတော့။ မင့်ကြောင့်သေခါနီးမှာ အကုသိုလ် ဖြစ်ရကား။ သေလဲ သေရအုံးမယ်။ အကုသိုလ်ကြောင့် ငရဲလဲကျရအုံးမယ်။ မင့်ကိုငါ အားမကိုးတော့ပြီဟု စိတ်ကြံပြီး။ပဲခွပ်ကို လွှတ်ပစ်တော့၏။ ဤသန့်ရှင်းတဲ့ ဆုံးဖြတ်ချက် အသက်ကိုစွန့်တဲ့ ကုသိုလ် ဇောကြောင့်ပင်။ စပါးကြီးမြွေဟာ၊ ရစ်ပတ်ထားကို ဖြုံးကနဲဖြေပြီး လှည့်၍မှ မကြည့်တော့ဘဲ။ တောထဲသို့ပြေးဝင်သွားတော့၏။ (တရားကို၊ မတရား မနိုင်နိုင်ပါ။) ဤ၌ စဉ်းစားရန်ကား။ စပါးကြီးမြွေမျှားဟာ။

ဝိဇ္ဇာပင်ရရှေ့သလားမသိရ။ တနှစ်ကျော်က နင်းထားတဲ့ခြေရာ။ ၆ လဲ ကျော်က နင်းထားတဲ့ခြေရာ။ တလ၊ ၂ လ အတွင်းဌ နင်းထားတဲ့ခြေရာ။ တရက် ၂ ရက် အတွင်းက နင်းထားတဲ့ခြေရာ။အချိုကား နင်းပြီး တော နယ်က လွန်သောသူ၏ ခြေရာတွေ များပြားပါလျက်။ ခြေရာတိုင်းဌ မည်သို့ ဘဲ။ တောနယ်က မလွန်သေးသော သူ၏ခြေရာကိုမှ အတတ်သိမြင်ပြီး ညှိုးနှိုင်ရာ။ ဝိဇ္ဇာဉာဏ်ပင် ရှိရှေ့သလားမသိ။ ခြေရာဌ ရုပ်မရှိပြီ။ ချုပ်ပြီ ဟုဆိုကြ၏။ ခြေရာဌ နာမ်မရှိပြီ၊ ချုပ်သွားပြီဟု ဆိုကြ၏။ ဒါပေမဲ့။ အနု သယဝါတ်ပမာ။ ကျန်ရစ်လို့ စပါးကြီးမြေက ညှိုးနှိုင်တာ။ အချိုပညာ သယ်များကား။နင်းသောသူ၏ခြေရာက မြေကိုယူပြီးတော့စိုရင်ကြသည်။ ဥပမာ။ ကြည့်ကြစမ်းပါဦး။ ဥဿုစ်သီးကို မီးဖုတ်တော့။ အပင်မှာ အသီး မှန်သမျှ သီးတိုင်း-သီးတိုင်း ကွဲအက်တော့သည်။အဲဒါ။ ဝါတ်ဆက်နေလို့ ပါ။ ဘဲ။ စပါးကြီးမြေများလည်း တနှစ်ကခြေရာ၊ ၆ လက ခြေရာ၊ ၂ လ၊ ၁ လက ခြေရာ၊ ၇ ရက်၊ ၅ ရက်ကခြေရာ။ တောနယ်က လွန်သွားပြီး သော သူတို့၏ ခြေရာဌ မည်သို့ကုန်။ တောနယ်က မလွန်သေးသောသူ၏ ခြေရာဌသာ ညှိုးကြသဖြင့်။စားရ၊မျိုရ အကျိုးရှိရလေတော့သည်။ အဲဒါကို နမူနာယူ၍ ချဲ့ထွင်ကြပါကုန်လော့။

---

## (၆၇) ငမိုးရိပ်ကို ကြိမ်ရိုက်ခေါ်။

ရန်ကုန် ဥက္ကလာပမြို့ဌ။ ဥက္ကလာပမင်းကြီးဈေးစံစဉ်။ ဘုရင့်သား မင်း နန္ဒာသည်။ တံတွင်ဘက်က ရှင်မွေလွန်းနှင့်၊ သံသဂ္ဂ၊ ဖြစ်ကြ၏။ငမိုးရိပ်၏ အကူအညီဖြင့်။ မကြာ-မကြာတွေ့ကြ၏။ တနေ့သောအခါ၊ မင်းနန္ဒာသည်။ ရှင်မွေလွန်းထံမှ အပြန်တွင်။ မိလက်တို မိကျောင်းက။ ငမိုးရိပ်အား ရန် ပြုရာ။ မင်းနန္ဒာကို ငမိုးရိပ်၏ ပါးစပ်တွင်းဌ ငုံ၍ စစ်တိုက်ပြီး။ ဟိုဘက် ကမ်းသို့ကူးရ၏။ မေ့လျော့သဖြင့်။ မအန်ထုတ်မိချေ။မေးမြန်းမှ သတိရ၍ အန်ထုတ်တော့ မင်းနန္ဒာမှာ။အသက် ဒွေ့ဒွေ့သာ ကျန်ရှိ၏။ မကြာမီ ဆုံး တော့၏။ငမိုးရိပ်လည်း ကြောက်လန့်၍။ပြေးထွက်ခဲ့ရာ။ မိုင် ၂၀၀ ကျော် ဝေးသော ရေကင်းမြို့ဌ နေလေ၏။ မဖွေ့ပွင့်နှင့် အိမ်ထောင်ကျပြီး။ သားသို့မ ၂ ယောက် ပေါက်ပွားလေသည်။ ဥက္ကလာပ မင်းလည်း သတိ ရ၍။ အမျက်ထွက်ရကား။ကြိမ်လုံးဖြင့် ရိုက်နှက်ခေါ်ရာ။ ဝေးလွန်ရာသော

ရေကင်းမှ ငမိုးရိပ်မှာ။ လူးလိမ့်လျက်ခံရပြီး။ အမြန်ပြေးလာခဲ့ရဏီ။ ဥက္ကလာပက ရိုက်ထာ။ ဟိုရေကင်းမှ ငမိုးရိပ် လူးလိမ့်ရသည်မှာ။ ဓါတ်ဆက်၍ပင် ဖြစ်ချေသည်။

## (၆၀) အရှင်မေဃိယနှင့် သရက်တော။

မြတ်စွာဘုရားသခင်သည်။ အရှင်မေဃိယ အလုပ်အကျွေးရဟန်းနှင့်။ အနုပိယနိဂုံးသို့ကြွတော်မူတော့။လမ်းခရီးအနီးဌ သရက်တောအုပ်ကို မြင်၍။စိတ်စေတနာ သဒ္ဓါတရား ပြောင်းပြီးလျှင်။ ဘုရားကို လျှောက်ထားဏီ။ အရှင်ဘုရား၊ တပည့်တော်သည်။ ဤသရက်တောဌ။ ကမ္မဋ္ဌာန်းထိုင်လို ပါသည်။ ခွင့်ပြုတော် မူပါဘုရားဟု လျှောက်ထားသည်။ ဘုရားက အကြောင်းကိုမြင်၍။ ခွင့်မပြုပေ။ ၃ ကြိမ်စေ့အောင် ခွင့်တောင်းပေဏီ။ ဘုရားက ခွင့်မပြုပေ။ အရှင်မေဃိယသည်။ စိတ်ဆိုးပြီးလျှင်။ အရှင်ဘုရား မှာတော့၊ ကိလေသာကုန်၍၊ မဂ်ဖိုလ်နိဗ္ဗာန် ရရှိနေပါပြီ။ ကပည့်တော်မှာ ကား။ ကိလေသာရှိပါသေးသည်ဟု လျှောက်ပြီး။ ဘုရားသပိတ်တော်ကို ဖြေဌခရပြီး။ သရက်တောအုပ်ဆီသို့ သွားလေတော့သည်။ ရောက်လျှင်။ ကျောက်ဖျာပေါ် ဌိတ်ထိုင်ပြီး။ ကမ္မဋ္ဌာန်းကို သုံးသတ် ဆင်ခြင်တော့သည်။ အဟန်ကြွာသော်။ကာမဝိတက်မျှားဝင်လာပြီး။ ဒိဒိကား ရှင်ဘုရင်ဖြစ်၍ တဘက် ငါးရာစိသော ဒိဗုရားတို့နှင့် ဥယျာဉ်ဌ စမ္ဗယ်ရသည်ဟု အာရုံ ဌပြု၍။ သတိကင်းစွာ ဖြစ်တော့သည်။ အရှင်မေဃိယသည်။ ဖြစ်ပုံကို သတိရပြီး။ ညြော်-မှား ၃ ကုန်လေပြီ တကား။ ဒါကိုမြင်၍။ မြတ်စွာ ဘုရားက၊ ငါ့ကို သုံးကြိမ်တိုင်အောင် တားတာပင် ဖြစ်မည်ဟု ထိတ်လန့် သံဝေဂရပြီး။ ဘုရားထံသို့ လိုက်လေတော့သည်။ ဘုရားအနီးသို့ရောက် လျှင်။ ဒီဃဒဝ၊ အဲ့ဒီကိုမြင်ကော်မူပါပေသော မြတ်စွာဘုရား။ တပည့် တော် မှားပါပြီဘုရား။ ဘုရားတားပါလျက်။ မနာယူမိလို့။ ကာမဝိတက် ထိခြင်းဖြစ်ပါသည်ဟု မှား ၃ ကိုကို ဘွင်းဘွင်းမှင့်ပြ လျှောက်ထားလေ သည်။ မြတ်စွာဘုရားက၊ ချစ်သားမေဃိယ။ သရက်တောမှာနေတော့၊ သင်ဏီစိတ်ဌ။ထင်မြင်လာရသော အာရုံဟာ၊ တခြားကမဟုတ်ပေ။ သင် သည်၊ ဤနေရာဌ၊ မင်းဘာ အကြိမ်ငါးရာဖြစ်ခဲ့ဘူးလေပြီ။ ထိုစဉ်အခါက။ ဤသရဟ်တောဌ၊ ဒိဗုရားမျှားနှင့် ဤပုံစံအတိုင်းနေခဲ့ဘူး၊ထိုင်ခဲ့ဘူးသဖြင့်။

အာရုံလာ၍ ထင်မြင်ခြင်းသာ ဖြစ်သည်။ ဤနေရာ၌ သင်နှင့်မလျှော်လို။ ငါဘုရားက တားမြစ်တာဘဲဟု ပြောပြပြီး။ တရားပြရာ။ ရဟန္တာကြီး ဖြစ်သွားရှာသည်။ အတိတ်အာရုံမျှား ခါတ်ဆက်လာနေပုံတည်း။

## (၆၉) သောမနဿီ၊ အိမ်ကျွန်မကလေးခါတ်ကူးပုံ။

သူဌေးတဦး၌၊ သောမနဿီမည်သော အိမ်ကျွန်မကလေးတဦးသည်။ အခြားကျွန်မများနှင့်အတူ။ရက်ကန်းရက်ရ၏။ထိုသောမနဿီသည်။ စိတ်နှုးညံ့လှ၏။ မျက်နှာရှင်ပြ ကြည်လင်စွာ နေထိုင်လေ့ရှိ၏။ အပြောအဆို ချိုသာလှ၏။ အရာရာတိုင်း နှုးညံ့ပြေ့ပြောင်းလှ၏။ ထိုဂုဏ်တို့ကြောင့်။ အရပ်တိုင်း ကျော်ကြားနေ၏။ သူဌေးကြီးသည်။ သူဌေးကတော်နှင့်။ သောမနဿီ၏ နှုးညံ့ပုံ၊ ချိုသာပုံ၊ ပြေ့ပြောင်းပုံတို့ကို။ ချီးမွမ်းပြောဆိုသည်တွင်။ ဒီလို ပင်ကိုသဘောထားကို သူတပါးဖျက်လို့ မရနိုင်ဟု ပြောတော့။ သူဌေးကတော်က။ ပျက်တဲ့နည်း ရှိပါသေးတယ်ဟု ခုခံပြော၏။ မရဘူး-ရတယ်နှင့် စကားဖြစ်ကြရာ။ သူဌေးကတော်က။ နံနက်ပြပမယ်။ ပျက်ထားကို မြင်ရပါစေမယ်ဟု ဂတိထားပြီး။ ညအခါ၌၊ သူဌေးနှင့် သူဌေးကတော်တို့ ၂ ဦးသားဟာ၊ သောမနဿီ၏ ရက်ကန်းစည် ထိုင်ခုံအောက်၌၊ ၂ ပေ နီးပါးခန့် တွင်းတူးပြီး၊ ရွှေငွေစိန်ကျောက်များ ဆွဲကာ မြေကိုမြင်လျှင်၊ မသိမမြင် အထင်မထူးအောင် ပြုပြင်စိမ်ကာ ထားခဲ့၏။ နံနက်၌ ကျွန်မများ ရက်ကန်း ရက်ကြစည်၊ သူဌေးနှင့် သူဌေးကတော်တို့သည်။ အစည်အတိုင်း အခန်းစည်ဖြင့် ကြည့်ရှုမေးမြန်းပြီး လာခဲ့ရာ။ သောမနဿီ၏ အခန်းသို့ရောက်၏။ သူဌေးက ချီးသော လေသံဖြင့်၊ သောမနဿီတို့ ဘာများလုပ်ကြသလဲဟု စကားစ၏။ သောမနဿီက၊ ဆတ်တောက်တောက် အသံဖြင့်။ လုပ်နေတာကို မြင်လျှက်သားနှင့်ဟု ပြော၏။ သူဌေးက၊ ဘာအဆင်လဲ ခုရက်နေတာဟု စပြန်ရာ။ သောမနဿီက၊ မျက်စိကန်း၍ နေသလားတဲ့။ သူဌေးလဲ ဆုံးသြပြီး။ ရှေးဆက်လေ၊ အဆင်မပြေလေ ဖြစ်မှာဘဲ။ ခါတ်သဘောကို ဆုံးသြပြီး။ ပြန်ခဲ့၍။ သူဌေးကတော်ရေ။သောမနဿီနှင့် ရတနာတွေဟာ ထိုင်ခုံလဲခြားတယ်။ အာကာသလဲခြားတယ်။မြေကြီးလဲခြားတယ်။သူလဲရှိမှန်းမသိဘူး။ဒီရတနာတွေကို သူလဲမပိုင်ဘူး။ အဲဒါဘောင်၊ခါတ်ကူးပြီး။ချီးတဲ့ပင်ကိုခါတ်ကို

ဟျက်ဆီး၍။ ကြမ်းတန်း ရုန့်ရင်း ပြင်းထန်၍ လာစေတယ်။ ဒီသောမနဿိ ဟာ။ဒီရတနာတွေကို။သူလဲ့ဦင်၊သိလဲ့သိ၊ရတနာနှင့် ထိ၍နေပါမှုကား။မေး မြန်းရုံနှင့် ထ၍မျှား ရိုက်ဦးမလား၊မသိရဟု အံ့ဩပြီး။ ညအချိန်၌ ထားတဲ့ ရတနာမျှားကို၊ ပြန်၍ယူသောအခါ။ သောမနဿီမှာ။ မှုလအတိုင်း ချိချို၊ သာသာ၊ ရွှင်ရွှင် ပြပြ၊ နူးနူး ညံ့ညံ့ပင် ဖြစ်ပြန်တော့၏။

## (၇၁) အရှင်မဟာကဿပကြီး၏ ကိုရင်ငယ်တပါး။

အရှင်မဟာ ကဿပမထေရ်ကြီး၌။ ကိုရင်ငယ်တပါးရှိ၏။ ၎င်းသည် အခြားနေရာ၌ကား။ ဝတ္ထုရားကြေးပြန်လှု၏။ ဆိုဆုံးမလွယ်ကူလှ၏။ မာန မရှိဖြစ်၏။ အခါတပါး၌။ ဆရာတပည့် ခရီးသွားကြရာဝယ်။ တခုသော အင်းရင်သို့ရောက်၍။ မြေကိုနင်းမိကတဲ့က။ ဆရာသည်၊ တပည့်ကို မနှိုင် တော့ခြေ။ တောင်ပြော-မြောက်လုပ်၊အရှေ့ပြော-အနောက်လုပ် ဟူသကဲ့ သို့။ အရွဲ့တိုက် သဘောဖြစ်နေရကား။ အရှင်မဟာကဿပသည်။ ပြော ဆိုမရသဖြင့်။ သွားခဲ့ရ၏။ ထိုနေရာ ထိုမြေကလွန်လျှင်။ ရှေးမှုအတိုင်း။ အလွန်ကောင်းပြန်၏။ ထိုအကြောင်းကို ဘုရားသခင်အား လျှောက်ရာ။ ဘုရားသခင်က၊ချစ်သားကဿပ၊ယခုသင်တို့ ဆရာတပည့် ၂ဦး ကောင်း ဟလဲ့၊ မကောင်းတလဲ့၊ မြေအတွက်ဖြစ်ထသလို၊ ရှေးကလဲ သင်တို့ ဆရာ ဟာတည့် ၂ ဦးဟာ။ မြေအတွက်၊ နှယ်အတွက် ယခုကဲ့သို့ပင် ဖြစ်ခဲ့ဘူး လေပြီ။ ဤနေရာကား။ သူ၏ မကောင်းမှုပြုရာ လေ့လာရာ မြေဟည်း။ ဤမြေ၌မှုကား၊ ကောင်းမှုလေ့လာရာ မြေတည်း။အဲဒါ ဥပမာဘဲ။ လောက မှာလဲ၊ ဒီအာရုံဟာ၊ သူ၏ ကိလေသာ ကျက်စားရာ ဖြစ်ခဲ့ဘူးသော်၊ ဒီအာရုံမျိုးနှင့် တွေ့ရက၊ ကိလေသာပင် ဖြစ်ပေါ်တော့၏။ ဟိုအာရုံနှင့် ကုသလကမ္မပထ ပြုခဲ့ဘူးသော်။ ဟိုအာရုံမျိုးနှင့်တွေ့ရက၊ ကုသိုလ်ဇော ပင်ဖြစ်တတ်၏။ သပ္ပါယ အာရုံ၊ အသပ္ပါယ အာရုံခွဲ၍မှီရာ၏။

## (၇၂) စစ်ကိုင်းပြည်တည်၊ မြေကြီးမှီ။

အသခ်ိယာစောယွန်း။မင်းသားသည်ခမည်းတော်ကံတော်ကုန်တော့။ နောင်တော် ဘုရားက၊ ဇရာဝတီမြစ်၏အနောက်ဘက်၌ပြည်တည်နန်းစိုက် ၍ ဘုရင်လုပ်လေ။ဂါမှုကား။ဇရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌။ အင်းဝ

မြို့ထိုးနန်းခွ ဘုရင်လုပ်၍စံမြန်းအံ့ဟု အမွေပေးသဖြင့်၊အမွေရ၍ စစ်ကိုင်းဘက်သို့ကူးခဲ့ပြီး။ ပြည်ဘည်လေသည်။ အလယ်ဗဟိုရှိ၍။ ခေတ္တ ဝါးနန်းတော်ပြု၍နေသည်။ အနှီ၊ အနောက်၊ တောင်၊ မြောက်၊ လေးဘက်၌။ လူစုလူရုံးနှင့် တောခိုင်းပြီး။ နေရာပြုကြသည်။ ဘုရင်လဲ စံနန်းတော်ပေါ်ကကြည့်၍နေသည်။ ထိုအခိုက်၌။ စံနန်းတော် တခုသဲသာလျှင်။ ပြင်းထန်စွာလှုပ်ရှားလေသည်။ အရှေ့ဘက်၌ တောခိုင်း၍နေသူများ အနောက်ဘက်က၊ တောင်ဘက်က၊ မြောက်ဘက်က တောခိုင်း၍ နေသူများမှာ။ ဘာမှမသိရ။ အလုပ်လဲမပျက်ကြဲဖြစ်၏။ ဘုရင်က စဉ်းစားတယ်။ ငါ၏နန်းတော် တခုသာလျှင် ပြင်းထန်စွာ လှုပ်တယ်။ လေးဘက်၌ မြေမလှုပ်ဘူး။ အကြောင်းတော့ ပြ၍နေပြီ။ အကျိုးကိုသိရအောင်။ ပုဏ္ဏားပ္ပါ ပုဏ္ဏားညီများ ခေါ်၍မေးဦးမှဘဲဟု ကြံပြီး။ ခေါ်၍မေးတော့။ ရင်းတို့က စံနန်းတော်အောက်မှာ။ မြွေနဂါးရှိ၍နေပါတယ်။ဘုန်းကံသမ္ဘာ ပါဝါကြီးသူများ အပေါ်ကရောက်ရှိနေလို့။ မနေနိုင် အခုံးပေးပြီး။ တနယ်သို့ပြေးပါတော့မည်ဟု သံတော်ဦး တင်ကြောင်းပါဘုရားဟု လျှောက်ကြ၏။ ဘုရင်က။ မဟုတ်ဘဲ၊ အဟုတ်လုပ်၍ချီးမြှောက်ပြီး လျှောက်ကြားသံတော်ဦးတင်ကြတာလားဟုမေးတော့။ မလိန်ဝံ့ပါ၊ မညာဝံ့ပါ၊ အမှန်ကိုသာ သံတော်ဦး တင်ဝံ့ပါကြောင်းဖြင့်။ ပြောတော့။ ကဲ-ကဲ အာဘျယ်ချုပ်နှင့် ပုဏ္ဏားများထားစေ။ မှန်ခဲ့သော်၊ များစွာဆုတော် လာတ်တော်ချမည်။ မမှန်သော်၊ အပြစ်ပေးမည်ဟု ဆိုကာ။ စံနန်းတော်ကို ဖျောပြီး။ ထိုနေရာ၌ တူးကြသောအခါ။ (၁၅) တောင်အလွန်၌။ မြွေနဂါးကြီးကို တွေ့ရှိတော့သည်။ မြွေနဂါးသည်။လုံးပတ်အားဖြင့်။ လဲ့ဘီးခန့်ရှိ၏။ အလျားအားဖြင့် (၁၉) တောင်သာသာရှိ၏။ သူသည်၊ အဝေးဖြင့် မှုတ်ခြင်းလဲမပြု၊ လူးလွန့်ခြင်းလဲမပြု၊ ရုန်သတ္တဝါ လုံးဝမပြုဘဲ။ တူးသမျှကို သည်းခံလျက်သာနေတော့၏။ဘုရင်ကလဲ အမိန့်တော်ပြန်ထား၏။သင့်ကိုငါတို့က ရန်မပြုပါ။ ပဲဇာရွှေလီဟောသို့ပို့ပါမည်။ ဥဃကျောင်းခွ ရွှေချပြီး အစာ၀အောင်ကျေးမွေးပါမည်ဟု အမိန့်ပြန်ထားလေသည်။

မြွေ၏ ၂ ဆ မြောင်းကြီးတူးပြီးလျှင်။ လဲ့ဘီး ၇စ်ခုဘတ်သော မြွေထဲ့စရာ စားကျင်းကြီးထွင်း၍၊(သစ်ခေါင်းကြီး ထွင်း၍ဟူ၏)မြွေ၏ အရှေ့၌ထား၏။ မြွေသည်၊ ဖြေးဖြေး ရွေ့ရားကာ သစ်ဖြင့် ထွင်းထားသော

စားကျင်းထဲသို့ဝင်၍ ရေနှင့်နေလေ၏။ အမျိုးမျိုးဖြင့်၊ မြွေနဂါးကိုပူဇော်ပြီး။ ဥကွာင်းခွ ရွေချ၍ သစ်ဘောင်ခွ တင်ပြီး။ လှေမျှားစွာဖြင့်ဆွဲကာ။ ဆန်တက်ပြီးလျှင်။ ဓမ္မာရွှေလီဟောခွ လွှတ်ကြသည်။ မြွေနဂါးကြီးကို အောင်နိုင်ပြီးပြည်တည်သောကြောင့်၊ (ဓမ္မာယျာပူရတိုင်း၊ပြည်စစ်ကိုင်း) ဟု သမုတ်သည်။အဲဒါ ဥပမာဘဲ။စစ်ကိုင်းနယ်ကား။ ခန္ဓာကိုယ်နှင့်တူ၏။ မြွေနဂါးကား။ သက္ကာယဒိဋ္ဌိနှင့်တူ၏။ ဘုရင်ကား။ ပါရမီနှင့်တူ၏။ ပါရမီရောက်လာတော့။ ဒိဋ္ဌမြွေ လူးလွန့်ပြီး ထွက်ထာနှင့်တူ၏။ (ဓါတ်ပေါ်ဟာဘဲ။)ဆက်၍တူးခြင်းသည်ကား။ဝိပဿနာပွါးတာနှင့်တူ၏။မြွေကို ဓမ္မာရွှေလီတောသို့ ပို့သည်ကား။ ဒိဋ္ဌကို ကိုယ်မှထုတ်ပြီး ခွါပစ်ထာနှင့်တူ၏။ ဓမ္မယျာပူရတိုင်းတည်ခြင်းကား။ အရိယာပြည်တည်တာနှင့်ဘူ၏။ ဘေးမရှိဘဲ စိုးစံရခြင်းကား။ အပါယ်မကျတော့ဘဲ။ ဆင်းရဲသံသရာပြတ်စဲ၍ ဘုံစည်စံရတာနှင့်တူ၏။ ဇေ ချမ်းချမ်း ရှင်ပြသော ပြည်သူတွေကား။ ယောဂီ၏ စိတ်တွေနှင့်တူ၏။ အဲဒါ စစ်ကိုင်းပြည် တည်စက၊ နိဗ္ဗိတ်ပြ အောင်မြင်ခဲ့သော ထုံးဟောင်းနှင့် ယောဂိတို့အလုပ်တူပုံကို ပြပါသည်။

## (၇၂) ယိုးဒယားတလားအိမ်။

ကောဇာသက္ကရဇ်၊ (၁၁၁၁) လောက်က၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည်။ မုဆိုးဘိုရွာမှ၊ ဘုရင်ဖြစ်ပြီး။ တစ-တစ သိမ်းပိုက်လာခဲ့ရာ။ ဗမာပြည်အားလုံးကုန်၍၊ ယိုးဒယားပြည်ကိုပါ သိမ်းနိုင်လေ၏။ ကမ္ဘောဒီးယား၊ လာဝို(စ်)၊ ဇင်းမယ်၊ လင်းဇင်း နယ်တို့ကိုပါ သိမ်းပိုက်၏။ ယိုးဒယားပြည်ကို သိမ်းစဉ်က။ အခက်အခဲနှင့် မျှားစွာကြုံရကား။ ဗိုင်နိုင်သော အခါဝယ်။ နောင်သိမ်းပိုက် ထိန်းသိမ်းဘို့လွယ်ကူစေရန်ဟုသဘောတော်ထားပြီးလျှင်။ ယိုးဒယားလူမျိုးတို့ဟာ မြန်မာနှင့် ခွဲခြားပြီးသိရအောင်။ အိမ်ဆောက်သောအခါ။ တလားနှင့်တူသော အိမ်မျိုးသာ ဆောက်၍ နေထိုင်ရမည်။ မြန်မာတို့ကား။ မြန်မာတို့ အိမ်မျိုးနှင့် နေထိုင်ရမည်ဟု ဓါတ်ပါသောအမိန့်တော် ထုတ်ပြန်ထားရာ။ အမိန့်ပေးသူ မရှိသော်လဲ။ ယခုအထိ။ (၁၃၁၈) ခုနှစ်ဆုံးထိပင်။ ယိုဒယားပြည်က အိမ်မျှားဟာ။ တလားအိမ်ပင် ဖြစ်ရတော့သည်။ ကြားရဘူးသည်ကား။ တလားအိမ်မပြုဘဲ နေထိုင်လျှင်။ ရောဂါတခုခု ရမြဲတည်းတဲ့။

## (၇၃) ယိုးဒယား ခါးတောင်းကြိုက်။

ဟောဇာသက္ကရဇ် (၁၁၁၀) လောက်က။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည်။ ယိုးဒယားပြည်ကို ဝင်ရောက်တိုက်သောအခါ။ ယောက်ျား ယိုးဒယားများသာမကဘဲ။ ယိုးဒယား မိန်းမများကပင် ချုံ့တိုက်ခိုက်ကြ၏။နောင်အခါ။ယိုးဒယားပြည်ကို အလောင်းမင်းတရားကြီး ရှိသောအခါဝယ်။ အမိန့်ထုတ်သည်ကား။ ယိုးဒယား မိန်းမများလည်း ယောက်ျားများကဲ့သို့၊ ရဲရဲ-ရင့်ရင့် ဝင့်ဝင့်-စားစားတိုက်ခိုက်နိုင်ရကား။ ယခုနေ့မှစ၍ ခါးတောင်းကြိုက်လျက်နေရမည်။ ၎င်းအမိန့်အတိုင်းပင် ယခုအထိ ယိုးဒယားမများ ခါးတောင်းကြိုက်နှင့် ရှိသေး၏။ ခါတ်ကား ပြင်းထန်လှ၏။ အမိန့်ပေးသူ ချုပ်ပေမဲ့။ အမိန့်တော် အာဏာခါတ်ကား မချုပ်ဆုံး၊ မကွယ်သေးပေ။ အုံ့ဩြဘွယ်တည်း။

---

## (၇၄) လက္ခဏာ၏ စည်းဝိုင်း ဘီလူးမဝင်နိုင်။

တနေ့သောအခါ ပြည်တွင်း ကိစ္စကြောင့်။ ဘုရင်မင်းမြတ်သည်။ သားတော် သို့မဟုတ်တို့အား တောသို့လွှတ်လိုက်၏။ ရာမမင်းသား။ လက္ခဏာမင်းသား၊ သိတာမင်းသို့တို့ တောခိုနေကြရ၏။ ဒသဂရိ ဘီလူးသည် မယ်သီတာကို လွန်စွာနှစ်သက်ရုံမက်လှသဖြင့် နှမတော်ဂန္ဓိအား အကူအညီတောင်းရာ။ ဘီလူးမဂန္ဓိသည် ရွှေသမင်ယောင် ဖန်ဆင်း၍ သီတာအားပြ၏။ သီတာမင်းသို့က အတင်းပူဆာ တောင်းတသဖြင့် ရာမမင်း သမင် ဆီသို့လိုက်ရ၏။ တဖန် ဂန္ဓိက လိမ်လည်ပြီး။ ညီတော် ဂျိုကိုကယ်ပါ။ သမင်ခတ်လို့ အရှုပ်တပါပြီဟု မနေမနား အော်ပြန်၏။ သီတာမင်းသို့ ကြားပြန်သော် ကူညီပေးရန် လက္ခဏာအား ပူဆာပြန်သဖြင့်။ မနေနိုင်ရကား။ သီတာကို စည်းပြင်သို့ မထွက်ရန် အတန်တန်မှာကြားပြီး စည်းတား၍ ထားခဲ့၏။ ညီကော် နောင်တော် ၂ ဦး တောထဲသို့ ဘယောက်စိ ကဲ့ကွဲပြားပြား ရောက်၍သွားလျှင်။ ဒသဂရိ ဘီလူးသည် ရသေ့ရောင်ဆောင်၍ သီတာထံ လာပြီး ဆွမ်းရပ်၏။ ဘီလူးစည်းတွင်းသို့ မဝင်နိုင်ပါ အပြင်ကသာ ရပ်နေရ၏။ သီတာက။ အရှင်ရသေ့ကြီး စည်းဝိုင်းအတွင်းသို့ ကြွလာခဲ့ပါ။ သစ်သီးလှူပါမည်ဟု လျှောက်ထား၏။ ဒသဂရိ ဘီလူးက၊ ငါတို့ရသေ့ သူတော်ကောင်းဆိုတာ။ သူ

တပါး ဝိုင်ဆိုင်သော စည်းဘွင်းသို့ ဝင်မြဲမဟုတ်ပါ။ လူ့လိုလျှင် စည်းဝိုင်း အပြင်သို့ ထွက်ပြီး လူ့ပါလောဟု ပြောပြ၏။ သိဘာမင်းသို့သည်။ လိန်ညာတာကို မသိရကား စည်းပြင် ထွက်တာနှင့် တပြိုင်နက် ဒသဂိရိ ဘိလူးနောက်သို့ ပါသွားလေသည်။စည်းဝိုင်း ရုပ်နာမ်ခါတ်ကား တန်ခိုး ကြီးလှ၏။ ဘိလူးတောင် မဝင်နိုင်ပါ။ အဲဒါ ဥပမာတည်း။ စည်းဝိုင်း ကား ပရမတ္ထရုပ်ခါတ်နာမ်နှင့်တူ၏။ ၎င်းအတွင်းသို့ အကုသိုလ် ကိလေ သာ အပါယ်တို့ မဝင်နိုင်ပါ။ ဂန္ဓိဘိလူးမကား ပညတ်သက္ကာယဒိဋ္ဌိနှင့် တူ၏။ လှည့်စားမှုထုတ်ဆောင်တတ်၏။သိဘာကား၊ယောဂီများနှင့်တူ၏။ ဒသဂိရိဘိလူးကား အကုသိုလ်ကံနှင့်တူ၏။ စည်းပြင်သို့ရောက်လျှင် ဆွဲ ဆောင်၍အပါယ်သို့ချတတ်၏။ရာမကားဘုရားနှင့်တူ၏။ လက္ခဏာကား သံဃာနှင့်တူ၏။ သိတာမှာ။ ဂန္ဓိဘိလူးမကလွှဲစားပြီး မှားအောင်ပြုလို့။ ရာမ၊ လက္ခဏာနှင့်ကွဲရတာလို။ ယောဂီးတွေမှာ။ ပညတ်နှင့်ဒိဋ္ဌိကလွှဲစား သဖြင့် ဘုရားနှင့်သံဃာနှင့်ကွဲလွဲပြီး ကိုးလေသာထဲ၌နေရ၏။ ခါတ်စည်း ဝိုင်းမှ ပညတ် စည်းပြင်သို့ ထွက်မိသဖြင့်။ အကုသိုလ် ဒသဂိရိဘိလူး ဆောင်၍ အပါယ်ထောင်ဌာကျကြရကုန်တော့၏။

---

## (၇၅) ရာမမင်းနှင့်ခုံဘိနတ်ခါတ်ဝင်ပုံ။

ခမည်းတော်ဒသတရမင်းသည် ပုဏ္ဏားတော်များအားခေါ်၍။ ငါ၏ အသက်ဘယ်မျှလောက် ရှည်ကြာမည်နည်းဟု မေးမြန်းတော့။ (တဆဲ့ နှစ်နှစ်) ရှည်ပါအုံ့ဟုလျှောက်ကြသဖြင့်။ သားဟော် ရာမ၊လက္ခဏာ၊ သို့မ်ား တော် သိတာတို့ကို တောသို့သွား၍နေစေ၏။ (၁၂)နှစ်စေ့လျှင် ထီးနန်း သိမ်းလွှဲကြဟုမှာလိုက်၏။ ခမည်းတော်မှာ သားတော် သို့မ်းတော်များ အတွက်။ သနားလှပြီးစိတ်ဆင်းရဲစွာနေရသဖြင့်။ (၉)နှစ်နှင့်ကံတော်ကုန် လေသည်။ မှူးမတ်များသည် အလောင်းကို ဘုတ်ကြည်းသင်္ဂြိုဟ်ပြီးတော့ သားတော်သို့မ်းတော်များနေထိုင်ရာကို စုံစမ်းရာ မုဆိုးထံ၌ သိရသဖြင့် တပ်တောင်တာဗိုလ်ထုနှင့် လူစုပြီးအပင့်အခေါ်၊ သွားကြကုန်၏။ ရောက် လျှင် အလျှောပသလျှောပ စကားများပြောကြားပြီး ခမည်းတော်၏ကိုးနန်း အမွေကို သိမ်းပိုက်ပါရန် ပင့်ခေါ်ကြတော့သည်။ ယာမ မင်းသားက ငါတို့ကိုခမည်းတော်သည်။ (၁၂)နှစ်စေ့မြောက်မှ လာရောက်ပြီး ထီး

နန်းသိမ်းရမည်ဟု မှာထားပါသည်။ ထီးနန်းအတွက်နှင့် ခမည်းတော်၏ စကားကို အပျက်မခံနိုင်ပါဟု ပြော၏။ မှားမတ်တို့က (၁၂)နှစ်ရှည်မယ် ထင်လှိမ်ဖန်တာပါ။ စကားမပျက်စီးနိုင်ပါဘူးတဲ့။ ရာမမင်းက။ (ဘုရင့် စကား၊ ရိုးသားကြိုးသွားပါ)။ ခမည်းတော် စကားဖျက်တဲ့ သားသျှီးဟာ ကောင်းကျိုးမပေးနိုင်ပါ။ ဂုဏ်လဲမရှိတော့ပါ။ ထီးနန်းမရချင်နေပါစေ တော့။ သားလေ-သားနှမ်းတော့ အဖြစ်မခံပါ ရစေနှင့်ဟု ပြော၏။မှားမတ် များက (၃)နှစ်အတွင်း မင်းမဲ့တိုင်းပြည်ဖြစ်၍ သူတပါးတို့လာရောက် စိုးစံသော် ထီးနန်းလွတ်တော့အုံ့ဟုလျှောက်၏။ ထီးနန်းလွတ်ထာက ရှက်ဖွယ်မရှိပါ။ ဘခင်စကားကိုနားမထောင်တဲ့သားသျှီးဘဲဟု ကဲ့ရဲ့ခံရ မှာသာ ရှက်လှပါသည်။

မှားမတ်များက ရှိပါစေတော့။ (၃) နှစ်အတွင်းကိုယ်စားလှယ်ဖြင့် မင်းပြုပါစေတော့ဟုလျှောက်ထားရာ။ လက္ခဏာကလဲမပြန်ချင်၊ သီတာက လဲမပြန်ချင်သဖြင့် စီးနေကြသမန်းမျက်သဲကြိုးတတ်ထားသောသစ်သား ခုံဘိနပ်ကို ကိုယ်စားလှယ် ခန့်၍လွှတ်လိုက်လေ၏။ တိုင်းပြည်သို့ရောက် လျှင် ခုံဘိနပ်ကိုမင်းပြုပြီးစေ၍ ပလ္လင်၌တင်ထားပြီး ဝေရားစီရင်ကြ၏။ ဝေရားစီရင်ချက်မှားသော် ခုံဘိနပ်သည်။ ကောင်းကင်၌ ပျံဝဲ၍ ၂ ခု ခပ်ကဝ (ခတတ်-ခတတ်)ဖြင့် သတိပေးလေသည်။ ပြည်သူပြည် သားတို့ကား ခုံဘိနပ်၏အုံ့ဩဘွယ်ကို မြင်ရ၍။ (ဗိဘစကားနားထောင် လျှင် ဗိန္ဓသမ္ဘအာဏာစက်ကည်ပေစွတကား)ဟု ယုံကြည်လေးစားကြ ကုန်၏။ (၁၂)နှစ်စေ့လျှင် မှားတော်မတ်တော်များက စစ်အင်္ဂါ ၎ပါးဆင် ပြီး ကြီးကျယ်ခမ်းနားလှသောအစီအစဉ်ဖြင့် ပင့်ခေါ်ပြီး ထီးနန်းအပ်၍ သီတာကို ဗိဓရားကြီးအရာထားလျက် စံစားမင်းပြုတော်မူလေသတည်း။ ဘုရင့်စကားတောင်မှ ဤမျှတန်ခိုးရှိပေသေးရာ ယခုမှာ မြတ်စွာဘုရား ၏ စကားတော်မှီ အနန္တဟု ယုံကြည်ကြရာ၏။

---

## (၇၆) ဘုရင်ကျွန်၊သူဌေးအိမ်သွား။

ကျွန်တဦးသည် မူလ၌ သူဌေးအိမ်၌ အစေခံဖြစ်၏။ အနှစ်ကြာသော်။ ဘုရင်ထံ၌ ကျွန်တော်ခံရ၏။ တနေ့သ၌ ဘုရင်သည် ကျွန်ကို ဗိဓိကိုယ် စားအဖြစ်ဖြင့် သူဌေးအိမ်သို့လွှတ်၏။ သူဌေးလည်း ဘုရင့်ကိုယ်တိုင်ပင်

ဖြစ်စေ။ ကိုယ်စားလှယ်ပင်ဖြစ်စေ လာရောက်လတ္တံ့ဟု ကြိုးစွာပြုပြင်ချယ်လှယ်၍ထားဏီ။ အချိန်ကျသော် ရောက်ရှိလာသောဘုရင့်ကိုယ်စားလှယ်အား ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်း ကျေးမွေးခြင်း၊ ပူဇော်ခြင်း၊ ပသခြင်းဖြင့် မြင့်ရာ၌ထားခဲ့၍ အရာရာပြု၏။ကိစ္စပြီး၍ ပြန်သော်။ လာနည်းအတူပင်၊ ရိုသေစွာလိုက်၍ပို့၏။ (ကျွန်၌ဘုရင့်အာဏာခါတ်ပါ၏လို ပြုစုတာပင်ဖြစ်၏။) ကျွန်ကားအထင်ကြီးတော့သည်။ အခါတပါး၌ ထိုကျွန်သည် ဘုရင့်အာဏာမပါရှိဘဲ မိမိ၏ကိစ္စတချနှင့်သူ့ဌေးအိမ်သို့ဝင်သော အခါ၌မူကား။ အရင်လိုမဟုတ်တော့ပေ။ ကြိုသူမရှိ၊ ဆိုသူမရှိ၊ ရိုသေသူမရှိ၊ ခယသူမရှိဘဲ နေရာပေးသူမရှိဘဲ ကျွန်နေရာ၌ ထိုင်ရှာတော့သည်။ ထိုအခါကျခါမှ၊ ပြော-အရင်က ခံစားခဲ့ရသောပါဝါ ဘုန်းသမ္ဘာကား ငါ့ကိုယ်ပိုင်မဟုတ်ပါ!တကား။ ဘုရင့်ထံမှခေတ္တ ရရှိထားသော ပါဝါဘုန်းကံပါတာကားဟု သတိရရှိလေသည်။ ယခုကာလ၌ ပေါမျှားကြွယ်ဝ၍နေတာ ငါ့ပါဝါမဟုတ်ပါ။ ဒါနဏ်ပါဝါပါတာကား။ ယခုဘဝ လှပချောမောနေတာ ငါ့ဥစ္စာမဟုတ်။ သီလ၏ပါဝါပါတာကား။ ယခုငါ့ဖြေမြေဘေးမခဘဲ ရှင်ရှင်ပြပြနေရတာဟာ ငါ၏ဥစ္စာကားမဟုတ်ပါ။သမထ၏ဥစ္စာသာတည်း။ အပါယ်တံခါးပိတ်ရခြင်း ဆင်းရဲသံသရာ ပြတ်ရခြင်း။ ဘုံစည်စံရခြင်း။သိန္ဓိကြီးကိုးတန်ရရှိခြင်း(၄၇)ဆင့်ဖြင့်မြင့်မြင့်တိုးတက်၍ သွားရတာဟာလဲ ငါ့ဥစ္စာမဟုတ်ပါ။ဝိပဿနာ ပရမတ္ထတရား၏ ပါဝါပါတကားဟု သိပြီး။(ဒါ။သီ။ထ။ဝိ)ကို၊ အရှာကြရာ၏။

---

## (၇၇) စက္ကူနှင့် ဘုရားစာ။

ညစ်ညစ် နွမ်းနွမ်း သေးငယ်သော ရိုးဆွေးသောစက္ကူ။ကိုရောင်းလျှင်။ ၁၀၊ ၈၂၊ ၃၂၊ ၅၂၊ မပေးနိုင်။ ၈၊ ၉၊ ၁၀၊ ၄ ပြားမပေးကြ။ ၁ ပြား၊ တရွေးနဲ့လဲ ဝယ်မည်မဟုတ်။ အလကားပေးလဲယူမည်မဟုတ်ပါ။ ဒါပေမဲ့။ ကို၊ ကိ၊ ပိ၊ သော၊ ဘ၊ ဂ၊ ဝါ၊ ဆိုတဲ့ ဘုရားစာ။ ဘုရားအကျွေရာ (၇) လုံးနှင့် ရေးသဖြင့်။ ပေါင်းသင်းရတော့။ (ဖွေပင်မှာနှား၊ ဖွေကျွေး) ကဲ့သို့ဖြစ်ခဲ့ပြီးလျှင်။ ဘုန်းတော်ကြီးများ၊ ဆရာတော်ကြီးများ၊ အရိယာကြီးများ ကပင် ထိုစက္ကူ။ကို ဂါရဝ၊ နိဝါတ ပြုကြပါသည်။ စစ်ဆေးကြည့်တော့။ ပညတ်နယ်က။ (ကုတိပိသောဘဂဝါ) ဂုဏ်တော်များတောင်မှ ဤမ

လောက် တန်ခိုးတေဇော် အာနုဘော် ကြီးမားသေးပေ၏။ ပရိမတ်ဖြစ်သော ခါတ်တရား၊ ကလာပ်တရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားတွေနှင့် လူစိတ်နှင့်ပေါင်းသင်းခဲ့ပါသော်။ အနန္တမျှမက၊ အပရိမာဏမျှမကတော့ပါ။ စာနှင့်စကြ္ကဝဠာပေါင်းသင်းတာသက်။ အနန္တမက၊ လွတ်မြောက်မှာ အမှန်ပါဘဲ။

## (၇၈) ဘုရားထဲ.တဲ. ထင်းရူးသေတ္တာ။

သူငယ်ချင်း ၂ ဦး အလုပ်-လုပ်ရန် ရန်ကုန်မှ မန္တလေးသို့သွားကြ၏။ တနှစ်ခွဲစေ့တော့။ ငွေများအတော်အတန်ရ၍၊ တဦးက ပြန်ရန်ပြော၏။ အလုပ်ကကောင်းမွန်နေသဖြင့် တဦးက မပြန်ချင်သေးပေ။ ပြန်ချင်သူကို မပြန်ချင်သေးတဲ့လူက။ ပြန်ချင်ရင် ပြန်ပါ။ ပြန်သောအခါ ကျွန်ုပ်ဘိမ်မှာ ကိုးကွယ်ထားဘို့ ဘုရားကလေးတဆူ သယူပါယ်လွန်းလို့ ပင့်ဆောင်သွားပါ။ ထင်းရူးသေတ္တာနဲ့ထဲ့၍ ပင့်သွားစေ၏။ သူငယ်ချင်းမှာ ထင်းရူးသေတ္တာကို မရိုသေချင်ပေမဲ့။ အထဲကဘုရားပါရှိတာမို့ ထင်းရူးသေတ္တာကို ထမ်းကာ ရွက်ကာ ချပြန်တော့လဲ ခေါင်းရင်.က ဘုရားစင်ပေါ်မှာ သာထားရ၏။ ရိုးသရ၏။ ထင်းရူးသေတ္တာချည်းဆိုလျှင် မိပြီးထိုင်မှာဘဲ။ အဲဒါထင်းရူးသေတ္တာ၏ပါဝါမဟုတ်ချေ။အထဲကဘုရား၏ပါဝါပါဘဲ။ယခုလဲ ခန္ဓာမှာ ခါတ်ဘုရား၊ ကလာပ်ဘုရား ရောက်၍နေတော့။ အမြင့်ဆုံး အမြတ်ဆုံး ထိပ်ဆုံးအရပ်မှာ တရားက ထားတော့မည်။ ပါဝါကြီးရတော့မည်။ လွတ်မြောက်ရတော့မည်။

## (၇၉) ဦးပေါ်ဦးနှင့် ဝလာဟကမြင်း အမှန်သိရပုံ။

တရုပ်ပြည်ကြီးက တရုပ်ဦးတည့်ဘွား မင်းသည်။ ဗမာပြည်နေထွက် ဘုရင့်ထံမှာ ပညာရှိ ပေါလှသည်ဟု ကျော်ကြားသဖြင့်။ စုံစမ်းရန် သံတမန်လွှတ်၍ မြင်းကို ဆက်သ၏။ ဝလာဟကမြင်းပါ။ ဝလာဟကမြင်းမဟုတ်ဘူးဟု အတတ်ပြောနိုင်ပါလျှင်။ မြင်းရော လက်ဆောင်ရော သိမ်းဆည်းတော်မူပါဟု ပညာစမ်းလာ၏။ဆရာတော်သမားတော်ဆိုသူ မျှား ဘယ်သူမှ မဖေါ်နိုင်ချေ။ဘုရင်ဘိုးတော်ဦးဝိုင်းသည်လည်း။အရှက်တော်ရမှာမို့။ မျှားစွာ ငြိုးတွားကာ နေတော့၏။ ဦးပေါ်ဦးကို ခေါ်၍

တိုင်ပင်ရာ။ ဦးပေါ် ဦးက။ ဒီမြင်းကို ၇ ရက်မျှ အပ်ထားပါ။ စုံစမ်းပါ မည်ဟု ဆိုသဖြင့် အပ်ထားလေသည်။ ဦးပေါ် ဦးသည် မြင်းစီးသူကို ခေါ်၍ နေပူကြဲကြဲ၌ ကျုံးထိပ် လမ်းမတွင် ဒုံးဖိုင်း ပြေးလွှားစေ၏။ တလား ၂ လားမျှ ရလျှင် မြင်းသည် သူ၏ဇာတိအတိုင်း ကျုံးထဲသို့ ဆင်း၍ အမောဖြေလေ၏။ အပြေးခိုင်းလဲမရတော့ချေ။ ဆဲဒီတော့မှ ဝလာဟက မြင်းဆိုတာ မဟုတ်ဘူးဟုသိ၍ ၇ ရက်စေ့သောအခါ၌ တရုပ်သံအမတ်နှင့် ဘုရင့်ရှေ့တော်တွင် ဖေါ်ပြောလေ၏။ တရုပ်သံအမတ်ကြီးများတို့၊ မြင်းတို့၏ မူလ ဇာတိ သဘောကား မည်မျှပင် မောပန်းစေကာမူ အသေသာခံသည့် ရေသို့ဆင်းစိပ်ရိုး မရှိကြပါ။ ယခု ဝလာဟကမြင်းမှာကား တလား ၂ လားမျှစီးမိလျှင်။ မောပန်းလှရကား ကျုံးထဲသို့ဆင်းပြီး ရေစိမ်ပါကယ်။ ဆဲဒါကိုထောက်၍ ကျွန်နှင့်မြင်းမှ ပေါက်ပွါး၍လာသောသတ္တဝါသာဖြစ်ပါသည်။ကျွဲသည် ရေကဲကြိုက်၏။ မြင်းသည် ရေကိုမကြိုက်ပါ။ ထို့ကြောင့် ဝလာဟကမြင်းကား မဟုတ်ပါ။ ကျွဲ၏သားပင်တည်းဟု ဖေါ်ပြတော့။ တရုပ်သံအမတ် များသည် ဦးပေါ် ဦးအား ဦးချရှိသေပြုပြီး ဗမာပြည်ကား နေထွက်ဘုရင်၏ ပြည် ဆိုတာမှန်ပါသည်။ ပညာရှိ ပေါတယ်ဆိုတာသည်း အမှန်ပင်ဖြစ်ပါ သည်ဟု လက်ဆောင် ပဏ္ဏာများကိုဆက်သ သဖြင့် ဦးပေါ် ဦးပင်ရှိ လေသည်။ အမြင်နှင့် မှားနေပေမဲ့ ခါတ်သဘောနှင့်ကား အမှန်ကို သိရပါသည်။

---

## (၈၀) ဖွတ်ရုပ် မီးမှုတ်ရေးဆွဲထားရန်ဖြစ်ကြ၏။

ဘုရားလက်ထက်တော်က ကျောင်းတခုမှာ။ ရဟန်းတော်များသည် မကြာ-မကြာရန်ဖြစ်ကြကုန်၏။ အကြောင်းကိုမဖေါ်နိုင်။ တနေ့ဘေး နေမိတ္တက သိပ္ပ တတ်ထားသော ရဟန်းတော်တပါး ရောက်လာပြီး ဤကျောင်းကား ခိုက်ရန်ကိုဖြစ်စေတတ်၏။တခြားရောက်ဘော့လဲ တဲ့ကြ၏။ အကြောင်းရှိရမည်ဟု စုံစမ်းရှာဖွေကြသည်လတ်သော်။အရုပ်ကားတွေ ရေးထားရာတွင် တကား၌ဖွတ်က မီးမှုတ် နေဟန် ဆေးရေး ကားကို မြင်မှ ရန်ဖြစ်ကြတာဟာ သူကြောင့်ဘဲဟု ဆို၍ ဖွတ်ရုပ် မီးမှုတ်နေဟန် ကားကိုဖျက်ဆီးကြ၏။ ထိုအချိန်ကစ၍ ရန်မဖြစ်တော့ပါ။ (ပညတ်ရှိ၊ ခါတ်သက်ပါပုံတည်း။)

## (၈၁) အလောင်းစည်သူ၊ ခေါင်းခဲရော၀ါ။

အလောင်းစည်သူ မင်းသား ကလေးဟာ လေတိုက်လျှင် အမြဲခေါင်းခဲခံရ၏။ ဟူးရားပြု-ဟူးရားညှိတို့မတတ်နိုင်။ စုံစမ်းပါမျှားသော်။ သူသည် ပဒုံကြာရား ကုလားမင်းသားဖြစ်စဉ်က ကျွန်ရစ်မင်း၏ သို့မဟုတ်အိမ်သိုတံ ပတ္တမြားရှင်လုံး တန်ခိုးဖြင့် ကောင်းကင်မှ လာခဲ့ရာ။ ရဟန္တာ အရှင် အရဟံနှင့် ကောင်းကင်မှာတွေ့၍။ အဘယ်က ကြွလာခဲ့ပါသနည်းဟု မေးမြန်းဘော့၊ ဘုရားမိမိသိနှင့် စောရွန်းတို့ လက်ထပ်ရာမှ ကြွလာခဲ့ပါသည်ဟု ပြောရာ။ ပဒုံကြာရား ကုလားမင်းသားမှာ မိမိ၏ချစ်လှစွာသော ရိုးစားသမီး သူတပါးလက်ထဲသို့ ရောက်သွားပြီတကား ဟု ပူဆွေးဒဏ်ကြောင့် သတိလစ်ပြီးဘော့။ (ဟာ-ဟာ) ဟု မြီတွန်မိလေသည်။ ပါးစပ်ထဲက ပတ္တမြားရှင်လုံးဟာ ထွက်ကျပြီး။ ပဒုံကြာရား ကုလားမင်းသားသည် ကောင်းကင်မှ ခဲကျသကဲ့သို့ ကျ၍ ဝါးရုံကြားဌ္ဌ ညှပ်ပြီးဆုံးလေသည်။ ဥကွောင်းကား ဝါးညှပ်၍နေဘော့၏။ ထို့ကြောင့် ဝါးပင်ကို လေတိုက်တိုင်း။ ဝါးပင်လှုပ်တိုင်း ဓါတ်ဆက်၍။ ပဒုံကြာရားဘဝမှ ပြောင်းလာခဲ့သော အလောင်းစည်သူမှာ ခေါင်းတော်ခဲရ၏။ ဥကွောင်း ညှပ်သော ဝါးရုံကိုရှာရာ၌ တွေ့သဖြင့်ဝါးကို ခုတ်လဲပြီးမှ ဥကွောင်းရိုးကိုမြေ၌မြှုတ်ရသည်။ ထိုအခါမှစ၍ ခေါင်းခဲ ပျောက်တော့သည်။အုံ့ညြစရာဘည်း။ ဟိုဘဝနှင့်သည်ဘဝကား၊ ကံလဲတခုစီ၊ စိတ်လဲတပါးစီ၊ အမျိုးလဲတမျိုးစီပင်၊ ဒါပေမဲ့ ဓါတ်ကူးဆက်တော့ ခေါင်းခဲရလေသည်။

---

## (၈၂) အရုပ်ငါးခုနှင့် အလောင်းစည်သူ။

ပဒုံကြာရားဘဝမှ ပြောင်းရွှေ့လာသော အလောင်းစည်သူသည်။ ပဒုံကြာရားဖြစ်စဉ်က သုံးစွဲခဲ့သော ပတ္တမြားမျက်ရှင်ကိုရှာရာ ဝါးရုံထဲက ရ၍ ဝါးနှင့်တကွ သင်ကနက် ဖေါင်ကော်ပြုပြီး လက်ညှိုးညွှန်ရာဘက် ရေဖြစ်စေ၍ဇမ္ဗူ၊ဒီပါ တကျွန်းလုံးကို လှည့်လည်တော့၏။ တာနှင့် ယိုးဒယားအဆုံး ကံဗောဒီးယားနယ်၊ လောနယ်နှင့် တောင်ကွင်နယ်အစပ်သို့ ရောက်သောအခါ ကျောက်ဖျာပေါ် ၌ ကျောက်ရုပ်ငါးခုကိုတွေ့၍ ပုရောဟိတ်မျှားကို မေးမြန်းတော့။ ၎င်းတို့က သံတော်ဦးတင်ကြသည်ကား။

အခ္ခင့်ဘိုးတော် နော်ရထာ မင်းမြတ်ကြီးသည်။ ပတ်ဝန်းကျင်တိုင်းပြည် မျှားကိုသိမ်းဆည်း၍ ဗုဒ္ဓသာသနာတော်ပြုခဲ့ရာ။ ဤမြေအထိ ပိုင်ဆိုင်ပါ ကြောင်း။ နောက်နှောင်းသားတော် မြေးတော်များသိရစ်ကြ ထိန်းသိမ်း နိုင်ကြပါရန် နယ်နိမိတ်ကျောက်မျှာအမှတ်အသားထားခဲ့သောကျောက် ရုပ်တော်များဖြစ်ပါသည်။ နော်ရထာမင်း၊ စောလူးမင်းစသော အရုပ်များ ဖြစ်ပုံလျှောက်တင်၏။ ထိုအခါ အလောင်းစည်သူဘုရင်သည်။ သြော်-ဂါ ၏။ ဘိုးတော် ဘေးတော်များကား သာသနာပြုနိုင်ကြကုန်စွတကား။ ဤအထိပိုင်နိုင်သော ဒါနကုသိုလ်များစွတကားဟု အံ့သြ၍။ ပန်းတိုဖြင့် ပူဇော်ကံတော့၏။ ထိုသို့ပူဇော်ပသရာ နော်ရထာ၏ကျောက်ရုပ်တခုသာ မလဲမရိုင်ခန့်ရိုင်စွာနေ၍။ ကျန်သောအရုပ်များလဲယိုင်ကုန်သဖြင့်။( ဂါ့ဘ ကြီးကော် ဘိုးတော်များဟာ၊ ဂါ၏ရှိရိုးခြင်း မခံနိုင်ပေ။ ဂါ့လောက် ဘုန်းကံမရှိဟု မနောကံဖြင့်။အထင်အမြင်သေးဖြစ်၏။)ပဋ္ဌမဌာကုသိုလ်ကံ၊ မနောကပစ်မှားဘော့။ အကုသိုလ်ကံ ထိုကံဝင်လာတော့။ အလောင်း စည်သူမှာ၊ မျက်စိ ၂ ဖက်ကွယ်၍ အလင်းမရတော့ပေ။ အနိုးကမ္ဘားမတ် များ၌ကား ဘာမှမဖြစ်ပေ။ အလောင်းစည်သူသည် မျက်စိ ၂ ဖက်ကွယ် လျှင် မေးမြန်းကြသို့ရာ။ ဘယ်သူမှာ့ဘာမဖြစ်ဘဲ။ မိမိတဦးထည်းသာ ဖြစ်ခဲ့ရကား။ အနာဘေး ဖြေနဂါး၊ ဘိလူးများ၏ အဆိပ်ဓေ့ကြောင့်မဟုတ် ပေ။ စင်စစ်မူကား။ ဘိုးတော် ဘေးတော် ဘကြီးတော်များအပေါ် ၌ အ ထင်အမြင်သေးမှု မနောကံကြောင့်ပင်ဖြစ်ပေရာ၏ဟု ဆင်ခြင်ပြီး။ တော ပန်း၊ တောင်ပန်း၊ ရေပန်း၊ ကျီးပန်းဖြင့်၊ ပစ်မှားမိတာများပျောက်ပစေ ရန်ဟု ကံတော့မှ မျက်စိ ၂ ကွင်းအလင်းပြန်၍ရတော့သည်။ ကုသိုလ် ရှိရိုက်ဖြင်၏။ အကုသိုလ်ဝင်ခိုက်ကန်း၏။ တဖန်ကံတော့လျှင် ကုသိုလ်ဝင် ၍ မြင်ပြန်၏။ ကံအနိစ္စ၊ အမြင်အကန်း အနိစ္စ ဝေ့ရပုံတည်း။

---

## (၇၃) ရာသီဥတုဘမ်းသောခါတ်လုံးခါတ်တိုင်။

အင်္ဂလန်၊ အမေရိကန်၊ ဗမာစသော အစိုးရများသည် စက်ဖြင့်တတ် ထားသောခါတ်လုံးခါတ်တိုင်ဖြင့် ရာသီဥတုကိုမှန်းဆပြီး ကျေညာနိုင် ကြကုန်၏။ ခါတ်တိုင်၌။ မီတာနှင့်ပြ၍ ခါတ်သဘောအတိုင်း ပေါ်လာ သည်။ ဗမာပြည်၌ရာသီဥတုက ဘယ်ပုံဖြစ်၍နေသည်ဟူ၍ရင်း။ ပင်လယ်

ဌာဘာဖြစ်၍ နေသည်ဟူ၍ရင်း။ ပင်လယ်ကမ်းရိုးတန်းဌ၊မိုးယံးဘယ်ပုံရှာ မည်။ လေက ဘယ်ပုံတိုက်မည်။ ဗမာပြည်အထက်ပိုင်းဌ မိုးယံးလေဝသ ဘယ်လိုနေမည်။ မိုင် ၃၀ လေတိုက်မည်။ မိုင် ၄၀ နှင့်လေတိုက်မည်ဟူ၍ အသေးစိတ်ညွှန်းပြနိုင်ခြင်းသည်။ ခါတ်တိုင်ဌ ခါတ်သဘောကို လက်တွေ့ ဖြင်သိသောကြောင့်တည်း။ ယောဂီများဌ ခါတ်တရားပေါ်တော့။ ပရိယတ္တိ ၃ပါး၊ဝိသုဒ္ဓိ ၇ ပါး၊ဉာဏ်စဉ် ၁၀ ပါးတွင် ဘာဘဲ ဘယ်ဒင်းဘဲ ဟု ခါတ်တရားက ညွှန်ပြနေသဖြင့်။ အတတ်အမှန် ကေန်သိရပါသည်။

## (၈၄) ပြဒါးတိုင်ဌအဂ္ဂဒိကရိ ပြခဲ့ပြီ။

ယခုအစိုးရများသုံးစွဲနေသော ပြဒါးတိုင်ဌ။ ဘယ်နာရီဌ အဂ္ဂဒိကရိ ဘယ်မှ ဘယ်လဌမည်မှ ဘယ်အချိန်ဌ မည်မှဟူ၍ ဒိကရိပြု၍နေ သည်။ယောဂီများဌ ကမ္ဘာ့-ကမ္ဘာက ပါရမီဆည်းကူးခဲ့သောအတိုင်း ယခုအခါ အားထုတ်တော့။ အချို့ ပထဝီခါတ်အဓိကနဲ့ပေါ်သည်။ အချို့ အာပေါခါတ်အဓိကနဲ့ပေါ်သည်။အချို့ ဝါယောခါတ်အဓိကနဲ့ပေါ်သည်။ အချို့ တေဇောအဓိကနဲ့ပေါ်သည်။ အချို့ အနိစ္စအဓိကနဲ့ပေါ်သည်။ အချို့ ဒုက္ခအဓိကနဲ့ပေါ်သည်။ အချို့ အနတ္တအဓိကနဲ့ပေါ်သည်။ အချို့ ကာယာ နုပဿနာနဲ့ပေါ်သည်။ အချို့ ဝေဒနာနုပဿနာနဲ့ပေါ်သည်။ အချို့ စိတ္တာ နုပဿနာနဲ့ပေါ်သည်။ အချို့ ဓမ္မာနုပဿနာနဲ့ပေါ်သည်။ ဤနည်းအတူပင်။ (၁)ပဋိသန္ဓိဒါနှင့် (၂) ဆဋ္ဌါဘိညာနှင့် (၃) တောရိဇ္ဇါနှင့် (၄) သုက္ခဝိ ပဿကာနှင့် (၅)ဥဿုါတညူတန်းနှင့် (၆)ဝိပဿိတညူတန်းနှင့် (၇)နေ ယျတန်းနှင့်။ (၈)ပဒပရမတန်းနှင့်။ (၉)ဒုက္ခပဋိပဒါတန်းနှင့်။ (၁၀)သုခ ပဋိပဒါတန်းနှင့်။ (၁၁)ဒိပ္ပါဘိညာတန်းနှင့်။ (၁၂)ဒန္ဒါဘိညာတန်းနှင့်။ သူ့ပါရမီအတိုင်း။ သူ့ဖိဇအတိုင်း။ သူပြုခဲ့သောကံအတိုင်းသာ ပေါ်ကြ ပါသည်။ မြတ်စွာဘုရားတောင်မှ ဗုဒ္ဓစက္ခုတော်ကြီးဖြင့်။ လောကကို ဖြန့်၍ကြည့်တော့။ ချွတ်ရမည့် ဝေနေယျများကို တွေ့ခဲ့သော်။ အာသယ အလိုက်။ အဇ္ဈာသယအလိုက်။ ဝါသနာ ဘဝဂိ၊ ဝသိ၊ အလေ့၊ အလာ၊ အထုံ၊ အနုသယ အလိုက်။ သူပြုခဲ့သော ပါရမီကိုကြည့်၍။ ပုဂ္ဂလဇ္ဈာ သယအားလျှော်စွာ တရားပြသကူညီရပါသေး၏။တရားပေါ်တာဆရာနှင့် မဆိုင်ပါ။ သူ့ပါရမီသာပခါနတည်း။

## (၈၅) မှော်ပြင်တွင်။ အရိပ်ထင်တာလိုမျိုး။

ထောက်မှော်ကြီးကိုထောင်ထားတော့။ မှော်နှင့်တည့်တည့်၌၊ လူလာ တိုင်းထင်ပေါ်သည်။ ဥပမာ။ တရုပ်လာလျှင်တရုပ်ရိပ်ဘဲထင်၏။ကုလားလာလျှင် ကုလားရိပ်ဘဲထင်၏။ ဗမာလာလျှင်ဗမာရိပ်ဘဲထင်၏။ဝဝလာလျှင် ဝဝပင်ထင်၏။ ပိန်ပိန်လာလျှင်၊ ပိန်ပိန်ပင်ထင်၏။ အဝတ်အစားအကျိုင်အဆောင်မျာလဲ။ ရှိသည့်အတိုင်း ထင်၏။ ဤလိုအမှန်ကိုပြုနိုင်လို့ အမှော်ဟု ခေါ်ကြရပါသည်။ ယခုကား(အ)ပြုတ်၍။ မှော်ဟုခေါ်ကြသည်။ အချို့ သန္ဓိဝိဒူတို့ကား။ မှော်ဆိုတာဟာ။ မဂဓပုဒ်ပျက်တည်း။ မဂဓ ဘာသာ၌(မဏ္ဍာ) ပုဒ်မှ၊မော်၊ (ဝါ) မှော်ဖြစ်လာသည်ဟု ဆိုကြ၏။ ကျွန်ုပ်ကားအလိုသိစေလိုသဖြင့်။ သူ့မူလအမှန်ကို ပြသနိုင်သဖြင့်။အမှန် (ဝါ) မှန်ဟုခေါ်ပါသည်။ ရေးပါသည်။ အမှန်ကို ယုတ္တိပြဦးအုံ့။ ဘုရားအလောင်းလဲ ခါတ် ၄ ပါး၊ရုပ်နာမ် ၂ ပါးအမှန်ကိုမြင်လို့။ဘုရားဖြစ်ရတာပါ။ ပစ္စေကဗုဒ္ဓအလောင်း၊ အဂ္ဂသာဝကအလောင်း။ မဟာသာဝကအလောင်း ပကတိသာဝကအလောင်းတွေလဲ။ခါတ် ၄ ပါး၊ရုပ်နာမ် ၂ ပါး၊ တွေ့ကြလို့။ ပစ္စေကဗုဒ္ဓါ၊အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ဒီဓာတုအတိုင်း ဖြစ်ကြရပါသည်။ ရှင်းပြဦးအုံ့။(၁) တွေ့ရတော့ ရုပ်နာမ်ဖြစ်ပျက်ပါဘဲ။ ရောက်သွားတော့ ဘုရားဘဲ။ ပါရမီဓာတုအတိုင်းဆိုတာ ထင်ရှားဏ်။ (၂) တွေ့ရတော့ ရုပ်နာမ်ဖြစ်ပျက်ဘဲ။ ရောက်သွားတော့ ပစ္စေကဗုဒ္ဓါ။ (၃) တွေ့ရတော့ ရုပ်နာမ်ဖြစ်ပျက်ဘဲ။ ရောက်သွားတော့ အဂ္ဂသာဝကပါ။ (၄) တွေ့ရတော့ ရုပ်နာမ်ဖြစ်ပျက်ဘဲ။ ရောက်သွားတော့ မဟာသာဝကပါ။ (၅) တွေ့ရတော့ ရုပ်နာမ်ဖြစ်ပျက်ဘဲ။ ရောက်သွားတော့ ပကတိသာဝကပါ။ ဘယ်လောက်ထင်ရှားသလဲ။ ရုပ်နာမ်ကြောင့် ဖြစ်ထားလား။ ပါရမီကြောင့်ဖြစ်ထားလား ဆိုတာ၊ အဲဒီရှင်းတမ်းဖြင့်။ မပေါ်မခြင်း စဉ်းစဉ်း စားစား ဝေဖန်ကြပါတော့။

---

## (၈၆) အလင်းဒီကရိချိန်သောခါတ်ခွက်။

ခါတ်ပုံကူးခါနီး၌။ အလင်းဒီကရိချိန်ပြီးမှ ခါတ်ပုံရိုက်ထားကိုတွေ့ရသည်။ ရင်းခါတ်ခွက်ကို မျှောင်ထဲ၌ထားပြီး။ အိမ်မျှောင်ကိုကြည့်တော့။

၁ မှာနေတယ်။နဲနဲအလင်းရှေ့ရှိကြည့်တော့။ ၂၊ ၃ မှာနေတယ်။ ဗိုလင်းတဲ့ နေရာမှာရှေ့ကြည့်တော့။ ၄ အလင်း၊ ၅ အလင်း၊ ၆အလင်း၊ ၇ အလင်း၊ ၈ အလင်း၊ ၉ အလင်း စသည်ဖြင့်။အလင်း နုံ့လတ်ရင့် ကိုသိရသည်။

## (၈၇) ခါတ်ပုံကူးအရုပ်ထင်။

ယခုကာလ ခါတ်ပုံပညာခေတ်စားချိန်မှီ။ ချဲစရာပင်မလိုတော့ပါ။ တောသူ တောင်သားတို့အတွက်။ အချိန်နားမလယ်သေးရ။ ရှင်းပြဦးအုံ့။ ခါတ်ပုံရိုက်သူက ကလေးဖြစ်လျှင်။ ကလေးရုပ်ပါဘဲ။ လူလတ်ကို ကူးလျှင်၊ လူလတ်ရုပ်ဘဲထင်လာတယ်။ လူကြီးကို၊ ရိုက်ကူးလျှင် လူကြီး ရုပ်ပင်ပေါ်ထင်လာရသည်။ ခါတ်ပုံက အကူအညီပစ္စယောပါ။ လူငယ် လူလတ် လူကြီး ကူးလိုသူတို့က ဟေတုပါ။ ပေါင်းတော့ (ဟေတု ပစ္စယော)ပါဘဲ။ ဟေတုနှင့်ပစ္စယော တွဲမိမှ အရိပ်ထင်တာမျိုးပါ။ ထို့ကြောင့်ပင်။ ခါတ်ပုံထဲ၌ အရိပ်အမျိုးထင်နေတာသိရှိလောက်ပါပြီ။

(၈၈) မိုးချုံးတော့၊ မြေပါတုံ၊လူပါတုံသည်၊ခါတ်ကူး၊ ခါတ်ဆက်ပုံသိကြပါ။

(၈၉) ဖါးအော်တော့။ မိုးယိုးရှာရသည် ၎င်း။

(၉၀) ဝိတောက်ပန်းပွင့်။မိုးယိုးမှန်ရသည် ၎င်း။

(၉၁) ဇောက်ပန်းပွင့်။မိုးယိုးမှန်ရသည်၊(စိန်ပန်းလဲခေါ်၏) ၎င်း။

(၉၂) အသံဘမ်းစက်ဖြင့်။ အင်္ဂလန် အမေရိကန်စသော အပြည်ပြည်က အသံကို၊ လိုက်ဆက်၍ဖမ်းသည်၊ နားထောင်သည်။ ၎င်း။

(၉၃) အသံချဲ့စက်ဖြင့်။ အလွန်ကျယ်အောင်၊ အမျိုးမျိုး ဖြစ်အောင် ချဲ့သည်။ ၎င်း။

## (၉၄) ခိုင်နမိုတခုထဲကဓါတ်ဖြင့်၊ တမ္ဘိလုံးမီးလင်း။

ယခုအချိန်၌။ မြို့တိုင်းလိုပင် မီးပေးစက်ရုံများရှိကြသည်။ ခိုင်နမိမှ ဓါတ်ဖြင့်။ တမ္ဘိလုံးရှိဖန်သီးအတွင်း၌ မီးလင်းတာ တွေ့မြင်ကြရသည်။ ဝိုင်ယာကြိုးဖြင့် ဆက်သွယ်၍ယူကြသည်။ မီတာခွက်ဖြင့် တွက်၍ ငွေယူကြသည်။

## (၉၅) နန္ဒိယဘုံပေါက်ပုံ။

မြတ်စွာဘုရား ပွင့်တော်မူစက။ ဗာရာဏသီပြည်မှာ နန္ဒိယ သူဌေးသည်။ ဘုရားအတွက်ကျောင်းဆောက်ပြီး လှူဒါန်းကာ ရေစက်ချသည်။ ရေစက်ချအပြီး၌ တာဝတိန်သာနတ်ပြည်၌။ ယူဇနာ (၃၀) မြင့်သော ဗိမာန်ပေါက်သည်။ ဘုံပေါက်သည်ဟူ၏။ လှူတဲ့ကျောင်းက ငယ်ငယ်ပင်။ ရတဲ့ဗိမာန်က ယူဇနာ (၃၀) ဆိုတော့။ အတော်ကို အမြတ်ရတာဘဲ။ (၁) ဘိုးလှူတာနှင့် ငွေအသင်္ချေ ရတာလိုပင်ထည်း။ ထို့ကြောင့်။ (ညောင်စေ့မျှလှူလျှင်၊ ညောင်ပင်ကြီးလောက်ရတယ်။နွယ်လုံးလောက်လှူလျှင်၊ မြင့်မိုရ်တောင်ကြီးလောက်ရသည်) ဟု ဟောကြတာပါဘဲ။ (တိလမတ္တံ၊ ကတံပုညံ၊ ဥာဏေနသမ္ပယုတ္တကံ၊ မေရုပမာဏံ၊ တံဖလံ၊ နိဂြောဓပိဝဗိဇကံ) ပါဌာဒ္ဌ။ အထက်စကားပုံအတိုင်းပြုပါသည်။

## (၉၆) ဇောတိကသူဌေးဘို့ ဗိမာန်ပေါက်။

ရာဇဂြိုဟ်ပြည်မှာ မွေးဖွါး၍ ကမ္ဘာကျော် သာသနာမှာ ကျော်ကြားနေတဲ့ ဇောတိက သူဌေးကြီးဟာ၊ နံမည်သာကြီး၍ အသက်ကားမကြီးသေးချေ။ ကာမာဝစရကံကြောင့်။ မိမိနေဘို့ ဗိမာန်ပေါက်ရတယ်။ ဆန်းကျယ် တင့်တယ်တဲ့နေရာမှာတော့ ပြိုင်ဘက်မရှိဘူးတဲ့။ ဗိမာန်ကို ထားပါဦးတော့။ ထိုဗိမာန်ကို ဘေးနံပါး လေးဘက်က ခြံရံ ဝန်းရံနေတဲ့ တံတိုင်းမှာ၊ ငွေတံတိုင်း၊ ရွှေတံတိုင်း၊ မြတံတိုင်း၊ ပုလဲတံဘိုင်း၊ ကျောက်မျက်ရွှဲတံတိုင်း၊စိန်ဝဇိရာတံဘိုင်း၊ ပတ္တမြားတံတိုင်းဟူ၍ တံတိုင်း ၇ ထပ်ရံ၍ ပေါ်လာတယ်။ ဇောတိက သူဌေးဘို့ မြောက်ကျွန်းသူကို။ နတ်များ ဆောင်ယူ၍ပို့လာရတယ်။ဗိမာန်မှာလဲ ပတ္တမြားညှိကို ခင်းထားတယ်။ မသိသူများကား အသူတရာနက်သော တွင်းကြီးဟု ထင်မှားရတယ်။တ

နေ့ယခင်။ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းမြတ်ကြီးဟာ။ဇောတိကတို့ ဗိမာန်ကိုရှုစားလိုသဖြင့် ကြွလာရာ။တံတိုင်း၀ ပထမမုခ်၌ အလုပ်လုပ်ရသော ကျွန်မက ခရီးဦး ဆီးကြိုနေရာတယ်။ အဲဒီ ကျွန်မကို ဘုရင်မြင်တော့။ ဇောတိက သူ့ဦးတို့ ဇနီးကြင်ရာဘဲဟု လွဲထင်ရတယ်။ အဲဒါ အညံ့ဆုံး အမြင်အကျဆုံး ကျွန်မပါဘဲ။ ၎င်းအတွင်း၌ အဆင့်ဆင့် ရှိသေးပါတယ်။ ဘုရင်လဲ အဆင့်ဆင့်မှားတာပေါ့။ ပြင်ဆင်ထားတာကိုက။ ကြွကြွနှင့် လှလှ ပပ ရှိ မှားရတာပေါ့။ ဩဿ-အညံ့ဆုံးကျွန်မတောင် ဤမျှလှပ၍ အဆင်အပြင်က ကြွတတရှိသေးလျှင်။ ဇောတိကတို့ ကြင်ရာတော်ကား အံ့သြ၍ မဆုံးဖြစ်တော့မည်။ အညံ့ဆုံးကျွန်မတို့ ဖြစ်ရပုံ။ အခါတပါး၌ ဇဋိလ သူဌေးအိမ်မှ တသိန်းတန်ကမ္ပလာ အရောင်းလာရာ။ ဝယ်ပြီး ကျွန်မအညံ့ဆုံးအား ခေါ်၍ ပေးတော့။ ကျွန်မအညံ့ဆုံးက ကမ္ပလာကို သုံးသတ်ပြီး ငိုပါရောတဲ့။ အပြစ်ရှိလျှင် ဆုံးမတော်မူပါ။ ဤမျှကြမ်းတမ်း လှသော ကမ္ပလာကိုဖြင့် မ၀တ်ပါရစေနဲ့တဲ့။ ဒီတော့၊ ဇောတိကသူဌေး ကြီးက သင့်ကိုဝတ်ဘို့ ပေးတာမဟုတ်ပါ။ ခြေဆေးပြီး ခြေကိုသုတ်ဘို့ သာ ပေးခြင်း ဖြစ်တယ်ဟုပြောမှ အငိုရပ်၍သွားသတဲ့။ ဒါလိုဖြစ်ပုံ ကို ကမ္ပလာ အရောင်းလာသောကိုယ်စားလည်မြင်ကြားရတော့။တသိန်း တန်ကမ္ပလာတောင်မှ သူတို့မှာ ကျန်းတမ်းသေးပါလျှင်။ သူတို့ဂတ်ဆင် နေသောအ၀တ်ကား။အံ့သြဘွယ်သာတည်းဟု အံ့သြ၍ပြန်လာခဲ့ရသတဲ့။ ဒါနကုသိုလ်ကံအကျိုးပေးခြင်းသာ ရှိသေးသည်။ သူ့ထက်သာလွန်သော သိလခါတ် အကျိုးပေးခဲ့သော်။ ၎င်းထက်ပင် အဆပေါင်းသာလွန်သော သမထခါတ် အကျိုးပေးခဲ့သော်။ ဒါထက်ပင် အသခ္ခ အနုတ္တမျှမက။ ဝိပဿနာ ခါတ်ဝင်၍ အကျိုးပေးခဲ့သော်။ အစိန္တေယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပ္ပရိဏာမကဘဲ အကျိုးပေးတော့ အံ့ဟု ခါတ်ဏ်သည်တို့ အစွမ်းတို့ကို မျှော်မှန်းနိုင်အောင် ဘော်ပြခြင်းပါဘဲ။

## (၉၇) ဇဋိလသူဌေး ရှေ့တောင်ပေါက်။

ဇဋိလလုင်သည်။ ကုန်သည်ဏ်အိမ်၌ ရောက်ပြီး။ ကုန်စည်ကို့ကို ရောင်းချရဏ်။ကုန်သည်ကြီး ပြန်၍လာတော့ ဆိုင်၌ ပစ္စည်းများ ကုန်၍နေ တော့။ ချောက်ကပ်ကပ် ဖွေ့ရသာဖြင့်။ လန့်ပြီး ပစ္စည်းများဘယ်နေရာသို့ ရောက်ကုန်ပြီလဲဟု ပူပန်ဏ်။အကြောင်းသိရန် ဇဋိလအား။ ပစ္စည်းများကို

မေးမြန်းတော့။ ကျွန်တော်သည် တနာရီအတွင်းဌ ရောင်းချရာ။ ပစ္စည်းများ ကုန်သလောက် ဖြစ်ရပါသည်။ ဟောဒီမှာ ရောင်းမ၍ရသော ရွှေငွေများပါဘဲဟု အပ်၏။ ကုန်သည်ကြီးကား။ အုံ့ညြိတွယ်ကောင်းသော လုင်ပါတကား။ငါတို့ ၇ နှစ် ရောင်းချသောကုန်စည်ကိုတနာရီနှင့် ကုန်အောင် ရောင်းချနိုင်၏။ အရွယ်လဲကောင်းလှ၏။အဆင်းလဲ လှပလေစွ။ စိတ်ထားလဲ နူးညံ့သိမ်မွေ့လှ၏။ ငါ့သို့နှင့် လက်ထပ်မှာဘဲ တော်မည်ဟု ကြံစိုပြီး။ မကြာမီ ထိမ်းမြား လက်ထပ်၍ ပေးပေ၏။ လက်ထပ်၍ မကြာမီပင်။ အတောင် (၇၀) ရှိသော ရွှေတောင်ကြီး ပေါက်တော့၏။ ကဿပဘုရားသာသနာဝယ်။ ပရိနိဗ္ဗာန် စံလွန်ပြီး စေတီကြီးတည်ထားရာ။ မုဒ်တခုဌ ရွှေမလုံလောက်သဖြင့်။ ဇဋိလ အလောင်းအိမ်သို့ အလှူခံ ရောက်လာသည်။ ဇဋိလအလောင်းလည်း။ ရွှေပန်းတိမ်သည် ဖြစ်ခိုက်မှု။ မယားနှင့် သားငယ်၏ အကူအညီဖြင့် ရွှေပန်းခိုင်လုပ်၍ လှူဘူးသည်။ ထိုကံကြောင့် ယခုဘုရားလက်ထက်တော်ဌ ရွှေတောင်ကြီး ပေါက်သဖြင့် ထင်ရှားကျော်ကြားလာပေသည်။

---

## (၉၇) မေဏ္ဍာကသူဌေးဝင်းခြံတွင်းဌ၊ ဆိပ်ရုပ်ပဒေသာတွေ။

ရေဇဂြိုဟ်ပြည် ခရိုင်အတွင်းဌ ဘဒ္ဒဝတီမြို့ငယ်တခုရှိ၏။ ထိုမြို့သူဌေးအိမ်ဌ သတိုးသားဖွါးစဝယ် သူဌေးအိမ် ဝင်းခြံအတွင်းဌ ရှေ့ဆိပ်ရုပ်ပဒေသာပင်တွေ ပေါက်တော့၏။ ထို့ကြောင့် ထိုသူငယ်ကို မေဏ္ဍာကသူဌေးသားဟု ခေါ် ကြသည်။ ဆိပ်ရုပ်ပဒေသာပင်တွေကား။ စည်းကျနှည်းကျဖြင့် ပေါ် ကြသည်။ မျဉ်းချပြီးထားသော လမ်းများဌ လမ်းဘေးဟဖက်စီ စီတန်း၍ ပဒေသာပင်တွေ ပေါက်ကြ၏။ လမ်းဘေး ၂ ဖက်ကပန်းပင်များကဲ့သို့တည်း။ မေဏ္ဍာက သူဌေးသည် ဆင်ဘပ်နှင့်လာလျှင် ဆင်တလေး ရွှေငွေပေး၍ ပြန်လွှတ်၏။ မြင်းဘပ်နှင့်လာလျှင် မြင်းတလေး ယူဆောင်စေ၍ ပြန်လွှတ်၏။ ရထားဘပ်နှင့်လာလျှင် နည်းတူ။ ခြေလျှင်ဘပ်နှင့်လာလျှင်။လူတထောင်းပေး၍လွှတ်၏။ရွှေဆိပ်ရုပ်တခုထဲကပင် ဆန္ဒရှိတာကိုရ၏။ (လိုတရနိုင်၏။) ဘယ်ပြည်ကလာလာ ရတနာပေး၍ ပြန်စေ၏။ အချိုလည်း လိုတာကိုရရနေသဖြင့်။ မေဏ္ဍာက သူဌေးကို မှီပြီးမပြန်တော့ပေ။ အဲဒါနှင့် မြို့ငယ်က ဘဒ္ဒဝတီ ပြည်ကြီးဖြစ်၍ စည်ကားတော့၏။ အဲဒါ ဟိုဘဝတုံးက ပစ္ဆေကဗုဒ္ဓါတာဆူအား။ စားမည့်ထမင်း

ကို ၅ ဦးတို့ မစားဘဲ။ ပစ္စေက ဗုဒ္ဓါအား လှူသောကြောင့်။ ဤမျှအကျိုး ပေးခြင်းဖြစ်သည်။ ။ဝိသာခါကျောင်းအမကြီး၏ အတိုးတည်း။ ဘဒ္ဒ ဝတီပြည်သို့ မြတ်စွာဘုရားကြွလာတော့။ မေဏ္ဍကာ သူဌေးရယ်။ သူဌေး ကတော် စန္ဒပဒုမာရယ်။ သားခနဠုယ သူဌေးရယ်။ ချွေးမ သုမနဒေဝီ ရယ်။ မြေးကလေး ၇ နှစ်သို့ဝိသာခါရယ်။ ဤတဘိမ်ထည်းသား ငါးဦး တို့ဟာ။ ပြည်သားများနှင့် တရားနာရလို့ မဂ်ဖိုလ်ရကြသည်။ ဒဲဒါ။ ဘဒ္ဒဝတီပြည်မှာနေစဉ်တည်း။(၂)သာဝတ္ထိပြည်က ပသေနဒိကောသလ မင်းလာပြီး အမိတဘောဂသူမျိုး ပေးပါဟု တောင်းရာ။ ခနဠုယ သူဌေး နှင့် ဇနီး သုမနဒေဝီကို ကောသလမင်း၏ နိုင်ငံသို့ ထွဲလိုက်ရသည်။ ထို့ကြောင့်။ ဝိသာခါတို့ သားအဖ ၃ ဦးဟာ။ သာကေတပြည်သို့ရောက် ရပြန်သည်။ ချမ်းသာလှပေ၏။ (၃) တဖန်။ ၁၆ နှစ် သို့အရွယ် ရောက် ပြန်တော့။ ဝိသာခါသည် မိဂါရသူဌေး၏ သားပုဏ္ဏာဝဍ္ဎန သူဌေးသား နှင့် အိမ်ထောင်ကျ၍ သာဝတ္ထိပြည်သို့ ရောက်ရပြန်သည်။ ပုဗ္ဗာရုံ ကျောင်း အမဟု ထင်ပေါ်ကျော်ဇောလှ၏။ ဒါနခါတ်ကား စေတနာ အတိုင်းကြီးကျယ်စွာ အကျိုးပေးတတ်ပါသတည်း။

---

## (၉၉) ဗာရာဏသီသူဌေး ပဒေသာပင်။

မေဏ္ဍကာသူဌေးနှင့်။ စန္ဒပဒုမာ ဇနီးမောင်နှံကတွဲ။ ရင်းတို့သား ခနဠုယသူဌေးနှင့် သုမနဒေဝီကတွဲ။ ကျွန်တော် ပုဏ္ဏ ငါးဦးတို့ဟာ။ ကသဿပဘုရားနှင့်ဂေါတမဘုရားအကြားသာသနာပဋ္ဌာ။ တဘိမ်ထဲနေကြ ရ၏။ သူဌေးကား ဗာရာဏသီသူဌေးဟုတွင်၏။ ရှေးပြေးနိမိတ် ပေါ် သဖြင့်၊နောင်သုံးနှစ်အတွင်း။ဒုဿီကွဂကပ်ကြီးရောက်လတ္တံ့ဟုဟောထားသ ဖြင့်။ရွှေငွေဖြင့်စပါးတွေ၀ယ်ပြီးလှောင်ထားတော့၏။သုံးနှစ်ရောက်တော့။ ဒုဿီကွဂကပ်ကြောင့်။ သေကြရ၊ ပြေးကြရလေရာ။ သူဌေးအိမ်၌ ငါးဦး သားပင် ကျန်ရှိတော့၏။စပါးတွေကို လှူလဲလှူ ထောင်းထုပြီး စားလဲစား နှင့် ပြုရာ။ ဒုဿီကွဂကပ်ကြီးအတွင်းမှ။ ယခုအခါမှာ ချက်ပြီးသားထမင်း ၀ေစု ငါးပုံသာရှိတော့သည်။ နောက်နောင်စားဖို့ရန်မရှိ၍ သေဖို့သာ ရှိတော့သည်။ ဤသို့ ထမင်း၀ေဌနေတုံး ဗျုံးကနဲ ပစ္စေက ဗုဒ္ဓါအလှူခံ ရောက်လာရာ။ နောင်လဲမစားရလို့သေမှာပါဘဲ။ ယခုမစားရလဲသေမှာ ဘဲ။ ၇ ရက်ထဲနေရတာမထူးပြီဟု ပစ္စေကဗုဒ္ဓါအားကိုယ်စီ၊ ကိုယ်စီလှူပြီး

အသီးသီးဆုတောင်းကြတော့သည်။ ဆုပေးပြီးပစ္စေကဗုဒ္ဓါပြန်သွားတော့၏။ ညနေအချိန်ရောက်တော့။ ဗါရာဏာသီသူဌေးဟာ မနေသာအောင် ဆာလောင်လှသဖြင့်။ ထမင်းအိုးခွံ အကြည့်ခိုင်း၏။ သူဌေးကတော်လဲ ပြောမရသဖြင့် ထ၍ ဖွင့်ကြည့်ရာ။ ထမင်းအိုးခွံ ပြည့်၍နေတော့၏။ ငါးဦးစားလဲမကုန်နိုင်။ ထမင်းပဒေသာတည်း။ မသေသေးသောသူမျှားအားပေးလှူရာ အသက်ရှင်ကုန်တော့၏။တဖန်ပစ္စေကဗုဒ္ဓါအားဆွမ်းလှူ ဒါဒီမျှနှင့် နေမှာမဟုတ်ချေ။ စပါးကျီသို့သွားရောက်ကြည့်ပြန်ရာ။ ကျီအပြည့်ကိုမြင်၍။ တိုင်းပြည်ခွဲမောင်းကြေးနင်းခပ်စေပြီးလှူဒါန်းတော့၏။စားရ၊ပျိုးရ သဖြင့် ဒုဿိုက္ခကပ်ကြီးဟာ ဗါရာဏာသီ သူဌေးငါးဦးကြောင့် ငြိမ်းရ၏။ နေ့ခင်းလှူ ညနေအကျိုးပေး၊ ဒုဿိုက္ခကပ်ပွဲမှ လွတ်မြောက်ကြရ၏။ ဒါနဝါတ်ကား ဤမျှလောက်အားထားရ၏။ ဖြေရှုပေ၏။

---

## (၁၀၀) နန္ဒရဇ်မင်းပုဆိုးပဒေသာ ၆၄ပင်။

ရွာသူကြီး၏သားသည်။ နက္ခတ်ပွဲလမ်းသဘင်၌ လိုသောပုဆိုးကို မရလို့။ အိမ်မှထွက်လာပြီး ဘုရင့်ဥယျဉ်ကျောက်မျှောပေါ်၌ အိပ်စက်၏။ ဗုဒ္ဓသရထားဆိုက်ပြီး မှူးမတ်များက ထိုးနှိုး အပ်တော့သည်။ မင်းမရှိဘူးလားမေးတော့။ မရှိတာ ၇ရက်လောက်ကြာပါပြီ။တူ သားကောမရှိဘူးလားမေးတော့။ မရှိပါ။ ဘာမှမရှိဘူးလားမေးဦးတော့။ ဘိုးတော်တပါးဖြင့်ကျန်ရစ်ခဲ့ပါသည်။ ဒါဖြင့် ဝတ်လဲတော်ဆက်ကြတော့။မှူးမတ်များသည်ဝတ်လဲတော်ဆက်ရာ။ စမ်းသတ်ပြီးမှ တယ်ပြီးကျန်းထမ်းလှပါတကားဟုပယ်၏။ သွားယူပြီးဆက်သရာ။ပယ်ပြန်တော့၏။မှူးမတ်များကမရှိတော့ပြီဟု သံတော်ဦးတင်ကြ၏။ နန္ဒရဇ်က ဩသော-ဝေးကဘုရင်များဟာ အဝတ်အစားလှုခဲ့ကြဟန်မတူပါ။ ဒါကြောင့် ထူထဲကျန်းထမ်းတာကိုသာ ဝတ်ဆင်ရကြတယ်။ ကဲ-ကဲ ဖြေခရားနဲ့ ရေမျှားဆက်ကြ ဆိုပြီးဖြေခရားကိုင်၍၊ ကျွန်ုပ်သည်ရှေးရှေးလွန်လေပြီးဘဝများက။ ဘုရားပစ္စေကာ ရဟန္တာများအား အဝတ်သက်နှံးလှူဘူးသော ဒါနသည်ရှိပါပြီးအုံ့။ ရေစက်ကျတာနှင့်ပုဆိုးရောက်စေသားဟု အဓိဋ္ဌာန်ပြီးရေသွန်း။ ပုဆိုးပဒေသာပေါက်ခဲ့၏။ ဥယျဉ်၏ အရှေ့အနောက်တောင်မြောက်၌ ၄ ပင်စိပြည့်၏။ အရှေ့အနောက်တောင်မြောက်၌။ ၄ ပင်စိ။ နှုန်းတော်၏ အရှေ့အနောက်တောင်မြောက်၌ ၄ပင်စိ။ လေ့ဆိပ်။ လဲ့ဆိပ်။ လွှတ်ရုံး၌

ပဒေသာပင်တွေပေါက်ရာစုရုပေါ်(၉၄)ပင်ဖြစ်၏။ ငါဘုရင်စိုးစံစဉ်၌။ ချည်လုပ် ရက်ကန်းလုပ်မရှိစေရ။ ပဒေသာပင်မှ၊ ယူ၍ဝတ်ဆင်ကြဟု စည်လည်စေသည့် နန္ဒရဖ်မင်းသည်။ ဘုရင့်သို့တော်နှင့်အတူ နန်းစံတော်မှသည်။ အကြောင်းသော်ကား။ သူတို့ဇနီးမောင်နှံဟာ၊ သူဆင်းရဲဖြစ်စဉ်က၊ ပစ္စေကဗုဒ္ဓါ သက်နိုးချုပ်ရာ အဝတ်မလုံလောက်၍ အပေါ်ရုံတဘက်ကို လှူခဲ့ဘူး၏။ရင်းတို့ ဦးပင် စေတီတော်၌၊ ရွှေသက်နိုးကပ်လှူဘူး၏။ ထိုဒါနကံကြောင့်။ မင်းမိဖုရားဖြစ်ပြီး ပုဆိုးပဒေသာပင်ပေါက်၍ ပြည်သူတို့အား ပေးနိုင်လေသည်။

## (၁၀၁) ကေနိယအိမ်၌ရွှေထန်းသီး။

အင်္ဂတိုင်း၏မြောက်ဘက်အစွန်ဝယ် အင်ဂုတ္တရနယ်ရှိ၏။ ကေနိယသည်။ ထိုနယ်၌ အင္ဂြေးဆုံးသောသူတည်း။ သူ့အိမ်ဝင်းခြံတွင်း၌ ထန်းတပင်ရှိရာ။ တနေ့လျှင်ရွှေထန်းသီးတလုံးကျပေး၍နေ၏။ ဤမျှချမ်းသာသော်လည်း။ ရာဇဂြိုယ်ပြည်မှ ဗိမ္ဗိသာရမင်းကို။ အမြတ်တော်ကျေးတို့ မင်းတိုင်းခွန်တို့ အိမ်ရာခွန်တို့ လယ်ရာခွန်တို့ ပေးရမှာစိုးရိမ်သဖြင့် ရသော့ဝတ်နှင့် ပစ္စည်းစုကာနေ၏။

## (၁၀၂) ဂေါတမဘုရားအလောင်း၌၊ ရွှေအိုးကြီးလေးလုံးပေါ်ရ၏။

ဂေါတမဘုရားအလောင်းတော်ဖွါးစဉ်။ ရွှေအိုးကြီး၄လုံး လေးထောင့်၌ပေါ် ရှိနေပါသည်။ရင်းရွှေအိုးကြီး၄လုံးဟာ။မြေကြီးအထက်ဝဲဘက်ယူဇနာပေါင်း (၂၄၀၀၀၀) မြေ၌မြုပ်၍နေပါသည်။ မြေမှပေါ်၍နေသည်ကား။ (၁) သစ်ရွှေအိုးကြီးတဂါဝုတ်ပေါ်၍နေသည်။ (၂)ဇာသရွှေအိုးကြီး ၂ ဂါဝုတ်ပေါ်၍နေသည်။ (၃)ဥပလရွှေအိုးကြီး၊ ၃ ဂါဝုတ်ပေါ်၍နေသည်။(၄) ပုဏ္ဏာရိက၊ ရွှေအိုးကြီး ၄ဂါဝုတ်ပေါ်၍နေသည်။၄ ဂါဝုတ်ကိုတယူဇနာခေါ်သည်။ တနည်းခြောက်တိုင်နှင့်တာလေးရာကား။ တယူဇနာတည်း။ တနည်း။ ၁၃ မိုင်နှင့်၄ဖါလုံကား။တယူဇနာတည်း။ ဂေါတမအလောင်းတော်ဘုရားဖြစ်တော့။ ယသော်ဓရာဒေဝီက၊ သားတော် ရာဟုလာမင်းသားအား။ ဘုရားထံမှ ရွှေအိုးကြီး ၄ လုံးအမွေ ပေးပါရန် အမွေ

တောင်းလွှတ်လေသည်။ ဖြတ်စွာဘုရားက လောကီရွှေအိုးကို ပေးလျှင် အနှစ်တရာသာ ခံစားရ၍။ အပါယ်တံခါးလေးပိတ်သေး။ ဆင်းရဲသံသရာ လဲ မပြတ်သေး။ မဂ်ဖိုလ်နိဗ္ဗာန်လေးမရသေးချေ။ ပထဝီခါတ် ရွှေအိုးကြီး။ အာပေါခါတ် ရွှေအိုးကြီး။ တေဇောခါတ် ရွှေအိုးကြီး။ ဝါယောခါတ် ရွှေအိုးကြီးဆိုတဲ့။ ပရိမဏ္ဍ ရွှေအိုးကြီး ၄ လုံးကိုပေးမှ တသံသရာလုံး ငါ့သားတော် ချမ်းသာမည်။ ဘုံစဉ်စံရမည်။ သိဒ္ဓိကြီး ကိုးတန်ရမည်။ အပါယ်တံခါးပိတ်မည်။ ဆင်းရဲသံသရာ ဖြတ်မည်ဟု ခါတ်ကြီး ၄ ပါး ရွှေအိုးကြီး ၄ လုံးကိုသာ ရဟုလာအား ပေးလေသဖြင့်။ ရဟန္တာကြီး ဖြစ်သွားပါတော့သည်။

---

## (၁၀၃) မဟာပနာဒမင်းဘို ဗိမာန်ပေါက်။

မဟာပနာဒဇာတ်တော်၌ မဟာပနာဒ မင်းသားကို ဖွားတော်မူပြီး။ သုမေဓါဒေဝီနှင့် လက်ထပ်ပြီး။ နေဘို့ရာ လက်သမားခေါ်၍ စေခိုင်းရာ။ လက်သမား တိုင်းထွာထားသောနေရာ၌ ဗိမာန်ပေါက်၍။ တဖိတ်ဖိတ် တလျှပ်လျှပ်နှင့် ဖြစ်၍နေတာကို။ ဘုရင်ကြီးမြင်လျှင်။ သြော်-ငါ့သား တော်ကား။ ဘုန်းရှင်-ကံရှင်တည်း။ သိကြားမင်းက ဗိမာန်ဖန်ဆင်း၍ ပေးခဲ့ယောင်တကားဟု မျှားစွာပင် ဝမ်းသာ အားရရှိလှသဖြင့်။ မကြာမီ ထီးနန်းသိမ်းပွဲခံစေ၍ မင်းအဖြစ် လွှဲပေးပြန်လေသည်။

ဗိမာန်ရခြင်း၏ အကြောင်းကား။ တောတွင်းသား သားအဖ ၂ ဦး သည်။ တောသို့ သစ်ခုတ်ရန် လာခဲ့ရာ။ ယောဂီတဦး အားထုတ်နေစဉ်၊ တပိုင်းကနေပူ တပိုင်းက နေရိပ်ဖြစ်၍ ကြည်သိုပြီး သနားရကား။ ဘိုပ အလုပ်ကို မလုပ်တော့ဘဲ။ နဝဲသားဖြင့် သစ်ရွက်မိုးကျောင်း ပြု၍လှူ၏။ ကကျမ်းဌ ပဒစ္ဆက ဗုဒ္ဓါအား ဤပုံလှူသတဲ့။ ကံကြောင့် မဟာပနာဒ မင်း ဖြစ်သောအခါ တယူဇနာရှိသော ရတနာပြာသာဒ်ကြီး ပေါ်၍ နေကြ ရသည်။ အလှူရှင် ၂ ဦးတွင် အဖကား နတ်ပြည်မှာရှိသေး၏။ နောင် အခါ အရိမေတ္တေယျ ဘုရားပွင့်တော့။ အလှူရှင် အဖဖြစ်သူသည် နတ် ပြည်မှစုတေခဲ့ပြီး။ကေတုမတီပြည်၌ သခ်ၭကြာမင်း ဖြစ်လတံ့။ ထိုအခါ မဟာပနာဒမင်း ဗိုးစံခဲ့သော ပြာသာဒ်သည်။ဂင်္ဂါဖြစ်ထဲမှ ပေါ်လာပြီး

သခိ်စကြာမင်းအတွက် ဗိမာန်ဖြစ်လတ္တံ့။သခိ်စကြာသည် မိမိမသုံးစွဲဘဲ။ အရိုမေတ္တေ့ယျဘုရားအား လှူလတ္တံ့။ ဤကား ဒါနဝါတ် ဆက်ကူးနေ ပုံတည်း။ ယခုအခါ ပြဿဒါန်သည် ဂဂ်ါဖြစ်ထဲ၌ ဖြည့်နေပေ၏။

---

## (၁၀၄) ရွှေငွေတွေ မီးလွေးဖြစ်။ ကိသာ ဂေါတမီကြောင့် ပြန်ရွှေဖြစ်။

သာဝတ္ထိပြည်မှာ သူဌေးတဦး၌ ကုသိုလ်ကံကုန်တော့ တိုက်ထဲ၌ ရှိသော ရတနာတွေဟာ အကုန်လုံး မီးလွေးဖြစ်သွားတယ်။ တာကြောင့် အလွန်စိတ်ညစ်၍ အိပ်နေကြတယ်။ ပညာရှိတဦးသည် တိုက်သို့ တက်လာပြီး စိတ်ငြစ်၍ အိပ်နေကြတာကို မြင်တော့ မေးမြန်းတယ်။ သူဌေး ကလဲ အကြောင်းစုံ ပြောပြသတဲ့။ ဒီတော့ ပညာရှိက အိုရ-ဒီလိုဖြင့် မစိုး ရိမ်ပါနဲ့ တာတွေကို အိမ်ရှေ့သို့ ထုတ်ပြီးတော့ မီးလွေးရောင်းရန်ရှိသည် ဟု ကြော်ငြာပါ။ မီးလွေးဘဲဟု ထင်ပြီး လာ၍ဝယ်လျှင်။ ဈေးမတဲ့အောင် ပြောပါလေ။ ဘုန်းကံရှိတဲ့ လူရောက်လာလျှင်။ ဘာ့ကြောင့်ရွှေကို ထုတ်ရ တာလဲ ရောင်းရတာလဲဟု မေးသောသူအား။ ယောကျ်ားဖြစ်လျှင် သို့မဟုတ် လက်ထပ်၍ သုံးစွဲပါ။ မိန်းမဖြစ်လျှင် သားနဲ့လက်ထပ်၍ သုံးစွဲပါ။ သုံးစွဲ ရလျှင် ပြီးတာဘဲဟု ညွှန်ကြားဏ်။ပြောပြတိုင်း ပြုထားဏ်။ ရှေးကသူဌေး မျိုးမှဖြစ်လာ၍ ယခုအခါ၌ ပိန်ကြီနေသော ကိသာဂေါတမီသည်။ အိမ် ရှေ့၌ ဖြန့်ထားသော ရွှေတွေကိုမြင်လျှင်။သြော်-ဒီအိမ်ကလူနာယ် အ-လိုက် ထာ ရွှေငွေကိုထုတ်၍ ရောင်းသတဲ့ဟု မကြားတကြား ပြောသွားဏ်။ ပြန်ခေါ် ၍ ဒီခင်ကာ ဘာကိုပြောပါသလဲဟု မေးတော့။ရွှေတွေကို ချရောင်း လို့ပါ။ ဘယ်မှာလဲရွှေတွေဟု မေးတော့၊ ကိသာဂေါတမီက ဝင်လာ၍။ ရွှေပုံမှရွှေကို လက်နှင့် ဆုတ်၍ယူပြဏ်။ကိသာဂေါတမီကိုင်တာနှင့် မီးလွေး ဟာ ရွှေဖြစ်ရဏ်။ ပထမ ကုသိုလ်ကံရှိတုံးမှာ ရွှေပင်ဖြစ်ဏ်။ ထိုကုသိုလ် ကံကုန်တော့ မီးလွေးဖြစ်ဏ်။ ဂဟန် ကိသာဂေါတမီ၏ ကံကြောင့် ရွှေဖြစ် ပြန်ဏ်။ (၁) ရွှေဖြစ်လိုက် အနိစ္စ။ မီးလွေးဖြစ်လိုက် အနိစ္စ။ (၃) ဂဟန် ရွှေဖြစ်လိုက် အနိစ္စ တို့ကိုလဲတွေ့ရဏ်။ ကံကုန်ပုံလဲသိရဏ်။

## (၁၀၅) လင်မနစ်တပုလင်းလုံး အနီစွပုထု၊ အရီ ခွဲသိ။

ပုထုဇဉ်များ၏ အနီစွဲတွေပုံမှာ။ဗူးဆို့မဖွင့်ရသေးသော လင်မနစ်ကို စောင်းလိုက် အပျက်တွေ့၏။ ထောင်လိုက် အပျက်တွေ့၏။ လှိမ့်လိုက် အပျက်တွေ့၏။ ဒါပါဘဲ။ အရိယာများ၏ အနီစွဲကား။ ဗူးဆို့ ဖွင့်လိုက် ကော့။ ရေအားလုံးဆူပွက်ထသောတွေ့ တွေ့ရသည်။ တာမျှိုးပါဘဲ။ ပုထုဇဉ်တို့ အနီစွဲကား လင်မနစ်မဖွင့်မီ ပျက်သောအနီစွဲကဲ့သို့။ ဝိပဿနာကို အားထုတ်တော့။ ဟိုကပူပျက်၊ ဒီကဇျောက်စသည်ဖြင့် အပျက်အနီစွဲ ကြုံတဲ့တဲ့ကို တွေ့ရသည်။ အဲဒါဟာ ပုထုဇဉ်အနီစွဲ တွေ့ရပုံတည်း။ အရိယာတွေ့သောအနီစွဲကား။ ဒီဋ္ဌိဆိုတဲ့ ဗူးဆို့ကို ဝိပဿနာအားထုတ် မှုဆိုတဲ့ ဂိုက်နှင့်ဖွင့်တော့ တပုလင်းလုံးဆူပွက် အနီစွဲလို ခန္ဓာကိုယ်မှာလဲ ၃၂ ကောဋ္ဌာသကိုပင် မတွေ့ရတော့ဘဲ။ တကိုယ်လုံး တဖြန်းဖြန်းနှင့် တရွရှနှင့် တဂ်ိုန်းဂ်ိုန်းနှင့် အနီစွဲတမျိုးထဲသာ တွေ့ရတော့သည်။ ၃၂ ကောဋ္ဌာသအမြင်လဲမရှိစိတ္တဝိပ္ပလ္လာသလွတ်ပြီ။၃၂ ကောဋ္ဌာသအမှတ်လဲ မရှိ။ သညာဝိပ္ပလ္လာသလွတ်ပြီ။ ၃၂ ကောဋ္ဌာသ အစွဲလဲမရှိ။ ဒိဋ္ဌိဝိပ္ပလ္လာသ လွတ်ပြီ။ ဘာဘဲ ညာဘဲ ဟု စွဲစရာလဲမတွေ့ရ ဥပါဒါန်အစွဲလဲပြုတ်ပြီ။ ထို အတွေ့မျိုးကို (ယထာပုဗ္ဗုဒ္ဓကံပသေ+ ယထာပဒသမရိစိကံ+ နဒီသော တောဝိယ +ဒီပဇာလာဝိယ+နဒီသောတသမ္ဘပမံ) စသောပါဠိ(၇၂) ပုဒ် ဖြင့် ဘုရားဟောထားပါသည်။ ၎င်းကား အရိယာအတွေ့တည်း။

---

## (၁၀၆) အရိယာများရုပ်တွေ့ကြပုံ၊ ဆူဆေးထဲ့။

ရေဇလုံထဲသို့ ဝက်စ်ဆူဆေး၊ အင်ဒရူးဆူဆေးထဲ့၍ ကြည့်တော့။ ဇလုံဘခုလုံးရေတွေ့ဆူရပါသည်။ အရိယာများလဲခန္ဓာ၌ရှိတော့။ ဖြိုးဖြိုး ဖြင်းဖြင်း ဂ်ိုန်းဂ်ိုန်း ရိပ်ရိပ်နှင့် ၃၂ ကောဋ္ဌာသပျောက်အောင် အနီစွဲတမျိုးထဲ တွေ့ရပါတယ်။ (ဇကောခမ္မော) တွေ့ပုံပါဘဲ။ (ဇကောယနော) ပါဘဲ။

---

## (၁၀၇) မီးရဲရဲ၊သံတုံး ရေဇလုံထဲချကြည့်တာလို။

ဇလုံ၌ရေထဲ့ပြီး၊ရဲရဲနီနေတဲ့ သံတုံးကိုထဲ့ကြည့်တော့။ (၁) ဂ်ရဲ-ဂ်ရဲ အနီစွဲတွေ (၂)ဆူပွက်နေတဲ့အနီစွဲတွေ (၃) အခိုးထနေတဲ့ အနီစွဲတွေ

၃ မျိုးကို တွေ့ရတာလို ခန္ဓာကိုယ်၌ ဝိပဿနာရှုတော့။ ယထာပုဗ္ဗေ့ကံ ပဿေ၊ တကိုယ်လုံးရေပွက်များလိုတွေ့ရပါသည်။ ယတာပသေသောမရှိ စိတ်၊တကိုယ်လုံး တရိပ်ရိပ် တလျှပ်လျှပ်နှင့် တွေ့ရပါသည်။ပက္ခိတ္တာတိလာ ဝိယ၊ တဋ္ဌတဋ္ဌယန္တာဘိစ္ဆိတ်၊အိုးကင်းထဲနှမ်းတွေထည့်တော့ တမျောက် မျောက်နှင့်တွေ့တာလို တွေ့ရပါတယ်။ (၇၂) ပုဒ်ပါဠိနှင့်အညီတွေ့ရပါ တယ်။ ဆဲဒါ အရိယာများ ရှုပ်ကိုတွေ့ပုံတည်း။

## (၁၀၈) အန္ဓကဝိန္ဒပြည်ကသူဌေးလက်တွေ့။

မြတ်စွာဘုရားသည် ဒေသစာရီကြွချိတော်မူကော့ အန္ဓကဝိန္ဒပြည်မှ သူဌေးနှင့် လမ်းခရီးတွင်တွေ့ကြ၏။ သူဌေးလည်း လှည်းငါးရာမှာပါ သော ထန်းလျက်တို့ကို ဘုရားနှင့်သံဃာအားလှူပေ၏။ ကျွန်တာကို၊ ဂင်္ဂါမြစ်၌ချစေ၏။ သူဌေးလည်းဂင်္ဂါမြစ်ထဲသို့ပစ်ချရာ။ ဒီးရဲရဲသံတုံးကို ရေထဲသို့ချဘိသကဲ့သို့။ တခဲ့ခဲ့နှင့် ဆူဆူပွက်ပွက်နှင့် အခိုးတထထနှင့် တွေ့ရလေသည်။ ခန္ဓာထဲ၌လည်း ဤပုံပင်တွေ့ရလေသည်။

## (၁၀၉) ကသိက ဘာရဒ္ဒါဇ ပုဏ္ဏားလက်တွေ့။

မြတ်စွာဘုရားသည်။ ကသိက ဘာရဒ္ဒါဇ ပုဏ္ဏားထံသွား၍ သင်ကား ဘာလုပ်သနည်းဟု မေးတော့။ လယ်ထွန်လယ်လုပ်၍နေပါကြောင်း။ အ ရှင်ဂေါတမလဲ လယ်လုပ်၍စားပါလောဟု လျှောက်ရာ။ သင်လုပ်သော လယ်ကား ကနှစ်သာစားရသည်။ ငါလုပ်သောလယ်ကား တသံသရာ လုံးစား၍သွားရသည်။ နိဗ္ဗာန်အထိပင်တည်းဟု ဖြေပေ၏။ ပုဏ္ဏား။ အကျွန်ုပ် လယ်လုပ်ထောကို သက်သေ ပြနိုင်ပါသည်။ ရှင်ကြီးဂေါတမ လယ်လုပ်ထောကို သက်သေပြနိုင်ပါရဲ့လားဟု လျှောက်တော့။ မြတ်စွာ ဘုရားက မိမိ လယ်လုပ်ကြောင်း ဖြေပြ သည်ကား။ ငါဘုရားသည် သံသရာဆိုတဲ့ လယ်ပြင်ကြီးထဲ၌။ ကပေါစ၊ ချိုးခြီစွာကျင့်ကြံခြင်းဆိုတဲ့ ရိုးသားတွင်းမှာ။သတိဆိုတဲ့ ထွန်တုံး ထွန်သွားတပ်ပြီး။ ဉာဏ် ဆိုတဲ့ ဃမ်းပိုးကိုထမ်းစေ၍။ရှက်ခြင်းဆိုတဲ့ ဟိရိတရားထွန်ကိုင်းကို ကိုင်လျက်။ စိတ်ရိုင်းဆိုတဲ့ နှဖါးကြိုးကြီးတပ်ပြီး။ ဝိရိယဆိုတဲ့ နွားနှစ်ကောင်ဖြင့် လယ်ထွန်ခဲ့ပါတယ်။ သဒ္ဓါဆိုတဲ့ စောင်ရမ်းလဲကာပြီး ဖြစ်ပါတယ်။ သစ္စာဆိုတဲ့ ၍ လဲ စောင့်ရှောက်ပါတယ်။ ဒီပုံ လယ်လုပ်သဖြင့် ပစ္စည်း

တွေ့လုံ့လေးကိစ္စာရဂို ပြည့်တင်းနေသဖြင့်။ ဆင်းရဲအပေါင်းမှ **လွတ်**မြောက်ခြင်း။ သောရစ္ဆနှင့် ပလဆိုတဲ့ နိဗ္ဗာန်အထိ။ ခံစား စံစားကာနေရပါ၍။ ငါဘုရားမှ တကဲ့လယ်လုပ်သမားကြီး အစစ်ဖြစ်ပါတော့သည်ဟု ဟောပြတော့။ ဩသြဝ်-အ,ုင်ကြီးဂေါတမ၏ လယ်လုပ်ခြင်းသည်ကား။ အတုမရှိမြင့်မြတ်သောလယ်လုပ်ခြင်းဟုဆိုလည်း ဆိုနိုင်ပေ။ ဘုရားက မစားဘဲ အနိုးရှိဂင်ါမြစ်ထဲသို့ချစေ၏။ ပုဏ္ဏားကြီးသွားချောက်ပစ်ချသောအခါ။ ဖိုးရဲရဲပြိုသောသံတုံးကြီးကို ရေမှာချသကဲ့သို့။ ဂင်ါမြစ်တခုလုံး တာ,ဲ,ဲနှင့် တဆူဆူ ကပွက်ပွက်နှင့် အခိုးတွေ့ တချောင်းချောင်းနှင့် ထောင်းထောင်းထ၍ ခါတ် ၃ မျိုးပေါ်ပါသည်။ ခန္ဓာမှာလဲ ဝိပဿနာ,ုတော့။ ရေပွက်ပမာ ပုဗ္ဗုဒ္ဓကံပဒေသဖြင့်ရင်း။ တံလျှပ်ပမာ မရိုဗိကံပဒေသဖြင့်ရင်း။ တဒ္ဓဘဒ္ဓယ,ုံ,ာ တဖြစ်ဖြစ်၊ တဖျောက်ဖျောက်၊ တ,ဲ,ဲနှင့် ရုပ်နလက္ခဏာ၊ ဝိညာဏာမလက္ခဏာ၊ ခယ၊ ဝယ၊ ဘင်္ဂနှင့် ဝိရာဂ၊ နိရောဓ စသော မျှားစွာသော လက္ခဏာများနှင့်တွေ့ရ မြင်ရသိရှိရတော့၏။ အမျိုးမျိုးပေါ်ပေါက်နေကာကား ရုပ်တရားပါတဲ့။ **သိသိ**နေတာကား နာမ်တရား (နာမရူပ ပရိစ္ဆေဒဉာဏ်တည်း) တဖန်ရုပ်ပေါ်လို့ နာမ်ကသိသည်။ အခြောင်းအကျိုး တွေ့သိတော့ ပစ္စယပရိဂ္ဂဟဉာဏ်ရပုံကပြီး။ စူဠသောတာပန်ပါတဲ့။

---

## (၁၁၀) သားငါးထဲ ဆားခါတ်ဝင် မပုတ်ရပါ။

ဥပမာ ငါးသေကောင်ကခုကို အမြီးမှခေါင်းအထိ တဲ့တဲ့ဖြစ်အောင် ဒါးဖြင့် ခွဲထားပါ။ ၂ ချမ်းဖြစ်ရော။ပထမဘာချမ်းကို ဆားခါတ်ထဲ့၍ နယ်ပါ။ ကြာ,ရည်ထားပါ မပုတ်ပြီ။ စားရ၏ ရောင်းမ၏ ငွေရ၏။ ဆားမသုံ့မို့ ငါးပိမ်းတဲ့။ဆားပင်တော့ ဆားနယ်တဲ့။ တနည်း ငါးပိကောင်တဲ့။ ။အဲဒါ ဥပမာဘဲ။ ကိုယ်ခန္ဓာမှာခါတ်မပေါ်မို့ ပညတ်ပုဂ္ဂိုလ်ဘဲ ပုထုဇဉ်ဘဲ ခါတ်တရားတွေ့တော့ ပရမတ္ထပုဂ္ဂိုလ်ဘဲ အရိယာဘဲ အာစာရအရိယာ ဒဿနအရိယာ လိင်္ဂအရိယာ သုံးဆင့်ခွဲစိတ်ချရပြီ။ ကြာ,ရည်စွာအထားခံတာလို သံသရာ,ရည်ကြာစေဦးတော့ အပါယ်မကျရဘဲဆင်းခဲ့လွတ်ရမည် စားရ သုံးရတာလို ဘုံဘဝဥစ္စာ ဆိန္ဒကြီးကိုးဘန်ရ (၉၇) ဆင့်ဖြင့် မြင့်မြင့်တိုး တက်သွားရတော့သည်။ ရောင်းချရတာလို တရားပြ ဆရာ-ဘုရား

ကိုယ်စား ပြသနိုင်တော့သည်။ ဌေရတာလို မဂ်ရ ဖိုလ်ရ နိဗ္ဗာန်ရတော့သည်။ တရွေးမှအဘိုးမတန်သော ဆားဝင်တာတောင် ဤမျှအကျိုးရသေးလျှင်။ ခါတ်တရား ပရမတ်ဘရားဆိုတဲ့ အရိယာဆားဝင်ခဲ့သော် အစိန္တေယျပါဘဲ။ ဒုတိယ ကျွန်သော အချမ်းကား ဆားမဝင်လို့ ပုတ်သဖြင့် ပစ်ရပါသည် မျက်မြင်တည်း။

## (၁၁၀) သားငါး နေပူခါတ်ဝင် ခြောက်ရ မပုတ်ရ။

ဥပမာ ငါးကို ရှေးနည်းအတိုင်း ၂ ချမ်း ခွဲခြားထားပါ။ တချမ်းကို ဘန်ခူးလ နေပူ၌ ကဆုန်လနေပူ၌ လှမ်းပြီး အခြောက်ဖြစ်ပါစေ။ ၇ ရက်လောက်နေပူ လှမ်းရသော် အစိုဘဝမှ အခြောက်ဘဝသို့ ရောက်ရှိပါတော့သည်။ ကြာရှည်ခံ၏ စားသုံးရ၏ ရောင်းချရ၏ ဌေးရ၏ ဥပမာ ဥပမေယျကား ဆားထဲ့ ဥပမာအတိုင်း ပြောပြကြပါကုန်။ တချမ်းကား နေပူခါတ်မဝင်၍ ပုတ်ရိုးဆွေးပျက်လျှက် အမှိုက်ပုံ၌ ပစ်ထားရတော့သည်။ အသား ကြာရှည်မခံပါ။ မသုံးစားရပါ။ မရောင်းချရပါ။ ဌေးမဝင်တော့ပါ။ နေပူခါတ်နှင့်ပရမတ်ဝင်ပုံ မဝင်ပုံကို ဆားထဲ့ ဆားမထဲ့ ဥပမာဖြင့် ခွဲကြပါကုန်။

## (၁၁၂) သက်တန့်ရောဂါနှင့် ၄ က်ပြောဖီးချမ်း။

ခါတ်သဘာဝလိုက်ပုံ ခါတ်ကူးစက်ပုံကား (လောကော အစိန္တေယျာ)ဆိုသည့် အတိုင်း အလွန်ပင် ဆန်းကျယ်လှသည် ဥာဏ်ဖြင့်သိသင့်သမျှလောက်သာသိကြ မြင်ကြရသည်။ ခါတ်သဘာဝ၏ နက်နဲပုံ မသိနိုင်သောအရာကား မျှားလှစွာ၏။ လူတယောက်မှာ သက်တန့်ရောဂါ (စက်တန့်နာ) ပေါက်ရောက်၍နေ၏။ ခံသာသေး၏။ ထိမ်းနိုင်သေး၏။ မအော်ရ မဟစ်ရသေးချေ။ ထိုသို့ဖြစ်နေခိုက်၌ မသိတတ်နားမလည်သော လူတယောက်က ၄ က်ပျောဖီးချမ်းလာ၍ပါသည်။ လူနာစားဘို့ဟုခါတ်မတဲ့သော အသံကလေး တချက်လောက်ကြားရုံမျှနှင့် သက်တန့်ရောဂါသည် ထကြွသောင်းကျန်း၍ လာတော့၏။ မခံသာပေ မအောင့်နိုင်ပေ အော်ရဟစ်ရတော့၏။ (သက်တန့်နာနှင့်၊ ၄ က်ပျောကား) ကမ္ဘာရန်ပင်ဖြစ်၏။ စားမိသော် သေဘွယ်ရာသာဖြစ်၏။

## (၁၁၃) မဂ္ဂလောင်ရောဂါနှင့်အမဲသား။

ခါတ်တရားဆိုတာ မတဲ့လျှင်ခေါက်ကနဲ သေတတ်၏။ လူနာကိုခါတ်စာပေးရာ၌ လူတိုင်းကြောက်လန့်ကြ၏။ (မတဲ့လျှင်ခေါက်ကနဲ+တဲ့လျှင်မြောက်ကနဲ) လူတယောက်မှာ မဂ္ဂလောင်ရောဂါစွဲကပ်သဖြင့် ကုသနေပေ၏။ အတော်ကြီးသက်သာ၍ လာပေ၏။ မသိတတ်သောလူတဦးက စားစေချင်လို့အမဲသားလာ၍ပေးရာအနံ့ကလေးရတာနဲ့(ငန်း၊မာန်း၊အန်း) လိုက်ပြီး သေဆုံးဘူး၏။

## (၁၁၄) ခွေးရိုး၊ ကျားရိုးနှင့်လိပ်ခေါင်းရောဂါ။

(ဤအမှတ်အသားကား ကိုယ်တွေ့မဟုတ်ပါ။ သုတသာတည်း)ကြားရဘူးသည်ကား။ လူကယောက်၌ လိပ်ခေါင်းရောဂါဖြစ်တော့ ဆရာခေါ်သတဲ့။ ဆရာကား ခွေး၏အရိုးကို ပုလင်းတခု၌ထဲ့ပြီး ဘယ်ဘက် လွယ်အိပ်၌ ထားသည်။ကျားရိုးစစ်စစ်ကို ပုလင်းတခု၌ထဲ့ပြီး ညာဘက် လွယ်အိပ်၌ထားသည်။ခွေးတို့၏မျက်စေ့ကား ကျားသံ၊ကျားနံ့ ရလျှင် ဆုတ်နစ်မြဲသဘောရှိ၏။ ထို့ကြောင့်၊ ပထမဦးစွာ ကျောက်ပြင်တခု၌ ခွေးရိုးကိုသွေးပြီး ပြစ်ပြစ်ရှိတော့ လိပ်ခေါင်း၌ လိပ်မိုးကျန်၍ထားသည်။ အဲဒါ ပထမတည်း။ နုတိယ၌ ၎င်းခွေးရိုးနှင့်ဆိုင်ရာကိုဖယ်ရှားထားပြီးသုတ်သင်ပြီးတော့ ကျောက်ပြင်အသစ်တခုနှင့် ကျားရိုးကိုသွေး၍ ဆရာ့လက်ဝါး၌ သုတ်ပြီး ခွေးရိုးသုတ်လိမ်းထားတဲ့ လိပ်ခေါင်းကိုပြ၏။ အနံ့ပေး၏။ အခိုးအငွေ့ထိစေ၏။ ထိုအခါ ခွေးရိုးလိမ်းကျန်ထားသောလိပ်ခေါင်းသည်။ ကျားရိုးခါတ်ကြောင့် ဝင်ပြီးသွားသတဲ့။ လိပ်ခေါင်းကုသပုံ၌ ခါတ်ချင်းတိုက်၍၊ ကုသကြသည်ဟု ကြားရဘူးသည်။ စမ်းကြည့်ကြပါ။

## (၁၁၅) ခွေးလေးသိန်းကျားနံ့ရ၊ ခါးကြိုးကျကြပုံ။

အလယ်ခေါင်တဲ့တဲ့ခြာတောခြိုင်ယာဘရှိ၏။ တောခြို၏ပတ်ဝန်းကျင်အရှေ့ဘက်၌ ခွေးဘသိန်းရှိ၏။ တောင်ဘက်၌ခွေးဘသိန်းရှိ၏။ အနောက်ဘက်၌ ခွေးတသိန်းရှိ၏။ မြောက်ဘက်၌ခွေးတသိန်းရှိ၏။ ထိုခွေးများသည် သူတို့ချင်းချင်း ပေါင်းသင်းရုံးမိလို့ ဘာကိုမှမကြောက်မလန့်မကြောင့်ကြပါ။ နွားမြင်း ကျွဲ လားကိုလဲ ဂရုမပြုပါ။ တာပေမဲ့ အလယ်ခေါင်တဲ့တဲ့ခြိုထဲ၌ကျားကကောင်ရှိ၍၊ လေဖြင့်ကျားနံ့ရကြသောအခါ။ ၎ဘက်

ဂိုဏ်ခွေးများသည်ကျား၏အနံ့ကြောင့် ခုခံကိုကိုစိတ်မကူးနိုင်ကြဘဲ။ခွေးတိုင်း ခါးကြိုးချိန်ကြ၍ မြေ၌ ဖင်သိုကြ၍ တရွတ်တရွတ်ဆွဲလျက် ထွက်ပြေး ကြကုန်၏။ ခွေးတို့ပါးစပ်မှလည်း ကိန်ကိန် အိမ်အိမ်နှင့် ဟစ်အော်ကြ၏။ ကျင်ကြီးလမ်းမှလည်း ကျင်ကြီးများပါထွက်ကြ၏။ ကျင်ငယ်များလည်း ထွက်ကြ၏။တိရစ္ဆာန်ချင်းချင်း ဒုဂ္ဂတိချင်းချင်း အဟိတ်ချင်းချင်းအပါယ် ဘုံသားချင်းချင်းပေမဲ့ ဂျုံးခါတ် နိုင်ခါတ်ကြောင့်ပင် (ခါတ်နှင့်ကိလေ သာကားဤပုံတည်း။)

---

(၁၁၆) အင်ဂျက်ရှင်းဆေးထိုး ချက်ချင်းသက်သာပုံ
မျက်မြင်လက်တွေ့။

(၁၁၇) တက်ရောဂါ ဖုံမသိမ်ဆားနှင့်သံပုရာရည်ဖျော်တိုက် ချက်ချင်းကျ၏။

(၁၁၈) တောင်ခြေ၊ချောင်းများမိုယ်းရှာတော့။

တောင်ခြေ ချောင်းများ၌မိုးယိုးရှာတော့။ စိမ့် စမ်း အင်း အိုင် ဖြောင်း ငယ် ချောင်းငယ် စသည်တို့မှ ရေအဟုန်သည် တိုက်ခိုက်ပြီး သယ်ယူပြီး လာခဲ့ရာ။ မြစ်ရေထဲ၌ (ဒရောသောပါး) ထွေးလား လုံးလားနှင့် ရေ၊သဲ နှံ၊ဇိုက်၊ကျောက်စရစ်တို့ ဃနပညတ်ဖြစ်၍ သမ္ဘဟပညတ်ဖြစ်၍ မျှောကာ လာကြသည်။ အဲဒါ ပုတ္တဇဉ်အခိုက်၌ ဖြစ်၍ နေပုံတည်း။ ။ပင်လယ်ဝသို့ ရောက်တော့။ ဒီရေ ရေတက် အဟုန်ကြောင့် မျှောလာတဲ့ သမ္ဘဟ ဃန တို့သည် အာကာသခြားပြီး သဲနေရာ၌ သဲတွေစုပြီး သောင်ပြင်ကြီးဖြစ် ထာကိုတွေ့မြင်ရပါတယ်။ ကျောက်စရစ်နေရာသို့ ရောက်တော့ ကျောက် စရစ်ပြင်ကြီးဖြစ်နေတာကို တွေ့မြင်ရပါတယ်။ လတာသို့ရောက်တော့ နုံးပြင် နှံပြင်ကြီးဖြစ်၍နေတာကိုတွေ့မြင်ရပါတယ်။ ရေနောက်သို့ရောက် တော့ ရေနောက်ချည်း တန်း၍နေတာကို မြင်တွေ့ရပါတယ်။ ရေကြည်သို့ ရောက်တော့ ရေကြည်ချည်း စုနေတာကို မြင်တွေ့ရပါတယ်။ ကမ်းစပ် သို့ရောက်တော့ ဇိုက်သရော်ချည်းစု၍နေတာကို မြင်တွေ့ရပါတယ်။ မြစ်ထဲ မှာ ရေနဲ့မျှောနေစဉ်ကတော့ (ဒရောသောပါး ထွေးလားလုံးလားပါဘဲ) သမ္ဘဟ၊ ဃန ဖြစ်ပုံပါဘဲ။ ပင်လယ်ဝ ပင်လက်ထဲရောက်တော့ (၁ သဲ၊ ၂ နှံ၊ ၃ ကျောက်စရစ်၊ ၄ ရေနောက်၊ ၅ ရေကြည်၊ ၆ ဇိုက်သရော်၊)

မြစ်ထဲမှာ ပုထုစဉ်ဖြစ်၍နေပုံတည်း။ ပင်လယ်ဝမှာ ဝိပဿနာ စူဠဇောတာပန် မဂ္ဂိုမသောတာပန်ဖြစ်၍ နေပုံတည်း။ ပင်လယ်သမုဒ္ဒရာတဲမှာ မဟာသောတာပန်ကစ၍ အရိယာကြီး ၄ ဦးတို့ဖြစ်၍နေပုံတည်း။

## (၁၁၉) အရိယာအလင်း၊ ပုထုဇဉ်အမှောင်။







သောတာပန်သကဒါဂါမ် အနာဂါမ်။ရဟန္တာတို့၏ အရိယာ ခန္ဓာကိုယ်တိုက်ခန်းကြီး ၌အမြဲဘမ်း ပထဝီ၊ အာပေါ တေဇော ဝါယောခါတ် ပရမတ် အလင်းကြီး လင်းထိန်ဝင်းပ ရှင်းရှင်းကြီး ပြလျက်ရှိ နေသောကြောင့်။ အပါယ်သို့ကျစေတတ်သော အပါယဂါမိက လောဘ ဒေါသ၊ မောဟ၊ ဈာသ၊ အဘိဇ္ဈာဒေသောမှောင်အထုကြီးများ မဝင်နိုင် မသန်းနိုင်သဖြင့် အပါယ်တံခါးပိတ်ခြင်း။ ဆင်းရဲသံသရာ ပြတ်ခြင်း များဖြစ်ကြရပါသည်။ ။ပုထုဇဉ်နယ် ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်များမှာမူကား။ ခါတ်တရား ပရမတ်တရား အလင်းများ မရှိ၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဈာသ၊ အဘိဇ္ဈာ မှောင်ထုကြီး များကျ၍ နေကြပါသည်။ အပါယ်ကျရ ဆင်းရဲရနှင့် မလွတ်နိုင်ကြပါ၊ အရိယာကြီးလေးပါးတို့အတွက် ကျက်ရန်လက်မှာ။

(ကံ၊ဇော်၊ ပစ်၊လက်၊ နိဗ္ဗာန်ချက်၊ ပေါ်ထွက် အလင်းငါး)။

ကမ္မသကတဝိဇ္ဇာ အလင်းကြီး။ဇမ္ဗုဝဝဏ္ဏာနဝိဇ္ဇာအလင်းကြီး။ ပစ္စယဝိဇ္ဇာအလင်းကြီး။ လက္ခဏဝိဇ္ဇာအလင်းကြီး။ နိဗ္ဗာနဝိဇ္ဇာအလင်းကြီး ထိန်လင်းတောက်ပ၍နေပါသည်။ ပုထုဇဉ်လေးဦးတို့အတွက် ကျက်မှတ်ရန်အမှောင်ကြီးလက်မှာ။

(ကံ၊ဇော်၊ပစ်၊လက်၊နိဗ္ဗာ ငါးချက်၊ ကွယ်ဝှက် အမှောင်ငါး)။

ကမ္မသကတသမ္မောဟ၊ ဇမ္ဗုသမ္မောဟ၊ ပစ္စယသမ္မောဟ၊ လက္ခဏသမ္မောဟ၊ နိဗ္ဗာနသမ္မောဟ ဆိုတဲ့ အမှောင်ကြီးငါးပါး ဖုံးကွယ်ထား၍ ဘာမှမမြင်နိုင်ကြပါ။ အရိယာလေးပါးမှာ ခါတ်အလင်း ပရမတ်အလင်း

ကြီးမျှားရထားကြသဖြင့်။ စက္ခုံဥဒပါဒိ၊ ဥာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဘုရားဟော ဒေသနာနှင့်အညီ။ ရဟိကြပါတော့၏။ ပုထုဇဉ်ကား သနားစရာတည်း။

## (၁၂၀) ကြက်သောင်းဝါး၊လက်သဲချစ် ဝါတ် ၃ ပါးပေါ်။

ကြက်သောင်းဝါးအချောက် အပေါ် ခွန်ကို လက်သဲဖြင့် ချစ်တော့။ (ကျရစ်-ကျရစ်) နှင့်အသံဝါတ်ကို နားကကြားရခြင်း တဝါတ်ပါဘဲ။ ရင်ထဲမှ ငိုးရှိဟာဒယာဝဏ္ဏ၊ နှလုံးအိမ်ခွံရှိသောစိတ်ဖြင့် သိရခြင်း တဝါတ်ပါဘဲ။ သွားအားလုံးခွဲ ကျင်ရခြင်းကြိမ်းရခြင်း တဝါတ်ပါဘဲ။(၁)သွားကျင်ပေါ် တာက ရုပ်ဝါတ်ဘဲ။ (၂) နားက ကြားရခြင်းနှင့် စိတ်ကသိရခြင်း ၂ ပါး က နာမ်ဝါတ်ပါဘဲ။ ၎င်းဝါတ် ၃ ပါးခွဲ ပုဂ္ဂိုလ် သတ္တဝါ ငါငါ သူသူ လူလူ နတ်နတ် ပညတ်မပါ အမှားမကပ် သက္ကာယဒိဋ္ဌိ ကွာပါတော့၏။ ယုံမှားစရာမရှိလို့ ဝိစိကိစ္ဆာ ကွာသွားတော့၏။

## (၁၂၁) အချဉ်ပြော-ဝါတ် ၃ ပါးပေါ်။

တကယ် ပရမတ်မရှိပါဘဲလျက် အခေါ်ပညတ်မျှဖြင့်မရမ်းသီး ချဉ်တယ်။ မာန်ကျီးသီးချဉ်တယ်။ သံပုရာသီးချဉ်တယ်။ ရှောက်သီးချဉ်တယ် စသည်ဖြင့် ပြောပြနေတော့။ (၁) နားကကြားရတယ် နာမ်ဝါတ်ပါဘဲ။ (၂) စိတ်ကသိရတယ် နာမ်ဝါတ် ပါဘဲ။ (၃) ပါးစောင် ၂ ဘက်ခွဲ သွားရေယိုတယ် ရုပ်ဝါတ်ပါဘဲ။ ၎င်းဝါတ်များခွဲ ပုဂ္ဂိုလ်သတ္တဝါ ငါငါ သူသူ လူလူ နတ်နတ် ပညတ်မရှိပါ အမှားမကပ်ပါ ဒိဋ္ဌိကွာ၏။ ယုံမှားစရာမရှိ ဝိစိကိစ္ဆာကွာ၏။

## (၁၂၂) တောင်ထိပ်သစ်ပင်ဘားကစား၊ ဝါတ် ၃ ပါးပေါ်။

လူပေါင်းတရာလောက်က အောက်က ကြည့်နေတယ်။ဘားကစားသူက တောင်ထိပ်တွင် ချောက်ကမ်းပါးဘက်သို့ ကိုင်းနေတဲ့ သစ်ပင်ကို တက်ပြီး လက်တဖက်ထဲနှင့်ဆွဲပြီး လွဲနေလိုက်။ ခြေတဖက်ထဲနှင့် ဆွဲးပြီး လွဲနေလိုက် လုပ်၍ပြတာကို မြင်ရသောလူတရာမှာ။အသဲတုံ့လိုက် ရင်ခုံလိုက် အသဲယားလိုက်နှင့် ရုပ်ဝါတ်ပေါ်သည်။ စိတ်နာမ်ကမြင်သည်။

မနောကသိသည်။ ဓါတ် ၃ ပါးခွဲ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊မယုံမှား ဒိဋ္ဌိ ၆၆ ၂ ပါးလုံး ပြုတ်ကွာ၏။

## (၁၂၃) နိမိတ်ဖြင့်သဘာဝသိ သန်ဿပါသိပုံ။

ဘိုးတော် ဦးဝိုင်းလက်ထက်က အယူတော်မဂ်လာသည် နိမိတ်ဖတ်မှန်ကန်လျှင်ဟု ကြော်ငြာရကား ဘုရင်ကိုယ်တိုင် ကြွက်တကောင်ကို ကွမ်းအစ်ဖုံးဖြင့် လျှောင်ထား၍ ဝန်မျှားအားပြသပြီး ထားနှင့်၏။ အယူတော် မဂ်လာသည်လည်း နိမိတ်ကြည့်ပြီး သတိနှင့်လာခဲ့ရာ။ ဘုရင်က ဒါအောက်မှာ ဘာမျှားရှိသလဲ ဖေါ်စမ်းဟု မိန့်၏။ နိမိတ်ယူလာစဉ်က ဝက်မနှင့် သားငယ် ၂ ကောင်ကို တွေ့မြင်ခဲ့တော့။ ကွမ်းအစ်ဖုံးအောက်မှာ ဝက်နှင့်ဝူတာ ကြွက်ဘဲဟု သိ၍ အရှင်မင်းကြီး ကြွက်ရှိပါတယ်ဟု လျှောက်၏။ ဘုရင်နှင့် ဝန်ကြီးများက အံ့သြပြီး သာဓုခေါ် ကြသည်။ တဖန် ကြွက်ဆံတော့မှန်နေပြီ ဘယ်နှစ်ကောင်နည်းဟုမေးပြန်၏။အယူတော် မဂ်လာက နိမိတ်မြင်စဉ်က အမိနှင့်သား ၂ ကောင် တွေ့ထားလို့ အရှင်မင်းကြီး အမေတကောင်နှင့် သား ၂ ကောင်ရှိပါတယ်ဟု လျှောက်ရာ၊ အားလုံးက ဝေါ ကနဲ ရယ်မောကြ၏။ဘုရင်က ပြန်လျှောက်ပါဦး (အမေတကောင် သား ၂ ကောင်ပါ) မဟုတ်ဘူးလေ နိမိတ် ပြန်ကြည့်ပြီးမှ လျှောက်ပါ။ (အမေတကောင် သား ၂ ကောင်ပါ) ဟူ၍ရဲရဲရင့်ရင့်ကြီး သံတော်ဦးတင်၏။ ကွမ်းအစ်ဖုံးကို မ၍ကြည့်တော့ အမေတကောင် သား ၂ ကောင် ဖြစ်၍နေတော့၏။ကြွက်မသည် ကြောက်လန့်တကြားနှင့် သားမွေးလို့ ဖြစ်ရပါသည်။ ထားသောသူကပင် ရှုံးရ၍ဖက်သောသူက နိုင်ရကား အံ့သြကြ၏။

## (၁၂၄) နိမိတ်ဖြင့် အမှန်အကန် ပြောပြနိုင်ပုံ။

ဘိုးတော်ဦးဝိုင်းသည် မင်းကွန်းဘက်သို့ ထွက်၍စံတော်မှုစဉ် မြေးတော် မင်းသားက အယူတော်မဂ်လာအား လက်တွေ့ပညာစမ်းလိုသဖြင့် အယူတော်မဂ်လာ ဟိုကြည့်စမ်း၊ ဧရာဝတီမြစ်ဆင်ပါမှာ လေတွေဆိုက်ပြီး လေမှ ကုန်းပေါ်သို့တင်ပြီး စုပုံထားကြသည် အဲဒါဟာ ဘာတွေလဲဗျာဟု မေး၏။ အယူတော်မဂ်လာသည် နိမိတ်အဖြစ်ဖြင့်ကြည့်ရာ ကတိပါအထပ်ပုံကိုမြင်တော့အပေါ်ကကတိပါကားစိမ်း၏။အလယ်ကကတိပါကားနီ၏။

အောက်က ကဟိပါကား မဲနက်၏။ (အပေါ် စိမ်း အလယ်နီ အတွင်းနက်) ဖြစ်တော့ ဖရဲသီးဘဲဟုသိပြီး။ အရှင့်သား ယခုစုပုံနေတာဟာ ဖရဲသီး တွေပါဟု ဖြေ၏။ သွားရှိကြည့်ခိုင်းတော့ ဖရဲသီးတွေပင် ဖြစ်၍နေ၏။ မင်းသားရော ဘုရင်ရော ဝန်ကြီးတွေရော အံ့သြမဆုံး ဖြစ်ကြတော့ သတည်း။

## (၁၂၅) ပုရောဟိတ် နိမိတ်မှန်လှပုံ။

ရှေးအတိတ်က ဘုရင် တပါးမှာ နိမိတ်ဖတ်မှန်ကန်လှသော ပုရော ဟိတ်တဦးရှိ၏။ ဘုရင်က စုံစမ်းလိုသဖြင့် လက်ထဲ၌ ဆုတ်ထားပြီး။ မင်းကြီး ငါ၏လက်ဆုတ်ထဲမှာ ဘာရှိသလဲ ဖြေပါဟုမေး၏။ ပုရောဟိတ် သည် နိမိတ်ကြည့်ရာ။ယင်ကကောင်ကို အိမ်မျှောင်ကဘမ်း၏။လွတ်သွား သည်ကို နိမိတ်ယူ၍ လွတ်ထာဟာ(မုဏ္ဍာ)တည်း။ရင်းနှင့်အသံဘူကား (မုဏ္ဍာ) ဘဲ။မုဏ္ဍာပုလဲမို့ ပုလဲရှိပါသည်ဟုလျှောက်၏။ မှန်ကန်သဖြင့် ချီး မွမ်း၏။ တဖန် ပုလဲဆိုတာကော့ မှန်ကန်နေပါသည်။ဘယ်နှလုံးလဲဟုမေး ပြန်၏။ နိမိတ်ယူပြန်ရာ ခေါင်းပေါ်အမိုးဆိုက(ဒက်-ဒက်-ဒက်)ဟု အိမ် မျှောင်စုတ်ထိုးတာကိုယူပြီး (ပုလဲသုံးလုံးပါ)ဟု လျှောက်ရာ အားလုံးပင် ဖြေတိုင်း မှန်ကန်လှသဖြင့်။ရာထူးဌာနန္တရတိုး၍ ချီးမျှင့်ခြင်း လာဘ်လာ ဘပေး၍ ချီးမြှောက်ပြန်၏။ နိမိတ်ဆိုတာ ယူတတ်လျှင် အမှန်ချည်းဘဲ။ ယခုယောဂီများလဲ ခန္ဓာမှာပေါ်တဲ့ ခါတ်တွေဟာ နိမိတ်တွေပါဘဲ။ မဂ် ရမည့်နိမိတ် ဖိုလ်ရမည့်နိမိတ် နိဗ္ဗာန်ရမည့်နိမိတ်တွေပါဘဲ။ သို့ကြောင့် ကြိုးစားပြီး ခါတ်နိမိတ်ကို ဘမ်းကြကုန်။

## (၁၂၆) ပဏ္ဍုကမ္မလာကျောက်ဖျာနိမိတ်။

အရှင်ဌ ဇနကမင်းကို ညီတော်ပေါလ ဇနကမင်းက တိုက်ခိုက်တော့ နောင်တော် ကံကုန်လေသည်။ နောင်တော်၏ မိဖုရားကြီးသည် ရသမ္ဘ ပစ္ဆည်း စိန် ပတ္တမြားအဘိုးတန်တို့ကို တောင်းခဲ့ပြီး ဆန်ဖြင့်ဖုံး၍ ရွက်ချိ ကာ မထင်ရှားသော အသွင်ဖြင့် ထွက်ခဲ့ရ၏။ မြို့တော်၏ ပြင်ပဘို့ ရောက် လျှင် ဘယ်ကိုမှ မသွားဘူးသဖြင့် မသွားတတ် မလာတတ်ဘဲ ဇရပ်၌ နား ကာနေလေ၏။မိဖုရား၏ ဝမ်းတိုက်၌ ကိန်းပိုက်နေသူကား သာမန်မဟုတ် ချေ ဂေါတမ ဘုရား၏ အလောင်းတော်ပင်တည်း။ဘုရားလောင်း၏ပါရမီ တန်ခိုးတော်ကြောင့်။ခါတ်ဝင်၍ တာဝတိန်သာ နတ်ပြည်ရှိ ပင်လယ်က

သစ်ပင်အောက်၌ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာအတွင်း၌ ရှပ်ခါတ်ပေါ် ၍ နေတော့သည်။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကား ငယ်သည်ဟု မထင်နှင့် အလျားမှာ (၆၀) ယူဇနာရှည်၏။ အနံမှာ (၅၀) ယူဇနာကျယ်၏။ အထုမှာ (၁၅) ယူဇနာရှိ၏။တယူဇနာဆိုတာ ၁၃ မိုင်ခွဲတည်း။ လူပြည်က ကံခါတ် နှာင်ခါတ်ကြောင့်တာဝတိန်သာ မြကျောက်ဖျာမှာ ရှပ်ခါတ်မျှားပေါ်ရှိ၏။ (နှာမရှုပ ပရိစ္ဆေဒ) လူပြည်က နှာမ်ကြောင့် နတ်ပြည်မှာ ရှပ်ပေါ်၏။ (ပစ္ဆယ ပရိဂ္ဂဟ) ကျောက်ဖျာတခုလုံး အလျားရော အနံရော အထုရော ခါတ်ပေါ်၏။(၁) ကျောက်ဖျာ၌ တင်း၍ပေါ်တာက ပထဝီခါတ်ပေါ်တာဘဲ။ (၂) ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ပူပြင်းတာက တေဇောခါတ်ပေါ်တာဘဲ။ (၃) ကျောက်ဖျာတခုလုံး လှုပ်တာက ဝါယောခါတ်ပေါ်တာဘဲ (၄) တခုနှင့်တခု သားဘာချင်း မတူတာက ခြားနားတာက အာကာသ ခါတ်ပေါ်တာဘဲ။ အဲဒါကို သိကြားမင်းသိတော့ ဘာအကြောင်းကြောင့် နိမိတ်ပေါ်တာလဲဟု ကြည့်လျှင်။ ဘုရားလောင်း၏ မယ်တော် ဒုက္ခရောက်လို့ဟု သိပြီး ဆင်းသက်ခဲ့၍ ခရီးသွား လူအရိုကြီးယောင်ဆောင်ခါ လှည်းစီးပြီး အနီးဌ်ရပ်လျက် တမ္ပြိတရွာသို့ သွားလိုသူမျှားရှိလျှင် လိုက်နိုင်ပါသည်ဟု ကျွေးကြော်လေ၏။ မိဖုရားက အဘိုးရှင်-ကျွန်မလိုက်ပါ့မယ်ဟု ဟန်ပြင်၏။ လာလာငါ့သို့ လှည်းပေါ်သို့တက်ပါ။ ဘယ်မြို့သို့သွားမလဲ ကာလစမ္ပာနဂိုရ်ပြည်သို့ ပို့ပေးပါ။ ကဲဒါဖြင့်တက်တက်။ ။မစိုးဝံ့ပါ။ ။ဘာ့ကြောင့်လဲ။ ။ကိုယ်ဝန်အရင့်အမာနှင့်မို့။ တာဖြင့် ကိစ္စမရှိပါဘူး။ အဘိုးလှည်းယဉ်က အလွန်သန်မမ်ပေမပါသဖြင့် လှည်းမဆောင့်ရပါဟု အတန်တန်ပြောမှ လှည်းပေါ်သို့တက်၍ အိပ်စက်ခါ လိုက်လေသည်။မိဖုရားသည် နတ်၏အတွေ့ကိုထိရလျှင် ဤလှည်းကား နတ်ရထားဟည်း။ ဤအဘိုးကား သိကြားမင်းတည်းဟု ဇကနသိရှိတော့၏။ ။တရားရှိနတ်စောင့်ပုံနှင့် လူပြည်မှ နတ်ပြည်၌ ခါတ်ပေါ်ပုံ ခါတ်ဆက်ပုံ နှာမရှုပ ပရိစ္ဆေဒနှင့် ပစ္ဆယပရိဂ္ဂဟ ခွဲပြပုံကည်း။

---

## (၁၂၇) နတ်စုတေခါနီး နိမိတ်ငါးမျိုးပြ။

(လက်ဘ။ ။ပန်း၁တ် ချွေးယို၊ဆင်းမျက်ပြို၊ ပျော်လိုမရှိငါး။

(၁) နတ်၌ ဆင်မြန်းထားသော ပန်းများ ညှိုးနွမ်းခြင်း။ (၂) အဝတ်များ ညှိုးနွမ်းခြင်း။ (၃) လက်ကကည်းကြားမှ ချွေးယိုထွက်ခြင်း။ (၄)

အဆင်းအရောင်ပြိုပျက်လာခြင်း၊ (၅) ဒိဋ္ဌိမာန်ဌိ မပျောက်နိုင်ခြင်း။ အဲဒီ နိမိတ် ငါးပါးပေါ်လာလျှင် ထိုနတ်ကား လူတို့၏ ၇ ရက်စေ့လျှင် စုတေ တော့မည့် နိမိတ်များပါဘဲ။ ယောဂိများလဲ တရားတွေ့၍ အဝတ်ပြောင်း လာခြင်း။အစားပြောင်းလာခြင်း။အနေ အဖိုပ် အပေါင်းအသင်း စကား အပြောအဆို ပြောင်းတာမြင်လျှင် ပုထုဇဉ် စုတေ၍ အဂိုယာ ဘဝသို့ ရောက်နေတော့သည်။

## (၁၂၈) ရဟန်းများစုတေကာနီး နိမိတ်ငါးပါး။

(လက်ဘ)။ ။ပန်းဝတ် ချွေးယို၊ ဆင်းပျက်ပြို၊ပျော်လိုမရှိငါး။

(၁) သိလပန်းများ ညှိုးနွမ်း၍လာခြင်း။ (၂)သက်နုံးအဝတ် တမျိုးဖြစ် ၍လာခြင်း။ (၃) အပြင်းချွေးများယိုဖိတ်ပြီး အိပ်ခါ-လဲခါ စဉ်းစားပွဲခံ၍ နေခြင်း။ (၄) ရဟန်းအိန္ဒြေအဆင်း ယိုယွင်း ပြိုဆင်းလာခြင်း။ (၅) ဒိဋ္ဌိ ကျောင်းဌ မပျော်ပိုက်ခြင်း။အဲဒီ နိမိတ်ငါးပါး တပါးပါး ထင်လာသော် ထိုရဟန်းကား စုတေတော့မည်။ (ဝါ) လူထွက်တော့မည် လူဘောင်သို့ ဆင်းတော့မည်ဟု သိကြပါလေ။

## (၁၂၉) သီ၊ ဘော၊ သုံး၊ ဆယ် နိမိတ်။

မသိဘာမရှိ၍ (မ) တလုံးကြေ မကာရလောပ၊ တောင်တွင်းဆရာ တော် ခင်ကြီးဖျော်သည် အကော်ဆုံး အတတ်ဆုံးဟု ကျော်ဇောလှပေ ၏။ရင်းကံကုန်ခါနီးတော့ ရောဂါရှိရာ စံနည်းနာစေ၏။ရင်းပြန်လာတော့ ဘာမျှားကြားခဲ့သလဲမေးရာ၊စံနည်းနာသူက တရွာလုံး တိတ်ဆိတ်နေပြီး ပြန်ခါနီးတော့ ခေါ်လေးအမေကထပြီး ယောင်ယမ်းသည်ကား။(သီ၊ ဘော၊ သုံး၊ ဆယ်) အသံတခုဖြင့် ကြားခဲ့ရပါတယ်ဟုလျှောက်၏။ ။ဆရာတော် ကြီးဘုရားက ကဲ-ကဲ ဒါဖြင့် ဆေးမတိုက်နဲ့တော့ ငါကေန့ သေတော့ မည်။ ။ဘာ့ကြောင်းပါလဲဘုရား။ (သီဘောသုံးဆယ်) ကွဲ့။စံနည်းထွက် နေပြီ။ ။အနက်ကား။ဘော၊ အိုအချင်းတို့။ သီ၊ သီလရှိပေသော။ ဆယ်၊ အင်္ဂါသားသည်။သုံး၊ သေလတ်တဲ့ဟု ပြောခါ တရားဘာဝနာကို မျှားစွာ ပွါးပြီး ကံကုန်လေ၏။

## (၁၃၀) စာတလုံး အဓိပ္ပါယ်လေးမျိုးထွက်ပုံ။

ဘောင်တွင်း ဆရာတော် ခင်ကြီးဖျာသည် တဝါ နှစ်ဝါလောက်ရှိ စဉ်က။ ဒါယကာကယောက် ဘောလယ်လျှောက်ရာ ကျောက်ဖျာတခု၌ စာတလုံးထဲက စာလေးလုံးဖြစ်ပုံကိုတွေ့ရပြီး ဒါကိုစဉ်၍ အကျိုးတခုတော့ ရမှာဘဲဟု ဥပါဒါန်ဖြစ်၍နေကာ ဆရာတိုင်းမေးလဲ အဖြေမရ ရှိလေ၏။ ဌက်ပစ်တောင်ကျောင်းက ရဟန်းအကျော်ကပါးရှိသည်။ သွားပြီး ရုံစမ်းဦးမှာဘဲဟု ကြံ၍ရောက်လာ၏။ အရှင်ဘုရား စာတလုံးက ၄ လုံးရှိတာ တွေ့ရလို့ ကြည့်လဲစမ်းပါဟုလျှောက်ရာ။အကျော်ရဟန်းက ဝါမအားဘူး ဘုရားစာနှင့်ဟု ငြင်းပါယ်လေသည်။ တဖန် ဆွမ်းစားပင့်ရာ မရသဖြင့် ဒကာက (သဒ္ဓါဒေယျဒကွင့်အာပါတ်လဲ သတိပြုပါရန်ဟု လျှောက်၏။) တယ်ပြီး ရှုပ်တဲ့ ဒကာဘဲဆိုပြီး လိုက်လာခဲ့၏။ကျောက်ဖျာသို့ရောက်လျှင် စာကိုပြုတော့၏။ စဋ္ဌ ပင်ဘည်း(၈၊ ၉ ၊ ၁၊ စ) တည်း။အကျော်ရဟန်းက ကျောက်ဖျာအောက်မှာ ရွှေတွေ့အလွန်များတယ်ဟု ဖြေဆိုပြီး ဆွမ်းအလှူခံ၍ ပြန်ခဲ့၏။ ဒကာလည်း အမျိုးမျိုးနှင့် ကျောက်ဖျာကို ထုခွဲရာမရချေ။ ဒါကြောင့် အကျော် ရဟန်းထံလာရောက်လျှောက်ထားပြန်သဖြင့်။ဝိနည်း ပရိယာယ်သုံး၍ ဒါယကာ ကွမ်းစားတော့ဘာများသုတ်၍စားသလဲ။ဒကာက ထုံးသုတ်၍စားပါသည်ဟု လျှောက်၏။ထုံးဟာ ဘာကဖြစ်လာသလဲ။ ကျောက်ကပါဘုရား။ရဟန်းအကျော်သည် စကားမပြောတော့ချေ။ဒကာ သည် ဆက်၍ စဉ်းစားသည်ကား။ ထုံးဟာကျောက်ကဖြစ်ထာ ဘာနဲ့ လုပ်လို့ ကျောက်က ထုံးဖြစ်သလဲ မေးရန်ရှိဟယ်။ မီးဖုတ်၍ဖြေရမည်။ သိပြီ နားလယ်ပြီဟု ကြံစိုကာပြန်သွားပြီး။ထင်းခြောက်ထင်းစိုများစွာပုံပြီး မီးတိုက်ရာ ကျောက်ဖျာကွဲ၍ ရွှေတွေ့ရပြီး သူဌေးကြီးဖြစ်လေသည်။

ကံလေအမှိုက်၊မီးဖြင့်တိုက်၊ လောင်မျှိုက်ကုန်ခမ်းရာ။
ကျောက်ဖျာကြီးဌ၊မီးဖြင့်တိုက်၊ သုံးထိုက်ရွှေများစွာ။
ကောင်းသူဌေး၊ဥာဏ်ပဒေး မျှော်တွေးမှန်သစ္စာ။

## (၁၃၁) အ၊ သု၊ ခ ရွှေအိုးရ။

ဒါယကာကဦးသည် မန်းစက်တော်ရာ သွားလမ်းတွင် သရက်ပင် အထူးဌ (အ၊ သု၊ ခ) ဆိုတဲ့ စာကိုတွေ့ပြီး ဒါကိုအကြောင်းပြု၍ ချမ်းသာ ခြင်းဖြစ်ရမှာဘဲဟု ယုံကြည်ထားတယ်။ ထို့ကြောင့်လဲ ပညာရှိကယ်ဟု

အထင်ရှိသော သူများကို ခေါ်ပြပြီး အဓိပ္ပါယ် ကောက်ယူစေတယ်။ (အသုခ)မချမ်းသာဘူးဟူ၍သာ အနက်ပေးကြသည်။ ကနေ့သဋ္ဌ သက်နှံ့ ညှိညှိ ဈာန်ရှိ ရရ စာပေကိုထမ်းပြီး ကြွလာတဲ့ ရဟန်းတော် တပါးကို တွေ့တော့ အရှင်ဘုရား ကြွပါဦးဟု ပင့်၏။ ထိုရဟန်းကား ယခင်ကပြခဲ့သော တောင်တွင်းအကျော် ရဟန်းတော်ပင်တည်း။ ထိုရဟန်းက ဒကာ ငါ့မှာ ခရီးသွားမှ် စခမ်းအမှိသွားရမည်။မလိုက်နိုင်ဘူးဟု ဖယ်ခဲ့၏။ဒကာ လည်း ဆွမ်းကပ်စရာရှိလှိုပါဟု ပင့်၏။ မနေသာဘဲ လိုက်ခဲ့ရာ ဆွမ်းစားပြီး သွားမည်အပြုတွင်။ဒီစာသတ်ပြုစေချင်ပါတယ်ဟုလျှောက်၏။ရဟန်း အကျော်ကား ခေတ္တမျှ စောင်းလွဲကြည့်ပြီး။ ဒီသရက်ပင် အောက်မှာ ဣရိယာပထ်ကြီးရှိတယ် တူးယူပါတဲ့ ဒကာရဲ့ဟု ပြောပြောဆိုဆို ကြွသွားလေ၏။ ဒကာကလည်း သဘောကျလှသဖြင့် နောက်ကလိုက်ခါ။ အရှင်ဘုရား စာကတော့ (အသုခ) မှ မချမ်းသာဘူးဟု ဆိုနေပါတကားဟု လျှောက်ရာ။ရဟန်းအကျော်က ရှေးဆက်ပြီးကြံစည်ပါအုံး ဒကာက မကြံတတ်ပါဟုလျှောက်၏။ ရဟန်းအကျော်က (အ) တပုဒ်။ (သု) တပုဒ်။ (ခ) တပုဒ်ကဲ့ ဒကာ့ရဲ့[ အ၊ အမ္မမှလေ။ သု၊ သုဝဏ္ဏံကုဘ်ိ ။ခ၊ ခနုတု ] အ၊ အမ္မမှလေ သရက်ပင်ရင်းခို။သု၊သုဝဏ္ဏံကုဘ်ိ ၊ဣရိယာပထ်ကြီးကို။ခ၊ ခနုတု၊တူးဖေါ်လေ့တဲ့ဟု တဲ့တဲ့ပြောမှရိပ်မိရာလေ၏။ပြန်လာခဲ့ပြီးတူးဖေါ်ရာဣရိယာပထ်ကြီးကိုရ၍ ဒကာသူဌေးကြီး ဖြစ်ခဲ့လေသည်။ ပယ်သင့်တာကို ပယ်၍ တူးသင့်တာကိုတူးမှ ချမ်းသာရာရဘူးလေပြီ။

---

## (၁၃၂) အိမ်ကိုမီးခ ရှောကိုးရ။

တောင်တွင်းဆရာကော် ခင်ကြီးမျော်သည် အမရပူရမြို့သို့ ရောက်ပြီး ဘုရင့်ဆရာ ဖြစ်တော်မူခဲ့ပြီး။ သားသျှီး မြေး မြစ်ဆို ဘာမှမရှိသော အမယ်အိုကြီးတယောက်သည်။ ဆရာတော်အား သားကဲ့သို့ ချစ်ခင်ပြီး ဆွမ်းကပ်၍နေပေ၏။ နှစ်ပေါင်း ကြာညောင်းသော်။အမယ်အိုကြီးက မိမိ ဓ

်ကို ပြုပြင်ဆောက်လုပ်ချင်၍ ဆရာတော်ထံ၌ အခါတောင်း၏။ ဆရာတော်လည်း ပြည့်စုံစွာ အခါရေး၍ ပေးလိုက်သည်။ ကျောင်းပေါ်မှ ဆင်းလာသောအမယ်အိုကြီးကို ပုရောဟိတ်က ဘာစာလဲပြစမ်းပါဟု ယူပြီး ဖတ်၍ကြည့်ရာ။ မီးကြိမ်းရှိသည်ကိုမြင်၍ မူလကလဲ ဆရာတော်ကြီးအား မနာလို ဝန်တိုလျက် အမြဲတမ်း အပြစ်ကိုသာကြည့်၍ နေသူဖြစ်ရကား။

အပြစ်မြင်တာနဲ့ စစ်ဆင်တော့သည်။ အမယ်အိုကြီးသည်စာအတိုင်းအိမ် မဆောက်ပါနဲ့ ဆောက်မိတာနဲ့ မီးစာဖြစ်မှာဘဲဟုပြောရ၏။ အမယ်အိုကား နားမထောင်ပေ။ အိမ်သို့လိုက်ပြော အိမ်ဖျက်တော့လဲပြော မြေညှိတော့လဲပြော၊ ဤလိုနေ့ပြော ညပြောနှင့်ပြောပါများတော့အမယ်အိုမှာ ၂ စွဖြစ်ပြီး ဆရာတော်ထံ လာပြန်သည်။ ဆရာတော်က ပုရောဟိတ်စကားကို မယုံကြည်နဲ့ဂါပေးတိုင်းသာပြုပါဟုဆိုလိုက်လေသည်။အမယ်အိုလည်းရှိသမျှ အကုန်ခံ၍ အိမ်ဆောက်ပြီးလျှင် မီးသင့်လောင်တော့၏။ အမယ်အိုကား မရှု။နိုင် မရှာနိုင် ငိုယိုပြီး ပုရောဟိတ်က ခဏ-ခဏ လာလာပြောတာကို မယုံမိလို့ ဖြစ်ရတယ်ဟု ရင်ကိုထုထုပြီး ငိုလေသည်။ (သားယုံလို့ ဖုံးလုံးကမ်းရသည်ဟု ငိုယို၏။) တာနဲ့ မနေဘဲ ကျောင်းသို့သွားပြီး ဆရာတော်ထံ၌ အပစ်ပြော၍ ငိုကြွေးရာ။ ဆရာတော်က ပြုံးရှင်လျက် ဘာ့ကြောင့် ငိုကြွေးရတာလဲဟုမေးတော့။ အမယ်အိုက နွားတတ်တယ်ဆို ဘယ်မှာလဲ မီးလောင်ဘို့တတ်ထာလား အိုကြီး အရိမ္ဘ ရှိသမျှကို မီးခကုန်ပါပြီ။ပုရော ဟိတ်ရဲ့စကားကိုနားမထောင်မိလို့ဟု ငိုတော့၏။ ဆရာတော်ကား ပြုံးပြုံးရှင်ရှင်နှင့် ကဲ-ကဲ မငိုနဲ့တော့ (ခုနှစ်ဆယ်ကျော်မှကံပေါ်ပြီ။)ဒကာမကြီး အိမ်ကို မီးလောင်သွားတော့ ထံစက်မိတ်နေရာ တိုင်နေရာကို ကျကျ နန မှတ်မိပါရဲ့လား။(မှတ်မိပါတယ်ဘုရား) မှတ်မိရင် အိမ်၏ ထံစက်မိတ်ကျ ရာနေရာကို တိုင်စိုက် ကြိုးဆွဲပြီး အစောင့်နှင့်ဟူးပေတော့။ရွှေအိုးတွေပေါ် တော့မည်ဟု ဟောဘ၏။ အမယ်အိုကား သိတ်မယုံလှပေ။ ဆရာတော်က ပုရောဟိတ်ဟာ အိမ်ဆောက်လို့ မီးလောင်မှာ တခုသာမြင်သည်။ရှေးကို လှမ်းမမြင်ပေ။[ အမှန်မှာ အိမ်ဆောက်မှ မီးသင့်မည် မီးသင့်မှ ရွှေအိုးပေါ် မည် ရွှေအိုးပေါ်မှ သူဌေးဖြစ်မည်။ သူဌေးဖြစ်မှ ဒါန၊သီလ၊ ဘာဝနာကို အားစိုက်နိုင်မည်။ အားစိုက်နိုင်မှ မဂ်ဖိုလ် နိဗ္ဗာန်ရမည်ဟု ဟောပြရာ။] အမယ်အိုကြီး ယုံကြည်တော့၏။ ဆရာတော်သည် ဘုရင့်ထံမှ အစောင့် အရှောက်ထားစေပြီး စည်းချ၍ဟူးဖေါ်စေရာ။ပြောတဲ့အတိုင်း ရွှေအိုးတွေ ရ၍ အမယ်အိုကြီး သူဌေးဖြစ်တော့သည်။ ဤအခါကျမှ နိုင်ငံကျော် ပြည်ကျော် တိုင်းကျော်၍ (မကာဝရလောပ) တောင်တွင်းဆရာတော် ခင်ကြီး ဖျော်ဟု ကျော်လေသည်။ ပြခဲ့ပြီး (၁) စာတလုံးက အဓိပ္ပါယ် လေးမျိုး ထွက်ပုံ။ (၂) အ၊ သ၊ ခ၊ ရွှေအိုးရ။ (၃) အိမ်ကို မီးခ ရွှေအိုးရ။ဤသုံးဌာနခွဲ ရွှေတွေရခြင်းသည်ကား တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ ဥာဏ်

ပေါ်ကြောင့်ရကြတာပါ။စာနိမိတ်ဖြင့်ပေးခြင်းနေပေမဲ့ မယူတတ် မသိတတ်က မရကြပါပေ။ယခုလဲ ပိဋိကတ် ၃ ပုံကဗျာန်ရဘို့၊ဝိဇ္ဇာရဘို့၊အဘိညဉ်ရဘို့၊သမာပတ်ရဘို့၊မဂ်ဖိုလ်ရဘို့၊ နိဗ္ဗာန်ရဘို့၊ အမြဲပေးခြင်းနေပါတယ်။

(အသိတလုံး အရှိသုံး အဆုံးနိဗ္ဗာန်သာ၊) အဲဒါလိုရင်းပါ။

## (၁၃၃) ဘုရားက ဗျာဒိတ်ပေးပုံ။

တသ၊ တတ္ထ သုခိနော၊ ဓမ္မပဒါနိပလာဒိနိ၊ ဒန္ဓောဘိက္ခဝေ၊ သတုပ္ပါဒေါအထခေါ်သောသတ္ထောဝိပ္ပမော၊ ဝိ သေ သ ဘာ ဂိ ဟောတိ။

စတုကနိပါတ် အဂိုတ္တိုရ် ပါဠိတော်။ ။တသ၊ ထိုလူပြည်က ဝိပဿနာအားထုတ်သော ယောဂီအား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာစွာ။ ဓမ္မပဒါနိ၊ တရားအစုတို့သည်။ ပလာဒိနိ၊ ပေါ်လာကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။သတုပ္ပါဒေါ၊ ငါသည် နတ်ပြည်၌ ဖြစ်ခဲ့ပြီဟု သတိရခြင်းသည်။ဒန္ဓော၊ နှုံးနှေးနောက်ကျသေး၏။အထခေါ်၊စင်စစ်သော်ကား။ သောသတ္ထာ၊ ထိုဝိပဿနာယောဂီသည်။ဝိပ္ပမော လျင်မြန်စွာသာလျင်။ ဝိ သေ သ ဘာ ဂိ၊ မဂ်ဖိုလ်နိဗ္ဗာန် ထူးသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

(၁) လူပြည်က ဝိပဿနာ အားထုတ်၍သေသော် နတ်ပြည်ကနေ့ရ မဂ်ဖိုလ်ကနေ့ရမည်။ (၂) လူပြည်က ဝိပဿနာ အားထုတ်၍ သေသော် နတ်ပြည်ကနေ့ရမည်။ နတ်တရားဟော မဂ်ဖိုလ်ရမည်။ (၃) လူပြည်က ဝိပဿနာ အားတုတ်၍ သေသော် နတ်ပြည်ကနေ့ရမည်။ ဗြဟ္မာတရားဟော၍ မဂ်ဖိုလ်ရမည်။ (၄) လူပြည်က ဝိပဿနာ အားထုတ်၍သေသော် နတ်ပြည်ကနေ့ရမည်။ နတ်အချင်းချင်းသတိပေး၍ မဂ်ဖိုလ်ရမည်။ အဲဒါ ဇုဒ္ဓဗျာဒိတ်တော်ကြီး ၄ ချက်မှု သိဟ်အားတက်စရာပါဘဲ။

## (၁၃၄) ကရဝိက်ငှက်တွန်ကြူး မူးမေပုံ။

သိရိဓမ္မာသောက မင်းတရားကြီး၏ ကောင်ညှာစံဒေဝီ မဟော်ဖြစ်သော အသန္ဓိမိတ္တာ ဗိဓရားကြီးသည်။ ချင်ခြင်းဖြစ်သည်ကား မြတ်စွာဘုရား၏ အသံတော်ဆိုတာ အလွန်အကြူး အဆုံးပင် သာယာ ချိုဆိမ့်ငြိုမ့်ပြီး ဘဝင်စိမ့်စေနိုင်ပေသည်။ကရဝိက် ကြိုးကြာမှု ဗြဟ္မာအသံမျှမက

သာယာ လှပေသည်ဟု ကြားရဘူးသည်။ ယခုနေမျှား ဘုရားသခင်၏ ပါဂ နာချင်လိုက်ပါဘိတော့ဟု ချင်ခြင်းဖြစ်၏။ ထို့ကြောင့် မဒ္ဒီမသာ ဝေဒနာရသောသူကဲ့သို့ ညှိုးတွ ပိန်ခြုံး နုံးနယ်၍နေပေ၏။တတိယ သင်္ဂါ ယနှာတင် ဘုရင် သိရိဝမ္မာ သောကမင်းကြီး သိသော်။ ရဟန္တာများကို ပင့်၍ တိုင်ပင်သကာလ ဘုရားအသံကိုတော့ ကြားရမည် မဟုတ်ပေ။ ဘုရားအသံနှင့် အလားတူသော အသံကား ကရဝိက် ငှက်တို့၏ အသံပင် တည်း။ရင်းငှက်များဟာ သီတာချနှစ်တန် တောင်စဉ် ချနှစ်ထပ်တွင် ကရ ဝိကတောင်ခွသာနေသည်။ မင်းကြီး၏ အာဟာတော် ပြန့်နှံ့ရာမှ ရွှေချိုင့် ကြီးလုပ်ပြီး အာဏာတော်နှင့်ခေါ်လျှင် မနေသာပေ လာရမည်ပင်ဟု အကြောင်းပြကြကုန်၏။ သိရိဝမ္မာသောက မင်းတရားကြီးဟာလဲ ရွှေချိုင့် ကြီးပြုပြီး အာဏာတော်နှင့်လွှတ်လိုက်လေ၏။[ ရွှေချိုင့်ကြီးအာဏာတော် ခါတ်ဝင်၍ ကရဝိက် ငှက်ကို ဘမ်းယူပြီး ပါဠုလိပုတ်ပြည်သို့ ပြန်လာ ခဲ့သည်။] ဘဲဒါဟာအုံ့ဩစရာ အလွန်ကောင်း၏။ လူလဲ မဟုတ်ဘဲနှင့် သွားခြင်း ဘမ်းခြင်း ပြန်လာခြင်း ပြုပါပေသည်တကား။ခါတ်တရား၏ အုံ့ဘွယ်တည်း။ နန်းတော်သို့ ရောက်လျှင် ဟနေ့၌ တွန်ကြွေးအံ့ နက်ဖြန် တွန်ကြွေးအံ့နှင့် စောင့်မျှော်ရာ ရက်သာ ကုန်တော့၏ မတွန်ကြွေးခဲ့ပေ။ အကြောင်းကို သိရှိရန် ဝန်ကြီးတို့နှင့် တိုင်ပင်ရာ ဥယျာဉ်ထဲ၌ ငှက်ကို ထားပြီး ဘေးပတ်လည်မှ မှန်တွေကို ထောင်ထားပါလျှင် မှန်ထဲ၌ တောရိပ် တောင်ရိပ် ကရဝိက်ငှက်အရိပ် သူသဏ္ဌာန်ကို ဟိုမှန်မှာလဲ ပေါ်ရ ဒီမှန်မှာလဲ တွေ့ရသဖြင့် အပေါ်တွေနဲ့နေရပြီဟု ထင်ပြီး တွန် ကြွေးပါလိမ့်မည်ဟု အကြံပေးကြသည်။ ဘဲဒါနဲ့ဘဲ ဥယျာဉ်သို့ ဆောင်ပြီး မှန်တွေထောင်ပြီး မြှင်ဘောင်တောဝနာ စုံမြှင်ရိပ်သာများ ထင်ဖြင်ရ တော့ ကရဝိက်ငှက်ကြီးဟာ လည်တန်ကိုမော့ အတောင် ၂ ဘက်ဆော့ လျက် ညာခြေကို ကော့အောင်မျှောက်ပြီး တွန်ကြွေး လိုက်တော့သည်။ ပြည်သူပြည်သားလူအများနှင့် မင်းစိုးများပါ ဘဝင်ငြိမ့် နဝင်စိမ့်ပြီး ဖိမ့် ဖိမ့်လျှက်သတိမရဘဲ မျှောမှော့ကြကုန်၏။ပန်းခြုံအောက်ကခုနှစ်ရာသော ဓိဝုရားငယ်နှင့် ခြံရံကာနားစိုက်နေသော အာသန္ဓိဝိတ္ထာဝဓိဝုရားကြီးသည် ကား မျှောမှော့ရာမှ သတိရလျှင်။ ဩ-ရာဝမကင်း၊ ဒေါသမကင်း၊ မောဟမကင်းတဲ့ သရာဂ၊ သဒေါသ၊ သမောဟ၊ အနေဋ္ဌကည်ရှိသော ကရဝိက်ငှက်၏ တွန်ကြွေးသံပင် ဤမျှ လောက် ချိုသာငြိမ့် ဘဝင်စိမ့်

အောင်ဖြစ်တုံသေး၏တကား။ဝိရာဂ၊ ဝိဒေါသ၊ဝိမောဟ၊ဖြစ်တော်မူသော မြတ်စွာဘုရား၏အသံတော်ကား ဘယ်မှာပြောဘွယ်ရာ ရှိတော့အုံ့နည်းဟု ဘုရားဂုဏ်တော်ကို အာရုံပြုရာ။ ခန္ဓာမှ တရှိန်းရှိန်း၊ တဖိန်းဖိန်းနေတဲ့ အဖြစ်အပျက် ရုပ်နှစ် သိန္ဓာနတို့ကို စိတ်ကသိ ဥာဏ်ဖြင့် မိခဲ့ရာ။ ဝိဇရား (၇၀၀)နှင့်တကွ အသန္ဓိမိတ္တာ တောင်ညာဒေဝီ မဟောသဓာ သောတာ ပန်တည်တော့၏။ ပညတ်အပြင် နိမိတ်မှ အတွင်းပရမတ်ရှုလို့ မဂ်ဖိုလ်ရ သွားပုံတည်း။

## (၁၃၅) ကာလနဂါးကို ရှေခြေနင်းခါတ် သွင်းခေါ်ပုံ။

အခါတပါးဌ အသန္ဓိမိတ္တာဝတီဇရားသည် ဘုရားဖြစ်ပုံ အကျင့်ပြတ်ကို အစမှ အလယ်သို့ အလယ်မှ အဆုံးသို့ အုံ့ဩရင်း တွေးတောနေရာ။ ဩော်-ဘုရားရှေလက်ထက်တော်အခါက သူတောင်းစား အစေခံကျေး ကျွန်တောင် မြတ်စွာဘုရား၏ ၃၂ ပါးသောလက္ခဏာတော်ကြီးကိုရင်း။ (၈၀) သောလက္ခဏာငယ်များကိုရင်း။ ရောင်ခြည်တော်ခြောက်သွယ်ကို ရင်း။ အသံတော်ရှစ်ပါးကိုရင်း။ တရာ့ရှစ်ကွက်သောစက်လက္ခဏာတော် များကိုရင်း။ ပိုင်ပိုင်နှိုင်နှိုင်ဖူးတွေ့ကြရပေတယ်။ မြတ်စွာဘုရားဟာသည် အခါတရားဟောတော့လဲ သိကြား၊ ဗြဟ္မာ၊နတ် အဖြာဖြာနှင့်ကကွ။နဂါး၊ ဂဠုန်၊ ကုမ္ဘဏ္ဍ၊ ယက္ခ၊ ဂန္ဓဗ္ဗမကျွန် တရားနာလာကြသဖြင့် ဘုရား၏ ပရိသတ်ဖိုလ်ပါစုံ အကုန်မြင်ကြရပေတယ်။ ဟိုအခါက (သူတောင်းစား၊ အစေခံ၊ကျေးကျွန်တွေကား) ယခုလို လောကီဘက်ကပြည့်ဝနေတဲ့ငါတို့ ထက်ပင် ကံကောင်းကြပါပေရဲ့ဘုန်းသမ္ဘာကြီးကြပါပေရဲ့ဟုစာနာတော့။ ဝမ်းနည်းပြီး ယိုစီးသော မျက်ရည်များဖြာ၍၊ပုဝါနှင့်သုတ်ကာနေခိုက်တွင် သိရှိမ္မောသောက မင်းတရားလာခိုက်နှင့်ကြုံ၍ ဖြစ်ပုံကိုမေးတော့သည်။ ဝိဇရားကြီးလဲ အစ အဆုံး သံတော်ဦးတင်ရာ မင်းကြီးဌ အကြတ်ရိုက် တော့၏။ ယခုနေအခါ ဘုရားမှမရှိတော့ဘဲ။ ဘယ်လိုပြန်ပမလဲဗျာဟု ညီးတွားပြီးမှ စိတ်ဇောင် ကံကောင်းလျှင် ရုပါစေ့မယ်ဟုချော့ခဲ့ပြီး။ ဝန်တွေနှင့် တိုင်ပင်လေသည်။ ဝန်ကြီးတို့ကလည်း သည်အရေးဟာ သာသနာတော်၏အရေးမို့ ရဟန္တာများနှင့်တိုင်ပင်မှပင်သင့်လျော်ပါမည် ဟု အကြံပေးကြရာ။ နက်ဖြန် ဆွမ်းစားကြွပါရန်ဟု ရဟန္တာများအား ပင့်ဖိတ်လေသည်။ နံနက်ဌဆွမ်းစားကိစ္စပြီး၍ မင်းကြီးသည် ရဟန္တာ

ကြီးတို့အား လျှောက်သည်ကား။ အရှင်ကောင်း အရှင်မြတ်တို့ဘုရား။ အရှင်မြတ်တို့၏ သာသနာ့ဒါယိကာမ ဖြစ်သော အသန္ဓိမိတ္တာသည်။ ကြီကြီးစိုရာ ဘုရားသခင်ကိုမှ ဖူးမြင်ချင်လှပါသတဲ့ဘုရား။ အဲဒါ အရှင်မြတ်တို့က ချီးမျှင့်ရမည့်တာဝန်ကြီးကျ၍နေပါတော့သည်ဟု လျှောက်တော့။ ရဟန္တာကြီးများက ဝါတို့မှာ ဖန်ဆင်းပြနိုင်သောတန်ခိုးတော့ရှိ ကြပါရဲ့ တာပေမဲ့ မြင်ဖူးမှ တူအောင်ဖန်ဆင်းနိုင်တာကွဲ့။ ပြသရမည့် ဝါတို့ကိုကပင် ဘုရားသခင်ကို မဖူးရဘူးတော့ ဘယ်နှယ်လုပ်ပြီး ပြသနိုင်မှာလဲ တခုတော့ရှိသေးတယ်။ ဥရုဝေလ တောမြို့ကြီးအနီး ဗေါဓိပင်နှင့် မလွင်းမကန်း နေရဟူရာမြစ်ဆိုတာရှိတယ်။ အဲဒီမြစ်ထဲမှာ ကာလနဂါးဟာရှိတယ်ကွဲ့။ အဲဒီကာလနဂါးဟာ ဘဒ္ဒကမ္ဘာအစက ပွင့်တော်မူသွားတဲ့ (၁)ကကုသန္ဓဘုရား။ (၂)ကောဏာဂမနဘုရား။ (၃)ကဿပဘုရား။ (၄)ယခုပွင့်တော်မူသွားတဲ့ ဂေါတမဘုရား လေးဆူလုံးကိုမှီလဲ မှီလိုက်တယ်။ ဖူးလဲ ဖူးရတယ်။ အဲသူ့ကိုခေါ်ယူပြီး ဖန်ဆင်းခိုင်းရင်ဖြင့် ဓိဝရားကြီးမှာ တဆူမကဘဲ ၄ ဆူတောင်ဖူးရမှာဘဲကွဲ့ဟု အကြံပေးကြပြီး ပြန်ကြွကြကုန်၏။ ဗဒတိယ သင်္ဂါယနာတင် ဘုရင်သိရိဓမ္မာသောက မင်းတရားကြီးလဲ ရှေးခြေနင်းကိုအမိန့်ဝါတ်သွင်းပြီးခေါ် ခိုင်းတော်မူတယ်။

အမိန့်တော်ဝါတ်ဝင်တော့ ရှေးခြေနင်းဟာ ကောင်းကင်ကသွားပြီး နဂါးကိုဘမ်းတော့သည်။ ကာလနဂါးလည်း လုလင်ယောင်ဆောင်၍ ပါလာတော့သည်။ ရောက်လျှင် သိရိဓမ္မာသောကမင်းကြီးက အိုဗျ-သာသနာပြုနိုင်တဲ့ ကိုနာဂရယ်၊ ကိုနာဂဟာ အင်မတန်ဘုန်းတန်ခိုးကြီးလှတယ်။ ကံကုသိုလ်ကြီးမားလှတယ်။ ကျွန်ုပ်တို့ထက် ကံဇာတာကြီးမြင့်လှတယ်။ အကြောင်းကတော့ ကျွန်ုပ်တို့မဖူးမမြင်ရတဲ့ ဘုရားလေးဆူကိုပင် ဖူးတွေ့ရခြင်းကြောင့် ဖြစ်ပါတယ်ဟု အခုနလဲကြ၊ မျှောက်ပင့်တာလဲ ရတဲ့ စကားဖြင့်။ မိတ်ဆက်လိုက်လေသည်။ ကာလနဂါးကလဲ။ ဖူးတွေ့ရတဲ့ကံနဲ့ စာရင်တော့ ဟုတ်စရာရှိပါတယ်။ ဖူးလဲဖူးတွေ့ခဲ့ရပါဘယ်ဟု ပြောပြတော့။ သာသနာ့ဒါယိကာမ၊ အသန္ဓိမိတ္တာဆိုတဲ့ အသင်နဂါး၏ နာမက၊ ဘုရားလေးဆူကို ဖူးမြင်လိုပါသတဲ့ဗျာ။ အဲဒါကြောင့် ယခုနေ့မှ ၇ ရက်ကြာလျှင် အသန္ဓိမိတ္တာကိုအစပြု၍ ကြည့်ရှု ဖူးတွေ့လိုသူ ဖိုလ်လူ ခပင်း မကြွင်းကျန် စေရ အရိယာပါ ဖူးမျှော်ကြ စေရန်။ ပြသပါလို

ပြောပြသည်။ ကာလနဂါးလဲ ဝန်ခံ၍ပြန်လေသည်။ ၇ ရက်အတွင်းခွ စဉ်လည်စေ၍ ဘိုင်းနိုင်ငံ မြို့ရှာမကျွန်။ နှီးဆော်ကာထားရှိလေသည်။ ၇ ရက်စေ့သောအခါမင်းရင်ပြင်ခွပလ္လင်ကြီး၄ ခုထားပြီး ကာလနဂါးကို ဖန်ဆင်းခိုင်းတော့သည်။ ကာလနဂါးလည်း ဖန်ဆင်း ပြသည်ကား။ ပဌမပလ္လင်ပေါ် ခွကကျူသန္ဓဘုရားပုံတော်။ ဒုတိယပလ္လင်ပေါ် ခွကောဏာဂမန ဘုရား ပုံတော်။ တတိယပလ္လင်ပေါ် ခွ ကဿပဘုရားပုံတော်။ စတုတ္ထပလ္လင်ပေါ် ခွ ဂေါတမဘုရားပုံတော် အားဖြင့် လေးဆူကုန်သော မြတ်စွာဘုရားတို့၏ ပုံစံတော်အတိုင်း။ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ် ရောင်ခြည်တော် ၆ သွယ်မှစ၍။ ဝဏ္ဏတယ်သမျှ ပေါ် ပြပြီး ၇ ရက်လုံးမှီးစေရန်ဖန်ဆင်းပြသလေသည်။ ရဟန္တာများရော၊ အနာဂါမ်များ၊ သကဒါဂါမ်များ၊ သောတာပန်များ၊ ပုထုဇဉ်များရော၊ တိုင်းရောပြည်ပါ ချီ၍ ခုနှစ်ရက်လုံး မှီးမျှော်ကြရပါသည်။ အသန္ဓိမိတ္တာတောင် ညာစံဒေဝီ မဟောသဓ၏ ပူဆာခြင်းကြောင့် ဖြစ်ရသည်ဟု အုံ့မဆုံး-သြမဆုံး ချီးမွမ်းကြသည်။

## (၁၃၆) တောင်မြောက် အိမ်မျှောင်စက်။

ပင်လယ်ခရီးနှင့် တောကြီးကန္တာရ ကောင်းကင်ဝ စသည်မျိုးသို့ သင်္ဘော လှေပေါင် ဆင်မြင်း၊ လယာဉ်တို့ဖြင့် သွားကြသော သူများကား တောင်မြောက် အိမ်မျှောင်စက်ကို ယူ၍သွားကြသည်။ ဘယ်အခါမဆို တောင်မြောက် အိမ်မျှောင်စက်ကြောင့် အရပ် ၄မျက်နှာ မမှားရပေ။ အိမ်မျှောင်၏ဥကျောင်းသည်ဘာနှင့်ပြုပြု အမြဲတမ်းမြောက်သို့လှဲမြဲဖြစ်၏။ အမြီးသည် တောင်သို့လှဲမြဲဖြစ်သဖြင့် အခွေနှင့် အနောက်ကား ထောက်ဆ၍သိနိုင်တော့၏။

## (၁၃၇) အပူ၊ အတိုက် မှီငုံပေါ်သည်။

ဗိုလ်ပီးဦးကျွန်ခ် အပူတလွဲအတေလွဲ ပူဇေါတ်တိုက်ပွဲကြုံတော့။ မှီငုံများ ပေါ်ရသည်။ အတိတ်ပြနေပုံတည်း။ မှီကပြောပြသည်ကား။ ငါဟာမြေထဲ ခွဲနေရတယ်၊ပြော့ပြောင်းတယ် နူးညံ့တယ် တာပေမဲ့ အပူအဇ ခါတ်တွဲဝင်တော့ နူးညံ့တဲ့ငါဟာ၊ ကြမ်းထမ်းလှသော မြေကြီးကိုခွဲပေါက် ထိုးထွက်ပြီး ထံတယ် ပွင့်တယ် ငါပြတဲ့နိမိတ်ကိုပညာဉာဏ်ဖြင့်သိပြီးသင်တို့လူနတ်

ဗြဟ္မာတွေဟာ ပူခါတ် ဇောတ်ဘမ်းရှိ၊ ၃၁ ဘုံဆိုတဲ့ မြေထဲက ကောင်းကင်ဆိုတဲ့လောကုတ္တရာသို့ ထွက်ကြပါ။ ထိုတုံးမှာ ဝိပဿနာအခါပါဘဲ။ ပွင့်တော့ အရိယာအခါပါဘဲဟု ပြောပြသလို နိဗ္ဗိတ်ပြသည်။

## (၁၃၈) အပူခါတ် အဇောတ်ဝင် မျှစ်ပေါ်ရ။

ရိုးသားဦးကျကာလသမယ၌ ပူတလဲ့ ဇောတလဲ့ ခါတ်ကစားမှု ခါတ်ချင်းတိုက်မှု ဝိရောဓိပစ္စည်းကြောင့်။ဝါးရုံအမြစ်ဆုံမှ ထွက်၍ မြေကြီးကြမ်းကြမ်းကို ဝါးနုနုက ထိုးဖေါက်ဖြိုခွဲ၍အပေါ်သို့ မျှစ်တက်ရပါသည်။ ကြာလာတော့ အကိုင်းအရွက်ပေါက်၍ ပွင့်သကဲ့သို့ ဖြာဝေ၍လာရပါသည်။ ဒဲဒါ နိဗ္ဗိတ်ဘဲ။ သင်တို့တတွေ လူနတ်ဗြဟ္မာတွေလဲ ပါရမီအမြစ်ဆုံမှ ပူဇေါ်ဝင်တွေ့စေဖြီး ၃၁ ဘုံမြေကိုဖေါက်၍ အရိယာ လောကုတ္တရာ ကောင်းကင်သို့ တက်ကြပါ ထွက်ကြပါဟု နိဗ္ဗိတ်ပြပါသည်။

## (၁၃၉) အလောင်းတော်နှင့်ဒေဝဒတ်ဟာတွေ့ရာ၌ရန်ဖြစ်။

ဇကေနိပါတ် သေရိုဝ ဝါဏိဇာတ်တော်၌ လာသော အတိုင်း ဘုရားလောင်းနှင့် ဒေဝဒတ်အလောင်းတော်သည် ရှေးရေးကမ္ဘာတို့၌မိတ်ဆွေဖြစ်ခဲ့ပြီးမှယခုကမ္ဘာမှပြန်သော်ငါးကမ္ဘာထက်၌ရှိထမ်းသမားဖြစ်ကြရာ တသိန်းဘန်သော ရွှေခွက်ကြောင့် ကမ္ဘာရန်ဖြစ်ကြရသည်။ ဘုရားအလောင်းက ရန်ငြိုးမဖွဲ့ပေမဲ့ ဒေဝဒတ်အလောင်းက ရန်ငြိုးဖွဲ့နေသဖြင့် လူကသာခြားကြပါတယ်။ခါတ်က မခြားဘဲ နေသဖြင့်တွေ့ရာဘဝ၌ဆုံရာဘဝ၌ကြုံရာဘဝ၌အမြဲတမ်း ရန်ရှာလျှက်နေတော့၏။ဆုတောင်း ရန်ငြိုးဖွဲ့၍ဥပါဒါန်အစွဲအလန်းကြီးထားသော် တွေ့ရာ ဆုံရာ ကြုံရာ၌ မသိပေမဲ့ ရန်ပြုမှာဘဲတဲ့ ခါတ်အစဉ်ကို ဖြတ်ချင်မှပြတ်မယ်ဟူလို။

## (၁၄၀) အလောင်းတော်နှင့် စိဉ္စမာန တွေ့ရာရန်ဖြစ်ကြ။

မုနာဠိဇာတ်တော်၌ အလောင်းတော်က ရစ်ထုတ်ကြီးဖြစ်၍ စိဉ္စမာန အလောင်းက ပုရဏိဇိမ်ဖြစ်ပြီး ကျွင်ကြီးနေပေရာ။ အလောင်းတော်သည် မယားကြီးရှိပါလျက်နှင့် ပရိယာယ်ဆောင်ပြီး ဗျက်ဆိုးမိတာကစ၍ စိဉ္စမာန အလောင်းက နာကြီးပြီး ဖြစ်ရာဘဝ ဆုံရာဘဝ၌ ကလဲ့စားခြေရပါ

စေသားဟု ရန်ပြုံးမဲ့ခဲ့ရာ ဆုံတိုင်း ကြုံတိုင်း တွေ့တိုင်း ဒုက္ခမျှားကြရ၏။ စိတ်ခါတ်ကား တဘဝနှင့် မပြီးဘဲ အမြဲနှိပ်စက်တတ်လေတတားကား ရန်ပြုံးမဲ့ခြင်းမှ အရှင်းရှောင်ကြဉ်သင့်ပါပြီ၊

## (၁၄၁) ဗျိုင်းအောက်တို့ဝမ္မတာ တောင်လေလာ သန္ဓေရ၏။

ဥပါလိထေရအပဒါန် ပါဠိတော်၌ လာရှိသည်ကား ဗျိုင်းအောက်မတို့ ဝမ္မတာမှာ တောင်လေလာသော် လေညှင်းခံ၍နေကြ၏။ ထို့ကြောင့် သန္ဓေရကြ၏ ခါတ်ကရား၏ ထူးဆန်းပုံတည်း။

## (၁၄၂) အနံ့ရရုံနှင့် အဆင်းမြင်ရုံနှင့် သန္ဓေရ၏။

နွားမအချို့တို့သည် နွားလားဥသဘ ဝသဘ အာသဘတို့၏ အနံ့ကို ၇။ရှိုက် နပ်းရရုံမျှနှင့် သန္ဓေရကြောင်း။ အချို့လူမျှားသည် အဆင်းကိုမြင်ရုံနှင့် သန္ဓေရကြောင်း။စန္ဒပဇ္ဇောတမင်း၏ မယ်တော်သည် ကင်းသန်းသွားရုံမျှနှင့် သန္ဓေရ၍ စန္ဒပဇ္ဇောတကို ဗွါးမြင်ကြောင်း ထိုထိုကျင်းတို့၌ တွေ့ရပါသည်။ကံခါတ် ဥာဏ်ခါတ် စိတ်ခါတ်တို့ကား ဆန်းကျယ်လှပေ၏။

## (၁၄၃) ရှေ့ငွေ့မြဖလ် လေးတန်အရောင်။

သမုဒ္ဒရာလေးစင်းမှာရှိသော ရေအားလုံးကား အဆင်းမရှိပါ။သို့ပေမဲ့ ပြောက်သမုဒ္ဒရာရေပြင်၌ မြင့်မိုရ်တောင်မှ ရွှေရောင်ဟတ် ခါတ်ကူးလို့ ရွှေရောင်အဆင်းရှိသောသမုဒ္ဒရာဖြစ်ရပါသည်။ အရှေ့သမုဒ္ဒရာရေပြင်၌ မြင်းမိုရ်တောင်မှ ငွေရောင်ဟတ် ခါတ်ကျလို့ ငွေရောင်သမုဒ္ဒရာ ဖြစ်ရသည်။ တောင်သမုဒ္ဒရာရေပြင်၌ မြင့်မိုရ်တောင်မှမြရောင်ဟတ် ခါတ်ကူးသောကြောင့် မြသမုဒ္ဒရာဖြစ်ရသည်။ အနောက်သမုဒ္ဒရာရေပြင်၌ မြင့်မိုရ်တောင်မှ ဖလ်ရောင်ဟတ် ခါတ်ကူးသောကြောင့် ဖလ်သမုဒ္ဒရာဖြစ်ရပါသည်။(၁)မြင့်မိုရ်တောင် ပြောက်မျက်နှာရှေ့ရောင် ပြောက်သမုဒ္ဒရာလဲ ရှေ့ရောင်။ (၂) မြင့်မိုရ်တောင် အရှေ့နံပါးကား ငွေရောင်။အရှေ့သမုဒ္ဒရာလဲ ငွေရောင်။ (၃) မြင့်မိုရ်တောင်၏ တောင်ဘက်နံပါးကား မြရောင် တောင်သမုဒ္ဒရာလဲ မြရောင်။ (၄) မြင့်မိုရ်တောင်၏ အနောက်ဘက် နံပါးကား ဖလ်ရောင် အနောက်သမုဒ္ဒရာလဲ ဖလ်ရောင်တည်း။ ခါတ်ကူးနေပုံပါဘဲ။

## (၁၄၄) ရှေမြို့ ရန်ကုန် ရေနံချောင်း ဟိမဝန္တာ။

ကောင်းကင်နှင့် အပြည့်အနှက် မိုးသားတွေ ဘယ်လောက်လောပေမဲ့ မော်လမြိုင်နယ်၌ အဂေါတ် တရာရှိရကား မိုးသားမှ ဟရာပင် မိုးမြစ်၍ရှာချလေသည်။ ကောင်းကင်အပြည့် မိုးသားတွေ လာရောက်ပေမဲ့ ရန်ကုန်နယ်၌ အဂေါတ်ငါးဆယ်မျှသာ ရှိရကား မိုးသားမှ ငါးဆယ်မျှသာ မိုးမြစ်၍ ရွာချပါသည်။ ကောင်းကင်အပြည့် မိုးသားတွေ လာရောက်ပေမဲ့ ရေနံချောင်း၌ အဂေါတ် တဆယ်မျှသာရှိရကား မိုးသားမှ တဆယ်မျှသာ မိုးမြစ်၍ရှာချပါသည်။ ကောင်းကင် အပြည့် လာပေမဲ့ ဟိမဝန္တာမှာ အဂေါတ်ချည်းမြစ်ရကား မိုးသားများ အဂေါတ်နှင့် တွေ့ရသလောက် မိုးရွာချတော့သည်။ (ရတနာရှိရာ ရတနာလာ) စကားပုံအတိုင်း မြစ်၍နေပါတော့သည်။ အဂေါတ် တရာရှိလျှင် မိုးသားတရာ ရွာချ။ကျန်ဦးနည်းပင်။

---

## (၁၄၅) ၇ နာရီကြို၍ ပင်လယ်အော် လေမိုးလာရော။

မော်လမြိုင်နယ် ဘီလူးကျွန်းရှိ လူတို့၏အထိမ်းအမှတ်မှာ အနောက်ဘက်က ပင်လယ်အော်လာလျှင် နောက် ၇-နာရီ အကြာလောက်တွင် လေမိုးပြင်းထန်စွာ လာတော့မည်ဟု သိနှင့်ကြကုန်၏။ မျှားမျှားအော် အလတ်အော် နဲနဲအော်ခြင်းဟု ၃ မျိုးကိုမှတ်၍ သုံးစားကို သိမြင်နိုင်ကြကုန်၏။ ဒေသဥာဏ်တည်း။

---

## (၁၄၆) ရွာသူကို ဆရာကဘမ်းပုံ။

မော်လမြိုင်နယ်၌ အလွန် နာမည်ကြီးလှသော ခါးပန်းနီဆရာသည် ပဒေယျာဂ အလွန်နိုင်နင်းလှ၏။ ကခါ၌ မိန်းမကဦး၌ ရွာသူ ပူးဝင်ကာနေတော့ ဆရာကို ပင့်ခေါ်ကြ၏။ ဆရာအဝေးမှလာလျှင် ရွာသူသည် ထွက်ခွါပြေးနေတော့၏။ ဆရာသည် လူနာ၏အနီး၌ ထိုင်ပြီး ဘာဆေးမှ မတိုက် ဘယ်ရေမန်းမှ မဖြန်းဘဲ ဆရာက ကဲ-ကဲ ဆိုင်ရာလာခဲ့ကွာဟု အမိန့်ပေးတော့မှ လူနာသို့ ဝင်ပူးပြီး ကန့်ကရနှင့် မှုရာနှင့် မာယာနှင့် ဆရာကို ရိုသေဟန်ပြသည် ဆရာက မေတ္တာဖြစ်ကြဘို့ ကရုဏာဖြစ်ကြဘို့ကို ၁၅

ဓိနစ်ခန့်ပေါ်ပြီး ကဲ-ကဲ တပည့်ရှာ မင်းလုပ်၍ထားတာ စင်စင်ကြယ်ကြယ်ဖြစ်အောင်ယူသွားပါ မကျန်ပါစေနဲ့ဟုအမိန့်ပေးကော့ မနှာခံဘဲနေတယ်။ ထိုအခါ ဆရာက မေတ္တာနဲ့ပြောတုံး ရရင်ရနော် တရားသဖြင့် ပြောတုံးရရင်ရနော် နောက်အဆိုးမဆိုနဲ့လူမျှား၏အလယ်မှာ မဆုံးမချင် ဘူးကွဟု ပြောလဲ မနှာယူသဖြင့်။ကဲ-ကဲ ချုပ်ဟာ ချုပ်ဟာနှင့် အမိန့်ပေးရာ ဘာကိုမှမမြင်ရဘဲနှင့် လူနှာမှာ ကွေးမြဲနေတော့၏။ တဖန်ဆရာက ညှစ်ဟာ ညှစ်ဟာနှင့် အမိန့်ပေးပြန်ရာ ဘာမှမတွေ့ရဘဲနှင့် လူနှာမှာ မျက်ဖြူလန်ပြီး လည်ပင်းညှစ်ဟန်ပေါ် မြဲနေတော့၏။ ထိုအခါကြမှ ရှာသူက သွားပါတော့မယ် ကြောက်ပါပြီ လန့်ပါပြီနှင့် ကံတော့ကာ နောက်ထပ်ပြန်မလာဘဲ သူဟာ သူပင်ယူ၍ ထွက်သွားတော့၏။ ခါတ်ကား ဆန်းကြယ်ပုံတည်း။မျက်လွှဲပြသလိုလို ပဋ္ဌလက်ပြသလိုလို ကြည့်၍သာနေရသည်။

---

## (၁၄၇) ကွမ်သဲ ဆရာဦးမဲသားနှင့်အပမ္ဘိကောင်။

ကွမ်သဲရွာမှာ စာသင်ကျောင်းအုပ် ဆရာကြီးဦးမဲ၌ သားအလတ်ညီတော်ကြီး ဆိုတာရှိ၏။ဖြေကုသကောင်းမွန်လှ၏။ တခါပယ် ဖြေထိသော လူနာ၌အပမ္ဘိနေရာ ၎င်းက မနိုးမှုတ်ပြီးထုတ်၏။ဒါဘာလဲ ကြည့်စမ်း မြင်ရဲလား မှုံမှုံဘဲ မြင်ရတယ်ဆိုရင်း နှင်ထုတ်ရင်း ကြည့်အုံး ရေးရေးဘဲ မြင်ရတယ်ဆိုရင်း နှင်ထုတ်ပျင်းနှင့် ဒါနဲ့စင်ကြယ်သွားတော့မှ အဆိတ်ကိုထုတ်ပြီး အနှာကိုကုသပေးရာ အသက်ချမ်းသာရလေသည်။ ၎င်းကား ဤပညာဖြင့် အသက်ကယ်ဆယ်သည်ကား ရှင်သူပေါင်းများလှပေပြီ။

---

## (၁၄၈) ရှင်နက်ခါတ်ကြောင့် သိကြားမင်းလာကယ်ရပုံ။

ရှင်နက်ဖိုမကတော့သည် ပင်လယ်ထိပ်ကျွန်းဦးလက်ပန်တောင်၌အသိုက်လုပ်၍နေသည်။ ခလေးများရှိသည်။ ညအချိန်၌ လေဖိုယမ်းဒဏ်ကြောင့် အသိုက်နှင့်ခလေးများပါ၊ ပင်လယ်ရေပြင်၌ကျတော့၏။ ကျလျှင်ကျခြင်း ဖခင်ရှင်နက်ဖိုက ခလေးမရလျှင်ငါကားမနေပြီ။ ဝိရိယစိုက်၍ အမြီးနှင့် ရေကိုခပ်အုံ့ဟု အဓိဋ္ဌာန်ဖော့၏။ ထိုအဓိဋ္ဌာန်တန်ခိုးကြောင့် ခလေးများမှာရေလဲမနစ်ရ လှိုင်းလဲမပုတ်ဘဲ မျောရုံမျှသာမျောတော့သည်။အဓိဋ္ဌာန်

တန်ခိုး ဝိရိယတန်ခိုးကြောင့် မြေပြင် ရေပြင် ကောင်းကင်ကိုပါ ပြန့်နှံ့တက်ရာ ချက်ချင်းပင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီး တုန်လုံး (၁) တင်းမာ၍ပဌဝီခါတ်ပေါ် ပြုတယ်။ (၂) ပူပြင်း၍ဘေဒေါခါတ်ပေါ် ပြုတယ်။ (၃) လှုပ်ရှား၍ ဝါယောခါတ်ပေါ် ပြုတယ်။ သိကြားမင်းကလည်း ဘယ်အကြောင်းအခြင်းအရာကြောင့်လဲဟု လက်သယ်ကို ရှာတော့။ ရှင်နက်၏ အဓိဋ္ဌာန်ချက် ဝိရိယခါတ်လက်နက်ကြောင့် သင်ပြီး။ ဆင်းခဲ့၍ ပုဏ္ဏားအသွင်ဖြင့်ရှင်နက်အနီးသို့လာပြီး အရိဗျ-ရှင်နက်မင်းရယ် အမြီးနဲ့ရေခပ်ပြီး ဘာအကျိုးဌာ လုပ်ကိုင်နေပါသနည်းဟု မေးတယ်။ ရှင်နက်က ကျွန်ုပ်၏သားငယ်များ အသိုက်နှင့်တကွရေခြိုကျမျောသဖြင့် သားတွေ့ကိုပြန်ပြီးရလိုရေးနှင့်တွေးမိလို့ ပြုလုပ်ပါကြောင်း ရှင်းပြတယ်။ ဒီတော့ သိကြားမင်းပုဏ္ဏားက အရိ–ရှင်မင်း စဉ်းစားပါဦး မြေကြီးဟာ အကျယ်အဝန်းအားဖြင့် ယူဇနာတသောင်းမျှသာရှိပါတယ်။ ရေပြင်ကျယ်ကြီးကတော့ ယူဇနာပေါင်း(၃၆၁၀၃၅၀)မှကျယ်ဝန်း၍နေပေရာ။ ဥပမာအားဖြင့် ကန်ထဲကရေကိုဆိမ်းခွက်ထဲသို့ခပ်ကာခပ်ကာထဲ့သကဲ့သို့ မဆန့်ဘဲ ပြန်ကျကုန်မှာပေါ့ အကျိုးမရှိရာ၌ အားထုတ်ရန်မသင့်ပါဟု အလိုကိုစမ်းလေသည်။ အိ–ပုဏ္ဏား သင်ပင်ပန်းတာမဟုတ်ပါ ငါပင်ပန်းတာမို့ သင်နှင့်မဆိုင်ပါ။ သင်ကားမလုပ်ချင်လျှင်နေနိုင်ပါတယ်။ မဖြစ်နိုင်ဘူးထင်ပေမဲ့ ပြုတော့ ဘုရားတောင်ဖြစ်ရသေးတာဘဲ ဝိရိယပြုရင်းသေဦးတော့မိမိကိုယ်တိုင်လဲ ကဲ့ရဲ့လွတ်၏။ သူတပါးကဲ့ရဲ့ခြင်းမှလဲလွတ်၏ဆိုပြီး ခပ်မြဲခပ်၍နေပေ၏။ သိကြားမင်းလည်း ခလေးနှင့် အသိုက်ကိုယူပြီးရှင်နက်၏ခြေ၌ ချထား၏ (ဝိရိယဝတောကုတောနာမ နသမိဏ္ဍတိ) ဝိရိယဝတော၊ ဝိရိယရှိသောသူအား။ ကုတောနာမ၊ အဘယ်မည်သော အမှုသည်။ နသမိဏ္ဍတိ၊ မပြီးစီးဘဲရှိကုံးနည်း။ သမိဏ္ဍတိယေဝ၊ ပြီးစီးတော့သည်သာလျှင်တည်း။ ရှင်နက်က အသင်ဟာ မည်သူနည်းဟုမေးတော့။ ငါကား သိကြားမင်းတည်း။ သင်၏ အဓိဋ္ဌာန်ကြောင့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းလို့ ပူလို့ လှုပ်လို့ ငါဆင်းလာခဲ့ရပါသည်ဟု ပြော်တော့။ ရှင်နက်က အဲဒါဘဲကြည့်ပါတော့၊ ကျွန်ုပ်တို့ အဓိဋ္ဌာန် ဝိရိယ ၂ပါးကြောင့် လှိုင်းမပုတ်ရ၊ရေမမြုပ်ရ၊သိကြားမင်းနှင့်ဝေ့ဆရ၊သားတွေ ပြန်ရ၊ ဒီလိုနှင့်မရပေမဲ့ ဟိုလိုနဲ့ရ ပြီးတာပါဘဲဟု သိကြားမင်းလဲဆုံးမ သြဝါဒပေးပြီး ပြန်လေသည်။

## (၁၄၉) ဌေတထောင်ပျောက်ဘုရင်လာ၍ပေးရပုံ ဆရာဖြစ်ပုံ။

ရှေးအတိတ်က ပုဏ္ဏားလုလင်တဦးသည် ဥစ္စာမပေးနိုင်သဖြင့် ကျွေးနှင့် ဒိသာပါမောက္ခဆရာထံမှာ ပညာသင်ကြားရတယ်။ ပညာတတ်ပြီး ပစ္စည်းရှာဖွေ၍ ဌေတထောင်ပေးရန် ဂတိသစ္စာထားခဲ့၏။ ၃ နှစ်ပညာသင်၍ တတ်မြောက်သော် ပစ္စည်းရှာလေရာ။ ဌေတထောင်ရ၍ ဝိဝိမသုံးဘဲ ဆရာ့ထံ ကျေးဇူးဆတ်ရန်အပ္ပိလာခဲ့၏။ ဗာရာဏသီပြည် တံခါးအနီးဇရပ်၌ မောရ၍အိပ်ရာ။ ခေါင်းကိုမ၍ခိုးယူသွားလေသည်။ နိုးတော့ ငွေထုပ်ကိုကြည့်ရာ မရှိမှ သူခိုးယူမှန်းသိပြီး ယခုကား ပစ္စည်းရှာရန် အချိန်မရှိပြီ ဆရာအားသွားရောက်ပြောသော်လည်း ယုံကြည်မည်မဟုတ်တော့ပါ။ ပစ္စည်းမရလျှင် မထတန်းဟု အဓိဋ္ဌာန်ပြီး စကားမပြောဘဲ အိပ်ခါနေလေ၏။ မြို့သူ-မြို့သားတို့သည် လာရောက်ကာ မေးကြကုန်၏။ မပြောပေ။ ကလေးတို့သည် ပြောင်ကြလျှောင်ကြ ကစားပြီး စ-ကြကုန်၏ အမျက်မထွက်ချေ။ အဲဒါကြောင့်ပင် ဂရက်ရိုက်ပြီး ပွဲသဘင်ကဲ့သို့ လာရောက်ကြည့်ကြကုန်၏။ ဆင်းရဲသား ကုန်သည် သူဌေး မင်းစိုးရာဇာတို့ပင် အကြောင်းတခုတော့ရှိရမည်ဟု မေးကြ-မြန်းကြ၏ စကားမပြောချေ။ဒါနဲ့ ဘုရင်မနေနိုင်ဘဲ ဘုရင့်ကိုယ်တိုင်လာရောက်ပြီးအကဲခပ်စုံစမ်းရတော့သည်။ မစားဘဲနေသည်ကား ၅ ရက်မျှရှိခဲ့လေပြီ။ ဘုရင်သည် ပုဏ္ဏားလုင်အနီးဌာနေပြီးလျှင်။ ချစ်သား စကားပြောပါ လိုတာကိုတောင်းပါ! အဘယ်မချမ်းသာဖြစ်သနည်း စသည်ဖြင့် ယုယု-ယယ နှားဝင်ချိုသာစွာ ပြောတော့။ ပုဏ္ဏားလုင်သည် ထထိုင်ပြီး ဘုရင်ကို ရှိခိုးကာ အရှင်မင်းကြီး ဤတိုင်းကား ဘယ်သူ၏တိုင်းနည်းဟုမေး၏။ ဘုရင်က ငါ၏တိုင်းပါဘဲ။ ဘယ်သူ၏ပြည်နည်းဟု မေး၏။ ဘုရင်ကငါ၏ပြည်ပင်တည်း။ ဤတိုင်း-ဤပြည်သားတို့သည် ဘယ်သူ၏ သားတို့နည်းဟု မေး၏။ ဘုရင်က ငါ၏သားများပင်ဖြစ်ပါသည်။ သားသို့မကောင်းလျှင် ဘယ်သူ့ခေါင်းပါနည်းဟုမေး၏။ ငါ၏ခေါင်းပင်ကျပါသည်။ တိုင်းသူပြည်သားမကောင်းလျှင် ဘယ်သူ၏ခေါင်းပါနည်း။ငါ၏ခေါင်းပင်ဖြစ်ပါသည်ဟု ပြောတော့။ ဒါဖြင့် အရှင်မင်းကြီးနာတော်မူပါတော့။ အကျွန်ုပ်သည်:ဒိသာပါမောက္ခဆရာကြီးအထံ၌ကျေးဖြင့်ပညာသင်ကြား၍လာပါသည်။ ထိုပညာဖြင့် ပထမဦးစွာ ပစ္စည်းဥစ္စာရှာဖွေရာ ဌေတထောင်ရခဲ့

ပါသည်။ ထိုလက်ဦးရသောငွေတထောင်ကို ဂတိသစ္စာရှိသည့်အတိုင်း။ ဒိသာပါမောက္ခဆရာကြီးအား ကျေးဇူးပြုနှိုးဆော်ရန် အကြံနှင့်ယူ၍လာခဲ့ရာ။ အရှင်မင်းကြီး ပိုင်သော ဤနိုင်ငံ ဤပြည် ဤဇရပ်တွင် ဤပြည်သားထဲက တဦးက ခိုးယူသဖြင့် ပျောက်ဆုံးခဲ့ရာ။ (ပြည်သူမကောင်း-ဘုရင့်ခေါင်း) ဟု အရှင်မင်းကြီးကိုယ်တိုင် ဝန်ခံခဲ့သည့်အတိုင်း။ အရှင်မင်းကြီး၏ အပေါ်မှာ တာဝန်ကျ၍နေပါတော့သည်။ ကျွန်ုပ်မှာလည်း ပြန်၍ပစ္စည်းရှာရန် အချိန်မရှိရကား။ ဤသို့စကားမပြော တုတ္တိဘောဖြင့် ငါးရက်ကျော် ၆ ရက်မျှ ထမင်းအစာမစားဘဲ အဓိဋ္ဌာန်ပါရမီ၊ ဝိရိယစာဂိဖြင့် ကျင့်၍နေပါကြောင်း ရှင်းလင်းပြတ်သားစွာ သံတော်ဦးတင်ပေ၏။ ။ဘုရင် မင်းမြတ်ကြီးလည်း ပုဏ္ဏားလုင်ကို တစိမ်းစိမ်းကြည့်ပြီး အလွန်တော်တဲ့သူယော်ဘဲ ဂတိကတည် သစ္စာလဲရှိ ဝိရိယလဲကောင်း ဉာဏ်ခေါင်းလဲရှိ ထက်မျက်လှပါပေသည်။ ငါ၏ပြည်သားမကောင်းတော့ ငါ့ခေါင်းပင်ကျရောက်၍နေပေတော့သည်။ သူ့ပစ္စည်းအတွက် သူခိုးကိုလဲ ရှာမှေပေးရဦးမည်။ ငွေတထောင်ကိုလဲလျော်၍ပေးရဦးမည် ဖြစ်သည်။ အကြံပိုင် ဉာဏ်ပိုင် အဓိဋ္ဌာန်ခိုင်၍ ဘုန်းကံလဲ လိုင်ပါပေသည်ဟု ကြံစည်ပြီး ငွေတထောင်ယူစေ၍ ဆရာအားကံဟော့ရန်ပေးအပ်ပြီးလျှင် အမောင်လုလင် ဆရာ့ထံမှပြန်လျှင် ပုရောဟိတ်ရာထူးနှင့် ငါအားကျေးဇူးပြုပါဟု ရာထူးမျှားအပ်ပြီး နှုန်းတော်သို့ပြန်လေသည်။ ပုဏ္ဏားလုင်လည်း နိုင်ငံတွင်ကျော်စော၍ ထင်ပေါ်၍ ပုရောဟိတ်ရာထူးနှင့် လျှော်ပါပေသည်ဟု ချီးမွမ်းခြင်းခံရလေသည်။ ဒိသာပါမောက္ခဆရာထံမှလည်း ဂတိသစ္စာတည်ကြည်ရှာသဖြင့် ပုရောဟိတ်နှင့်ဆိုင်သော ပညာမျှား၊ ဘဏ္ဍာမျှား၊ သြဝါဒမျှားကို ရရှိပြန်လေသည်။ (ကောင်းစားမည့်သူကား၊ အမှုအရာတမျိုး) ဟု စကားပုံဖြစ်ခဲ့လေသည်။

---

## (၁၅၀) အာရုံတက် နေထွက်နိမိတ်။

မဟာဝဂ္ဂသံယုတ် ပါဠိတော် နံပါတ် ၁၉ ကြောင်းရေ ၂၂ ခု၌ရှင်း။ ဒဿနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော် နံပါတ် ၃၉ ဂ၊ကြောင်းရေ ၂၅ ခု၌ရှင်း။ စတုဂိရိရှုဘွယ် တတိယတွဲ ဓမ္မောသဓကျမ်း နံပါတ် ၁၁၄ ၊ကြောင်းရေ ၁၅ ခု၌ရှင်း။ဇွေ့ရပုံကား။ ။သေယျထာပိဘိက္ခဝေ၊ သူရိယဿ၊ ဥဒယတော၊ ဇေတံပုဗ္ဗဏ်မံ၊ ဇေတံပုဗ္ဗနိမိတ္တံ။ ယဒိဒံ၊ အရုဏုဂ္ဂမနံ၊ ဇေဝမေဝခေါ၊

ဘိက္ခုဝေ၊ အရိယသဲ၊ အဋ္ဌင်္ဂိကသဲ၊ မဂ္ဂသဲ ဥပ္ပါဒါယ၊ ဇေတံပုဗ္ဗင်္ဂမံ၊ ဇေတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံ သမ္မာဒိဋ္ဌိ။ ။ဟူသတည်း။ အနက်ကို မင်း၏ရှေးတော်ပြေးကျမ်း နံပါတ် ၁၄၊ ကြောင်းရေ ၁၉ ၌ ပါပြီးဖြစ်၍ မရေးပြီ။ လိုရင်းအချုပ်မှာ နေထွက်ခါနီးတော့ အနှောမျက်နှာအရပ်မှ အာရုံဘက်၍ နိမိတ်ပြုရပါသည်။ ထိုအတူ မင်ဖိုလ်ကိုရခါနီးတော့ သမ္မာဒိဋ္ဌိနိမိတ် ယောဂီ၏ ဉာဏ်၌ ပေါ်လာရပါသည်။ သူပေါ်ပြီးလျှင် မင်ဖိုလ်ကို မကြာမီအတွင်း ဌိတိရှိနိုင်ပါတော့သည်။ သမ္မာဒိဋ္ဌိဆိုတာ ရူပပေါ် ၍ သိခြင်း။ နာမ်ပေါ် ၍ သိခြင်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပေါ် ၍ သိခြင်း။ (၀ါ)ဉာဏ်စဉ် ၁၀ ပါးပေါ် ၍သိခြင်း။ (၀ါ) သစ္စာ ၄ ပါးပေါ် ၍သိခြင်း။ ဒဲဒါ သမ္မာဒိဋ္ဌိပါဘဲ။

## (၁၅၁) ကြာပဒုမ္မာ နေရောင် လာပွင့်ရပုံ။

ကျမ်းစာများ၌ (နေအာရုံလင့် ပဒုံပွင့်သို့) ဟူ၍ ဗြဟ္မဃောဘနကထာ ပါဠိ၌ တွေ့ရပါသည်။ ကြာပဒုံမာတို့ မြေတာကား နေ၏ရှေးတော်ပြေးဖြစ်သော အာရုံရောက်လာတာနှင့် ခါတ်ခိုက်၍ ကြာပဒုမ္မာပွင့်ရပါသည်။ ထိုအတူပင် ပကတိသာဝကလောင်းများ၊ မဟာသာဝကလောင်းများ၊ အဂ္ဂသာဝကလောင်းများ၊ ပစ္စေကဗောဓိ အလောင်းများ၊ သမ္မာသမ္ဗောဓိ အလောင်းများလည်း ရူပနာမ်တွေမြင် လက္ခဏာရေး ၃ ပါးတွေမြင် ဉာဏ်စဉ် ၁၀ ပါးတွေမြင်သော်။ရင်းတို့ ဆည်းဖူးခဲ့သော ပါရမီ ဗောဓိအတိုင်း။ပကတိ မဟာ အဂ္ဂ ပစ္စေ ဘုရားဖြစ်၍ ပွင့်ကြရကုန်တော့သည်။ နာမရူပ၊ ပစ္စယ၊ ဉာဏ်စဉ်တို့ကား မင်ဉာဏ် ဖိုလ်ဉာဏ်ပွင့်ဘို့ ပုဗ္ဗနိမိတ်ပင်တည်း။

## (၁၅၂) ကုမုဒ္ဒရာကြာ လရောင်လာပွင့်ရပုံ။

ကုမုဒ္ဒရာကြာတို့ ခမ္မတာမှာ တန်ဆောင်မုန်းလ လပြည့်နေ့၌ လရောင်ခါတ်ဟတ်သော်။ ကုမုဒ္ဒရာကြာများ ပွင့်ကြရပါသည်။ ထိုနေ့ကစ၍ လရောင်ဟတ်တိုင်း ခါတ်ကူးတိုင်း ထိုကြာများ ပွင့်-ပွင့်နေကြရတော့သည်။ မင်ဖိုလ်ရခါနီးသော်။ နာမရူပ ပစ္စယ ဉာဏ်စဉ် ၁၀ ပါးဆိုတဲ့ လရောင်များဟတ်တော့မည့်နိမိတ်ပေါ်တော့မည်။ပေါ်လာလျှင်မင်ဉာဏ် ဖိုလ်ဉာဏ်များ ရောက်ရှိတော့မည်ဟူလို။

## (၁၅၃) စန္ဒရကန်ကျောက်လရောင်ရောက် ရေပန်းဖြာထွက်ပုံ။

စန္ဒရကန် ကျောက်တို့မည်သည်ကား လရောင်ရောက်သော် ၎င်းကျောက်မှာ ရေပန်းဖြာထွက်၍ နေသည်။ ယောဂီများလည်း စန္ဒရကန်ကျောက်မှိ ရုပ်နာမ် လက္ခဏာရေး ၃ ပါး တွေ့မြင်လျှင်ပင် ဥာဏ် ၁၀ ပါး အရောင်ဖြာ၍ ရေပန်းဖြင့် ကိလေသာမီးပူကို ဆွတ်ဖြန်း ငြိမ်းသတ်တော့မည်ဟု အဓိပ္ပါယ်လာချေသည်။

---

## (၁၅၄) သူရကန်ကျောက် နေရောင်ရောက် မီးပန်းဖြာထွက်ပုံ။

သူရကန်ကျောက်တို့ မည်သည်ကား နေရောင်ရောက်သော်။ ၎င်းကျောက်မှ မီးပန်းဖြာထွက်၍နေပါသည်။ ယောဂီများ၌ ရှိသော အကုသိုလ်ကိလေသာ အမှိုက်တို့ကို ဥာဏ်မီး မဂ်မီးလောင်၍ ပြာကျတို့ရန် ဖြစ်ပါတော့သည်။

---

## (၁၅၅) ယောသကနှင့် ဇနီးလောင်းဝါတ်ဆက်ပုံ။

ယောသကဆိုတာ ကောသမ္ဗီ သူဌေးကြီး၏ မွေးစားထားသော ကိုယ်တို့မသားပင်ဖြစ်၏ သူဌေးကြီး၌သားအရင်းဖွါးလာသော်။ မိမိ၏သားအရင်းကိုယောသကမွေးစားသားကလွမ်းမိုးသွားမှာကိုမြင်သဖြင့် ယောသကကို ၆ ကြိမ်တိတိ သတ်ပေ၏။ မသေပေ။ယခုတကြိမ်၌ သေစေရန် စာရေးကာပေးလိုက်ပြီး စာနှင့်လူပါတွဲပြီး တောမှိုသူဌေးထံသို့ စေလွှတ်လေ၏။ ယောသကသည် ခရီးစဉ်အတိုင်း သွားရာ သတ်မည့် ရွာသို့မရောက်မီ ခရီးအကြားရွာတခု၌ သူဌေးအိမ်၌ တဲခိုလေသည်။ သူဌေးကလဲ ညြော်-ငါတို့သခင်၏ သားပါတကားဟု စားတို့ နေတို့ အိပ်တို့ကို စီမံခိုင်းလေ၏။ ထိုအခိုက်၌ ၎င်း၏ဇနီးက ကျွန်မတာယောက်ကို ကိစ္စတခုအတွက်ခိုင်းထားပေမဲ့ ညှော့်သည်အရေးက ကြီးလေးသဖြင့် ဟိုကိစ္စကို နောက်မှ လုပ်ပါ ယောသကသူဌေးသားတို့ အိပ်ရာဖြင်ပါဟု ခိုင်း၏။ ကျွန်မလည်း အိပ်ရာဖြင်ပြီး အိပ်စေပြီးမှ သူဌေးသို့ ခိုင်းတာကိုလုပ်တော့။ သူဌေးသို့ကား အပြစ်တင်တယ်။ ငါခိုင်းတာဟာ ကြာလှပြီ ယခုမှလုပ်ရတာလားဟု ကြိန်းဝါးတော့။ကျွန်မက အပြစ်တင်ရင်လဲ ခံရမှာပါဘဲ၄ှင် ခိုင်းတာကို လုပ်၍နေတုံးမှာ ညှော့်သည်ရောက်လာတော့။ ဘခင်ကြီးက

ဒီအလုပ်ကိုထားပါဦး အိပ်ရာပြင်ပါဦးဟု ခိုင်းလို့ကြာရခြင်းဖြစ်ထာပါဟု ရှင်းပြတော့။သူ့ဦးသို့ကား ဘယ်ကလာတဲ့ ဧည့်သည်လဲတဲ့။ ကျွန်မက ဟို့ ကောသန္ဓိမြို့တော်ကြီးက ကောသန္ဓိ သူ့ဦး၏သား ကိုဃောသက ရောက်လာလို့ပါဟု ပြောကယ်။ ။သူ့ဦးသို့မှာ (ဃောသက) ဆိုတဲ့ အသံကို ကြားရရုံမျှနှင့် (ပုဗ္ဗေဝသန္ဓိဝါသေန၊ ပစ္စုပ္ပန္နဟိကေနဝါ၊ ဧစံတံ ဇာယတေပေမံ၊ ဥပ္ပလံဝယထောဒကေ) ဆိုတဲ့ ဘုရားဟောဂါထာတော် အတိုင်း ရှေးရှေးဘဝများစွာကပင် (ဓနိုးမောင်နှံ) ဖြစ်ခဲ့ဘူး ပေါင်းသင်းခဲ့ဘူးသော ခါတ်အဟုံကြောင့် တကိုယ်လုံးတုံ့ခိုက်ပြီး တွေ့ခြင် မြင်ခြင်တဲ့ စိတ်များဖြစ်ပေါ်ကာလာသဖြင့် ဒီဧည့်သည်ဟာ ဘယ်အခန်းဌ အိပ်နေ ပါသလဲဟု မေး၏။ ကျွန်မက ပြောပြ၏။ကျွန်မကိုလွှတ်လိုက်ပြီးလျှင် ဇူဒြေ ကိုမဆည်နိုင် မထိမ်းနိုင် မသိမ်းနိုင်ဘဲ ဃောသက အိပ်ရာသို့သွား၍ ကြာ ခြည်လျှစ်ခါ ချောင်းမြောင်းကြည့်လေ၏။[ကုသိုလ်ကံခါတ်ဆက်၍ပြပြီ] သူ့ဦးသို့မှာ ဃောသကကို ကြည့်တော့ ဃောသက၏ ခါးပိုက်ထဲက စာသည် ခါတ်ဆက်ကာ ခါတ်ကူးကာပြ၏။ သူ့ဦးသို့မှာ ဘာများ ပါလိမ့်ဟု ခါးပိုက်ကိုဖြေ၍ စာကိုယူခဲ့ပြီးမှ မိမိအခန်းသို့သွားပြီး တံခါးကို စေ့၍ စာကိုဖတ်၏။

(မှာစာကား)။ ။အလွန်ပင် စိတ်ချယုံကြည်ရသော မိတ်ဆွေချစ် ကြီးခင်ဗျား။

(ယခု စာကိုပေးသော လုင်သည်ကား ကျွန်ုပ်၏သားရင်းကိုသေစေ သော ရန်သူပင်ဖြစ်၏။ မွေးစားထားသော ဃောသက ဆိုတာဖြစ် ၏။ ထို့ကြောင့်။ ထိုဃောသကကို ကျွန်ုပ်ပိုင်ဆိုင်သော အမွေကိုမပေးလိုပြီ မပေးနိုင်ပါ။ သူသေမှပင် အမွေပြတ်မှာမို့ အသေသာ သတ်ပါ။တော့မိတ် ဆွေကြီး။ရင်းမရှိလျှင် မိတ်ဆွေကြီးအား အမွေအနှစ်ကို အရစ်ကြရပါစေ့ မည်။ကောသန္ဓိသူ့ဦးကြီး)ဟူသောစာကိုဖတ်မိရာ သူ့ဦးသို့မှာ အံ့သြ ခြင်းမကအံ့သြမိတော့သည်။သြော်-ဃောသကဆိုတာ စာဖတ်တတ်ဟန် မတူပေ။ မိမိကိုသတ်ရန်ပင် မိမိကိုတမန်လုပ်၍ စာဖြင့်ပို့လိုက်ထာ။ ဒါလဲ သူမသိရှာ ကဲ-ကဲ ဇနီးကို မေခလာကယ်တာလို ကယ်မှပင် အသက် ဘေးမှ ရှေကော့မည်ဟု တွေးတောမိပြီးမှ စာရေးသည်ကား။

(မှာစာကား)။ ။အလွန် စိတ်ချယုံကြည်ရသော မိတ်ဆွေ ချစ်ကြီး ခင်ဗျား။

(ယခုစာကိုယူလာသောသူသည် ကျွန်ုပ်၏ တဦးတည်းသော မွေးစားသား ဃောသကပင်ဖြစ်ပါတယ်။ ၎င်းသားကို ဤမည်သောရွာက သူဌေးထိုးနှင့် ကျွန်ုပ်၏ ကိုယ်စား ထိန်းမြားပေးရန် တာဝန်လွှဲလိုက်ပါသည်။ ပစ္စည်း ပစ္စယမှာ ကျွန်ုပ်၏ လယ်ယာ ကျေးမည့် ရသင့်သည့်အထဲက စုဆည်း၍ ကုန်ကျရန်ပင်ဖြစ်ပါသည်။ ကိစ္စပြီးက ပြီးကြောင်းကို ကုန်ကျသည့် စရိတ်စာရင်းနှင့်တကွ စာပြန်ပါတော့။ ပြုစုသဖြင့် ကျေးဇူးကို အထူးဆပ်ပါအုံ။ ကောသန္ဒိသူဌေးကြီး) ဟူသော စာကိုရေးပြီး ခါးပိုက်၌ ပြန်ထုံ့ကာ ထားလေ၏။

ဃောသကသည် နံနက်လင်းသော် စားသောက်၍ သွားပြန်လေ၏။ ထိုရွာသို့ရောက်လျှင် ရွာနေသူဌေးအား စာကိုပေးလိုက်သည်။ စာကိုဖတ်၍ သိရသော်။ရွာနေသူဌေးသည် လက်ခံမောင်းခတ်၍ ငါ့သခင်သည် ငါ့အားအလွန် ချစ်ခင်ပေသည်။သူ့ကိစ္စကြီးကို ငါ့အား လွှဲ၍ချီးမြှောက်ပါပေသည်ဟု ဝမ်းမြောက် ဝမ်းသာရှိလှသဖြင့် ကောသန္ဒိသူဌေး၏လယ်ယာ ကျွဲ နွား ဆင် မြင်း ကြွေးမြီမှရသမျှကိုစုဆောင်း၍ ဃောသကနှင့်သူဌေးထိုး ကိုလက်ထပ်၍ပေးလေတော့သည်။ကုန်ကျသမျှ စရိတ်နှင့်တကွအကြောင်း မျိုးစုံကိုရေးသား၍ ကောသန္ဒိ သူဌေးထံသို့ စာပြန်လိုက်တော့၏။ ။ ကောသန္ဒိ သူဌေးကြီးသည် အကြောင်းစုံကို ကြားသိရလေလျှင် ငါကသည်လိုပြု၏။သူကားဟိုလိုဖြစ်၏။ငါ့လက်ထဲကလွတ်ချေပြီသတ်လို့တော့ မရနိုင်တော့ပြီ အမွေဖြတ်ဟိုသာ ကြိုးစားရတော့မည်ဟုကြံ၍။ ရောဂါကြီးမိမိနှင့်ပင် ရောဂါကို အကြောင်းပြု၍ သားနှင့် ချွေးမတို့ အမြန်လာခဲ့ရန် လူလွှတ်ခါခေါ်တော့သည်။သူဌေးထိုး၏ကား ဖြတ်ဖြတ်လတ်လတ် ပါးနှတ်လိမ္မာသူဖြစ်၍ ရောဂါ၏ အခြေအနေကို ချိန်ပြီး မသွားဘဲ နေလေ၏။ ဃောသကကား ဘာမှမသိရပေ။ ၂ ကြိမ်လာခေါ်လဲမသွားချေ။ ၃ ကြိမ်လာခေါ်တော့ကမှ သူဌေးကြီးမှာ မထသော အိပ်ခြင်းဖြင့် အိပ်ရပြီဖြစ်၍ ဓနိုးမောင်နှံတို့သွားကြ၏။အိမ်ဝင်ရောက်လျှင် သူဌေးထိုး၏ ပါးနှတ်လိမ္မာပုံကြောင့်။ လူနာ၏အနီးမှာ တပါးသူမရှိရဘဲ ချွေးမက ခေါင်းရင်းက ဃောသကက ခြေရင်းက ကျေးကျွန်ကား ၂ ဦးနုံပါးက နေပြီး ခစားကြ၏။ သူဌေးကြီးက မပြီ.တပြီ လေသံနှင့် တာကဘယ်သူလဲ ဟိုဒင်းက ဘယ်သူလဲဟုမေးတော့။ခြေရင်းက ဃောသကပါဟုဖြေ၏။ သူဌေးကြီး

သည် အားယူပြီးလျှင် (ဃောသက ငါဖိုင်သော ပစ္စည်းအားလုံးဟာ သင်နှင့်သာဆိုင်သည်။) ဟု မှာကြားပြောပါတော့၏။ သူ့ဦးကြီး၏ စိတ်ဆန္ဒမှ ကား (ပစ္စည်းအားလုံးဟာ သင်နှင့်ဘာမှမဆိုင်) သင့်အား ငါမပေးဘူးဟု ဆိုလိုလေသည်။ တာပေမဲ့ ဃောသက၏ ဒါနသိလက်၏ တန်ခိုးကြောင့်။ (ပစ္စည်းဟာအားလုံး သင်နှင့်သာ ဆိုင်သည်)ဟု ဆိုပါတော့သည်။သူ့ဦးထွီးသည် သူ့ဦးကြီးကားမှားယွင်းပြောပါလေပြီတကား။ ဆဲဒါကိုအမှန်ယူ၍ နောက်ထပ်ပြီးပြောချေကကိစ္စမျှားမှာ စိုးရိမ်သဖြင့် မပြောနိုင်အောင်, ပြောသော်လဲ မကြားရအောင် ဟန်လုပ်ခါငိုယိုပြီး တာလောက်တောင်မှ မပူပါနဲ့အဖေရဲ့ သားပင်ရမှာချည်းဘဲဟု ပြောပြောဆိုဆိုငိုယိုကာ သူ့ဦးကြီးရင်ဝဋ် ခေါင်းဖြင့်လိမ့်ပြီးငိုကျွေးရာ သူ့ဦးကြီးကံကုန်လေ၏။

ဥတေနမင်းသည် နက်ဖြန်ကာ ဃောသက ငါ့အား ခစားလို့ဟု ခေါ်သဖြင့် သွားရာ။ နန်းယင်ပြင်၌ မိုးယိမ်းရွာပြီးစမှ ရေအိုင်တွေ ဟိုမှာတကွက် ဒီမှာတကွက် ဖြစ်၍နေ၏။ ဃောသကသည် ရေအိုင်မှ ရေတွေကို ခြေဖြင့်ခပ်ကာ ခုံကာ ကစားရင်း သွားလေ၏။ဥတေနမင်းလည်း ကြည့်၍နေသည်။ ရှေ့တော်သို့ ရောက်လျှင် ဃောသကလားကွဲ့ဟု မေး၏။ မှန်ကြောင်း သံတော်ဦးတင်တော့ အလ္လာပ သလ္လာပ စကားပြောကြားပြီးမှ သင့်ခမည်းတော်၏ ပစ္စည်းကိုသင့်အားလွှဲ၍သူ့ဦးဘွဲ့ပေးရဦးမည်ဟုပြောကာ ပြန်လွှတ်လိုက်၏။ဃောသကလည်း နန်းတော်မှဆင်းခဲ့ရာ ရေအိုင်ကို တွေ့ပြန်လျှင် ယခင်လို ကန်လိုက်-ကြောက်လိုက် မပြုတော့ဘဲ။ဣန္ဒြေရရ ရဟန်းတမျှဖြင့် ရေထဲသို့ ခြေချ၍သွားတော့သည်။ (လာစဉ်ကတမျိုး ပြန်သွားတော့တဖုံ) ဘုရင်က မြင်ရတော့။ပြန်ကာခေါ်ပြီးအကြောင်းကို မေးမြန်းသောအခါ ဃောသကက အရှင်မင်းမြတ်တဲ့ကျွန်တော်မျိုးလာစဉ်ကတော့ လွတ်လွတ်လပ်လပ် သူငယ်သဖွယ်မှီ ရေကိုကန်ကာ ကြောက်ကာ ကစားပါတယ်။ အရှင်မင်းမြတ်ထံသို့ရောက်တော့။သင့်အား သင်၏ခမည်းတော်ကဲ့သို့ သူ့ဦးအရာကို ပေးမယ်ဟု သူ့ဦးရာထူးဖြင့် မှန်းရှယ်ကာထားတော့။ ကျွန်တော်မျိုးမှာ ရှေးကကဲ့သို့ လွတ်လွတ် လပ်လပ် မဟုတ်တော့ပြီ။ သူ့ဦးဏ်ရာထူးကို ရှိသေရတော့မည် ထိန်းသိမ်းရတော့မည်။ သို့ကြောင့် အပြန်တွင် ရှေးနှင့် မတူတော့ဘဲ သူ့ဦးဂုဏ်ကို လေးစားရှိသေရပါသောကြောင့်။ ဣန္ဒြေရရသွားရပါသည်ဟု သံတော်ဦးတင်ရာ။ ယနေ့ပင် သူ့ဦးဘွဲ့ဖြင့် ချီးမြှင့်လေတော့သတည်း။

## (၁၅၆) သံရေမြုတ်၏၊ ပေါ်အောင်ပြုကြ။

ချသံ၊ သံစိမ်း၊ သံရိုင်း၊ သံမဏိ စသော သံမျိုးသည် ရေထဲမှာ မြုတ်မြဲ သဘောရှိ၏။ တာပေမဲ့ ၎င်းသံတို့ကို ဓလုံပြုပြီးရေချတော့ မမြုတ်တော့ပါ။ သံဘောဂြိုးလုပ်ပြီးရေခ္ဒချတော့ မမြုတ်ပါ။ သင်္ဘော သမ္ဗာန်ပြုပြီး ရေချတော့ မမြုတ်ပါ။ ထို့အတူ။ ယခုတွေ့ရသော ရုပ်မျှားသည် ကိုလေသာကို ဖြစ်စေ၏။ကိုလေသခ္ဒ နှစ်မြုတ်စေ၏။ ၎င်းကိုခါတ် ၄ ပါး ကွဲအောင်ရှုတော့။ ကိုလေသာရေခ္ဒမမြုတ်တော့ပါ။သက်သေမှာ။ ၂၄ သရော်။ ကုဋေ (၆၀) ဗိုလ်ချောဘသိန်း ကျွတ်၍သွားကာဟာ သက်သေပါတဲ့။

---

## (၁၅၇) ယိုးဒယားနှင့်ဗမာ နယ်ခြား ခါတ်ပါခြားပုံ။

ယိုးဒယား လူမျိုးများဟာ သူတို့၏ကံနှင့် သူဘို့၏ဌာနမှာ မြစ်ခြားမြို့ ဖြစ်ကြပါတယ်။ ဗမာလူမျိုးများကလဲ သူတို့၏ကံကြောင့် သူဘို့၏ဌာနမှာ မြစ်ခြားမြို့ ဖြစ်ကာ နေကြပါတယ်။ ကံကိုက ပိုင်းခြား လာခဲ့တာပါ။ ကာကြောင့် နယ်ခြားခ္ဒ သောင်းရင်းမြစ်ဆိုကာရှိတယ်။ ယိုးဒယားမြစ်ကမ်းပေါ်က သစ်ပင်များဟာ ယိုးဒယားနယ်ဘက်သို့ကိုင်းလျက် ညွှတ်လျက် ပေါက်ကြသည်။ ဗမာမြစ်ကမ်းပေါ်က သစ်ပင်များဟာလဲ ဗမာပြည်ဘက်သို့ကိုင်းမ်ု ညွှတ်မ်ု နေကြသည်။ သစ်ပင်များခ္ဒ ခါတ်ဝင်မ်ု နေကြပုံတည်း။

---

## (၁၅၈) ရှမ်းပြည်နှင့်ယိုးဒယား နယ်ခြား။

ရှမ်းပြည်နှင့်ယိုးဒယားပြည်ဟာလဲ ချောင်းငယ်တခုခြားမ်ုနေပါတယ်။ ရှမ်းနယ်ဘက်က သစ်ပင်တွေဟာ ရှမ်းနယ်သို့ကိုင်းညွှတ် နေပါတယ်။ ယိုးဒယားနယ်ဘက်က သစ်ပင်တွေဟာလဲ ယိုးဒယားဘက်သို့ ညွှတ်ကိုင်းနေပါတယ်။

---

## (၁၅၉) ရခိုင်ပြည်နှင့် ဗမာနယ်ခြား

ပထမဦးစွာ၌မဇ္ဈိမဒေသမှသာကိုဝင်မင်းတို့သည် တိုင်းရေးပြည်ရေး မဇကြသဖြင့် အလုံးအရင်းနှင့်ကကွ စစ်ချီ၍ ဗမာပြည်နယ်ဟဲသို့ ဝင်လာ

ကြ၏။ သံသယဟုကောင်းပြည်တည်၍ တိုးနှန်းစိုက်ကာ မင်းပြုကြ၏။ အဘိဓမ္ဓာရာဇာမင်း ကံကုန်သော်။ သားကော်ကံရာဇာကြီးနှင့် ကံရာဇာငယ်တို့ နှန်းလုကြရာဝယ်။ မှားမတ်မျှားက စစ်တိုက်သော် ၂ဘက်စလုံး ပျက်စီးတတ်ပါသည်။ စစ်မတိုက်ဘဲ မဏ္ဍာပ်ဆောက်လုပ်ကြပါ။ ဦးစွာပြီးသောသူက ထိုးနှန်းရ၍။ မရသောသူက တနေရာသို့ ရွှေပြောင်းပြီး ပြည်တည်ပါဟု လျှောက်ရာ။ ၂ ဦးသဘောတူ၍ မဏ္ဍာပ်ဆောက်လုပ်ကြ၏။ ကံရာဇာကြီးကား သစ်ကြီး ဝါးကြီးတို့ဖြင့်။ ခမ်းခမ်း နားနားကြီးကြီး ကျယ်ကျယ်ဆောက်လုပ်ရာ။ နောက်မှပြီးစီး၏။ ကံရာဇာငယ်ကား သစ်ငယ် ဝါးငယ်ဖြင့် ဖြစ်စလွယ်ပြီးစလွယ်မဏ္ဍာပ်ဆောက်လုပ်ရာ အရင်ပြီး၍ ထိုးနှန်းရတော့၏။ ကံရာဇာကြီးကား အနောက်ရိုးမကိုကျော်လွန်၍ ရခိုင်နယ်၌ ပြည်သစ်တည်၍ မင်းပြုတော့၏။ ထိုညီနောင် ၂ ဦးတို့ နယ်ခြားနှင့် စပ်လျဉ်း၍ အငွန်ဘဏ္ဍာကောက်ကြရာ။ သူ့ဘက်ကလူ ငါ့ဘက်ကလူနှင့် စကားများကြ၏။ ညီနောင် ၂ပါးတို့စကား မမျှားကြရန် နယ်ခြားသတ်မှတ်မှဘဲဆိုပြီးတော့။ရခိုင်ရိုးမတောင်ပေါ် ၌ တောင်ဘက်ကစ၍မြောယ်ဘက်အထိ နယ်ခြားသတ်မှတ်ရာ။ ရခိုင်ဘက်၌ ကျ။ တောကြီးပေါက်ရောက် စိတန်းလျှက် ဗမာဘက်၌ ဝါးတောကြီးစိတန်း၍ပေါ်ပေါက်ဘော့၏။ ဝါးတောရောက်လျှင် ဗမာပိုင်၊ ကျ။ တောရောက်လျှင် ရခိုင်ပိုင်ဟူ၍ နယ်ခြားထားမလသည်။

---

## (၁၆၀) ဘွိုင်လာအနီးနေကြည့် ရေခဲတိုက်အနီးနေကြည့်။

ဘွိုင်လာဒေါ်ကြီးအနီး ၄ တောင် ၅ တောင်၌ နေသောသူများ၌ အပူခါတ်ရှေ့ဖြင့်ခါတ်ရိုက်၍နေပါသည်။ ရေခဲတိုက်အနီး၌ နေသောသူကား အေးခါတ်ခိုက်၍နေပါသည်။

---

## (၁၆၁) မောင်ပုဏ္ဏလင်မယားလယ်မြေရွှေခါတ်ဝင်ဖြစ်ရ။

အရှင်သာရိပုတ္တရာကြီး နိဗ္ဗာန်ဝင်သမျှပတ်မှထ၍ ချုတ်ခံသူကိုကြည့်သောအခါ။ မောင်ပုဏ္ဏတို့ကျွန်လင်မယားကိုမြင်လေ၏။ မြင်လျှင်မြင်ခြင်း မောင်ပုဏ္ဏလယ်ထွန်ရာသို့ကြွသွားပြီး အလှူခံ၏။ မောင်ပုဏ္ဏသည် ဤနေရာကိုထောက်လျှင် ဒန်ပူနှင့်မျက်နှာသစ်ရေကိုအလှူခံသည်ထင်၏ဟု သိ၍ ဒန်ပူနှင့် မျက်နှာသစ်ရေကို လှူပေ၏။ ၎င်းမယား ထမင်းပို့လာရာတွင်

ကြိုးဆိုးမ၊အလှူခံပြန်ရာ၊ဆွမ်းလှူ၍ ပြန်လည်ကာထမင်းချက်တော့၏။ကျက်လျှင် ဆောလျှင်စွာပို့ဆောင်ပြီး စားသောက်ကာသပြေပင်ရိပ်၌အိပ်စက်ကြသည်။မောင်ပုဏ္ဏာအရင်နိုး၍လယ်ကွင်းဘက်သို့ကြည့်မိရာ။ တပြောင်ပြောင်တလက်လက်နှင့် ရွှေအရောင်ထွက်၍နေလေ၏။ မယားကိုနိုးပြီးကြည့်စေရာ။ ရွှေရောင်ကိုပင်မြင်ရသဖြင့်။ ၂ ဦးသွားရောက်၍ လက်ဖွေးကြည့်တော့ ရွှေတွေဘဲဟု သိရ၏။ မောင်ပုဏ္ဏာက ဤင်မရေ နံက်တုံးကဒန်ပူရယ် မျက်နှာသစ်ရေရယ် ဆွမ်းရယ်အနှင် သာရိပုတ္တရာကိုယ်တော်ကြီးအား ငါတို့လှူတယ်မဟုတ်လားကွယ်။ ဟော-ယခုနေ့လယ်ရောက်ရင်ဘဲ ဒါနဲ့ ၃ မျိုး၏အကျိုးကိုရရှိပေပြီ။ ဒါလောက်များလှသောရွှေတွေကို ဖုံးဖိသိုဝှက်လို့မဖြစ်နိုင်။ ဖိမ္ဘိသာရဘုရင်အား တိုင်ကြားမှဘဲဖြစ်ပေမယ်ဟု တိုင်ပင်ပြီး ဘုရင့်ထံသွားကြလေ၏။ ဘုရင်ကမေးတော့။ နံက်ကဒါနသုံးမျိုးကြောင့်။နေ့လယ်မှာ ရွှေတွေဖြစ်ပေါ်ကြောင်း သံတော်ဦးတင်ကြ၏။ ဘုရင်ကလဲ ကဲ-ကဲ ပြန်ကြတော့ ၇ ရက်အတွင်း သူဌေးဘွဲ့ နှင်းအံ့ဆိုပြီး သဲအစည်း (၆၀) ဖြင့် နန်းယင်ပြင်သို့သယ်ယူစေတယ်။သဲသမားတဦးက ပါးစပ်ဆော့ပြီး ကြည့်ကြစမ်းကိုယ့်လူတို့ ဘုရင့်ဘုန်းကံကြောင့် ရွှေတွေပေါ်ရတယ်ဟု (ဝိသမဟောတုကဒိဋ္ဌိ) ဖြင့် ပြောလေသည်။ ပြောလျှင်ပြောခြင်း ရွှေတွေဟာ မြေကြီးတွေဖြစ်ကြကုန်၏။ အကြောင်းကို ဘုရင်အားသံတော်ဦးတင်ကြတော့။ မင်းတို့တရုတ်မှားပြီ။ ဘာများပြောမိ လုပ်မိ ကြံစိမိကြသနည်းဟု မေးတော့။ အခြားတော့ ထူးထူးထွေထွေ မပြောမလုပ် မကြံစိမိပါ။ အရှင်မင်းတရားကိုမြှိုးကျူးပြီးတော့ ဤဘုရင့်ဘုန်းကံကြောင့် ရွှေတွေပေါ်ကြောင်းတခုကိုတော့ ပြောဆိုမိပါတယ်ဟု သံတော်ဦးဟင်ကြတယ်။ (တာပေါ့-ဘာပေါ့) တရားဟာ နဲနဲကလေးမှ အမှားမခံပါ။ ကြည့်စမ်းပါတော့ မောင်ပုဏ္ဏာတို့လင်မယား၏ ဘုန်းကံကြောင့် ပေါ် တဲ့ရွှေကို။ဘုရင့်ဘုန်းကံကြောင့်ပေါ် တဲ့ရွှေတွေဘဲဟု(ဝိသမဟောတုကဒိဋ္ဌိနှင့်) ပြောဆိုမိလို့ ရွှေမှ မြေဖြစ်ထားကွဲ့။ ကဲ-ကဲ အမှန်အတိုင်းပြောဆိုကြတော့ဟု မိန့်ရာ။သဲပေါ် တက်ပြီး ဘုရင်၏ဘုန်းကံကြောင့်ဖြစ်တဲ့ရွှေတွေမဟုတ်ပါ။အမှန်မှာ မောင်ပုဏ္ဏာတို့လင်မယားပြုတဲ့ဒါနကြောင့်ဖြစ်ပေါ် တဲ့ရွှေတွေပါဟု ပြောတော့ကမှမြေမှ ရွှေဖြစ်ပြန်တယ်။ [ကဲ-ကဲ အနိစ္စခဲ့ကြပါဦးရဲ့။ (၁) ပထမဦးမြေမှရွှေဖြစ်တယ် အနိစ္စတွေရပြီ။ (၂) မှားပြောမိတော့ ရွှေမှမြေဖြစ်တယ် အနိစ္စဘဲ။ (၃) အမှန်ကို ပြန်၍ပြောတော့

မြေမှာရှေးဖြစ်တယ် အနိစ္စပါဘဲ] ရှေးတွေ့ဂျိုသမျှကို နှန်းယင်ပြင်ခ္ခဏပုံတော့ အတောင် (၇၀) မြင့်တယ်။ တာနဲ့ဘဲ မောင်ပုဏ္ဏားတို့လင်မယားကို သူ့ဦးဘွဲ့နှင်းအပ်၍ ပလ္လင်ရော ထီးရော ရပါရောတဲ့။ ။အိမ်ရာမြေမရှိလို့ ဘုရင့်ထံ အိမ်ရာမြေကွက်တောင်းတော့။ဘုရင်က ပြည်စွန်ခ္ခဏ်ရှေးကြီးသတ်မှတ်၍ ပေးလိုက်တယ်။ထိုမြေကွက်ကို ရှင်းလင်းတော့လဲ ရှေးအိုးကြီးတွေများစွာ ပင်ပေါ် ပြန်သတဲ့။ဦးပြီးရင်း–ဦးရင်းပါဘဲ။ အဲဒါဟာ ဒါနခါတ်ဝင်လို့ မြေက ရှေးဖြစ်ရသည်။

---

## (၁၆၂) တောင်သူကြီးဘုရင်ဖြစ်ရန်နိမိတ်ခါတ်။

ပုဂံရာဇဝင်ခ္ခ ထင်ရှားလှတဲ့ တောင်သူကြီးမင်းဆိုတာဘုရင်ဖြစ်ခါနီး လာတော့ သူ၏တောင်ယာ အခင်းထဲမှာ သစ္စါးဘူး ခရမ်းမှစ၍ အပင်တွေဟာ ပြွတ်၍နေအောင် ညွှတ်ညွှတ်တိုးအောင် သီးနေကြတယ်။ ဒါနတန်ခိုးပြသ၍ နေတာဘာဘဲတဲ့။ တောင်သူကြီးမှာလဲ အရိပ်တကြည့်ကြည့်နဲ့ပေါ့လေ။ ဝမ်းသာလုံးဆို့၍နေရှာတယ်။ ဒီအခိုက် လာတ်တိုက်၍လာဒါကတော့ သိမ်းခိုမင်းဆိုတာက နှန်းကော်မှ တောထဲသို့ တောကစားထွက်လာတယ်။ တောကစားရင်း လမ်းမှားလာပြီး ဆာလောင်တာနှင့် ရေလဲငတ်ထာနှင့် တောင်ယာခင်းသို့ဝင်ပြီးသစ္စါးသီးကို ခူးဆွတ်ကာ စားမိပါရောတဲ့။တောင်သူကြီးလည်း မပန်မကြားဘဲ ငါ့ဟာကို စားရပါမည်လောဟု ဒေါသနှင့် ထရိုက်လိုက်ရာ တချက်ထဲနှင့် အသက်ထွက်ပါရော။ အလောင်းကို သစ္စါးနွယ်ဖြင့် ဖုံးအုပ်ပြီးနေတယ်။ ဘုရင်ပျောက်လို့ရှာသော မင်းချင်းတဦးရောက်လာရာ မြင်းကိုသာတွေ့၍ မင်းကိုမတွေ့ရကား။ အခင်းထဲသို့ ဝင်လာပါရော တောင်သူကြီးက ခုဒင်ကလဲတယောက်သေပြီ အခုတဦးသေချင်ပြန်ပြီလားဟု ချိန်းချောက်တော့ သေသူဘယ်မှာလဲမေး။ ဒီမှာဟုပြတယ်။ မင်းချင်းကလိမ္မာ၍ ဘုရင်ကိုသတ်မိလျှင် ဘုရင်လုပ်ရတယ်။ လာလိုက်ခဲ့ဟုခေါ်၏။ တောင်သူကြီးက ငါ၏သစ္စါးခင်းဟာ ယခုနှစ် သီးလှတယ် ဒါကိုပြစ်၍ မလိုက်နိုင်ဟု ငြင်း၏။ မင်းချင်းလိမ္မာက သစ္စါးခင်းလဲမပြစ်ရဘူး ထီးလဲရ နှန်းလဲရ ရှေ့ငွေလဲရမယ်ဟု ခေါ်မှ လိုက်သွားလေသည်။နှန်းဟော်သို့ရောက်တော့ တိုင်းပြည်က ဘယ်သူကိုမှ မသိစေဘဲ မိဖုရားကြီးတဦးကိုသာ အသိပေးပြီး တိုင်းပြည်လှုပ်ရှားပြီး သေကြေ ကုန်မှာစိုးလို့ မင်းချင်းလိမ္မာနှင့် မိဖုရားကြီး

၂ ဦးကပင် သည်လိုနေပါ သည်လိုပြောပါ အရာရာကို သင်ပြပြီးမှ အုပ်ချုပ်နိုင်၍ အသားကြတော့မှ တောင်သူကြီးမင်းဖြစ်မှန်းကို တိုင်းပြည်က သိရတော့သတည်း။

## (၁၆၃) ဆံထုံးမျောက် စူလာမဏိစေတီဖြစ်။

သိဒ္ဓတ္ထမင်းသားသည် မောင်ဆန်နှင့်အတူ ခဏ္ဍိုက (ကဏ္ဍက) မြင်းကိုစီး၍ တောထွက်၍လာခဲ့ရာ အနော်မာသောင်သို့ ရောက်၏။ ဝါသည် ကေန် ဒိဋ္ဌဘုရားဖြစ်မည် မှန်ခဲ့သော်။ဝါ၏ဆံထုံးတော်သည် ကောင်းကင်၌ တည်ပါစေသတည်းဟု အဓิษฐาန်၍ မြှောက်၏။ ဆံတုံးတော်သည် ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်ကာနေ ပေ၏။ ဒီတော့ကမ္ဘာ ဝါကား ကေန်ဘုရားဖြစ်မဲ့သူတည်းဟုသိ၍ ဝမ်းမြောက်တော်မူသတည်း။ ၎င်းဆံထုံးတော်ကို သိကြားမင်းယူခဲ့ပြီး တာဝတိံသာ နတ်ပြည်တွင် စူဠာမဏိစေတီဟု ကိုးကွယ် ကြလေသည်။ ဓါတ်ရောက် ကောင်းကင်မြှောက်ပုံတည်း။

## (၁၆၄) ပုဆိုးဓါတ် မိုးရပ်၌ ဒုဿစေတီဖြစ်။

အနော်မာသောင်၌ပင် ဘုရားအလောင်း ရဟန်းပြုမည်ဟု ကြံတော့။ ဃဋိကာရ ဗြဟ္မာကြီးဟာ ကြာသက်နန်းနှင့်လာပြီး ဆက်ကပ်လေသည်။ ဝတ်လဲတော် ပုဆိုးကိုချွတ်ပြီး သက်နန်းတော်ကို ဝတ်ဆင်တော်မူသည်။ ဝတ်လဲတော် ပုဆိုးကို အမြတ်တနိုးသား၍ ဗြဟ္မာ့ပြည်၌ ဒုဿစေတီဟု သမုတ်ပြီး ဗြဟ္မာများကိုးကွယ်ကြလေသည်။ [စူဠာမဏိစေတီနှင့် ဒုဿစေတီ ၂ ဆူကား အလောင်းတော် ပုထုဇဉ်ဘဝတုံးက ဒိဋ္ဌမင်္ဂလာသေး၊ ဝိမိုက်ဆွာမင်္ဂလာသေး၊ တဏှာ မာန အဝိဇ္ဇာမင်္ဂလာသေး၊ အကုသိုလ် ကိလေသာ တရကမ္မမဖြတ်ရ မသတ်ရသေးဘဲနှင့် လူဝတ် လူအစားတောင်မှ စေတီထိုက်၍ နှာ်များ ဗြဟ္မာများ ကိုးကွယ်ကြရသေး၏။ဘုရားဖြစ်ပြီးမှ အသုံးအဆောင်တို့ကား ပြောဘွယ်မရှိချေ။]

## (၁၆၅) တောင်ဖီလာကြီးကြာနီမိတ်။

(၉၉၉) ခုနှစ်တုံးက အနောက်ဘက် လွန်မင်းတရား လက်ထက်ဝယ် တောင်ဖီလာ ဆရာတော်ဟု အလွန်တရာ ကျော်စောကြောင်း ရှိလှသော

ဆရာတော်တပါးကို အကြီးအမှူးပြု၍ နောက်ပါခုနှစ်ပါးနှင့်အတူ ရွှေစက်တော်စေတီကို ရှာတော်မူကြရန် လျှောက်ထားလေသည်။ ဝါဆိုဇရာဂါမ ဟုတွင်သော လယ်ကိုင်း ကျောင်းတော်ရာမှ အစပြု၍ တောထဲ၌ရှာဖွေကြရာ။ အိမ်မက်အတိုင်း ခွေးကိုတွေ့၍ ထိုခွေးသွားသောခရီးဖြင့်လိုက်ကြရာ အောက်စက်တော်ရာစေတီကို ဖူးတွေ့ရသည်။တဖန်တောင်ပေါ်သို့ တက်ပြီးရှာကြပြန်ရာ အထက်စက်တော်ရာစေတီကို ဖူးတွေ့ရသည်။ ဘဲဒါနှင့် ငါလဲဘဲ ဘုရားဆုကိုကောင်းတဲ့သူဘဲ ဘယ်အခါဝယ် ဘုရားဖြစ်အံ့နည်း သိရအောင် သစ္စာဆိုပြီး အဓိဋ္ဌာန်ပြုပြီးတော့ စက်တော်ရာစေတီတော်ကို သက်နှိုးဖြန့်အုပ်၍ လှူဒါန်း၍ကြည့်ရာ သက်နှိုးသည် ကုန်းထ ကြွလာလျှက် ကြိုးကြာရုပ် သဏ္ဌာန်ပြကာ ဗျာဒိတ်တော်ပေးလေသည်။ ၎င်းဗျာဒိတ်ပေးသည်ကို နိမိတ်ဖတ်သည်ကား (ကြိုးကြာရုပ်မှ) ကြိုးလဲ ကြိုးစားပါဦး ကြာတော့လဲ ကြာလိမ့်ဦးမည်(ကုန်းကြွ)သည့် အလိုမှာတော့။ ပါရမီဖြည့်၍လာတာဟာကုန်းကြွလာတာလောက်ပါရမီဖြည့်ဝ၍နေပါပြီဟု ဖတ်လေသည်။ ။ညအခါ၌ ပဌာန်းဒေသနာကို စီးဖြန်း၍ ပူဇော်သည်။ ဆုံးလျှင်နတ်ကသာဓုခေါ်သည်။ သာဓုခေါ်တာ ဘယ်သူလဲဟုမေးတော့ တောင်စောင့်နတ်ဟုဖြေသည်။ဒါဖြင့် မြတ်စွာဘုရား ဘုရားဖြစ်၍ ခုနှစ်ဝါတုံးက တာဝတိံသာမှာ ဘုရားဟောတာနှင့် ငါရွတ်တာနှင့်တူပါရဲ့လားဟုမေးတော့ ယခုကား ညှိစော်နံသည့်ဟုဖြေသည်။ ဘယ်နေရာမှာ ရှတ်ယွင်းလို့လဲဟုမေးတော့ တလုံးမှမမှားပါ။ဒါပေမဲ့ ပိုရိ၍ဂရုပြုပါရန်သာ ပြောရုပါသည်။ ဘုရားဟောတာနှင့်တော့ တထပ်ထဲပါဘဲ ဒါပေမဲ့ ရိုရိုသေသေ လေးလေး စားစား စိတ်ထား၍ ရွတ်ပါတဲ့။

---

## (၁၆၆) တောင်ဖီလာ ဒါးမကူးကန်။

သက္ကရာဇ် ၁၀၂၄ ခု နှစ်လောက်ကတောင်ဖီလာ ဆရာတော်သည်။ သီလဝန္တ၊ပညဝန္တ၊ သိက္ခာကာမ၊ သတ္တိဗလ၊ ဗျတ္တိဗလ၊ သမာဓိဝန္တ စသော သာသနာ့ဂုဏ်တို့နှင့် ပြည့်ဝသည့် စုံလင်သည့် ဓဟန္တာမထေရ် တမျှဟူ၍ ကျော်စော ကိတ္တိရှိလှပေသည်။ ထိုဂုဏ်တို့ကြောင့် တိုင်းတုံ ပြည်လှုပ် အုတ်ကြွက်ဆူညံဖြစ်ခဲ့လေသည်။ နန်းတွင်း နန်းပြင်မကျန် ထို

စကား ခေတ်စားခဲ့ရာ။ရှင်ဘုရင့် ကိုယ်တိုင်ကပင် ဒီလိုသမာဓိကို မည်သူမျှ မဖျက်ဆီးနိုင်ဟု တယူသန်သဘောဖြင့် ပြောဟောနေပေရာ ပိဓရားတယောက် ကျွန်တော်မ ဖျက်ဆီး၍ပြုပမယ်ဟုအဝိစိကံ ပွက်ထလေသည်။ ဘုရင်က မယ်မင်းတတ်နိုင်က မယ်မင်းသဘောဘဲဟု ပြောရာ။ ပိဓရားသည် ကျောင်းသို့သွားပြီး ခရီးသွားဟန်ဖြင့် ဇရပ်၌တည်းခိုရန် တည်မှီခွင့်တောင်းသည်။ နေဝင်ခဲ့သော် ကျောင်းအပြင်၌ ခွင့်တောင်းသည်။တစ်တစ်နှင့် ကျောင်းတွင်းရောက်၍ တောင်ဖိလာဆရာတော်အား မာယာနှင့်မြှူတော့သည်။ ဆရာတော်ကြီးလည်း ဟိုက်ပွဲမှီ မရှုံးနိုင်အောင် ခုတင်ပေါ်၌ ဘယ်လက်ကိုတင်ထားပြီး ဒါးမကြီးဖြင့် ထုချေတော့သည်။ လက်ပဲလက် ထုချေထားသောဒါဏ်ရာမှဝေဒနာကိုရှုပြီး ဟိုက်ပွဲကြီးမရှုံးအောင် ခံစစ်ဖြင့် ခုခံတွန်းလှန်ရတော့ရ။ ပိဓရားကား သိလပျက်ပြီဟု အထင်ဖြင့် ကြေငြာရာ။တပြည်လုံး အုံးအုံး ကျက်ကျက် ဖြစ်၍ ဆူပွက်ကြ ကုန်တော့သည်။ဆရာတော်ကလဲ ငါ၏ သိလသည် ဘာမှအနာအဆာမရှိ ပကတိပင်ဟု ဝန်ခံသည်။ပိဓရားကလဲ လက်ကျေသဖြင့် သက်သေရပြီ သိလမရှိဟု ပြောသည်။တိုင်းသူပြည်သားတို့ နှလုံးနှစ်ခွ ဖြစ်ကြတော့သည်။ ဘဲဒီတော့ကမ္ဘ ဆရာတော်မှာ သံဃာတော်များ၏ ယုံမှားမှုမဖြစ်စေရန် သက်သေကား ဟောဒီက ဒါးမကြီးပင်တည်း။ ဒါးမကြီးကိုသစ္စာဒိဋ္ဌာန်၍ ပြုရတော့မည်ဟု ရေကန်အနီး၌ ဒါးမကြီးကို ကိုင်ပြီး။ ငါ၏ သိလသည် ပကတိအတိုင်း ရှိပါမှုကား။ ဒါးမကြီးသည် ရေကြောင်း၌ လေ့လောင်းကဲ့သို့ ကူးပါစေသား။ အကယ်၍ သိလမရှိပါမှုကား ဒါးမကြီးသည် မှုလသဘောအတိုင်း မကူးဘဲ မြုပ်ပါစေသားဟု သစ္စာဆို အဓิဋ္ဌာန်ပြု၍ ဒါးမကြီးကို ရေ၌ချရာ။ ဒါးမကြီးသည် ရေကြောင်း၌ လေ့လောင်းကဲ့သို့ ကူးသွားလေသည်။ ထိုကန်ကား ယခုတိုင်အောင် ဒါးမကူးကန်ဟု တွင်လေသည်။ တောင်ဖိလာ ဆရာတော်၏ ဂုဏ်ကျေးဇူးသတင်းသည် ထိုအခါကြမှ သာ၍ထွန်းလင်းတော့သတည်း။ ပိဓရားကိုလည်း သူ၏အပြစ်အားလျှော်စွာ ဘုရင်က ဆင်ဖြင့်နင်း၍ သတ်စေဟု အမိန့်ပေးလေသည်။ ဒါပေမဲ့ တောင်ဖိလာဆရာကော်က ဒီပိဓရားကြောင့် ငါ့မှာ ဂုဏ်မလျော့ဘဲ ဝိုရိတိုးတက်ပါပေသည်။ မသတ်ရန် ငါအလှူခံပါသည်ဟု အလှူခံ၍ ပုရဖိုစ်မပြု၍ သိလကို ကျင့်ကြံစေပါသတည်း။

## (၁၆၇) နန်းကလျှာ ဦးသီဘော။

ဘုန်းကံကြီးမားသော ပုညဝန္တာများ ပေါ်လာသောအခါ၌ဌင်း။ ပျက်ဒီးသောအခါ၌ဌင်း။ နိမိတ်များ ကြီးကျယ်စွာ ပြသွားကြမြဲတည်း။ ထိုအထဲတွင် သီဘောမင်းတရားသည် ၁၂၄၇ ခုနှစ်၌ နန်းကျခဲ့သောအခါ၌ တိတ်ကြီး နိမိတ်ကြီးများ ပြ၍သွားလေသည်။ ကောင်းကင်က ကြယ်တွေဟာ အပြုံလိုက် အစုလိုက် ကြွေကျ၏၊ ကြည့်နေသူ မြင်ရသူများပင် အသဲတထိတ်ထိတ်နှင့် အသဲတုန် ရင်ခုံကြ၏။ စိတ်များလည်း ငယ်ငယ်နှင့် မျက်ရည်များပင် လယ်၍ ထွက်ကြ၏။ ဒဲ့ ကံကုသိုလ်ထွက်တော့ နိမိတ်ပြချက်တည်း။ ဒါပေမဲ့ ဘုန်းကံသမ္ဘာကြီးမားမှ ပြ၍ သ၍ သွားနိုင်တာပါဘဲ။

---

## (၁၆၈) ပဠုမမြောက် ဗျော့ဘုရင်နန်းတက်တော့။

အင်္ဂလန်ပြည်ကြီးရှင် ပဠုမမြောက် ဗျော့ဘုရင် နန်းတက်တော့။ ကောင်းကင်မှာ၊ ကြယ်တန်ခွန်ကြီးလွတ်၍ နိမိတ်ပြနေပါတယ်။ နေ့မှာလဲ မြင်ကြရ ညမှာလဲမြင်ကြရ အကော်ကြာကြာကြီးသိသိသာသာ၊ထင်ထင်ရှားရှားကြီးပင် ပြ၍နေသည်။ ခါတ်ရိပ် ခါတ်နိမိတ် ကံရိပ် ကံနိမိတ်ကား ဤသို့ပင်တည်း။

---

## (၁၆၉) ကရင်သူပုန်ထခါနီး၌၊ အညြာကြယ်နိမိတ်။

၁၃၀၀ ခုနှစ်ဆိုက အရှေ့တောင်ထောင့် အင်္ဂါအရပ်ဝယ်။ မထင်မရှားသောကြယ်တလုံးက အရိုးတလူလူထ၍ ရက်များစွာပြသ၍နေပါတယ်။ ဘာဖြစ်မည့်နိမိတ်လဲဟု စောင့်မျှော်နားထောင်ရင်း သတိပြုနေရာ။ ကရင်များ သူပုန်ထ၍ အင်းစိန်မြို့က စခန်းချပြီး ရန်ကုန်မြို့ကြီးကို သိမ်းဆုပ်ရန် ပြုကြပါတော့သည်။ ကံရိပ် ကံနိမိတ် ပြပုံနှင့် အကျိုးရပုံ သက်သေတည်း။

---

## (၁၇၀) ဟူရန်ဘုမင်းကံကဲ့ ကြယ်နိမိတ်။

ကောသမ္ဗီပြည်၌ ဟူရန်ဘုမင်းသည် ကေသိနိမိဗရားနှင့်အတူ နေဟူစာလုံ့၍နေခိုက်။ ကေသိနိ မိဗရားခြိုထားသောကမ္ဘလာနိကို သားတစ်ထင်ပြီးဌက်ဆင်ချိလေသည်။ (ဒါနသိလသမထပွါးတုံး၌။ ဒိဋ္ဌိ၊ ဝိဝိ၊ အဝိဇ္ဇာ၊

တဏှာ၊ မာန၊ ၀ိုယူတတ်ပုံတည်း။) ဝိဗုဒ္ဓးသည် ယခုနေအခါဝယ်။ ငါက ဟစ်အော်၍ လူသံပေးလိုက်ပါအုံ့။ လူမှန်းသိ၍ ကြောက်လန့်ပြီး ငါ့ကိုပစ် ချလိမ့်မည်။ ကျ၍ငါပင်သေလိမ့်မည်။ ၀ိုယူစေဦးတော့ဟု သည်းခံ၍ လိုက်ပါလေသည်။ ဟိမဝန္တာတောသို့ ရောက်ဟော့ ဌက်ဆင်သည်။ ညောင်ကိုင်းခွ ဝိဗုဒ္ဓးကိုချထားပြီး။ လာလမ်းကိုပြန်၍ကြည့်လေသည်။ ရန်သူများ လိုက်၍လာသလား မလာဘူးလားဆိုတာကို။ သိရှိအောင် ကြည့်မြင်မေ့တာတည်း။ ထိုအခါ ဝိဗုဒ္ဓးသည် ညောင်ပင်ခွသစ်ခွကြားကို အမှီပြု၍၊ အားထား၍ ကပ်တွယ်ပြီး။ ဌက်ဆင်လာသော် လက်ခုတ်လက် ဝါးတီး၍ ပြင်းစွာအော်ဟစ်၍ လူသံပေးလိုက်သည်။ ယောဂိများဟာလဲ။ ဒဋ္ဌ ၀၀ ဌက်ဆင်လာသော်၊ ရုပ်နာမ်ညောင်ခွကို အားကိုးပြီး။ ပြင်းစွာ အော်ဟစ်ခြင်း။ လက်ခုတ်လက်ဝါးတီးခြင်းပြု၍ နှင်ထုတ်သကဲ့သို့။ ပြင်း ထန်စွာ ဝိပဿနာ အားထုတ် နှင်ထုတ်ကြရာ၏။ ဌက်ဆင်ပြေးသော်။ ဝိဗုဒ္ဓးမှာ တခုကဇော်လဲ မိုးယိုးရွာခြင်းဥတု လေညွှင်းကြောင့် ဇမြခြင်း ဥတု အာရုံတက်ခြင်းဥတု ၃ ပါးနှင့်ယှဉ်၍သားတော်ကိုမွှားမြင်ပြန်သည်။ ဥတုသုံးပါးဖြင့်ကြီးပွားရသဖြင့် မင်းသားကို ဥတောနဟုမှည့်ခေါ်ပါသည်။ ထိုတောခွနေသော အလ္လကပ္ပရဇော်ကြီးဟာ နံက်လင်းသော် ဌက်ဆင် စားကျင်းများကို နေ့စဉ်ကောက်ယူမြဲ၊ စားကြွင်းကောက်ယူရန် လာ သော်။ ပညောင်ပင်ပေါ်မှ ခလေးသံကြားမ်ားကြည့်လျှက် အဘယ်သူ နည်းဟုမေးဏ်။ ဝိန်းမဖြစ်ကြောင်း။ သားမွှားကြောင်း။ ဌက်ဆင်ချီ၍လာ ကြောင်း ပြောပြတော့။ ဇ-ဇ ငါကယ်ဆယ်မည်။ နေနှင့်အုံးဟု အားပေး၍ မောင်းတက်ခုတ်ပြီး ဝိဗုဒ္ဓးထံရောက်အောင် မောင်းတက်ဆင်ခါ တက်ခဲ့ လေသည်။ ဝိဗုဒ္ဓးအား ကိုင်၍အောက်သို့ပို့မည်ပြုရာ။ ဝိဗုဒ္ဓးက အကျွန်ုပ် ဝိဗုဒ္ဓးပါ ထိမှာစိုးလှပါသည်ဟု ပြောဏ်။ ရဲသော့ကလဲ ငါဟာ သာမန် မဟုတ်ပါ။ အလ္လကပ္ပတိုင်းပြည်ကို သားမယားပါစွန့်ပြီးရဲသော့ပြုလာတဲ့ မင်းမျိုးပါဟုပြောဏ်။ အသင်မင်းဖြစ်ပါလျှင် ရာဇမာယာကိုဆိုဦးလော့ဟု ပြောဏ်။ ရဲသော့က ရာဇမာယာကိုပြတော့ ယုံကြည်ပြီး။ ဒါဖြင့် အရှင် ရဲသော့ ခလေးကိုသာယူ၍ မြေသို့ပို့ပါ။ တပည့်တော်မကား ဝိဝိဟာ ဝိဝိပင် ဆင်းခဲ့ပါမည်ဟုပြော၍ တုန်တုန်ရီရီနှင့်ပင် မြေသို့ရောက်ကြပါသည်။ သခ်ိမ်းကျောင်းသို့ပို့ပြီး ကျေးမွေးထားရာ။ မကြာမီပင် ရဲသော့နှင့်ဝိဗုဒ္ဓး ဇနီးမောင်နှံဖြစ်ကြပါသည်။ တနေ့သောညခါဝယ်။ လကလဲသာသာ

လေညှင်းကလဲလာလာနှင့် မြေရှင်ပျော်စွာ ရှေကျမ်းပြင်၌ လဲ့ဒေါပ်လျှက် ကောင်းကင်ကိုကြည့်တော့။ စံသတိုင်း ကောသန္တိပြည် ပုရဏ္ဏပမင်း၏ နက္ခတ်ညှိုးနေတာကိုမြင်၍ အာဘယ်မိဖုရား။ ကောသန္တိပြည်မှ ပုရဏ္ဏပ မင်းဖြင့် ကံကုန်လေပြီဗျာ ပြောတော့။ မိဖုရားက အရှင်နှင့်ဘယ်တုံးက ရန်ဖြစ်ဘူးသလဲ။ သူတပါးနှစ်နှာအောင်ပြောတာဟာ အပြစ်ဆိုး၏။ ရသေ့ လူထွက်က ငါသည် ပုရဏ္ဏပမင်းနှင့် ရန်လဲမဖြစ်ဘူးပါ။ မြင်လဲမမြင်ဘူး ပါ။ ကောင်းကင်ကနက္ခတ်ညှိုးတာ မြင်လို့သာ ပြောတာဘဲဟု ရှင်းပြ၏။ မိဖုရားကား သည်းစွာငိုကျွေးလေသည်။ အကြောင်းကို မေးတော့။ အကျွန်ုပ်အာဋ္ဌမဟုတ်ပါ။ ဟောဒီသားငယ်ဟာ ပုရဏ္ဏပမင်း၏ရင်သွေးပါ။ အကယ်၍သာ ကောသန္တိပြည်မှာသာ သားကလေးရှိတာဖြင့် သ္ဘုခမည်း တော်၏ ထီးမွေနန်းမွေကိုရမှာဘဲ။ ယခုတော့ တောကြီးထဲမှာဖြစ်နေလို့ မိမွေဘမွေမရတော့ဘဲ။ တာဘဝလုံး နှစ်နှာမှာမြင်လို့ ယခုလိုငိုကြွေးရတာ ပါဟု ပြောလေသည်။ တာဖြင့် မစိုးရိမ်ပါနဲ့။ သားကို သ္ဘုခမည်းတော်အ မွေကိုရအောင်ပြု၍ ပေးပါမည်ဟု ဖြောင့်ဖျပြီးတော့။ ထိုနေ့မှစ၍ တဆဲ့ရှစ် ရပ်သော အတတ်ကိုသင်ကြားပေးသနားလေသည်။ ဝေဠုဒိပ၊ တိုင်းပြည် စွန့်ပြီး ရသေ့ပြုသော်မိတ်ဆွေသေဆုံးခဲ့ရာ သိကြားဖြစ်၍အလ္လကပ္ပရသေ့ ထံသို့လာပြီး သင်ပေးခဲ့သော ဟတ္ထိကန္တမန္တန်နှင့် စည်တီးအတတ်ပညာ ကိုလည်းမင်းသားအားပေးထားပေ၏။အားလုံးတတ်မြောက်သော်။ (၁၆) နှစ်အရွယ်ရောက်ရှိသဖြင့်။ ကဲ-ကဲ မိဖုရား သင့်သားကိုမှာထားပေတော့။ သက်သေပြစရာကိုလဲ ပေးပေတော့။ ယနေ့ပင် ကောသန္တိပြည်သို့သွား၍ ထီးနန်းကိုသိမ်းမြန်းစေတော့မည်ဟုပြောပြ၏။ မိဖုရားသည် အရာရာသင် ကြားမှာထားပြီး၊ သွားရန်ခွင့်ပြုတော့၏။ မင်းသားကား ဆင်တရပ်မြင့် သော ညောင်ပင်ခွဲ၌နေပြီး ဟတ္ထိကန္တမန္တန်ကိုရွတ်၍စည်၏တဖက်သော မျက်နှာကိုတီးသောအခါ။ ဆင်ရှစ်သောင်းခန့် ရောက်လာကော့သည်။ အကြီးဆုံးဆင်ပေါ် သို့တက်ပြီး။ ခမည်းတော် မယ်တော်ကိုရှိခိုး၍ သွား ခဲ့လေပြီး။ လမ်းတွင် ရှာတွေ့တိုင်း ဟောပြော ခေါ်ယူခဲ့၍ ကောသန္တိ ပြည်အနီးဌ သစ်ခက်တဲနန်းထိုး၍ စေတမန်လွှတ်တော့သည်။ မှူးကြီး မတ်ကြီးများကလဲ ကျွန်ုပ်တို့ဘုရင်၏မိဖုရားကြီးဟာ ကိုယ်ဝန်နှင့်ပါသွား ပါတယ်။ ဘဲဒါ သားဘဲဖွားသလား သ္ဓီးဘဲဖွားသလားဆိုတာ သတင်းမှ မရသေးပါ။ ယခုလာသောမင်းသားကိုပြည်အပ်မိလျှင်မိဖုရားဌသားဖွား၍

အစစ်ကလာ၍တောင်းသော်။ နောင်အရေးကြီးတော့မည်ဟု ပြောကြ၏။ မင်းသားကလဲသင်္ဘားကြီးမတ်ကြီးများ ငုံ့လင့်မြှောစောင့်နေသောမိဖုရား၏သားဆိုတာ တခြားလူမဟုတ်ပါ ငါပင်တည်းဟု ပြော၏။ မှူးမတ်တို့ကမင်းသားကိုကြည့်ပြီး ရှပ်ရည်ပုံဟန်ကို အကဲခတ်ရာ။ မိဖုရားကြီးမျက်နှာနှင့်အသွင်တူလေသည်။ (မဂ်ပြည်သိမ်းတော့။ အနိစ္စပြ၍သိမ်းတာလိုပင်တည်း။) မျက်နှာတူမရှားသဖြင့် ပိုမိုပြီးယုံကြည်စေရန် သက်သေပြပါဦးဟု လျှောက်သောအခါ။ ပူရဏ္ဏပ္ပမင်းကြီး အမြှီတမ်း ဝတ်ဆင်တဲ့နာရဝ်လက်စွပ်ကိုပြ၏၊ (မဂ်ပြည် ဖိုလ်ပြည်သိမ်းတော့ ဒုက္ခလက္ခဏာကိုပြ၍သိမ်းတာနှင့်ဟူလေ၏။) မှူးမတ်တို့လည်း ယုံသလိုလိုဖြစ်၏။ သက်သေတခုတောင်းပြန်၏။ ဂဟပ္ပလာနိကိုပြ၏။ ဒီတော့မှ ယုံကြည်၍ထိုးနှန်းကိုအပ်နှင်းကြကုန်၏။ ၇ ရက်မျှနေပြီး။ မယ်တော်နှင့်ပဏ္ဍိုးတော်တို့ကိုပင့်ခေါ်ရာ။ မိဖုရားကြီးနှင့် မှူးမတ်များ ဦးတွေ့ နဖူးတွေ့ ဆုံမှတက္ခဲ့ကိုယုံကြည်ကုန်၏၊ အဲဒါ ဝိသုဒ္ဓိ ၇ပါးပြ၍ ဖိုလ်ရပုံတည်း။

---

## (၁၇၁) ထိပေါက်ခါနိုးဌနိမိတ်ပြပုံ။

အဂ်ီလန်ထိဘဲဖြစ်ဖြစ်။ အိုင်ယာလန်ထိဘဲဖြစ်ဖြစ်။ ဗမာနိုင်ငံအရိုးရသိန်းထိဘဲဖြစ်ဖြစ်။ ထိထိုးကြကုန်၏။ ထိထိုးတဲ့လူများထွင် ပေါက်မည့်သူများ၏အိမ်ဌ ကြိုမိ၍ မှိုပေါက်နိမိတ်၊ မြွေငန်းကြီးတွေ့ရခြင်းနိမိတ်၊ ညောင်ရေအိုးဌ ပန်းမည်ကြီးဘဲ ပန်းပွင့်ခြင်းနိမိတ်၊ အိမ်မက်မြင်ခြင်းနိမိတ်၊ စသည်တို့ပေါ်တက် ဖြစ်ကတ်တာကို မကြာ-မကြာ ကြားရဘူးပါသည်။ ကံရိပ် ကံနိမိတ် ဝါတ်ရိပ် ဝါတ်နိမိတ်များ ပြသ၍နေကြပုံဘည်း။

---

## (၁၇၂) ကြီးပွါးတိုးတက်ခါနိုး တောင်ပိုနိမိတ်။

၁၂၀၅ ခုနှစ်လောက်က တွေ့ခဲ့ကြုံခဲ့ရဘူးသည်ကား။ ချင်းတွင်းမြစ်ကမ်းပေါ်မှာရှိသော ရေဇရှိဟာ်မြို့စာသင်တိုက်၌ ကျောင်းများစွာရှိသည့်တွင် ဆရာတော်ကြီး၏ ကျောင်းအောက်မြေပြင်မှ စေတီအလားကဲ့သို့ တောင်ပိုကြီးပေါက်လာရာ။ ဆင့်များ ပြင်များကိုပင်ခွါ၍ ထိုးတန်ခွန် ဆင်မြန်းလျက် ပူဇော်ပန်းဖြင့် ရှိသေစွာပြုထားတာကိုတွေ့မြင်ရ၏။ တောင်ပိုကြီးတိုးတက်နေတုံးမှာပင် မော်လမြိုင်ကျွန်းမြို့မှ သူဌေးကြီးဦးချင်းက

၄ ထပ်တိုက်ကြီး (၁၀) သိန်းတန်ဆောက်လုပ်နေပုံနှင့် ပိဋကတ်တိုက် ဆွမ်းစားကျောင်းတိုက်များ ပြုစုနေပုံကို လက်ငင်းဒိဋ္ဌ တွေ့မြင်ခဲ့ရဘူး ပါသည်။ကံရိပ် ကံနိမိတ်ပင်တည်း။

## (၁၇၃) လင်းတနား ကြီးပွါး။

၁၂၅၈ ခုနှစ်လောက်က မန္တလေးမြို့ တောင်ပြင် ရွှေရေးဆောင်တိုက် အလယ်တိုက်ကြီး၏အထက်ထပ် ရာဟုဒေါင့် ဆရာတော်ဦးပညာ၏အခန်းဌာနေ၍ စာပေသင်ကြားကာနေစဉ်တွင်။ ၎င်းတိုက်ကြီး၏ တနင်္ဂနွေဒေါင့် တိုက်၏ထိပ်ဖျားဌာ လင်းဘနားသည်ကို ကိုယ်တိုင်ပင်တွေ့မြင်ရ၏။ အချိုကား လင်းတနားလျှင် ပျက်စီးတတ်သည်ဟုယူဆပြီး လင်းတကို ချောက်လှန့်ကြကုန်၏။ မပြန်ပေ။ ထိုနိမိတ်ပြပြီးနောက်။ရန်ကုန်မြို့ သူဌေးဦးကျော်က ဒကာခံ၍ သံကျောင်း စာချဘို့ရန် ခမ်းနားကြီးကျယ်စွာ ဆောက်လုပ်အလှူခံရဘူးသည်။

## (၁၇၄) လိပ်ဥ ဥထား မိခင်က မေတ္တာပို့။

လိပ်တို့မေမွတာမှာမြေဌုဖြစ်စေ သောင်ဌုဖြစ်စေဥ၍ဖုံးဂက်ခါထားခဲ့၏။ ရေထဲကနေ၍မေတ္တာပွါးလျက်သာနေ၏။ ဥသည် မေတ္တာဟုံဓါတ်ကြောင့် မပုတ်ရပေ။

## (၁၇၅) နွားမနို့.တိုက်စဉ်မျှားဒါဏ်၊ မရှုးရ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဝိနည်းဋီကာများ၌ ပါသော နွားမဝတ္ထု၌ နွားမသည်သားငယ်ကို မေတ္တာဖြင့် နို့တိုက်လျက်နေပေ၏။ မုဆိုးသည်နွားမကို မျှားဖြင့် ခွင်း၏။မျှားသည် မရှုးမဝင်ဘဲ ကျောက်မျှားကို ထိသကဲ့သို့ ဖြေ၌ ကျ၏။

## (၁၇၆) ဂျင်မွေလွန်း မင်းနန္ဒာ အခိုးခြင်းဆက်ပုံ။

တည်ငင်ဘက်က (သံလျှင်မြို့ဘက်က) ဘုရင့်သို့းတော် ဂျင်မွေလွန်းနှင့် ရန်ကုန်ဥက္ကလာပမြို့ဘက်က ဥက္ကလာပမင်း၏သား မင်းနန္ဒာတို့ မေတ္တာသက်ဝင် ချစ်ခင်နေကြတော့။ဒေါ ပုံမြစ်အကူးကွင် မလက်တိုမိကျောင်း

မက ရန်စသဖြင့်။ ငါးမိုးရိပ်မိကျောင်းက ဘုရင့်သားကို ခံတွင်းဖြင့်ငုံပြီး ဟိုဘက်ကမ်းသို့ ပို့သည်တွင်။ မင်းနန္ဒာသေရာတော့သည်။ ထိုအကြောင်းကို သိ၍ ရှင်မွေလွန်းသည်လည်း သေရာတော့သည်။ တချိန်ထည်းပင် သံလျင်ဘက်မှ ရှင်မွေလွန်းကို မီးသင်္ဂြိုဟ်၏။ရန်ကုန်ဘက်သံလျက်စွန်းမှ မင်းနန္ဒာကိုမီးသင်္ဂြိုဟ်၏။ ၎င်း ၂ ဌာနမှ အခိုးအငွေ့တို့သည် ကောင်းကင်သို့တက်၍ အခိုးအငွေ့ ၂ တမ်းဟာ ကောင်းကင်၌ ပူးမိပြီး လေဖွေကဲ့သို့ ၎င်း။ မြွေ ၂ ကောင်လိပ်ထားသကဲ့သို့ရှင်း။ လိန်ခါ-လိန်ခါနှင့် တက်သွားကြရာ မြင်ရသူတိုင်းပင် သနားကြပြီး။ ညြော်-လူဘာနှင့် မပေါင်းရလို့ အငေ့ခြင်းပေါင်းပြီး နှတ်ဖြစ်ကြတော့မယ် ထင်ပါရဲ့ဟု ဖြေကြ ဆည်ကြရတော့သည်။အုံ့ညြာဘွယ်ကောင်းလေစွတကား။

---

## (၁၇၇) ဗျိုင်းအဓိဋ္ဌာန်ကြောင့် သိကြားမင်း မ-ရပုံ။

ဇာတ်အဋ္ဌကထာ၌ တွေ့ရတာရေးဦးအံ့။ ။ဗျိုင်းဌက်တကောင်ဟာ တောင်ထိပ်ပေါ် ၌နေပြီး အဓိဋ္ဌာန်ပြုတယ်။ဂင်္ဂါမြစ်ထဲကရေဟာ ဟောဒီတောင်ထိပ်သို့စီး၍လာမှပင် ငါရေသောက်မယ်တဲ့။ အဲဒီရေထဲ၌ ငါးပါလာမှ ငါစားမယ်တဲ့။ ဒီလိုမှ မဖြစ်လျှင် နေရာကထ၍ ငါသည် သွားလဲမသွားဘူး။ စားလဲမစားဘူးဟု အဓိဋ္ဌာန်ပြုထား၍နေတယ်။ အဲဒီအဓိဋ္ဌာန်တန်ခိုးကြောင့် ကာသီသာနတ်ပြည်က ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးတခု၌ ခါတ်ခင်ပြီး ကင်းမာ၍ခါတ်ပေါ် ခြင်း။ ထို့နောက် ပူပြင်း၍ခါတ်ပေါ် ခြင်း။ ထို့နောက် လှုပ်ရှား၍ခါတ်ပေါ် ခြင်း ၃ မျိုးနိမိတ်ပြတော့။ သိကြားမင်းက ဘာ်အချင်းအရာလဲဟု စဉ်းစားပြီးကြည့်တယ်။ အလိုဘာမှ မဟုတ်ဟဲ့ အဟိတ်သား ဒုဂ္ဂတိအပါယ်ဘုံသား တိရစ္ဆာန် ၄ ဘုံရှိ အောက်ကန်းစားပင်လျှင် တရားနဲ့တွဲတော့။ တရားကစောင့်ရှောက်၍ နေပါပေါ့တကား။ကဲ-ကဲ ငါသွားပြီး စုံစမ်းကာ ကယ်မမယ်ဟု ကြံစည်၍ ပုဏ္ဏားအဟန်ဖြင့် ရှေးမှောက်ရောက်ပါရော။ အို-ဗျိုင်းဌက်။ ဤတောင်ထိပ်က ဘယ်ကိုမှမသွားဘဲ ဘာမျှားလုပ်၍နေပါသနည်းဟု မေးတော့။ ဗျိုင်းဌက်က (တရားကျင့်လျှင်၊ တရားကစောင့်ရှောက်တယ်ဆိုလို) အဓိဋ္ဌာန်ကြောင်းပြောပြတယ်။ သိကြားမင်းက အို-ဗျိုင်း၊ မဖြစ်နိုင်တာဂင်္ဂါရေဆိုဘာ သူ့မမှတ်ဘာအတိုင်း မြင့်ရာက နိမ့်ရာသို့စီးမြဲပါတကား။ ယခု

တော့။ ဂင်္ဂါရေက တောင်ထိပ်သို့တက်ပြီးစီးသွားရမယ်ဆိုတာ (တောင်ထိပ်ကြာပေါက် အနောက်နေထွက်) ဆိုတာလို ရယ်စရာဖြစ်၍နေလေပြီ တကားဟု ပြောပြ၏။ ဗျိုင်းက မနာယူပေ။ နေမြဲအတိုင်းနေတော့ကမ္ဘ သိကြားမင်း၏အာနုဘော်ဖြင့် ဂင်္ဂါရေသည်တောင်ထိပ်ပေါ်သို့စီးပြီးလာတော့သည်။ ရေထဲ၌ ငါးသေလဲပါ၍လာတော့သည်။ ဒီအခါကြမ္ဘ ဗျိုင်းဌက်သည် ရေလဲဆင်း၊ ငါးလဲစားရ၍ သင်ကားအာဘယ်သူနည်းဟုမေး၏။ ငါကား သိကြားမင်းတည်းဟုပြော၏။ ဘာပြု၍သည်ဌာနသို့လာခဲ့သနည်းဟုမေး၏။သင်၏ဝိဋ္ဌာန်ချက်ကြောင့် ငါကယ်ရန်လာသည်ဟုပြောပြပြီး။ဗျိုင်းအား ဆုံးမသြဝါဒပေး၍ တာဝတိံသာသို့ပြန်လေသည်။တရားဆိုတာမျိုးဟာ။ မျိုးမလိုက်၊ ရိုးမလိုက်၊ ဂုဏ်မလိုက်၊ဂက်မလိုက်၊ မျက်နှာကြီးငယ်မလိုက်ပါ။ နဲနဲလုပ် နဲနဲဘဲ။ လတ်လတ်လုပ် လတ်လတ်ဘဲ။ များများလုပ် များများဘဲ အကျိုးပေးတတ်ပါသတည်း။

---

## (၁၇၈) ဂတိနိမိတ်ပြောင်းပစ်ပုံ။

သာဏတောင်၌ သာဏဝါသိမဟာထေရ် သီတင်းသုံး၍နေ၏။ဂင်း၏ဘခမည်းတော်ကား အနှစ် (၆၀) ကျော်အောင် မုဆိုးလုပ်၍နေ၏။ ပြောမရ ဟောမရပေ။ ကြီးလွန်းတော့ မသွားနိုင် မလာနိုင်တော့မှ သားကိုတပြီး ဆုံးမခံယူ၏။ မထေရ်သည် ဘခင်ကြီးအား သက်နိုးဆည်း၍ထားပေ၏။ သေခါနီးတော့ သူပြုခဲ့တဲ့ မုဆိုးကံက ဂတိနိမိတ်ဖြင့်ပြလေသည်။ ထို့ကြောင့် ခွေးတွေကိုက်ရန်လာပုံ။ ဆွဲရန်လာပုံတို့ကို မြင်၍ ချစ်သား သာဏ ခွေးတွေကို မောင်းပေးပါလော့ ငါ့ကို ကိုက်တော့မည်။ ဆွဲတော့မည်ဟု တ၏။ မထေရ်လဲ မုဆိုးဘဝက ကံကြောင့် ဂတိနိမိတ်တော့ ထင်လာပြီ။ ဒီအတိုင်းဆိုလျှင် ဇကေနပင် ငရဲဘဲ။ကဲ-ကဲ ဂတိနိမိတ်ကို ပြောင်းပစ်မည်ဟုကြံ၍ ဘခင်ကို ခုတင်နှင့်မ-သွားစေ၍စေတီ၏အနီးဌာထားကာ တောပန်း တောင်ပန်းဖြင့် စေတီအားပူဇော်စေသည်။ စိတ်ပြောင်း၍သွားတာနှင့် တပြိုင်နက်။ ချစ်သား ဗယ်လေ ရှားလေ ရှောင်လေလော့ သင့်ဖခင်များလာပြီ လာပြီဟုပြော၏။ မထေရ်ကား ဘခင်၌ နှတ်ပြည့်နိမိတ်ထင်ပြီဟု သိ၍ အသာနေရာ မကြာမီ စုတေပြီး နှတ်ပြည့်၌ ဖြစ်လေသည်။

## (၁၇၉) မဟာသုဒဿနစကြာမင်း အစုံပေါ်လာရ။

တောတွင်းသားတယောက်သည် တောသို့ဝင်၍ သစ်ခုတ်ရန်သွား၏။ ရဟန်းတော် တပါးသည် သမ်မ်းကျောင်းမရှိဘဲ တပိုင်းကနေပူ တပိုင်းကနေနှင့် တရား အားထုတ်၍ နေတာကို မြင်ရတော့။ သဒ္ဓါကြွပြီး တောသစ်နှင့်ပင် ကျောင်းဆောက်ရန် ဆုံးဖြတ်တော့သည်။ သစ်ခက်မိုး ကျောင်းဆောက်၍ လှူဒါန်းပေ၏။ တဖန် ရေကန်ငယ်ငယ်တူး၍ လှူဒါန်းပြန်၏။ တဖန် ရေကန်တဝိုက် နံဘေးခြံ ထန်းပင်များစိုက်၍ လှူဒါန်းပြန်၏။ ဆွမ်းတို့ ကွမ်းတို့ကိုလည်း တတ်အားသမျှ လှူဒါန်းပေ၏။ ရပ်ရွာရှိ လူများ ကလဲ ထိုတောတွင်းသားကိုးကွယ်တာကို ကူညီပြီး ဝိုင်းဝန်းကြ၏။ တောတွင်းသားနှင့် ကူညီသော ရွာသားများသည်။ ထိုဘဝ၌ ကံကုန်သော် အလုံးစုံပင် နတ်ဘုံ၌ ဖြစ်ကြကုန်၏။ နတ်မှသေလျှင် နတ်ပင်ဖြစ်။ ဤပုံ အတိုင်း အနှစ်ရကပ်ပေါင်း မြောက်များစွာ နတ်ပြည်၌ပင် ဖြစ်ကြတော့သည်။ ဒါနအကျိုးဆက်ကား မကုန်နိုင် ခွင့်သာတိုင်းအကျိုးပေး၏။

ထိုအခါက ရွာသားတို့သည် နတ်ပြည်၌ ကြွယ်ဝနေများစွာဖြစ်ပြီးမှ ယခုအခါတွင် ကုသိနာရုံပြည်တော်ကြီး၌ သူဌေးအမျိုးတွေ၌ အသီးသီးဖြစ်ကြ၏။ သမ်မ်းကျောင်း ဆောက်လုပ် လှူဒါန်းသော တောတွင်းသားကား မဟာသုဒဿန မဟာစကြာမင်းကြီး ဖြစ်၍လာသည်။စကြာမင်းဖြစ်တော့ သစ်ရွက်မိုး ကျောင်းကလေး ဆောက်၍ လှူဒါန်းခဲ့မိလို့ ရွှေပြာသာဒ် ငွေပြာသာဒ် စိန်ပြာသာဒ် မြပြာသာဒ် ပတ္တမြားပြာသာဒ် စသော ရတနာ ပြာသာဒ်တွေက (၇၄၀၀၀)။ မြို့တွေက (၇၄၀၀၀)။ သင်္ဘောဆိပ်တွေက (၇၄၀၀၀)။ ပလ္လင်တွေ မဂ်ထွင့်တွေ မိဖုရားတွေ သားတော်တွေ (၇၄၀၀၀) စီချည်းဘဲ ပေါ်လာရပေတယ်။ ရေကန်ငယ်တခု တူးပေါ် လှူခဲ့မိလို့ ရွှေစိတ်ဲ့ ရေကန် ငွေစိတ်ဲ့ရေကန် စသဖြင့် ရေကန်ပေါင်း (၇၄၀၀၀) ဖြစ်ပေါ်၍ လာရတယ်။ ထိုရေကန်ငယ် ပတ်လည်၌ ထန်းပင်များ စိုက်၍လှူခဲ့မိလို့ ရွှေထန်းပင် ငွေထန်းပင် စသည်ဖြင့် ထန်းပင်တွေဟာ (၇၄၀၀၀) ဖြစ်ပေါ်လာရတယ်။အသက်ကလဲ ကုဋေတရာမက ရှည်စွာနေရတယ်။စကြာရတနာ ဆင်ဗျံရတနာ မြင်းပျံရတနာအားဖြင့် ရတနာပျံတွေ များစွာရှိတော့သည်။ အတိအကျနှင့် မှုရင်း အကျယ်ကိုတော့ သုတ်မဟာဝါပါဠိတော် မဟာသုဒဿသနသုတ်တော်၌ ဘုရားရှင်ဟောထား၍ အစုံအလင်ပါရှိပါ

သည်။ဆဲဒါ တဘဝတုံးက သစ်ရွက်မိုးကျောင်းတခု။ရေကန်တခု။ထန်းပင်ဝိုင်းတခု။လှူဒါန်းခဲ့လို့ ဤမျှလောက်ဒါနကုသိုလ်က လိုက်လိုက်ပြီး အကျိုးပေးနေတာပါဘဲ။

## (၁၀၀) အရှင်သာရိပုတ္တရာ၏မယ်တော် ပြိတ္တာမ။

ရင်းကို အရှင်သာရိပုတ္တရာ မထေရ်ကြီးက ရသာမျှသော ဆွမ်းသက်နှံ့ပရိက္ခရာကို ရဟန်းများအား လှူဒါန်းပြီးတော့။ မယ်တော် ပြိတ္တာမအား အမျှဝေလို့ နတ်ဘွဲ့ကဲ့သို့ လိုရာရှိပြီး ချမ်းသာစွာနေရပါတယ်။ ပေတဝတ္ထုဒ္ဒ အကျယ်လာသဖြင့် မချဲ့တော့ပြီ။

## (၁၀၁) မယ်နန္ဒာပြိတ္တာမနတ်သုခရ။

မယ်နန္ဒာဆိုတဲ့ သူဌေးကတော်ကြီး ပြိတ္တာဖြစ်နေတော့။ သူဌေးက အလှူပေးပြီး အမျှဝေလို့ နတ်သွားတမျှ မဟာသုခကြီး ရပါသည်။ ပေတဝတ္ထုဒ္ဒပင်။

## (၁၀၂) ဝေမာနိကပြိတ္တာမ နတ်သုခရ။

ကုန်သည်များ ပင်လယ်သို့ ရောက်သွားတော့ ကျွန်းတခုမှာ ဝေမာနိက ပြိတ္တာမနှင့် ကြုံကြတယ်။ ပုဆိုးပေးလဲပျောက် ရေပေးလဲပျောက် ထမင်းပေးလဲပျောက် ဘာဘဲပေး-ပေး သူ့ထံသို့မရောက်ဘဲ ပျက်ရတာကို မြင်ကြတော့။ပိုဂိုသနားပြီးလျှင် ကုန်သည်ထဲက တဦးကို ဂျစ်ပါးသိလ ဆောက်တည်စေပြီး သိလရှိသူအား လှူ၍ အမျှဝေတော့မှ မဟာသုခကြီး ရ၍ ချမ်းသာရာရပါတော့သည်။ ပေတဝတ္ထုကြီး။

## (၁၀၃) အမ္ဗသက္ကရလိန္ဆိုဝိမင်း မျက်မြင်။

အမ္ဗသက္ကရလိန္ဆိုဝိမင်းသည် တရားစိုရင်တော့ တူဖြစ်သူအား တံကျင်လျှို၍ သတ်ဘို့ထား၏။ ထို့ပြင် လုင်တဦးအား အပစ်ရှာ၍ သတ်မည်။လုင်သေလျှင် သူ့မယားကို မိဖုရားပြုမည်ဟု အမှုရှာတော့။ လုင်က တံကျင်လျှိုထားသောသူကိုရင်း။ ပုဆိုးမပါသော နတ်ကိုရင်း။ အပစ်မရှိကြောင်း

ဖြင့်သက်သေပြု၏။သုသာန်ဌာပင် စောင့်ကြရ၏။ပုဆိုးမပါသော နတ်ကြီး လာလျှင် လုင်က ကျွန်ုပ်၏သက်သေကား သူပါဘဲဟု ညွှန်ပြ၏။ဘုရင်က နတ်ကို စစ်မေးတော့။ အပြစ်မရှိကြောင်း နတ်က သက်သေခံ၏။ တဖန် နတ်ကို အဆွေနတ် သင်ကားနတ်ဖြစ်ပါလျက် အဘယ့်ကြောင့် ပုဆိုးမပါ သနည်းဟု မေးတော့။နတ်က မကြာသေးမီက ကျွန်ုပ်ဟာ ဟိုအိမ်ကလူပါ ဘဲ။ တံကျင်အလျှိုခံရသော တူဖြစ်သူက သူတပါးဥစ္စာခိုးပြီး ကျွန်ုပ်၏အိမ် ခြံထဲမှာ ပစ်ထားလို့ ကျွန်ုပ်ကို အရှင်မင်းကြီးပင် သတ်သဖြင့် သေတော့ နတ်ဖြစ်ပါသည်။ အဲဒီဘဝ ခလေးဖြစ်စဉ်က ရေချိုးကြရာဝယ် ခလေး တဦး၏ ပုဆိုးကို ခေတ္တမျှ ကစားတဲ့သဘောဖြင့် ၅က်ထားမိလို့ ပုဆိုး မဝတ်ရခြင်း ဖြစ်ပါတယ်။ ။မင်းက ဘိစေဦးတော့။ နတ်မြင်းပြုကြီးကို စီးနေရတာက ဘာ့ကြောင့်လဲ ပြောပါဦး မေးလျှင်။ နတ်က ကျွန်ုပ်၏ အိမ်ရှေ့မှာ ဆိုက်ရှိပါတယ် အဲဒါကို နှားဥကျောင်းရိုးတွေကို စုဆောင်း ပြီး အောက်ကခင်း အပေါ်က မြေမှုပြီး တံတားလှုမိလို့ နတ်မြင်းပြုရပါ တယ်။မင်းက ကဲ-ကဲ ဒါဖြင့် ဟောဒီပုဆိုးကို ဝတ်ကော့ဟုပေးရာ ပျောက် ၍သွားကော့၏။ ဒုတိယ ပေးလဲ့ပျောက်၏။ တတိယပေးလဲ့ပျောက်သဖြင့် နတ်က ဒီလိုပေးလို့မရနိုင်ပါ။ သိလရှိသောသူကို ပုဆိုးလှုပြီး ကျွန်ုပ်အား အမျှဝေမှ ပုဆိုးရပါမည်ဟု ပြောရာ ဒီနေရာဝယ် ဘယ်သူများ သိလရှိ သနည်းဟု မေးတော့။ ဝေသာလီ ပြည်၏ မြောက်မျက်နှာမှာ ရဟန္တာ တပါးရှိပါတယ်။ ၎င်းအားလှုပြီး အမျှဝေပါဟု လျှောက်၏။ မင်း နတ် အခြံ အရံတို့ပါ ရဟန္တာရှိရာသို့သွားပြီး အဝတ်ပုဆိုးကို ရဟန္တာအား လှူ၍ နတ်အား အမျှဝေမှ နတ်မှာ နတ်ပုဆိုး ကဝင်းဝင်းနှင့် လက်တွေ့ သိရတော့သည်။ အဲဒီအခါကြမှပင် အမှီသဏ္ဍရလိန္ဒဝိမင်းဟာ မိန္ဒာဒေဋ္ဌ အယူကို စွန့်ပြီး လုင်ကို သတ်၍ သူ့မယားကိုယူမယ်ဟူသော အလုပ်ကို စွန့်ကာ လုင်အား အပြစ်မှ ပလပ်စေတော့သည်။ တံကျင်လျှို၍ အသတ်ခံ ရမည့် ဦးသူအား တံကျင်မှ နှုတ်ပြီး ဆေးကုသပေး၍ ပ-လတ်စေသည်။ နတ်အားပူဇော်၍ ပြန်လွှတ်လေသည်။မိမိကိုယ်တိုင်လည်း ကံကိုဌင်း။ကံ၏ အကျိုးပေးကိုဌင်း မျက်မှောက် ဖော်နေပြီဖြစ်ရကား ဗုဒ္ဓဘာသာ အယူသို့ ပြောင်းရွှေ့ပြီး ယခင်ရဟန္တာကို ကိုးကွယ်ဆည်းကပ်၍ နေကော့သတည်း။ ပေတဝတ္ထုပင်။

## (၁၈၄) မင်းနှင့်ကမ်ပြီး သာသနာရပ်ဝိတ်ပင်။

နန္ဒာကဆိုတာ မိန္ဓာဒိဋ္ဌိ ပုရောဟိတ်ပါဘဲ။ ရင်းသည် ရှင်ဘုရင်နှင့် ကပ်-ကပ်ပြီး ဒါနကိုပိတ်ပင်။သိလကိုပိတ်ပင်။ ကုသိုလ်ကိုပိတ်ပင်။ ဘုရင်ကိုလည်း ဗုဒ္ဓဘာသာမဖြစ်အောင် ကြိုးစားဏ်။ သားရော မယားရော သို့မဟုတ် အလပ်ရော သူကြောင့် မိန္ဓာဒိဋ္ဌိဖြစ်ကြရဏ်။ သို့မဟုတ် မယ်ဥတ္တရာ တဦးသာလျှင် အဘစကားကိုနားမထောင်ဘဲ လျှဏ်။ကျင့်ဏ်။ သိလစောင့်ဏ်။ တနေ့ကြတော့ မယ်ဥတ္တရာသည်။ မိဘများနှင့်နေရကာ စိတ်ဆင်းရဲလှသဖြင့်ထွက်ပြေးကာ အန္ဓကဝိန္ဓပြည်သို့ရောက်၍ အမတ်ကြီးကတော်ဖြစ်၍နေတော့ဏ်။

မိဘ မောင်ဘွား ညီအမများ ရုတေသော်။ ထိုကံ တို့ကြောင့်။ ဟိမဝန္တာကောဝတွင် ဝိဏ္ဏာတဝိတောဋ္ဌ ပြိတ္တာတွေစုပြုံ၍ ဖြစ်ကြရကုန်တော့ဏ်။ ငတ်လှဏ်။ပြတ်လှဏ်။ မခံသာရှိလှဏ်။ ထို့ကြောင့် နန္ဒာက ပြိတ္တာကို သားမယားသို့ပြိတ္တာတို့ကပြောတယ်။အို-နန္ဒက ငါတို့အားလုံးကား ငတ်မွတ်လှသည် သို့ဥတ္တရာထံသွား၍ စားရအောင် လုပ်ပါလေဟုပြောဏ်။ နန္ဒကပြိတ္တာလည်း ဆာလောင်လှသဖြင့် အန္ဓကဝိန္ဓပြည်သို့ လိုက်လေဏ်။ သို့ဥတ္တရာနှင့်တွေ့လျှင်။အို-ချစ်သို့။ ဘအိမ်သားလုံး ပြိတ္တာဖြစ်ကြကုန်ပြီ။ မစားရ မဝတ်ကြရပါကုန်။ ငါတို့အား ရည်ညွှန်း၍ အလှူပေးပါ အမျှဝေပါဟု တောင်းပန်တော့။ သံဃာတော်တို့အား ပင့်ဖိတ်၍ အစား၊ အဝတ်၊ နေစရာ စုံလင်စွာတို့ကို လှူဒါန်း၍ အမျှဝေလေသည်။ သာဓုခေါ်လျှင် ဘခင်နန္ဒကရော၊ အမိ၊ အမကြီး၊ အမငယ်၊ မောင်တွေပါ ပြုံးပြုံးရွှင်ရွှင်နှင့် နတ်အသွင်ကဲ့သို့ မဟာသုခနှင့် စားရ၊ဝတ်ရ၊ နေရ၊ ထိုင်ရလေတော့သည်။ ပေတဝတ္ထုကျမ်းလာတည်း။

## (၁၈၅) သစ်ပင်ဝါတ်ဝင်လေးမျိုးတွေကြရ။

၁၃၁၂ ခုနှစ်ပထမဝါဆိုလပြည့်နေ့ကစ၍ ဒုတိယဝါဆိုလပြည့်နေ့အထိ။ တလလုံး သစ်ဘပင်ကြောင့် ဂရက်ထခဲ့ဘူးသည်။(ပြည့်စ-ပြည့်ဆုံး) တိတ်နိုမိတ်ပင်ဖြစ်ဏ်။ ဖြစ်ရပုံကား။ မော်လမြိုင်ခရိုင် ဘီလူးကျွန်း ချောင်းဆုံမြို့အပိုင် ကွမ်သဲရွာတွင်။ ယခုကျော်စောထင်ရှားနေသော ဥာဏစာဂိမဟာထေရ်ဏ်ကျောင်းတိုက်၌။ အနောက်တောင်ဒေါင့် စနေအရပ်

တွင် စနေသားက တရားပြသ၍ နေသော ခုနှစ် အတွင်း၌ ဖန်ခါးတပင်ရှိ၏။ ထိုဖန်ခါးတပင်၌ အုံ့သြ ချီးမွမ်း၍ မကုန်အောင် တပင်လုံးဝယ်။ အကိုင်း ၄ မျိုး။ အရွက် ၄ မျိုး။ အပွင့် ၄ မျိုး။ အသီး ၄ မျိုးစီ အာကာသခြားမ၌ မရောမနှောစေဘဲ တသန့်စီ။ ကဏ္ဍားခြား၍ နိမိတ်ပြုပါသည်။ တလလုံး ပထမဝါဆိုလပြည့်နေ့ကအစ။ ဒုတိယဝါဆိုလပြည့်နေ့အဆုံး တလလုံး နိမိတ်ပြု၍နေပါကော့သည်။ နိဒါဘ်ပြုနေပုံမှာ။ ဖန်ခါးတပင်တဲ့မှ အကိုင်း ၄ မျိုးစီဆွဲကိုင်ပြီးတော့။ (၁) သပြေကိုင်း၊ သပြေရွက်၊ သပြေပွင့် သပြေသီးက တမျိုးနိမိတ်ပြုပါတယ်။ (၂) ဒုတိယ ညောင်ကိုင်း၊ ညောင်ရွက်၊ ညောင်သီးကတမျိုး နိမိတ်ပြုပါတယ်။ (၃) တတိယ သဖန်းကိုင်း၊ သဖန်းရွက်၊ သဖန်းပွင့် သဖန်းသီးကကမျိုးနိမိတ်ပြုပါတယ်။ (၄) စထုတ္ထ ဖန်ခါးကိုင်း၊ ဖန်ခါးရွက်၊ ဖန်ခါးပွင့်၊ ဖန်ခါးသီးကတမျိုး နိမိတ်ပြုပါတယ်။ ဒဲဒါ တချိန်စီမဟုတ်ပါ။ တပြိုင်ထဲ သူ့အကိုင်း သူ့အရွက် သူ့အပွင့် သူ့အသီးနှင့် နိမိတ်တပြိုင်ထဲပြုပါသည်။ ထိုနိမိတ်ပြုချက်ကြောင့်၊ လာကြည့်သူများ ပြန်သွားသူများ အတော်ကြီး ဂရက်ထ၍ ခေတ်စား ကြော်ကြားဖြစ်ခဲ့ရပါသည်။ (၄ နှစ်၊ ဆက်၍ တလစီပြုသနေ့၏။)

(၁) ၁၃၁၂ ခုနှစ်၌ ပထမဝါဆိုလပြည့်မှ ဒုတိယဝါဆိုလပြည့်အထိ တလလုံးပြုပါသည်။

(၂) ၁၃၁၃ ခုနှစ်၌ ဝါဆိုလပြည့်နေ့မှစ၍ ဝါခေါင်လပြည့်နေ့အထိ တလလုံးပြုပါသည်။

၁၃၁၄ ခုနှစ်၌ တနှစ်လုံးမပြုတော့ဘဲ။ အနားယူနေဟန်တူပါသည်။

(၃) ၁၃၁၅ ခုနှစ်၌ ဝါဆိုလပြည့်မှစ၍ ဝါခေါင်လပြည့်အထိ တလလုံးပြုပါသည်။

နိမိတ်ဖတ်ကြသည်ကား။ဥာဏစာဂီမဟာထေရ်သည် (၁၃၀၀) ပြည့်နှစ်ကစ၍။ ဓါတ်ကြီးလေးပါး။ မူလပင်ရင်းတရားဖြင့် သစ္စာ ၄ ပါး၊ မဂ် ၄ ပါး၊ ဖိုလ် ၄ ပါး ရအောင် ပြသနေတာကို၊အကိုင်း ၄ မျိုး၊ အရွက် ၄မျိုး၊ အပွင့် ၄ မျိုး၊ အသီး ၄ မျိုးဖြင့်ပြ၍။ တရားမှန်ကန်ကြောင်း၊ ထောတ်ခံနေတာပါ သက်သေပြတာပါတဲ့။ ကြည့်ပါအုံးတော့။ ဆရာတော်ပြသနေတဲ့တရားနှင့် နိမိတ်ပြတာ တူမှုနေပုံမှာ။

ဥာဏာစာဂိပြဿ။ ။ခါတ် ၄ပါး၊ သစ္စာ ၄ပါး၊ မဂ် ၄ပါး၊ ဖိုလ် ၄ပါး တရားပြု၏။

နိမိတ်ပေါ်တာဂ။ ။အကိုင်း ၄၊ အရွက် ၄၊ အပွင့် ၄၊ အသီး၄၊ နိမိတ် ပေါ်၏။

ထိုအခါက။ ရေးဈပ်တဲ့။ တေးထပ်မှာကား။

(ထောင့်သုံးရာ၊ တဆဲ့နှစ်တွင်မှ ဟက်သစ်၍ပေါ် လာ။ တက်ခေတ်မှ၊ ကြော်ငြာသည်။ တော်မဟာနွယ်သုံး။ ဖန်ခါးနှင့် ညောင် သပြေဝယ်။ အောင်ပစေ သဖန်းဆင့်၍ပြုံး။ ပထမဝါဆိုတွင်၊ စာအဆိုပြည့်တုံး။ သာကီဝင်မြတ်ဘုန်းတို့။ ကပ်သုံးသည့်ချိန်ခါ။ ကွမ်သဲခေါ် ဌာနီပြကြစို့။ စာဂိပကျောင်းတိုက်ဧေယျာ။ ။သောင်းတိုက်လုံး ကြေငြာအောင်။ တေဇာတော်အချိန်ကြလို့ထင်။ ကသိမ်ကြွ မုချဖြစ်လာ။ ဗုဒ္ဓခေတ်မှာ။ ဥက္ကဋ္ဌမှ ထုတ်ပြပါသည်။ အနုတ္တရဘဂဝါမိန့်ဟောချိန်မှလေး။)

ဝဂ္ဂါးဦး၊ စဦးဟောရာ။ စကြာဝဠာ၊ ပြသချိန်ခါ။

သာကီယတို့ ဝါလကပ်ခါ၊ နွေအထူး မှတ်ဦးနိမိတ်လာ။

ဖန်ခါးသီးခါတ် ဆက်ကပ် ဦးစွာ၊ သိကြားမင်းမြတ် ချည်းကပ် ထိုခါ။

ဘေးကင်းစေကြောင်း ဆေးကောင်းမဟာ၊ မြတ်ဗုဒ္ဓ သုံးပြ ရှေးဦးပါ။

ဤလို တိတ်နိမိတ်နှင့် လာသောတရားမှု စိတ်ချ-လက်ချအားထုတ် ကြပါကုန်။

---

## (၁၀၆) ရုက္ခစိုးနတ်ကယ်ဆယ်ရေးအမှုကြီး။

အက္ခ်ိုရမင်းသားသည် ရဂ္ဂိသော ရာထူးမျှားကို ညီမအားပေးခဲ့ပြီး။ ဗိမိမှုကား ကုန်သည်ဘာဝဖြင့် လှည်းငါးရောနှင့် ကူးသန်းရောင်းဝယ်ပြီး အလ္လုဒါနကိုသာ အားထုတ်၍နေသည်။ တခါသော် လှဲငါးရာနှင့် ကန္တာ ရကိုကူးသန်းတော့။ ကြယ်နိမိတ်နှင့် လမ်းပန်းကြည့်သူ အိပ်ပျော်သွားသ ဖြင့် လမ်းမှားဟာနိရုဠ္ဍက ကန္တာရသို့ရောက်သွားကြတော့သည်။အားလုံး ပင် နွားရောလူတို့ပါ ရေမရှိသဖြင့် ပင်ပန်းနွမ်းလျ သေပေါက်သေဝသို့ ဆိုက်ရောက်ကြတော့သည်။ သို့ဖြစ်၍။ ညောင်ပင်ကြီးအောက်၌ ရုရုံးပြီး

ဒီညောင်ပင်ကြီးမှာတော့ ကေန္ဒာ တန်ခိုးကြီးတဲ့ ရုက္ခစိုးနတ်ကြီးတော့ ရှိမှာဘဲအထင်ဖြင့် စုရုံးကာတောင်းပန်ကြတယ်။ရုက္ခစိုးကြီးကလဲညောင် ဆွမ် လက်တဆုသာပြုပြီး လက်ညှိုးညွှန်ရာရေမျှား ချောင်းစီး၍လာတော့ ၏။ လူမျှား နွားမျှားလည်း အားရ-ပါးရ သောက်ချိုးပြီးတော့။ ထမင်း ဟင်းသားရေစာမျှား မ-စ-ချိုးမြှင့်ပါရန်တောင်းပန်ကြပြန်၏။ ရုက္ခစိုးနတ် ကြီး၏ လက်ညှိုးမှ နတ်ထမင်း နတ်ဟင်းများ ထွက်ပေါ်၍ လာပြန်သဖြင့် အားပါးတရ ဝဝကြီးစားသုံးကြကုန်၏။ တဖန် အာတ်ဘန်းဆာ၊ ဒွါရ ယာတို့ကို တောင်းကြပြန်၏။ လက်ညှိုးမှပင် အဝတ်တန်းဆာများ ပေါ် လာသဖြင့် စေ့စေ့ ၅၄ ယူကြပြန်၏။ တဖန် ၎င်းတို့မှာ ရောင်းကုန်များ ပုတ်ဆွေးရိန်ခမ်းကြသဖြင့် မရောင်းရဘဲ စွန့်ကြ ပစ်ကြရကုန်၏။ထို့ကြောင့် အိမ်သို့ပြန်သောအခါ ရွှေငွေဘဏ္ဍာများ ရသွားအောင်တောင်းကြပြန်၏။ လက်ညှိုးမှ ငွေ ရွှေ စိန်ကျောက် ထိန်တောက်ဝေဝေ ရတနာတွေ ပေါ် လာပြန်၏။ ယူကြ ဆောင်ကြ လဲပေါ်သို့တင်ကြပြီး။ ဩော-ဤရုက္ခစိုးကြီး ဟာ လက်ညှိုး ပဒေသာဖြင့် လိုတာကို ပေးစွမ်းနိုင်ပါပေတယ်။ ဘယ် ကုသိုလ်များ ပြုလုပ်အားထုတ်လာလို့ ဤလောက်တောင် ပေးနိုင်ရတာလဲ ဆိုတာကို သိလိုလှသဖြင့် ပုဗ္ဗကမ္မကို မေးကြတော့။ ရုက္ခစိုး နတ်မင်းက ကဲ-ကဲ နားထောင်ကြပါ။ငါသည်ကား ဟိုရှေးအခါက ဗာရာဏသီပြည် မှာ အပ်ချုပ်သမားဖြစ်ခဲ့တယ်။ထိုအခါဝယ် ဝိသယ္ယသူဌေးကြီးဟာ အလှ ဒါနနေ့စဉ် ၆ သိန်း-၆ သိန်း ပြုနေတော့။ ငါလဲ မလှူဒါန်းနိုင်ပေမဲ့ သူဌေး ၏ကုသိုလ်ထဲမှာ တနေရာကဝင်၍ နေမယ်ဟု ကြံပြီး။ မြို့၏တံခါးဝမှာနေ၍ ဇနပုဒ်သားတို့လာလျှင် အမောင်တို့ ဤလမ်းဖြင့် သွားကြပါကုန်။ဝိသယ္ယ သူဌေးကြီးဟာ လိုတာကို လှူဒါန်း၍ နေပါတယ်ဟု လက်ညှိုးထိုး၍ သူ တပါး၏ကုသိုလ်ကို ကူညီခဲ့ပါတယ်။ တာကြောင့်။လက်ညှိုးပဒေသာကြီး ကိုရ၍ လိုသမျှကို ပေးနိုင်ပါဘယ်ဟု ဟောပြလေသည်။ အက္ခ်ရမင်းသား ၏ လူတစုတို့သည်လည်း ကံကိုရင်း။ ကံ၏အကျိုးပေးကိုရင်း လက်တွေ့ မြင်ရသဖြင့် ယုံကြည်ကြပြီးလျှင် ရုက္ခစိုးအနှဲ့ခ ဝင်ပြီး ကယ်ဆယ်ရေး အနှဲ့ကြီး နှဲ့စည်းကာ ပြည်သို့ပြန်ကြကုန်၏။ ပြည်သို့ရောက်လျှင် (တဆဲ့ နှစ်ယူဇနာ) အကျယ်ရှိသော နယ်ကြီးအတွင်းခ္ဍ အက္ခ်ရမင်းသားက ဥက္ကဋ္ဌပြု၍ ထမင်းရေ ချောင်းစီးအောင် လှူဒါန်းကြကုန်၏။ ၁၂ ယူဇနာခ္ဍ ထမင်းရေ ချောင်းစီးခဲ့၏ တကား။ အနှစ်ပေါင်း (တဆယ်)မျှ ဤသို့

လှူဒါန်းခဲ့လေခဲ့၏။ ထိုအနေသားများ ကံကုန်သော် တာဝတိံသာ ဘုံသို့ ရောက်ကြ၏။ နတ်ဖြစ်၍ ၄ ကုဋေ ၆ သန်း လူတို့အနှစ် မဆယ်ပြောက်မှီ မြတ်စွာဘုရား ပွင့်ခိုက်ကြို၍ တာဝတိံသာဘုံဝယ် ပင်လယ်ကသစ်ပင် အောက်၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြဲကျောက်ဖျာ၌ ဘုရားရှင် သတ္တမဝါ ဝါဆိုတော်မူပြီး အာဘိဓမ္မာ ၇ ကျမ်း ပရမတ် သက်သက် ခါတ်ကမ္ဘာန်းကို တဝါတွင်းလုံး နာကြားရတော့ သောတာပန်ကပြီး မဟာအရိယာကြီးများ ဖြစ်ကြကုန်၏။ တနေ့လုံးအရိယာဖြစ်ပုံတည်း။

---

## (၁၈၇) ဂဟပတိရတနာကြီး၏ စိတ်ပဒေသာကြီး။

ဂဟပတိရတနာဆိုတာ အခါတိုင်း၌ မပေါ်မရှိပါပေ။ စကြာမင်းကြီးများပေါ်မှ ရတနာအဖြစ်ဖြင့် ပေါ်လာကြကုန်သည်။ စကြာမင်းသည် ဂဟပတိရတနာကြီး၏ အစွမ်းသတ္တိ ဂုဏ် ဂက် အရှိန်အစော်ကို ပေါ်ထွက်စေရန်ဟု သဘောထားဖြင့် ကမ္ဘာသားများကို ကြော်ငြာပြီး စုဝေးစေသည်။ ပရိသတ်များ စုဝေးမိလျှင်။ စကြာမင်းနှင့် ဂဟပတိ ရတနာကြီးသည် ဂင်္ဂါမြစ်ထဲမှာ လှေလောင်းနှင့် ရေကြောင်းမှ လာနေကြသည်။ ကမ်း ၂ သွယ်၌ ပရိသတ်ဗိုလ်သည် လုကာ တိုးကာ ကြည့်ရှု၍ နေဆဲဖြစ်၏။ ပရိသတ်၏ ဗဟိုရှိအလယ်သို့ရောက်တော့။ စကြာမင်းက အို-ဂဟပတိ ရတနာသူဌေးကြီး ငါသည် ရွှေဒိုးမြောက်များစွာအလိုရှိတယ်ဟု မိန့်၏။ ဂဟပတိ ရတနာသူဌေးကြီးသည်။ (လိုတာ ရနေသော) တန်ခိုးရှိပြီ ဖြစ်ရကား။ ဂင်္ဂါရေသို့ ဘယ်လက်-ညာလက်နှင့်ယက်ဟန်ပြု၏။ ထိုအခါဝယ် ဂင်္ဂါရေထဲမှ ရွှေဒိုးကြီးတို့သည် လှေတော်ကို ဝန်းရံပြီး ဟမြစ်လုံးပြည့်အောင် ပေါ်လာကြကုန်၏။ အဲဒီတော့မှ စကြာမင်းက အို-ဗိုလ်လူအများတို့ ဂဟပတိ ရတနာ သူဌေးကဲ့သို့ (လိုဘရ) ခြင်းတန်ခိုးနှင့် ပြည့်စုံသော သူသည် ရှိပါသေးသလောဟု မေး၏။ ဂဟပတိသူဌေး တဦးတည်းသာ ဤလို တန်ခိုးရှိပါသည်အခြားသူများ၌ဤလိုတန်ခိုးမရှိကြပါဟု သံတော်ဦး တင်ကြရတယ်၊ တဖန် လယ်ပြင် ကွင်းပြင် လဟာပြင်ကြီး၌ လူတွေကို စုရုံးစေပြီးမှ သူဌေးကြီး ရွှေဒိုးများကို အလိုရှိတယ်ဟု မိန့်ပြန်၏။ ဂဟပတိ ရတနာ သူဌေးသည်လည်း ရှေးကကဲ့သို့ပင် မြေကိုယက်ဟန် ပြုတော့။ ရွှေဒိုးကြီးတွေ ၄ မျက်နှာအပြည့် ပေါ်လာပြန်တော့၏။ ထိုအခါ စကြာ

မင်းက အိုရ-ဗိုလ်လူများတို့ ဂဟပတိ ရကနာ သူဌေးကဲ့သို့ လိုဘရခြင်း တန်ခိုးနှင့် ပြည့်စုံသောသူသည် ရှိပါသလော၀ဟု မေး၏။ဂဟပတိ ရတနာ သူဌေးကဦးဘည်းသာ ဤလိုဘန်ခိုးရှိပါသည် အခြားသူများ၌ ဤလိုတန်ခိုး မရှိပါ၀ဟု သံတော်ဦးတင်ကြ၏သည်။တဖန် စင်မြင့်ပေါ်သို့တက်ပြီး ကောင်း ကင်၌နေ၍ သူဌေးကြီး ဣဒ္ဓိအိုးများအလိုရှိသည်ဟု ပြောကော့။သူဌေးသည် ရှေးကလိုပင် ကောင်းကင်သို့ လက်ဖြင့် ယက်ဟန်ပြု၏။ ဣဒ္ဓေအိုးကြီး၀တွ ဟာ ကောင်းကင်၌ ထွက်ပေါ်လာကြကုန်၏။ ထိုအခါ စကြာမင်းက အိုရ-ဗိုလ်လူများတို့ ဂဟပတိ ရတနာသူဌေးကဲ့သို့ (လို တ ရ)ခြင်း တန်ခိုးနှင့် ပြည့်စုံသော သူများ ရှိပါရဲ့လား၀ဟုမေးတော့။ မှူးမတ်များက မရှိတော့ပါ။ ဂဟပတိရတနာ သူဌေး ကဦးထည်းသာ ဤလိုကန်ခိုး ရှိပါသည်ဟု သံတော်ဦးတင်ကြ၏။ ထိုအခါ စကြာမင်းက ငါသည် ဂဟပတိရကနာ ဘွဲ့ကို နှင်းအပ်သည်ကား ရသင့်သူ ရထိုက်သူဖြစ်၍သာ ဘွဲ့ထူးအပ်နှင်း ခြင်းဖြစ်တော့သည်ဟု ပိန့်၏။

---

## (၁၈၈) ဒီဃတာ၀လ ပြဋ္ဌာ၀အမျှရ မဟာသုခ။

ပေ၀ဝဏ္ဏ၌ ဒီဃတာ၀လမည်သော ပြဋ္ဌာ၀သည် ထန်းပင်မျှကြီးမြင့်၏။ မစားရ မသောက်ရနှင့် လွန်စွာပင် ဒုက္ခရောက်၍နေ၏။ သူ့အားရည်ဖွန်း၍ ဒါနဝတ္ထု လှူဒါန်းပြီး အမျှ၀ေသည်။ရင်းက သာရခေါ်ရာ နှာ်တမျှ ချမ်း သာကြီးရလေ၏။

---

## (၁၈၉) သေခါနီးသစ်ပင်၌ နိမိတ်ပြပုံ။

၁၂၉၃ ခုနှစ်လောက်က ပန်းတောင်းမြို့မှ ဦးသုန္ဒရကိုယ်တော်သည်။ စာသင်သားအများနှင့် သထုံနယ် ဘားအန်မြို့ ရဲကျောင်းတိုက်၌ စာပေပို့ ချလျက်နေပေ၏။ကံကုန်၍လာတော့အများရောဂါဇွဲကပ်၍လာလေသည်။ အမျိုးမျိုးနှင့် ကုမရာ မသက်သာတော့ပေ။ ဆဲဒါနဲ့ ရှင်မလား-သေမလား ဟု နိမိတ်ကြည့်တော့။ထန်းပင် ၂ ပင်ဟာ အရွက်အလက်ချောက်၍ သေ စပြုတာကို မြင်ရတော့။ ပါ့လူဖြင့်ပြန်၍မရှင်တော့ပြီဟု လက်လျှော့ရဘူး သည်။

## (၁၉၀) ရှေးကညီအစ်ကို ယခုတွေတော့ မြင်ရုံနှင့် ချစ်ခင်ကြပုံ။

ပျားကုန်သည် ဘဝတုံးက ညီအစ်ကို ၃ ယောက်သည် ကုသိုလ်ပြုတိုင်း ညီမျှကြ၏။ ဘဝပြောင်းကြတော့ ညီအငယ်ဆုံးကား သိရိမ္ဘာသောက ဂေဟာဇာ ဘုရင် တတိယ သင်္ဂီယနာတင် မင်းဖြစ်၍လာ၏။ အကြီးဆုံးကား နိဂြောဓသာမဏော ဖြစ်၍လာ၏။ နှန်းပြင်ဌ ဆွမ်းခံဝင်လာရာ ၎င်းကြီး မြင်ရုံနှင့်အလွန် ချစ်ခင်ပြီး ကိုးကွယ်တော့၏။ အကျိုးအလတ်ကား သိဟိုဠ်ကျွန်းဌ ဂေဟာဇာဘုရင်ဖြစ်၍ ဒေဝါနံပိယတိဿဟု တွင်၏။ ရှေးရေးက မေတ္တာရှိခဲ့ဘူးသဖြင့် ယခုဘဝမှာလဲ အထူးပင် မေတ္တာသက်ဝင်လျက်နေကြသည် မေတ္တာခါတ်ဆက်နေကြပုံတည်း။

---

## (၁၉၁) ဘိုးသူတော်နှင့် ကျားကြီးခါတ်ဆက်နေပုံ။

ဦးသိလ-ဦးသိလဟု ကျော်ကြားထင်ပေါ်လှသော တောရဆရာတော်ကြီးတပါးသည် တောဌာနအရည်ကင်ရုတင်ဖြင့်နေ၏။ သူတော်တပါးလည်း အဘူနေလာလေသည်။ တည်သောအခါဝယ် တောဌာနေကြရာ။ ဆောင်းတွင်းမှီ ဇမြ တုံ့ခိုက်ရကား ဦးသူတော်သည် ဓိုးဖို၍ထင်းများထဲ့ကာ ဓိုးလှုံ့လျက်ရှိနေဆဲမှာ။ ကျားကြီးတကောင်ဟာလဲ ဓိုးဖိုအနားသို့လာပြီး အိပ်လေသည်။ တခါ-တခါ ကျားကြီးက အိပ်ရင်းပင် ဦးသူတော်၏ ဘက်သို့လှဲ-လှဲပြီး ပါးစပ်ဟကာ သန်းသက်ဲ့သို့ပြု၏။ ၂ ကြိမ် ၃ ကြိမ်မျှ ကျားသည် ပါးစပ် ဟ-ဟ ပြီးသန်းဲရာင်ပြုတော့။ ဘိုးသူတော်၏စိတ်ထဲကယခုနေအခါများ ကျား၏ပါးစပ်ထဲသို့ ဓိုးစကြီးနှင့် ထိုးရသော် ဘယ်လိုများဖြစ်သွားမှာလဲဟု စိတ်ကကြီစည်၏။ ဦးသူတော်၏ စိတ်အကြံကို ကျားကသိသကဲ့သို့ ကျားက ဟိန်းတော့၏။ ထိုအခါ ဇရပ်ပေါ်၌ တရားကိုအာရုံပြု၍နေသော တောရဆရာတော်ကြီး ဦးသိလက ဓိန္နသည်မှာ။ ဦးသူတော်ကလဲကွယ် ကျားနဲ့ဖက်ပြီး ရန်ပြုချင်တာကိုကဲ့ဟု ဆုံးမတော့။ ညြော်-ငါ်ကြီစည်တာကိုဆရာတော်ကြီးလဲသိတယ်နော်။ကျားကြီးကလဲသိတယ်နော်ဟု အံ့ဩမိလေသည်။

---

## (၁၉၂) မျက်ပုံပင် ဘုရား၏ရှေ့ပလ္လင်။

သိဒ္ဓတ္ထမင်းသား ရဟန်းတော်သည် မဟာဗောဓိမဏ္ဍိုင်သို့ ဘုရားဖြစ်ဘို့ရန် ကပ်ရောက်လာတော့။သုဒ္ဓိယ မောင်စင်သည် မျက်ရှစ်ဆုတ်ကို

အခင်းပြုမ်ားလို့။ ဘုရားအလောင်းသည် မျက်ခင်းပေါ်၌ ပယက်၍ထိုင်တော့။ အပ္ပရာဇိဘ ရွှေပလွင်ပေါက်၍ မာရ်နတ်မင်းကြီး ပလွှင့်ကိုလုတော့သည်။ ဒါနဓါတ်ဝင်လာပုံတည်း။

## (၁၉၃) ကြိုးနွေက မြေဖြစ် တရ။ဲ့ရ။ားနှင့်ပင်။

ပဋ္ဌမကြိုလာအဋ္ဌကထာ၌ပြော့ရုံ ပိန်းမကြီးတဦးသည်စိတ်ညစ်၍လားမသိရ အိမ်သားများ အိပ်လျှင် ထိုကြိုးဖြင့်လည်ပင်းခွဲ၍ပြီးမှ ချ၍သေတော့အုံ့ဟု အကြံအစည်နှင့်ကြိုးကိုနွေ၍အိပ်ရာအနီးခွဲ၍ချထားကာအိပ်စက်တော့၏။ထိုအခိုက်ခွဲရိုးသူဘဦးသည်ပစ္စည်းခိုးရန်ဟု အိမ်သို့တက်လာပြီးထိုပိန်းမအနီးသို့ရောက်ရှိကာ အင်ဝတ်ပုဆိုးတို့ကို ယူပြီးတော့။ ကြိုးနှင့် ဆွဲ၍ရန်ဟု ကြိုးဆီသို့ လက်ရောက်သွားတော့၏။ ထိုအခါကြိုးသည် ကြိုးမဟုတ်တော့ဘဲ မြွေဟောက်ကြီးဖြစ်ကာ ဘရ။ားရ။ားနှင့်ရန်ပြုလျက် မာန်ပါ၍ပြိမ်းခြောက်တော့၏။ ခိုးသူလည်း ရသမျှကိုယူ၍ ပြန်သွားတော့သည်။ မြွေသည် ကြိုးပင်ဖြစ်ကာ ထိုပိန်းမကြီး နိုးလာတော့ ထိုကြိုးနှင့်ပင် လည်ခွဲတွဲ၍ ခွဲချကာဆုံးရှာတော့၏။ သေရမည့်ကံသည်ကား အလွဲမခံပေ။ ကြိုးနှင့်သေရရမှာပဲ ကိုယ်ကို အယူမခံဘဲ မြွေသဏ္ဌာန် ဖြစ်ရ တုံသေး၏ တကား။ (ပဉ္စဝေးပြေးမလွယ်ပါ။)

## (၁၉၄) ရုပ်တရားအပေါ် ကုဋေ (၅၀၀၀) ကျော် လက်တွေ့နည်းဥပမာ။

(PHOTOGRAPHY)အင်္ဂလိပ်ဘာသာအားဖြင့် (ဖိုတိုဂရပ်ဖီ) မြန်မာလို ဓါတ်ရိုက်ကူးခြင်းအနုပညာတည်း။စကားဘရပ်ခွာမူလအားဖြင့် လက်တင်ဘာသာမှ ပေါ်ထွက်လာသော ပညတ်နာကား ဘရပ်ဖြစ်ပါ၏ကြောင်း။ (PHOTO) ဖိုတိုဆိုသည်မှာ လက်တင်စကား အလင်းရောင်ခြည်ကို ဆိုလိုပါသည်။ (GRAPHY) ဂရဖီ ဆိုသည်မှာ လက်ဘင်စကားပင် အကျယ်ကား၍ အကျဉ်းချုပ်၍ မှတ်တမ်းခြင်းကို ဆိုလိုပါသည်။ ထိုစကားနှစ်လုံးကို ပေါင်းစပ်သော (PHOTO) (GRAPHY) ဖိုတိုဂရပ်ဖီ ဆိုသည်မှာ အလင်းရောင်ခြည်အားဖြင့် အကျယ်တဝင့် လင်းနေသမျှတို့ကို အကျဉ်းချုပ်၍ မှတ်တမ်းတင်ခြင်းကို ဆိုလိုပါသည်။ မြန်မာဘာသာအားဖြင့် ဓါတ်ပုံကူးသောအတတ်ပညာဟု ဆိုလိုပါသည်။

## ယခုအခါ ကမ္ဘာပြန့်၍ လူမျိုးတိုင်းက မျှားစွာ အသုံးပြုရခြင်းအကြောင်း။

ကမ္ဘာပေါ်ရှိလူမျိုးတိုင်းမှာ မိမိတို့ဘာသာအားဖြင့်စကားအသုံးအနှုန်း မှတ်တမ်းတင်ကြသော စာပေအကွေ့ရာ ပုံအမျိုးမျိုးကို ဆိုင်ရာ ဆိုင်ရာ ကြွမ်းကျင်ရာအသုံးပြု၍။ ကျွန်းဂန်အစောင်စောင် စာပေမျှားကို ရေးမှတ်ကြပါသော်လည်း အခြားဘာသာတဦး လူမျိုးတဦးက ဖတ်ရန်ခက်ခဲ၏။ မဖတ်နိုင် မသိနိုင်ကြသောကြောင့် ဘာသာပြန် တဦးကို အမှီပြုကြရ၏။ အကြောင်းအရာတခုကို စုံလင်အောင် စာပေအကွေ့ရာဖြင့် မှတ်တမ်းတင်ရလျှင်။ကာရန်ဝါကျစီကာပတ်ကုန်းဘလုံးမှမကျန်အောင်အတော်မျှားမျှား ရေးမှသာလျှင် ပြီးနိုင်၏။ စာဖတ်သူကလည်း စာရေးသူ၏ ရည်ရွယ်ချက် သဘောပေါက်အောင် လိုက်နိုင်မှသာလျှင် ခရီးရောက်ပါ၏။ တဦးဦးက ချိုယွင်းနေလျှင် လိုရာမရောက် ခရီးမပေါက်နိုင်ပါ။ခါတ်ပုံကိုရိုက်၍ပြီးလျှင် ဘာသာမရွေး လူမျိုးမရွေး စာတတ်၊ စာမတတ် အားလုံးက ကွက်ကွက် ကွင်းကွင်း ရှင်းရှင်းကြီး အလွယ်တကူသိမြင်နိုင်ကြသောကြောင့်။ခါတ်ပုံ ရိုက်ခြင်း ရုပ်ရှင်ပြခြင်း စသော အနုပညာများမှာ ဘယ်အခါမှ မဆုတ်ယုတ်ဘဲ တိုးတက်လျက်သာရှိ၍ နေကြပါသည်။

ရင်းပညာရပ်ကို အသုံးပြုရာတွင် ပါဝင်သော ကြိယာများ၏ အကျိုးအပြစ်မှာ။ ( Camera ) ကင်မရာခေါ် သေတ္တာ ကလေးမှာ အလင်းရောင်များ အလျှင်းမဝင်နိုင်အောင် အကာအဆီး ဖြစ်ပါသည်။ ( Lens ) မှန်ဘီလူးမှာ ရှေ့တွင်ရှိနေသမျှသောဝတ္ထုပစ္စည်းများပေါ်တွင်ကျရောက်နေသော အလင်းရောင်တို့မှ အလင်းရောင်ခြည်ကို ချုံ့၍ ဆွဲယူသော ပစ္စည်းဖြစ်ပါသည်။

( Shutter ) ရှတ်တာ ဆိုသည်မှာ။ မှန်ဘီလူးမှဝင်လာသော အလင်းရောင်ခြည်ကို အလိုရှိသမျှ အချိန်ကာလကို ပိုင်းဖြတ်၍ အသုံးပြုရန် ဖြစ်ပါသည်။ ၎င်းမှာ တစက္ကန့်၏ အစိတ် $\frac{1}{1000}$ မျှ ဖြတ်ကောက် အသုံးပြုနိုင်ပါသည်။ ( Flange ) ဖလိန်း ဆိုသည်မှာ။ မှန်ဘီလူးမှ ဝင်လာသော အလင်းရောင်ခြည်များကိုအနည်းအများအလိုရှိသ၍ မှန်ဘီလူးအပေါက်ကို ကျဉ်းစေခြင်း ကျယ်စေခြင်းကို အသုံးပြုရန် ဖြစ်ပါသည်။ အလင်းရောင်ခြည်မရှိလျှင် ခါတ်ပုံရိုက်ကူး၍ မရနိုင်သော နေရာနှင့် အချိန်အခါများ

တွင် အလင်းရောင်ကို ဖန်တီးပေးနိုင်သော ဓါတ်မီး အမျိုးမျိုးကို ထွန်ယှဉ်ပေးရပါသည်။ အဆိုပါ ( Camera ) ကင်မရာ အတွင်းတွင် ဓါတ်ဝင် ဓါတ်ဆေး တင်ထားပြီး ဖြစ်သော မှန်ပြား ဖြစ်လျှင် ( Plate )ပလိတ် ကော်ပြားဖြစ်လျှင်။ ( Film ) ဖလင်းထည့်ပြီး ဓါတ်ရိုက်ရသည်။

( Plate or Film ) ပလိုက် သို့မဟုတ် ဖလင်း ပြုပြင်ရာတွင် ဓါတုနည်းမှာ။ (၁) ဖန်ခွက် တခုထည်းတွင် ကြည်လင်သော ပေါင်းချေးရည် ကိုထည့်၍ ဘော်စားလောင်မီး အခဲ (ဘော်ခဲသန့်သန့်ကို) လောင်မီး အက်(စ) ဓါတ်ရည်ဖြင့်စား၍ ခဲထားသော ဆေးခဲငယ်တခု ထည့်ဖျော်လျှင် အရည်မှာ ပကတိမူလအတိုင်းပင် ကြည်လင်လျက် နေပါသည်။ (၂) ဒုတိယဖန်ခွက်တခုတွင် ပေါင်းချေးရည် ထည့်၍ ဆားအနည်းငယ် ဖျော်ထည့်လျှင် ပကတိအတိုင်း ကြည်လင်၍ နေပါသည်။ ဒုတိယဖန်ခွက်မှ ဆားရည်တစက်ကို ပထမဖန်ခွက်ထည်းတွင်ရှိသော ဘော်စားလောင်မီး အရည်ထည်းသို့ တစက်ချလိုက်လျှင် ဘော်ဆားတို့သည် မီးခိုးအလိပ်ကဲ့သို့ ဆားသတ္တုကြ၍ ဝါဖန့်ဖန့်အရောင်နှင့် ဒရပ်ပေါ်ထွက်၍ ဖန်ခွက်တွင် အနယ်ထိုင်ပါသည်။ ဤကဲ့သို့ ဆားရည်တစက်ပြီးတစက် ချပေးလျှင် မူလနံပါတ်ဘစ် ဖန်ခွက်တွင် ပါရှိနေသော ဘော်စား လောင်မီးများ မကုန်မခြင်း ဘော်ဆားများဖြစ်၍ အားလုံး အနယ်ထိုင်ပါသည်။ ၎င်းအနယ်များကို Silver ဘော် Chlorile ကလော်ရိုက်ဆား ၂ ရပ်ပေါင်း ဘော်ဆားခေါ်ပါသည်။ ၎င်းဘော်ဆားသည်။ အရည်ကိုစုတ်ယူ ဆွဲယူနိုင်သော ကော်စေး စက္ကူ။ အာတစ် စသည်တို့နှင့် ထိတွေ့လျှင် အသက်ဝင်လာ၏။ ဓါတ်ဝင်လာ၏။ အလင်းရောင်ထည့်လျှင် မဲသွား၏။ ဓါတ်ပုံ ကူးသော စက္ကူ။များမှ ၎င်းဘော်ဆားနှင့်ကော်စေးဖျော်၍ စက္ကူ။ပေါ် တွင်ညှိညှာစွာ ဖြန့်သုတ် သွေ့ခြောက်အောင်လုပ်၍ ထားပါသည်။ တိုးတက်၍ အာနိသင် ပြင်းထန်စေလိုပါလျှင် ဘရိုမိုက်ခေါ် ဆေး ( BROMITE ) သို့မဟုတ် အိုင်အိုဒိုက် ( Iodite) ခေါ် ဆေးများ ထပ်မံလောင်းစပ်၍ ပေးရပါသည်။ မှော်နှင့် ကော်ပြားတွင် သုတ်လိမ်း၍ထားလျှင်။ ပလိတ် ဖလင်ကော်ပြား ဖြစ်ပါသည်။ ၎င်းကော်ပြားများကို မခြောက်မီ သုံးလျှင်အဂိုနည်းဖြစ်၍ သွေ့ခြောက်စေပြီးမှသုံးလျှင် အခြောက်နည်း ဖြစ်ပါသည်၊ အဂိုနည်းမှာ အကိုင်မခံ နှုးညံ့ စွန်းပေတတ်သောကြောင့်။ ယခုခေတ်မှာ အခြောက်ခံပြီးမှ အခြောက်နည်းကို အသုံးပြုကြပါသည်။

အစိမ်း ၁၊ အနီ ၂၊ အဝါ ၃၊ စရမ်းရောင် ၄၊ မိုးကြိုးရောင် ၅ မျှားကြောင့်။ သတ္တုချနှိုင်သော ဆေးဘက်မျှား တည့်စပ်ပါလျှင် ယခုခေတ်ပေါ် Panchronatie. အရောင်ငါးမျိုး သတ္တုချာန်ကရိမက်ဘစ်ကော်ပြားဖြစ်လာပါသည်။ ၎င်းကော်ပြားရှေ့တွင် အရောင် ၅မျိုး ပြုံလုပ်ထားသောရောင်ခြည် ဆန်ကာခံ၍ ပုံရိုက်လျှင် ယခုခေတ်ပေါ် ဆေးရောင်စုံ ကားမျှားဖြစ်၍ ရောင်စုံဘိုင်စကုတ်မျှား ပြာသ၍နေပါပြီ။

( ကုဋေ (၅၀၀၀) ကျော် လက်တွေ့ရုပ်တရားပေါ် ကုံ။)

ဓါတ်ပုံရိုက်သည့်အခါ မှန်ဘီလူးမှ ဆွဲသွင်းလာသော ရောင်ခြည်တို့သည်။တစက္ကန့်လျှင် $\frac{1}{5}$ မှ $\frac{1}{5000}$ တိုတောင်းလှသောအချိန်မှာ(Shutter) (ရှတ်တာ)မှင့်ပေးလိုက်လျှင် အလင်းရောင်ထိုးမိသောဆားတို့သည် ပထဝီဓါတ်ဝင်လာ၍ ခိုင်မာလာသော်လည်းပကတိမျက်စိဖြင့် မမြင်နိုင်သေးပါ။ စွန်းထင်လာစေသော ဆေးရည်တွင် စိမ်မှသာလျှင် မျက်စိဖြင့် မြင်နိုင်ပါသည်။ အလိုရှိသလောက် အစွန်းအထင်း ဖြစ်စေပြီးလျှင် ပထဝီဓါတ်သို့ မဆိုက်သေးသော ဘော်ဆားကိုသည်(ဟိုင်ပိုခေါ်) (Hypo) ဆေးရည်မှာ စိမ်၍ပေးလျှင် ပျော်၍ထွက်ကုန်သဖြင့် ၎င်းကော်ပြားပေါ်တွင် ပြောင်းပြန်အရိပ်မျှား ထင်လျှားစွာ ပေါ်လာသည်။ ၎င်းကို (NAGATIVE)နာဂါတစ်ပြောင်းပြန်ပုံဟုခေါ်ပါသည်။ ၎င်းကော်ပြားဖြင့် စက္ကူကပ်၍ အလင်းပြပြန်လျှင် စက္ကူပေါ်တွင် ရှိနေသော ဘော်ဆားတို့သည် တဖန် ပထဝီဓါတ်ဆိုက်ရပြန်၏ ၎င်းနောက် ဟိုင်ပိုတွင် စိမ်လျှင် ပထဝီဓါတ်မဆိုက်သေး။ အလင်းအရောင် မထိသေးသော ဘော်ဆားတို့မှာ အရည်ပျော်ပြန်၏။ သို့ကြောင့် ပြောင်းပြန် ၂ ခါပြန်လျှင် အမှန်တဖန် ဖြစ်သည့်အတိုင်း ဓါတ်ပုံအမှန်ရပါ၏။

ဤကဲ့သို့ လက်တွေ့အလုပ်ကို လုပ်၍နေရသည်တွင် လက် ၂ သစ်ခန့်ရှိသောဓါတ်ပုံကော်ပြားကလေး အမှေးပါးကလေးတွင် ဘော်ဆားအမှုန့်ကလေးပေါင်းမည်မျှရှိနေသည်ကို မရေမတွက်နိုင်ပါ။ ၎င်းဘော်ဆားအမှုန့်ကလေးတခုတွင် ဘော်ကလာပ်အစည်းပေါင်း အာကာသ ပရိဏ္ဍေဒဖြင့် ခွဲခြားနေသည်ကို အနန္တတမျှ မရေမတွက်နိုင်ပါ။ (ဗဒ္ဓါပင် ကုဋေ (၅၀၀၀) ကျော် လက်တွေ့ရုပ်တရားပေါ်ပုံ၊ အနိစ္စကိုတွေ့ရပုံ သက်သေ

ပြုချက်တည်း။) ဆံပင်တောချောင်းမှ အယူရှိနေသော ကော်ပြားကလေးပေါ်တွင် ဘော်ဆားကလာပ် အစည်းပေါင်း-တစက္ကန့်မှ $\frac{1}{1000}$ တဒဂ်အတွင်း သေးနုတ်လှသော အလင်းရောင်ခြည် မှန်ဘီလူးမှ ဖေါက်ဝင်လာသော အလင်းရောင်ခြည်တို့နှင့် ထိတွေ့ခြင်းအားဖြင့် ဓါတ်သဘော ပြောင်းလဲသွားပုံကို အထင်အရှားနေ့စဉ်နှင့်အမျှ ပရိယာယနှ ဝမ်းရေးအတွက် လုပ်ကိုင်၍နေရသော ဘုရားတပည့်တော်မှာ။ အဝိညာဏက သက်မဲ့ဖြစ်သော ဘော်ဆား ကော်တို့မှာ ဆိုခဲ့ပြီးသော နည်းအားဖြင့် တစက္ကန့်၏ $\frac{1}{1000}$ အချိန်အတွင်း မရေမတွက်နိုင်သော ကော်ပြားကလေးပေါ်ရှိ ကလာပ်အစည်းပေါင်းတို့သည် အတည်မကျ ဖြစ်ပျက် ပြုပြင်ပြောင်းလဲ၍ ဓါတ်သဘောများ မရပ်မနား ပြောင်းလဲနေလျှင် နေ့စဉ်နှင့်အမျှ အခါမရွေး စားသောက် အလင်းအမှောင် အပူအေး မခြောင်သွားလာနေသော ဝိညာဉ်ဖွယ်ရှိနေသော ဤခန္ဓာကိုယ်ကြီးသည်။ ဥပါဒိ ဒို့ ဘင်အားဖြင့် တဒဂ်အတွင်း ကလာပ်အစည်းပေါင်းတို့သည်ကုဋေ(၅၀၁၀)ကျော်မျှ မကမရပ်မနားဖြစ်ပျက်နေခြင်းသဘောဘုရား။ အနိစ္စလက္ခဏာ။ ဒုက္ခလက္ခဏာ။ အနတ္တလက္ခဏာများကို အရှင်ဘုရား ဟောကြားတော်မူသော ဝိပဿနာဘုရားတော်နှင့် လက်တွေ့ နှိုင်းဆရပါသည်။ ပြော-ဟုတ်မှန်လေစွတကား။ ပြော-ဟုတ်မှန်ပါပေ၏တကားဟု မျှားစွာနှစ်ထောင်း အားရရှိလှပါ၍ ထိုလက္ခဏာများကို အမြဲ ခန္ဓာကိုယ်တွေ့ဖြင့် သုံးသတ်ပြီး (စာတွေ့ ငါတွေ့ အပြင်တွေ့ အတွင်းတွေ့) ရှုပွါးပြီးတော့ ဘယ်အခါမျှ ဒိဋ္ဌိဝိစိကိစ္ဆာများ ဖြစ်ပေါ်လာနိုင်ကောဟုမည် မဟုတ်ပါကြောင်း။ ရှိခိုးလျှောက်ထား ဝံ့ပါသည် ကျေးဇူးတော်ရှင် ဥာဏာစာရိ ဆရာတော် အရှင်မြတ်ဘုရား။

**မောင်အုံးကြည် တပည့်တကာတော်**

သုဝဏ္ဏာဘူမိ သထုံမြို့ပွါး မောင်အုံးကြည်၊ သရက်မြို့ ၃၀၊ ၁၂၊ ၅၁။
ဓါတ်ပုံတိုက်။
၁၃၁၃ ခုနှစ်ပြာသိုလပြည့်နေ့ ပို့သောစာဖြစ်သည်။

## (၁၉၅) ရုပ်မြင်သံကြား ဓါတ်တရား။

ဥရောပဘိုက်တွင် အမေရိကန် အင်္ဂလန်ပြည်တို့၌ ဓါတ်သဘာဝကို သူတို့အတန်းနှင့် လိုက်နိုင်ကြ၍ အသံလွှင့်တာနှင့် ပြောသူ၏ ရုပ်ကိုပါ

လွင့်နိုင်ကြသည်။အသံကိုနားထောင်သူတို့ကလည်းပြောသူ၏ရုပ်ကိုပါမြင်ရလေသည် ဗမာနိုင်ငံသို့ မရောက်သေးပါ။ ရုပ်ရှင်ပြခြင်းဖြင့် တွေ့သူတွေ့မြင်ရလေသည်။

## (၁၉၆) ဝိုင်ယာ ရကော်ဒါ ခါတ်တရား။

ယခုခေတ်ပေါ် ဝိုင်ယာရကော်ဒါခါတ်ဘမ်းစက်ဆိုတာ ၎င်းစက်၌ ဝိုင်ယာတတ်၍ စက်ကိုမှင့်ပေးရသည်။ အသံသွင်းသူက ရွတ်ဆိုပေးရသည်။ပြီးလျှင် ပြန်၍ဖွင့်ကာကြည့်တော့ ထိုသူ၏ဆိုသံ၊ ရွတ်သံ၊ပေါ်လာလေသည်။ ဝိုင်ယာကြိုးထဲ၌ အသံကိုအောင်း၍ထားသလို ချုပ်၍ထားသလိုဘမ်း၍ထားနိုင်ပါသည်။

## (၁၉၇) တိတ် ရကော်ဒါ၊ ခါတ်တရား။

ယခုခေတ်ပေါ် တိတ်ရကော်ဒါ ခါတ်ဘမ်းစက်ဆိုတာ။ ၎င်းစက်၌ တိတ် ကြိုးတတ်ပြီး စက်ကိုဖွင့်၍ပေးရသည်။ အသံသွင်းသူက ရွတ်ဆိုပေးရသည်။ ပြီးလျှင် ပြန်၍ဖွင့်ကာကြည့်တော့။ ထိုသူ၏ ရွတ်သံ၊ ဆိုသံ၊ ပေါ်လာလေသည်။ တိတ်ကြိုးထဲ၌ အသံအောင်း၍ထားသလို ချုပ်၍ထားသလို၊ ဘမ်း၍ ထားနိုင်ပါသည်။

## (၁၉၈) ခါတ်မှတ်ရိုက် လိုတာမြင်မလိုတာစင်ပုံ။

ရန်ကုန်စသော ဆေးရုံကြီးများ၌လူနာကို ခါတ်မှတ် ရိုက်ခြင်းဖြင့် ရောဂါကိုသိရ ကုသနိုင်ပါသည်။ ဥပမာ။ လူနာတဦး၌ အရိုးကြိုးသည် ကြေသည် ဟုတ်မဟုတ် မှန်မမှန်ကို သိလိုပါလျှင်။ သူ့စည်းကမ်းအတိုင်း လူနာကိုခါတ်မှတ်ဖြင့် ရိုက်ခါကြည့်တော့။ မလိုသောအသားလဲ ကွယ်ပျောက်ပြီး မလိုသော အကြောများလဲကွယ်ပျောက်ပြီး ဓိဓိလိုချင်တဲ့အရိုးမှာသာလျှင်အရိုးကြိုးလျှင်ကြိုးနေပုံ။ အရိုးကြေလျှင်၊ ကြေ၍နေပုံကိုတွေ့ရ ပြီးမှ ဒါးဖြင့် (ထုံဆေး၊ သို့မဟုတ်မေ့ဆေး)ပေးပြီးခွဲစိတ်ခါကုသပျောက်ကင်းစေပါသည်။

## (၁၉၉) အသားသက်သက်၌ ရောဂါရှာပုံ။

အသားသက်သက်၌ ရောဂါရှာသော ခါတ်မှတ်တမျိုးလဲ ရှိပါသေးသတဲ့။ ၎င်းခါတ်မှတ်ဖြင့် လူနာကိုခါတ်ရိုက်ပြီး ရောဂါရှာတော့။အရိုးလဲ မတွေ့ရဘဲ အကြောလဲ မတွေ့ရဘဲ အသားသက်သက်၌သာ ရောဂါရှိလျှင် ရှိပုံ။ မရှိလျှင် မရှိပုံနှင့် တွေ့ရကြသတဲ့ ဆန်းကြယ်လှပေဖျ။ ခါတ်နောက်သို့ လိုက်နိုင်ကြပေဖျ။

## (၂၀၀) အကြောသက်သက်၌ ရောဂါရှာပုံ။

အကြော သက်သက်၌ ရောဂါရှာသော ခါတ်မှတ် တမျိုးလဲ ရှိတုံသေးဖျတဲ့။ ၎င်းခါတ်မှတ်ဖြင့်လူနာကိုခါတ်ရိုက်ပြီးရောဂါရှာတော့။ အရိုးလဲမတွေ့ရတော့ဘဲ အသားကိုလဲ မတွေ့ရတော့ဘဲ အကြောသက်သက်၌သာ ရောဂါကို တွေ့ရပါသတဲ့။ အကြောထုံးခြင်း အကြောပြတ်ခြင်းမျှား တွေ့ရသတဲ့။အုံ့သြစရာပင်။

## (၂၀၁) လူနာကိုခါတ်မှတ်ဖြင့်ကြည့် ရောဂါတွေ့သတဲ့။

လူနာကို ခါတ်မှတ်ဖျ၏ရှေ့ကထားပြီး လူနာနှင့် ခါတ်မှတ်ကို မှတ်ဘက်က နေ၍ကြည့်ကေဘ့။ ခန္ဓာကိုယ်ထဲ၌ အသဲ၊ အဆုတ်၊ အူ၊ အမျှည်းစသော အရာဝတ္ထုတို့၌ရောဂါရှိ မရှိကို တွေ့သိရပါကုန်သည်။သို့ကြောင့် မလွဲတမ်း ကုသနိုင်ကြကုန်ဖျ။ အုံ့သြစရာပင်။

## (၂၀၂) နားကြပ်ခါတ်ခွက်ဖြင့်ရောဂါရှာပုံ။

ဆရာဝန်များသည့် လူနာ၏ ကိုယ်၌ ဘယ်ရောဂါရှိသည်ကို သိရှိနိုင်အောင်။ နားကြပ် ခါတ်ခွက်နှင့် ထောက်ခါ-ထောက်ခါ အသံကိုရှာကြသည်။ သူသက်တနှင့် သူပါဘဲ။ ဘယ်အသံကြားလျှင် ဘယ်ရောဂါဘဲ။ ညာအသံကြားလျှင် ညာရောဂါဘဲ။ ဟိုအသံကြားတော့ ဟိုရောဂါဘဲ။ ဒီအသံကြားတော့ ဒီရောဂါဘဲဟု ငမ်း၌ ရင်၌ ကြောင်း ဖြစ်တတ်သော ရောဂါတို့ကို သိနိုင်တော့ဖျ။အနာသိမှ ဆေးရှိ စကားအတိုင်းပင် အတတ်သိ၍ ဖိမိရရ ကုနိုင်ဖျ။ သွေးတက်ကြော သွေးပြန်ကြော စသည်တို့၌

အလွန် ပိုင်လှ၏။ ထို့ကြောင့် ခွဲကာ စိတ်ကာ အရာရာ ရောဂါအတိုင်း ကု-မ-ပျောက်ကင်း စေနိုင်ပါသည်။ ယခုအနီးကပ်၍ ရေးပြုလာသော ဓါတ်ပုံပညာ ကုဋေ (၅၀၀၀)ကျော်ဝေ့ရုပ် နုပါတ်ကစ၍ ယခုဆုံးသော နားကြပ်ဓါတ်ခွက်အထိ (၉) ဌာနသည်ကား။ ပညတ်ကိုခွါ၍ ပရမတ်ကို ရှာရာ၌ရင်း။မလိုတာခွါ၍ လိုတာကို ရှာရာ၌ရင်း။ဝိပဿနာပညာကိုလုံးဝ ထောက်ခံ၍နေသော အားပေး၍နေသောအချက်များပါရှိသဖြင့် (၉) ဌာန စလုံးထဲ၍ ပြုရခြင်းဖြစ်ပါသည်။ဘေးလွဲပြီး အတွေးမချော်ပါစေနှင့်။

---

## (၂၀၃) လက်တွေ့ဓါတ်ကူးဓါတ်ဆက်ပုံ။

ဥာဏစာဂိ မဟာထေရ်သည် ငါးဝါရှိစဉ်က။ ခမည်းတော်ကား သရက်မြို့အနီး ကမ်းနားဘက် စန်းအိုင်ရွာ၌နေထိုင်သည်။ ဥာဏစာဂိ သည်ကား အောက်ချင်းတွင်းနယ် ရေဇဂြိုဟ်ပိုင် မဒရလေးရွာ၌ စာသင်၍နေသည်။ သားအဖ ၂ဦးတို့ နေထိုင်ရာ၌နှာအကွာအဝေးကို ရိုင်ဖဲ့သော်။ ခန့်မှန်းချေ ရိုင်ပေါင်း(၅၀၀)ကျော်မျှ ကွာဝေးမည်။ ထိုအခါ၌ ဥာဏစာ ဂိသည်နံနက်၌ တက်ရမည့်သင်ကြားရမည့် စာအပိုဒ်ကား။အလွန်အရေး ပါ အရာရောက်မည့် စာပိုဒ်တည်း။ ဒီဒီအလွန်တရာမှ သိချင် မှတ်ချင်နေ သော စာပိုဒ်တည်း။ နက်ဖြန်တော့ဖြင့် ဒီစာပိုဒ်ကို ဆရာတော်ကြီးထံမှ နည်းနာ ရှိရိတော့မည်။ ငါတောင်းတ၍နေတာများ နက်ဖြန်ဖြင့် ပြည့်ဝ တော့မည်ဟု မျှော်လင့်၍နေ၏။ ၎င်းစာပိုဒ်ကို ဒီဒီဥာဏ်ရှိသမျှတော့ အနက်ပြန်၍ ကြည့်တယ်။ အဓိပ္ပါယ်ကောက်၍ ကြည့်တယ်။ သဒ္ဒါနည်း သဣာဟ်နည်းဆန်းနည်းအာဘိဓါန်နည်းအလင်္ကာနည်းဝိဓိဗိုဒန်းသမျှဝါကျ နည်းဖြင့် အသီးအသီးဝေဘန်၍ကြည့်တယ်။ ငါ၏ဥာဏ်ကား ဤမျှတော့ လျှမ်းနိုင်ပြီ။နက်ဖြန်ကာဆရာတော်ကြီးထံကျမှ မည်မျှတိုးပွါးမည်နည်းဟု စိတ်ဝင်စားကာ မနေနိုင် မထိုင်နိုင် အိမ်မရ လွှဲမရ မိုးလင်ခဲလှတယ် ဟူ၍သာ စိတ်စွဲ၍နေတော့သည်။ နံနက်ရောက်လျှင် နံက်ဆွမ်းခံကာစား သောက်ပြီး အရေးတကြီး စာတက်ရန် သွားတော့သည်။ ဆရာတော်ကြီး အထံသို့ ရောက်တော့။ စာပုလေ့ကျင့်ဖြန့်ပြီး တက်ရမည့် သင်ကြားရမည့် စာပိုဒ်ကိုသာကြည့်၍ နေသည်။ ထိုအခိုက်၌ သရက်မြို့ စန်းအိုင်ရွာတွင် ခမည်းတော်၌ ဘာဖြစ်လို့မှန်းမသိရဘဲနှင့်ဝေးသောဌာန၌နေသောဥာဏ

စာဂိုဏ် ကိုယ်ခန္ဓာမှာ စိတ်ကိုပင် ချုပ်တီးမိမရအောင် ဓါတ်များပေါ်ပါ ပေတော့သည်။ လက်ရုံးတွေ ပြင်းပြင်းထန်ထန်ကြီးလှုပ်လှုပ်မိပြီ။ မျက်လုံး တွေတစတစ်ဖြင့်လှုပ်မိပြီ။ ရင်တွင်းကလဲ ချန်ချန် ရင်တုံတုံနှင့်ပြီ။ စိတ်ထားလဲ ငယ်မိလာ၏။ မျက်ရည်လဲ ကျဆင်းမိလာ၏။ ထိုဓါတ်ပေါ် မှ ပြင်းထန်လှသောကြောင့် မနေ့က စွဲလမ်းတမ်းတ မျှော်လင့်မိ လာသော စာပိုဒ်ကား သတိမှမရတော့ချေ။ ဓါတ်အပေါ် ပြင်းထန် လှသဖြင့် စိတ် ထားငယ်ငယ်နှင့်ပင် စာကို လုံးဝ သတိ မရတော့ဘဲ။ ထိုနေ့ စာဝါ တက်ခြင်း သင်ကြားခြင်းကား ပထမစာဆို ဒုတိယစာဆိုနှင့် ကိစ္စ ပြီးဆုံး သွားရကော့။ မိမိအဘိုးကား ဘာကိုမှသတိမရတော့ပါ။ ထိုအချိန်ကစ၍ ညအထိ။ ဓါတ်ပေါ် ခြင်းနှင့်ပင် ရက်ကုန်ရဘော့။ [ထိုနေ့ စပြီး ဓါတ် ပေါ် သော အချိန်အခါကိုမူကား။ နေ့စဉ် ရက်စဉ် အချိန်နာရီစဉ်နှင့် မှတ်သား ထားမိ၏။သရက်မြို့ဆရာဘုန်းတော်ကြီးထံသို့ စာပေးပြီးမေးမြန်းလျှောက် ထားသောအခါ။ ဆရာဘုန်းတော်ကြီးထံမှ နေ့စဉ် ရက်စဉ် အချိန် စဉ်နှင့်တကွ စာပြန်၍လာသည်ကား။ မင်း၏ဖခင်ကြီးသည်ထိုအချိန်အခါတွင်ကံကုန်၍ သွားပြီဟူ၏။] ပိဘ၏ ဓါတ်သည် သားသို့ထံသို့ ဆက်ကူးတတ်သည် ဆိုသောစကားကို ရှေးက ကြားဘူးရာ။ ယခုမှဘဲ လက်တွေ့ ကြုံရတော့ သည်။ စဉ်းစားဝေဘန်သည်ကား ဓါတ်ဝင် ဓါတ်ကူး ဓါတ်ဆက်ထာ ကား လွန်စွာပင် ဆန်းကြယ်လေစွတကား။ ဗမာပြည်မှာရော ကမ္ဘာပေါ် မှာရော လူတွေ မြောက်မြားစွာရှိပေမဲ့ လွဲချော်၍ မသွားဘဲ။ ဆိုင်ရာသို့ သွားနိုင်ပေ၏တကား။ ဤမျှလောက် ဝေးလန်ပါလျက်နှင့် ဓါတ်လိုက်ပြီး သားရှိရာသို့ ပူးဝင် ကူးဆက်နိုင်စွမ်းရှိပါပေ၏ဟုကား။ သားနှင့်အဖ ကား ဝိုင်ယာကြိုးလဲသွယ်တပ်၍ ထားတာမဟုတ်ပါဘဲလျက် ဆက်သွယ် နိုင်ချေ၏တကား။ (ကမ္မဝိပါကော၊ အစိန္တေယျော) ဘုရားဟောခြင်းကား လွန်မင်းစွာဟုတ်မှန်လေစွတကားဟု ဝေဘန်ကာ မျှားစွာအံ့ဩမိခဲ့လေ သည်။

ထို့နောက်မှ ယခင်စာပိုဒ်ကို အတူတကွစာတက်ကြသော မိတ်ဆွေ မျှားထံမှ ကြားနာမှတ်သားရတော့သည်၊ ကံကိုလက်တွေ့ယုံကြည်ခဲ့ပုံ တည်း။ ၎င်းအကြောင်းကိုနေ့စဉ် ရက်စဉ် လစဉ် အချိန်စဉ် သက္ကရာဇ်ပါ၊ ရေး မှတ်ပြီးထားပါသော်လည်း၊ (၁၅)နှစ်မျှ နိုင်ငံသို့လှည့်ပြီး တရားဟော၍ နေစဉ် ရေးရခြင်းဖြစ်တာမို့ ၎င်းကျောင်းသို့ပြန်လည်ကာ ရောက်တော့

လည်း မှတ်စုစာအုပ်များကိုရှာရာ။ ဝိဇူကတ်တိုက်ခွဲ အစောင့်အရှောက် ကင်းမဲ့နေသဖြင့် စာအုပ်များပျောက်ရှိ၍ မတွေ့ရပါသောကြောင့်။ ချန်စ် သက္ကရာဇ် လရက် အချိန်ကို တိတိကျကျ မရေးရခြင်းဖြစ်ပါသတည်း။

---

## (၂၀၄) ပါရမီကားအမြပြ အဝိဇ္ဇာစသည်ကား အမြဖိတ်၏။

ဇ္ဇာ၊ ဏ္ဍာ၊ ဒိ၊ ဝိ၊ မာ၊ဥပါဒါန်၊ ဒဋ္ဌိ။ ။စိတ်၊ ။ပါရမီ၊ ကု၊ ပြ၊အာကုပြ။ ပါရမီဆိုတာ စိတ်ကောင်းဘို့၊ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့၊ နိုးသည့်အချိန်ကစ၍ အိပ်ပျော်ခါနီးအထိပြု၏။ အိပ်ပြန်တော့လဲ အိပ်မက်ဖြင့် ကုသိုလ် အကုသိုလ်ပြု၏။ စိတ်ဆိုတာ ခန္ဓာပူရတိုင်းပြည်မှာဖြင့် အရေးအကြီးဆုံးဘုရင်တည်း။ ၎င်းစိတ်ဟာ။ မဂ်ဖိုလ်နိဗ္ဗာန်အကောင်းဆုံးကိုပင်၊ လိုချင်၍နေပါသည်။ စိတ်ကို ဘယ်သူများက နှောင့်ရှက်နေလို့ ပါလဲဟု စိစစ်ကော့။ အဝိဇ္ဇာသည် ရိုက်မဲ၏။စိတ်လဲဘဲ ရိုက်မဲရေ၏။ တဏှာသည် လိုချင်၏။စိတ်လဲ လိုချင်၏ ဒိဋ္ဌိသည် မှားပ၏။ စိတ်လဲ မှားပ၏။ဝိစိကိစ္ဆာသည် ယုံမှားပ၏။ စိတ်လဲ ယုံမှားပ၏။ မာနသည်။ အထင်ကြီးပ၏။ စိတ်လဲ အထင်ကြီးပ၏။ ဥပါဒါန်သည်၊ စွဲလန်းပ၏။ စိတ်လဲ စွဲလန်းပ၏။ ဤသို့လျှင် တသံသရာလုံး အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌ ဝိစိကိစ္ဆာ ဥပါဒါန် ယင်း ၆ ပါးတို့က စိတ်မှာ ပူးကပ်ပြီးတော့။ မြောက်ပေး၊ ပင့်ပေး၊ ဆွဲပေး၊ ဖိုးရှိပေးနေကြသဖြင့်။ စိတ်ဟာ ရိုက်မဲ၍နေ၏။ ရိုက်မဲလို့ လိုချင်နေ၏။ ရိုက်မဲလို့ အထင်ကြီး၍နေ၏။ ရိုက်မဲ့လို့ မှားယွင်းချက်ချော်၍နေ၏။ ရိုက်မဲလို့ ယုံမှားကာနေ၏။ ရိုက်မဲလို့ စွဲလန်းကာသာနေ၏။ အဲဒါ စိတ်မဟုတ်ဘူးဗျ။ လူမှာ ဘိလူး ကပ်ထားလို့။စိတ်မှာ စေတသိက်လူဆိုးတွေ ကပ်နေလို့ပါဘဲ။ အဲဒါကို ပင်ရင်းမူလနှင့်တွေ့ရတော့။ လူမှ ဘိလူးကို မောင်းထုတ်ထားလို့။ ခန္ဓာမှ ရောဂါကိုနှင်ထုတ်ထားလို့။ အဝတ်မှ ကြေးညှော်ကို မျှောထုတ်ထားလို့။ စိတ်မှ စေတသိက်လူဆိုးတွေကို မောင်းထုတ်ကြပါကုန်။

ခါတ်ကိုတွေ့ရှာ၊ အဝိဇ္ဇာ၊ ပြေးကာ ထွက်ရသည်။

ခါတ်ကိုရှမှ ထိုခြောက်ဝ၊ မုချ ကင်းတော့သည်။

## (၂၀၅) နှိုင်ပင်မြေကို ဖေါက်ထွက်သေး၏။

ယခုလောက၊ မျက်မြင်ကား နှုးညံ့လှသောမှိုင်ဝံသည် ကြမ်းထမ်းလှသောမြေကြီးကို ဖေါက်၍ ကောင်းကင်၌ ပေါ်ထွက်လာပေသည်။ ယောဂိသည် နှုးညံ့လှသော အသိဓါတ်အပေါ် ဓါတ်တရားဖြင့် ကြမ်းထမ်းလှသော အကုသိုလ်ထုကြီးကို ထိုးဖေါက်၍ ထွက်ပါလော့။ (၂၄ သင်္ချိုကုဒ္ဒေ ၆၀၊ ဗိုလ်ချေတသိန်းကြည့်ပါ။)

---

## (၂၀၆) မျှစ်ပင်၊ မြေကိုဖေါက်၍ထွက်ပေါ်သေး၏။

ယခုလောကမျက်မြင်ကား နှုးညံ့လှသော မျှစ်ပင် ကြမ်းထမ်းလှသော မြေကြီးကို ဖေါက်၍ထွက်ပေါ် လာတုံသေး၏။ ယောဂိကား ဓါတ်ကရား နှုးညံ့စွာဖြင့် အကုသိုလ် ထိုကြမ်းထမ်းလှစွာကို ဖေါက်၍ထွက်ပါလေလော့။ (၂၄ သင်္ချိုကုဒ္ဒေ (၆၀) ဗိုလ်ချေတသိန်းတို့ကား ( ထိုးဖေါက်၍ထွက်မြောက်ကြလေပြီဘကား။)

---

## (၂၀၇) မြစ်ကြီးမြစ်ငယ်ရေ သမုဒ္ဒရာ၌စု

ဓါတ်တရားသည်၊ သဗ္ဗသာဓါရဏတည်း။
သတ္တဝါအားလုံးနှင့်ဆိုင်၍။ အမှားအမှန်မရှိ။
အမှန်တရား သက်သက်ပင်တည်း။

သေယျထာပိနာမ၊ ပဉ္စမဟာနဒီယော၊ သာဂရံဥပဂစ္ဆန္တိ၊ ဇေဝမေဝ ခေါ၊ ပရမတ္ထဓမ္မာ၊ ဓါတုသာဂရံ၊ ဥပဂစ္ဆန္တိ။ ။မိလိန္ဒပညှာ။ ။သေယျထာပိနာမ၊ ဥပမာမည်သည်ကား၊ ပဉ္စမဟာနဒီယော။ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူဟူကုန်သော မြစ်ကြီးငါးသွယ်တို့သည်။ သာဂရံ၊ သမုဒ္ဒရာသို့။ ဥပဂစ္ဆန္တိဟု။ ပေါင်းဆုံ ကပ်ရောက် သက်ဝင်ရကုန်သကဲ့သို့။ ဇေဝမေဝခေါ၊ ဤနည်းအတူသာလျှင်။ ပရမတ္ထဓမ္မာ၊ ခန္ဓာ၊ အာယတန၊ ဓါတ်သစ္စာစသော ပရမတ္ထတရားတို့သည်။ ဓါတုသာဂရံ၊ ဓါတ်တရားဆိုတဲ့၊ သမုဒ္ဒရာကြီးထဲသို့။ ဥပဂစ္ဆန္တိ၊ ကပ်ဝင်သက်ရောက်ရလေကုန်၏။ တရသောနိဗ္ဗာန်ကို တရသော တရားဖြင့်သာ ရောက်နိုင်ပေ၏။ ဇကောဓမ္မောဘိက္ခဝေ၊ ဘာဝိတောဗဟုလီကတော၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ။ ဟူသော ဇကနိပါတ် အဂ်ုတ္တိုရ်

ပါဒ္ဒတော်။ ။ပထဝီခဲ့ပါတုံ့ခေါ်ရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ အဝိဇ္ဇာပဟိယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊ သက္ကာယဒိဋ္ဌိ၊ ပဇဟတိဟူသော ဥပရိပဏ္ဏာသပါဒ္ဒတော်ကြီးတို့နှင့်အညီ။ ဝေနေယျဇ္ဈာသယ အားဖြင့် ဘယ်လောက်ပင် မျှားမျှားကြီးဟောကြားထားစေကာမူ။ကျွတ်ဘို့ လွတ်ဘို့ရန်မှာ တရားတခုပါဘဲ။ အနည်းငယ် ချဲ့ဦးအုံ့။ ။မဟာဗန္ဓုဟောပေါင်း (၇၄၀၀၀)ဟာလဲ ခါတ်တရားပါဘဲ။ ၎င်းကိုချုံးသော် အဂ်ါကိုးတန်ဖြစ်၏။ အဂ်ါကိုးတန်ဟာလဲ ခါတ်တရားပါဘဲ။၎င်းကိုချုံးသော် နိကာယ်ငါးရပ်ဖြစ်လာ၏၊ နိကယ်ငါးရပ်လည်း ခါတ်တရားပါဘဲ။ချုံးပြန်သော် ဝိဒူကတ် ၃ ပုံဖြစ်ပြန်၏။ ဝိဒူကတ် ၃ ပုံဟာလည်း ခါတ်တရားပါဘဲ။ ၎င်းကို အဆိုညွှန်ပြ အနှစ်ထုတ်သော် ဗောဓိပက္ခိယတရား ၃၇ ပါးဖြစ်လာ၏။ တာဟာလဲခါတ်တရားပါဘဲ။ဗောဓိပက္ခိယတရား ၃၇ ပါးကို အဆိုညွှန်ပြ အနှစ်ထုတ်ပြန်သော် ပဋ္ဌာန်း ၂၄ ပစ္စည်းဖြစ်လာ၏။ဒါဟာလဲ ခါတ်တရားပါဘဲ။ ၎င်း ၂၄ ပစ္စည်းကို အဆိုညွှန်အနှစ်ထုတ်ပြန်သော် ပဋိစ္စသမုပ္ပါဒ် ၁၂ ပါးဖြစ်လာ၏။ တာဟာလဲ ခါတ်တရားပါဘဲ။ ၎င်းကိုအဆိုညွှန်ပြ အနှစ်ထုတ်ပြန်သော် မဂ္ဂင် ၈ပါး။ ၎င်းကိုအနှစ်ထုတ်ပြန်သော် ဝိသုဒ္ဓိ ၇ပါး။ ၎င်းကိုအနှစ်ထုတ်ပြန်သော် အာယတန ၁၂ ပါး။ ၎င်းကိုအနှစ်ထုတ်ပြန်သော် ခန္ဓာ၁၈ပါး။၎င်းကိုအနှစ်ထုတ်ပြန်သော် သစ္စာ ၄ပါး။၎င်းကိုအနှစ်ထုတ်ပြန်သော် လက္ခဏာရေး ၃ ပါး။ ၎င်းကိုအနှစ်ထုတ်ပြန်သော် ရုပ်နာမ် ၂ပါးဖြစ်လာ၏။ ၎င်းကိုအဆိုညွှန်အနှစ်ထုတ်ပြန်သော်(အဏ္ဏနော သဘာဝ၊ ခါရေဟိတိခါတု) အရ။ ခါတ်တရားတခုဘဲ ရှိတော့၏။ ဒဲ့ဒါကြောင့် လောကခါတ်ဟုခေါ်ကြရ၏။ လောကဟာ ခါတ်ပါဘဲ။ ခါတ်ဟာလဲလောကပါဘဲ။ ဇကောခမ္မောနှင့်ညီညွတ်၍နေပေ၏။ (ချဲ့လျှင်စက္ကဝါ) (ချုံးပြန်ရာ အပ်နှဖါး) ဟူ၍၊ ရှေးရှေးပေါ်ရှိအာဇာနည်ကြီးတို့ မိန့်ဆိုခဲ့၏။ အတိုချုပ်မှာ။မိုးယမ်း၊ နှင်း၊ စိမ့်၊ စမ်း၊ မြစ်၊ ချောင်းစသည်တို့သည် သမုဒ္ဒရာ၌သာ ရုဝေးရတာလို။ ဘုရား၏တရားတော်အားလုံးသည်၊ ခါတ်တရား၌ ရုဝေး သက်ဝင်နေရတော့၏။

## (၂၀၈) ခါတ်၏တန်ခိုးတော်။

ခါတ်မျိုးဟာ မည်မျှလောက် အစွမ်းသတ္တိ ထက်မျက်စူးရှပါသလဲဆိုသော်။ ၎င်းခါတ်မျိုးဟာ၊ အသား၊ အရေ၊ အကြော၊ အရိုး၊ ရိုးတွင်းချင်ဆီ

များကို ဖေါက်ထွင်း၍ သွားနိုင်၏။ တော၊ တောင်၊ မြင့်မိုရ်တောင်ကြီး များကိုပင် ဖေါက်ထွင်း၍သွားနိုင်၏။သူကို'တွေ့မြင်ရှုစားရသျှင် ပုထုဇဉ် အဝဝမှ ကျွတ်လွတ်ရပြီးတော့ အာရိယာ ဂုစ်မျိုးအထိ။ ရောက်၍ နိဗ္ဗာန်သို့ ကပ်ရောက်စေနိုင်၏။ ဥပမာ။ ဖြွေထိုးတော့၊ မျက်ဗိန္ဒုဝင်းကနဲ လင်းကနဲ ဖြစ်၍၊ ဖြွေထိုရာခြေမှ ခေါင်းငယ်ထိတ်အထိ။ ဖေါက်ထွင်းသွားလာနိုင်ပေ၏။ ခလုပ်ကိုက်သောအခါ တကိုယ်လုံးခေါင်းပါ ရိုက်ကနဲဖြစ်သွားရပေ၏။ရိုးသားများဟက်လာတော့လဲ တိုက်ခတ်ထဲ၊ ချောင်ထဲ၊ ချင်ထောင်ထဲ၊ စောင်ခြုံထဲ၌ ရှိသောလူမမာ၏ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးဟွင်းချင်ဆီများကို ဖေါက်ထွင်း၍ သွားပေ၏။ ရှင့်နက်၏ ဝိရိယဘာနခိုးကြောင့်။ (၇၄၁၀၀) ယူဇနာမြင့်သော မြင့်မိုရ်တောင်ထိပ်က တာဝတိံသာပြည် ပင်လယ် ကသစ်ပင်ရင်း၌ ခင်းထားအပ်သော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်များကို ပုစေ၏။ မာကြောစေ၏။ တုန်လှုပ်စေ၏။ ခါတ်၏တန်ခိုးသွားပင်တည်း။သာမာဝတီမိဖုရားဏ် မေတ္တာခါတ်ကြောင့် မျှားမရှားဘဲ ပြန်သွားရ၏။ခြဲသော်၏မေတ္တာခါတ်ကြောင့် သားဖြစ်သူ သိဟာဗါဟု လွတ်လိုက်သောမျှားသည် မှန်သော်လည်းမရှားဘဲ ကျရ၏။ မာဃလုင် ၃၃ ယောက်တို့၏ မေတ္တာခါတ်ကြောင့် ဆင်ဖြင့်နင်း၍သတ်စေရာ ဆင်မနင်းဝံ့ဘဲ ပြေးရှောင်ရ၏။ နွားမကြီးသည် နွားငယ်ကို နို့တိုက်ရင်း မေတ္တာ သက်ဝင်၍ နေပေရာ။ မုဆိုး လွတ်လိုက်သော မျှားသည် မရှားဝင်ဘဲကျရ၏။ သိရိမာက ဆိပ်ရှရည်ဖြင့် မယ်ဥတ္တရာအားသွန်းလောင်းရာ။ မေတ္တာခါတ်ကြောင့် မပျက်ဘဲ ဇျမ်းရ၏။ဒေဝဒတ်သည် ဘုရားသခင်အား နာဠာဂိရိဆင်ကိုအရက်တိုက်ပြီး နင်းစေရာ။ မေတ္တာခါတ်ကြောင့် အမှုးပြေပြီး ဦးတိုက်ရပေ၏။ ကုသိနာရုံပြည် မင်းသားရောဇသည် ဘုရားကို မကြည်ညိုပေ။မေတ္တာခါတ်ကြောင့်အတိုင်းထက်အလွန်ကြည်ညိုရပေ၏။ စပါးကြီးမြွေအညို ခံရသော နွားရှင်ကဦးသည် မေတ္တာခါတ်ကြောင့်။မြွေဘေးမှလွတ်မြောက်ရလေသည်။အမေရိကန်ပြည် အင်္ဂလန်ပြည်တို့မှလွတ်လိုက်သော အသံခါတ်သည်။ ဗမာပြည်ရှိ ရေဒီယိုဌ် အသံထွက်လျက်နေပေ၏။ ကျာပန်ပြည် ကျာမနီပြည်၌ ပြောလိုက်သောဝိုင်ယာလက်သည် ဗမာပြည်၌ အသံမြဲ၍နေပေ၏။ ဂရိတ်ဦးဘိုးစိန်ကြီးသည် လွမ်းသံ ဆွေးသံဖြင့် ငိုခြင်းချ၍ကပြ၏။ ပွဲကြည့်ကြသူတို့၏ ခန္ဓာကိုယ်၌ ကဖြန်းဖြန်းနှင့် ကြက်သည်းများထ၍ ခါတ်ပေါ်ပြီး ပျက်အနိုင်ကို ပြလျက်နေပေ၏။ အဲဒါကို

ခါတ်ခွဲကြည့်တော့ (၁) အသံက သဒ္ဒဆိုတဲ့ ရုပ်တရားပါဘဲ။ (၂) ကြားကာက သောတ ဝိညာဉ်ဆိုတဲ့ နာမ်တရားပါဘဲ။(၃) ကြားတော့ အနှသယစိုက်မိ၍ နှစ်သက်ထောက ဒီတိပါဘဲ။ (၄) ၎င်းဒီတိကြောင့် တဖြန်းဖြန်းထနေတာက ပရိယုဋ္ဌာန်ကိလေသာနှင့် ခါတ်ပေါ်တာ ကလာပ်ပေါ်နေတာပါဘဲ။ (၅) ဖြန်းဖြန်းနှင့် ပျက်ပျက်နေတာက အနိစ္စပါဘဲ။ (၆) ဖြန်းဖြန်းနှင့် သေသေနေတာက ခါတ်၏မရဏ ဒုက္ခပါဘဲ။ (၇) ဖြန်းဖြန်းနှင့်နေလို့ တားမရ ဆီးမရ အလိုမလိုက် အကြိုက်မပါတာက အနတ္တပါဘဲ။အဲဒါ ခါတ်တခုပေါ်ရုံနှင့် ပစ္စည်းဆက်ပြီး အဆင့်တန်း တိုးတက်၍ ဝိပဿနာဉာဏ်များ တဖွါးဖွါးပေါ်ပုံပါဘဲ။

## (၂၀၉) လက်ရှိခါတ်နှင့်ကံခါတ်လိုက်ပုံ။

ဥပမာ။ လူတယောက်ကို ချိန်၍ကြည့်တော့ ပေါင်နှစ်ရာ ကိုက်နေ၏။ ထိုလူမှာ ပထဝီခါတ်က ပေါင် ၅၀။ အာပေါခါတ်က ပေါင် ၅၀။ တေဇောခါတ်က ပေါင် ၅၀။ ဝါယောခါတ်က ပေါင် ၅၀ စီ ပေါ် စရာ အကြောင်းရှိ၏။ ယခုတရားကိုအားထုတ်တော့ ပေါင် ၅၀ စီအထိ မပေါ်ဘဲ။ သံပုရာသီးပမာဏလောက် ဂြောက်သီးပမာဏလောက် ခေါင်းပမာဏလောက်သာ ခါတ်ပေါ်၍ နေခြင်းသည် လက်ရှိ ခါတ်ကြီး ၄ ပါးမဟုတ်။ကမ္မဇ ခါတ်သာဟု မြဲမြဲစွဲစွဲကြီး ယူဆနိုင်တော့၏။ တကြောင်းကား။ အားမထုတ်ဖို့က ပေါ် နေလျှင် လက်ရှိခါတ်များ ပေါ်တာဘဲဟု ဆုံးဖြတ်ရန် အကြောင်းရှိ၏။ အားထုတ်ပြီး၍ ရပ်နားမှ ခါတ်ပေါ် နေပြန်လျှင်လည်း။ လက်ရှိခါတ်များ ပေါ် ၍နေတာဘဲဟုယူဆရန် အကြောင်းဖြစ်တော့၏။ယခုမှာ အားထုတ်သော ကုသိုလ်ကံ ရှိတုံးဌာသာ ခါတ်ပေါ်၍ရှေးရှေးကလည်းကြိုး၍မပေါ် ။ ပြီးတော့လည်း ခါတ်မပေါ်ဘဲအားထုတ်ခိုက်မှ ပေါ် ခြင်းသည်။ အားထုတ်သော ကုသိုလ်ကံနှင့် ရှေးအတိတ်ကပါရမီကုသိုလ်ကံများ ပေါင်းစုဆုံစည်းမှသာ ကမ္မဇခါတ်ပေါ် ခြင်းဖြစ်၏ဟု ဆုံးဖြတ်နိုင်လေသည်။ ဥပမာ၊ လက်ဝှေ့ပြ၍ ရှင်းဦးအုံ့။

## (၂၁၀) ခါတ်မီးလုံးဖန်သီး ဥပမာ။

တမြှိုလုံး တလမ်းလုံးဌ စံနှစ်တက္ကတက်ဆင်၍ထားသောခါတ်မီးဖန်သီးတို့ကို သတိထား၍ ကြည့်ကြပါစို့ရဲ့။ ၎င်းဖန်သီးလုံး အတွင်းတိုင်းဌ

ခါတ် ၄ ပါးရှိ၍နေပေ၏။ မလင်းသေးပါ။ နိုင်နမိမှ အားပေးလိုက်သော ခါတ်တရားများသည် ဝိုင်ယာကြီးသို့ အစဉ်တစုက် ခါတ်အရှိန်လျှောက်၍ ဖန်သီးအတွင်းသို့ ဝင်ပြီးလျှင်။ ဖန်သီးရှိ ခါတ်ဟောင်းနှင့် နိုင်နမိက ရှိလိုက်သော ခါတ်သစ်တို့ ပေါင်းဆုံမိမှ အလင်းခါတ်များ ကြီးကြီး ငယ်ငယ် ရွယ်ရွယ် လတ်လတ် ပေါ် ပေါက်၍ လာရလေသည်၊ ဤကား၊ လူတိုင်း-လူတိုင်း ကြုံတွေ့ရသော လက်တွေ့ ဥပမာ စကားရပ်ပင်တည်း။

## (၂၁၁) သေတ္တာ၂ခွက်ရေအတွင်းမီးခါတ်ဝင်ပုံ။

ဥပမာ။ သေတ္တာ၂ခွက်၌ ရေထဲ့ပြီးကြည့်သော် ရုပ်ပုနဿဘော၊ ဝိပရိဘာဝမသဘော၊ ဖေါက်ပြန်မှု ပျက်စီးမှု မမြဲမှု စသည်တို့ကို မမြင်ရချေ။ (ဝိရောဓိပစ္စယေဟိသမဝါယေ)ဟူသောပါဠိအရ ဆန့်ကျင်ဘက် ဝိရောဓိ မီးခါတ်ဖြင့် သေတ္တာ၂ခွက်အောက်က မီးထဲ့၍ပေးသည်ရှိသော် ၎င်းမီးရှိန် မီးခါတ်များ ခွက်ကိုဝင်း။ ရေကိုဝင်း။ လောင်ဟြိုက်၍ အနေ့တလူလူနှင့် ဆူဆူ ပွက်ပွက် အနီစွဲအချက် ရုပ်ပုနအချက် ကွက်ကွက် ကွင်းကွင်း ထင်ထင်လင်းလင်းကြီး ပေါ်ထွက်၍ပြီမည်။အခိုးတည်းဟူသော ကလာပ်ရုပ်များလည်း အကာသခြားလျက် ပေါ်ထွက်၍ပျံ့လိမ့်မည်။ စမ်းသပ်၍ ကြည့်ကြပါကုန်။ဤကား ရေခါတ် အတွင်းသို့ မီးခါတ် ဝင်သဖြင့် ဖေါက်ပြန်ရပုံတည်း။

## (၂၁၂) မှော်နှင့်အရိပ် ကာယပသာဒနှင့်ပါရမီကံ။

မှော်ရှိသျှင် အရိပ်ထင်လာရ၏။ မှုံလျှင် မှုံမှုံပင်ထင်၏။ ကြည်လျှင် ကြည်ကြည် လင်လင်ထင်လာရ၏။ရှိုးပြီးသော တိုက်ကာ တောတောင် သစ်ပင်တို့ကား တဲ့ရာမှော်၌ သဘောအတိုင်း အရိပ်ထင်လာရသည်။ မှော်ကား ပသာဒနှင့်တူ၏။ မှုံမှုံကြေးညှော်တို့ကား ကိုလေသာနှင့်တူ၏။ ပွတ်ကိုက်ခြင်းကား ဝိပဿနာ အားထုတ်ထားနှင့်တူ၏။ ကြည်လင်ခြင်းကား ကိုလေသာစင်ကြယ်ခြင်းနှင့်တူ၏။ အရိပ်ထင်ခြင်းကား ခါတ် ပေါ် ကလာပ်ပေါ် ဥာဏ်ပေါ် မဂ်ဖိုလ်ပေါ်တာနှင့်တူ၏။အတိတ်ရှေးရှေး ဘဝတွေက ပထဝီနှင့် ပါရမီဖြည့်၍လာခဲ့လျှင် ပထဝီခါတ်ပင် ပေါ်လိမ့်မည်။ အာဃပါခါတ်နှင့် ဖြည့်ခဲ့လျှင် အာဃပါပင်ပေါ်မည်။ တေဇောနှင့်

ဖြည့်ခဲ့လျှင် တေဇောပင်။ ဝါယောနှင့် ဖြည့်ခဲ့လျှင် ဝါယောပင်။ အနိစ္စ ဒုက္ခ အနတ္တဥာဏ်၌လည်း ပါရမီဖြည့်ခဲ့သည့်အတိုင်း ကြေကြေနပ်နပ်နှင့် တွေ့ရမည်။ အဗျာပါရ အနတ္တ ဇဝံမမ္မတာအတိုင်းပင်တည်း။

## (၂၁၃) ဖွတ်သတ္တဝါလည်း ခါတ်သဘောသိကြ၏။

ဖွတ်ဆိုသော သတ္တဝါများသည် ရေငယ်မည်မှန်လျှင် ချတောင်ပို့ အောက်၌ ဥချ၏။ ရေလတ်မည်မှန်လျှင် ချတောင်ပို့ဝယ် ချမင်းနေရာနှင့် ကည့်တည့်၌ ဥချ၏။ ရေကြီးမည်မှန်လျှင် ချမင်းအပေါ်တောင်ပို့၌ ဥချ၏။

ခါတ်သဘော သိသော သတ္တဝါများ။

ဗျိုင်း လင်းဝက်ခေါ်သော ဌက်တမျိုးသည် ခါတ်သဘောကိုသိ၏။ သိပုံကား သူအောက်လျှင် ဗိုဃ်းကုန်၏။ စာဘိလူး ခေါ်သော ဌက်တမျိုး သည်လည်း သူအောက်လျှင် ဗိုဃ်းကုန်၏။ ခါတ်သဘောသိလို့ အောက်ခြင်း ဖြစ်၏။

## (၂၁၄) ဖွတ်၌ခါတ်ကူးဆက်၍ပေါ်ပုံ။

ဤနှစ်၌ ဖွါးသော ဖွတ်ကိုကြည့်လျှင် မိုဃ်းဦး မိုဃ်းလယ် မိုဃ်းနှောင်း ကောင်းမည် မကောင်းမည်ကို သိရပုံကား ဖွတ်၏အမြီး၌ အတန့်ကြီး သုံးတန့်ရှိ၏။ ဥပမာ စိမ်းညိုတန့် အဝိုင်းဝါတန့် အဝါတန့်ဟူ၍ ၃ မျိုး ရှိတတ်လေသည်။ စိမ်းညိုတန့်က ပဌမဦးစွာ ရှိနေလျှင် မိုဃ်းဦးကောင်း မည်။ ၎င်းအတန့် အလယ်၌ရှိနေလျှင်မိုဃ်းလယ်ကောင်းမည်။ ၎င်းအတန့် အဆုံး၌ရှိနေလျှင် မိုဃ်းနှောင်း ကောင်းမည်ဟုသိရ၏။ စိမ်းဝါတန့် ဦးစွာ ရှိနေလျှင် မိုဃ်းဦး တော်ရုံ ရှိမည်။ သင့်မည်။ အလယ်၌ ရှိနေလျှင် မိုဃ်းလယ်သင့်မည်။ အဆုံး၌ရှိနေလျှင် မိုဃ်းနှောင်းသင့်မည်ဟု သိရ၏။ အဝါတန့် ဦးစွာရှိနေလျှင် မိုဃ်းဦးခေါင်မည်။ အဝါတန့်အလယ်၌ရှိနေ လျှင် မိုဃ်းလယ်ခေါင်မည်။ အဝါတန့် အဆုံး၌ရှိနေလျှင် မိုဃ်းနှောင်း ခေါင်မည်ဟု သိရ၏။ ခါတ်ဆက်ပုံတည်း။

## (၂၁၅) ခါတ်ကူးခါတ်ဆက်ပုံကား။

ဒီးပုံကြီးနှင့်တလန်အကွာ၌ နေ၍ကြည့်ပါလျှင် ပူပူရှိန်ရှိန်နှင့်ခါတ်ကူး ခါတ်ဆက်ပုံ ကိုယ်တွေ့သိရမည်။ ရေစည်ကြီးနှင့်တလန်အကွာ၌နေ၍

ကြည့်ပါလျှင် ဇေမြေမြ ခါတ်ကူးခါတ်ဆက်ပုံကို လက်တွေ့သိရမည်။ လူတယောက်သည် ပြုံးပြုံးရွှင်ရွှင်နှင့်ပြောဆိုနေခိုက်၌ ရန်သူဝင်၍လာတာကိုမြင်ရုံနှင့် ဒေါသခါတ်ပူးဝင်ပြီး။ မျက်နှာ တင်းမာလျက် မျက်နှာ၌ မဲပုတ်လျက်၊ ကတုံ့ကရင်နှင့် ရုပ်အမူအရာ ပေါက်ပြန်ပုံကိုသိရ မြင်ရတွေ့ရပေသည်။ရောဂါရှိ၍နေတုံး ဗြုံးကနဲ ညှောင်ခါတ်ဝင်တာနှင့် တောင့်တင်း ထိုင်းမှိုင်းတွေဝေလျက်၊ တက်လိုတက်။ ဖြိုးဖြိုးဖြင်းဖြင်း။ ပေါက်ပြန်၍နေတာကို လူအများပင် သိရှိကြရလေသည်။ လက်တွေ့သဘောပင် တည်း။

## (၂၁၆) ကမ္ဘာမီးခါတ်ဝင်၊ ဆဲ့လေးဘုံပျက်။

အဝိညာဏက ကမ္ဘာကြီးအတွင်းသို့ နေ ၇ စင်းဆိုတဲ့ မီးတောခါတ်ဝင်သော်။ ကမ္ဘာကြီးကိုမီးလောင်၍ အဟောင်းပျက်ပြီး အသစ်ပေါ်ရသည်။ ကမ္ဘာဟောင်းပျောက်ကွယ်တော့။ အပါယ် ၄ ဘုံ၊ ကာမသုဂတိ ၇ ဘုံ။ ပဌမဈာန်ပြည်ဗဟ္မာ ၃ ဘုံအားဖြင့် ၁၄ ဘုံ ပျောက်ပျက်၍ ကမ္ဘာသစ်ကြီးပေါ်ပေါက်လာရတာလို့ ထို့အတူပင် ကရားကိုအားထုတ်တော့။ ခန္ဓာမှ တောဇောခါတ် ပေါ်၏။ ခါတ်ပေါ် လို့ပင် ပုထုဇဉ်ကမ္ဘာကြီးပျောက်ပြီး။ ဒဿနအရိယာဆိုတဲ့ အရိယာကမ္ဘာသစ်ကြီးပေါ်လာရတော့၏။ အရိယာကမ္ဘာသစ်ကြီး၌ နေထိုင်သောသူတို့အား ၆၇ ဆင့်သောစည်းစိမ်ချမ်းသာ မင်္ဂလာဂုဏ်သိရှိတို့သည်။ တရှိန်တည်းတိုးတက်၍ တသံသရာလုံး ဖြေချမ်းသာရတော့၏။

## (၂၁၇) ကမ္ဘာရေခါတ်ဝင်၊ ဆဲ့ခုနှစ်ဘုံပျက်။

အဝိညာဏက ကမ္ဘာကြီးအတွင်းသို့ ကမ္ဘာပျက်သောရေခါတ်များ ဝင်၍လာခဲ့သော်။ ကမ္ဘာကြီးကိုရေလောင်၍ အဟောင်းပျက်ပြီး အသစ်ပေါ်ရလည်း။ ကမ္ဘာဟောင်းပျောက်ကွယ်တော့။ အပါယ် ၄ ဘုံ၊ ကာမသုဂတိ ၇ ဘုံ၊ ပဌမဈာန်ပြည်ဗဟ္မာ ၃ ဘုံ၊ ဒုတိယဈာန်ပြည်ဗဟ္မာ ၃ ဘုံအားဖြင့် ၁၇ ဘုံ ပျောက်ပျက်၍။ ကမ္ဘာအသစ်ကြီး ပေါ်ပေါက်လာရတာလို့။ ထို့အတူပင် တရားကိုအားထုတ်တော့။ ခန္ဓာမှ အာဝေါဇေါတ်ပေါ်၏။ ခါတ်ပေါ် လို့ပင်၊ ပုထုဇဉ်ကမ္ဘာကြီးပျောက်ပြီး ဒဿနအရိယာဆိုတဲ့ အရိ

ယာကမ္ဘာကြီးပေါ်လာရတော့။ အရိယာကမ္ဘာသစ်ကြီးခို နေထိုင်သော သူတို့အားလုံး ၆၇ ဆင့်သော စည်းစိမ်ချမ်းသာ မင်္ဂလာ ဂုဏ်သိရှိတို့သည်။ တရိန်တည်းတိုးတက်၍ တသံသရာလုံး ဖြေချမ်းသောတော့၏။

## (၂၁၈) ကမ္ဘာလေခါတ်ဝင်၊ ၂၀ ဘုံပျက်။

အဝိညာဏက ကမ္ဘာကြီးအတွင်းသို့ ကမ္ဘာကိုပျက်သော လေခါတ် မျှားဝင်၍လာခဲ့သော်။ ကမ္ဘာကြီးကို လေခါတ်ကပျက်ဆီးပစ်သဖြင့်။ အဟောင်းပျက်ပြီး။ အသစ်ပေါ်ရသည်။ကမ္ဘာဟောင်းကြီးပျောက်ကွယ်တော့။အပါယ် ၎ဘုံ ကာမသုဂတိ ၇ ဘုံ၊ ပဌမဈာန်ဗြဟ္မာ ၃ ဘုံ၊ ဒုတိယဈာန်ဗြဟ္မာ ၃ ဘုံ၊ တတိယဈာန်ဗြဟ္မာ ၃ ဘုံအား ဖြင့် ဘုံပေါင်း ၂၀ တိတိ ပျက်ရတာလို။ ထို့အဟု တရားဂုဏ်အားထုတ်တော့ ခန္ဓာမှ ဝါယောလေခါတ်ပေါ်၏။ ခါတ်ပေါ်လို့ပင် ပုထုဇဉ်ကမ္ဘာကြီးပျောက်ပုံကို ဗြီး ဒဿနအရိယာဆိုတဲ့ အရိယာကမ္ဘာသစ်ကြီး ပေါ်လာရတော့၏။ အရိယာကမ္ဘာသစ်ကြီးခို နေထိုင်ကြကုန်သောသူတို့သည် ၆၇ ဆင့်ရှိကြကုန်၏။

## (၂၁၉) ရှေရည်စိမ် ဌေရည်စိမ်။

ကြေးကြိုး ကြေးချောင်း စသည်ကို ကြွေခွက်ခွဲထဲ၌ ရှေကိုပါထဲ၌ ပေါ်တက် စသောဆေးကိုထဲ့ပြီးလျှင်၊ ဖိုင်ယာကြိုး ၂ ချောင်းထဲ့လျှင် ရှေ့ ရည်ခါတ်တို့သည် ဖိုင်ယာသို့ ခါတ်လို ကပ်ခါတ်ကူးပြီးလျှင်။ ကြေးကြိုး၊ ကြေးချောင်းသို့ ဆက်လက်၍ ခါတ်လိုက်၏။ အတော်ကြာလျှင်၊ ရှေကြိုး ရှေချောင်းဖြစ်ရတော့၏။

## (၂၂၀) နေ-မှော်-ဝါဂွမ်း၊ ပြာကျရပုံ။

နေသည်ကောင်းကင်၌ ယူဇနာပေါင်း (၄၂၀၀၀) မှာရှိနေ၏။ နေမှ ခါတ်အရှိန်သင်္ဘောကို မှော်ဘီလူးဖြင့်ကူးယူ၏။ ကူးယူခါတ်ဆက်ပြီးလျှင် ဝါဂွမ်းပေါ်တည့်တည့်သို့နေရောင်ကိုကျစေ၏။ အရောင်ပြန့်လျှက်နေလျှင် တဖြေးဖြေးစုစုပေး၏။ နေရောင်သည် ဝါဂွမ်းပေါ်၌စုစုနေ၍သန်းခေါင်းလောက်ရှိသောအခါ။ ဝါဂွမ်းမှ၊ အခိုးတလူလူထ၍ ပြာကျ၏။ ခါတ်ပေါ်လို့ မင်ဖုလ် နိဗ္ဗာန်ရပုံကိုသဘောပေါက်ပါစေ။

## (၂၂၁) ဝိန္ဓိစေ့ ပြာအုံးခါတ်ဝင်၊ သံသရာပြတ်။

ဝိန္ဓိစေ့သည် သူကိုအားပေးတတ်သော မြေခါတ်၊ ရေခါတ်၊ လေခါတ် ဒီးခါတ်ဟူသော အကျအညီ ဥပထမ္ဘက၊ ပထဝီရသ၊ အာပေါရသ၊ တေဇောရသ ဝါယောရသ၊ အဆီအနှေးကိုရရှိခဲ့သော်။ အညွှန့်ပေါက် အမြစ်ထွက်၍ ဝိန္ဓိပင်ဖြစ်လောက်အောင် အင်္ဂါစုံစုံလင်လင်နှင့် ဝိန္ဓိပင်သံသရာကြီး၊ တပင်အစေ့မှ အပင်ပေါင်း ထောင်သောင်း ၎င်းမှ အပင်ပေါင်း ကုဋေ ကုဋာ စသည်ဖြင့် ပြန့်ပွါး စည်ကားသွားမည်ဖြစ်၏။ သို့ပင် ပွါးပြောက်နိုင်သောသတ္တိတန်ခိုး အာနုဘော် အရှိန်အစော်ရှိ၍နေစေကာမူ။ မပြန့်ပွါးရသေးမီ ၎င်းဝိန္ဓိစေ့ကိုပြာဟူ၍ဝှေ့ဝှေ့၍ ဒီးအုံးသော်။ 'ဒီးခါတ်သည်။ ဝိန္ဓိစေ့ထဲသို့ဝင်ပြီ။ အညွှန့်ခါတ်၊ အမြစ်ခါတ်၊ အရွက်ခါတ်စသော တရာမကဖြစ်နိုင်သော ခါတ်များကိုသတ်ဖြတ် ဖိစီး နှိပ်စက်ပြီးကော့။ ၎င်းဝိန္ဓိစေ့ မျိုးစေ့ကို၊ သံသရာပြတ်စေတော့၏။ တိုတောင်းစေတော့၏။ ဝိန္ဓိစေ့ကား။ ယောဂီနှင့်တူ၏။ ခါတ်ကား အနုသယ ၇ပါးနှင့်တူ၏။ ပြာဟူကား။ ဝိပဿနာနှင့်တူ၏။ ပြာဟူထဲ ထဲ့ခြင်းကား အားထုတ်သည်နှင့်တူ၏။ အညွှန့် အကြွေး အကြောင့် အမြစ် အရွက် စသည်တို့ပျက်ခြင်းကား။ သံသရာပြတ်သည်နှင့်တူလတ္တံ့။ ဝိန္ဓိစေ့ထဲသို့ အပူခါတ်ဝင်၍ပြတ်ပုံကဲ့သို့ ခါတ်ဝင်၍ ပြတ်ပုံတည်း။

---

## (၂၂၂) ဝိန္ဓိပင်အရိုးထဲ့ သံသရာပြတ်။

တချိန်ထည်းဖြင့် တွင်း ၃ တွင်း၌ ဝိန္ဓိ ၃ စေ့ကိုစိုက်။ အပင်ပေါက်ဆယ် နှစ်ခန့်ကြာအောင်ထားပါ။ ၃ ပင်တွင် အလည်တည့်တည့်က တပင်၌ လွန်ဖြင့်လွန်၍ လွန်ပေါက်ထဲသို့ မဆ္ဆကဏ္ဍကမည်သော ငါးရိုးကိုထဲ့လေ။ ထဲ့ပြီးဟော့၊ ပြန်၍ပိတ်ပါလေ။ အရိုးခါတ်သည်။ ထဲ့ထားတဲ့နေရာ၌ နေ ခြောက်သော်လည်း အရိုးမှခါတ်ဇွေတို့သည်ကား၊ တပင်လုံးကိုခြုံ၍ အင်္ဂါစုံကို ပြန့်နှံ့စေ၍ တည့်တော့အုံ့။ ထွင်းသူထဲမှတပါး အခြားသောသူတို့သည်ကား၊ ဝိန္ဓိ ၃ ပင်၏ခြားနားပုံကိုမသိဘဲ။ အတူဘူဘဲဟူ၍ သင်မှား မြင်မှားအယူမှားကြကုန်လတ္တံ့။ ထွင်းသူ ထဲ့သူကား၊ ခါတ်ပေါ် သောသူကဲ့သို့။ သံသရာပြတ်ထားကိုသိရ၏။ အလယ်ပင်သည် ဘေးကအပင် တွေနှင့်မတူတော့ဘဲ။ သူမျှားပွင့်လျှင်သူမှာမပွင့် သံသရာပြတ်၏။ သူမျှား

သိုးလျှင်၊ မသိုးဘဲသံသရာပြုတ်၏။ ထို့အတူ၊ နွားသံသရာပြုတ်၊ ရင့်ရင့်သံသရာပြုတ်၊ ဆူးသံသရာ၊ ကြွက်သားသံသရာ၊ အိမ်သံသရာ၊ အစေ့သံသရာ၊ အနုံသံသရာ၊ အရသာသံသရာ၊ အမွှဲသံသရာ၊ စသည်ဆိုင်ရာ အားလုံးပြုတ်၏။ ဘေး ၂ ပင်ကား အန္တိုရယ်မတွေ့လျှင်။ ၎င်းကပေါက်ပွါး လာတာတွေ့ဟာ မြေပြင်မဆန့်အောင် သံသရာ ချဲ့ခုံးတော့မည်။ အလယ်က အပင်သာ ဓါတ်ဝင်၍ သံသရာပြုတ်တော့၏။ ပိန္ဓပင်ကား ယောဂိနှင့်တူ၏။ ထွင်းခြင်းကား၊ ဝိပဿနာ အားထုတ်ထာနှင့် တူ၏။ အရိုးထဲ့ခြင်းကား၊ ဓါတ်ပေါ် ကာနှင့်တူ၏။ ပိတ်ခြင်းကား၊ သမထနှင့်တူ၏။ အဋ္ဌေဓါတ်တွေ တပင်လုံးပြန့်နှံ့ခြင်းကား ဝိပဿနာဉာဏ်ဆယ်ပါး ရောက်ထာနှင့်တူ၏။ အပွင့် အသီး နွေ ရင့်ရင့် ဆူး ကြွက်သား အိမ်တည် မျိုးစေ့အနုံ၊ အရသာ၊ အမွှဲစသည်တို့ပြုတ်စဲခြင်းကား ယောဂိဌ္ဌ အပါယ်သံသရာ၊ ဆင်းရဲသံသရာ၊အကုသိုလ်၊ ကိလေသာဝိပါက်စသော သံသရာ အဆက်ဆက်ပြုတ်တောက်သွားသည်နှင့်တူလှပေ၏။

## (၂၂၃) ဓါတ်ဝင်၍ဗောဓိပင်တန်ခိုးပြုပုံ။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ပရိနိဗ္ဗာန်စံခါနီးဌ။ စိတ်ဖြင့် အဓိဋ္ဌာန်ပြုတော်မူ၍သွားလေသည်။ ဝါဘုရားပရိနိဗ္ဗာန်စံပြီးသည်နောက် အနှစ်ပေါင်း ၂၂၇ နှစ်အလွန်တွင်၊ သိရိဓမ္မာသောကမင်းသည်။သာသနာ ကိုးတိုင်းကိုးဌာနလွှတ်၍ သာသနာကျယ်ဝန်းအောင်ပြုပေအုံ့၊ သိဟိုဠ် ကျွန်းအတွက်ဗောဓိပင်မှ တောင်အကိုင်းလွှဲခေါ်တဲ့ (ဒက္ခိဏသာခါ) မဟာဗောဓိပင်ကို ဆေးဒန်းမြင်းသိလာဖြင့် ရေးသားလျက်၊ ဓိဋ္ဌာန်၍ဖြတ်လတံ့၊ မဖြတ်မီ။ ဤပုံဖြင့်၊ ဤလိုတန်ခိုးပြစေဟု ဓိဋ္ဌာန်တော်မူခဲ့၏။ ဤဓိဋ္ဌာန်တော်မူချက်သည်။ စိတ်နာဝ်ဖြစ်ပါလျက်၊ ၎င်းစိတ်နာဝ်မျှားချုပ်ဆုံးကွယ်ပျောက်၍။ သွားသော်လည်း၊ ဓိဋ္ဌာန်ချက်၊ ဓါတ်အဟုန်ကား မကုန်ရ၊ မခမ်းရ၊ မချုပ်ရ၊ မငြိမ်းရသေးဘဲ ကိစ္စပြုပြီးမှ သူ့အလိုလိုအနုတ္တရအနေဖြင့်ချုပ်ငြိမ်းသွားလေသည်။ သိရိဓမ္မာသောကမင်း၏ လက်ထက်သို့ရောက်သောအခါ၊ သာသနာတော် ကိုးတိုင်းကိုးဌာနလွှတ်ပြီး၍ ၎င်းမင်း၏ သားတော်ဖြစ်သော ရဟန္တာကြီး အရှင်မဟာမဟိန္ဒက အမတ်တယောက်ကိုလွှတ်၍၊ နှစ်မတော်ဖြစ်သော ရဟန္တာမ သင်္ဃမိတ္တာသည်၊ ဗောဓိပင် ဒက္ခိဏသာခါကိုပင့်၍၊ သိဟိုဠ်ကျွန်းသို့သာသနာပြုရန်

လာစေသကဲ့သို့ တမန်တော်လွှတ်လိုက်၏။ သိရိဓမ္မာသောကမင်းကြီး သံဃာ့ထံသို့တမန်တော်ရောက်လျှင် မှူးတော်မတ်တော် ရဟန္တာ သံဃာတော် သိန်းပေါင်းများစွာနှင့်တကွ။ မဟာဗောဓိသို့စစ်အင်္ဂါ ၄ ပါးပါ၍ သွားရောက်ကြကုန်၏။ မဟာဗောဓိသို့ရောက်လျှင် မြတ်စွာဘုရားအလိုတော် ရှိသော အကိုင်းသည်။ တန်ခိုးပြဟော်မူပါဘုရားဟု ဓိဋ္ဌာန်ပြန်၏။ ဓိဋ္ဌာန်သည့်နှင့်တပြိုင်နက်၊ ဗောဓိပင်မှရောင်ခြည်တော် ၆ သွယ်တို့သည် ကောင်းကင်မဆန့် ပြန့်နှံ့၍သွားကြကုန်၏။ အရိယာသံဃာ သမုတိသံဃာ မင်းဒိုးရာဇာ မှူးမတ်သေနာပတိ သူကြွေးသူကြွယ် ကုန်သွယ်လယ်လုပ်စသော လူများနှင့်တကွ။ နဂါး၊ ဂန္ဓုန်၊ ကုမ္ဘာဏ်၊ ရက္ခ၊ ဂန္ဓဗ္ဗနှင့်။ ခြောက်ဝန်တော်များ ဗြဟ္မာများတို့ပါ အုံ့ညြောတွယ်ကြိုးကို မှုးမြင်ရကုန်၏။ သိရိဓမ္မာသောကမင်းတရားမှကား။ ပုဆုဇဉ်ပင်ဖြစ်သော်လည်း။ ဗောဓိပင် ၃ တန်ခိုးပြာဋိဟာကိုမှုးမြင်ရလျှင် ဘုရားဦးခိုင်း။ သံဃာတော်ဦးခိုင်း။ ယုံမှားခြင်းကင်းရှင်း၍ သွားလေ၏။ ပုဆုဇဉ်တို့၏ အတန်းက ပညတ်လမ်းဖြင့် ယုံမှားခြင်းကင်းပုံကဲ့သို့။ တဖန်ရောင်ခြည်တော်တို့သည် တဖြေးဖြေးပြန်စုလာပြီး။ ဖြတ်ရမည့်ဒဏ္ဍိကာသာခါ တောင်အကိုင်းမျှသာ ထင်စေ၍ တပင်လုံး၊ ကွယ်ပျောက်ပြီတော်မူပြန်၏။ (ပြသောနေရာကဖြတ်၍ တောင်ကိုင်းကို ဘီဟိုဠ်ကျွန်းသို့ပို့ရမည်ဟု) နားလည်ကြ၏။ တဖန် ဖြတ်ရမည့်ခေါင်ကိုင်းပျောက်ပြီး။ ကျွန်ဗောဓိပင်ပေါ်လာပြန်၏။ တဖန်၊ ဗောဓိပင်ကြီး ပျောက်သွားပြီး ဖြတ်ရမည့်နေရာကစ၍ ဒဏ္ဍိကာသာခါ သာပေါ်နေပြန်၏။ ဒီတော့မှ ဖြတ်ရမည့်နေရာ၌ ဆေးဒန်းမြင်းသိလာဖြင့် ရေးချစ်မှတ်သားပြီး ဓိဋ္ဌာန်လေ၏။ ဓိဋ္ဌာန်သည့်နှင့်တပြိုင်နက် ဒဏ္ဍိကာသာခါ၊ ဗောဓိသည် ပြတ်ပြီး ရောင်ခြည်တော်လွှတ်၍ ကောင်းကင်တိမ်တိုက်၌ ၇ ရက်လုံး ကွယ်ပျောက်၍ နတ်များ၏အပူဇော်ကိုခံလေ၏။ ယခုရေးသားသော အခန်း၏ အကျယ်စကားရပ်များကို ဝိနည်းသမန္တပါသာဒိက အဋ္ဌကထာနိဒါန်း၌ရှင်း။ မဟာဝင်ကျမ်း၌ရှင်း။ ဇိနတ္ထပကာသနီကျမ်း၌ရှင်း။ ရှုကြည့်ကြပါကုန်။

## (၂၂၄) ဓါတ်ဝင်၊ စွယ်တော်တန်းခိုးပြပုံ။

သိရိဓမ္မာသောကမင်းကြီးမရှိသည့်နောက် ၂ ဆက်ခန့်တွင်၊ ပါဋလိပုတ်ပြည်၌ ဂူထ သီဝမင်းလက်ထက်သို့ရောက်ခဲ့လေ၏။ သိရိဓမ္မာသော

ကမင်း၏မြစ်တော် ဂုထသိုဝမင်းသည်။ တိတ္ထိတို့၏ လှည့်ပတ်ခြင်းဖြင့်၊ အယူမှားမှ ရှောင်ကင်းလေသည်။ တိတ္ထိတို့က မင်းကြီးလူသေရိုးသည်၊ ဘယ်အခါတုံးကမျှား မဂ်လာရှိဘူးသည်။ ကြက်သရေရှိဘူးသည်ဟု မင်းကြီးကြားဘူးပါသလဲ။ သို့ဖြစ်ပါလျက် မင်းကြီး၏။ အာဏာတော်စက်အတွင်းရှိ ဟိုကာလိဂ်တိုင်း၊ဒန္တပုရပြည်က မင်းဝယ်ကလေးဟာ ဂေါတမ၏လူသေရိုးကို၊ နန်းဦးခွဲထား၍ ရိုးသေစွာကိုးကွယ်၍နေသည်ကား သူနှင့်တကွ။ တိုင်းပြည်ပါနစ်နာလှပါသည်။(တိုင်းပြည်မကောင်းဘုရင့်ခေါင်း) ဟူသကဲ့သို့ သင်မင်းကြီး၏ အာဏာတော်စက်တွင်းမှ သင်မင်းကြီး၏ခေါင်းသာကျ၍နေပါသည်ဟု အမျိုးမျိုးသော ဝေဝုစ်ပရိယာယ် စကားလှယ်တွေနှင့် ဆွ၍ပေးကြ၏။ မိန္တာဒေဗြိသို့ သက်ဝင်နေသော ဂုထသိုဝမင်းလည်း ဟုတ်လှပြီဟုထင်မြင်၍။ဘမန်တော်အား ကာလိဂ်တိုင်း ဒန္တပုရပြည့်ရှင် ဘုရင်ဝယ်သည်။ စွယ်တော်နှင့်တကွလာရောက်ရမည်ဟု အမိန့်တော်ပြန်လိုက်၏။ စွယ်တော်နှင့်တကွ၊ ဒန္တပုရမင်းရောက်ရှိလာလျှင်။ စွယ်တော်ကိုယူ၍ မသန့်ရှင်းသော၊ ချောင်းခွ ပစ်ချလိုက်၏။ ဘုရားရှင်ဓိဋ္ဌာန်ခဲ့သော ခါတ်တို့သည် စွယ်တော်ခွဝင်ကိန်းပြီး။ ပဒုမ္မာကြာ အထပ်တရာတို့အပေါ်ခွ စမ္ပါယ်၍ ရောင်ခြည်တော်လွှတ်ခါတန်ခိုးပြာဋိဟာပြတော်မူပေ၏။ တပြည်လုံး အုပ်အုပ်ကြက်ကြက် ဆူဆူပွက်ပွက်၊ ဖြစ်ကြကုန်၏။ ဒိဋ္ဌိသွေးဝင်၍ ဘုရားကိုမယုံကြည်သူတို့ပင် ယုံကြည်သက်ဝင်လျက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ကြကုန်၏။ ဂုထသိုဝမင်းလည်း။ အရှက်ရ၍၊ ရှက်ရမ်း-ရမ်းသောအနေဖြင့် မိုးကြီးပုံနှိုက်ထဲ၍ ပြာချပြမည်ဟု ကျုံးဝါးလျက် ထင်းမျှားမျှားပုံစေ၍ မိုးရှိစေ၏။ မိုးကြီးစုဖြစ်သော် တိုင်းပြည်ကတောင်းပန်တာကိုပင် မနေကော့ဘဲ။ မိုးကြီးစုသို့ ပစ်ချပြန်၏။ စွယ်တော်ခါတ်သည်လည်း၊ ရှေးဂ-ထက် ၂ ဆတက်၍ ပဒုမ္မာကြာ အထပ်တရာတို့အပေါ် ခွစမ္ပါယ်၍ ရောင်ခြည်တော်လွှတ်ခါ၊ တန်ခိုးပြတော်မူပြန်၏။ တိုင်းသူပြည်သားလူအများသည်။ အတိုင်းထက်အလွန် အုံ့ဩအားရကြလျက် ပန်းပေါက်ပေါက် ဖြန့်ကြ၍ ပူဇော်ပွဲကြီးပြုလုပ်ကြကုန်၏။ မင်းလည်းကြည်ညှိရမည်ကို မကြည်ညှိ။ ဝန်တို့အရှက်ကြီးပါရှိနေရကား။ စွယ်တော်ကို ပေပေါ်တင်၍ ထုနှက်စေပြန်၏။ စွယ်တော်ခါတ်သည် ကြေမွ၍မသွားဘဲ မူလအတိုင်းဖြင့်ပင် လျှင်ပေပေါ် ခွ တချမ်းနစ်မြုတ်၍ ဘန်ခိုးပြာဋိဟာကြီး အထူးပြလျက်

စမ္ပါယ်ပြန်၏။ မင်းသည် စွယ်တော်ကိုပေမှ ဖေါ်ယူရန် အမျိုးမျိုးအား ထုတ်စေပါသော်လည်း မရသဖြင့် စွယ်တော်ဓါတ်ကိုဖေါ်နိုင်သူအား ဆုလတ်များစွာနှင့် မြှိုစားရှာစားပေးမည်ဟု စည်လည်စေ၏။ ထိုအခါ ဘုရားလက်ထက်တော်က နေလိုထင်ရှားလှသော၊ အနာထပိဏ်ခေါ် ဗေ ဘဝန်ကျောင်းဒါယကာသူဌေးကြီး၏ မြေး မြစ် အဆက်အနွယ်ဖြစ်သော သုဒတ္တလုင်သည်။ စွယ်တော်ဓါတ်ကိုဖေါ်မည်ဟု ဝန်ခံရောက်လာ၍။ စွယ်တော်အားရိုသေစွာရှိခိုးပြီးမှ ၈ ပါးသိလကိုခံယူပြီး။ ဘုရားတပည့်တော်သည် သာသနာ့တော်ကို အဟုတ်အဟတ် ယုံကြည်ကိုးစားပါ၏။ ၈ ပါးသိလကိုလည်း၊ သိကင်းနေ့တိုင်း မှန်မှန်ကြီး ဆောက်တည်ပါ၏။ ဤသစ္စာအတိုင်းမှန်ကန်ပါသော်။ စွယ်တော်ဓါတ်၊ ဘုရားမြတ်သည်။ ပေထက်မှကြွမြန်း၍ တပည့်တော်၏ ဥကျောင်းဌာနည်ပါစေသတည်းဟု သစ္စာဆို၏။ သစ္စာဆုံးသည်နှင့်တပြိုင်နက်ပင် စွယ်တော်ဓါတ်သည်။ ရောင်ခြည်တော်ခြောက်သွယ်ဖြင့်တင့်တယ်လှစွာပင်ကြွတက်၍။ ကောင်းကင်ထက်ဌိတည်လေ၏။ နောက်မှသုဒတ္တ၏ ဥကျောင်းထက်သို့ သက်၍ တည်လေ၏။ သုဒတ္တလည်း ပစ္စည်းဥစ္စာများစွာရှိ၍။ မြှိုစားကြီးဖြစ်သွားလေ၏။ ဂုထသိဝမင်းလည်း သာသနာတော်ကိုကြည်ညို၍၊ တိတ္ထိတို့ကို တိုင်းပြည်မှနှင်ထုတ်ပြီးလျှင် သာသနာတော်ကိုပြုစုလေသတည်း။

---

## (၂၂၅) အလင်းရောက်၊ အမှောင်ပျောက်။

ဥပမာတိုက်ခင်းကြီးတခု၌၊ အမှောင်ဓါတ်တွေဖုံးကွယ် နေသဖြင့် နာရီ၊ ဘီဒို၊ ကုလားထိုင်၊ စားပွဲ၊ သေတ္တာ၊ ရေအိုးစည်၊ ထွေးခံ စသောအရာဝတ္ထုတို့ကိုမမြင်ရပါ။ မရှိ၍ကားမဟုတ်။ မှောင်ဓါတ်ကြီးဖုံးအုပ်ကွယ်ကာပြီးထားခြင်းကြောင့်ဖြစ်ပါသည်။ ဓါတ်မီးစသော အလင်းအရောင်ဓါတ်များ ဝင်ရောက်၍လာသောအခါ။ မှောင်ဓါတ်ကို ဟဲ့-မှောင်ဓါတ်ကြီး ငါလာပြီ။ သင်သွားတော့ဟု မနှင်ရဘဲ။ အနုတ္တအနေဖြင့် အလိုလို ပျောက်ကွယ်လျက် ချုပ်ငြိုင်းရ၏။ တိုက်ခန်းကား ခန္ဓာကိုယ်တည်း။ မှောင်ဓါတ်ကား အဝိဇ္ဇာတည်း၊ အလင်းဓါတ်ကား ဓါတ်ဝိဇ္ဇာ၊ကလပ်ဝိဇ္ဇာ၊ ဥာဏ်ဝိဇ္ဇာ၊ မဂ်ဝိဇ္ဇာ၊ ဖိုလ်ဝိဇ္ဇာတည်း။ ၎င်းကြောင့် အရာဝတ္ထုတို့ကိုမြင်ရခြင်းသည်ကား၊ သစ္စာ ၄ ပါးသိမြင်သောဉာဏ်ပေါ်တာပါ။ နာရီ ဘီဒို စသော၊ အရာဝတ္ထုတို့ကား။ ရှိနှင့်ပြီးသော ခန္ဓာ ၅ ပါး၊ အာ

ယတာနှ ၁၂ ပါး၊ ခါတ် ၁၀ ပါး၊ သစ္စာ ၄ ပါး၊ ဗောဓိပက္ခိယ ၃၇ ပါး။ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး၊ ၁၀ ပါး၊ ပဋ္ဌာန်း ၂၄ ပစ္စည်း စသော ရုပ်နာမ် တရားတို့သာတည်း။ အဲဒါကြောင့်ပင် (ခါတ်တရုပ်၊ အားလုံးစု) ဟူ၍ ဆိုင်းဘုတ်တတ်ရပါသည်။

---

## (၂၂၆) ထမင်းထဲ၊ ၃၂ ဌာနသွားဖြစ်။

ပါးစပ်ထဲသို့ထမင်းခါတ်ကိုထဲ့သောအခါ။ ဟဲ့-ထမင်း၊ သင်သည် ခေါင်းဦးဆံပင်ပေါင်း ၃ ကုဋေ ၆ သန်းရှိရာသို့ သွားပြီးတော့၊ ဖြူဖြူက နက်နက်ဖြစ်ပါချေ။ တိုတိုက ရှေ့ရှေ့ဖြစ်ပါစေဟု အာဏာမပါ။ မွေးညှင်းပေါင်း၊ ၆သန်း ၉ သိန်းသို့သွားပြီးတော့ မွေးညှင်းဖြစ်ပါစေဟု အာဏာမထားပါ။ခြေသည်း လက်သည်း သွားရောက်ဖြစ်စေရန်လည်း အာဏာမပါ။ ဤလိုနည်းအားဖြင့် ၃၂ ကောဋ္ဌာသသို့ သွားရောက်၍ အသီးသီးဖြစ်စေရန်လည်း၊ အာဏာမပါ။ သို့ပေမဲ့။ ထမင်း၏သတ္တိအတိုင်း တန်ခိုးအတိုင်း သူ့လမ်းနှင့်သူပင် အတွက်အကတ်မရှိဘဲ။ ၃ ၂ လမ်းသို့ သွား၍ ဖြစ်သည်။ စပါးထဲ့ရုံဖြင့် သူ့လမ်းနှင့်သူသွားသော စပါးစက်ရုံကြီးကဲ့သို့ ဖြစ်လေ၏။ အဖြူက အမဲဖြစ်သည်။အဖြူက အနီဖြစ်သည်။ အဖြူက စိမ်းညို့ညို့ဖြစ်သည်။ အဖြေ့က အမာဖြစ်သည်။ အဖတ်က အရည်ဖြစ်သည်။အဲဒါတွေဟာ ခါတ်အနုတ္တဝေဒနာပဲ မဟုတ်ပါလား။ အကျယ်ချဲ့၍ ဟောပြောပါ။အကျယ်ချဲ့၍ကြံစည်ပါ။ယောဂီများ ကြံစည်ပါ့။ယောဂီများကြံစည်ဘို့ သဲလွန်စပြလိုက်ပါသည်။

---

## (၂၂၇) ထမင်းထဲ့သဘောပြောင်းသိရ၏။

ခန္ဓာကိုယ်ကြီးထဲသို့ ထမင်းခါတ် မရောက်မီက သဘောအမျိုးမျိုးပေါ်၍ရှိနေပေသည်။ ထမင်းခါတ် ရောက်ထာနှင့် တပြိုင်နက်။ အဆာပျောက် ညှိုးတာပျောက် နွမ်းတာပျောက် ဒုက္ခပျောက် မောတာပျောက် အားလည်းရောက် အသံလည်းမာ၍လာ၏။ ဝါယောခါတ်လည်း အားကောင်း၍လာ၏။ အကုသိုလ်စိတ်နှင့် အကုသိုလ်စေတသိက် ၂၇ ပါးတို့ ကွယ်ပျောက်၍ သွားပြီးလျှင် ကုသိုလ်စိတ်နှင့် အကုသိုလ် စေတသိက်

၃၀ ပါးတို့ ဘွားကနဲပေါ်လာရလေသည်။သူတော်ကောင်းဖြစ်စတို့ အဘို့တည်း။သူယုတ်မာတို့ ပြန်လှန်ယူကြပါကုန်။

## (၂၂၀) ရေထဲ့သဘောပြောင်းသိရ၏။

ခန္ဓာကိုယ်ကြီးထဲသို့ ရေဓါတ်မရောက်မီက သဘောအမျိုးမျိုး ပေါ်ရှိ၍နေပေ၏။ ရေဓါတ်ရောက်ထားနှင့်တပြိုင်နက် ရေငတ်ပျောက်၊ ညှိုးတာပျောက်၊နွမ်းတာပျောက်၊ဒုက္ခပျောက်၊မောတာပျောက်၊အားလည်းရောက်၊ အသံဓါတ်လည်း မာ၍လာ၏။ အကုသိုလ်ပျောက်၊ ကုသိုလ်ရောက်၏။ တနည်း ကုသိုလ် ပျောက် အကုသိုလ် ရောက်၏။ (အတ္တနောသဘာဝံဓါ ရေတိတိဓါတု) သူ့သဘော သူ့ဆောင်တာ အနတ္တအစစ်ချည်းတွေ့ပါဘဲ။

## (၂၂၆) ဆေးထဲ ရောဂါပျောက်။

ခန္ဓာကိုယ်ကြီးဟာ ဓါတ် ၄ ပါး မည်ဖြစ်၍ ရောဂါဖြစ်ခဲ့သော်။အပူရှိလျှင် အဇေဓါတ်ထဲ့ပါ။ အဇေရှိလျှင် အပူဓါတ်ထဲ့ပါ။ တနည်း။ ပထဝီလိုလျှင် ပထဝီထဲ့ပါ။ အာပေါလိုလျှင် အာပေါထဲ့ပါ။ဝါယောလိုလျှင် ဝါယောထဲ့ပါ။ တေးဇောလိုလျှင် တေးဇောထဲ့ပါ။ ဝိတ်လျှင် ပွင့်စာကျွေးပါ။ ပွင့်လျှင် ဝိတ်စာကျွေးပါ။ အထိမ်းနှင့်ကျွေးမှ ရောဂါကျသွားမည်။ သူ့အနာနှင့် သူ့ဆေးနဲ့။

အနာနှင့်ဆေး၊ ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ။
အနာနှင့်ဆေး၊ လွဲ၍ပေး နာရေးမသက်သာ။

ဗမာပြည်၌၊ လူဦးရေ (၁၀၇) သန်းကျော်ရှိ၏။ ၎င်းတို့သည် ဆေးကျမ်းဆေးအကာတ်၌ မကျွမ်းကျင် နားမလည်သူ များပြားကုန်၏။ သည်အထဲ၌ ခလေး၊ လူအ၊ လူနှမ်း၊ လူရွယ်များ ဗိတ်ဗိတ်သား နားမလည်ကုန်။ ဟုနာ ဇနာဆို လက္ခဏာနှင့်တကွ မသိကြကုန်။ မသိပေမဲ့ ရောဂါရလျှင် ဆရာခေါ်၍ကုသစေရာ၊ ဆေးစားရာ ပျောက်သူများပြားလှကုန်၏။ သိလို့ ပျောက်ထားလား ဆေးစားပြီးမသိဘဲနှင့် ပျောက်ထားလားဟု စဉ်းစားကြကုန်။

## (၂၃၀) ရေနောက်ထဲ ရေကြည်အစေ့ထဲ့ကြည့်။

ရောဝတီမြစ်ကမ်းပေါ် ရှိ မြို့ရွာများ၌ နေထိုင်ကြသော လူတို့သည်: မိုးသီးဦးကျအချိန်အခါ မြစ်ရေများတိုး၍လာသောအခါ၌ နောက်လှသော ရေကို ခပ်ယူ၍ ရေကြည်စေ့များကို သွေး၍ထဲ့ကြကုန်၏။ ၎င်းတန်ခိုး ကြောင့်။ ရေနောက်ကို အနယ်ထိုင်စေလျက် အကြည်ခါတ်များသာ အ ပေါ်ကရှိလျက်နေစေ၏။ ခါတ်တခုရောက်၍ တခုခုံးနိမ့်ရပုံ။

## (၂၃၁) ရေနောက်ထဲ ပဏ္ဍာမြားထဲ့ချက်ချင်းကြည်။

ဥပမာ။ ဇလုံကြီးထဲသို့ ဖုံတွေထဲ့ပြီး ရေတွေလောင်းထဲ့။ လက်ငါး ချောင်းဖြင့်မွှေသော်။နောက်ကြိုကြို ဖြစ်လတ်။ထိုအခိုက်၌ စကြာမင်းများ မန္ဒာတ်မင်းများသာလျှင် ဝတ်ဆင်ခြင်းငှါ ထိုက်တန်လှသော မနောမယ ပြည်တန်ပဏ္ဍာမြားကို ပြုံးကနဲထဲ့၍ ကြည့်လျှင် ကြည့်လျက် နေရင်းပင် နံ့တွေ ပြေး၍-ပြေး၍ ဘေးသို့ကပ်ရပုံ၊အောက်သို့ပြေး၍-ပြေး၍ ကပ်ရပုံ ကို မျက်မြင်ကိုယ်တွေ့ တွေ့ရပေလတ်။ ပဏ္ဍာမြားခါတ်ဝင်လို့ ရေနောက် တွေ့ ရှိနံ့တွေ အမှုံ့တွေ အမှားကွေသည့် ဘေးသို့ရင်း။ အောက်သို့ရင်း။ ပြေး၍ကပ်ရ၏။

## (၂၃၂) စိတ်နောက်လျှင်သဒ္ဓါထဲ့ကြည်လင်၏။

လူနတ်ဗြဟ္မာတို့၏ စိတ်အစည်၌ အကုသိုလ်ဝင်၍ စိတ်ပူ စိတ်နောက် ဖြစ်ခဲ့သော်။သဒ္ဓါတရားကိုထဲ့ရသည်။ သဒ္ဓါတရား ရောက်ထာနှင့် တပြိုင် နက်။စိတ်တွေ အေးပြီး စိတ်နောက်တွေ ပျောက်ကွယ်ပြီး စိတ်ကြည်တွေ ပေါ်ပေါက်ရကော့သည်။ စိတ်ကြည်တွေရောက်လျှင် မျက်နှာမှာတောင် ရှင်ရှင်ပြပြ ကြည်ကြည်လင်လင်နှင့် စိတ္တဇရုပ်ပြနေ၏။

## (၂၃၃) ရမ်းပုံမီးပွါးကျ ဝုံးကနဲထကောက်။

ဥပမာ။ ဗမာပြည်လောက် ကျယ်ဝန်းလှတဲ့ မြေပြင်ကြီး တခုကို ကောက်နယ် တလင်းပမာပြု၍ အထု ၁၅ တောင်မြင့်အောင် ရမ်းတွေ ကို ဖြန့်၍ ညီညွှတ်စွာ သွိထားရမည်။ ရမ်းပြင်ကြီးဖြစ်၍ နေပေ၏။ ထိုရမ်း ပြင်ကြီးပေါ်သို့ နှင်းတလုံး ခနဲ့လောက်ရှိသော မီးပွါးကလေးတခု ကျ

ချောက်ခဲ့သော်။ရမ်းပြင်ကြီးတခုလုံးကုန်အောင် ၁၀ မိနစ်အတွင်းခြို ထ၍ တောက်လောင်မည်။ (မီးက နှမ်းလုံးလောက်-ရမ်းကဗမာပြည်လောက်) သို့ကလောက် ကွာခြားပေမဲ့ ဓါတ်တခု၏တန်ခိုးကြောင့် ဓါတ်မျှားဖေါက်ပြန်ရပုံသိထားကြဲကုန်ရာ၏။ (က) ဗမာပြည်လောက်ရှိသော ကောက်နယ်တလင်းကား ပုထုဇဉ် ခန္ဓာကိုယ်ပင်တည်း။ (ခ) ရမ်းပြင်ကြီးကား အကုသိုလ်ကိလေသာ ဝိပါက် စသော ပဟာတဗ္ဗတရားတွေပင်တည်း။ (ဂ) နှမ်းဟလုံးခန့်သော မီးဖွါးကလေးကား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါ၇ဗ္ဗာရုံဟူသော ကာမဂုဏ် ငါးပါးပင်တည်း။(ဃ) ကျရောက်ခြင်းကား လိုက်စား မိုက်မှားခြင်းတည်း။ (င)ထ၍တောက်ခြင်းကား။ဝိတိဂ္ဂမကမ္မဃထမြောက်၍ အပါယ်မီး တောက်ခြင်းပင်တည်း။ ကြောင်း ကျိုးဆက်ဓါတ်ဝင်ပုံ။

## (၂၃၄) ရမ်းပြင် ရေဖြန်း မီးဖွါးကျ၊မီးပါသေရပုံ။

ရမ်းပြင်ကြီးပြုလုပ်၍ထားပါ။ ဗိုလ်ချုပ်နေအောင် ရေဖြန်းထားပါ။ ၎င်းအပေါ် သို့ မီးဖွါးချ၍ကြည့်ပါ။ရမ်းကဲ့မီးမလောင်တော့ဘဲကျန်သောမီးပါ သေပျောက်ရပေ၏။ ရမ်းပြင်ကား ခန္ဓာကိုယ်။ ရမ်းကား အကုသိုလ်ကိလေသာဝိပါက်တွေ။ ဗိုလ်ချုပ်နေအောင်ရေဖြန်းခြင်းကား။ဝိပဿနာ အားထုတ်၍ မဂ္ဂင်ရေဖြန်းထာပါ။ မီးဖွါးကား ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါ၇ဗ္ဗ ဆိုတဲ့ ကာမဂုဏ်ပါ။ ချ၍ကြည့်ခြင်းကား ခံစား၍ကြည့်တာပါ။ ရမ်းကို မီးမလောင်ခြင်းကား ဒုစရိုက်စသည်မဖြစ်ထာပါ။ မီးပါသေပျောက်ရတာကား အာရုံ ကာမဂုဏ်ပါ။ ခြောက်ခမ်း ပါးလျားကွယ်ပျောက်ချုပ်ငြိမ်းရတော့၏။

## (၂၃၅) ရောဂါအခံရှိသူ၌ညှော်ဝင်ထကြပုံ။

ကိုးဆဲ့ခြောက်ပါးသော အနာရောဂါဝေဒနာ အခံရှိလျက်နေသော သူ၌ ညှော်ဓါတ်မျှားဝင်ခဲ့သော်။ ချက်ချင်းပင် ထူထိုင်း ရှိုင်းအုံ့ ဖြိုးဖြိုးဖြင်းဖြင်း ရိုးတိုးရွတာ ဖိန်းဖိန်းဂိုန်းဂိုန်းနှင့် ကြက်သည်းတဖြန်းဖြန်း သန်းတဝါးဝါးနှင့် ဓါတ်ဖေါက်ပြားဖြစ်နေပုံ' ရုပ္ပနသဘောဖြင့် ဖေါက်ပြန်ဖြစ်နေပုံကိုရင်း။ဝေဒနာတိုးတက်ဖြီး သေဘက်သို့ ကူးပြောင်းသွားရပုံကိုရင်း။ မျက်မြင်ကိုယ်တွေ့ သိကြရလေသည်။ အငြင်းလွတ်ဘည်း။

## (၂၃၆) ရောဂါအခံရှိသူ အစားများ ဆေးများ။

ကိုးဆဲ့ခြောက်ပါးသော ရောဂါဝေဒနာ အနာရှိနေသော သူများအား အစာကျွေးမှား ဆေးကျွေးမှား ဆေးထိုးမှား အင်ကျက်ရှင်း အထိုးမှားခဲ့သော်။ချက်ချင်း လက်ငင်း ရောဂါထကြွလျက်။ တက်လိုတက် မေးခိုင်လိုခိုင် လူးလိမ့် အော်ငြီးပြီး။ သေလမ်းခရီးသို့ရောက်သူများကို လက်တွေ့မျက်မြင် မျက်မှောက် ပြကြရလေသည်။ ပြခဲ့ပြီး ၂ ပိုဒ်ကိုရှေ့၍ ဥပမာ ဥပမေယျ စပ်ဟပ်၍ပြရသော်။ ရောဂါဝေဒနာ အခံရှိနေသော သူကား ဒိဋ္ဌိရှိနေသောသူနှင့်တူ၏။ညွှန်ပြင် အစားများ ဆေးများ ရေချိုးများဆေးထိုးများခြင်းကား ရူပ၊ သဒ္ဒ၊ဂန္ဓ၊ရသ၊ ဖောဋ္ဌဗ္ဗ ကာမဂုဏ်တို့ကိုလိုက်စားမိုက်မှားခြင်းပင်တည်း။ ရောဂါ ထကြွခြင်းကား။ တစက္ကန့်လျှင် ကုဋေတသိန်းနှင့် အကုသိုလ် ကိလေသာ ပါပါက်အများတိုးတက် နေပုံတည်း။ လူးလိမ့်ခြင်းကား အပါယ်ကျခြင်းတည်း။ သေခြင်းကား မဂ်ဖိုလ်နိဗ္ဗာန် ဗိဓေတွေ ပျက်ပျက် ကုန်ခမ်းသွားခြင်းတည်း။ခါတ်ဝင် ခါတ်ထွက်တည်း။

## (၂၃၇) အမဲသားကြိုက် အဖျားဝင် ပြောင်းပုံ။

လူတဦးသည် အလွန်မှ အမဲသားကို ကြိုက်နှစ်သက်တတ်၏။ အမဲသားနှင့်ကင်း၍ မစားစဖူးပေ။ တခါတရံ အမဲသားကို မေ့လျော့နေသော် မယားကို ကြိမ်းလား မောင်းလား ကန်လား ကြောက်လား ရိုက်လား ပုတ်လား ဆဲလား ဆိုလား ဆူနေသဖြင့်။ အမဲသားရှာ၍ ကျွေးမှ ဇနီးရှင်ပြုလာတတ်၏။ ဤမျှလောက် အမဲသားကြိုက်တတ်၏။ ဘယ်လောက်ပင်ကြိုက်ကြိုက် အဖျားခါတ် ဝင်လာသောအခါ။ ခံ့ကွင်းတွေ ပျက်ပြီး အမဲသားလဲ မစားချင်။ အသံကိုတောင်မှ မကြားချင်အောင် ပြောင်းသွား၏။ ခါတ်ဝင်လို့ ခါတ်ပြောင်းပုံတည်း။မယားသည် လင်သေလျှင် ခလေးတွေနှင့် တပေပေ ဒုက္ခရောက်မှာ စိုးရိမ်သဖြင့် အမဲသားကို ကင်တမျိုး သုတ်တမျိုး ကြော်တမျိုး လျော်တမျိုးဖြင့် အမျိုးမျိုးပြု စီရင်၍ ယုယစွာ ကျွေးမွေးရှာပေ၏။စားဘိုဝေးလေစွ အသံကိုမှမကြားလို အမဲသားကြိုက် ထာတောင်မှ အဖျားခါတ်ဝင်တော့၊ သိသိသာသာကြီး ပြောင်းလွှဲသွား၏။ ဘုရားသုံး တရားသုံး သံဃာသုံးဖြစ်တဲ့ ခါတ်တရား ကလာပ်တရား ဥာဏ်တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဝင်ရောက်ပါမှကား။ အုံ့ဩမဆုံးပြောင်းလတ္တံ့။

## (၂၃၈) မိုးကြီးထစ် မြေလှုပ်ရ။

ကောင်းကင်ပြင်၌ လေထုနှုန်ချက်တို့၏ တိုက်ခိုက်မှုကြောင့် မိုးကြီး များထစ်ချုံး မြည်ဟီးလေ၏။ ထိုအခါဝယ် (တိမ်တေး၊ လေအက်၊ လျှပ်စက်ပန္ထြား၊ သံတယော) ဟူသော လက်ဘာအတိုင်းပင် ငါးယူဇနာ အရပ်လေးကျက်က လျှပ်စစ်များ ပျက်ပြီး ထစ်ချုံးမြည်ဟီးရာ။ ငါးယူဇနာအကွာတွင် အာကာသ ကောင်းကင်ကြီး ခြားခ၍နေပါလျက် မြေကြီးသည် တုန်ခိုက်လှုပ်ရှားရလေ၏။ ဓါတ်ဆက် ဓါတ်ကူး ဓါဘ်ဝင်လို့ဆိုတာကို သိရ၏။ အသံလွှင့်ပုံကိုရင်း။ ဗိုင်ယာလက်ဖြင့် စကားပြောပုံကိုရင်း။ ဤနမူနာ ထောက်၍ ယုံကြည်ထိုက်ပေ၏။

---

## (၂၃၉) နွားနို့ရေရော တသဘော၊ ချဉ်ထဲ့ကဲပြားရပုံ။

ဥပမာ။ ဇလုံထဲသို့ နွားနို့ထဲ့ရေထဲ့ပြီး မွှေသော်။နွားနို့အကြားခ၌ ရေရှိ၏။ ရေအကြားခ၌ နွားနို့ရှိ၏။ခွဲခြားမရအောင် တသဘောထဲ ရောနှောလျက်ရှိပေ၏။အာကာသရှိနေပုံကို ဥာဏ်မမှီလောက်အောင် ဃနသဘော ဖြစ်၍နေပေ၏။ သို့သော်။ အာကာသကား ရှိပြီးသားပါဘဲ။ အာကာသ ထင်ရှားစေလိုသော် ၎င်း ၂ ခု ရောထားသော အရည်ထဲသို့ သံပုရာရည် ရှောက်ရည် ထဲ့၍မွှေပါလျှင်။ရေနှင့်ရော၍ ဃနသဘောရှိနေသော နွားနို့သည် ခဲ၍-ခဲ၍လာသဖြင့် ရေသာကျွန်တော့မည်။နွားနို့တခြား ရေတခြား အာကာသ ပေါက်ပြန်၏။ အဲဒါလဲ ဓါတ်တခုခင်လို့ ဓါတ်ပြောင်းပုံသက်သေပါဘဲ။

---

## (၂၄၀) ခြသေ့တစီးနှင့် သားကောင်အများ။

ဟိမဝန္တာ တောသုံးထောင်၌ ရှိနေကြသော ဆင် မြင်း ကျွဲ နွား သမင် ဒရယ် ချေသယ် ဝိုင် ဆတ် ကြောင် ကျား ယတ်နှင့် အမှတ်မထင် မြင်မြင်ရာရာ တိရစ္ဆာန် သတ္တဝါတို့သည် ဘယ်လောက်ပင် များပြားထူထပ်လျက်ရှိနေကြပေမဲ့ ခြသေ့တစီးနှင့် ကွေ့လျှင် ဘယ်သတ္တဝါမှ အန္တရာယ်ကင်ပြိုင်ခြင်းမပြုနိုင်ကြ အစားသာခံကြရကုန်၏။ ခြသေ့ဓါတ်ဝင်လျှင် ဘယ်သတ္တဝါမှ မထောက်ထားဝံ့ချေ။ဓါတ်တခုကို ဓါတ်တခုကနိုင်နင်းပုံ။

ကြွက်သည် ကြောင်ကို။ ဖြွေသည် ဖြွေပါကို။ နဂါးသည် ဂဠုန်ကို။ ဖါးသည် ဖြွေကို။ အကြောက်ကြီး ကြောက်လန့်ကြရ၏။ ခါတ်ဝင်လို့ ခါတ်တရပြောင်းပုံ။

## (၂၄၁) ကြောင်နှင့်ကြွက်။

ကြွက်တကောင်သည် ညနေစောင်းအချိန်တွင် ကြွက်သရေခမ်းဆိမ့်ထွက်လာပြီး အဆောင်မကြီးဆီသို့ ကူးပြောင်းရန် ပြေးခဲ့လာ၏။ ဂ တောင်လောက်ဝေးသောဌာနမှ ကြောင်သည်။ လိုက်ဟန်ပြခဲ့လိုက်၏။ ကြွက်သည် ပြေးလျှင် လွတ်လောက်ပါလျက်နှင့် မပြေးဘဲ ဝပ်ခဲ့နေ၏။ ကြောင်သည် လျှင်မြန်စွာရောက်လာ၍ အုပ်ခါဘမ်းပြီး ကိုက်ဝါးလေ၏။ ကြောင်၏ ခါတ်ဝင်သဖြင့် ကြွက်သည် မပြေးနိုင် ရောင်၍နေပေ၏။

## (၂၄၂) တောခွေးမျှားကျင်ယမ်ရည်နှင့်စည်းချ၏။

တောခွေးမျှားသည် သမင်၊ဒရယ်၊ချေင်ယမ်မျှားကို လိုက်သောအခါ။ ၎င်းတို့သည် ကြောက်လန့်တကြား ပြေးလွှားပုန်းအောင်း၍ ခြုံအတွင်းသို့ ခိုဝင်၍နေကြ၏။ တောခွေးမျှားသည် အနံ့ကိုခံကာ-ခံကာ၊ လိုက်လာကြပြီးလျှင် သမင်၊ ဒရယ်၊ ချေင်ယမ်တို့ပုန်းအောင်းနေသောခြုံကိုရစ်ပတ်ပြီး ကျင်ယမ်ဖြင့် စည်းချကြ၏။ခြုံကိုပတ်မိမှ ခြုံတွင်းသို့ဝင်ပြီး။ ဘင်းကိုက်ရာ။ စည်းတွင်ကျနေသောသားကောင်မှာ မပြေးနိုင်ဘဲ ကိုက်စားခြင်းကိုခံရ၏။ ခါတ်ဝင်လို့ ခါတ်တရပြောင်းခြင်းပါဘဲ။

## (၂၄၃) ပဒကုသလမင်းသား ခြေရာခံပုံ။

ပုဏ္ဏားနှင့်ဘိလူးမညားခဲ့ပေါက်ဖွားသော ပဒကုသလမင်းသားသည် ဘိလူးမ အဓိ၏ထံမှ စိန်ဘုံမလာ မန္တာန်ကိုရ၍ ဗာရာဏသီဘုရင်ထံ၌ ခစားအမှုလုပ်လေ၏။ ဗာရာဏသီမင်းနှင့် ပုရောဟိတ်တို့သည် မင်းသား၏ မန္တာန်အတတ်ကိုစုံစမ်းလိုသောကြောင့်။ မိမိတို့ကိုယ်တိုင်ပင် မင်းမြှောက်တန်းဆာမှ ပဝေ့ပြားတို့ကို ခိုးယူပြီး။ အစဖျောက်သောလက္ခဏာဖြင့် ကွေးကာ၊ ကောက်ခါ၊ ဆင်းခါ၊ တက်ခါ ،လှည့်ခါ၊ ပတ်ခါဖြင့်။ နောက်ဆုံး၌ ရေကန် တွင်းသို့ ပစ်ချပြီး လျှိုဝှက်ထား၏။ လျှိုဝှက်

၍ကြီးလျှင်။ နောက်တနေ့နံနက်၌ မှီးမတ်ဗိုလ်ပုံပရိသတ်အလယ်၌ ညတုံးက ပဏ္ဍာမြားရတနာပျောက်ဆုံးကြောင်း ရှာကြံ၍ပေးရမည်ဟု မှီးမတ်များ၊အားဘုရင်က အကြပ်ကိုင်လိုက်၏။ မှီးမတ်များကလဲ သည်အရေးဟာ ကျွန်တော်မျိုးတို့၏အရေးမဟုတ်ပါ။ သည်အရေးနှင့်ကြုံလျှင် ခြေရာခံပြီးလိုက်လံရှာဖွေဘို့ရန်ပဒကုသလအား လခင်ငွေအမြောက်အမြားပေး၍ ရာထူး ဌာနန္တရခန့်ထား၊သည်မဟုတ်ပါလား၊ဟု သံတော်ဦးတင်ကြ၏။ ဘုရင်ကလည်း ပဒကုသလကိုခေါ်ပြီးလျှင် မောင်မင်း၏ရာထူးနှင့် လျှော်သော အမှုသစ်ပေါ်ပေါက်ခဲ့လေပြီ။ခြေရာခံ၍ လိုက်လံရှာဖွေပေးလော့။ မပေးနိုင်လျှင် ကြီးလေးသော ရာဇဝတ်မှုပြစ်ခံရလိမ့်မည်ဟု မိန့်တော်မူလိုက်၏။ ပဒကုသလမင်းသားလည်း မနှစ်နှစ်ကိုရွတ်၍ခြေရာခံရာ။ ဘုရင်နှင့်ပုရောဟိတ်၏ ဦးမှဘဲဟု အတာ်သိလေ၏။ သို့သော်လည်း အတတ်ပညာသိပ္ပလည်း ထင်ရှားစေတော့။ ပျောက်ဆုံးသော ရတနာလည်း ရမစေတော့။ ဘုရင်နှင့် ပုရောဟိတ်လည်း ရာဇဝတ်မှုပြစ်မှ လွတ်စေတော့ဟု သဘောသား၍ ခြေရာခံပြီးလိုက်လေ၏။ ပဌမခြေရာကား။ ဘုရင့်နန်းတော်ကြက်သရေဆောင်မှ ထွက်လာသောခြေရာဖြစ်၍ ဘုရင်ဦးဘာဘဲဟု သိနိုင်၏။ ခြေရာသည် ပဏ္ဍာမြားထားရာသို့သွားပြီးလျှင်၊ ပဏ္ဍာမြားကိုယူ၍ ပဌမဘုံအဆင့်သို့ တက်၏။ ကဖန် ဘုံအဆင့်ကိုလှည့်ပြီးလျှင် ဒုတိယ အဆင့်သို့တက်ပြန်၏။ တဖန် လှည့်ပြီးလျှင် တတိယ အဆင့်သို့ တက်ပြန်၏။ ၎င်းမှ လှေခါးထောင်၍ တဆောင်သို့ကူးသွား၏။ ဤ၌လည်း တက်ခါ၊ လှည့်ခါနှင့် ကွေ့ကောက်သေး၏။ ၎င်းမှတဖန် လှေခါးထောင်၍ တဆောင်သို့ ကူးပြန်၏။ ဤ၌လည်း ယခင်လို လှည့်ခါ ပတ်ခါနှင့် လုပ်ပြီးမှ လှေခါးထောင်၍ ဆင်းပြန်၏။ မြေသို့ရောက်လျှင် လှေခါးထောင်၍ တံတိုင်းကိုကျော်ပြီး လှေခါးထောင်၍ တံတိုင်းပြင်သို့ သွားပြန်၏။ ၎င်းမှတဖန် မဂ်လာကန်ဆိပ်သို့ သွားပြီ လက်ျာရစ် ၃ ပတ် ပတ်လျက် ရေကန်ထဲဝယ်ရှိ ပစ်ချဟန်ဖြင့် ခြေရာများထင်လေ၏။ ခြေရာအတိုင်းလိုက်လံရှာဖွေရာ။ မဂ်လာကန်ဦးပင် ပဏ္ဍာမြားရတနာကိုယူ၍ ဆက်သလေ၏။ ။မင်းကြီးက ပဏ္ဍာမြားရတနာကိုတော့ရပေပြီ။ ခိုးသူကိုဘယ်မှ်း၍ ပေးပါအုံးဟုပြောပြန်၏။ပဒကုသလမင်းသားက အရှင်မင်းကြီး ခိုးသူဖြင့် အဘယ်အကျိုးရှိအုံးနည်း။ ပျောက်ဆုံးသောရတနာကိုရလျှင် ပြီးရော့ပေါ့ ဟု သံတော်ဦးဘင်၏၊ မင်းကြီးမှကား; မိမိ၏အန္တရာယ်ကိုမိမိပင် ခံစားရ

မည်သို့ဘေးကို မတွေးမိသဖြင့် ရှာ၍ပေးရမည်။ မရှာနိုင်လျှင် ရာဇဝတ်မှု အတိုင်း စိုရင်စေဟု မိန့်ချေလေတော့၏။ ပဒကုသလ မင်းသားကား လွန်စွာပင်အံ့သြလျက်ကိုယ့်အပြစ်ကိုယ်ရှာတဲ့ဘုရင်ပါကကား။ သို့သော် လည်း ကျေးဇူးကြီးလှသဖြင့် အပြစ်မထိအောင် ပရိယာယ်နှင့်သိစေ တော့အံ့ဟု မင်းကြီးသိလောက်အောင် ဥပမာကိုးမျိုးပုံဆောင်ပြီး ခိုးဒါ ဟာ ဘုရင်ပါဘဲဟု သိစေ၏။ ။ဘုရင်ကလည်း ဤသူသည် ရိပ်မိယုံ သာရိပ်မိသည် တကယ်သိတာမဟုတ်ဟုထင်ပြီး ခိုးသူကိုသာ ရှာပေး လော့။ ပရိယာယ်ဖြင့်အလိုမရှိဟုဆို၏။ မင်းသားလည်း မိမိတာဝန်ကုန် အောင် အသက်အန္တရာယ်ကို ကာကွယ်၍ပေးပါလျက် မင်းတရားကြီး မိုက်လှ၏။ မတတ်နိုင်ပြီ။ ဖေါ်ရတော့အံ့ဟု ကြံစည်ပြီးတော့ တိုင်းခရိုင်နှင့် နိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်းတို့ ကျွန်ုပ်သည် အသက်အန္တ ရာယ်ကိုကာကွယ်၍၊ ပရိယာယ်ဖြင့် ခိုးသူကို သူဘဲဟု ရိပ်မိစေ၏။ သင် တို့လဲရိပ်မိလောက်ပါပြီ။ ယခုမှာတော့ မပြောလျှင်မပြီး။ ဘုရင့်အမိန့် တော်က စီးသဖြင့်။ ရင့်ရင့်သီးသီးနှင့် ခိုးသူကိုအပ်ရတော့မည်။ခိုးသူကား သူမျှားမဟုတ်ပါ ဘုရင်နှင့်ပုရောဟိတ် ၂ ဦးပင်တည်းဟု နိုင်ငံသို့ ဘုရင် နှင့်ပုရောဟိတ်ကိုအပ်လေ၏။ နိုင်ငံသူနိုင်ငံသား၊ထို့လည်း အစကတဲ့က ပင် ရိပ်မိပြီးသား သိပြီးသား ဖြစ်တဲ့အတိုင်း။ ယခု ဘွင်းဘွင်းနှင့်ရှင်းရှင်း ကြီးသိရပေရာ။ဘုရင်နှင့်ပုရောဟိတ်ကိုဘမ်းချုပ်ကြပြီးလျှင် တယောက် လျှင် အုပ်ခဲတလုံးစီဖြင့် ဝိုင်း၍ပေါက်ကြရသဖြင့် အုပ်ခဲပုံအောက်၌၊ အ သက်ပျောက်ရှာကြရတော့၏။ နိုင်ငံသားတို့လည်း ပဒကုသလမင်းသား ကို မင်းတင်မြှောက်၍ ထီးနန်းအပ်ကြကုန်၏။ ဤ၌ ခြေရာရှာခြင်းကား မန္တန်ဂါတ်၏အစွမ်းဖြင့် မမှားတန်းရှာမှေ့၍ပြနိုင်လေ၏။ ဂါတ်ပေါ် မှ ကား။ ဤမျှအံ့သြစရာကောင်းလှ၏။

---

## (၂၄၄) စိတ်ညှို့၊ နွားလိုနွေ။

မျက်လှည့်ဆရာတဦးသည် ရွာစဉ်လှည့်၍မျက်လှည့်ပြကာ စီးပွားရှာ လျှက်နေပေ၏။ တရွာသို့ရောက်လျှင် ခလေး ၂ ယောက်ကို သူ့မိဘများ ထံမှပြောဆိုခွင့်တောင်းပြီးစိတ်ညှို့ ပညာဖြင့်ညှို့ လေ၏။ဆရာကကလေး ၂ ယောက်ကိုမိမိ၏နှာခေါင်းကိုဖိုက်ဖိုက်ကြည့်ရှုစေပြီး၊ စိတ်ဖြင့်ညှို့လိုက်

တော့၏။စိတ်ညှို့လွှိရလျှင်။ ကလေးတယောက်ကို မင်းဟာနွားဖြစ်သွား လေပြီ။ ဟိုကနွားနှင့်ခွေ့ရမည်ဟုပြောပြ၏။ ကျန်ကလေးကိုလည်း ယခင် အတိုင်းပြောပြပြီး။ ကိုင်း-ကိုင်း ခွေ့ကြပေတော့ဟုအမိန့်ပေးရာ။ ကလေး ၂ ယောက်သည် နွားကဲ့သို့ ခွေ့ကြတော့၏။ စိတ်ခါတ်၏ သတ္တိကား ဒါမျိုးတည်း။

## (၂၄၅) စိတ်ညှို့၊ ကောင်းကင်မှာတန်းခြင်နေပုံ။

စိတ်ညှို့သောဆရာတဦးသည်လူတယောက်ကို ကုလားထိုင် ၃ လုံး ပေါ် ၌၊ ပက်လက်အိပ်စေပြီး ညှို့ထား၏။စိတ်ညှို့လွှိရလျှင် အလယ်က ကုလားထိုင်ကို၊ ဖြုတ်ချယူလိုက်၏။ ထိုသူသည် တောင့်တောင့်ကြီးနှင့် မကျမည့်တိတ်ဘဲ တည်နေပေ၏။ အစွန်းတဖက်က ကုလားထိုင်ကိုယူပြန် သော်လည်း ရှေးအတိုင်းပင် တောင့်တောင့်ကြီးနှင့်ပင်မကျဘဲ ကောင်း ကင်၌ တန်းတန်းကြီးဖြစ်၍နေပေ၏၊စိတ်ခါတ်၏သတ္တိကား ဒါမျိုးပါဘဲ။

## (၁) ပါရမီရိုပ် ကံရိုပ်ခါတ်ပေါ်ပုံ။

(ကလကတ္တား ၁၈-၈-၁၃)

အလောင်းတော်ကြီး ဇနကသည်။ မဂ္ဂိမေခလာ နုတ်ထွီးကယ်၍ ပိဝိုလာပြည် ဥယျာဉ်တော်အတွင်းရှိ ကျောက်ဖျာပေါ်၌ အိုပ်စက်၍ နေ၏။ ဘာ-ဘဝက ဆည်းပူးခဲ့သော ပါရမီတော်ခါတ်အဟုန်ကြောင့် ဖုဿရထား ဆိုက်ရောက်၍ လာတာကို မျှားမတ်ဖိုလ်ပါနှင့်တကွ တိုင်းပြည်ရှိလူတွေပါ တွေ့ကြုံရသဖြင့် လူကိုမြင်ရုံနှင့် အထင်မသေးကြ မကြီးကြဘဲ ဖုဿရထားဆိုက်မှ အထင် အမြင် ကြီးကြပါ တော့သည်။ ဤကျောက်ဖျာပေါ်မှာ အိပ်စက်၍ နေတဲ့ လုင်ကား။ သာမန် ဘုန်းကံမျိုး သမ္ဘာမျိုးမဟုတ်ပါ။ ဖုဿရထားဆိုက်ထာက သက်သေပြလျှတ် နေပါတယ်။ ငါတို့နှင့်ကား ဘာမှမဆိုင်ပါ။ ကံချင်းမပြိုင်နိုင် ဘုန်းသမ္ဘာချင်းမပြိုင်နိုင် ဖုဿရထားဟာလဲ အသက်ဝိညာဉ်မရှိပါ။ အာဇာနည် မြင်းများကလဲ တိရစ္ဆာန်များပါ။ ဒါပေမဲ့ လုင်၏ ဘုန်းကံ သမ္ဘာ ပါရမီတော်ဟုန်ခါတ်အရှိန်ကြောင့် ဖုဿရထားလာ၍ ဆိုက်ပေးရပါသည်။ ဖုဿရထားလာပုံကို ကြည့်ကြပါအုံးတော့။ ပထမဦး နန်းတော်ကို သုံးပတ်ပတ်၍ ဥယျာဉ်တော်သို့လာသည်။ ဥယျာဉ်အတွင်းသို့ ရောက်ပြန်တော့လဲ ကျောက်ဖျာကို သုံးကြိမ်ရစ်ပတ်၍ ဝင်လာပါသည်။ ကျောက်ဖျာရှေ့၌ ဆိုက်ကပ်တော့လဲ အရှင်မင်းမြတ်ကြီး တက်၍စီးနင်းတော်မူပါဘုရားဟု လျှောက်ထားသကဲ့သို့ အဆင်သင့် ဆိုက်ကပ်ပါပေသည်။ ဒဲ့ဒါ ပါရမီအရှိန် ကံအရှိန် ခါတ်အရှိန်ပါဘဲ။ ဤဥပမာလိုပင် ယခု ယောဂိများမှာလဲ သူတို့၏ ပါရမီကြောင့် ခါတ်ကြီး ၄ ပါး၊ ၆ ပါး၊ ၈ ပါး၊ ၁၈ ပါး ခါတ်ပေါ်၍ ဆိုက်ရောက်၍ နေတာဟာ ပါရမီရိုပ် ကံရိုပ် ခါတ်ရိုပ်ပါဘဲ။ ဇနကမှာ တိုင်းခရိုင် နိုင်ငံနှင့်တန်လို့ ထိုက်လို့ ထီးနန်းကြဋ္ဌန်းနှင့် ထိုက်တန်လို့ ဖုဿရထားဆိုက်၍ပြီတာပါ။ ဤပမာလို ယခုယောဂိတွေလဲ ခါတ် ၄ ပါး ၆ ပါး၊ ၈ ပါး၊ ၁၈ ပါး ဖုဿရထား ဆိုက်၍နေပြီဖြစ် အရိယာ တိုင်း ခရိုင်ဖြစ် နိုင်ငံနှင့် ထိုက်တန်ပါတော့သည်။ အပါယ်တံခါးပိတ် ဆင်းရဲသံသရာပြတ် ဘုံစည်စံ သိန္ဓိကြီးကိုးတန်ရ (၆၇) ဆင့်ဖြင့် မြင့်ချင်တိုင်း မြင့်၍ တက်၍ သွားတော့မည်ဆိုတာ ခါတ်အရိပ်ကပေါ်၍ ပြလျက်နေပါတော့သည်။

## (၂) ဇနကၫ်ခြေဖဝါးဒို့ ခါတ်ရိပ်ကံရိပ်များ။

ဤမျှနှင့် မနေသေးဘဲ ပုရောဟိတ်သည် အိပ်စက်၍နေသော လုင်၏ ခြေလွှာကိုပင့်ပြီးတော့ ခြေဖဝါးကိုကြည့်ရာ ခြေဖဝါးဒို့ ပါရဒီရိပ် ကံရိပ် ခါဘ်ရိပ်လက္ခဏာကို တွေ့မြင်ရပြန်သဖြင့် ပုရောဟိတ်က လက်ဖျားများ ခါကာပြလျက် အရိမ္ဘားမတ် ဗိုလ်ပါတို့ ဤလုင်ကား အုံဘွယ်သရဲ ထူးကဲလေ စွတကားခြေဖဝါးဒို့ စက်များပါလေပြီ။ ဤလုင်ကား တာဝိုင်းတပြည်ကို မဆိုထားနှင့်အုံး ဇမ္ဗူဒီပါ တကျွန်းလုံးဒို့ ဧကရာဇ် မင်းကြီးလဲ ဖြစ်နိုင်ပါပေသည်။ ဤမျှမကသေး ဤလုင်ကား ကျွန်းငယ် နှစ်ထောင်ရုံတဲ့ ကျွန်းကြီး လေးကျွန်းတွင် တန္တိတန္တိနှင့် စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်သော စကြာဝဠာ အလောင်းတော်လည်း ဖြစ်ပေတော့သည်။ အဲဒါလို ချီးကြူး မြွက်ဆိုလေး သြဘာပေးပြီးတော့တိုင်း ခရိုင်နှင့် နိုင်ငံတော်ကိုဌင်း။ ထီးရော နန်းရော ကြဍုန်းရော ရှိသမျှကိုဌင်း ပုံ၍ အပ်နှင်းပြီး မင်း၏အာဘိသိက်ကို ခံယူစေတော့သည်။ ဤဥပမာလို ယောဂိများ ပေါ်သော ခါတ်တရား အခြေခံ၌ ခယလက္ခဏာတွေ ဝယလက္ခဏာတွေ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတွေ ပြ၍နေတာနဲ့ အရိယာနှင့်ဆိုင်သော တိုင်း ခရိုင် နိုင်ငံကို ဌင်း။ ထီးနန်း ကြဍုန်း အခမ်းခမ်းကိုဌင်း။ ပါရဒီကံက နှင်းအပ်၍နေပါပြီ ပရိညာ၊ ပိသုဏ္ဍိ၊ ဥာဏ်စဉ်ရောက်အောင်လက်ခံမိုးစံ စိမ်အုပ်ချုပ် မင်းလုပ်တော်မူကြပါ ယောဂိတို့။ တသံသရာလုံး အနိစ္စ စကြာယာဉ်၊ ဒုက္ခစကြာယာဉ်၊ အနတ္တစကြာယာဉ် ဆိုက်ပြီးမို့။ ဓမ္မစကြာ မင်းမြတ်စွာ ဘွဲ့ကိုခံယူပြီးတော့ တသံသရာ ကာလပတ်လုံး စိုးစံကြပါကုန်။

---

## (၃) မြစ်ကြီးသုံးတန်ခါတ်ပေါ်လို့ ကူးကြပုံ။

ကုက္ကုဆုဝတိပြည်ရှင်ဘုရင်မင်းမြတ်ကြီး မဟာကမ္ပိုနမင်းဟာ။ အမတ်တထောင်ဖြင့်ခြံရံလျက်မြင်းစီးပြီး ထွက်လေသည်။ မိဖုရားကြီး အနော်ဇာ ဒေဝီလဲ အမတ်ကတော် တထောင်ခြံရံပြီးတော့ ဘုရားထံသို့ရထားစီးပြီး ထွက်လာကြလေသည်။ ပထမ စန္ဒဘာဂါမြစ်သို့ရောက်တော့ ဘုရားဂုဏ်တော်ကို ဆင်ခြင်ရာ။ အာဝေပါခါတ် မြစ်ရေတွေဟာ ပထဝီခါတ်ကျောက်ဖျာကြီးဖြစ်၍ ခံယူလေသဖြင့်။ မြင်းနှင့် ရထားနှင့် မင်းမှူးမတ်ကတော်တွေ ၂၀၀၀ ကျော်တို့ ကူးမြောက်ကြပါသည်။ တဖန် မြစ်တဆုသို့ရောက်သဖြင့် တရားတော်၏ ဂုဏ်တော်ကို ဆင်ခြင်ကြသည်။ မြစ်ရေတွေ အာ

ပေါ်ဓါတ်ဟာ ကျောက်မျှပထဝီဓါတ်ဖြစ်၍ ခံယူပြန်သည်။ ကူးကြရာ ဘဝန် မြစ်ကဆသို့ရောက်သဖြင့် သံဃာတော်၏ ဂုဏ်တော်ကို ဆင်ခြင်ရာ အာပေါ်ဓါတ်ရေမျှားဟာ။ ပထဝီဓါတ် ကျောက်မျှာကဲ့သို့ဖြစ်၍ ခံယူပြန်သည်။ မြင်းရထားတွေဖြင့် ကူးသန်းကြရာ။ မြတ်စွာဘုရား ကိုယ်တော် တိုင်ပင် ခရီးအလယ်လောက်က ကြိုဆို၍ ရောင်ခြည်တော်ပြကာ လာ၍ ခေါ်ပါသည်။ ဘုရားနှင့် တွေ့ကြတော့။ အားလုံးပင် ဗေဟိဘိက္ခု ရဟန္တာ မျှားဖြစ်ကြပါသည်။ အဲဒါ ဓါတ်ဖြင့် ထွက်မြောက်ကြပုံ သက်သေပါတဲ့။

## (၄) ဘုရားအလောင်း၏ကိုယ်ခန္ဓာ၌ ဓါတ်ရိပ်များ။

မြတ်စွာဘုရား၏ အလောင်းတော်ကို လုမ္ဗနီအင်ကြင်းတော၌ ဖွားမြင်တော့ အလောင်းတော်၏ ကိုယ်ခန္ဓာဟာ လူနတ်ဗြဟ္မာ သတ္တဝါတွေနှင့် မတူတော့ဘဲ။ပါရမီရိပ် ကံရိပ် ဓါတ်ရိပ်ကြောင့်။၃၂ ပါးသော လက္ခဏာ တော်ကြီးများ (၈၀) သော လက္ခဏာတော်ငယ်များ အသံတော်ရှစ်ပါး ခြေဖဝါးတော်၌ (၁၀၀၈) ကွက်သော စက်လက္ခဏာ တော်များပါ၍ ပြည လျှက်ရှိပါတော့သည်။ အဲဒီ လက္ခဏာတော်တွေ မြင်ကြလို့ နိမိတ်ဖတ်တဲ့ ပုဏ္ဏားတွေက လူဘဝနဲ့ နေရင်တော့ ဧကန္တ စကြာမင်းဖြစ်မှာဘဲ။ရဟန်း ဘဝနဲ့နေရင်တော့ ဧကန္တ ဘုရားဖြစ်မှာဘဲဟု နိမိတ်ဖတ်ကြရပါသည်။ ဖတ်တိုင်းပင် ဘုရားဖြစ်၍လာတော့၏။ဤအကြောင်းကိုသုတ်မဟာဝါပါ၌ တော် ဝိပဿီဘုရားအခေတ်း၌ဖတ်။ သုတ်ပါထေယျပါ၌တော် လက္ခဏ သုတ်တော်၌ဖတ်။ အုပ်ဖို့ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ၃၂ ပါးသော လက္ခဏာတော်ကြီး ဘုရားရှိခိုး ပါဠိ အနက်၌ဖတ်။ ဒီ ကံ ကြောင့် ဒီလက္ခဏာတော် ပေါ်လာရသည်။ ဒီလက္ခဏာတော်ကြောင့် ဒီအကျိုးကိုရသည်ဟု အကြောင်းအကျိုးဆက်စပ်၍ရေးသားကြပါသည်။ ယောဂီများမှာလဲ့ရှေးကံကြောင့် ပါရမီကြောင့် ဓါတ်လက္ခဏာပေါ်လာပြီ ဖြစ်ရာ။အကျိုးထိုင်တန်း စိတ်တွေ့လန်းအောင်တန္တမ်းရွတ်ကြီးအကျိုးပေး ပါတော့မည်။ကြိုးစားအားတုတ်တော်မူကြပါကုန်။

## (၅) ယောဂီများ၏ဓါတ်ပေါ်အကျိုးရမည်ပုံ။

ဗမာပြည်၌ နေရာပေါင်းများစွာမှာ ငွေဓါတ်များပေါ်လို့ ရွှေဓါတ်များ ပတ္တမြားများ ကျောက်စိန်များ ရေနံများ ပုလဲများ ဘီးလပ်မြေများရေနံ

များ သံကျောက်ခါတ်များ ခဲခါတ်များ ကျောက်မီးသွေးများ ကျွန်းသစ်များ ပျင်းကတိုးသစ်များ ဆန်စပါးများ ပဲအမျိုးမျိုး ဂျုံ အာလူး လဘက်ကြက်သွန် ငြုတ် ဆေးပြောင်း ဝါ အစရှိသော ရတနာမျိုးစုံ ထွက်သော တိုင်းပြည်မှ အင်္ဂလန်အမေရိကန် ဂျာမန် ဂျပန် စသော တိုင်းပြည်များ၌ ဂုဏ်ရှိလှပေသည်။(ၜင်းအကြောင်းကို(ဗမာပြည်ရတနာလေးမျိုးပဒေသာ ပင်ကြီး)အခဏ်း လက်တွေ့ဥာဏ်စည်ကျမ်း၌ပါရှိလေပြီ။ ထို့ကြောင့်ပင် ဗမာများသိတ်ပြီးမပင်ပန်းဘဲနှင့်လုပ်ကိုင်နေထိုင်ကြရလေသည်။ဤဥပမာ အတူပင်။ ယခုရှိကြတဲ့ယောဂီတွေမှာလဲ ပရမတ္ထတရား ရတနာကြီးတွေ ဟာ ၃၂ ပါး၊ ပရိညာ ၃ ပါး၊ ဝိသုဒ္ဓိ ၇ ပါး၊ ဥာဏ်စည် ၁၆ ပါး၊ ဗောဓိပက္ခိယ ၃၇ ပါး စသည်တို့ပေါ် ထွက်နေပါသဖြင့် တသံသရာကာလပတ်လုံး(၆၇)ဆင့် မြင့်တက်ရတော့မည်။ အပါယ်တံခါး ပိတ်ရတော့မည်။ ဆင်းရဲသံသရာ ပြတ်စဲရတော့မည်။ဘုံစည်စံရတော့မည်။သိဒ္ဓိကြီးကိုးတန် ရတော့မည်။

---

## (၆) ဘုရားကသားတော်သို့မီးတော်များအမွှေပေးပုံ။

၁၃၁၈ ခုနှစ်၊ တန်ဆောင်မုန်းလွှဲ(၁၂)ရက်နေ့ရန်ကုန်မြို့မှအိန္ဒိယပြည်ကာလကတ္တားမြို့သို့ လေယာဉ်ပျံနှင့်ရောက်သွားတော့။ ကုလားလူမျိုးတွေဟာ ၂ ထပ်တိုက်တွေ ၃ ထပ် ၄ ထပ် ၅ ထပ်ကစပြီး (၁၁) ထပ်တိုက်ကြီးတွေ တည်ထောင်၍ အခန်း ၄ါးပြီး (လခ) အမြတ်နှင့် ငေးဆေးဆေး စားသောက်၍နေကြသည်။ၜင်းတို့၏သားသို့မီးများကိုတိုက်ပင် အမွှေပေးကြလေသည်။ (ပဒေသာပင်တည်း။) လစဉ်ငွေများများကြီးရရှိကြ၏။ ပေလေးဆယ် ပတ်လည်၌ ၄ ထပ်တိုက် ငါးထပ်တိုက်များ ဆောက်လုပ်၍ သားသို့မီးများမပင်ပန်းရအောင် အမွှေပေးထားသည်။အချို့တိုက်ကြီးများကား အခန်းကြီးပေါင်း (၅၀၀-၆၀၀) မျှရှိ၏။ တခန်း တဆိုင်ငှါး၍ဈေးရောင်းစားကြလေသည်။ တိုက်ပိုင်ရှင်များနေတော့။ မြို့ဝန်မြို့ဖျားမှာ ဝင်းခြံနှင့် ဥယျာဉ်နှင့် ငေးမြေမြေနေကြလေသည်။ဆဲဒါ ဥပမာပါဘဲ။ ဥပမေယျကား ငါတို့၏အဘ ဘုရားကြီးတွေဟာလဲ ကုလားလူမျိုးကဲ့သို့ပင် လူနတ်ဗြဟ္မာသတ္တဝါဆိုတဲ့သားသို့မီးတွေ မြီးမြစ်တွေ တိ ကျတ် ဆတ် မျှော့တွေပါ မကျန်ရအောင်၊ တသံသရာ ကာလပတ်လုံး ငေးမြေမြ

ဌေးဌေးလှလှကြွယ်ကြွယ်ဝဝထယ်ထယ်ဝါဝါဂုဏ်ရိုက်ရိုနှင့် နေသွားနိုင်ရန် ၎င်းတို့ဘို့ တိုက်ကြီးတွေဘည့်ထောင်ပြီးတော့ အမွေမျှားပေးခဲ့ပါတယ်။ ခါတ် ၎ ပါး၊ ၎ ထပ်တိုက်တွေ။ ရုပ်နှာမ် ၂ ပါး ၂ထပ်တိုက်တွေ ထို့အတူ လက္ခဏာရေး ၃ ပါး၊သစ္စာ ၎ ပါး၊ခန္ဓာ ၅ ပါး၊ ခါတ် ၆ ပါး၊ ခါတ် ၈ ပါး၊ ခါတ် ၁၈ ပါး၊အာယတန ၁၂ ပါး၊ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး ၁၈ ပါး၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ပရိသာ ၃ ပါး၊ ဝိသုद्धि ၇ ပါး၊ ဥာဏ်စဉ် ၁၆ ပါး၊ ဗောဓိပက္ခိယ ၃၇ ပါး စသော (၃၇) ထပ်တိုက်တာကြီးတွေ ခမ်းခမ်း နားနား ဆန်းဆန်း ပြားပြားဆောက်လျှက် အမွေမျှားပေးသွားကြပါတယ်။ (၁.၂.၃.၄. ကစ၍ ၁၈၊ ၂၄၊ ၃၇) ထပ်အထိ၊ ကြီးကျယ်စွာအမွေပေးပေါ့။ အချို့သောသားသီး အရှေကြောင်ကြောင် ပေါ့သွတ်သွတ်၊ ရူးရူး နှမ်းနှမ်းတို့က ဘုရားပေးတဲ့ တိုက်တာတွေကိုမယူကြဘူး။ [ပုထုဇဉ်နော၊ ဥမ္မတ္တကော] ပုထုဇဉ်ဆိုတာ အရူးအနှမ်းချည်းဘဲဆိုတာ အချမ္ဘာအပြုံလိုက် အစုလိုက်တွေ့ရပါတော့တယ်။ [ပုထုဇဉ်နော၊ ဗာလော ပုထုဇဉ်နောအန္ဓော] ပုထုဇဉ်ဆိုကာ လူမိုက်ချည်းဘဲ။ အကယ်ားချည်းဘဲဆိုတာ၊ အချမ္ဘာဘဲ မျှားမျှားကြီးတွေ့ရပါတော့တယ်။ တသံသရာလုံးချမ်းသာမည့် ပဒေသာတိုက်တာကြီးတွေကို ပေးတာ မယူချင်ကြတာမျှားဘယ်တော့ဆွေပူးလို့လဲကွယ်။

(ပုထုဇဉ်နဘာဝေါ၊ အဟော၊ ဘာရိယော။)

---

## (၇) ဒေါ်ခင်ခင်အင်း၊ ကံရိပ်-ခါတ်ရိပ်။

မော်လမြိုင်မြို့နယ် အရှေ့တောင် အညွှန်ရံမြစ်နားဌ ဒေါင်ခင်အင်းဆိုတာ ရှိ၏။ ထူးဆန်းလှ၏။ ဆုံ့ညြောဘွယ်ကောင်းလှ၏။ အညွှုပ္ပါဒိကား။ ဟိုရှေးအခါဌ အညွှန်ရံဟာ မြို့တော်ပြည်တော်ကြီးဖြစ်ခဲ့ဘူးသတတ်။ ထိုပြည်ဌစိုးစံတဲ့မင်းဟာတနေ့ကြတော့ရဟန္တာတပါးဆွမ်းခံကြွလာသည်ကို သပိတ်ယူပြီးတံထွေးထွေးထဲ့လျှက် ပြန်၍လှူသတဲ့။ တခုလဲအမိဌ ဖြစ်မှားဘူးတာလဲရှိသေးသတဲ့။ အဲဒါနှင့် ဖြစ်မှားတဲ့နေရာမှာပင်မြေကြီးဟာ သံပုရာပိုင်း ဒယ်အိုးကဲ့သို့ နိမ့်ရှိုင်းလာပြီးတော့ ထိုမင်းကို ထိုနေရာဌပင် မြေမျိုပါရောတဲ့။စပါးမျှားလဲအပုံလိုက် အစုလိုက် ကျောက်စပါးမျှားဖြစ်ကုန်ကြတော့၏။ ယခုအထိရှိသေး၏။ ဒယ်အိုးသဏ္ဌာန်လဲတွေ့ရသေး၏။ ထိုမင်းနှင့်အတူ အလိုပါ၊ အလိုတူသောယူမျှားဟာလဲ။ ထိုဒေသဌပင်

ငရဲခံကြရ၍ ရေပူတွင်းတွေ (၈) ခု (၉) ခုခန့်တွေ့ရပါသည်။ အဲဒီတွေ့တလှလှနှင့် ထိုရေပူတွင်းတွေထဲ၌ ရေပူငါးဖြစ်ပြီး နေကြတာ လူတိုင်းတွေ့မြင်ရပါသည်။ ထိုရေပူကျောင်း ဘုန်းတော်ကြီးကျောင်း ၂ ကျောင်းရှိပေ၏။ အုံးပင်တွေကားရေပူနွေ ရေပူခါတ်ရသဖြင့် စိမ်းဝိုသိုးလှပေ၏။ ထိုကဲ့သို့သော၊ ရေပူတွင်းမျိုးကား ဘိလူးကျွန်းကညောင်ရွာအနီး၌တတွင်းရှိ၏။ ရေပူနှင့်ရေစေပ်၍ချိုးလျှင် ဝဲနာ ယားနာပျောက်ဘူး၏။ သိုဟိုဋ္ဌ ကျွန်း ကိုလံဘိမြို့မှ (၂၅၈) မိုင်ကွာသော (ကာကစ်ဆံတုရေ) မြို့နယ် ပင်လယ်ကမ်းနားစပ်၌၊ ရေပူတွင်းတခုရှိသေး၏။ ရာဇပြိုဟ်မြို့ တပေါ ဒါမြစ် ရေပူကန်မျှားရှိသေး၏။

## (၈) မင်းဘူးမြို့အနီး၌နဂါးပွက်တောင်။

၁၃၁၅ ခုနှစ် မြာသိုလ လောက်က တရားဟောရင်း တရားပြသရင်း မင်းဘူးမြို့သို့သွားရောက်ခဲ့၏။ ဇရာတိမြစ်နဖူးကမ်းထိပ်ရှိ စက္ကတဲ တောင်ပေါ်ဘုရားဖူးရင်း ဟိုဟို ဒီဒီ လှည့်ပတ်ကြည့်မိရာ။ မင်းဘူးမြို့၏ တောင်ဘက် ၂ ဖာလုံ ၃ ဖာလုံ အကွာလောက်မှာ၊ ပြိုပြိုမွှေးမွှေးကြီးတွေ ချဉ်တောင်ပို့ပုံစံကဲ့သို့ ဖွေ့မြင်ရတော့။ ဒါတွေဟာ ဘာလုပ်တဲ့တောင်ပို့ကြီးတွေလဲ ၁၅ ပေလောက် မြင့်၏။ မျှားလဲမျှား၏။ ဘာတွေလဲဟုမေးတော့။ (ခါတ်ပေါ်တဲ့) ဆွံ့မီးတောင်တွေပါဘုရား။ နဂါးပွက်တောင်လို့ လဲခေါ်ကြပါသည်ဘုရားဟု လျှောက်သဖြင့် သွားရောက်ပြီးကြည့်ကြရာ။ အနုတ္တရအနေနဲ့ ခါတ်ပေါ်တာ သက်သေပြသနိုင်တော့၏။ ပထမဝယ် တွင်းထဲမှ ဆွံ့တွေပွက်ပွက်ထပြီး ရှစ်ဘက်စီးကျရာ၊ (၁၅) ပေမြင့် (၇) ပေမြင့် တောင်ပို့ကြီးတွေဖြစ်၍နေကော့၏၊ ဆွံ့ရေနှစ်စီးချောင်းတွေကား သူ့ဟာ သူဖြစ်သာမို့ သိပ်ပြီးဆန်းကျယ်လှ၏၊ ကွေ့ကောက် စီးဆင်းတာမျှသာ ပဏ္ဏာရေလှပေ၏၊ (အတ္တနောသဘာဝံ ဓါရေတိတိ ဓါတု) သူ့သဘော သူ့ဆောင်တာမို့ ငါမပိုင် ငါမဆိုင်အလိုမလိုက် အကြိုက်မပါ အနုတ္တသာတည်းဟု အနုတ္တသဘော ပေါ်လောကြီး ဘွင်းဘွင်းကြီးပေါ်နေ၏။

## (၉) ဌေထောင်ပြည်အနီးက ထီးအင်း။

ကယားပြည် (ကရင်နီနယ်) လွယ်ကော်မြို့မှ (၉) မိုင်လောက်ဝေးကွာသောအရပ်၌ ဌေတောင်ပြည်ဆိုတာရှိ၏၊ ယခုရှာသာဖြစ်၍နေ၏။

ငွေတောင်ပြည်အနီး၊လယ်ကွင်းထဲ၌ ထီးအင်းဆိုတာယခုလဲရှိ၏။ ထိုထီးအင်း၌ ထူးဆန်းအံ့ဩဖွယ်ကား (၁.၂.၃.၄.၅.၆.၇.) ရက်များတွင် ရှိုးပွက်ကလေးတွေဟာ အနှံ့အပြားထထပွက်တော့ သပိတ်လောက် ထီးသဏ္ဌာန်ပေါ်ပြီးမှ ပျက်သေသည်။ ထူးဆန်းလှပေစွ တနေ့လုံး ဤပုံစံပင်တည်း။ လဆန်း (၇) ရက် လဆုတ် (၇) ရက်နေ့များသို့ ရောက်တော့ ရှိုးပွက်တွေဟာ ဟိုနေရာက ဒီနေရာက ထထပြီးပွက်ကြရာ။ ပကတိ ထီးသဏ္ဌာန်လောက် ကြီးကြီးပေါ်ပြီးမှ ပျောက်ပျက် နောက်ဆက်၍ ပေါ်လျက်နေသည်။ ပိုရိုးထူးဆန်းလေစွတကား။လကွယ်နေ့ရောက်တော့ကား ရှိုးပွက်တွေဟာ (၁၀) ပေပတ်လည်မျှ ကြီးသော ထီးသဏ္ဌာန်ပေါ် ၍ ပျက်သည်။ပေါ်လိုက် ပျက်လိုက်နှင့် နေပါသည်။လပြည့်နေ့များကြတော့ကား။ တအင်းလုံးမှ ရှိုးပွက်တခုထဲ ပွက်ပြီး တအင်းလုံးအပြည့် ထီးဝန်းကြီးဖြစ်၍ ပေါ်လိုက် ပျက်လိုက်နှင့် ခါတ်သဘောကို ထောက်ခံ၍ နေပါသည်။ လွယ်ကော်မြို့ရှိ အသောကာ၏ ကမ္ဘဏ္ဍာန်းကျောင်းတိုက်ကား လူစည်ကားလှ၏။ (၁၀) ဘုန်စ် အတွင်း ခါတ်ပေါ်အောင် ပြသပေ၏။ ရုပ်နာမ်ခွဲပြ ပညတ် ပရမတ်ခွဲပြနှင့် အတော်ပင်အနုစိတ်၍ ပြသပေ၏။ တရားပြဆရာကား ဒါယကာ မောင်ကြည်ပင်ဖြစ်၏။ဥာဏစာဂိ မဟာထေရ်၏ လက်ရုံးတော်တပည့် ပညာရှိပေတည်း။ စာလဲတတ်၏။ အတွေ့လဲ များလှ၏။ ဝိရိယလဲရှိ၏။ ဇွဲမဲလဲကြီးလှ၏။ စော်ဘွားများ တစု ဝေးသားများ တစု နယ်သားများတစုက အားပေးကြသဖြင့် ကြီးကျယ်စည်ကားလှပေသည်။

---

## (၁၀) သာသနာ (၅၀၀၀) စေ့ခါတ်တော်တွေစု၊ ဘုရားသဏ္ဌာန်တော်။

မြတ်စွာဘုရားပရိနိဗ္ဗာန် ပြုပြီးက ထားခဲ့သော ခါတ်တော်များသည်။ အနယ်နယ် အမြို့မြို့ အတိုင်းတိုင်း အပြည်ပြည် အရပ်ရပ်၌ ပြန့်နှံ့ကြပြန့်၍ အပူဇော်ခံကာနေသော်လည်း သာသနာတော်ကြီး အနှစ်ပေါင်း(၅၀၀၀) စေ့မြောက်သောအခါဝယ်။ ၎င်းခါတ်တော်များဟာ သိဟိုဠ်ကျွန်းအနီးရှိ နာဂဒီပကျွန်း ရာဇာယနစေတီ၌ စုဦးမည်။ ၎င်းမှ သိဟိုဠ်ကျွန်း အနုရာဝမြို့ မဟာစေတီ၌ စုဦးမည်။ ၎င်းမှတဖန် အိန္ဒိယပြည် ဂယာမြို့အနီး ဗုဒ္ဓ

ဂယာ အရပ်၌ မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်နှင့် ဣသိပတ္တလင်ပေါ်၌ ဓါတ်တော်အားလုံး စုရုံး၍ ဘုရားရှင်ကြီး၏ပုံသဏ္ဌာန်တော်ကို ဆောင်ပြီး (၇) ရက် အဖူးအမျှော် အပူဇော်ခံလိမ့်မည်။ ထိုအခါဝယ် စကြာဝဠာတသောင်းမှ ရောက်လာကြသော နတ်ဗြဟ္မာများသာ ဖူးတွေ့ကြရမည်။ လူများမှာမူကား မိုဃ်ဆွဲဒီဠိတွေဖြစ်၍ရင်း။ သာသနာကွယ်ပြီ ဖြစ်၍ရင်း။ မဖူးကြရတော့ပါ။ ဝမ်းနည်းစရာပင်တည်း။

နိကာယ်ငါးရပ်၊ အဋ္ဌကထာ ဝါကျမ်း၊ဝိသုဒ္ဓိမဂ်ကျမ်း၊ သာရတ္ထဒီပနီ ဋီကာကြီးများ၌ မိန့်ဆိုထားကြပါသည်။ သူသာဘော သူဆောင် ငါနှင့် မဆိုင် ငါပိုင်မရ အနတ္တသာတည်း။

---

## (၁၁) ပဋ္ဌာန်းကား မီးသွေးဖြစ်ပုံ။

သိဟိုဠ်ကျွန်း သင်္ဘောဆိပ်နေ မယ်ဟောမာသည်။ ကလေးကတဲက ဓမ္မစကြာ ဒေသနာတော်ကို ပါဠိတော်ရော အဋ္ဌကထာရော နှတ်ဝယ်ဆောင်ထား၏။ ရှုတ်လဲ ရှုက်ဘတ် သရဏ္ဏယ်ပေ၏။ ထိုမယ်ဟောမာသည် အရွယ်ရောက်တော့ ဇမ္ဗူဒီပက လုင်နှင့် အိမ်ထောင်ကျ၍ နေ၏။ လုင်သည် မယားကို အိမ်မှာထားပြီး လေနှင့် ပစ္စည်းရှာရန် မိဘအရပ်သို့ သွားရ၏။ တနေ့သ၌ မယ်ဟောမာသည် ခင်ပွန်းကို သတိရ၍ ခင်ပွန်းနောက်သို့လိုက်ရန် လေဆိပ်၌ လေကိုရှာရာ မတွေ့သဖြင့် ၂၂ မိုင်ကျယ်သော ပင်လယ်ကို ကူးတော့၏။ ပင်လယ်စောင့် နဂါးများနှင့်တွေ့၍ မေးရာ။ ပြောပြတော့ တပ်ပြီး ကာမရာဂဟာ ဆိုးဝါးပါကကားဟု ကဲ့ရဲ့၏။ အပြစ်ဆို၏။ မယ်ဟောမာကလဲ ဒါလောက်နဲ့မျှား အပြစ်မတင်သင့်ပါ။ အကျွန်ုပ်ဟာ ဓမ္မစကြာကို ပါဠိရော အဋ္ဌကထာရော ဆောင်ထားတဲ့ ဒိပေါမပါဟု ပြော၏။ နဂါးများလဲ တရားနာခံလိုသူသဖြင့် ရေပေါ်မှာ ပဏ္ဍင်နှင်ကော်ပြီး ဟောကြားစေ၏။ တရားဆုံးလျှင် မယ်ဟောမာကို ပဋ္ဌာန်းတလုံးပူဇော်ပြီး သူ၏ခင်ပွန်းအိမ်သို့ အရောက်ပို့ပေ၏။ လုင်လဲဘဲ မယားယူရ၊ ပဋ္ဌာန်းလဲရသဖြင့်၊ ဇေဖြမြနှင့်နေပေ၏။ ထိုအကြောင်းကို ဘုရင်လဲလျှင် လူရော ပဋ္ဌာန်းရော အယူခိုင်းပြီး။ မဟာရားဘဲ ပဋ္ဌာန်းကို သိမ်းသိလေ၏။ ဘုရင့်လက်ထဲသို့ ပဋ္ဌာန်းရောက်လျှင် မီးသွေးခဲ ဖြစ်တော့၏။ ဘုရင်လည်း အုံ့ဩလျက် ပြန်၍ပေးပြန်ရာ ပဋ္ဌာန်းပင် ဖြစ်တော့၏။

(မထိုက်ရင်မရ) ဆိုတာကို ဘုရင် ရိပ်မိသဖြင့် အပြစ်ကို တောင်းပန်ပြီး ကော့ နာဂဒီပကျွန်းကို အပိုင်စားပေးသဖြင့် မယ်ဟောမာနာမည်မှ (မယ်နာဂါ) ဆိုတဲ့ နာမည်ဖြင့် ကျော်စောလေသည်။ လင်မယား ၂ ဦး ကျွန်းဘုရင်ဖြစ်၍ ဗမ္မစ်ကျွာ သာသနာကြီး ပြန့်ပွါးသွားလေ၏။ ဝါတ်သဘောကား။ (ပဏ္ဍာမြားမှ မီးသွေးဖြစ်၊မီးသွေးမှ၊ ပဏ္ဍာမြားဖြစ်နှင့် သူ့သဘော သူ့ဆောင်၍နေပေသည် အံ့ဘွယ်တည်း။)

## (၁၂) အကုသိုလ်ဝါတ်ရိပ်၊ ကံနိမိတ်။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး၍ အနှစ်ပေါင်းတရာ စေ့မြောက်သော အခါ။ ကာလာသောက မင်းဟာရားကြီး၏ လက်ထက်၌ ရဟန်းတို့သည် ဆယ်ဌာနဖြင့် သာသနာတော်ကိုပေါ့လျော့ တိမ်းစောင်းအောင် သိက္ခာပုဒ်ကို ပြစ်ပယ်ကြကုန်၏ ထိုအခါ အရှင်မဟာယသ အမှူးရှိသော သံဃာတော်များက တိမ်းစောင်းနေတဲ့ ဆယ်ဌာနကို တိမတ်အောင် ပေါဒပြုကြရာ။ ဝဘိုလ်းနှင့်တဘိုလ်း ကွဲပြားကြကုန်တော့၏။ သိက္ခာပုဒ် ဆယ်ချက်ကိုမျက်တဲ့ဂိုလ်းကမဟာယာနဂိုလ်း။တိမတ်သောဂိုလ်းကဇထရ ဝါဒဂိုလ်း။ အဲဒါလို ၂ ဂိုလ်းကွဲတော့ မဟာယာန ဂိုလ်းသားတို့သည်။ နိုင်လိုကြသဖြင့် မင်းနှင့်ကပ်၍ အနိုင်ကျင့်ကြရန် မင်းထံသို့သွားကြကုန်၏။ မင်းက အဘယ်ကိစ္စကြောင့် ကြွလာကြပါသနည်းဟု မေးတော့။ မဟာယာနဂိုလ်းသားတို့က အသင်မင်းကြီး ငါတို့ဟာ သင်မင်းကြီး၏ ဆရာသမားတို့တည်း။ငါတို့ဘာသာ ဆရာအစဉ်အဆက်အတိုင်း သိက္ခာပုဒ်(၁၀) ချ၌ ကျင့်မြဲ ကျင့်ကြံကာ နေကြပါသည်ကို ဇနပုဒ်သားရဟန်းများက ဒါမအပ်ဘူး ဒီအတိုင်းဘုရားမပညတ်ဘူးဟူ၍ အဓိကရုဏ်းဖြစ်ရန်။ လှုံ့ဆော်၍နေကြကုန်သည်ဟု ကုံးတိုက်ကြလေ၏။ မင်းလည်းဆရာတည်းဟူသော သံယောဇဉ်ကကပ်ငြိပြီးသားမို့ ဒီအတိုင်းမှန်ပါလျှင်အဓိကရုဏ်းဖြစ်စေရန် လှုံ့ဆော်သောရဟန်းတို့အားဘမ်းစေ တားဖြစ်စေဟု အလန္ဒီဘက်က အားပေးလေသည်။အဲဒါဟာ ဘုရင်ကြီး မှားယွင်းပုံကည်း။

ညအချိန်ရောက်သောအခါ။ အာဏာပေး၍အလန္ဒီကိုချီးမြှောက်သော ကာလာသောကမင်းဟာရားကြီးမှာ ဝရဲသံ ဝရဲနိမိတ်များမြင်၍အကုသိုလ်

ကံရိပ်၊ ဓါတ်ရိပ်များတွေ့မြင်လျှက် ပူပင် ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်၍ သာနေရှာလေသည်။

ကာလသောကမင်းတရား၏နှစ်မတော် ရဟန္တာထေရိမကား ထိုအကြောင်းကိုသိ၍ လာရောက်ပြီး ပြောပြချင်ပါသော်လဲ ညအချိန်ဖြစ်၍ သိက္ခာပုဒ်ပြိုမည်စိုးသောကြောင့်မလာဘဲ အာရုံတက်လျှင်တက်ချင်း နန်းတော်သို့ထေရိမကြွလာခဲ့ပြီး ညကဘာဖြစ်သလဲဟုမေးတော့။ မင်းက ငရဲသံကြားရကြောင်း ငရဲနိမိတ်မြင်ရကြောင်းဖြင့်ပြောပြပေ၏။ ထေရိမက အဲဒါကိုဘဲကြည့်ပါတော့ မောင်တော်ရယ်။ အလင်္ဂါဘက်ကိုအားပေးပြီး ဆရာ့သံယောဇဉ်ခဲ့ပြီး၊ အမိနှဲ့ပေးမိရုံကလေးနှင့်ပင် မောင်တော်ခံရမည့်ငရဲဟာ၊ ချက်ချင်းရောက်၍လာတယ်မဟုတ်ပါလား။ မောင်တော်ကိုးကွယ်တဲ့ ဆရာများဟာ ဝိနည်းသိက္ခာပုဒ်နှင့်မညီပါ။ ဇနပုဒ်သားရဟန်းတော်များပြောပြကာသာ ဝိနည်းအမှန်ပါ။သို့ကြောင့် ဆရာ့မျက်နှာသို့မလိုက်ဘဲ။ ဘုရားမျက်နှာသာလိုက်ပါရန် အကြံပေးလေ၏။ ဘုရင်လဲ ဩော်-နဲနဲပါးပါး မှား ရုံမျှနှင့် ချက်ချင်း ငရဲနိမိတ် ထင်လာသည်ဟုကြောက်လန့်ပြီးတော့။ဒုတိယ သင်္ဂါယနာဘင်ရန်ဒါယကာခံ၍ ဝေသာလိပြည် ဝါလိကာရုံကျောင်းခ၊ထေရဝါဒရဟန်းများ ဒုတိယသင်္ဂါယနာတင်ကြပါသည်။ ဤကစ၍ မဟာယာနဂိုဏ်းနှင့် ထေရဝါဒဂိုဏ်းကွဲလေတော့သည်။ဗမာ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊လာဝို(စ်)၊ ဖီယက်နံတို့ကား ထေရဝါဒဂိုဏ်းသားတို့ပင်တည်း။

## (၁၃) ဒုတိယသာဓေါမဟာ ဗိဒ္ဓာန်ဓါတ်ရိပ်။

ဇမ္ဗူ။ဒီတ်ကျွန်းပါဌလိပုတ်ပြည်ရှင် ဇေရာဖီဘုရင်မင်းကြီးသိရိဓမ္မာသောကမင်းတရားကြီး၏ သို့ကော် သံဃမိတ္တာထေရိမ ပင့်လာသော ဒုတိယသာခါ မဟာဗောဓိပင်သည်။ အဓိဋ္ဌာန်ဓါတ်ရိပ်ကြောင့် ပင်လုံးလေးပေပတ်လည်ခန့်နှင့် အမြင့် (၁၈) ပေခန့်မျှသာ ယခုတိုင်အောင်အမှုးအမျှင်ခံ၍နေပါသည်။ ၎င်းဒုတိယသာခါ၌ သီးသော အသီးငါးလုံးမှ တပင်စီတပင်စီ ငါးပင်ပွါးရာ။ တပင်မှာ ကလျာဏီမြစ်ကမ်း အနီးရှိ ကလျာဏီစေတီတော်အနီး၌စိုက်ပျိုးပူဇော်ကြပါသည်။ဒုတိယအပင်ကိုမဟိယင်္ဂဏ စေတီအနီး၌။ တပင်ကိုမဟာဂါမ၌။ ၎င်းအသီးမှပွါးလာသော ဗောဓိပင်ငါးပင်တို့မှာတော့။ အပင်လုံးပတ် ပေ(၂၅) ပေခန့်ရှိ၍ အမြင့်

ပေ (၆၀) ခန့်ရှိကြပါသည်။ အဲဒါလိုအဓိဋ္ဌာန်ခါတ်ရိပ်ကြောင့် မကြီးပွါး ဘဲသဘာဝကို ဆန့်ကျင်၍ဖြစ်နေရခြင်းသည်။ ဒကွိဏာသာခါ၏ အုံ့ဩ ဘွယ်ပင်တည်း။

## (၁၄) အာနန္ဒာဗောဓိ၏ ခါတ်အရိပ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတံခါးဝ၌ အရှင်အာနန္ဒာနှင့် ကောသလမင်းစိုက်ပျိုးထားသော အာနန္ဒာဗောဓိသည်လည်း အနုရာဓပြည် မဟာဝိဟာရကျောင်းတိုက်အတွင်းရှိသော ဒကွိဏာသာခါ ဗောဓိကဲ့သို့ ပင် နှစ်ပေါင်း (၂၅၀၀) ကျော်လွန်၍နေပါသော်လည်းယခုအထိ။ ကြီး သင့်သလောက်မကြီးပွါးဘဲ။ အုံ့ဩစရာပင်ဖြစ်၍နေပါတော့သည်။

## အကုသိုလ်ကံ နိမိတ်များ။

၁၅။ ။ဗါရာဏသီပြည်၌ နန္ဒိယသူဌေး၏ဇနီး ရေဝတီဟာ ရဟန်း များအားဆဲရေးတိုင်းထွာယာဇကာတို့အားပြစ်မှားခြင်းကြောင့်၊ ၇ ရက် လုံးတဘောင်ပေါ်ကျွေးကျော် လျှက်ရှိလေ၏။ ၇ ရက်စေ့တော့ ဘိလူး ၂ ကောင်လာဘမ်းပြီး နန္ဒိယ၏ဖခင်ကိုပြ၍ မိဠုကူပ၊ ချေးတွင်းရေ၌ ပြစ်ချခံရသည်။ အကုသိုလ်ကံရိပ်ပင်တည်း။

၁၆။ ။ကမ္ဘာဦး၌ စေတိယမင်းသည်။ မုသာဝါဒပြင့်၊ အကြီးကို အငယ်တဲ့ အငယ်ကိုကော့ အကြီးတဲ့၊လိမ်၍ပြောသောကြောင့်။နှတ် ၄ ဦး ကွယ်ခံရ၏။ မြေရှိုးမိုးပျံ တန်ခိုးကွယ်၏။ မြေမျိုခံရ၏။ အဝီစိကျ၏။

၁၇။ ။ဒေဝဒတ်နှင့်ယသော်ဝရ္ဇတို့၏ခမည်းကော် သုပ္ပဗုဒ္ဓါဘုရင် ဟာ ဘုရားအပေါ်၌ မျှားစွာစိတ်နာလှသဖြင့် ဒေဝဒဟပြည်သို့ ဘုရား ဆွမ်းခံဝင်လျှင် မဝင်ရအောင် လမ်းပိတ်ဘူး၏။ ထိုကံနိမိတ်ကြောင့်။ ဘုံပြိုသန့်ရှုနှစ်ဆင့်၌တက်၍နေသော်လည်း။ လက်ပန်းသည်ကြီးတို့ကာ ဘမ်းချုပ်၍ အောက်သို့ချကြသည်။ စောင်းတန်းဦး၌ပင် သုပ္ပဗုဒ္ဓါအား မြေမျိုခြင်း အဝီစိငရဲ၌ မျှားစွာသောနှစ်သိန်းပေါင်းခံစားရပေသည်။

၁၈။ ။သုပ္ပဗုဒ္ဓါ၏သား ဒေဝဒတ်သည်လည်း ဘုရားအားအမျိုးမျိုး ပြစ်မှားသည့်ပြင်။ သံဃာသင်းခွဲပြီး၊ဘုရားသစ်၊သာသနာသစ်ထူထောင်

ရှာ။ ကံတော့ရအောင်အလာတွင်။ ဇေတဝန်ကျောင်းပ၊ ရေကန်၌၊ မြေ မျိုချ၍အဝိဇ္ဇာပိုင်ရဲ့ အန္တရကပ်ဘကပ်ခံရလေသည်။

၁၉။ ။စိတ္တမာလဝိကာမည်သော ဗိန်းမပျိုသည်၊ တိတ္ထိတို့ဘက်က ကူညီပြီးကိုယ်ဝန်ဆောင်ဟန်ပြု၍ ဘုရားအားစွပ်စွဲရာ။ ဘုရားမျက်စိဘော် မမြင်ရာသို့ရောက်လျှင် မြေမျိုချ၍ အဝိဇ္ဇာပိုင်ရဲ့ ခံရပေသည်။

၂၀။ ။ဒေဝဒတ်အလောင်း ပုဏ္ဏားတဦးသည်၊ နွားရှာရင်း၊ အတောင် (၆၀) ရှိသောချောက်ထဲ၌ကျ၍နေလေသည်။ ဘုရားအလောင်း မျောက်မင်းတွေ့မြင်၍ အသင်ပုဏ္ဏားမကြောက်ပါလင့်၊ မစိုးရိမ်ပါလင့်၊ ကမ်းထိပ်သို့ ရောက်အောင်ပါကယ်၍ တင်မည်ဟု အားပေးပြီးတော့ ပုဏ္ဏားရဲ့ကိုယ်ချိန်အလေးရှိသော ကျောက်တုံးကို ပိုးပြီး ခုန်ရာ၊ထောင်ချောက်ရဲ့ကမ်းထိပ်သို့ ရောက်သဖြင့် အားရဝမ်းသာနှင့် ပြန်လာခဲ့ပြီး၊ ပုဏ္ဏားကိုချပိုး၍၊ ချောက်ရဲ့ကမ်းထိပ်သို့ပို့ရပြန်ရဲ့။ ရောက်လျှင်မောပန်းသဖြင့်။ ပုဏ္ဏားရဲ့ပေါင်ပေါ်၌ခေါင်းတင်၍မျောက်မင်းအိပ်ရဲ့၊ ပုဏ္ဏားကား အိမ်ပြန်လှအောင် ရိပ်ခါရအောင်ဟုသဘောထား၍မျောက်မင်းရဲ့ ဥဇင်္ဃာင်းကို ကျောက်ဖြင့်ထုချေ သတ်ဖြတ်လေရဲ့။ မျောက်မင်းသည်း ကပြာကရာထတဲ့၍၊သစ်ပင်ပေါ် သို့ခုန်တက်လေသည်။ ပုဏ္ဏားကားမပြန်တတ်၍ငိုလျှင်၊ အရိပုဏ္ဏား၊ မစိုးရိမ်ပါလင့် သွေးစက်ဖြင့်သင့်အား ဗာရာဏသီလမ်းသို့ပို့ပါမည်ဟုပြောကာ၊ သစ်ကပင်၌ တာပင်သို့ကူးပြီးဗာရာဏသီလမ်းဝသို့ပို့ပေရဲ့။ မျောက်မင်းရဲ့မြင်ရာ အရပ်သို့ရောက်လျှင်၊ ပုဏ္ဏားအားမြေမျိုချ၍ အဝိဇ္ဇာပိုင်ရဲ့ကျပြီး အန္တရကပ်ခံရရှာလေသည်။

၂၁။ ။ဘုရားရှင်ရဲ့လက်ဆက်တော်အခါက သုန္ဒရီပုရဖိုဓ်မသည် တိတ္ထိတို့ရဲ့ ဘက်သားတပည့်ဖြစ်၍ ဘုရားကိုစွပ်စွဲရဲ့။ ထိုပုရဖိုဓ်မကို သတ်၍ ဘုရားကပင် သတ်လေဟန် စွပ်စွဲကြပြန်ရဲ့၊ သုန္ဒရီပုရဖိုဓ်ခမ လက်ငင်းအသတ်ခံရခြင်း၊အဝိဇ္ဇာပိုင်ကျရပြန်ခြင်းဖြင့်။မချမ်းသာနဲ့ ကြာရှည် စွာငရဲဒုက္ခကိုခံစားရလေသဘည်း။

၂၂။ ။မိဇရားကြီး မာဂဏ္ဍိသည်။ ဘုရားအားဆဲရေးခြင်း လူတို့ အားဇွေပေး၍ဆဲရေးခိုင်းခြင်း၊ သောတာပန်တည်ပြီးသော သာမာဝတီ မိဖုရားတို့အား မီးရှို့၍ သတ်ဖြတ်ခြင်းကံကြီးတို့ကြောင့် ချက်ချင်း လက်

ငင်းပင် အသားကို ဒါးဖြင့်လှီးခြင်းခံရ၏။ထိုအသားကို ကျော်ပြီးကျွေးရာ စားရပြန်၏။ သေတော့လဲ အဝီစိငရဲ၌ ကြာရှည်စွာခံရပြန်တော့၏။

(၂၃)။ ။နန္ဒမိုးတဲ့ နွားသတ်သမားသည်၊ နွားများကို သတ်၍-သတ်၍ ရောင်းချလျက် အသက်မွေးမြူပေ၏။ အမဲသားနှင့် ကင်း၍ထမင်းမစား တတ်ပေ။ တနေ့သ၌ နန္ဒအတွက်ထားသော အမဲသားကို သူငယ်ချင်း တဦးက ယူ၍သွားရာ။ နွားခြံထဲသွား၍ နွား၏လျှာကို ဒါးဖြင့် လှီးဖြတ်ပြီး ဖီးဖြင့်ကျက်စေရန်ခိုင်း၏။ကျက်လျှင် စားရာ ဖီဖီလျှာပါ အရင်းကဖြတ်၍ နွားရော နန္ဒရော ခြံထဲ၌ အော်ဟစ်၍ခံစားရ၏။ အဝီစိငရဲမှ ငရဲဖီးတက် လာပြီး လောင်ပြန်ရာ။ ၇ ရက်လုံးပင် နွံးအော်သလို အော်၍ သေပြီး အဝီစိငရဲ၌ ကျရပြန်တော့၏၊

(၂၄)။ ။ပဇ္ဇတ ရေဆိုးသည် (၆၆) နှစ်ပတ်လုံး သားရော ဌက်ရော သတ်၍ အသက်မွေး၏။ ထိုကံများကြောင့် ရေအိုင်သို့ ထူးတွင်းသို့ ရေကန်သို့ ဆင်းသော်လဲ ရေကိုမမြင်ရ မတွေ့ရပေ။ ရေခမ်းသကဲ့သို့ ဖြစ်တော့၏။တောင်ပေါ်စောင်းက ကျောင်းသို့တက်သွားပြီးကြည့်ရာ ရေအိုးများ၌ ရေအပြည့်ရှိလျက် မမြင်ရ မတွေ့ရပေ။ ထိတ်လန့်ပြီး မထေရ်ထံ တပည့်ခံ၍ ဝိပဿနာအားထုတ်ရာ ရဟန္တာဖြစ်သွား၏။

(၂၅)။ ။ငါးရုံ့မင်းဇာတ်တော်၌ ရေအိုင်မှာ ရေခမ်းသဖြင့် ငါးများ သေကြရာ။ သစ္စာခါတ်ကြောင့် ချက်ချင်း မိုးယိုးကြီး ရွာချ၍ ချမ်းသာကြရပါသည်။

(၂၆)။ ။ငုံးမင်း၏ဇာတ်တော်၌ တောမီးကြီးလောင်ရာ သစ္စာခါတ်တော်ကြောင့် တောမီးကြီး ငြိမ်းသွား၍ ချမ်းသာစွာ နေရပါသည်။

(၂۷)။ ။မောရဇာတ်တော်၌ ဥဒေါင်းမင်းသည်။ဥဒေတယံဂါထာ၊ အပေဟယံဂါထာကို ရွတ်ဖတ်သဖြင့် မုဆိုးမဘမ်းနိုင်ပေ။

(၂۸)။ ။သိဟိုဠ်ကျွန်း၌ ပင်လယ်ဝေ၍ ရေလျှံတက်လျက်နေရာ။ ပြည့်တန်ဆာမက သစ္စာဆိုသဖြင့် ရေတွေ့ကျတုံသေးပေ၏။

(၂၉)။ ။သံသုမာရဂိရိပြည်၌ ရေလျှံတက်ရာ သူဌေးသို့မိ မယ်ပါဝါက သစ္စာဆိုသဖြင့်။သစ္စာတန်ခိုးကြောင့် ရေများကျရတုံသေး၏။

(၃၀)။ ။သုဝဏ္ဏသူဌေးကို ဘီလူးလိုက်ဘမ်းနေရာ။ဟောတုပစ္စယောပါဠိ၏ တန်ခိုးကြောင့်၊ ဘီလူးပြန် ရန်သူလဲ သေရရှာတော့၏။

(၃၁)။ ။သုဒတ္တလုင်သည် ပေပေါ်၌ တဝက်မြုပ်၍နေသော စွယ်တော်ခါတ်ကို သစ္စာဆို၍ ပင့်ရာဥကျောင်းပေါ်၌ ရပ်နားပေ၏။

(၃၂)။ ။မဟာဗုဒ္ဓသဒေါမထေရ် ပြန်လွန်တော်မူတော့။ ၎င်း၏အရိုးကို ဆောင်ယူ၍ တောလမ်း တောစခမ်းခရီးဖြင့် သွားရာ။ အရိုးခါတ်တန်ခိုးကြောင့် လူမရှိတဲ့ တောကြီးထဲ၌ပင် နတ်များက ဆွမ်းလောင်းသဖြင့် ချမ်းသာစွာရောက်ကြကုန်သည်။

(၃၃)။ ။မဠာကုဏ္ဍလိ ဒိဋ္ဌိ၏သားငယ်သည် ဘုရားကို မြင်တော့ ကြည်ညိုကဲ့ စေတနာကြောင့်။ သေတော့ နတ်ပြည်သို့ရောက်သည်။ နတ်ပြည်မှ ဗိမာန်နှင့်တကွ ဆင်းလာ၍ မိဘဆွေမျိုးတို့အား ကျွတ်စေသည်။ ရေးနေယျင် ကုန်တော့မည်မထင်၍ ဤတွင်ရပ်နားသည်။

# အတိုဆုံးကမ္ဘာ့ဗဒေါန်။

## ခန္ဓာစေတီတရားတော်ကြီး။

ဘီလူးကျွန်း ကွမ်သဲ့ရွာကြီး ဥာဏစာဂိဇကျောင်းတိုက် (၁၈)ခု၊ (၇) လ(၈)ရက် နေ့စွဲ။

အလွန်ထင်ရှားသော မြို့ကြီးနှစ်မြို့၌ အလွန်ထင်ရှားသော ဆရာတော်ကြီးနှစ်ပါးနှင့် ၎င်းတို့၏ အခြံအရံများပါ ဥာဏစာဂိ မဟာထေရ်နှင့် ထရားအတွက်ဆွေးနွေးကြသည်။ ပထမအကြိမ်မှာ ၁၃၀၄ ခုနှစ် ပြာသိုလဆန်း ၉ ရက်နေ့၌ဖြစ်၏။ ဒုတိယ အကြိမ်မှာ ၁၃၀၈ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက် နေ့၌ဖြစ်၏။ အားလုံးစုံညီတော့၊ဥာဏစာဂိ မဟာထေရ်က လျှောက်ထားသည့်ကား ဆရာတော်ကြီးများဘုရား။ (မဟာပရိနိဗ္ဗာနသုတ်တော်ဝယ် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံခါနီး၌အရှင်အာနန္ဒာအား ပိန့်တော်မူခဲ့သည်မှာ။ (ယောခေါ၊ အာနန္ဒမယာ၊ ဝမ္မောစ ဝိနယောစ၊ ဒေသိတော၊ ပညတ္တော၊ သောဝေါ မမစ္စယေန၊ သတ္ထာ) ဟူသောပါဠိစကားကို ဆရာတော်ကြီးများက အဘယ်သို့ အမှား-အမှန် ဝေဘန်၍ ယူဆကြပါသနည်းဘုရားဟု လျှောက်တယ်။ ထိုဆရာတော်ကြီးများက ဒီပါဠိဟာ အမှန်ပေါ့ကွဲဟူ၍ပိန့်ကြပါတယ်။ ဒီပါဠိ၏ အဓိပ္ပါယ်ကို ဘယ်ပုံယူရမှာလဲ အရှင်ဘုရားဟု ထပ်မန်လျှောက်တော့၊(ကိုဥာဏစာဂိ သိပြီးသားပါကွယ်တဲ့) တပည့်တော် ဥာဏ်မှိသမျှတော့ တပည့်တော်သိတာပါဘဲ။ ဆရာတော်ကြီးများရဲ့ သဘာဝ ယူဆပုံကို သိချင်လို့ပါဘုရားဟု လျှောက်ထားပြန်တော့။ ဆရာတော်ကြီးက (ချစ်သား အာနန္ဒာ၊ငါဘုရားသည် အကြင်သို့သောသုတ္တန်တရား၊ အဘိဓမ္မာတရားကိုလဲ ဟောခဲ့ပြီ။ ဝိနည်းတရားကိုလဲ ပညတ်ခဲ့ထားခဲ့ပြီ။ထိုသုတ္တန် အဘိဓမ္မာ ဝိနည်းတရားဟာ သင်ချစ်သားတို့၏ ဘုရားတွေဖြစ်ရစ်လတ့ံ)ဟူ၍ဗျာဒိတ်တော်ပေးခဲ့တာပါကွဲတဲ့။

(၁) သုတ္တန် ပိဋကတ်ထဲက သဘောတရားတွေဟာ ဘုရားတွေဘဲ။

(၂) အဘိဓမ္မာပိဋကတ်ထဲက သဘောတရားတွေဟာ ဘုရားတွေဘဲ။

(၃) ဝိနည်းပိဋကတ်ထဲက သဘောတရားတွေဟာ ဘုရားတွေဘဲ။

(၁) သုတ္တန်က သမာဓိတဲ့ သမာဓိသတ်လျှင် ဘုရားသတ်ထားပါတဲ့။
(၁) သုတ္တန်က သမာဓိတဲ့ သမာဓိရလျှင် ဘုရားကိုရရှိ နေတာပါတဲ့။
(၂) အဘိဓမ္မာက ပညာတဲ့ ပညာကိုသတ်လျှင်ဘုရားသတ်ထားပါတဲ့။
(၂) အဘိဓမ္မာက ပညာတဲ့ ပညာကိုရလျှင် ဘုရားကို ရရှိနေတာတဲ့။
(၃) ဝိနည်းက သီလတဲ့ သီလကိုသတ်လျှင် ဘုရားသတ်ထားပါတဲ့။
(၃) ဝိနည်းက သီလတဲ့ သီလကိုရလျှင် ဘုရားကို ရရှိနေတာပါတဲ့။

(အနက်ကား)။ ။အာနန္ဒ ချစ်သား အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ခေါ၊ စင်စစ် ဧကန်။ယောဓမ္မောစ၊ အကြင် သုတ္တန် နှင့် အဘိဓမ္မာတရား ကိုရင်း။ ယောဝိနယောစ၊ အကြင် ဝိနည်းတရားကိုရင်း။ ဒေသိတော၊ ဟောကြားအပ်ခဲ့ပြီ။ပညတ္တော၊ပညတ်အပ်ခဲ့ပြီးသော ထိုသုတ္တန်အဘိဓမ္မာ ဝိနည်းတရားတော်သည်။မမစ္စယေန၊ငါဘုရားပရိနိဗ္ဗာန်စံလွန်သည်ဖြင့်။ဝေါ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ ဆရာဘုရားပင်တည်း။ ယသုကာလ ဝိပဿနာ တရားကို ရှုပွါးနေစဉ် (သီလ၊ သမာဓိ၊ ပညာ) ၃ ပါး ထိုရှုပွါးနေသူ၌ ဖြစ်၍နေတော့၏။ ထိုသူ၏ခန္ဓာ၌။သီလဘုရား၊ သမာဓိဘုရား၊ပညာဘုရား တည်ရှိ၍နေတော့၏။ (နမူနာ) ဗုဒ္ဓဂုဏံ၊ ဓမ္မဂုဏံ၊ သံဃဂုဏံ၊ **အဠာ** ဂုဠ္ဠသ၊ သရီရမ္ပိစေတိယဃရမိဝပူဇာရဟံ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပါဠိ တည်း။ (အနက်ကား) ဗုဒ္ဓဂုဏံ၊ ဘုရား၏ဂုဏ်တော်ကို။ ဓမ္မဂုဏံ၊ တရား၏ ဂုဏ်တော်ကို။ သံဃဂုဏံ၊ သံဃာ၏ ဂုဏ်တော်ကို။ အဠာဂုဠ္ဠသ၊ အတွင်း၌ ဖြစ်စေသောသူ၏။ သရီရမ္ပိ၊ ခန္ဓာကိုယ်သည်လည်း။ စေတိယ ဃရမိဝ၊ စေတိအိမ်ကြီးကဲ့သို့။ပူဇာရဟံ၊ နတ်လူဗြဟ္မာတို့၏ ပူဇော်ခြင်း ၄၂ ထိုက်တော့၏။ ဝိပဿနာရှု၍ဓါတ်ပေါ်လျှင် ခန္ဓာထဲ၌ ဘုရားမြတ်စွာ တို့ ကိန်းအောင်း စမ္ဗယ်နေရကား။ ခန္ဓာကိုယ်ကြီးဟာ စေတိအိမ်ကြီး သဖွယ်ဖြစ်၍ လူနတ်ဗြဟ္မာတို့ ပူဇော်ခြင်းကို ခံထိုက်တော့၏။ အာဝဇ္ဇန်း ကောင်းတိုင်း ချဲ့ထွင်၍ ဟောကြပါကုန်။ ဝိပဿနာ (၃၃ ဆင့်) ကျမ်း ဒုတိယတဲ့ ဓမ္မဒါနခဏ်း၌ ပါဠိအစုံပြထားပြီးပါပြီ။

ဗုဒ္ဓဂုဏာ၊ ပွါးသူမှာ၊ ခန္ဓာစေတိထိုက်။
ဓမ္မဂုဏာ၊ ပွါးသူမှာ၊ ခန္ဓာစေတိထိုက်။
သံဃဂုဏာ၊ ပွါးသူမှာ၊ ခန္ဓာစေတိထိုက်။
လူနတ်ဗြဟ္မာ၊သတ္တဝါ ပူဇာကော်ရော်ထိုက်။

(ကျောမိုလ်ရွာ ၎င်းကျောင်း၌ (၁၀) ခု (၇) လ (၁၇) ရက် နေ့စွဲရေးသော)

## ဝယမမ္မ'က နိဗ္ဗာန်အထိရောက်ပုံတရားတော်ကြီး အတိုဆုံးကမ္ဘဏ်း (၁)။

သာသနာကို ဘယ်သူထားခဲ့ပါသနည်း။=ဘုရားထားခဲ့ပါသည်။ ဘယ်စိတ်နှင့် ထားခဲ့ပါသနည်း=မဟာ ကရုဏာ စိတ်နှင့် ထားခဲ့ပါသည်။

ဘာလုပ်ဘို့ ထားခဲ့ပါသနည်း–ကျွတ်လွတ်ကြဘို့ ထားခဲ့ပါသည်။

ဘယ်ပုံထားခဲ့ပါသနည်း=(ဝယမမ္မာသခါရာ) ဟု ထားခဲ့ပါသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ဝင်စံခါနီးတော့ သေတမ်းစာသဘော ဖြင့် မှာထားခဲ့သည်ကား။ ။ဟန္ဒဒ'နိုဘိက္ခဝေ၊ အာမန္တယာမိဝေါ။ ဝယမမ္မာသခါရာ၊ အပ္ပမာဒေန၊ သမ္ပါဒေထ။ ။မဟာပရိနိဗ္ဗာနသုတ်တော်။ ဘိက္ခဝေ၊ ချဉ်သားတို့။ ဟန္ဒဒါနိ၊ ယသုအခါ၌ ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ သိစေ တော်မူ၏။ သခါရာ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား ၄ ပါးတို့သည်။ ပြုပြင် အပ်ကုန်သော သင်္ခါရတရား၊ ရုပ်နာမ် နှစ်ပါး တို့သည်။ ဝယမမ္မာ၊ ယျက်စီးခြင်းသဘောရှိကြကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိဟူရားနှင့်။ သမ္ပါဒေထ၊ ပြည့်စုံ၍နေရစ်ခဲ့ကြပါကုန်လော့။ ။အဲဒါ ဘုရားကိုယ်တိုင်ပေးခဲ့တဲ့ ကမ္ဘဏ်းပါဘဲ။ ဓမ္မကွန်ဒါ (၇၄၀၀၀)အကျယ်ဟာ သာသနာရှည်ဘို့မယျက်ဘို့ပါဘဲ။ ဇကောဓမ္မော တရုထဲပွါးတာဟာ မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ပါဘဲ။

### ဒဋ္ဌိကမ္မ၊ မြဲမြံဘို့သာဓကပြဋ္ဌေးမယ်၊ ကြည့်ကြပါ။

သက္ကရာဇ် ၁၃၁၀ ခုနှစ် ကဆုန်လပြည့်နေ့။ သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ် အတွဲ (၁)။ စောင်စဉ် (၁)။ ၂၅၀၀ သာသနာတော် ပူဇော်မင်္ဂလာ စာစောင်တော် ဗျာနယ်၌ မော်လမြိုင်မြို့ တောင်ပေါက် ကျောင်းဆရာတော် အရှင်ဇနိန္ဒာဘိဝံသ ရေးသားအပ်သော (စာစောင်တော်နာယက၊ ဩဝါဒမိန့်ခွန်းတော် သာသနာ့အလင်းရောင်နှင့် ကမ္ဘာ့အတွင်းမှောင်၊ အခေါ်ခဲ့။ [စင်စစ်၊ ပရိယတ္တိကို အားထုတ်ခြင်းသည် သာသနာကို၊ အရှည်တည့်စေ၏။ ပဋိပတ်ကိုအားထုတ်ခြင်းသည် ကိုယ်

ကျိုးကိုယ်တာအတွက်ဖြစ်စေ၏။ (ကိုယ်ကျိုးကိုယ်တာ အတွက်ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ရတဲ့ကိုဆိုပါသည်) သို့ဖြစ်၍နှစ်မျိုးစလုံးအားထုတ်သင့်၏။ သို့မဟုတ် မိန္ဓာအမြောင်မိုက်ကို ယခုဘဝမှာရော နောင်သံသရာမှာရော ကာကွယ်နိုင်မည်။ ကာကွယ်နိုင်ခွင့်ရမည်။ အရေးအကြီးဆုံးက ကိုယ့်အကွက်၊ ကိုယ့်တာသာအရေးကြီးလှသည်၊ ယခုသာသနာ ၂၅၀၀ ဖြည့်သွားပြီ။ ကိုယ့်တွက်ကိုယ့်တာမျှား ဘာကိုမျှားမယ်မယ်-ရရ ရှိကြပြီလဲ စစ်ဆေးပြီး။ သာသနာနှင့်ဝေးကြဉ်ကျိုးနတ်အောင် အားထုတ်ကြရမည်။] အရှင် ဓနိန္ဒာဘိဝံသ တောင်ပေါက်ကျောင်း ဆရာတော် မော်လမြိုင်မြို့။ ၂ နံပါတ် ၃ ကော်လန်၌ ပါရှိသည်။

ထင်ရှား ကျော်ကြားသော ယခင်ဆရာတော်ကြီးများနှင့်နီးနှောဆွေးနွေးစဉ်က။ ဥာဏာစာရိ ပြုသတဲ့ခါတ်တရားကို အချိုပညာရှင်များက မစုံလင်ဘူး၊ မလုံလောက်ဘူး၊ခါတ်တရားလောက်နှင့် နိဗ္ဗာန်မရောက်နိုင်ဘူးဟု ဆိုကြသည်။ ထိုအခါ ဥာဏာစာရိက ထိုအရှင်များမယုံကြည်တာကို ခေတ္တသားစေလိုပါသည်။(ဟန္ဒဒါနိဘိက္ခဝေအာမန္တ ယာဝိဝေါ၊ဝယမေဗ္ဗာ၊ သင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ)ဟု မြတ်စွာဘုရားဟောတာကိုတဲ့ဆရာတော်ကြီးများ ဝေဘန်တော်မူပါရန် လျှောက်ထားပါသည်အရှင်ဘုရား။ အဲဒီပရိနိဗ္ဗာနစံခါနီးဘုန်းမှာသွားတဲ့ပါဠိဟာစုံသလားမစုံဘူးလားစိစစ်ကိုပါ။ အဲဒီ ( ဝယမေဗ္ဗာ၊ သင်္ခါရာကိုမမေ့မလျော့မပေါ့မဆ အမြဲသတိရကြလို့ ) မြတ်စွာဘုရားမှာထားတဲ့အတိုင်း။ (သင်္ခါရ အပျက်တရားတရုတဲ့၌ မြဲမြဲစွဲစွဲ၊ ခဲခဲမဲမဲ၊သဲသဲသန်သန်၊ထန်ထန်ပြင်းပြင်း အားထုတ်ပါလျှင်။ မဂ်ဖိုလ်နိဗ္ဗာန်မရဘူးလား အရှင်ဘုရားဟု ထပ်၍လျှောက်တော့။ ။ဆရာတော်ကြီးများကဘုရား၏စကားတော်ရှိခါတိုမမျက်ဝှံပါ။ အဲဒီစကားတော်ဟာ ပိဋကတ် ၃ပုံလဲခြုံမိပါတယ်။ နိကာယ်ငါးရပ်လဲ ခြုံမိပါတယ်။ အင်္ဂါကိုးတန်လဲခြုံမိပါတယ်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) လဲခြုံမိပါတယ်။ (ဝယမေဗ္ဗာသင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ)အဲဒါအတိုင်းကျင့်ကြံပါလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရမှာပေါ့ ဝါ့ရှင်ခဲ့။ ။ဥာဏာစာရိ ကကော ဒီပါဠိအပြင် အခြားတပါးပါဠိများကိုးကားနိုင်ပါခဲ့လားဟု မိန့်တော့။ ဥာဏာစာရိက သာဓက၊ ပြသည်မှာ-

(၁) ဇကောဓမ္မောဘိက္ခဝေ၊ ဘာဝိတော ဗဟုလီကတော၊ အဘိညာယ၊ သမ္မောဓါယ၊ နိဗ္ဗာနာယသံဝတ္တတိ၊ ဇကော၊ အဂ်ိတ္တိ၊ရ်ပါဠိတော်ကြီး။

(၂) သာဝကာဟိ၊ စတုန္နံ၊ ခါတူနံ။ ကေဒေသမေဝ၊ သမ္မသိတ္ဝာ၊ နိဗ္ဗာနံ ပါပုဏာတိ၊ မူလပဏ္ဏာသအဋ္ဌကထာကြီး။(၃) ကောယနော အယံမဂ္ဂေါ၊ သက္ခာနံဂိသုဒ္ဓိယာ၊ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီး။ (၄)စိတ္တမေဝရက္ခာ ဟိ၊ သက္ခာနုက္ခာမုစ္ဆိတုံ၊ ဓမ္မပဒအဋ္ဌကထာကြီး။ (၅) နာမရူပေ၊ ပရိညာ တေ အရိယသာဝကသ ဥတ္တရိကရဏီယံ၊ နတ္ထိကိဉ္စိ ဟူသော နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်ကြီး။ (၆) ဟန္ဒဒါနိ ဘိက္ခဝေ။ အာမန္တယာမိဝေါ။ ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန၊ သမ္ပာဒေထ၊ မဟာပရိနိဗ္ဗာနသုတ်တော် ကြီး ၅၂ပါ၊ ခြောက်ပုဒ်လောက်ပြုရုံနှင့်၊ ရိုင်မိလောက်ပါပြီအရှင်ဘုရား။ ။ ဆရာတော်ကြီးကဇကွေယ်ဘုရားဟောပါ၊ မျှားလဲ့ရှိပါလျှက်နှင့်သူတို့မယုံ ကြည်ကြတာ။ ။ရှေးစကားမဆက်ဘဲ၊ ဖြတ်ထားလေသည်။ ။အဲတာ ကြောင့် ခါတ်တရားတခုထဲကို မြဲမြဲစွဲစွဲ၊ သဲသဲမဲမဲ အရခဲပါလျှင် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်မည်ဆိုတာကို ယုံကြည်ကြပါကုန်လော့။

---

## အတိုဆုံးကမ္ဘာန်း (၂)

### ဆုတောင်းတခုထဲနှင့် မပြီးသေး တရားတော်ကြီး။

(၁၈) ခု၊ (၇)လ၊ (၂၀) ရက်။ ကျွန်းမိုလ်ရွာ၌ရေးသည်။

ဗုဒ္ဓဘာသာ မွန် မြန်မာတို့သည် ဆိုရိုး ဆိုစဉ် လုပ်ရိုး လုပ်စဉ်အား ဖြင့် အမြဲတန်းဆိုကြသည်ကား။ သြကာသ၊ သြကာသ၊ သြကာသ။ ကာ ယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသော၊ အပြစ်တို့ကို၊ ပယောက်စေခြင်းအကျိုးငှါ။ ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါး၊ ဆရာသမားတို့အား။ အရိုအသေ၊ အလေးအမြတ်၊ လက်စုံမိုး၍၊ ဂိုရိုးပါ၏ အရှင်ဘုရား။ ဤသို့ ဂိုရိုးပူဇော်၊ ဖူးမျှော်မာန်လျှော့၊ ကံတော့ရသော၊ ကုသိုလ်ကံ၊ စေတနာတို့ကြောင့်။ [အပါယ်လေးပါး၊ ကပ် ၃ ပါး၊ရပ်ပစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ဝိပ္ပတ္တိတရား ၄ပါး၊ ဗျသနတရားငါးပါး၊ အနာအမျိုး ၉ ၆ ပါး၊ ဒါဏ် ၁၀ ပါးတို့မှ။ အခါခပ်သိမ်း၊ ကင်းလွတ် ငြိမ်းသည်ဖြစ်၍။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော် မြတ်ကို ရပါလို၏အရှင်ဘုရား] ဟဲ့ဗျား။ ။

## ထိုထိုမွန်မြန်မာတို့ကံတော့ခဏ်းထဲ၌။

(အပါယ် ၄ပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား ၄ ပါး၊ ဗျသနတရား ၈ပါး၊ အနှာအမျိုး ၉၆ ပါး၊ဒုဏ် ၁၀ပါးတို့မှ၊ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍) ဆိုတာက။ အပြစ်ဘေးမှကင်းဝေးစေရန်ကုစားတာဘဲ။ ။(မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလိုဇ္ဈာ်အာရုဏ်ဘုရား) ဆိုတာက။ ဆုပတ္ထနာတာပါဘဲ။ ထို ၂မျိုးဟာ အဲဒီလိုဆုတောင်းရုံမျှ ဂ်ိုဒိုးကတော့ရုံမျှနှင့် ကောင်းနိုင် ရနိုင်ပါ့မလားဆိုတော့။ ။

## ဘုရားရှင်၏ ဗုဒ္ဓဝစနနှင့် လွဲချော်နေပါပြီ။

(ဇာနတောဟံဘိက္ခဝေ၊ ပဿတောဟံ၊ အာသဝါနံခယံ၊ ဝဒါမိ၊ နောအဇာနတော၊ နောအပဿတော) ဟူသော မူလပဏ္ဏာသ ပါဠိတော် သဇ္ဇာသဝသုတ်တော်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ ဇာနတော၊သိသောသူအား။ ပဿတော၊ မြင်သောသူအား။အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ရာကုန်ခြင်းကုန်ကြောင်း နိဗ္ဗာန်ကို။အဟံ၊ငါဘုရားသည်။ဝဒါမိ၊ဟောတော်မူ၏။ အဇာနတော၊ မသိသောသူအား။နောဝဒါမိ၊ ငါဘုရားမဟောပါ။ အပဿတော၊ မမြင်သောသူအား။ နောဝဒါမိ၊ ငါဘုရားမဟောပါ။ ဘုရားဟောတာနှင့် ယခုလူများလုပ်ထားနှင်းယှဉ်၍ကြည့်ကြပါတော့။ ။ မြတ်စွာဘုရားကတော့ ဓါတ် ၄ ပါး၊ ရုပ်နာမ် ၂ ပါး၊ လက္ခဏာဇရေး ၃ ပါးတို့ကို။ ဇာနတော၊ ကိုယ်တွေ့ဖြင့် သိမှတဲ့။ ပဿတော၊ ဉာဏ်ဖြင့် မြင်မှတဲ့။ အာသဝေါတရား ၄ ပါးတို့ ကုန်ခမ်း၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ရောက်မယ်တဲ့။ ။ယခုလူများကတော့ ဂ်ိုဒိုးရုံမျှနှင့် ကံတော့ရုံမျှနှင့် ပြန်ခဲ့ပြီးသော အကျိုး ၂ ပါးကိုရမည်တဲ့။လွဲလိုက်ထာ။

ဘုရားကတော့ ဒိဋ္ဌိဝိစိကွာမှ အပါယ်တံခါးပိတ်မှာတဲ့။

လူတွေကတော့ ဂ်ိုဒိုး ကံတော့ရင် အပါယ်တံခါးပိတ်မှာတဲ့။

ဘုရားကတော့ ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ်နိဗ္ဗာန်ရမှာတဲ့။

လူတွေကတော့ ဂ်ိုဒိုးကံတော့ရင် မဂ်ဖိုလ်နိဗ္ဗာန်ရမှာတဲ့။

ဘယ်အမျိုန် ဘယ်ခေတ်ကစ၍ လွဲချော်လာတာကို မသိရပေ။ လွဲကုန်ပြီ။

ဂ္ဂိုဠိုးခဏ်း၊ ကံတော့ခဏ်းကို ကြည့်မိတော့ဒီလိုပါ။

(မစ္စက) တွင်သော သောရေယျသူဌေးသားဟာ အရှင်မဟာကစ္စည်း ကိုမြင်တော့။လှလွန်းလို့ ချောလွန်းလို့ စိတ်ဖြင့် ဖြစ်မှားမိတယ်။မနောကံ ကြောင့် ယောကျ်ားဘဝမှ မိန်းမဘဝသို့ ထင်ရှားစွာပြောင်းသွားတယ်။ နောင်အခါ အရှင်မဟာ ကစ္စည်းနှင့် တွေ့တော့။ ဂ္ဂိုဠိုး၍ ကံတော့၍ ယောကျ်ားဘဝ ပြန်ရောက်ပြန်ပါတယ်။ အဲဒါ ဂ္ဂိုဠိုး ကံတော့ခဏ်းပါဘဲ။ အချို့များလဲ မဂ်ဖိုလ် ရရန်တရားအားထုတ်ခါနီးဌ အကုသိုလ်စာရားက မဂ်ဖိုလ်တားမှာစိုးလို့ ဂ္ဂိုဠိုး ကံတော့ရတယ်။ ကံတော့ပြီးမှ တရားကို အားထုတ်လျှင် မဂ်တား-ဖိုလ်တား မရှိတော့ဘဲ။အားထုတ်တိုင်း မဂ်ဖိုလ် နိဗ္ဗာန် ရလေတော့သည်။ အမှန်မှာ (၁) ဒါသိထပြု။ (၂) ဆုတောင်း ပတ္ထနာပါ။ (၃) ဝိပဿနာပွါးပါ။အင်္ဂါ ၃ ပါး။ ။

ဤပုံစံအတိုင်း အင်္ဂါ ၃ ပါးစုံညီမှ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါသည်။

---

## အတိုဆုံးကမ္မဋ္ဌာန်း။(၃)

(၁၈) ခု၊ ၇ လ၊ (၂၉) ရက် ကျားဦးလ်ရွာ သထုံခရိုင် ပေါ်မြို့ပိုင်နယ်၌ရေးသည်။

ဇကောဝမ္ဘောဘိက္ခဝေ၊ ဘာဝိတောဟ၊ ဗဟုလီကတောဟ၊ အဘိညာယ၊ သမ္ဗောဓိယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ၊ ဧက အင်္ဂုတ္တိ(ရ)ပါဠိတော်။ ။ ဘိက္ခဝေ၊ ချစ်သားတို့ ဇကောဝမ္ဘော၊ တရုသောခါတ်တရားကို ဘာဝိ တော၊ ပွါးများအပ်သည်ရှိသော်။ ဗာဟုလီကတော၊ ကြိမ်ဖန်များစွာ ပွါး များအပ်သည်ရှိသော်။ အဘိညာယ၊ သစ္စာ ၄ တန်၊ ရုပ်နှင့်နာမ်ကို ဇကန် တိတိ ပိုင်းခြားမြင်အောင်ကျိုးဌ။ သမ္ဗောဓိယ၊ သောတာပန် သက ဒါဂါမ် အနာဂါမ်၊ ရဟန္တာ မဂ်ဥာဏ် ၄ ပါးအလို့ဌ။ နိဗ္ဗာနာယ၊ ခန္ဓာဥပါဒိ ဗိတ်မရှိဘဲ အနုပါဒိသေသ နိဗ္ဗာန်အလို့ဌ။ သံဝတ္တတိ၊ ကျင့် ကာ-ကျင့်ကာ၊ ဆင့်-ဆင့် လာသော်၊ မြင့်ခါမသွေ၊ ရောက်ရ ပါပေ သတည်း။

မြတ်စွာဘုရား၏ ဝိနိစ္ဆယ ဖြတ်ထုံးကတော့။ ချစ်သားတို့ ခါတ်တရား တရုကိုဘဲ။သဲ့သဲ-မဲမဲ-မြီမြီ-စွဲစွဲ အားထုတ်ကြပါတဲ့။ ဘာဝိတ အမြဲ အား ထုတ်ပါလျှင် ဗဟုလီကတ၊ ကြိမ်ဖန်များစွာ အားထုတ်ပါလျှင် အဘိညာ

ယခုဆိုတဲ့ သစ္စာ ၄ တန် ရှုပ်နှင့်နာမ်ကို ကေန်တိတိ၊ ပိုင်းခြားမှ သိလိမ့်မတဲ့။ သမ္ဘောခါယခုဆိုတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟန် မဂ် ၄ တန်ကို ကေန်ပင် ရမှာဘဲတဲ့။ နိဗ္ဗာနာယ သံဝတ္တတိဖြင့် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ကို ကေန်ပင်ရမှာဘဲတဲ့။ အဲဒီလောက်ဟောင်မှာဘဲ သေသေချာချာ ရေရေရာရာ ပြန်ခဲ့တာ ရှင်းလို့ လင်းလို့ အဲဒီအထဲ၌ ပရိညာတို့ ဝိသုद्धိတို့ ဉာဏ်စဉ်တို့လဲ အခြံအရံ သဘောနှင့်ပင် ပါသွားလေပြီ။ မရုံဘူး မလုံလောက်ဘူးဟု မထင်စေရ။ လုံလောက်လို့ ရုံလင်လို့ ဘုရားက ဟောတာပါဘဲ။

## အတိုဆုံးကမ္ဘာန်း (၄)

(၁၈)ခု၊(၇)လ၊ (၂၉)ရက်၊ ကျောဇီလ၌၊ သထုံခရိုင်ပေါင်မြို့ပိုင်၌ရေးသည်။

သာဝကာဟိ၊ စတုန္နံ၊ ခါတုနံ၊ ကေဒေသမေဝ။ သမ္မသိတ္ဘာ၊ နိဗ္ဗာနံ၊ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဋ္ဌကထာ။ ။ဟိ၊ အတိုဆုံးနှင့်နိဗ္ဗာန်ရပုံကိုပြဆိုပါဦးအုံ့။ ။သာဝကာ၊ ပကတိသာဝက၊မဟာသာဝက၊အဂ္ဂသာဝကများတို့သည်။ စတုန္နံ ခါတုနံ၊ ခါတ်ကြီး ၄ ပါးတို့တွင် ကေဒေသမေဝ၊ တစိတ်ဘဒေသကိုသာလျှင်။ သမ္မသိတ္ဘာ၊ သုံးသက်၍။ နိဗ္ဗာနံ နိဗ္ဗာန်သို့။ ပါပုဏန္တိ၊ ရောက်ကြကုန်၏။

ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကများဟာ အကျယ်ချုံ့စရာမလို။ အကျဉ်းဆုံးအတိုဆုံးနှင့်နိဗ္ဗာန်ရောက်ကြမည်။ ခါတ်ကြီးလေးပါးထဲက တပါးပါးကိုပင် တစိတ်တဒေသ လောက်ကိုပင်ရှုပွားမှ နိဗ္ဗာန်သို့ရောက်ကြသတဲ့။ပါဠိတိုက်ရိုက်မှ ငြင်းစရာမရှိ။ယုံမှားစရာမရှိ။ သံသယမရှိသင့်။ကြည့်ပါလား ကျွတ်တမ်းဝင်၍သွားကြတဲ့ ၂၄ သရော်၊ကုဋေ (၆၀) ဗိုလ်ချေတာသိန်းတို့ဟာ ခါတ်တပါးစ်နှင့်ပင် ရှုပွားမှ ကျွတ်ကြပါသည်။ ခါတ်တရားကိုတွေ့တယ်ဆိုကထဲက ရုပ်နာမ် ၂ ပါး၊ ခန္ဓာ ၅ ပါး၊ အာယတနာ ၁၂ ပါး၊ ခါတ် ၁၈ ပါး၊ သစ္စာ ၄ ပါး၊ ပရိညာ ၃ ပါး၊ ဝိသုद्धि ၇ ပါး၊ ဉာဏ်စဉ် ၁၆ ပါး၊ မဂ် ၄ ပါး၊ ဗိုလ် ၄ ပါး၊ ပဋိစ္စသမုပ္ပါဒ် ၁၂ ပါး၊ ၁၈ ပါး၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ဝိပဿနာလမ်းစဉ်ကြီးဟာ အစုံအလင်လုံလုံလောက်လောက်ပြီးမြောက်ပါရှိလေပြီဟု သိနှင့်ကြပါ။နမူနာ။ကုသလာဝမ္ဘာဆိုတဲ့ ဥဒ္ဒေသကို နိဒ္ဒေသဖွင့်ပြကော့ လုံလောက်မှန်း ပြည့်စုံမှန်း သိကြရတာလိုဘဲဟု ယုံကြည်ကြကုန်ရာ၏။

## အတိုဆုံးကမ္ဘဏ် (၅)

(၁၈)ခု၊ (၇)လ၊ (၂၉)ရက်၊ ကျားဗိုလ်ရွာ၊ သထုံခရိုင် ပေါင်မြို့ပိုင်၌။

ဧကာဝယနော၊ အယံဘိက္ခဝေ၀၊ မဂ္ဂေါ. သတ္တာနံ၊ ဝိသုဒ္ဓိယာ၊ သောက ပရိဒေ၀ါနံ၊ သမတိက္ကမာယ၊ဒုက္ခဒေါမနဿာနံ၊ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ။ သစ္ဆိကိရိယာယ၊ ယဒိတံစတ္တာရော၊ သတိ ပဋ္ဌာနာ။ ။မဟာသတိပဋ္ဌာနသုတ် ပါဠိတော်။ ။ဘိက္ခဝေ၀၊ ချစ်သား တို့။ ဧကာဝယနော၊တကြောင်းဘည်းသော၊အယံမဂ္ဂေါ၊ ဤဝိပဿနာခါတ် တရားလမ်းစဉ်သည်။ သတ္တာနံ၊ သတ္တ၀ါတို့၏။ ဝိသုဒ္ဓိယာ၊ စင်ကြယ် စေခြင်းငှါ။ သောကပရိဒေ၀ါနံ၊ စိုးရိမ်ခြင်း ငိုကြွေးခြင်းတို့ကို။ သမ္ မတိက္ကမာယ၊ လွန်မြောက်စေခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ဆင်းရဲခြင်း နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းစေခြင်းငှါ။ ဉာယဿ။ မဂ်ဉာဏ် ၄ ပါးကို။ အဓိဂမာယ၊ ရရှိစေခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို သစ္ဆိကိရိယာယ၊ မျက်မှောက် ပြုခြင်းငှါ။ သံ၀တ္တတိ၊ ဖြစ်၏။ ဣဒံ၊ ဤဧကာ၀ယနော၊ မဂ်ဘုရားသည်။ သေယျထာကတမာ၊ အဘာယ်နည်း ဟူမူ ကား။ စတ္တာရော၊သတိပဋ္ဌာနာ၊ ၄ ပါးကုန်သော သတိပဋ္ဌာန်ခါတ်တရား တို့တည်း။ သတိပဋ္ဌာန်၌၊ ကာယာနုပဿနာ၊ ရုပ်ခါတ်တည်း။ ဝေဒနာ နုပဿနာ၊စိတ္တာနုပဿနာကား နာမ်ခါတ်တည်း။ဓမ္မာနုပဿနာကား၊ ရုပ် ခါတ်၊ နာမ်ခါတ် ၂ ပါးတည်း။ ၎င်းထဲက တပါးပါး ပွါးများပါလျှင် ကိ လေသာစင်ကြယ်ခြင်း။သောက ပရိဒေ၀မှလွတ်မြောက်ခြင်း။ဒုက္ခ၊ဒေါမ နဿချုပ်ခြင်း။ မဂ်ဉာဏ် ၄ ပါးရခြင်း။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို ရနိုင်ပါတယ်တဲ့။ စုံလို့ပါတကား။ ပရိညာ ဝိသုဒ္ဓိ ဉာဏ်စည်းမျှားလဲ တွဲ၍ ပါသွားခဲ့ပါပြီ။စုံလင် လုံလောက်ပုံကို ဘုရားဟောတာဘဲ ပွါးများကြပါ တော့။

---

## အတိုဆုံးကမ္ဘဏ် (၆)

(၁၈)ခု၊(၈)လ၊ (၁) ရက် မော်လမြိုင်မြို့ ညောပင်ဆိုပ်ရွာ၌ရေးသည်။

သာ၀တ္ထိပြည်၌ သူဌေးတဦးဟာ ရဟန်းတပါး၏ထံ၌။ပထမ ၀ါးပါး သိလ။ ဒုတိယ ၇ ပါးသီလ။တတိယ ၁၀ ပါးသိလ။ စတုတ္ထ ၅၈ ၏သိလ။ ပဉ္စမ။ ရဟန်း၏သိလကို ကျင့်ကျင့်လာရာ။ ဝိနည်းအကျင့် မျှားလွန်းလို

မကျင့်နိုင်။သုတ္တန်အကျင့်မျှားလျှ၍ မကျင့်နိုင်။အဘိဓမ္မာအကျင့်မျှားလွန်း၍မကျင့်နိုင် လူထွက်မည်ကြံစိရာ။ ထိုရဟန်းကို ဘုရားထံသို့ခေါ်၍ လျှောက်ကြ၏။ ဘုရားကမေးမြန်းရာ။မှန်တိုင်းပင် လျှောက်လေ၏။ ဖြတ်စွာဘုရားက ဝိနည်း သုတ္တန် အဘိဓမ္မာကို မကျင့်နိုင်လျှင် ဂိုဏ်စေတော့။ သင်၏စိတ်တရုထဲကိုသာလျှင် ထိမ်းလော့။ ဒုက္ခမှလွတ်မြောက်၍ နိဗ္ဗာန်ရမည်ဟု ဟောပါသည်။ (အတ္တနော၊ စိတ္တမေဝရက္ခာဟိ၊ သက္ကာဒုက္ခာ ဝိမုစ္စိတုံ) ဝမ္မဟဒ အဋ္ဌကထာ ဒုတိယအုပ် အညတြဘိက္ခုဝတ္ထုပင်တည်း။ ဘိက္ခု၊ ရဟန်း။ အတ္တနော၊ မိမိ၏။ စိတ္တမေဝ၊ စိတ်တရုထဲကိုသာလျှင်။ ရက္ခာဟိ၊ စောင့်ရှောက်ပါလော့။ ဒုက္ခာ၊ ဆင်းရဲမှ။ ဝိမုစ္စိတုံ၊ကင်းလွတ်ခြင်းငှါ။သက္ကာ၊ တတ်ကောင်းပေ၏။အဲဒါကို သေသေချာချာကြည့်ပါဦး။ သူ့ဌေးသား ရဟန်းတပါးကို ဘုရားကိုယ်တိုင်တော်က ခါတ်တပါးဖြင့် ရဟန္တာဖြစ်စေပုံတည်း။ ရုပ်ခါတ်ဘဲ ဖြစ်ဖြစ်၊နာမ်ခါတ်ဘဲဖြစ်ဖြင်၊ တရုကို သဲသဲမဲမဲ မြဲမြဲစွဲစွဲ အားထုတ်ပါလျှင် ပရိညာ ဝိသုဒ္ဓိ ဥာဏ်စည် ဆိုင်ရာ အကုန်လုံး ပါဝင်ပါသည်။

---

## အတိုဆုံးကမ္ဘာန်း (၇)

(၁၈) ခု၊ (၈) လ၊ (၁) ရက် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရွာ၌ရေးသည်။

နာမရူပေ၊ ပရိညာတေ၊ အရိယသာဝကသ၊ နတ္ထိ၊ ကင်္ခာ၊ ဥတ္တရိကရိ ကိယန္တိ။ ။နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်။ ။နာမရူပေ၊ နာမ်တရားနှင့် ရုပ်တရားကို။ပရိညာတေ၊ပိုင်းခြား၍ သိခဲ့ ဝေ့ခဲ့ နားလည်ခဲ့သည်ရှိသော အရိယာသာဝကသ၊ အရိယာဖြစ်သော ဘုရားရှင်၏ တပည့်သားအား။ ကင်္ခာ၊ တစုံတခုသော။ ဥတ္တရိ၊ အလွန်ဖြစ်သော။ ကရကိယံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပြီ။ ။အရိယာသာဝကများဟာ နာမ်ရုပ် ၂ ပါးကိုသာ ရှုပွါးဘို့ရာ ကိစ္စရှိပါသည်။ထိုနာမ်ရုပ်ကို ရှုပွါးရင်းပင် ပုတုဇဉ်မှ သောတာပန်ဖြစ်မည်။ ၎င်းမှ သကဒါဂါမ်ဖြစ်မည်။ ၎င်းမှ အနာဂါမ်ဖြစ်မည်။ ၎င်းမှ ရဟန္တာဖြစ်မည်။ ၎င်းမှ နိဗ္ဗာန်သို့ရောက်မည်။ အဲဒါ ရုပ်နာမ်၏ သတ္တိကြီးအစစ်ပင်တည်း။

ဤနိဒါနဝဂ္ဂ သံယုတ်ပါဠိတော် စကား ဘုရားဟောအရဖြင့်ပင် ရုပ်နာမ်ကို နိဗ္ဗာန်မရမခြင်း ရှာဖွေရန် ကိစ္စကြီးတည်း။ မရှာဘဲမနေရသော

ကရုဏာယကြီးတည်း။ ။သာဓကတပုန်းထပ်ဆင့်ပြဦးအုံ့။ ။(နာမရူပ မတ္တတော၊ ဥဒ္ဓံ အညော၊ သတ္တောဝါ၊ ပုဂ္ဂလောဝါ၊ ဒေဝေါဝါ၊ ဗြဟ္မာဝါ၊ နတ္ထိတိ၊ နိဋ္ဌံဂဆ္ဆတိ) ဝိသုद्धိမဂ်အဋ္ဌကထာ။ ။နာမရူပ၊ မတ္တတော၊ နာမ်ရုပ်တရားမျှမှ။ ဥဒ္ဓံ၊ အပိုအလွန်။ အညော၊ တပါးသော။ သတ္တောဝါ၊ သတ္တဝါဆိုတာသည်ရင်း။ ပုဂ္ဂလောဝါ၊ပုဂ္ဂိုလ်ဆိုတာသည်ရင်း။ ဒေဝေါဝါ၊ နတ်သည်ရင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်ရင်း။ နတ္ထိ၊ မရှိတော့ပြီ။ နာမရူပမတ္တမေဝ၊ နာမ်ရုပ်မျှသာလျှင် ရှိပါတော့သည်တကား။ ဣတိ၊ ဤသို့။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့၊ ဂဆ္ဆတိ၊ ရောက်၏။ နာမ်ရုပ် ၂ ပါးသာလျှင် သဘောအားဖြင့်ရှိ၏။ နာမ်ရုပ်အပြင် အပိုအမိ သတ္တဝါ ဆိုတာလဲမရှိ၊ ပုဂ္ဂိုလ်ဆိုတာလဲမရှိ၊ နတ်မရှိ၊ ဗြဟ္မာမရှိ၊ ရှိတာကတော့ နာမ်ရုပ် ၂ ပါးသာဟူ၍ ဆုံးဖြတ်၏။ ဒဲဒါ သက္ကာယဒိဋ္ဌိ ခွါပုံတည်း။ ။ထို့ပြင် သာဓကတပုန် ထပ်ဆင့်၍ ထုတ်ပြဦးအုံ့။ ။(နာမရူပ၊ ပရိဿေဒေန၊ သက္ကာယဒိဋ္ဌိယာပဟိနံဟောတိ) နိကာယ်ငါးရပ် အဋ္ဌကထာနှင့် ဝိသုद्धိမဂ် အဋ္ဌကထာတည်း။ နာမရူပ၊ ပရိဿေဒေန၊ နာမ်ရုပ်ကို ပိုင်းခြားသိသဖြင့်။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိကို။ ပဟိနံ၊ ပယ်အပ်သည် (ဝါ) ပါယ်သတ်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ ။နာမ်၌ ငါငါ သူသူ လူလူ နတ်နတ် ပညတ်တရားမရှိဘူး။ရုပ်၌ ငါငါသူသူ လူလူ နတ်နတ် ပညတ်တရားမရှိဘူး။ ဒဲဒါဟာ သက္ကာယဒိဋ္ဌိကွာတာပါ။သက္ကာယဒိဋ္ဌိ ခွါတာပါဘဲ။ ရုပ်နာမ်နှင့်ဆိုင်ရာ ပါဠိမျှားထုတ်၍ ပြလျက်နေရလျှင် ဆုံးအုံ့မထင်၍အကျဉ်းနှင့်ပင်ရပ်နားရတော့သည်။အကျယ်သိလိုပါလျှင် ဥာဏစာဂိဘဏ်တိုက်ကြီး၌ ကြည့်ကြပါ။ ပါဠိပေါင်း (၇၅၃)ပုဒ် ရေးထဲ့ထားပါသည်။

## အတိုဆုံးကမ္မဋ္ဌာန်း (၈)

(၁၈) ခု၊(၈)လ၊ (၁)ရက်၊ ညောင်ပင်ဆိုပ်ဌရေးသည်။

ပထဝီဓါတုံခေါရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆံပဇဟတိ၊ အဝိဇ္ဇာပဟိယျတိ၊ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ။ ။သံယုတ်ပါဠိတော်။ ။ရာဟုလ၊ ချစ်သားရာဟုလာ။ ဝေါ၊ ကေနစင်စစ်အားဖြင့်။ပထဝီဓါတုံ၊မင်ဖိုလ်နိဗ္ဗာန်သို့ရောက်စေတတ်သော

ပထဝီခါတ်ကို။ အနိစ္စတော။အနိစ္စအားဖြင့်။ဇာနတော၊ကိုယ်တွေ့သိသော သူအား။ပဿတော၊ဥာဏ်ဖြင့်သိသောသူအား။ကဏ္ဍာယဒိဋ္ဌိ၊ သဏ္ဌာယ ဒိဋ္ဌိကို။ပဇဟတိ၊ပယ်သတ်နိုင်၏။ ဝိစိကိစ္ဆံ။ဝိစိကိစ္ဆာကို။ ပဇဟတိ၊ပယ်သတ်နိုင်၏။ အဝိဇ္ဇာ အဝိဇ္ဇာကို ပဟီယျတိ၊ပယ်သတ်နိုင်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ဤဘုရားဟော ပါဠိတော်၌ (၁) ပထဝီခါတ် ဝိသေသလက္ခဏာ။ (၂) အနိစ္စသာမညလက္ခဏာ။(၃) ဇနကိုယ်တွေ့သိခြင်း။(၄) ပဿဥာဏ်ဖြင့် မြင်ခြင်း။ဤအင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော်၊ အ.ကျိုး ၄ ပါးရ၏။(၁)သဏ္ဌာယ ဒိဋ္ဌိ။ (၂)ဝိစိကိစ္ဆာ။ (၃)အဝိဇ္ဇာ ၃ ပါးကိုသတ်ဖြတ်နိုင်၍။(၄)ဝိဇ္ဇာတရားကို ရမည်။ ဓမ္မကွန်ဒါ ပေါင်း (၈၄၀၀၀)ဟာ ခါတ်တရားချည်းဖြစ်၍ ခါတ်တရားအားထုတ်ကြပါ။

---

## လောကခါတ်၌၊ ခါတ်ကရား ၂ ပါးသာရှိပုံ။

ဒွေခါတုယော၊သင်္ခါရခါတုစ၊အသင်္ခါတခါတုစ။ ။ဒုက၊အင်ဂျိုရ်ပါဠိတော်။ ။သင်္ခါရခါတုစ၊သင်္ခါတခါတ်တရားရင်း။ဝါ၊စိတ်၊စေတသိက်ရုပ်တရားရင်း။အသင်္ခါရခါတုစ၊နိဗ္ဗာန်ဆိုတဲ့ အသင်္ခါတခါတ်ရင်း။ဣတိဤသို့ ခါတုယော ခါတ်တို့သည်။ ဒွေ ၂ ပါးတို့တည်း။ ကမ္ဘာလောကခါတ်၌ အရေးအကြီးဆုံးကား။ သင်္ခါတခါတ်ကမျိုး၊ အသင်္ခါတခါတ် တမျိုးဟူ၍ ၂ မျိုးရှိသည်။ သင်္ခါတခါတ်ဆိုတာ စိတ်အားလုံး၊ စေတသိက်အားလုံး၊ ရုပ်အားလုံးပင်တည်း။ အသင်္ခါတခါတ်ဆိုတာ နိဗ္ဗာန်တည်း။

---

## မဂ်မိုလ်နိဗ္ဗာန်ရဘို့ရန် ခါတ်သာအရေးကြီးပုံကား။

ယခေါ်ရောဝိဗျရား;သည် သားတော်ရာဟုလာအား။ ဘုရားထံတော်၌ ရွှေအိုးကြီး ၄ လုံးကိုအတောင်းခိုင်းသည်။ ။သားတော်ရာဟုလာသည်လည်း ဘုရားထံသို့သွားပြီး ရွှေအိုးကြီး ၄လုံးကို တောင်းလေသည်။ ရွှေအိုးကြီး၄လုံးဆိုတာ(၄)ခုစလုံးကားမြေ၌ယူဇနာပေါင်း(၂၄၀၀၀၀) စိမ့်မြှုတ်၍ တဂါဝုတ်။ နှစ်ဂါဝုတ်။သုံးဂါဝုတ်။ လေးဂါဝုတ်ပေါ်သည်။

## ပုံစံ၊ကား။

| ရွှေအိုး၏အမည်။ | မြေဦးမြှုတ်ပုံ။ | ပေါ်နေပုံ။ |
|---|---|---|
| သခိုရွှေအိုးကြီး | ယူဇနာ၊ ၂၄၀၀၀၀ | တဂါဝုတ်ပေါ်သည်။ |
| ဇသရွှေအိုးကြီး | ယူဇနာ၊ ၂၄၀၀၀၀ | နှစ်ဂါဝုတ်ပေါ်သည်။ |
| ဥပ္ပလရွှေအိုးကြီး | ယူဇနာ၊ ၂၄၀၀၀၀ | သုံးဂါဝုတ်ပေါ်သည်။ |
| ပဏ္ဍရိကရွှေအိုးကြီး | ယူဇနာ၊ ၂၄၀၀၀၀ | လေးဂါဝုတ်ပေါ်သည်။ |

အဲဒီရွှေအိုးကြီး ၄ လုံးကိုတောင်းလာတော့။ မြတ်စွာဘုရားက ငါ၏သားတော်ဟာ ရွှေအိုးကြီး ၄ လုံးကိုတောင်းလာပေသည်။ ရွှေအိုးကိုပေးပြီးအုံ့။တဘဝသာ ချမ်းသာ၍ တသံသရာလုံး အပါယ်၌ ကျရအုံးဘော့မည်။ငါဘုရားစုဆောင်းလာတဲ့ ပထဝီခါတ် ရွှေအိုးကြီး ပရမတ်တရား။ အာပေါခါတ် ရွှေအိုးကြီး ပရမတ်တရား။တေဇောခါတ် ရွှေအိုးကြီး ပရမတ်တရား။ ဝါယောခါတ်ရွှေအိုးကြီး ပရမတ်တရား။ ၎င်း ၄ ပါးကိုသာပေးတော့အုံ့။ခါတ် ၄ ပါးဆိုတဲ့ရွှေအိုး ၄ လုံးကိုငါ့သားရ၍ အပါယ်ထံခါးပိတ်ခြင်း။ ဆင်းရဲသံသရာ ပြတ်စဲခြင်း။ ဘုံစည်စံရခြင်း။ သိန္ဓိကိုးတန်ရခြင်း။ (၆၇)ဆင့်ဖြင့် မြင့်ကက်၍ သွားခြင်း။သို့မဟုတ်။ မဂ် ၄ ပါး ဖိုလ် ၄ ပါး၊ နိဗ္ဗာန်ရ၍ကျွတ်သွတ်တော့မည်။ (အတိုဆုံး ကမ္မဋ္ဌာန်း (၇) နံပါတ်က၊ ပါဠိအတိုင်း။ခါတ် ၄ ပါးကို တွေ့သွားလျှင် သက္ကာယဒိဋ္ဌိ ၀၀ ကိန္ဆာ၊ အဝိဇ္ဇာ ၃ ပါးပယ်နိုင်၍ ဝိဇ္ဇာရခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ပေအုံ့ဟု အခြင်တော်အတိုင်း သားတော်ရာဟုလာအား ခါတ်၄ ပါးတရားကို ပေးလေသည်။

---

## ခါတ်ကြီး ၄ ပါးတရား၊ အရေးအကြီးဆုံးဖြစ်ပုံ။

| | | | | | |
|---|---|---|---|---|---|
| သံသာ | ၇ သန်း | ၉ သန်း | ၄ သန်း | ကမ္ဘာတသိန်း၌ | |
| သဲမျှ | ၁၂၅၀၀၀ | ၃၇၅၀၀၀ | ၁၂ဆ | ဘုရား ၁၇ ဆူ | ကျင့်ပြီး၍။ |
| ဖွားစဉ် | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ပါလာပါသည်။ |
| မင်းသားဌေ | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ၎င်း။ |
| ထိမ်းမြား | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ၎င်း။ |
| တောထွက် | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ၎င်း။ |
| ဒုက္ခရ | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ၎င်း။ |
| ဗောဓိ | ၃၂ | ၈၀၊ | ၈၊ | ၁၀၀ | ၎င်း။ |

အထက်ပါ ပုံစံအတိုင်း ငါးဌာနခွဲ သဲလုံးအမျှ ဘုရားပေါင်း။ ထို့ပြင်။ ၄ သိန်းကျော်သော ဘုရားပေါင်းထံ၌ ကျင့်ခဲ့ရသော ပါရမီ စရိယာ စွန့်ခြင်းကြီးစသော ကုသိုလ်ကံတို့ကြောင့်။ဘုရားအလောင်း ဖွားတော်မူစဉ်လဲ (၃၂) ပါးသော လက္ခဏာတော်ကြီး။(၈၀) သော လက္ခဏာတော်ငယ်။အသံတော် ၅စ်ပါး။ တရုတ်ရှစ်ကွက် စက်လက္ခဏာတော်များ ပါရှိပေမဲ့ ဘုရားဥာဏ်ကို မရသေးပါ။ ။မင်းသားဘဝ၌ လက္ခဏာတော်ကြီးက (၃၂) ပါး။ လက္ခဏာတော်ငယ်က (၈၀)။အသံတော်ကရှစ်ပါး။ တရုတ်ရှစ်ကွက် စက်လက္ခဏာတော်ကြီးများ ပါရှိပေမဲ့ ဘုရားဥာဏ်တော် မလာသေးပါ။ ။မယ်ယသော်နှင့် ထိမ်းမြားမှ ပျော်တုံး-ပါးတုံးကလဲ (၃၂) ပါးသော လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာ တော်ငယ် အသံတော် (၈) ပါး။ (၁၀၈) ကွက် စက်လက္ခဏာများ ပါရှိနေပေမဲ့ ဘုရားဥာဏ်တော်ကြီးများ မလာသေးပါ။ ။၂၉ နှစ်အရွယ်တွင် တောထွက်ကော့လဲ။၃၂ ပါးသော လက္ခဏာတော်ကြီး။(၈၀) သောလက္ခဏာတော်ငယ်။အသံတော် ၅စ်ပါး။(၁၁၈) ကွက် စက်လက္ခဏာတော်များရှိ၍နေပါလျက်နှင့် ဘုရား့ဥာဏ်တော်ကြီးများဟာ မလာကြသေးပါ။ ။ခြောက်နှစ်ပတ်လုံး ဥရဝေလ တောင်ကြီးဝ၌ ဒုက္ကစရိယာ ကျင့်စဉ်၌လဲ။ (၃၂) ပါးသော လက္ခဏာတော်ကြီး (၈၀) သော လက္ခဏာတော်ငယ်။ အသံတော် (၈) ပါး။ (၁၁၈) ကွက် စက်လက္ခဏာတော်များ ရှိပြီးသား၊ ဖြစ်ပါလျက် ဘုရားဥာဏ်တော်ကြီးများ မလာကြသေးပါ။ ။ဗောဓိပင်ရင်းခံ အပရာဇိတာပလ္လင်မင်းပေါ်တွင် ထိုင်ရင်း မာရ်နတ်မင်းကို အောင်ပွဲခင်းကျင်း၍ အောင်မြင်ခြင်းရတော့လဲ။(၃၂) ပါးသော လက္ခဏာတော်ကြီး။(၈၀) သောလက္ခဏာတော်ငယ်။အသံတော် (၈)ပါး။(၁၀၈)ကွက် စက်လက္ခဏာတော်များ ပါရှိနေပါလျက် နှင့် မဂ် ဥာဏ် ဖိုလ် ဥာဏ်၊ သဗ္ဗညုတ ဩဇာဥာဏ်တော်များ မလာကြသေးပါ။ အဲဒီဟာဘာ့ကြောင့်လဲ ဆိုတော့။ ပါရမီ၊ ၁၀ ပါး၊ အပြား၊ ၃၀၊ စရိယာ ၃ ပါး၊ စွန့်ခြင်းကြီး ၅ ပါး၊ စရဏာဘရားတို့ဟာ ပြည့်ဝ၍နေပေမဲ့ (ခါတ်တရား၊ ဝိဒ္ဓာတရား၊ပရမတ်တရားခေါ်တဲ့) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ခါတ်ကြီး၄ ပါးကို မကျင့်ရ၊ မတွေ့ရသေးလို့ပါ၊ ခါတ်ကြီး ၄ ပါးကိုလဲ ခန္ဓာ၌တွေ့ရပါရော။ ပရိညာ၊ ဝိသုဒ္ဓိ၊ ဥာဏ်စဉ်ဆက်၍ ဘုရားဥာဏ်ပေါ်လာပြီး ဘုရားဗုဒ္ဓအမည်တော်ကြီးကိုရပါရောတဲ့။ ။အဲဒါဟာ၊ ခါတ်ကြီး ၄ ပါးပေါ်မှပင် ဘုရားဖြစ်ရပုံ။ နမ္မနာပုံစံပင်ဘည်း။

## ခါတ်တရားသာလျှင် အရေးကြီးလှပုံ။




ပုံစံ။ ။၁၅တိုင်အား မီးသီး။ ၆၀ တိုင်အား မီးသီး။ ၁၀၀ အား မီးသီး။ ဆလိုက်အား မီးသီး ဟူ၍ ဖလမီးသီးများကြီး၌ တပ်ဆင်၍ကြည့်တော့။ ၁၅တိုင်အားမီးသီးကား၊ သောတာပန်လောင်း၌ ခါတ်ဝင်တာနှင့်ဘုရား။ (၆၀) တိုင်အားမီးသီးကား သကဒါဂါမ်လောင်း၌ခါတ်ဝင်တာနှင့်တူလတ်။ ၁၀၀ အား၊ မီးသီးကား အနာဂါမ်လောင်း၌ခါတ်ဝင်တာနှင့်တူ။ ဆလိုက်အားမီးသီးကား ရဟန္တာလောင်း၌ ခါတ်ဝင်တာနှင့်တူ။ ကြီး ၂ ချောင်းကတော့ ရုပ်နာမ်နှင့်တူ။ ဒိုင်နမိုမှခါတ်လာတာကတော့ သံသရာဘဝတိုင်းမှ ပြုခဲ့သော ပါရမီစရိယာစွန့်ခြင်းကြီးခါတ်များနှင့်တူ။ အလင်းလေးမျိုးကတော့ မဂ်ဉာဏ်လေးစားနှင့်တူ။ အမှောင် ၄ မျိုးပျောက်ပျောက်ပြိမ်းခြင်းမှကား ကိလေသာ ၄မျိုးချုပ်ပြိမ်းတာနှင့်တူ။ အဲဒါလဲခါတ်ပေါ်မှ ပရိညာ၊ ဝိသုဒ္ဓိ၊ ဉာဏ်စည်ဆိုက်၍ မဂ်ဖိုလ်နိဗ္ဗာန်ရတာပါဘဲ။

| ဖိုးစယ်ရွာတော့။ | ရုပ်နာမ်ပေါ်တော့ |
|---|---|
| ပဲ စပါး၊ ပြောင်း ပိန္နဲ<br>စေ့ စေ့ စေ့ စေ့<br>ဥပမာပုံစံ။ဖြင့်သိကြပါ။ | ပကတိ မဟာ အဂ္ဂ ပစ္စေက ဘုရား<br>သာဝက သာဝက သာဝကာ လောင်း လောင်း<br>ဥပမေယျ ပုံစံဖြင့်သိကြပါ။ |

ဥပမာပုံစံ၌ ပဲမျိုးစေ့၊ စပါးမျိုးစေ့၊ပြောင်းမျိုးစေ့၊ပိန္နဲမျိုးစေ့ များဟာ။ (ဟေတု) အကြောင်းရင်းသာဖြစ်ပါတယ်။ ။ဖိုးယ်းရွာ ချခြင်းကား။ (ပစ္စယော) အကြောင်းများသာ ဖြစ်ပါတယ်။ ၎င်း ၂ ပါး ပြည့်စုံပါမှ (ဟေတုမျိုးစေ့မှ။)ပဲပင်၊စပါးပင်၊ ပြောင်းပင်၊ ပိန္နဲပင်ပေါက်၍ အစအဆုံး အဝိ ပစ္စည်းဆက်၍ ကြီးပွါးချမ်းသာရတာလိုပါဘဲ။ ။ဤဥပမာလိုပင် ဥပမေယျ၌ ပကတိသာဝကမျိုးစေ့များ၊ မဟာသာဝကမျိုးစေ့များ၊ အဂ္ဂသာဝကမျိုးစေ့များ၊ ပစ္စေကဗုဒ္ဓါလောင်းများ၊ ဘုရားလောင်းများဆိုတဲ့ ဗောဓိဇဉ်ငါးမျိုးဟာလဲရုပ်နာမ်ပေါ်မှသာပရိညာ၊ဝိသုဒ္ဓိ၊ဉာဏ်စည်ဆိုက်၍။ မဂ်သိုး ဖိုလ်သိုး သီးပြီးတော့ နိဗ္ဗာန်အရသာကို စားသုံးရမှာပါဘဲ။ ရုပ်နာမ်ပေါ်ပေမဲ့ ထိုရုပ်နာမ်ဟာ၊ ပကတိသာဝကလောင်းကို ပကတိ

သာဝက လောက်သာ ဖြစ်စေနိုင်ပါတယ်။ မဟာသာဝကလောင်းကို မဟာသာဝကလောက်သာ ဖြစ်စေနိုင်ပါတယ်။ အဂ္ဂသာဝကလောင်းကို အဂ္ဂသာဝကလောက်သာ ဖြစ်စေနိုင်ပါတယ်။ ပစ္စေကဗုဒ္ဓါလောင်းကို ပစ္စေကဗုဒ္ဓါလောက်သာ ဖြစ်စေနိုင်ပါတယ်။ ဘုရားလောင်းကို ဘုရားလောက်ပင် ဖြစ်စေနိုင်ပါတယ်။ ဥပမာမှာ။ မိုးယမ်းရွာခြင်းသည်။ မျိုးစေ့ကို အညွှန့် အညှောက်မှစ၍ အသီးအဝါ ဖြစ်စေနိုင်တယ်ဆိုသော်လည်း။ ထိုမိုးယမ်းက ပဲမျိုးစေ့ကိုပဲပင်လောက်သာ။စပါးမျိုးစေ့ကိုစပါးပင်လောက်သာ။ ပြောင်းမျိုးစေ့ကို ပြောင်းပင်လောက်သာ။ ပိန္နဲမျိုးစေ့ကို ပိန္နဲပင်လောက်သာ ၎င်းတို့နှင့်ဆိုင်ရာ အညှောက်၊ ပင်တန်၊ အရွက်၊ အကိုင်း၊ အခွန်၊ အကာ၊ အပွေး၊ အနှစ်၊ အရည်၊ အပွင့်၊ အသီး၊ မျိုးစေ့မှ၍ သူတို့နှင့်ဆိုင်ရာများကို ဖြစ်စေပါသည်။ (ပစ္ဆယော) ဆိုတာလဲ (ဟေတု) အတိုင်းသာ သူသဘောကိုမလွန်စေဘဲ။ ပဲသည် စပါးသို့ မကူးစေဘဲ သူ့မျိုးတာအတိုင်းသာကြီးထွား စည်ကားစေပါသည်။ လူပြိန်းသိတို့ရန် အတိအကျပြောပြရပါလျှင်။ (၁) ရုပ်နာမ်က ပကတိသာဝကအလောင်းများကို ပကတိသာဝကဆိုင်ရာကို ဖြစ်စေပါတယ်။ (၂)ရုပ်နာမ်ကမဟာသာဝက အလောင်းများကို မဟာသာဝက ဆိုင်ရာဖြစ်စေပါတယ်။(၃) ရုပ်နာမ်က အဂ္ဂသာဝကအလောင်းများကို အဂ္ဂသာဝက ဆိုင်ရာလောက် ဖြစ်စေပါတယ်။(၄)ရုပ်နာမ်ကပစ္စေကဗုဒ္ဓါ အလောင်းများကိုပစ္စေကဗုဒ္ဓါ ဆိုင်ရာလောက် ဖြစ်စေပါတယ်။ (၅) ရုပ်နာမ်က ဘုရားလောင်းများကို ဘုရားဆိုင်ရာလောက် ဖြစ်စေနိုင်ပါတယ်။ သိလောက်ပါပြီ။

---

## ရုပ်ခါတ်၊ နာမ်ခါတ်က၊ မဂ်ဖိုလ်နိဗ္ဗာန်ရစေသော်လည်း။

| ရုပ်နာမ် |
| --- |
| သော၊ သက၊ အနာ၊ အရ၊ |

ဤပုံစံအတိုင်းပင်။ (၁) ရုပ်နာမ်က သောတာပန်ဖိုလ်ရှိသူကို သောတာပန်လောက်သာဖိုပါတယ်။ (၂) ရုပ်နာမ်က သကဒါဂါမ်ဖိုလ်ရှိသူကို သကဒါဂါမ်လောက်သာ ဖိုပါတယ်။ (၃) ရုပ်နာမ်က အနာဂါမ်ဖိုလ်ရှိသူကို အနာဂါမ်လောက်သာ ဖိုပါတယ်။ (၄) ရုပ်နာမ်က ရဟန္တာဖိုလ်ရှိသူကို ရဟန္တာလောက်သာ ဖိုပါတယ်။(ဒါနဲ့သီလ၊သမထ စသော စရဏ တရား ၃၅ ပါး) တို့မှကား၊ ခါတ်ကြောင့်။ဝါ။ရုပ်နာမ်ကြောင့်။ သောတာပန် သက

နိဗ္ဗာန်ဝင်လမ်း-ခါတ်ကမ္ဘာန်း။ ၂၁၁

ဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်သောအခါ၌။ ဒါနကဋ္ဌေးဘို၊ သီလက လှဘို။ သမထက ဇေမြောဘို စသည်ဖြင့် ကူညီကြပါတယ်။ ခြိုးခံကြပါတယ်။ ဥပမာ။ ခါတ်ကြောင့် ဝိသာခါဟာသောတာပန်တည်တယ်။ ဒါနကြောင့် သူဋ္ဌေးသွီးဖြစ်တယ်။သီလကြောင့် လှပချောမောရတယ်။ သမထကြောင့် စိတ်ဇေါ်မမ်းရတယ်။ ဥပမာ။ ခါတ်ကြောင့်၊ဆဋ္ဌာပါဏိဒါယကာဟာ သက ဒါဂါမ်ဖြစ်ရတယ်။ ဒါနနဲပါးလို့ မွဲခ၊ာတယ်။ သီလနဲပါးလို့ မလှဘဲဖြစ်ရတယ်။သမထနဲပါးလို့ ဇေဇေဆေးဆေးမနေရ။ ဟိုသွားရ ဒီသွားရနှင့် သူတပါးကိုမှီ၍ နေရထိုင်ရ၊ စားရ၊ သောက်ရ၊ ဖြစ်ရပါတယ်။ အဲဒါကြောင့် (ဝိဇ္ဇာစရဏသမ္ပန္နော) နှင့်ညီအောင်။ [ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ] ၄ ဘက် ၄ တန်စုံအောင် ကြိုးစားကြပါကုန်။ ဆဋ္ဌာပါဏိဒါယကာလို မဖြစ်ရအောင် ကျင့်ကြပါကုန်လော့။

---

## ဂဠုန်က ရေခွဲပြ နဂါးကို ဘမ်းစားပုံ ဥပမာ။

ရှေးသရောအခါဝယ် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းနန်းစံစဉ် ဖြစ်ပုံမှာ။သမုဒ္ဒရာကမ်းစပ်၌ ရသေ့တပါးကျောင်းသင်္ကန်းနှင့်နေပေ၏။ဝိဇ္ဇာအဘိညဉ်သမာပတ် ဈာန်များလဲရရှိပေ၏။ သမုဒ္ဒရာဆိုတာ အလွန်လဲ နက်နဲလှပေ၏။အနက်အားဖြင့် ယူဇနာ (၈၄၀၀၀) နက်နဲလှ၏။သမုဒ္ဒရာ အကျယ်မှာတော့ ယူဇနာပေါင်း၊ ၃ သန်း ၇ သိန်းကျော်ပင်ကျယ်ဝန်းလှ၏။ နေမင်းတောင်မှ ၂၄ နာရီပြေးမှ တပတ် ပတ်မိ၏။ ဤမျှကျယ်ဝန်းလှပေ၏။ နဂါးတို့မျိုးတာကား သမုဒ္ဒရာထဲ၌ ကျက်စားသွားလာကာနေကြ၏။ ဘောဂဝတီ နဂါးပြည်။ အတုလဝတီနဂါးပြည်။ တမ္ဗဝတီနဂါးပြည်စသော နဂါးပြည်တို့ကား သမုဒ္ဒရာထဲ၌ပင် ဣ ဍ စိန် မြ ပြဿာဒ်နှင့်ရှိ၍နေကြ၏။

ဂဠုန်တဦးသည် သမုဒ္ဒရာရေပြင်ပေါ် ၌နေပြီးတော့။ အတောင်နှစ်ဘက်အဟုန်ဖြင့် ရေပြင်ကိုလေဟုန်ဖြင့်ရိုက်လိုက်ရာ။ ရေပြင်ကြီး ၂ ဖြာကွဲ၍ နဂါးပေါ်လာ၏။ ရေပြင် ၂ ဖြာအကွဲ၌ ဂဠုန်လိုက်သွားပြီး နဂါးကိုသုတ်ကာ လိုရာအရပ်သို့ချီယူ၍ နဂါး၏ အသားကို ဂဠုန်တို့စားသောက်ကြ၏။ ဤကားဓမ္မကာသဘောပင်တည်း။ အဲဒါဟာ ဥပမာဘဲ။ ဥပမေယျကား။ ဂဠုန်နှင့်တူသော ယောဂီသည်။ သမုဒ္ဒရာဆိုတဲ့ ခန္ဓာ

ကိုယ်၌ အကောင် ၂ ဖက်ဆိုတဲ့ရုပ်နာမ်ဖြင့် အားထုတ်ခြင်းဖြင့် ရိုက်နှက်လိုက်ရာ။ အဝိဇ္ဇာတဏှာဆိုတဲ့ ရေပြင် ၂ ဖြာကွဲ၍ ဒိဋ္ဌိဆိုတဲ့ နဂါးပေါ်လာတော့။ ယောဂိဂဠုန်ဟာ အကွဲထဲသို့ဆင်းပြီး နဂါး ဒိဋ္ဌိကိုချိယူကာ သမ္မာသက်ပွနေရာ၌ စားသောက်သဖြင့် နဂါးဒိဋ္ဌိသေဆုံးရသည်။ ယောဂိဂဠုန်လည်း ပြုံးရွှင်ရသည်။ (သမုဒ္ဒရာကခန္ဓာ။ ရေက အဝိဇ္ဇာတဏှာ။ ဂဠုန်က ယောဂိ၊ အတောင် ၂ ဖက်က ရုပ်နာမ်။ ရိုက်ထာက အားထုတ်ထာ။ ကွဲကာက ခွါတာ။ နဂါးက ဒိဋ္ဌိ။ သေတာကအနုသယ ပြာကျသွားတာ။ အဲဒါဥပမာ ဥပမေယျစပ်ပြတာပါဘဲ။

---

## နဂါးလည်ပင်းက၊ ပဋ္ဌာန်းတလုံးဥပမာ။

နဂါးဆိုတာ။ အကုသိုလ်ကံကြောင့် နဂါးဖြစ်ထာဘဲ။ ကုသိုလ်ကံကြောင့် လည်ပင်း၌ ပဋ္ဌာန်းတလုံးကိုရရှိ၍ထားကြသည်။ ထိုနဂါးများဟာ အဟိတ်၊ ဒုဂ္ဂတိ၊ အပါယ်ဘုံသား တိရစ္ဆာန်လေးမည် လေးဘွဲ့ရထားပေမဲ့ ပဋ္ဌာန်းတော်တန်ခိုးကြောင့်။ စိတ်ကတောင့်တတိုင်း ရှေပြဿဒ် ငွေပြဿဒ် စိန်ပြဿဒ်၊မြပြဿဒ်၊ ပဋ္ဌာန်းပြဿဒ်ကို ဖန်ဆင်း၍ ခမ်းနားဆန်းပြားစွာ နေထိုင်ရခြင်း။ နတ်ထမင်း၊ နတ်ဟင်း၊ နတ်ဆြဲဇာ၊ နတ်ယမကာနှင့် နေရခြင်း။ နတ်ဝတ်၊ နတ်ပုဆိုးဖြင့် နေရခြင်းစသော တန်ခိုးများကို ရရှိလေသည်။ အဲဒါ ဥပမာဘဲ။ ။လေးမည်ရ၊ လေးဘွဲ့ ရ သော တိရစ္ဆာန်နဂါးတောင်မှ ပဋ္ဌာန်းတလုံးကြောင့် နတ်များကဲ့သို့နေရသေးပါလျှင်။ ကုသိုလ်ကြောင့် သာသနာတွင်း၌ လူအဘိုးတန်ဖြစ်ကြသော ယောဂီများမှာမူကား။ ပထဝီခါတ်တလုံးကိုရ၍ထားပါလျှင်။ (၀၁) အာပေါ်ခါတ်တလုံး၊တေဇောခါတ်တလုံး၊ဝါယောခါတ်တလုံးကို ရရှိ၍ထားပါလျှင်။ ပရိညာလဲရ၊ ဝိသုဒ္ဓိလဲရ၊ ဉာဏ်စဉ်ထဲကလဲရ၊ ဗောဓိပက္ခိယဃဋ်ကလဲရ၊ ထွန်းပြင်၊ ဗျာဒိတ် ၄ ပါးထဲက တပါးပါးကိုရ၍ သေတာနှင့်နတ်ပြောဘဲ။ မဂ်ရဘဲ၊ ဖိုလ်ရဘဲ၊ နိဗ္ဗာန်တွေ့ကြုံဘဲ၊ အပါယ်တံခါးပိတ်ကြို၊ဆင်းရဲသံသရာပြတ်၊ ဘုံစဉ်စံ၊ သိဒ္ဓိကိုးတန်ရ။(၆၇) ဆင့်ကို လိုလဲရ၊ မလိုလဲရ၊ စိတ်သွားတိုင်းကိုယ်ပါ၊ လိုရာသို့ရောက်ခြင်း။ ကြံတိုင်းအောင်၊ဆောင်တိုင်းမြောက်ခြင်း စသော အကျိုးတို့ကရရှိနိုင်ပါသည်။ ဥပမာ။ မျိုးစေ့တခုခုကို မိုးယိုးရည်ထိတော့ အညောက်ကစ၍ မျိုးစေ့အထိပင် အစရော

အလယ်ရော၊ အဆုံးရောဆောင်ပို့တာလို။ တနည်းလည်း။ ထမင်းကိုစား တော့၊ ထမင်းက ၃၂ ကောဋ္ဌာသ ၄၂ ကောဋ္ဌာသ အနှံ့အပြား အစ အလယ် အဆုံးအထိ ပို့တာလို။ ကားစီးတော့၊ ကားမပြောင်း၊ လူမပြောင်း ဘဲ။ လမ်းဘေး ၂ ဖက်ကရှိသမျှသော အရာရာ ဝတ္ထုများကိုတွေ့ပြီး အစ အလယ် အဆုံးအထိ ဆောင်ပို့တာလို ဝိပဿနာ ဓါတ်တလုံးက လောကီ ရော လောကုတ္တရာရော ဆောင်မှီ ချမ်းသာခြင်းသို့ ရောက်စေနိုင်ပါတော့ သည်။

ရုပ်နာမ်မြင်ကာ၊ ကျိုးဖလ၊ ရိုးမျှမကပါ။
ရုပ်နာမ်ကိုစီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်သာ။

ဆိုတဲ့လက်ဘအတိုင်း လောကီ၊ လောကုတ္တရာ ၂ ကျိုးပေးစွမ်းနိုင် ပါသည်။

## သီရိဝမ္မာသောကမင်းနှင့်ဘိသိက် ဥပမာ။

တတိယသင်္ဂါယနာတင်ပြီး သာသနာပြု၍သွားသော သီရိဝမ္မာသော က မင်းတရားကြီးဟာ။ ဇမ္ဗူဒီပါကကျွန်းလုံး၌ ဧကရာဇ်မင်းဖြစ်သော် လည်း ဘိသိက်မခံ ဘိသိက်မသွင်းသေးဘဲ သုံး လေး နှစ်မျှ နေခဲ့ရာ။ ရာဇဂုဏ်ဖွဲ့များ မရပါ။ ။ဧကရာဇ် ဘိသိက်ခံမှသာလျှင် မြေကြီးအောက် တယူဇနာ ကောင်းကင်၌ တယူဇနာ အာဏာရခြင်း။ ကရဝိက်ငှက်ကို အာဏာနှင့် ခေါ်နိုင်ခြင်း။ ကာလနဂါးကို အာဏာနှင့် ခေါ်နိုင်ခြင်း။ ကြေးသားများက ဟိမဝန္တာတောမှ သလေး စပါးနှံတို့ကို ချိယူလာ၍ ပို့သရခြင်း။ ဝန်တို့က ပန်းဘဲဖို၌ တူရိုက်၍ပေးရခြင်း။ နတ်တို့က ပဒေသာ ပင်မှ နတ်အဝတ်ကို လာပို့ရခြင်း။ နာဂလတာ နွယ်ဒန်ပူကို ဖို့ဆက်ရ ခြင်း။ အနဝတတ်ရေကို တနေ့လျှင် တဆဲ့ခြောက်ထမ်း ပို့လာရခြင်း။ ဇမ္ဗူဒီပါ တကျွန်းလုံးကိုအာဏာနှင့် အုပ်စိုးနိုင်ခြင်း စသော တန်ခိုးများ ပေါ်လာလေတော့သည်။ ဘဲဒါလို လူများဟာလည်း ပိမိတို့ပြုနေကြ ဒါန၊ သီလ၊ သမထ ၃ ပါး၌ ဝိပဿနာ ဘိသိက်သွင်းတော့ အရိယာဂုဏ်ခိုး အမျိုးမျိုးကိုရ၍ လောကီရော လောကုတ္တရာရော မိုးကြီးထွားစွာ နိဗ္ဗာန် အထိ အကျိုးပေးတော့မည်။

## ရဟန်းဘိသိက်ဥပမာ။

ရဟန်းလောင်းကို သိမ်ထဲသွင်း၍ ဥပသမ္ပဒ ကမ္မဝါစာဖြင့် သုဏာ ဘုမေ စသော ဘုရားအာဏာတော်ကို ရွက်၍ ဘိသိက်သွင်းလျှင် အလို လို ၂၂၇ သွယ်သော သိက္ခာပုဒ်များ ကုဋေ ကိုးထောင် ကျော်သော သိက္ခာပုဒ်များ အစုံ နှယ်ကုန်ရောက်၍ရဟန်းတို့ အာဏာတန်ခိုးများ ရရှိ တော့သည်။ ထိုအတူ ယောဂီများဟာလဲ ဝိပဿနာပြုနေကြ လုပ်နေကြဖြစ် သော ဒါန၊ သီလ သမထ စသော စရဏာ ကုသိုလ်ကြီး (၃၅) ပါးကို ဝိပဿနာဘိသိက်သွင်းခဲ့သော်။ ထိုယောဂီမှာ အရိယာတန်ခိုးများ အရိ ယာအကျိုးများ လောကီ လောကုတ္တရာ အကျိုးများ ဝိသာခါတို့ကဲ့သို့ ပေးသွားပါလိမ့်မည်။

---

## ဒါ၊သီ၊ထ၊ဝိပဿနာတို့မှ (အ၊အအ၊အအအ) ၆ မျိုးရမည်။

ဥပမာကား။ ရွှေထည်၌ မြဖြစ်စေ၊ ပုလဲဖြစ်စေ၊ စိန်ဖြစ်စေ၊ ပတ္တမြား ဖြစ်စေ၊ တွဲပေးသော် ရွှေရောင်က စိန်ရောင်ဟာတ်။ ထိန်လက်တောက် ပြောင်ပါသည်။ စိန်ရောင်က ရွှေရောင်ဟာတ်၍ ထိန်ပြောင်တောက်ပပါ သည်။ ဤဥပမာလိုပင် ဒါန သီလ သမထ၌ ဝိပဿနာဆင့်ပြီး တပ်ဆင် တွဲဖက်၍ အားထုတ်ပါလျှင်။ (အ) ခြောက်လုံးကို ရရှိတော့မည်။ (အ) ခြောက်လုံးဆိုတာက (အစိန္တေယျ အကျိုး၊ အပ္ပမေယျ အကျိုး၊ အသင်္ခေ ယျ အကျိုး၊ အနန္တ အကျိုး၊ အပ္ပရိမာဏအကျိုး၊ အပရိဟာနအကျိုး) ဆိုတဲ့ အကျိုးတရား ဖြိုးဖြိုးထွားပြီး စည်စည်ကားကား ကြီးကြီးမားမားနှင့် ခံ စား စံစား၍ နိဗ္ဗာန်အထိ တက်သွားပါလိမ့်မည်။

---

## ဝိပဿနာပွါး ၁။(၂.၃.၄.၅.၆) ၇ ဘဝ။

ဝိပဿနာတရားကို ပွါးတော့ အာရဒ္ဓဝိရိယ သမားပင်ဖြစ်စေ။သော တာပန် အညံ့စားပင်ဖြစ်စေ။ပရိတ်ကြီးပါဠိတော် ရကနသုတ်၌လာရှိသော (ယေအရိယသစ္စာနိ၊ ဝိဘာဝယန္တိ ဂန္ဓိရ ပညေန သုဒေသိတာနိ ကိဉ္စာပိ တေဟောန္တိ၊ ဘုသံပမတ္တာ၊ နတေဘာဝံ အဠမမာဒိယန္တိ) ပြင်းထန်စွာ ခဲ့လျှော့ ပေါ့ထန်စွာ နေသော မဟာမသောတာပန်များ။ လွန်မင်းစွာ အားထုတ်၍ နေသော အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်များဟာ။ ခုနှစ် ဘဝ ထက် မလွန်တော့ပြီတဲ့။ (အဲဒါကို ထောက်၍ ခုနှစ်ဘဝ၌ ရဟန္တာ

ဖြစ်ရမည်။ နိဗ္ဗာန်ဝင်စံရမည်။အဲဒါက ပထမအကျိုးပါဘဲ။ ခြောက်ဘဝ၊ ငါးဘဝ၊ လေးဘဝ၊ သုံးဘဝ၊ နှစ်ဘဝတို့၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကို့ရန် သေချာ၍နေပါကော့သည်။ အဲဒါက ဒုတိယ အကျိုးပါဘဲ။ ဝိပဿနာကို စ၍ အားထုတ်သော ရှေးဦးဘဝ၌မူကား။ ဗုဒ္ဓ သောတာပန်၊မဂ္ဂါမသောတာပန်ဖြစ်၍ ဆန်တက်တော့မည်။ သာဓကမှာ

ပဒ္ဓိသောတဂါမိ ဒိုပုနံ၊ ဂန္ဓိရံ ဒုဒ္ဒသံအဏုံ၊
ရာဂရတ္တာနဒကွန္တိ၊ တမောခန္ဓေနအာဝုတာ။

ဝိနည်းမဟာဝဂ်ပါဠိတော် ကျမ်းအစ၌။ ။ပဒ္ဓိသောတဂါမိ၊ နိဗ္ဗာန် မြစ်ညာသို့ အမြဲတန်းဆန်တက်ထသော။ဒိုပုဏံ၊သိမ်မွေ့ထသော။ဂန္ဓိရံ၊ နက်နဲထသော။ဒုဒ္ဒသံ၊မြင်နိုင်ခဲထသော။အဏုံ၊ပရမာနုမြူအလားရှိသော ရုပ်နာမ်တရားကို။ ရာဂရတ္တာ၊ ရာဂထန်သိုး ဒေါသမီးတို့ဖြင့်၊ တည်းညိုး တပြောင်ပြောင် တောက်လောင်ကာ နေကြသောကြောင့်၎င်း။ တမော ခန္ဓေန အာဝုတာ၊ အဝိဇ္ဇာမှောင်လုံး ပိတ်ကာဖုံးသဖြင့်၎င်း။ နဒကွန္တိ၊ မမြင်ကြကုန်။

အဲဒါကတော့။ တတိယအကျိုးပါဘဲ။ ဝိပဿနာပွါးလို့ အကျိုးရှိ နေပုံကို အရိယာလက်စွဲခေါ် ဗုဒ္ဓဗျာဒိတ်တော်ကျမ်း၌ အကိုးသာဓက ပေါင်း (၂၀၅)မျိုးပြ၍ ပုံနှိပ်ထုတ်ဝေ ဖြန့်ဖြူးနေပါသည်။ အညွှန်းအတိုင်း ရင်းစာအုပ်ကို လက်ကိုင်ထား၍ သဒ္ဓါဖြစ်စေရန် နှိုးဆော်ကြပါကုန် သတည်း။

---

## ပုထုဇဉ်နှင့် အရိယာ ခြားနားပုံ။

၁၃၁၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်၊ မော်လမြိုင်မြို့၊
ဦးထွန်းတင့် တိုက်အိမ်၌ ရေးသားသည်။

ပုထုဇဉ်တို့ကား စိတ်ကခိုင်းတိုင်း၊ နာမ်ကခိုင်းတိုင်း ရုပ်ကလိုက်နာ ပြုလုပ်ကြပါသည်။ ။အရိယာတို့ကား ရုပ်ကခိုင်းတိုင်း နာမ်က၊စိတ်က လိုက်နာ ပြုလုပ်ကြပါသည်။ ထင်ရှားစေဦးအုံ့။ ။ပုထုဇဉ် ဆိုကာဟာ စိတ်က,စားချင်လျှင် ရုပ်က,သွားရောက်ကာစားရသည်။ စိပ်က,အိပ်ချင် လျှင် ရုပ်က,အိပ်ရ။ စိတ်က,သွားချင်လျှင် ရုပ်က,သွားရ။ စိတ်က,ပြော

ချင်လျှင် ရုပ်က,ပြောရ။ စိတ်က,ရိုက်ချင်လျှင် ရုပ်က,ရိုက်ရန့် စိတ်
,နာမ်က ရှေ့ဆောင်တိုင်း ရုပ်တရားက လိုက်နာရလေသည်။

အရိယာများမူကား ကမ္ဘာန်းထိုင်တော့ ရုပ်ကဖေါ်ပြတိုင်း နာမ်က
သိရသည်။ ရုပ်ကအနိစ္စဖေါ်လျှင် နာမ်က အနိစ္စလက္ခဏာကိုသိ၍ ဒိဋ္ဌိ
တဏှာ ပြယ်ပျောက်ချုပ်ငြိမ်းရသည်။ ရုပ်က ဒုက္ခဖေါ်ပြတော့ နာမ်က
ဒုက္ခလက္ခဏာကိုသိ၍ ဒိဋ္ဌိ၊ တဏှာ ချုပ်ငြိမ်းသည်။ ရုပ်ကအနတ္တဖေါ်ပြ
တော့၊ နာမ်က အနတ္တလက္ခဏာကိုသိ၍ ဒိဋ္ဌိ၊ တဏှာ ချုပ်ငြိမ်းသည်။
(၁)ရုပ်ကိုတွေ့ရလို့ ပရိညာ ၃-ပါးဆိုက်သည်။(၂)ရုပ်ကိုတွေ့ရလို့ ဝိသုဒ္ဓိ
၇-ပါး ဆိုက်သည်။ (၃)ရုပ်ကိုတွေ့ရလို့ ဥာဏ်စဉ် ၁၆-ပါးဆိုက်သည်။
(၄)ရုပ်ကိုတွေ့ရလို့ ဗောဓိပက္ခိယတရား ၃၇-ပါးဆိုက်သည်။ (၅)ရုပ်ကို
တွေ့ရလို့ မဂ်ဥာဏ် ၄-ပါး၊ ဖိုလ်ဥာဏ် ၄-ပါး ဆိုက်သည်။ (၆)ရုပ်ကို
တွေ့ရလို့ နိဗ္ဗာန်ရသည်။ (ပုထုဇဉ်တုံးက တွေ့မြင်ရသော ရုပ်နာမ်ကား
ပညတ်နယ်က ရုပ်နာမ်တည်း။ ပညတ်နယ်က ရုပ်နာမ်မှီ တွေ့နေရ
ပေမဲ့ စိတ်မပြောင်း ဥာဏ်မပေါ်လာပါ။) ယခုမှာ ပရမတ်ရုပ်ကိုတွေ့ရ
တာမှီ စိတ်ပြောင်း၊နာမ်ပြောင်း၊ဥာဏ်ပြောင်းပါသည်။ (လိုက်အရိယော)
ပါဠိ၏အနက်ပြန်ပုံကို ၀ါ-အရိယာဖြစ်ပြီလားဌ ရှုကြပါကုန်။

---

## ဘယ်တရားက ပြတဲ့ ခါတ်ကို ဘမ်းရှုကြမှာလဲ။




ဝိဠုကတ် ၃-ပုံ၊ နိကာယ် ၅-ဖြာ၊အင်္ဂါ
၉-တန် ဓမ္မကွန်ရှာပေါင်း( ၇၄၀၀၀ )ကျမ်း
ကုန်အောင်ဌ သတ္တဝါများကို အပါယ်သို့
ပစ်ချနေတဲ့ ကိလေသာကား သက္ကာယဒိဋ္ဌि
နှင့် ဝိစိကိစ္ဆာ တရားသာ ဖြစ်၏။ ၎င်း
ဆိုးရွားလှသော(ဒိဋ္ဌိနှင့်ဝိစိ)ကို ရဟန္တာသုတ်တော်အရဖြင့် ဆိုရလျှင်။
ပုံစံအတိုင်းခါတ်ဖြင့်သတ်မှ ဒိဋ္ဌ ဝိစိသေမည်။ခါတ်တရားကိုတွေ့မှသာ
လျှင်ဒိဋ္ဌ၊ဝိစိချုပ်ငြိမ်းမည်။(ခါတ်ကိုတွေ့မှ ဒိဋ္ဌဝိစိချုပ်ငြိမ်းမည်၊သို့သော်)
ပါရမီကြောင့် ပေါ်တဲ့ ခါတ်တရားလား၊ စိတ်ကြောင့် ပေါ်တဲ့ ခါတ်
တရားလားဟု အမေး ထွက်လာသည်။ ။စိတ်ကြောင့်ပေါ်တဲ့ခါတ်ဟု
အကယ်၍ဆိုငြားအုံ။စိတ်မလိမ္မာလို့၊စိတ်ကမိုက်လို့၊စိတ်မှာဒိဋ္ဌ ဝိစိကပ်လို့

ခါတ်ဖြင့် သတ်ဖြတ်ရသည်မဟုတ်ပါ၊လောဟာ ဖြေလျှင်၊ နေရာကျလှ၏။ (ဥပမာ)စိတ်ကဘုရားဖြစ်ချင်လှ၏။ပါရမီက ဘုရားလောင်းလိုမဖြည့်ခဲ့လျှို့ ဘုရားမဖြစ်ရ၊အဖြေနှင့်ပင်လုံ့လောက်တော့သည်။ စိတ်ကိုက မကောင်းလျှင် စိတ်ကြော့ဝင့်ပေါ်တဲ့ခါတ်လဲ ကောင်းနိုင်ပါအုံ့လော။ စိတ်မကောင်းရတာက တသံသရာကာလပတ်လုံး စိတ်၌(ကဘေး) မောဟာ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ဒိဋ္ဌိ၊မာန၊ဒေါသ ဣဿာ၊မစ္ဆရိယာ၊ကုက္ကုစ္စ၊ ထိန၊မိဒ္ဓ၊ဝိစိကိစ္ဆာ အကုသိုလ်များ ၁၄-သည်ကပ်၍နေခြေပြီ။(ခဘေး) ရာဂ၊ ဒေါသ၊ ကောဓ၊ မောဟ၊ ဥပါနာဟ၊ မာယာ၊ သာဌေယျ၊ ထမ္ဘ၊ သာရမ္ဘ၊ မာန၊ အတိမာန၊ မဒ၊ ပမာဒ စသော စိတ္တုပ္ပဒ်ကိုလေသတရား ၁၆-ပါး၊ ၁၇-ပါး၊ ၁၇-သည် စိတ်၌ကပ်၍နေပြန်ပါသည်။ (ဂဘေး) ဝိပ္ပဒ်ကိုတရား ၄-ပါး၊ဗျာသနတရား ၅ ပါး၊ရန်သူမျိုး ၅-ပါး၊ရေပ်ပစ် ဂ-ပါး၊ ကပ် ၃-ပါး၊ ဒဏ် ၁၀-ပါး၊ ဥပ္ပဒ္ဒဝေါ ၁၆၊ ဘေးကြီး ၂၅၊ ကံကြမ္မာ ၃၂-ပါး၊ သက္ကာယဒိဋ္ဌိ ၂၀၊အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀၊ နိယတမိစ္ဆာဒိဋ္ဌိကြီး ၃-ပါး၊ မဟာမိစ္ဆာဒိဋ္ဌိ ၆၂-ပါး၊ပါသဏ္ဍဒိဋ္ဌိ ၉၆-ပါး၊ရောဂါ ၉၆-ပါး၊ ၉ဂ-ပါး၊ အန္တရာယ် ၆၊ ၁၀-ပါး၊ သင်္ဂီ ၅-ပါး၊ ကိလေသာ ၃-ပါး၊ ၁၀-ပါး၊၁၅၀၀၊ငရဲကြီး၅စ်ထပ်၊ ငရဲငယ်(၁၂ဂ)ထပ်၊ ပြိတ္တာအစားစား အသူရကာယ်အစားစား၊ရေနေတိရစ္ဆာန်ဆယ်ကုဋေ၊ကုန်းနေတိရစ္ဆာန် ကိုးကုဋေ၊ မွဲဘေး၊ ငှဲဘေး၊ ကြောင့်ကြဘေး၊ ပူဘေး၊ ပန်ဘေး၊ မူလ ၂-ပါး၊ဝဋ် ၃-ပါး၊ အစပ် ၃-ပါး၊ အလွှာ ၄-ပါး၊ အခြင်းအရာ (၂၀) အင်္ဂါ ၁၂-ပါး၊ ဖီး ၃၊ ၅၊ ၇-ပါး၊ ၁၁-ပါး စသော ဝိပါကန္တရာယ်များ အသင်္ချေပေါင်း(၁၊၇၀၀)ကျော်တို့ဟာလည်း စိတ်၌ပင်ကပ်၍နေပါတော့သည်။ (ဃကြီးဘေးများ) အာသဝ ၄၊ ဩဃ ၄၊ ယောဂ ၄၊ ဂန္ထ ၄၊ ဥပါဒါန် ၄၊နိဝရဏ ၆-ပါး၊ ဂ-ပါး၊အနုသယ ၇-ပါး၊ သုတ္တန်သံယောဇဉ် ၁၀-ပါး၊ အဘိဓမ္မာသံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၁၁-ပါး စသော အကုသလသင်္ဂဟ ထဲက တရားများဟာလဲ စိတ်မှာပင်ကပ်၍နေကြပါသည်။ ဒါတွေကပ်လို့ မကောင်းတဲ့စိတ်၊ ညှဉ်တဲ့စိတ်၊ ဆိုးဝါးတဲ့စိတ်၊ သောင်းကျန်းတဲ့စိတ်၊ ယုတ်မာတဲ့စိတ်က ဖြစ်စေသောခါတ်တရားဟာလဲ ကောင်းဘို့ရာ မမြင်ပါ။ ထို့ကြောင့် စိတ်ကပြုတဲ့ခါတ်ကို မရှုသေးဘဲ ပါရမီကံကပြုတဲ့ ခါတ်ကိုသာရှုပွါးပါက ပြုခဲ့ပြီးသားအတိုင်း ခါတ်ကို ရှုပွါးလို့ ပရိညာ၊ ဝိသုဒ္ဓိ ဉာဏ်စဉ်၊ ဇောဝိပက္ခိယ၊ မဂ်စဉ်၊ ဖိုလ်စဉ်၊ နိဗ္ဗာန်ဝင်အထိ ရမည်ကို မုချ ကိန်းသေ မှတ်ကြပါကုန်လော့။

စိတ်ကြောင့် ဖြစ်သော ခါတ်တရားကား ဗျာပါရနည်းသာဖြစ်၏။ ပါရမိကံကပြုသော ခါတ်တရားကား အဗျာပါရနည်းတည်း။ (ဒီကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဒေဝမ္မတာနည်း) ၄-ပါး တို့တွင် စိတ်ကြောင့်ဖြစ်သောခါတ်ကား ဗျာပါရနည်းမှု (အတ္တ)နယ်ကတည်း။ ပါရမိပြုသောခါတ်သာ အဗျာပါရနည်းဖြစ်လို (အနတ္တ) အစစ်တည်း။ အဌကထာ ဝိနိစ္ဆယျာဘည်း။

---

## လူအ၊ လူန၊ လူပြိန်းများ မှတ်ထားကြပါကုန်။

စိတ်ကြောင့်ဖြစ်သောခါတ် ဗျာပါရနည်း အတ္တ, ပေါ်တာမျိုးပါဘဲ။
ပါရမိကံကြောင့်ဖြစ်သောခါတ် အဗျာပါရနည်း၊အနတ္တ ပေါ်တာမျိုးပါ။

---

## (သမ္မာသမ္ဘုဒ္ဓဝိနိစ္ဆယျကား)

ယထာပုဗ္ဗ ဌကံပ၊သော၊ ယထာပ၊သောမရိစိကံ၊
ဒေဝံလောကံ အဝေက္ခန္တံ၊ မစ္စုရာဇာနပသ္သတိ။

ခမ္မပဒ ပါဠိတော်ကြီးမှ။ ။ပုဗ္ဗဌကံ၊ ရေပွက်ကို။ ပ၊သောယျယထာ၊ တွေ့မြင်သကဲ့သို့ရင်း။ မရိစိကံ၊ တံလျှပ်ကို။ ပ၊သောယျယထာ၊ မြင်သကဲ့သို့ရင်း။ဒေဝံ၊ ဤဥပမာအဟူသာလျှင်။ ကာယေ၊ ခန္ဓာကိုယ်ထဲ၌။ လောကံ၊ ရေပွက်ပမာဖြစ်တဲ့လောက၊ တံလျှပ်ပမာဖြစ်တဲ့လောကကို။ အဝေက္ခန္တံ၊ ရှုပွါးမြင်နေသောယောဂိကို။ မစ္စုရာဇာ၊ ရှင်သေမင်းသည်။ နပသ္သတိ၊ မမြင်နိုင်တော့သတည်း။

ချောင်းထဲ၊အိုင်ထဲ၊မြစ်ထဲ၊ ပင်လယ်ထဲ၊ သမုဒ္ဒရာထဲ မိုးစက်ရွာချတော့ ရေပြင်တခုလုံး၌ ရေပွက်တွေကို တွေ့ရမည်။ ဒီ-ဥပမာလိုပါဘဲ ခန္ဓာကိုယ်ထဲ၌ တရား ရှာတော့၊ ဟိုနေရာက ဒီနေရာက အနှံ့ အပြားပင် ရေပွက်ပမာလို ခါတ်ဖြစ်ပျက်တွေကိုတွေ့ရပါသည်။ ။ရေအိုင်စပ်ဖြစ် ကမ်းပါးစပ်၌ နေပူဟာတော့၊ တရိပ်ရိပ် တလျှပ်လျှပ်နှင့် တံလျှပ်များ ဖြစ်၍ နေတာကို မြင်ကြရပါသည်။ ဒီ-ဥပမာလိုဘဲ ခန္ဓာထဲမှ ဖြိုးဖြိုး ဖြင်းဖြင်း တစိုးစိုး တစစ်စစ် တရှိန်းရှိန်း တဖြန်းဖြန်းနှင့် ခါတ်များပေါ်၍ နေတာကို ယောဂိများ တွေ့ကြရပါသည်။ တွေ့ရှိသော ယောဂိကား

သေမင်း၏နယ်မှ လွတ်စဖြစ်၍ သေမင်းကပင် ထိုယောဂိကို မမြင်တော့ပါတဲ့။ အဲဒါ-မြေပဒ ပါဠိတော်ကြီးဌ သမ္မာသမ္ဗုဒ္ဓ ဝိနိစ္ဆယျကြီးပါတဲ့ နာနာမှတ်ကြပါ။

## သတိပဋ္ဌာန်နှင့် ဓါတ်တရား အစွမ်းသတ္တိ မတူကြပါ။

(က)ဓါတ်ကြီး ၄-ပါးကိုရှုပွါးလို့ ရဟန္တာကကုဋေပေါင်းတသိန်းနှင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပေါင်း အသခ္ချေ ကျွတ်ပါသည်။ အဲဒါ-တကြိမ်ထဲရှုလို့ တကြိမ်ထဲဟောလို့ ကျွတ်ကြတာပါဘဲ။

(ခ) သတိပဋ္ဌာန်ကတော့၊ရဟန္တာပေါင်း သုံးသောင်းမျှသာဖြစ်ပါသည်။ ဆင်နှင့်ပရက်ဆိပ်မကအောင် သတ္တိခြင်းကွာခြားလှပါသည်။

## ပါဠိတော်နှင့် အဋ္ဌကထာအဆိုကား။

ဓါတ်သတိပဋ္ဌာန်မှ အထက်တန်းက ဝိပဿနာတဲ့။
သမ္ဘဝည သတိပဋ္ဌာန်ကား အလယ်တန်းက ဝိပဿနာတဲ့။
ဣရိယာပထ သတိပဋ္ဌာန်ကား အောက်တန်းက ဝိပဿနာတဲ့။

ယခုအခါ၌ အောက်တန်းသား၊ အလယ်တန်းသား၊ အထက်တန်းသားများ ရာတူးယူကာ၊ ကုန်ကူးကြတာ၊ စာချကြတာနှင့် ကွာခြားပုံ သိလောက်ပါဖြို့။

## ဓါတ် လေယာဉ်ပျံ တရား။

တန်ချိန်များပြား ရထား၊ လေယာဉ်။
ဓါတ်ရိုးအားဖြင့် ပျံသွားအမြင်။
ဓါတ်ကိုရမှ လှလှဘုံစည်။
အမြန်သွား ခံစား နိဗ္ဗာန်ခွင်။

မျက်မြင်သက်သေပြဦးအုံ့။ ဒါနဲ့၊ သိလ၊ သမထလဲမပွါးနိုင်။ ဘုရား၊ တရား၊သံဃာလဲ မသိသော စိတ်လဲမရှိသော လေယာဉ်ပျံဟာ။ သူ့ကို ကြည့်တော့ တန်ချိန်အားဖြင့် ၂၅-တန်ပါဘဲ။ တင်ထားတဲ့ကုန်ပစ္စည်းကလဲ ၇-တန်ပါဘဲ၊ စီးတဲ့လူကလဲ ၂၉—ယောက်ဆိုတော့ အလွန်ပင်

ဘန်ချိန်များကာပါဘဲ။ တာပေမဲ့ ကိုယ်ထည်က ပထဝီခါတ်။ ခါတ်ဆိုက အာပေါခါတ်။ မီးလောင်ဟာက တေဇောခါတ်။ ပန်ကာ လယ်တာက ဝါယောခါတ်။ ခါတ် ၄-ပါး စုံတာနှင့် ဤမျှ လောက် လေးလံ လှတဲ့ လေယာဉ်ကျီဟာ ခါတ်ရိုန်အားကြောင့် အလျှင်ဆုံး၊ အမြန်ဆုံး မျက်မြင် သဘောဖြင့် ကောင်းကင်ဘုံသို့ တက်ပြီး လိုရာအရပ်သို့ ရောက်သွား တယ်မဟုတ်လား။ အဲဒီပမာလိုပင် ခါတ် ၄-ပါးကို ရှုပွါးတဲ့ ၂၄-သင်္ချိုး ကုဋေ ၆၀၊ ဗိုလ်ချေတသိန်းတို့ဟာ ဌေးဌေး ကြွယ်ကြွယ် လှလှ ပပ ၉၆ မြမြနှင့်ပင် ဘုံစဉ်စံ၍ နိဗ္ဗာန်သို့ဝင် သွားကြကုန်ပြီတကား။

လူမိုက် ဗာလ၊ နောင်တရ၊ ဖက်ကြ ခါတ်လေးဖြာ။
ခါတ်လေးပါးတင်၊ နိဗ္ဗာန်ဝင်၊ ရှင်ရှင် စံရပါ။

အလယ်တန်းစားကို ထားဘိဦး၊ အသက်ဘန်းစားကို ထားဘိဦး။ လောကမှာ အညံ့ဆုံး အောက်တန်းစား ဖြစ်ကြတဲ့ ဖါး၊ နွား၊ ဆင်၊ မြင်း၊ ဓိုးကွက်၊ လင်းနှင်ငါးရော စသော တိရိစ္ဆာန် ဒုဂ္ဂတိအဟိတ် အပါယ် ဘုံသားတွေကြည့်ကြပါ။ ပိယက်ရပြိတ္တာမနှင့် သားသို့း ၃-ဦး ကြည့် ကြ ပါ။ အာဠာဝကဘီလူး၊ သုဗိလောမ၊ ခရလောမ၊ သာကာဂိရိ၊ ဟေမဝတာရ၊ ကာဠိယကွဲနှစ်သော ဘီလူးတွေကိုကြည့်ကြပါ။လူကြမ်း ထဲကအာဂုံလိမာလ၊ခိုးသားကိုးရာ၊ခိုးသားခုနှစ်ရာ၊ခိုးသားငါးရာ၊ သူသတ် မှုးတမ္ဘဒါဋ္ဌိက၊ တံငါအရိယ၊ ဒိဋ္ဌိထဲကဇမ္ဗု၊ က၊ အဂ္ဂိဒတ္တ၊ ဒါရုစိရိယ သုသိမ၊ အဲဒါတွေဟာ အမိုက်ဆုံး၊အညံ့ဆုံးတွေပါဘဲ။ဘာတောင်မှ ခါတ် တရားနှင့်တွေ့ကြတော့ အပါယ်တံခါးလဲပိတ်ကြတယ်။ဆင်းရဲသံသရာလဲ ပြတ်ကြတယ်။ဘုံစဉ်လဲ စံနိုင်ကြတယ်။သိဒ္ဓိကိုးတန်လဲ ရကြတယ်။ (၆၇) ဆင့်လဲ လိုတိုင်းရကြတယ်။ထို့အပြင်။ ၂၄-သင်္ချိုး ကုဋေ(၆၀) ဗိုလ်ချေ တသိန်းတို့ဟာ ခါတ်တရားကြောင့် ကျွတ်ကြကုန်၏။ ဘာဘဲဖြစ်ဖြစ် ခါတ်ချည်းဘဲ၊မသိကြလို့ နားမလည်ကြလို့ ပြောပြောနေကြတာပါဘဲ။

---

## ခါတ်တရားက (၆၇) ဆင့်မြင့်တင်ပုံ။

ခါတ်တရားကား၊ မလား:အပါယ်။
ဆင်းရဲတွင်းမှ၊ လွတ်ကင်းတကယ်။
ခြောက်ဆဲ့ခုနှစ် ရလစ်ခံတယ်။
လက္ခဏာ၊ တက်ကြ နိဗ္ဗာန်နယ်။

ခါတ်တရားကို ပွါးများလို့ တက်ကြွရသော အဆင့်များကာ။ (သူ့ဌေး ဘ၀၊သူကြွယ်ဘ၀၊ထို့အတူ ပဒေသရာဇ်၊ဓနရာဇ်၊စကြာ၀တေး၊မန္ဓာတ်၊ စာတုမဟာရာဇ်၊တာ၀တိံသာ၊ယာမာ၊တုသိတာ နိမ္မာ၊ဝသ၀တ္တီ၊ ဗြဟ္မာ ပါရိသဇ္ဇာ၊ဗြဟ္မာပုရောဟိတာ၊မဟာဗြဟ္မာ၊ပရိတ္တာဘာ၊အပ္ပမာဏာဘာ၊ အာဘဿရာ၊ပရိတ္တာသုဘာ၊အပ္ပမာဏာသုဘာ၊သုဘကိဏ္ဏာ၊ ဝေဟပ္ဖလ် အသညသတ်၊အ၀ိဟာ၊အတပ္ပါ၊သုဒဿာ၊သုဒဿီ အကနိဋ္ဌာ၊ အာကာသာ နဉ္စာယတနာ၊ဝိညာနဉ္စာယတနာ၊ အာကိဉ္စညာယတနာ၊ နေ၀သညာ၊နာသညာ ယတနာ၊ဝိဇ္ဇာရ၊ အဘိညည်ရ၊သမာပတ်ရ၊ ဈာန်ကိုးဣာန်ရ၊ ပဋိသန္ဓိဒါ ၄၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် အာ၀ါယ်တံခါးပိတ်၊ ဆင်းရဲသံသရာပြတ်၊ ဘုံစည်စံ၊ သိန္ဓိကိုးတန်ရ၊ လှချင်တိုင်းလှ၊ ချောချင်တိုင်းချော၊ ပေါ့ချင်တိုင်း ပေါ့၊ ဌေးချင်တိုင်းဌေး၊ ဇနီးချင်တိုင်းဇနီး၊ တိုးချင်တိုင်းတိုး၊ တက်ချင်တိုင်း တက်၊ မြင့်ချင်တိုင်းမြင့်၊ ကြွယ်ချင်တိုင်းကြွယ်၊ကမ္ဘာ့သခင်၊ကမ္ဘာ့ဘုရင်၊ ကမ္ဘာ့အရှင်၊ ထာ၀စဉ်ဖြစ်၊ ရွှေမိုးယိုး ငွေမိုးယိုးရွာ၊ ရွှေဒိုး ငွေဒိုးပေါ်၊ ရွှေတောင် ငွေတောင်ပေါက်၊ ရွှေပဒေသာ၊ငွေပဒေသာရောက်၊အစ်ကြီးယျ၊ အပ္ပမေယျ၊ အသင်္ချေယျ၊ အနန္တ၊ အပ္ပရိမာဏ၊ အပရိဏ္ဍိန္ဒ၊ မဟာနုဘာ၀၊ အကျိုးတရားပေါင်း (၆၇) မျိုးရ၍ နိဗ္ဗာန်၀င်နိုင်ပါသည်။ ဝိသာခါဟာ၊ ရုပ်သံ၊ နာမ်သံကြား၍ ကမ္ဘာတသိန်း ခါတ်တွေ့၍ ကမ္ဘာ(၃၁၀၀၀) အ၀ါယ်တံခါးပိတ်ပြီး။ (၆၇) ဆင့်ရ၍ နိဗ္ဗာန်၀င်စံပါသည်။ အတုယူကြ ပါကုန်။

---

## အ၀တ်လျှော်ဖွတ်၊ စိတ်လျှော်ဖွတ်။

အ၀တ်ညစ်ကြေး၊ ရေဆေးလျှော်တာ။
စိတ်ညစ်ထေးတော့၊ ဘယ်ဆေးလျှော်မှာ။
ရာဟုလာအား၊ ဘုရားရှေ့ဗျာ။
ခါတ်နှင့်ဆေး၊ မဂ်လေးပေါ်တော့မှာ။

လောကဌမျက်မြင်ရေးရလျှင် အ၀တ်အထည်များ ကြေးညှော်ကပ်၍ ညစ်ထေးသောအခါ၊ ၎င်းကိုရေစိမ်၍ ဆပ်ပြာတိုက်ပြီး ဖွတ်လျှော်တော့၊ အ၀တ်နှင့် ကြေးညှော်များ ကွဲကွာ ခွဲခွာ၍ အ၀တ်ဌ ဖြူစင် သစ်လွင်သွားတာလိုပါဘဲ။စိတ်မှာ အကုသိုလ်တ် ဒိဋ္ဌိ၊ဝိစိကိစ္ဆာသောများပြီးကပ်၍ စိတ်ညစ်ထေးသောအခါ၀ယ်၊ သမထရေနှစ်မိမ်လျက် အနိစ္စ၊ဒုက္ခ အနတ္တ ဆပ်ပြာ

တိုက်ပြီးတော့ ရှုပွါးခြင်းဆိုတာလို၊ ဖွတ်လျှော်သောအခါ၊ စိတ်တခြားကိလေသာတခြား ကွဲကွာ ခွဲခွါသဖြင့်။ စင်ကြယ်သွားလို့ (အရိယောဖြူစင်သော၊ အရိယာ၊ ကိလေသာကြေးညှော်မတင်သော )ဟု အနုက်ပြန်ရပါသည်။ အရှင်ရာဟုလာ၏စိတ်၌ (ကဘေး၊ ခဘေး၊ ဂဘေး၊ ဃဘေး) ဆိုတဲ့အညစ်အကြေးတွေ ကပ်ကပ်နေတာမျှား ဟိုသံသရာလွှန်းတရက်နေ့ကစပြီး ယနေ့အထိပါဘဲ၊ စိုက်မှာကပ်တဲ့ ကိလေသာကြေးညှော်မျှားကွာကျသွားအောင်ဟာ၊ ဖ,ဘုရားကြီးက ခါတိ ၄-ပါးဖြင့် လျှော်ဖွတ်စေပါတယ်။ ခါတိ ၄-ပါးဖြင့် လျှော်ဖွတ်တော့ ကြေးညှော်တွေ တစ-တစ ကင်းစင်၍ သောဘာပန်းသကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာဟုမဂ် ၄-ဆင့် ဖိုလ် ၄-ဆင့်ရသွားပါသည်။ အဆုံး၌ ရုပ်နာမ်ပါချုပ်၍၊ နိဗ္ဗာန်သို့ဝင်စံ၍သွားပါသည်။ယောဂီများဟာလဲ သားတော်ရာဟုလာကဲ့သို့ ခါတိ ၄-ပါးပွါးများပြီးတော့ နိဗ္ဗာန်သို့ဝင်စံကြပါဟု တိုက်တွန်းအပ်ပါသကဲ့သို့။

## ငါးထောင်အတွင်၊ အလင်း မမှိန်။

ဘုရားနေမင်း၊ ဝင်းဝင်းထိန်ထိန်။
ငါးထောင်အတွင်း၊ အလင်းမမှိန်။
ဘုရားလမင်း၊ ရောင်ခြင်းယှက်လိန်။
သာသနာ၊ ကြိုကြ တိုက်ဝိန်။

ယခုလူများ၏ကံတရားကား အုံ့ဘွယ်ကောင်းလှပေသည်။အကြောင်းကား။ ဘုရားနေမင်းကလဲ ဝင်းဝင်းထိန်ထိန်နဲ့ သာသနာတော်ကြီး ငါးထောင်အတွင်း၌လဲ အလင်းက မမှိန်သေးမှီ၊ဘုရားလမင်းကလဲရောင်ခြင်းယှက်လိန် နေတဲ့ သာသနာတော် မွန်းတည့်ခါနီး မွန်းတည့်ကုန်း၌ပင် (သာသနာတွင်းလူများ) ရယ်လို့ လာ၍ဖြစ်ကြတယ်။ အဲဒါဟာ အတန်ကြုံခဲဆုံခဲ တွေ့ခဲတဲ့ ဒုလ္လဘကိုရကိုကြုံပါဘဲ။ ကံတရားကတော့ ပြိုင်ဘက်မရှိအောင်ကောင်းချင်တိုင်း ကောင်း၍နေပါတော့သည်။

[ကံကောင်းလျှင် စိတ်ကောင်းနှင့်တွဲဘက်ဘို့ဘဲ လိုပါတော့သည်။]

ရောင်တော်လင်းလို့၊ တွေ့ခြင်းကိုယ်မှာ။
လေးဖြာခါတ်မင်း၊ လက်ဝင်းပိုင်ရာ။
အပါယနှင့်၊ ငါမှလွတ်လာ။
သံသာလမ်း၊ ရွှေနန်း-ရွှေအိမ်မှာ။

ကံကကောင်းခိုက်မှာ စိတ်ကောင်းနှင့် တွဲဘက်ကတော့၊ ခန္ဓာကိုယ်မှ ခါတ်ကြီး ၄-ပါးကိုပေါ်တိုင်းရှု ဖွေ့တိုင်းရှု အဲဒါလိုနေပါလျှင် ပထမ အကုသိုလ်မဝင်နိုင်ဘဲ။ နိုဝရဏများပြုမ်း၍ သမထက်နှိုး ကြိုကြိုက်ခြင်း။ ဒုတိယမှာ (ပေါ်သိ၊ ပေါ်သိ) ဒို့ ရုပ်နာမ်ကွဲပြား နာမရူပ ပရိစ္ဆေဒဉာဏ်မှ စ၍ အထက်ဉာဏ်များအထိ၊ ပေါက်ရောက်နေရခြင်းဖြင့် မြင့်တက်သွား နေတာပါဘဲ။ ခန္ဓာကိုယ်မှာ သာသနာရောင် ထိန်ပြောင် ကြည်လင်း၊ ဘုရားမင်းကြီးဌာပနာနေပြီဟု ဆိုတာကတော့ တခြားဟာမဟုတ်ပါ။ခန္ဓာ ကိုယ်မှာ ခါတ်ဘုရားများ၊ ဟိုနေရာက ဒီနေရာက (ပေါ်တော်မူဘုရား များ) ကဲ့သို့ ခါတ်ဘုရားများပေါ်ပေါ်နေလို့ ပိုင်ပိုင် နိုင်နိုင် တွေ့လို့ပါဘဲ။ အဲဒီလို ခါတ်ဘုရားလဲ၊ ခန္ဓာမှာကိန်းရော၊ အပါယ် ၄-ပါးနှင့်လဲ လွတ် ကရော။ သံသရာလမ်းစဉ်ကြီးတလျှောက်လုံးမှာ အပါယ်မကျရတော့ဘဲ၊ ရွှေနန်းနှင့် ရွှေအိမ်နှင့်သာ ပြေ.ပြေ.-ဝဝ၊ မွေ့မွေ့-လျလျ၊ နွေးနွေ-ညည ပတ်လုံး ရှင်ပျော်ရပေတော့အုံ့။

အပါယ်ဘေးနှင့်၊ ဝေးခဲ့လေတာ။
နတ်ပြည်ဌေးလို့၊ ဇမ္ဗေနေယျာ။
ရွှေမိုးယမ်း ငွေမိုးယမ်း၊စွေပြိုး၍သာ။
ရှာကာချ၊ ဒါမှသာဝကာ။

ခါတ် ၄-ပါးကိုတွေ့ရသဖြင့် အစဉ်ရှုပွါးတော့၊ အပါယ်ဘေးကြီးနှင့်ရှု လေ ဝေးလေ၊ ရှုလေဝေးလေပါဘဲ။ လူပြည်မှာရော နတ်ပြည်မှာရော၊ ဝနဌေး၊ အလှဌေး၊ ဂုဏ်ဌေး၊ ဂက်ဌေး၊ မဂ်ဌေး၊ ဖိုလ်ဌေးလျှက် ဇေ ဖြဖြ နေရမဲ့ (နေယျ) ပုဂ္ဂိုလ်ဘွဲ့ကြီးကို ရပါတော့သည်။ ခါတ်တရားရလို့ပင် ရွှေမိုးယမ်းငွေမိုးယမ်းရှာ၊စွေပြိုးကာရှာချနိုင်လို့(အဲဒါမှသာဝကာ၊ဒီလိုမှသာဝ ကာ)ဟု အနဲနဲချီးမွမ်းခြင်းကိုနိဗ္ဗာန်အထိခံစားကာ တိုးတက်ဖြင့်ဖြောက် ရပါတော့မည်။

နတ်ပြေရောက်တော့၊ ထွန်းတောက်ရှိန်ဝါ။
အာရိယာများနှင့်၊ လာသွားကြမှာ။
ပေါင်းကြ သင်းကြ၊ လင်းပြ ဒေသနာ။
မဂ်တရား၊ ဖိုလ်များ ရတော့မှာ။

ခါတ်တရားကို ရှုပွါးတဲ့ယောဂီများဟာ ဇောနဲ့ သေလျှင် နတ်ပြည် ရောက်မှာမလွဲတန်းပါဘဲ။ နတ်ဖြစ်တော့လဲ အခြားရိုးရိုး နတ်များထက် အဆပေါင်း အသက်ရှည်နဲ့ အနှစ်ဆုံနဲ့ ဟန်ကြ ပန်ကြထွန်းတောက်ထိန်ဝါ ပါဝါပြည့်ဖြိုး အသရေကိုးရမယ်။ရှေးရှေးကပ်ကမ္ဘာက ပွင့်တော်မူကြ သော(၀ိပဿီဘုရား၊ သိခီဘုရား ဝေဿဘူဘုရား၊ ကကုသန်ဘုရား၊ ကောဏာဂုဏ်ဘုရား၊ ကာဿပဘုရား၊ ဂေါတမဘုရား၊) ဟူကုန်သော (၇)ဆူသော ဘုရားတို့၏သာဝကဖြစ်တဲ့ နတ်တွေနဲ့၊ ဗြဟ္မာတွေနဲ့ သွားအတူတူ၊ လာအတူတူ၊ နေအတူတူ၊ ထိုင်အတူတူ၊စားအတူတူမှီ ကြည်ဖြူ ရှင်လန်းဇျမ်းကြရတော့မည်။ ၎င်းသာဝကတွေနဲ့ ပေါင်းကြ သင်းကြ ရလှိုပင် ၎င်းတို့ကလင်းပြတဲ့ဒေသနာမိုးယံးကြောင့် မဂ်ပင်ဖြိုးဖြိုး ဖိုလ်ပင် ဖြိုးဖြိုး ကြက်သရေတိုးပြီး အမျိုးမျိုးတက်ကြရဦးမည်။

ဗြဟ္မာနန်းကြ၊ ချမ်းမြစျာန်ပါ။
အဘိညဉ်သမာပတ်၊ ရအပ်မှန်စွာ။
ကိုယ်ရောင်လင်းရ၊ ဝင်းဝင်းထိန်မှာ။
ဈာန်တန်ခိုး၊ ကံမိုးရွာတော့မှာ။

ခါတ်တရားကိုရှုပွါးလှိုပင် ဗြဟ္မာပြည်သို့ရောက်တော့ အတိုင်းထက် အလွန်ချမ်းသာပြီး ဈာန်လဲရ၊ အဘိညဉ်လဲရ၊ သမာပတ်လဲရ၊ ဝိဇ္ဇာလဲရ၊ ကိုယ်ရောင် ကိုယ်ဝါကလဲ ဝင်းဝင်း ထိန်ထိန်နှင့် ဘယ်တော့မှ မမှိန်တော့ဘဲ ဈာန်တန်ခိုးရော ကံမိုးရော ရွာချပြီး လာကြဟဲ့-မဂ်ဆိုသို့၊ လာကြဟဲ့-ဖိုလ်ဆိုသို့၊ လာကြဟဲ့-နိဗ္ဗာန်ဆိုသို့ဟူ၍ အစုလိုက် အပြုံလိုက် ကယ်နိုင် ဆယ်နိုင် လျှက် နိဗ္ဗာန်သို့ အတူတူ တပြိုင်နက် ဝင်စံကြရတော့မည်။

---

## မျောက်များ ပုဇွန်လုံးဘမ်းတာလို အားထုတ်ကြပါ။

(၁၀)ခု၊(၀-လ၊)(၅)ရက်၊ (၀)မိုင်၊ဥာဏာစာဂိကျောင်းဌ ရေးသည်။

ပညာရှိ ဟယောက်သည် မြို-မှ တောရွာတရွာသို့ မိတ်ဆွေ ထံသို့ အကြောင်းတခုနှင့်သွား၏။ အလုပ်ကိစ္စပြီးမိ၍ အချိန်ရသည့်အခိုက်ဝယ် ဒေသန္တရ ဗဟုသုတလဲရရှိလေအောင် ရှုမျှော်ခင်းဖြင့် အပျင်းလဲပျောက် လေအောင်ဟု သဘောထား၍ လယ်တောတခုသို့ သွားကြသည်။ တော

တန်းနှင့်စပ်၍နေသော လယ်ထဲ၌ စားတဲချ၍နားကြသည်။ ထိုအခိုက်တွင် မျောက်များသည် သစ်ပင်မှဆင်းကြ၍ ကိုယ်စီကိုယ်၌ ပုဇွန်လုံးတွင်းဝ များ၌ သူတွင်းနှင့်သူ ပုဇွန်လုံးဘမ်းကြသည်။ ( ၈ဝန်း )လဲ ခေါ်၏။ မျောက်ပုဇွန်လုံးဘမ်းပုံမှာ ဖိုဖို၏ အမြီးဖြင့် ပုဇွန်လုံးတွင်းထဲသို့ ထည့်သွင်းပြီး အမြီးလှုပ်ပြလေသည်။ပုဇွန်လုံးသည် အမြီးကိုဘမ်း၍ လက်မဖြင့် ညှပ်ထားလေသည်။ မျောက် ဟာ နာကျင်လှ သော် လည်း မျက်နှာကို တဘက်လွှဲ၍ မဲ့ကာ-မဲ့ကာ အနာခံ၍အမြီးလှုပ်ပြန်သည်။ ပုဇွန်လုံးကား ပိုမို၍ ညှပ်ပြန်သည်။ မျောက်ကား ပါးစပ်ကိုဖြဲ၍ ခပ်မဲ့မဲ့ဖြင့် အနာခံ၍ လှုပ်ပြန်သည်။ပုဇွန်လုံးကား သာသွန်၍ဒေါသကြီးစွာဖြင့် အမြီးကိုညှပ်၍ နေ့တော့သည်။ မျောက်သည် မြမြ မြန်မြန် ဂ္ဂိမှန်း သိလေလျှင် လက် ၂-ဘက်ဖြင့် မြေကြီးသို့ထောက်ပြီး ခြေ ၂-ဘက်ဖြင့် မြေကြီး၌ ကန်ထားပြီး ဗြုံးကနဲခုန်လိုက်တော့၏။ ပုဇွန်လုံးကား အမြီး၌ တွဲလဲပါလာတော့၏။ ထိုအခါကြမှ နောက်သို့လွှဲပြီး ပုဇွန်လုံးကို ထုကာ နှက်ကာ သတ်ပြီး စားသောက်လေတော့၏။ ဘဲဒါ မျောက်များ ပုဇွန်လုံးဘမ်းပုံတည်း။ မျောက်သည် ပုဇွန်လုံးတခုကို စားလိုတဲ့အားရေးကြောင့်၊ ဤမျှ အညှပ်ခံ၍၊ အနာအကျင်ခံ၍၊ ဒုက္ခခံ၍ဘမ်းတုံသေး၏။ သတ်ဖြတ်သေး၏၊ စားတုံသေး၏။ ငါတို့မှကား တသံသရာလုံး(၉၇)ကို ရပြီးတော့ စားရမှာမို့၊ ခံစားရမှာမို့ မျောက်ထက်ပင် အနာခံ၍၊ ဒုက္ခခံ၍၊ ရုပ်နာမ်ကိုင်း၊ လက္ခဏာရေး ၃ ပါးကိုင်း၊ ဘမ်းသင့်လှတော့၏။ မျောက်အနာခံ၍ စားရတာကား တကြိမ်စားဘို့ဘည်း။ ငါတို့၏ ယောဂီ များမှာ မှကား တသံသရာလုံးစားရမှာမို့ မျောက်ထက်ပင် ဒုက္ခခံ၍ ရှုသင့်၊ ဘမ်းသင့်လှပေတော့သည်။

---

## လဘက် နတ်တင်သော အဖွားအိုကြီး ဥပမာ။

အညာက အဖွားအိုကြီးများသည်၊ အများအားဖြင့်လဘက်ကို ကြိုက်နှစ်သက်ကြကုန်၏။အမြဲတမ်းလဘက်ကိုဆီစိမ်၍ထားလျက် စားတတ်ကြကုန်၏။ လဘက် စားကာနီးလျှင် လဘက် တရိုးမျှကို လက်ဖြင့် ယူပြီး ခေါင်းပေါ်ကောင်းကင်၌ လက်ကိုမျှောက်တင်၍ ပါးစပ်က (အရှင်ကြီး အရှင်ကောင်းတို့သုံးဆောင်ကြပါကုန်လော့)ဟု ပြောပြောဆိုဆို လဘက်ကို နတ်တင်၍စားကြကုန်၏။နတ်တို့ကား တန်ခိုးဂုဏ်ပါဒ်ဖြင့် ပြေးလာ

သော်လည်း လဘက်ကို မဖြိုတော့ပါ။ မောရုံသာရှိတော့သည်။ အဲဒါ နတ်များအား ကရော် ကမယ်လုပ်တာပါဘဲ။ အဲဒါ-ဥပမာ ပြုတာဘဲ။ ဥပမေယျမှာကား။ ယောဂီများသည် တရားကိုအားထုတ်တော့ ၁၀-မိနစ် ၁၅-မိနစ်ရှည်လျှင် ခါတ်ပေါ်တော့၏။ ကြာကြာရှည်လျှင် ပါရမီ အတိုင်း မဂ်ဖိုလ် ရောက်လာမှာပါဘဲ။ မဂ်ဖိုလ်လာအောင်မှ မစောင့်တော့ဘဲ။ ၁၀–မိနစ်ရှည်မက်လာမည်ကြံရင်ဘဲ နာရီစေ့၍၊မိနစ်စေ့၍တော်ပစ်လိုက်ရာ မဂ်ဖိုလ်မှာလာရင်းဘဲ တရားရပ်နားမှ ရောက်လာသဖြင့် မဂ်ဖိုလ်မဝင် နိုင်၍ ဒုံရင်းသို့ ပြန်သွားသကဲ့သို့ ရှိတော့သည်။

အဖွားကြီး လဘက်စားကာနီးခ၌ နတ်ကင်တာနှင့် အလားတူ၍နေ တော့သည်။ ၁၀-မိနစ်၊ ၁၅-မိနစ် အားထုတ်ခိုင်းတာဟာ လူစိမ်းကို ဆွဲနည်း ဆောင်နည်းမျှသာဖြစ်ပါသည်။ ဝက်သားတတုံး ထည့်ပေးလျှင် စားကြည့်တော့ အရသာရှိလှသဖြင့် တတုံးထဲနှင့် သူမနေပါ။ ရှိသမျှ ဝက်သားကိုဝအောင်စားမည်ကား မလွဲဘည်း။တရားအားထုတ်ခိုင်းတာ မှာလဲ ၁၀ မိနစ်အားထုတ်ခိုင်းတော့၊ နာရီအချိန်နည်းပါးတာမို့၊ လူတိုင်း အားထုတ်ချင်ပါတယ်။ ၁၀–မိနစ်ခန့် အားထုတ်၍ခါတ်ပေါ်လျှင် အရသာ ကိုသိရှိလာ၍ သူဟာမနေတော့ပါ။ ပေါ်တိုင်းသိ ပေါ်တိုင်းသိနှင့် ဒီတိ ရှိရှိဖြင့် တနာရီအချိန်ဖြစ်၍သွားတာကို သိပြီးမှ ၁၀–မိနစ်မျှ အားထုတ် ခိုင်းခြင်းမျှသာဖြစ်ပါသည်။ လူဆင်းရဲသား တယောက်ကို သူဌေးဂ မ,စ မည် ကြံတော့ အချင်း–ပေါဒီဌေ (၅၀) ဖြင့် ဘာကုန်ကို ဝယ်၍ တနေ့ထဲရောင်းစမ်းပါ။ မြတ်သမျှ အချင်းပင်ယူတော့ဟု (မ,စ)၏။ လူ ဆင်းရဲသားလည်း တနေ့မျှရောင်းချကြည့်ရာ တနေ့ထည်းနှင့် ၂၅-ကျပ် မြတ်စွန်းသဖြင့် ဈေးရောင်းတာဟာ တယ်ပြီးကောင်းပါတကား။ မြတ်လဲ မြတ်တယ်၊ သက်သာတယ်၊ လှလှပပလဲနေရတယ်၊ လူသိလဲမျှားတယ်၊ လူခင်လဲမျှားတယ်ဟုသိသဖြင့် တသက်လုံးဈေးရောင်း၍စားတော့သည်။ ဒါမျိုးပါဘဲ။

---

## မြွေထိတော့ အပ,ထုတ်ပြီးမှ အဆိပ်ချကြသည်။

မျက်မြင်မြင့်ပြရပါလျှင် လူတယောက်မြွေထိတော့ ဆရာအား အပ်ရ သည်။ ဆရာသည် ဦးစွာမိမိ၏အတတ်ဖြင့် အစွဲအပ,ကို ဦးစွာထုတ်ပါ သည်။ အစွဲအပ,ကုန်ခမ်းသွားမှ မြွေဆိပ်ကိုဆေးနှင့် ချပစ်ကြပါသည်။

အဲဒါ-ဥပမာဘဲ။ယောဂီများဟာကိုလေသာကိုက်လျှင် ပထမဦးစွာအစွဲနှင့် အပနှင့်တူသော ဒိဋ္ဌိ၊ဝိစိ၊သီလဗ္ဗတ၊ပရာမာသကို ခါတ်ဆေးနှင့်စင်အောင် ထုတ်ရပါသည်။ ဒိဋ္ဌိ၊ ဝိစိ၊ သီလဗ္ဗတ၊ပရာမာသ အစွဲအပကုန်မှ လောဘ၊ ဒေါသ၊ မောဟ၊ အဆိပ်ကို ချုရပါသည်။ ဘုရားကိုယ်တော်တိုင်ကလဲ အပကိုအရင်ထုတ်၍ အဆိပ်ကိုနောက်မှချုတာ သာဓက သိချင်ကြပါလျှင် ( ဒဿနေနပဟာတဗ္ဗာဓမ္မာ၊ ဘာဝနာယပဟာတဗ္ဗာဓမ္မာ ) ဟူသော ဓမ္မသင်္ဂဏီ ပါဠိတော်ပင်တည်း။(၁)ဒဿနေနပဟာတဗ္ဗာဓမ္မာကား(အပ) ကို ရှေးဦး စွာ ထုတ်ပုံတည်း။ (၂) ဘာဝနာယပဟာတဗ္ဗာဓမ္မာ ကား အဆိပ်ကိုနောက်မှချုပြုပုံတည်း။ လက်တွေ့မျက်မြင် ဥပမာကား။ ရှင်ပြုပွဲ ကထိန်ပွဲသွားလိုသော် ဦးစွာရေမိုးချိုးရသည်။ ပြီးမှ လိမ်းကျံ၊ ပြုပြင်၊ တန်းဆာဆင်ကြမြဲဖြစ်ပါသည်။အိုးဌိတည့်လိုသော်။အိုးကိုဦးစွာစင်ကြယ် အောင် ဆေးကြောရပါသည်။ နောက်မှ လိုရာကို ထည့်မြဲဖြစ်ပါသည်။ ပထမကား ဒိဋ္ဌိ၊ဝိစိ၊သီလဗ္ဗတပရာမာသဖွါဘို့တည်း။ဒုတိယကားလောဘ ဒေါသ၊မောဟသတ်ဘို့ဘည်း။ဒိဋ္ဌိသတ်နှင့်တဏှာသတ်ကို ပြုချက်တည်း။

---

## ဒိဋ္ဌိဖွါတာ ပဋိသန္ဓေရုပ်နှင့် ပမာပြုပါ။

လူများပဋိသန္ဓေတည်နေစဉ် ကလလ ရေ ကြည် ရုပ်ကား မြောက် ကျွန်းသား၏ ဆံပင်ဇော်သားဏ်မွေးမျှင်ကို ဆိုဋ္ဌနှစ်၍ အကြိမ်တရာခါပါ။ မွေးမျှင်ဋ္ဌိကပ်၍နေသောဆိကား ကလလရေကြည်နှင့်ညီမျှပါသည်။ ၎င်း ကလလရေကြည်ကိုဝင်း၊ဝင်းဆိကိုဝင်း၊တွေးကြည့်ပါဦး။ ပုဂ္ဂိုလ်ထင်နိုင် စရာ၊ သတ္တဝါထင်နိုင်စရာ၊ ငါငါ-သူသူ၊ လူလူ-နတ်နတ်ဟု ပညတ်စရာ၊ အထင် အမြင် အယူအဆ လွဲစရာများ ရှိပါသေးရဲ့လား။ (ကလလ ရေကြည်ဋ္ဌ)ဒိဋ္ဌိကပ်ဘို့ ဝိစိကိန္ဓာဖြစ်ဘို့ရာအကြောင်းမမြင်ပါ။ ( အဗ္ဗုဒ၊ အမြှုတ်။) ပေသိ၊ သားတစ်။ ဃနေ အခဲ သို့ရောက်၍ ကလာပ်တွေဟာ များစွာစုမိပြီးတော့(သမ္ဘဟ၊ဃနေ၊သဏ္ဌာနေ၊သန္တတိ၊နာမ) ပညတ်ရောက်မှ သာလျှင် အမှုံဘဲ၊ အမွှားဘဲ၊ နှင်းဘဲ၊ မြူဘဲ၊ သူဘဲ၊ ငါဘဲဟု ဒိဋ္ဌိစွဲ၊တဏှာစွဲ မာနစွဲများ ပေါ်ပေါက်လာရသည်ကိုလဲ သတိပြုကြပါကုန်။

---

# ကမ္ဘာ့အမှားကြီး-သတ္တဝါ့အမှားကြီး

## ရုပ်နာမ်အတုအပ ဆဲ့တဝ။

## (၁) (ငါးဌာန ဆွဲ၍ချ)

ကမ္ဘာ့အမှားကောင်ကြီးများကို ကွင်းကွင်း ကွက်ကွက်ပြပါအုံ့။ ။ ပြလတ်ံသော။ ရုပ်နာမ်တရား (တဆဲ့ကပါးတို့သည်။ ပရမတ် ရုပ်နာမ်အ စစ်သာ ဖြစ်ကြပါမှုကား။ ဝိသုဒ္ဓိ ၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ ဗေါဓိ ပက္ခိယ ၃၇-ပါးသို့သာ ဆွဲခေါ်ပြီးကော့၊ မဂ်ဖိုလ်နိဗ္ဗာန်သို့၊ ပို့ရပါ မည်။ ။ယခုမှာ (၁၁) ဌာနက ရုပ်တုနာမ်တုတို့သည်၊ (အရှုပ ရုပ်ပြစ်။ သာသနာပ၊ မိန္ဓာဉာဏ်၊ သမထ) ဆိုတဲ့ ငါးဌာနသို့သာ ဆွဲခေါ်၍ ပို့ ဆောင် ထားကြပါသည်။ ရှင်းပြဦးအုံ့။ ။

၁။ သမထ ၄၀-ဌပါသော အာကာသတရားဟာ၊ ပရမတ်လိုလိုနှင့် ပညတ်ဖြစ်၍အရှုပ၊ရုပ်ပြစ်။ သာသနာပ၊မိန္ဓာဉာဏ်၊ သမထသို့ ဆွဲချ၍လာပါသည်။

၂။ သမထ ၄၀–ဌပါသော ဝိညာဏတရားဟာ။ ပမရတ်လိုလိုနှင့် ပညတ်ဖြစ်၍ အရှုပ၊ ရုပ်ပြစ်၊ သာသနာပ၊ မိန္ဓာဉာဏ် သမထ သို့ ဆွဲချ၍ လာပါသည်။

၃။ သမထ ၄၀-ဌ ပါသော၊ နော သညာသည် ပရမတ်လိုလိုနှင့် ပညတ်ဖြစ်၍ အရှုပ၊ ရုပ်ပြစ်၊ သာသနာပ၊ မိန္ဓာဉာဏ်သမထ သို့ ဆွဲချ၍လာပါသည်။

၄။ သမထ ၄၀-ဌပါသော အသညသတ်သည် ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရှုပ၊ရုပ်ပြစ်၊သာသနာပ၊ မိန္ဓာဉာဏ်၊သမထသို့ ဆွဲချ၍လာပါသည်။

၅။ သမထ ၄၀–ဌပါသော ကာယဂတာသတိသည် ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရှုပ၊ ရုပ်ပြစ်၊ သာသနာ။ စိန္ဓာဉာဏ်၊သမထ သို့ ဆွဲချ၍ လာပါသည်။

၆။ သမထ ၄၀-၌ ပါသော အာနာပါနာသတိသည် ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရူပ၊ရူပ်ဖြစ်၊ သာသနာပ၊မိန္ဓာဥဏ်၊သမထ သို့ဆွဲချ၍လာပါသည်။

၇။ သမထ ၄၀-၌ပါသော မေတ္တာတရားသည် ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရူပ၊ ရူပ်ဖြစ်၊ သာသနာပ၊ မိန္ဓာဥာဏ်၊ သမထ သို့ ဆွဲချ၍လာပါသည်။

၈။ သမထ ၄၀-၌ပါသော ကရုဏာ တရားသည် ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရူပ၊ ရူပ်ဖြစ်၊ သာသနာ၊ မိန္ဓာဥာဏ်၊ သမထသို့ဆွဲချ၍လာပါသည်။

၉။ သမထ ၄၀-၌ ပါသော မုဒိတာတရားသည်။ ပရမတ်လိုလိုနှင့် ပညတ်ဖြစ်၍ အရူပ၊ ရူပ်ဖြစ်၊ သာသနာပ၊မိန္ဓာဥာဏ်၊ သမထ သို့ ဆွဲချ၍လာပါသည်။

၁၀။ သမထ ၄၀-၌ ပါသော ဥပေက္ခာတရားသည်။ ပရမတ်လိုလို နှင့် ပညတ်ဖြစ်၍ အရူပ၊ ရူပ်ဖြစ်၊ သာသနာပ၊ မိန္ဓာဥာဏ်၊ သမထ သို့ဆွဲချ၍လာပါသည်။

၁၁။ သမထ ၄၀-၌ ပါသော၊ စတုဓါတုဝဝတ္ထာန်သည် ပရမတ်လိုလိုနှင့် ပညတ်ဖြစ်၍ အရူပ၊ ရူပ်ဖြစ်၊သာသနာပ၊ မိန္ဓာဥာဏ် သမထသို့ ဆွဲချ၍လာပါသည်။ ဤငါးဆွဲ တရားခု အရူပကို အမြဲထဲ့ခြင်းကား သောတပတိတနည်းသာ ဖြစ်ပါသည်။ဘုံအား ဖြင့် ယထာရဟ၊ ဌာနဌာန အားလျှော်စွာ လိုက်ရပါသည်။

---

## (၂) ရူပ်အတုနာမ်အတုပြုချက် ကာလမသုတ်တော်။

၁။ ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းသည်။ ဟုတ်တယ် မှန်တယ်ဟု အစွဲအမြဲမယူကြရာ။

၂။ မိဘ၊ ဘိုးဘွားစသည်တို့မှ ဆင်းသက်၍ ပရံပရအဆက်ဆက် မှတ်ယူ လုပ်ကိုင်ရိုးဖြစ်သော တရားကိုလည်း အမြဲ အစွဲမယူ ကြရာ။

၃။ ဇာတိကိရ။ ဒိဟာကဒိလိုတဲ့ဟု အခြားတဦးက ပြောလိုက်ရုံမျှ နှင့် ယုံကြည်ပြီး အမြဲအစွဲမယူကြရာ။

၄။ ဒီအယူအဆသာ ငါတို့သင်ကြားထားသော ကျမ်းစာနှင့်ညီတယ်ဟု ဒီမိတို့ကျမ်းစာနှင့်ညီရုံမျှနှင့်လည်း အဘည်အကျမယူကြရာ။

၅။ ဒီမိဘာသာကြီစည်ထားသောအရာကိုလည်း ဟုတ်လျှင် မှန်လျှင်ဟု အမြဲအစွဲ သဲသဲမဲမဲနှင့် မယူကြရာ။

၆။ အခြားနေရာ အခြားနိုင်ငံတို့ သူတပါးတို့ လုပ်နည်း ကိုင်နည်း ကိုသဘောကျ၍လည်း ဤနေရာနှင့် သင့်လျှင်ဟူ စွဲမြဲမယူကြရာ။

၇။ တစုံတခုပြုကိုရာ အကြောင်း အထောက်အထားကို စဉ်းစားရာဝယ် အထောက်အထားကောင်း၍ သဘောကျ၍ စွဲစွဲ မြဲ မြဲ မယူကြရာ။

၈။ သူပြောသောအယူဝါဒသည် ငါတို့စဉ်းစားကြေနပ်၍ထားသော အယူအဆနှင့်ညီပေသည်ဟု ဝါဒခြင်းတူရုံမျှနှင့် စွဲမြဲမယူကြရာ။

၉။ ဤရသေ့ ရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းစား ပုဂ္ဂိုလ်တည်း။ ဒီလိုပုဂ္ဂိုလ်၏ စကားကို လေးလေးစားစားမှတ်သားထိုက်သည်ဟု စွဲစွဲမြဲမြဲနှင့်မယူကြရာ။

၁၀။ ဤရသေ့ရဟန်းကား ငါတို့၏ဆရာပင်တည်း။ ဆရာ၏စကားကို ငါတို့ မှတ်သားရမည်ဟု ခိုင်ခိုင်မြဲမြဲ မယူကြရာ။ ဘုရားဟော ကာလာမသုတ်တော်မှ ထုတ်၍ပြုချက်ဖြစ်ပါသည်။

---

## (၃) ရုပ်နာမ် အတုအပ (၁၇)မျိုး။

၁။ သင်ပုံးကြီးတန်း သင်သိ ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၂။ ပထမတန်း မေးသိ ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၃။ ဒုတိယတန်း နာသိ ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၄။ တတိယတန်း ဆောင်သိ ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၅။ စတုတ္ထတန်း ဆင်ခြင်သိ ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၆။ ပဉ္စမတန်း သမ္ဘဟပညတ် ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၇။ ဆဋ္ဌမတန်း ဃနပညတ် ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၈။ သတ္တမတန်း သဏ္ဌာနပညတ် ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၉။ အဋ္ဌမတန်း သန္တတိပညတ် ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၁၀။ နဝမတန်း နာမပညတ် ရုပ်နာမ်ခန္ဓာဓါတ်သစ္စာမျှား။

၁၁။ ဒဿမတန်း ခန္ဓာကိုယ်နှင့်အသိ ရုပ်နာမ်ခန္ဓာခါတ်သစ္စာများ။
၁၂။ ဧကာဒသမတန်း သစ်ပင်နှင့်အသိ ရုပ်နာမ်ခန္ဓာခါတ်သစ္စာများ။
၁၃။ ဒွါဒသမတန်း လူသေနှင့်အသိ ရုပ်နာမ်ခန္ဓာခါတ်သစ္စာများ။
၁၄။ တေရသမတန်း ၃၂-ကောဋ္ဌာသ ၄၂-ကောဋ္ဌာသနှင့် အသိ ရုပ်ရင်း။
၁၅။ စုဒ္ဒသမတန်း ကိုယ်ခွဲစမ်းသပ်ပြု သဘောနှင့်အသိ ရုပ်ရင်း။
၁၆။ ပန္နရသမတန်း ပိုးစုံးပြု။ရုပ်နှင့်အသိ ရုပ်ရင်း။
၁၇။ သောဠသတန်း အာနာပါနနှင့်အသိရုပ်နာမ်ခန္ဓာခါဘ်သစ္စာများ။
ရင်းတို့၏ အသေးစိတ်ခွဲပြ ရှင်းလင်းချက်ကို ဝိပဿနာ ၃၃ ဆင့် ကျမ်း ပထမတွဲ၊ ဒုတိယတွဲ၌ ရေးပြထားခဲ့ပါသည်။

## (၄) ရုပ်နာမ် အတုအပ (၇)ဌာန၊ (၈)ဌာန။

### အကာကိုပြစ် အနှစ်ကိုရှာ။

### ပရမတ်မှားနှင့် ပရမတ်မှန်ရှင်းပြချက်။

(စိတ်၊ စေတသိတ် ရုပ်နိဗ္ဗာန် ၄-ရပ်။ပရမတ်)ဟု ဆိုရုံမျှနှင့် ပရမတ်မှန်ရော့လား။ ပရမတ်အစစ်ဆိုတာ။ ဘူတတ္ထ။ သစ္စိကဋ္ဌ။ ပရမတ္ထ။ ကိုယ်တွေ့ ပဋိဝေဓ။ ပစ္စုပ္ပါန်အခိုက်ခ္ဏ။(တိဏ္ဏံ သင်္ဂတိဖသော) ဆိုသော၊ သံ ယုတ် ပါ ဋ္ဌိ တော် အရ ရင်း။ ထို့ပြင်၊ (ယကောယတောသမ္ဘသတိ။ ခန္ဓာနံဥဒယဗ္ဗယံ။ လဇ္ဇတေ၊ ဒိတိပါမောက္ခံ။ အမတန္တံ ဝိဇာနတံ) ဟူသော ဓမ္မပဒပါဋ္ဌိတော် အရရင်း။ ထို့ပြင်။ (သုညာဂါရံပဝိဋ္ဌသ။ သန္တစိတ္တသဘိက္ခု နော၊ အမာနုသိရတိဟောတိ။ သမ္ဘာမ္ပေါ်ဝိပဿတော) ဟူသော။ ဓမ္မပဒ ပါဋ္ဌိတော်အရ ရင်း။ ထို့ပြင်။ ( ပစ္ဆုပ္ပန္နဥယောဓမ္မ။ တတ္ထတတ္ထဝိပဿတိ။ အသံဟီရံ။ အသံကုပ္ပံ။ တံဝိဒ္ဒါမနုဗြူ။ဟာယေ) ဟူသော ဥပရိပဏ္ဏာသပါဋ္ဌိတော်။ ဘဒ္ဒေကရသုတ်တော်အရှိရင်း။ နေရာနှင့် ဌာနနှင့် သဘာဝနှင့်( ဖဿ၊ ပစ္စယာ၊ဝေဒနာ )ထိအောင်။ ကိုယ်တွေ့ဖြစ်မှသာ သစ္စိကဋ္ဌ၊ပရမတ္ထ၊ ဘူတတ္ထ ပရမတ်အစစ်။ ခါတ်အနှစ်မှန်ပါတော့သည်။ အဌသာလိနီအဋ္ဌကထာ၌။ ( အနုဿဝါဒိဝသေန၊ အဂ္ဂဟေတဗ္ဗော ) ဟုတားမြစ်ဖယ်ရှားခြင်းခံရသော အောက်ပါ ရုပ်နာမ်ခန္ဓာ၊ ခါတ်သစ္စာ၊အာယတနစသော တရားတို့ကို။ ပရမတ်ဟု မယူကြပါနှင့်ဟူလို။

## ပရမတ်အတု၊အယောင်၊ အရေခြုံ ပရမတ်များကား။

၁။ အနုသယ၀၊ ရှေးကကြားဘူးသော ရုပ်နာမ်များ။
၂။ ဇုတိကိရ၊ ဒီလိုသာဖြစ်ကောင်းသည် စသောရုပ်နာမ်များ။
၃။ ပရိုပရ၊ ဆရာအဆက်ဆက်မှရသော ဗိုးရော ရုပ်နာမ်များ။
၄။ ပိဋကသမ္ပာဒန၊ ပိဋကတ်ကျမ်းလာ ရုပ်နာမ်များ။
၅။ တက္ကဟေတု၊ ကြံစည်စိတ်ကူးတွေးဆထားသော ရုပ်နာမ်များ။
၆။ နယဟေတု၊ နည်းမှီ၍ယူထားသောရုပ်နာမ်များ။
၇။ အာကာရပရိဝိတက္က၊ အခြင်း အရာ ယုတ္တိ ယုတ္တာ ရှာ သော ရုပ်နာမ်များ။
၈။ ဒိဋ္ဌိနိဇ္ဈာနခန္တီ၊ ကြံစည်သဘောကျထားသော ဝိမိအယူဒေသနှင့် ညီညွတ်နေသော နှစ်သက်ထားသော ရုပ်နာမ်များ။ ၎င်းတို့ကို ရှောင်ကြဉ်ရန် အဋ္ဌကထာ ဋီကာတို့က မှာထားပါသည်။

---

## (၅) ရုပ်နာမ်အထုအပ (၆) ဌာန၊

ပုဗ္ဗဘာ၀ေ၊ ဒွိသုသစ္ဆေသု၊ ဥဂ္ဂဟ၊ ပရိပုစ္ဆာ၊ သ၀နာ၊ ဓါရဏာ၊ သမ္မသနာ၊ ပဋိ၀ေ၀ေါဟာတိ၊ ဒွိသု၊ သ၀နပဋိ၀ေ၀ေါယေ၀။ ။ဟူ သော မဟာ၀ဂ္ဂသံယုတ်အဋ္ဌကထာ၊ နံပါတ် (၁၅၉)ကြောင်းရေ (၄) အမျိုးသားမှဉ်ရင်း။ဇမ္ဗု။ ဝိတ်ဆေးမှနံပါတ် (၁၆၁)ကြောင်းရေ(၈)ဖွင့်ပြ ခဲ့သည့် အလိုမှာ (၁)ဥဂ္ဂဟ၊ သင်လိုသိခြင်း။ (၂) ပရိပုစ္ဆာ၊ မေး မြန်းလိုသိခြင်း။ (၃) သ၀နာ၊ ကြားနာလိုသိခြင်း။ (၄) ဓါရဏာ၊ ပါဠိ အနက်ဆောင်လိုသိခြင်း။ (၅) သမ္မသနာ၊ ဆင်ခြင်လို သိခြင်း။ (၆) ပဋိ၀ေ၀၊ကိုယ်တွေ့၍သိခြင်းဆိုတဲ့ အသိရုပ်နာမ်ခြောက်မျိုးတို့တွင် ရှေး ငါးမျိုးကား အတုအပ ပညာတ်နယ်ကသာတည်း။ ကျန်တမျိုးသာလျှင် ပဋိ၀ေ၀သိမှု ကိုယ်တွေ့မှု ပရမတ်ရုပ်နာမ် အစစ်အမှန်ဟု ယူရပါသည်။ ယုတ္တိပြဦးပါမည်။ ။အရူပဘုံသို့သွားမည့် ယောဂီများသည်။ ရုပ်တရား ၌အဖြစ်မြင်ပါသည်။ (ဓိရူပ်။ ဓိရူပ်) ဟု စီးဖြန်းကြပါသည်။ နာမ်တရား ၌အကျိုးမြင်လာပါသည်။ (သန္တာမေတံ ပဏီတမေတံ)ဟုစီးဖြန်း ကြပါ သည်။ ၎င်းရုပ်အတု၊ နာမ်အတုစီးဖြန်းလိုသေတော့ အရူပဘုံ၌ ရုပ်ပြစ် ရှစ်ပါးအ၀င်အပါ သာသနာပ မိဿဝဏ္ဏာဏက၊ သမထ၌ ငါးအဆွဲ ခံ၍

နေရပါသည်။ကမ္ဘာ(၈၄၀၀၀)ကြာသေး၏။မဟာဇာနိယောဝတာဘော။ အာဠာရော၊ ဥဒကော၊ ဒေဝိလော။ ထောက်ထားပါ။အသည်သတ်ဘုံသို့ သွားရမည့် ယောဂီသည်။ နာမ်၌အပြစ်မြင်ပါသည်။ ( ဓိဗိတ္တံ၊ ဓိဗိတ္တံ) ဟု စိုးဖြန်းပါသည်။ ရုပ်၌အကျိုးမြင်ပါသည်။( သန္တာမေတံ၊ ပဏီဘာမေတံ) ဟု စိုးဖြန်းပါသည်။ ၎င်းရုပ်အတုနာမ်အတုကို စိုးဖြန်းလို၊ သေတော့ အသည်သတ်ဘုံ၌၊ ရုပ်ပြစ်ရှစ်ပါး အဝင်အပါ သာသနာပ၊ မိန္ဒာဥာဏ် က သမထ၌၊ ငါးအဆွဲခံ၍နေရပါသည်၊ကမ္ဘာပေါင်း ( ၅၀၁ ) ကြာသေး၏။ ။အန္ဓိဘူတောဝ၊အယံလောကော၊ ပါ၌ကိုထောက်ထားကြကုန်။ ပရမတ်ရုပ်နာမ်သို့ မရောက်မှာစိုးလို့ ဤမျှရေးရပါသတည်း။

## ( ၆ ) ရုပ်နာမ်အတု အပ ပြချက်။

ဒုက္ခောဥာဏန္တိ၊ သဝန။ သမ္မသန၊ပဋိဝေ၀၊ ပစ္စလက္ခဏာ၀သေန၊ စ တ္ဟ ဟာ ကာ ရေ ဟိ။ ဥပ္ပန္နံဥာဏံ။ သမုဒယပိဒေသေ၀နယော၊ သေသေသုပန၊ ဒ္ဒိသု၊သမ္မသနသဘာ၀ါ၊ တိ ဝိ ၀ မေ ၀၊ ၀ဒ္ဓတိ။ ဇာမေတံဒုက္ခေဥာဏန္တိ အာဒိနာ၊စတုသစ္စကမ္မဋ္ဌာနံဒဿတံ။ ။မဟာ၀ဂ္ဂ သံယုတ်အဋ္ဌကထာ နံပါတ်(၁၅၈) ကြောင်းရေ (၁၅) သွား မှ၌ဌင်း။ ဇမ္ဗု။ မိတ်ဆွေမှ နံပါတ်( ၁၆၀ )ကြောင်းရေ(၁၉) ၌ဌင်း။ ပါရှိပုံတည်း။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ၂-ပါးကို။ သိရခြင်းမှာ။( ၁ ) ကြားနာသိ။ (၂) သုံးသပ်သိ၊ (၃) ထိုးထွင်းသိ။(၄)ပစ္စ၀ေက္ခဏာသိဟူ၍ ၄-ပါးရှိရာ။ ရှေး ၂-ပါးကားအတုအပသာတည်း။ နောက် ၂-ပါးမှာ အမှန် အစစ်တည်း။ ။မဂ္ဂသစ္စာနှင့် နိ၀ေါ၀သစ္စာသိရပုံမှာ။ သ၀နေ၊ တခုကို နှုတ်၍ ကျန် ၃-ပါးဖြင့် သိရသည်။ အတုနှင့်အစစ်ခွဲသိကြပါ။

## (၇) ရုပ်နာမ်အတုအပ၊ပြချက်။

စတုန္နံဘိက္ခဝေ။ အရိယသစ္စာနံ။ယထာဘူတံအဒဿနာ။အနုဗောဓာ။ အပဋိ၀ေ၀ါ။ ၀ေ၀ိဒံ။ ဒီဃမဒ္ဓါနံ။ သန္ဓါ၀ိတံ။ သံသရိတံ။ မမ၀ေ၀ါ တုမှာကဉ္စု။ ။မဟာပရိနိဗ္ဗာနသုတ်တော်၌။ အရိယသစ္စာ ၄-ပါးတို့ကို အနုဗောဓာ၀ေးလာ်ဖြင့် မသိကြလို့၊ ပဋိ၀ေ၀ေးလာ်ဖြင့် မသိကြလို့။ ဤမျှအ ဓိပ္ပာယ်ရှည်လျားလှစွာသော သံသရာကြီးထဲ၌။ သင်တို့နှင့်ငါတို့ ပြေးသွား နေကြရပါတယ်။ ကျင်လည်၍ နေကြ ရပါတယ်ဟု မိန့်တော်မူပါ

သည်။ ။အရိယသစ္စာ ၄-ပါးကို သိခြင်းဌ အနုဗောဓိသိ-ပဋိဝေဓသိဟု အတုန့်နှင့် အစစ် ပြခဲ့ပြန်၏။ သင်သိ။ မေးသိ၊ နှာသိ။ ဆောင်သိ။ ဆင်ခြင်သိ ငါးပါးကား အနုဗေါဓသိ။ ကိုယ်တွေ့ ထိုးထွင်းသိ ဘပါးသာ ပဋိဝေဓသိ။ ခွဲမှတ်ကြပါ။

## (၈) ရုပ်နာမ်အတုအပ၊ ပြချက်။

အနုဗေါဓညာဏ်လောကီယံ။ ပ ဋိ ဝေ ဓ ဉာ ဏ် ပ နှ လော ကုတ္တ ရံ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ဒုအုပ် နံပါတ် (၁၂၆) ကြောင်းရေ (၂၉)သွယ်မှဌ်။ ။ သင်-မေး-နှာ-ဆောင်-ဆင်ခြင်သိ အနုဗေါဓ ၅-မျိုးကား လောကီ တည်း။ ကိုယ်တွေ့ ပ ဋိ ဝေ ဓ အာသိ တပါး ကား လောကုတ္တရာတည်း။

## (၉) ရုပ်နာမ်အတုအပ၊ပြချက်။

တောသုဒေသနာညာဏ်လောကီယံ။ပဋိဝေဓညာဏ် လော ကုတ္တ ရံ။ဧကအဂ္ဂိုတ္တိရ်အဋ္ဌကထာ။နံပါတ် (၉၇) ကြောင်းရေ(၂၇) ကဝိမှဌ်၊ ။သင်-မေး-နှာ-ဆောင်- ဆင်ခြင်သိ ဒေသနာ ၅-မျိုးကား လောကီညာဏ်။ ကိုယ်တွေ့ပဋိပေဓသိ တပါးသာ လောကုတ္တရာညာဏ်ဟုခွဲ၍ သိပါ။ ရုပ်နာမ်အတုအပနှင့် ရုပ်နာမ်အစစ်အမှန်ကို ဤမှပြရုံနှင့်သိရှိလောက်ပါပြီ။

## ရုပ်နာမ်အထုအပဌ်။ သောင်တင်နေကြသော။ ကမ္ဘာ့အမှား။ သုံးစုသား ခွဲခြားပြချက်။

(က) ကမ္ဘာကြီးထဲမှာ။ လူရယ်။ နတ်ရယ်။ ဗြဟ္မာရယ်လို့ ဤသုံးမျိုး ကို တစုသက်သက်ထားပါ။ (ခ) ဝိဒူဂတ် ၃-ပုံ။ နိကာယ်ငါးဖြာ။ အင်္ဂါကိုးတန်။ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကျမ်းကုန်အောင်ဆောင်နိုင် ခဲ့ကြတဲ့ ကမ္ဘာကျော်။ မဟာဇော်။ အာဇာနည်အမော်။ ပုဂ္ဂိုလ်ကျော် ကြီးတွေ ဖြစ်ကြ ကုန်သော အ ရှင် ပေါ ဠိ လ။ အ ရှင် မ ဟာ သိ ဝ။ အရှင်မဟာနာဂ။ အရှင်ဒွေးသဟာယက။ အရှင်ကဝိလ။ ဟေမတာရ။ သာကာဂိရ။ ဝိဒူဂတ်ဆောင်အလောင်းတော်ကြီးမျှားကတရ။(ဂ)ဝိဇ္ဇာရ အာဘိညည်ရ။ သမာပတ်ရ။ ဈာန်ကိုးဈာန်ရ။ ရှေးကမ္ဘာ ၄၀-ကိုမြင်နိုင် သော ပုဗ္ဗေနိဝါသာနုဿတိညာဏ်တော်ကြီးရ။ နောက်နောင်ကမ္ဘာ ၄၁ ကိုမြင်နိုင်သော အနာဂတံသညာဏ်တော်ကြီးရသော အာဇ္ဇာရ ရသော့

ကြီး။ ဥဒကရသေ့ကြီး။ ကာဠဒေဝိလ ရသေ့ကြီးများနှင့် သာသနာပ ရသေ့ကြီးများ။ ဗြဟ္မာ ၂၀ က ဗြဟ္မာကြီးများကတမု။ ၅၂ လို(က)အစု (ခ) အစု။ (ဂ) အစု။ ပုဂ္ဂိုလ်ကြီးတွေဟာ။ သာမန် မဟုတ်ကြပါ။ အဓိပတိ အာဇာနည်ကြီးတို့သာတည်း။

## (၁) ရင်းသုံးစုတို့ဟာ။ ဓမ္မတာမှာရပ်၍။ သာသနာဆင့်မရောက်ကြ။

| နာမည် | | နာမည် |
|---|---|---|
| ၁။ ဓမ္မတာနယ် | | သာသနာနယ် |
| ၂။ ပုထုဇဉ်နယ် | | အရိယာနယ် |
| ၃။ ပညတ်နယ် | | ပရမတ်နယ် |
| ၄။ ဝဋ္ဋနယ် | | ဝိဝဋ္ဋနယ် |
| ၅။ စရဏနယ် | | ဝိဇ္ဇာနယ် |
| ၆။ သခ်ိတနယ် | | အသခ်ိတနယ် |
| ၇။ ဆင်းရဲနယ် | | ချမ်းသာနယ် |
| ၈။ မလွတ်နယ် | | အလွတ်နယ် |
| ၉။ အပါယ်မင်းဝိုင် | | အပါယ်မင်းမဝိုင် |
| ၁၀။ အမှားနယ် | | အမှန်နယ် |
| ၁၁။ မိဿာနယ် | | သမ္မာနယ် |

မဟာဇာနိယောဝတော၊အာဠာရော။ ဥဒကော၊ဒေဝိလော။ဆိုတဲ့ ပါဠိက ပင်။သက်သေပြလျှက်ရှိပေတော့သည်။

## (၂) ရင်း၃-စုဟာ။သာသနာ (၅၀၀၀)နှင့် ယုဂငါးခေတ်တွင်၊ ဓမ္မတာမှာရပ်နေသည်၊ သာသနာဆင့်မရောက်ကြ။

| | | |
|---|---|---|
| ပဋိသန္ဓိဒါခေတ် | ၁၀၀၀၊ ၉၀၀ | ၁၀၀ |
| ဆဋ္ဌာတိညာခေတ် | ၁၀၀၀၊ ၉၀၀ | ၁၀၀ |
| တေဝိဇ္ဇခေတ် | ၁၀၀၀၊ ၉၀၀ | ၁၀၀ |
| သုဘူဝိပဿဿကခေတ် | ၁၀၀၀၊ ၉၀၀ | ၁၀၀ |
| အနာဂါမ်ခေတ် | ၁၀၀၀၊ ၉၀၀ | ၁၀၀ |
| | ယုဂလေးမျိုး ဓမ္မတာ | ဝိမုတ္တိယုဂတမျိုး သာသနာ |

ပဋိသန္ဓိဒါပဋ္ဌာခေတ်။ သာသနာနှစ် (၁၀၀၀) ထားပေမဲ့။ အနှစ် (၉၀၀)မှာ ဒါနယုဂ၊ သီလယုဂ၊ သမာဓိယုဂ၊ သုတယုဂ၊ ၄-မျိုး ဆိုတဲ့ ဓမ္မတာနှင့်သာလျှင် နေခဲ့ရပါသည်။ ။ဝိမုတ္တိယုဂခေတ်နှင့် မနေခဲ့ရပါ။ ။ကျွန်ရှိသော (အနှစ်တရာ) လောက်သာ ဝိမုတ္တိယုဂခေတ် ဖြစ်ပါသည်။ ဆိုလိုရင်းမှာ ဓမ္မတာနှင့်နေရတာက အနှစ်(၉၀၀)။ သာသနာနှင့် နေရတာက အနှစ် (၁၀၀)။ ဘယ်ကလောက် နစ်နာချက် ဆိုးဝါးပါသနည်း။ ဆဋ္ဌာဘိညခေတ်မှာ ၎င်းနည်းပင်ပြီလေ။ တေဝိဇ္ဇာခေတ်၊ သုက္ခဝိပဿကခေတ်၊ အနာဂါမ်ခေတ်။ (၁၀၀၁) မှာလည်း ပဋိသန္ဓိဒါပဋ္ဌာခေတ်ကဲ့သို့ (၉၀၀)နှင့် (၁၀၀)ကြုံခဲ့ရပုံ။ နစ်နာပုံ။ ဆုံးရှုံးရပုံကို သိကြပါရန်။ အမြန်နှိုးဆော်အပ်ပါသတည်း။

---

## (၃) ၎င်း ၃-စု ဓမ္မတာမှာရပ်၊ သာသနာဆင့်မရောက်သေး

| | |
|---|---|
| ၇-သောရ်ခြို့ ၁၂၅၀၀၀-ထံ၌ကျင့်ရ။ | ဘုရားသာသနာ၌ အကျင့်ဝိုင်းပုံ။ |
| ၉-သောရ်ခြို့ ၃၀၇၀၀၀-ထံ၌ ကျင့်ရ။ | ခါတ် ၄-ပါးအတွေ့ကျင့်ပါ။ |
| ၎-သောရ်ခြို့ ၁၂-ဆူထံ၌ ကျင့်ရ။ | ခန္ဓာ ၅-ပါး။ |
| တသိန်းခြို့ ၁၇-ဆူထံ၌ ကျင့်ရ။ | အာယတန ၁၂-ပါး။ |
| အ လောင်း တော် အကျင့် ဓမ္မတာ။ | ခါတ် ၁၈-ပါး။ |
| ပါရမီ၊ စရိယာ။ စွန့် ခြင်း ကြီး။ | ရှစ်နာခံ ၂-ပါး။ |
| ဓမ္မတာကျင့်ခဲ့ရခြင်း | သာသနာမကျင့်ရသေးပါ။ |

ပြခဲ့ပြီး ၃-စုထဲက အလောင်းတော်ကြီးတောင်မှ ၇-သောရ်အတွင်းခြို့ ဘုရားပေါင်း (၁၂၅၅၁၀၀) တို့ထံမှာ ၉-သောရ် အတွင်းခြို့ ဘုရားပေါင်း (၃၀၇၁၀၀) တို့ထံမှာ ၎-သောရ်အတွင်းခြို့ ၁၂-ဆူတို့ ထံမှာ ကမ္ဘာတသိန်းအတွင်းခြို့ (၁၇)ဆူတို့ထံမှာ ပါရမီ ၃၀။ စရိယာ ၃-ပါး။ စွန့်ခြင်းကြီး ၅-ပါး။ ဆိုတဲ့ ဓမ္မတာကိုသာ ကျင့်ခဲ့ ရပါသည်။ ။ သာမုဏ်ကြီ သိက္ခာနယ်က ခါတ် ၄-ပါး။ခန္ဓာ ၅-ပါး။ အာယတန ၁၂-ပါး။ ခါတ် ၁၈-ပါး။ ရှစ်နာခံ ၂-ပါး။ သစ္စာ ၄-ပါးတို့ကို ကိုယ်တွေ့ ပဋိဝေဓနှင့် မရခဲ့။ မကျင့်ခဲ့ရပါ။

## (၄) ၎င်း ၃-စု ဓမ္မတာမှာရပ်၊ သာသနာဆင့်မရောက်သေး

| | | | |
|---|---|---|---|
| ဒိဋ္ဌိ | ဒိဋ္ဌိ | ဒိဋ္ဌိ | မရှိတော့ပါ။ |
| ဒါန | သီလ | သမထ | ဝိပဿနာ |
| လူပြည် | နတ်ပြည် | ဗြဟ္မာ့ပြည် | နှင့်ပုန်းအောင်းတော့။ |
| နှစ်၁၀၀-ပုန်း | ကုဋေ ၉၂၁ | ကမ္ဘာပေါင်း | မဂ်၊ ဖိုလ်ရနိဗ္ဗာန်ရ |
| | နှစ် ၆ သန်းပုန်း | ၁၄၀၀၀-ပုန်း | ၍။ ပြန်၍မကျပြီ။ |
| ဤဒါသီထနှင့် ပုန်းရှောင်တာမျိုးတာ | | | သာသနာနယ်။ |

ဤပုံစံ၌၊ ဒါနနှင့် ပုန်းအောင်းတော့။ လူပြည်မှာအနှစ်တရာသာ သက်သာပါသည်။ အနှစ်စေ့တော့ အသတ်ခံရ။ သေ၊ အပါယ်ကျရတတ်ပါသည်။ အပေါ်က ဒိဋ္ဌိကိုမခွါရသေးလို့ပါတဲ့။

သီလနှင့် ပုန်းအောင်းတော့ နတ်ပြည်မှာ အနှစ်ပေါင်း။ ( ၉၂၁ ) ကုဋေနှင့် အနှစ် ၆-သန်း ကြာကြာကြီး သက်သာခဲ့ရပါသည်။ နှစ်စေ့တော့၊ အသတ်ခံရ၊ သေ၊ အပါယ်သို့ကျရတတ်ပါသည်။ အပေါ် က ဒိဋ္ဌိကို မခွါရသေးလို့ပါတဲ့။

သမထနှင့် ပုန်းအောင်းတော့။ ကမ္ဘာကြီးပေါင်း ( ၁၄၀၀၀ ) ကြာကြာပင် သက်သာရပါသည်။ နှစ်ကမ္ဘာစေ့တော့၊ အသတ်ခံရ၊ သေ၊ အပါယ်သို့ကျရတတ်ပါသည်။ အပေါ် က ဒိဋ္ဌိကို မခွါသေးလို့ပါတဲ့။

ဝိပဿနာနှင့် ပုန်းအောင်းတော့။ ယနေ့ကစ၍ နိဗ္ဗာန်အထိ အပါယ်မကျ။ ဆင်းရဲသံသရာကုန်ခမ်းရ။ ဘုံစည်စံရ၊ မဂ်ရ၊ ဖိုလ်ရ နှင့် ဘယ်အခါကာလမှ ပြန်၍ မကျတော့ပါ။ အပေါ် က ဒိဋ္ဌိ ကွာသွားလို့ပါတဲ့ ဒါန၊ သီလ၊ သမထနှင့် ပုန်းတာ ဓမ္မတာပါဘဲ၊ ဝိပဿနာနှင့်ပုန်းတာ သာသနာပါဘဲ။

---

## (၅) ၎င်း ၃-စုဓမ္မတာမှာရပ်၊သာသနာအဆင့်မရောက်သေး။

| ဓမ္မတာနယ် | သာသနာနယ် |
|---|---|
| သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ | ဒိဋ္ဌိ၊ကင်္ခါ၊မဂ္ဂါ၊ပဋိ၊ဉာဏ၊ |
| ဝိသုဒ္ဓိ ၂-ဆင့်ဓမ္မတာ | ဝိသုဒ္ဓိ ၅-ဆင့်သာသနာ၊ |
| ၃-စုတို့ ရပ်နေတဲ့နယ် | ၃-စုတို့ မရောက်သေးတဲ့နယ် |
| ပညတ်နယ် | ပရမတ်နယ်၊ |

ပြုခဲ့ပြီးသော ၃စုတို့ဟာ။သာမန်သိလရိသုဒ္ဓိ၊စိတ္တရိသုဒ္ဓိ ဆိုတဲ့မြေ တာနယ်ဌာသာ၊ တသံသရာလုံး နေထိုင်ခဲ့ကြပါကယ်။ အထက်က ပရမတ်နယ်ဖြစ်တဲ့ ဒိဋ္ဌိရိသုဒ္ဓိ၊ ကင်္ခါရိတရဏရိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂညာဏဒဿနရိသုဒ္ဓိ၊ ပဋိပဒါညာဏဒဿနရိသုဒ္ဓိ၊ ဉာနဒဿနရိသုဒ္ဓိ ငါးဆင့်သို့ ဘယ် အ ခါ ကာလကမျှမရောက်ခဲ့ဘူးကြပါ။ ဒါကြောင့်လဲ မဂ်ဖိုလ် မရကြဘာဘဲ။

## (၆) ၄င်း ၃-စုတို့ဓမ္မတာဌာနရပ်၍သာသနာ့အဆင့်သို့ မရောက်ကြသေး။




ဒါနယုဂခေတ်၊ သိလယုဂခေတ်၊ သမာဓိယုဂခေတ်၊ သုတယုဂခေတ်၊ ဝိမုတ္တိယုဂခေတ် ဟူ၍ ခေတ်ကြီးငါးခေတ်တို့ စက်ရုပ်တော်ပမာ ချာချာလည်၍ နေခဲ့ရာ အောက် ၌ ပြုခဲ့ပြီး အတိုင်း ပထမ သာသနာ တထောင်နှစ်တွင် (၉၀၀)က ဒါန၊ သိလ၊ သမာဓိ၊ သုတ လေးခု ခေတ်များဖြစ်၍၊အနှစ်တရာမျှသာ ဝိမုတ္တိယုဂ ခေတ်ကြုံရပါသည်။ ပုံစံကိုကြည့်တော့ ခေတ်ကိုက အမြင့်ဆုံးမှာဖြစ်၍၊ မူလ ပင်ကိုကလဲ အမြင့်ဆုံး တရားဖြစ်၍နေ ပြန်ရာ အမြင့် ၂-ချက်ကြိုက် ဖြစ်ပါတော့သည်။ ဤခေတ်များ၌ ဝိပဿနာ အားထုတ်ပါလျှင် ထိပ်ဆုံးတန်းအမြင့်ဆုံးတန်း၌နေကြရမည်ဖြစ်ပါသည်။ ဒါန၊သိလ၊သမာဓိ၊သုတ ၄-ခေတ်ကား ဓမ္မတာနယ်ဘည်း။ ဝိမုတ္တိယုဂ ခေတ်ကား သာသနာနယ်ပင်တည်း။ ၃ စုက ပုဂ္ဂိုလ်များကား ဝိမုတ္တိယုဂ ခေတ်ရောက်အောင် မတက်နိုင်ကြပါ။

## (၇) ၄င်း ၃-စုတို့ဓမ္မတာ၌ရပ်သည် သာသနာဆင့်သို့ မရောက်ကြသေး

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|---|
| ဓမ္မတာ | ခါတ် | ကလာပ် | လက္ခဏာ | ဉာဏ် | မဂ် | ဖိုလ် | နိဗ္ဗာန်။ |
| သံသရာ | | | | | | | |
| ပုထုဇဉ် | | | | | | | |

ပြုခဲ့ပြီးသော ၃-စုသားတို့သည် ဓမ္မတာနယ်၊ သံသရာနယ်၊ ပုထုဇဉ်နယ်စသော (၁၁)ဘွဲ့ရတဲ့နယ်ဌာသာ မျက်စိလယ်၍ သောင်တင်ကြရလေသည်။ ။သံသရာပုံစံ၏ အပြင်ဘက်က

ဖြစ်၍နေတဲ့ ခါတ်၊ ကလာပ်၊ လက္ခဏာ၊ ဥာဏ်စည်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ်နယ်၊ အရိယာနယ်သို့မရောက်ခဲ့စဉ်းပါ။

ဤမျှလောက် အထက်တန်းရောက်ပြီးမှ အောက်သို့ကျရတာ နာလှချေရဲ့။

---

## (၈) ၎င်း ၃-စုတို့ ဓမ္မတာ၌ရပ်၊သာသနာအဆင့်အတန်း မရောက်ကြသေး။

ဓမ္မတာနယ် | သာသနာနယ်

| ၃၅-ကုသိုလ် | | ၁၆-ဥာဏ်စည်များ |
|---|---|---|

စရဏနယ် | ဝိဇ္ဇာနယ်

ဓမ္မတာနယ်ကစရဏကုသိုလ်များကား။ဒါန၊ သီလ၊သမထ၊သုစရိုက်ပုညကြီယာ၊ ရသေ့ပြု၊ ဈာန်ပြု၊ ရဟန်းပြု၊ ရတင်၊ ပိဋကတ်ဆောင်စာပေမှိုချ၊ ပါရဂူ၊ စရိယာ၊ စွန့်ခြင်းကြီး၊ ဗျာဒိတ်ရ၊ ၇-သင်္ချေကျင့်၊ ၉-သင်္ချေကျင့်၊၄-သင်္ချေကျင့်၊ကမ္ဘာတသိန်းကျင့်၊ ဝိဇ္ဇာရ၊ အဘိညဉ်ရ၊ သမာပတ်ရ၊ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊အာကာသဈာန်၊ ဝိညာဏဈာန်၊အာကိဉ္စညာဈာန်၊နေဝသညာနာသညာဈာန်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ။ဥပေက္ခာ၊ (၃၂)ပါးသော မဟာကုသိုလ်ကြီးတို့ကား ဓမ္မတာနယ်၊ စရဏနယ်သာတည်း။

သာသနာနယ်၊ ဝိဇ္ဇာနယ်က (၁၆)ပါးသော ကုသိုလ်ကြီးထို့ကား။ နာမရူပ ပရိစ္ဆေဒဥာဏ်၊ ပစ္စယ၊ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊အာဒီနဝ၊ နိဗ္ဗိန္ဒ၊ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊သင်္ခါရုပေက္ခာ၊ အနုလောမ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ်၊ပစ္စဝေက္ခဏာဥာဏ်၊ (၁၆)ပါးတို့ကည်း။

၃-စုသားတို့ကား ဓမ္မတာ၌ သောင်တင် ကြ၏။ သာသနာဆင့်၊ မရောက်ကြပါ။

## (၉) ၄င်း ၃-စုံသားတို့ဝမ္မတာမှာ သာသနာဆင့်မရောက်ကြသေး၊

| | | |
|---|---|---|
| ပညတ်အာရုံ | ပရမတ်အာရုံ | နိဗ္ဗာန်အာရုံ။ |
| ကိလေသာစိတ် | ဝိပဿနာစိတ် | မဂ်စိတ်ဖိုလ်စိတ်။ |
| ၃-စုသားတို့နေရာဌာန | မရောက်သေးဌာန | မရောက်သေးဌာန။ |
| ဝမ္မဘာနယ် | သာသနာနယ် | သာသနာနယ် |

ဤပုံစံကိုကြည့်မိတော့၊ ၄င်း ၃-စုသားတို့ဟာ။ ကိလေသာစိတ်၏အာရုံဖြစ်သော ပညတ်နယ်၌သာ၊ တသံသရာလုံးကြာညောင်း၍ လာခဲ့ကြသည်။ (၂) ဝိပဿနာစိတ်၏အာရုံဖြစ်သော ပရမတ်နယ်သို့ရင်း၊ (၃) မဂ်စိတ်ဖိုလ်စိတ်၏အာရုံဖြစ်သော နိဗ္ဗာန်နယ်သို့ရင်း၊ မရောက်ကြရသေးပါ၊ ခါတ်တရား၊ ကလာပ်တရား၊ လက္ခဏာရေး ၃-ပါး၊ ဥာဏ်စဉ် ၁၀-ပါးနှင့်တက်လျှင် မကြာမီရောက်နိုင်ကြသည်မဟုတ်ပါလော၊ တက်ကြပါတော့။

---

## (၁၀) ၄င်း ၃-စုသားတို့ ဝမ္မတာမှာ၊ သာသနာဆင့်မရောက်ကြသေး၊




ဤသာသနာ့ အရှေကောင်ကြီးပုံစံ၌၊ ၄င်း ၃-စုံသားတို့ဟာ (၁)ကမ္မသကဘသမ္မာဒိဋ္ဌိ အဆင့်တရား (၁၉)မှာ တချို့က (၂) ဈာန သမ္မာဒိဋ္ဌိ အဆင့်တရား (၁၆)ပါး မှာ သားလျှင် ရပ်တန့်၍ သောင် တင် ကာ နေကြရကုန်၏။ ။ (၃) ဝိပဿနာ သမ္မာဒိဋ္ဌိအဆင့်တရား (၁၃)သို့ရင်း။ (၄)မဂ္ဂသမ္မာဒိဋ္ဌိ အဆင့်တရား ၄-ပါးသို့ရင်း၊ (၅) ဖလသမ္မာဒိဋ္ဌိအဆင့်တရား ၀ါးပါးသို့ရင်း။ မ တက် ရောက်ရသေး ဘဲ။ သံသရာ၌ ကြာရှည်ခဲ့ရလေသည်။ (၁)ကမ္မသကတနှင့် (၂) ဈာန၊ ၂-ဆင့်ကား မွေဘာနယ်တည်း။ (၃)ဝိပဿနာ၊ (၄)မဂ်၊ (၅) ဖိုလ် ၃-ဆင့်ကား သာသနာနယ်တည်း။ အမြန်အဆန် တက်ကြပါတော့။ ကြာမနေကြနှင့်။

## (၁၁) ၎င်း ၃-စုသားတို့၏မြတ်မှာ၊ သာသနာအဆင့်မရောက်ကြသေး၊

| သိလ | သမာဓိ | ပညာ |
|---|---|---|
| ဓမ္မတာနယ် | ဓမ္မတာနယ် | သာသနာနယ် |

ဤသိက္ခာ ၃-ပါး သာသနာ သုံးရပ် ပုံစံကိုကြည့်တော့။ ၎င်း ၃-စု သားတို့သည်။ သိလနယ်၊ သမာဓိနယ်၌သာတက်ရောက်နိုင်ကြ၏။ ပညာ နယ်သို့ မရောက်ဘူးကြပါ။ဓမ္မတာနှင့် ရက်လကုန်ခဲ့၏။သာသနာသို့ မ ရောက်ကြပါ။ ခါတိ၊ ကလာပ်၊ လက္ခဏာရေး ၃-ပါ-ပွါး၍ တက်ကြ ပါလေ။

## (၁၂) ၎င်း ၃-စုသားတို့၏မြတ်မှာ၊ သာသနာ၏အဆင့်မရောက်ကြသေး၊

| ဒါန | သိလ | နေ၊ ဝိ၊ ခံ ဈာ၊ ဌာန်၊ ကွာ၊ ဏာ | ပညာပါရမီ |
|---|---|---|---|
| ဒါန | သိလ | သမထ | ဝိပဿနာ |

ဤပါရမီဆယ်ပါးနှင့် ဒါန၊ သိလ ၊သမထ၊ ဝိပဿနာကို ယှဉ်၍ပြုကျင့်၏။ ၎င်း ၃-စုသား တို့ဟာ၊ ပါရမီမှာလဲ ၉-ခုသာ တန်း ရောက်ခဲ့၏။ ဒါ သိ ထ ဝိ မှာလဲ ၃-ဆင့်သာတန်းရခဲ့၏၊ အဆုံးပညာပါရမီသို့မတက် နိုင်ကြဘူးပါ။ အဲဒါနှင့် သံသရာကုန်၊ ကမ္ဘာကုန်၊ သာသနာကုန်၊ဘုရား ဖြုံး၊ ဗာရောဖြုံး၊ သံဃာဖြုံး၍သာ လာခဲ့ကြကုန်၏။ အရုံးကြီးရုံး လူ ကျောက်တုံးတို့သာတည်း။ အောက်ဆင့် ၉-ပါး။ ၃-ပါးကား ဓမ္မတာ နယ်နည်း။ အထက်ပါဘပါးကား သာသနာနယ်တည်း။

---

## (၁၃) ၎င်း ၃-စုသားတို့၏မြတ်မှာ သာသနာအဆင့်သို့မရောက်ကြသေး။

အနုပုဗ္ဗကထံကထေသိ၊ သေယျထိဒံ၊ ဒါနကထံ၊ သိလကထံ ;သဂ္ဂကထံ၊ ကာမာနံအာဒီနဝံ၊သြဠာရံ၊ သံကိလေသံ၊နေက္ခမ္မေအာနိသံသံ ပကာသေသိ။ ॥ယဒါဘဝဝါ။ အညာသိ၊ ယသံ၊ ကုလပုတ္တံ၊ ကလ္လစိတ္တံ မဒုစိတ္တံ၊ ဒိနိဝရဏစိတ္တံ၊ ဥဒ္ဓဂ္ဂစိတ္တံ၊ ပသန္နစိတ္တံ၊ အထယာဗုဒ္ဓါနံ

သာမဏကိုသိကာ၊ ဝမ္မဒေသနာ၊ တံပကာသေယိ၊ ဒုက္ခံ၊ သမုဒယံ၊ နိုရောဓံ မဂ္ဂံ။ ။ဝိနည်း မဟာဝါဂါပါဠိတော်၊နံပါတ် (၂၀) ကျော်ငါးခေါ် (၃)ခုမှာ၏။

| | |
|---|---|
| ဝမ္မတာနယ်<br>အနုပုဗ္ဗိကထာထရား<br>၃-စုသားတို့ နေရာဌာနတည်း | သဒ္ဓသနုနယ်<br>သာမဏ္ဍိသိတရား<br>ဂင်းဌာနသို့မရောက်ကြပါ။ |

အနုပုဗ္ဗိကထာအစဉ်အတိုင်း ဟောအပ်သော ဒေသနာ ကထာ တရား စကားမှာ။ဒါနတရား၊သီလဘရား၊နတ်ပြည်တရား၊ ကာမဂုဏ်တို့၏ အပြစ်တရား၊ အယုတ်တရား၊ ညစ်နွမ်း ခြင်းဘရား၊ ကာမဂုဏ်မှထွက်သော အကျိုးတရားပင်ဟည်း၊ ဝမ္မဘာနယ်တည်း။ ။သာမဏ္ဍိသိကတရားဆိုကား၊ ဘုရားကိုယ်တော်မှ ထုတ်၍၊ အသိုးအခြား ဟောအပ်သော ဒုက္ခသစ္စာ သမုဒယသစ္စာ၊နိုရောဓသစ္စာ၊မဂ္ဂသစ္စာတရားပင်ဟည်း။အနုပုဗ္ဗိကထာ၌သာ ရောက်ဘူးပေါက်ဘူး၍ သာမဏ္ဍိ သိကနုယ်သို့မရောက်ကြသေးပါ။ အနုစ်နှာဆုံး၊အရှိုးဆုံး အမြုတ်ဆုံးပါတကား။

## (၁၄) ဂင်း၃-စုသားတို့ဝမ္မတာမှာသာသနာအဆင့်သို့ မရောက်ကြသေး၊

| | |
|---|---|
| ဝမ္မတာနယ်၌။<br>အကျော်အမော်ကြီး (၁၇)ဦး | သဒ္ဓသနာနယ်၌။<br>အညွှန်ဆုံး(၂၁)ဦးယှဉ်သေးကြသို့ကြပါ။ |

ဝမ္မဘာနယ်၌ နေကြသောပုဗ္ဗယမ်ကျော်ကြီးတို့ကား ဗိဒူဂတော် ၃-ပုံ ဆောင်၊နိ.ဘာယ် ၅ ဖြာ၊အင်္ဂါ ၉ တန်၊ဝမ္မဘွဲ့ခေါင်း(၈၄၀၀၀)ဆောင်နှင့် ဗုဒ်းနှင် ဂိုကြကုန်သော အရှင်ပေါဠိလ၊ အရှင်မဟာသိဝ၊ အရှင်မဟာနာဂ၊ အရှင်ဒွေ သဟာယက၊ ကပိလ၊ ဟေမတာဂ သာကာဂိရိ၊ ဘုရား အလောင်းကော်ကြီးမျိုးမိလိန္ဒမင်းနှင့် ဝိဇ္ဇာရ၊အာဘိညာဉ်ရ သမာပတ်ရ၊ ဈာန် ၉-ဈာန်ရတွေ အာဠာရ၊ ဥဒက၊ ဒေဝိလ။ ဗြဟ္မာကြီးစသော တကဲ့အာဇာနည်ကြီးတို့ပင်တည်း။ (၁၇) ဦးတို့ပါဘဲ။

သာသနာနယ်၌နေကြကုန်သောအညွှန်ဆုံးတို့ကား။ အာဠာဝကဘိလူး၊ အဂ္ဂိလိမာလ ဗိုးသားကြီး။ တံငါအရိယ။ ဘဒ္ဒဒါဠိက လူသက် မှုးကြီး။

ကဗ္ဗာမရဆိုး။ ကုက္ကုဠာမိတ္တာမရဆိုး။ ခိုးသားကိုးရာ။ ခိုးသားခုနှစ်ရာ။ခိုးသား ငါးရာ။ သုစိလောမဘိလူး။ ခရုလောမဘိလူး။ ဟောမဘာရ နာဘိလူး။ သာတာဂိရိနာဂ်ဘီလူး။ ကာဠဋ္ဌိယကျွန်မိဘိလူး။ဝိယက္ခ်ုရပြိတ္တာမ။ ဖါးနတ်သား။ လင်းနို့သား ငါးရာ။ နောက်လင်းနို့သာ ။ငါးရာ။ မြင်း။ ဆင်။ ကျေးသား။ မဟာဒတ္တနှားလား ၈သော (၂၁) ဦးသားကို ပင်ကည်း။ (၁၇) ဦးသောအကျော်အမော်ကြီးတို့သည်။ဓမ္မတာနယ်မှာသာ ကျန်ရစ်မြဲတ်နစ်ကြရကုန်ကား။ (၂၁)ဦးသော အညံ့ဆုံးတို့ကား။တံငါတဲမှ ရွှေနန်းကော်ကြီးသို့ပြောင်းနေရသကဲ့သို့။ သာသနာအဆင့်အဘန်းသို့ရောက်၍ မဂ်ဖိုလ်ပေါက်ရောက်ကြရပါပြီ။

## (၁၅) အုံ့ကြွဘွယ်၊အစ္ဆရိယပုဂ္ဂလ ၀ိသေသ ၄-ဦး

(၁) အလောင်းတော်တုဏ္ဍိုလဝက်မင်းသည် တရားပြသရာ အနှစ်ပေါင်း ခြောက်သောင်းမျှ လိုက်နာ ကျင့်ကြံကြကုန်၏။ ဆဏ္ဍနှိပါတ် တုဏ္ဍိုလဇာတ်တော်၌ကြည့်ကြပါ။(၂)အလောင်းတော်ရေဟဏသမင်မင်းသည် တရားပြသရာ။ အနှစ်ပေါင်းတထောင်မျှလိုက်နာ ကျင့်ကြံကြပါသည်။ဝိသက်နိပါတ် ရေဟဏဇာတ်တော်၌ ကြည့်ကြပါ။(၃) မဟာကဏ္ဍခွေးနက်ကြီး ယောင်ဆောင်၍ သိကြားမင်း ဆုံးမတရား ပြသရာ အနှစ်ပေါင်းတထောင်မျှ လိုက်နာကြကုန်၏။ နွားဒသနိပါတ် မဟာကဏ္ဍဇာတ်တော်၌ ကြည့်ကြပါ။ (၄) ကောသကုဏ္ဍဂက်မင်း ၃-ဦးတို့သည်။ ပြည်သူ့ပြည်သားများအားတရားပြသရာ။ နှစ်ပေါင်းလေးသောင်းမျှ လိုက်နာကျင့်ကြံကြပါသည်။ စတ္တာလီသနိပါတ် ဇေသကုဏ္ဍဇာတ်၌ကြည့်ကြပါကုန်။ ။ဤပုဂ္ဂိုလ်ကျော်ကြီး ၄-ဦးနှင့်တကွ ခြေးကပြခဲ့သော သုံးစုသားတို့ဟာ၊ ဓမ္မတာနယ်မှာသာ နှစ်ဘုံ မြဲပ်ဘုံးဖြစ်ကြရ ကုန်သေး၏။ သာသနာအဆင့်သို့ မရောက်ကြသေးပါ။

## (၁၆) ၆ ဌာနကဆရာကြီး ၆-ဦးနှင့် တပည့်စုတွေ။

(၁) ဝိသတိနိပါတ်။ ဟတ္ထိပါလဇာတ်တော်၌။ ဟတ္ထိပါလ ဆရာကြီးသည် ၁၆-ယူဇနာ အပြည့်ရှိလူများအား သမထဖြင့် ဗြဟ္မာ ဖြစ်စေ၏။ (၂) ဝိသတိနိပါတ် အယောဃရဇာတ်တော်၌။ အယောဃရ ဆရာကြီး

သည် ၁၂-ယူဇနာအပြည့်ရှိ လူများအား သမဃဖြင့် ဗြဟ္မာ ဖြစ်စေ၏။ (၃)မဟာနိပါတ် တေမိယဇာတ်တော်၌တေမိယဆရာကြီးသည်၊ရှစ်ဘိုင်း ပြည်ကလူများအား သမထဖြင့် ဗြဟ္မာဖြစ်စေ၏။(၄) စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်တော်၌။ သရဘင်္ဂဆရာကြီးသည်။ယူဇနာ(၃၉)၌ အပြည့်ရှိနေသောလူများအား သမဃဖြင့်ဗြဟ္မာဖြစ်စေ၏။(၅)စတ္တာလီသနိပါတ် သုဘသောမဇာတ်တော်၌။ သုတသောမဆရာကြီးသည်။ ယူဇနာ (၃၀) အပြည့်လူများအား သမထဖြင့် ဗြဟ္မာဖြစ်စေ၏။ (၆) သုတ်မဟာဝဂ်၊ မဟာဂေါဝိန္ဒသုတ်၌။ မဟာဂေါဝိန္ဒဆရာကြီးသည်။ ကမ္ဘာကို ၇-ပုံ ပုံ၍ ၆-ပုံ လူများအား သမထဖြင့် ဗြဟ္မာဖြစ်စေ၏။ ပြခဲ့ပြီး ၃-စုသားနှင့် တကွ ယခုပြဆဲဖြစ်သော ဆရာကြီး ၆-ဦးတို့နှင့်တပည့်များသည်။မြတ်စွာ နယ်၌သာ ကျင့်ကြုံသေးကုန်၏။ သာသနာနယ်၌ ခါတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားများကို မကျင့်ရသေးကုန်။ ကိုယ်တွေ့သာသနာ အဆင့်သို့ မရောက်ခြင်းကြောင့်။ အဝိဇ္ဇာပယ္ယာ သင်္ခါရာ၏ နယ်ထဲကမ္မ အမှားပင်တည်း။

---

## (၁၇) အင်္ဂိုလ်ဆရာကြီး ၇-ဦးနှင့်တပည့်များ၊

၁။ အရဂကဆရာကြီးနှင့် သောင်းကျော်သောတပည့်များ။

၂။ သုနေတ္တဆရာကြီးနှင့် ။ ။ ။

၃။ မုဂပက္ခဆရာကြီးနှင့် ။ ။ ။

၄။ အရဒနမိဆရာကြီးနှင့် ။ ။ ။

၅။ ကုဋိလကဆရာကြီးနှင့် ။ ။ ။

၆။ ဟတ္ထိပါလ ဆရာကြီးနှင့် ။ ။ ။

၇။ ဇောတိပါလ ဆရာကြီးနှင့် သောင်းကျော်သောတပည့်များ။

ဂင်းဘို့လည်း ၃-ရသားနှင့်အတူ မြတ်စွာနယ်ထဲကပင်။
သာသနာနယ်ထဲသို့မရောက်ကြသေးပါ။
ဆုံးရှုံးနစ်နာလေစွတကား။

## (၁၈) ကမ္ဘာ့အစကျော်ဆုံး အမော်ဆုံး သုံးဦးသား။

ဘုရားပွင့်ခါနီး ၇-ရက်စောချေသေသွားသော အာဠာဝရ ရသေ့ကြီး။
ဘုရားပွင့်ခါနီး ၅-နာရီမျှစောချေသေသွားသော ဥဒကရသေ့ကြီး၊
ဘုရားမပွင့်မီ ၂ ၅-နှစ်ခန့်စောချေသေသွားသော ဗောဓိသရသေ့ကြီး။
ယင်း ၃-ပါးတို့ဟာ ကြားကမ္ဘာ ၄၁။နောက် ကမ္ဘာ ၄၀-မြင်ခဲ့ရ်
သော ဝိဇ္ဇာအတိညဉ်သမားပါတ်ချာန်တွေရလဲ ခမ္ဘကာနဲ သ၊ဒိုက ယ်း။

## (၁၉) ဂိုလ်းဆရာတော်ကြီး ၆-ဦးနှင့်တပည့်များ။

၁။ ပူရာဏကဿပ ဂိုလ်းဆရာနှင့်တပည့်များ။
၂။ မက္ခလိဂေါသာလ ဂိုလ်းဆရာနှင့်တပည့်များ။
၃။ အဇိတကေသ ကမ္ဗလ ဂိုလ်းဆရာနှင့်တပည့်များ။
၄။ ပကုဓကစ္စာယနဲ ဂိုလ်းဆရာနှင့်ကပည့်များ။
၅။ သဉ္စယ၊ဗေလဋ္ဌပုတ္တ ဂိုလ်းဆရာနှင့်တပည့်များ။
၆။ နိဂဏ္ဌနာဋ္ဌပုတ္တ ဂိုလ်းဆရောနှင့်တပည့်များ။

ရင်းတို့ကား မြတ်တာကုသိုလ်နယ်သို့ မရောက်ဘဲ။ဝိဇ္ဇာဒိဋ္ဌိအယူဖြင့် အပါယ်လေးဘုံသို့ အစုလိုက်၊အပြုံလိုက် စုံကြလေကုန်ပြီဘကား။

---

## (၂၀) ရင်း ၃-စုတို့ ဓမ္မကာမှာသာ သာသနာအဆင့်သို့ မရောက်ကြသေး။

အစဦးစွာပြုခဲ့သော ရုပ်နာမ်အတုအပ(ကဆဲ့ကဋ္ဌာန)ငါးဆွဲချဋ္ဌနေကြ သော ၃-စုသားတို့သည်။ မြတ်တာနယ်မှာပင် ခါတ်ကလာပ်၊လက္ခဏာ၊ ဥာဏ်စည်၊မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ သာသနာနယ်သို့မရောက်ကြသေးပါ။

## (၂၁) ရင်း ၃-စုသားတို့ဓမ္မတာမှာ။ သာသနာ အဆင့်သို့ မရောက်ကြသေး။

(၂)နံပါတ်ခွဲပြခဲ့သော ရုပ်အတု၊နာမ်အတု။(၁၀)ဌာနခွဲ နေကြသော ၃-စုသားတို့သည်။မြတ်တာနယ်ကသာတည်း။ သာသနာနယ်သို့မရောက် ကြသေးပါ။

## (၂၂) ၎င်း၃-စုသားတို့၏မမှတ်ဘာမှာ။သာသနာ အဆင့်သို့ မရောက်ကြသေး။

(၃)နံပါတ်ခွဲပြခဲ့သော ရုပ်နာမ်အတုအပ (၁၇)ဌာနခွဲနေကြသော၃-စု သားတို့သည်၊မေ့ဘာနယ်မှာသာသာသနာအဆင့်သို့မရောက်ကြသေးပါ။

## (၂၃) ၎င်း ၃-စု သားတို့၏မမှတ်ဘာမှာ သာသနာအဆင့်သို့ မရောက်ကြသေး။

(၄)နံပါတ်ခွဲပြခဲ့သော၊ရုပ်နာမ်အတုအပ(၇)ဌာနခွဲနေကြသော ၃-စုသား တို့သည် မေ့ဘာနယ်သာတည်း။ သာသနာအဆင့်သို့မရောက်ကြသေးပါ။

## (၂၄) ၎င်း၃-စုသားတို့၏မမှတ်ဘာမှာ။သာသနာအဆင့်အတန်းသို့ မရောက်ကြသေးပါ၊

(၅) နံပါတ်ခွဲပြခဲ့သော၊ရုပ်နာမ်အတုအပ (၉) ဌာနခွဲနေကြသော ၃-စု သားတို့သည် မေ့ဘာနယ်သာတည်း။ သာသနာ အဆင့်သို့ မရောက်ကြ သေးပါ။

## (၂၅) ၎င်း ၃-စုသားတို့၏မမှတ်ဘာမှာ။သာသနာအဆင့်သို့ မရောက်ကြသေး။

(၆) နံပါတ်ခွဲပြခဲ့သော ရုပ်နာမ်အတုအပ (၄) ဌာနခွဲနေကြသော ၃-စု သားတို့သည် မေ့တာနယ်သာတည်း။ သာသနာအဆင့်သို့ မရောက်ကြ သေးပါ။

(၂၆) (၇) နံပါတ်ခွဲပြသော ရုပ်နာမ်အတုအပခွဲနေကြသော ၃-စုသားတို့ သည်၊မေ့တာနယ်သားတည်း။ သာသနာ အဆင့်အတန်းသို့ မရောက်ကြ သေးပါ။

(၂۷) (၈)နံပါတ်ခွဲပြသော ရုပ်နာမ်အတုအပခွဲ နေကြသော ၃-စုသားတို့ သည် မေ့ဘာနယ်သာတည်း။ သာသနာအဆင့်သို့မရောက်ကြသေးပါ။

(၂۸) (၉)နံပါတ်ခွဲပြခဲ့သော ရုပ်နာမ်အတုအပခွဲ နေကြသော ၃-စုသား တို့သည် ဓမ္မတာနယ်သာထည်း။သာသနာအဆင့်သို့ မရောက်ကြသေးပါ။

## (၂၉) ကုသိုလ်ကြီးစားစားကို (ဒါ-သီ ထ-ဝိ) ၄ မျိုးနှင့် ဝေဘန်ပုံ။

| ဒါန | သီလ | သမထ | ဝိပဿနာ |
|---|---|---|---|
| ဒါန စွန့်ခြင်း (၂) | သီးပုံညီးသုစ ဆော့ ဂျင် ဟန်းရှုပ် စားပြီးစာချ ဗျာ။ (၁၂) | ထားပြီးဘီးမော ဖျောန် မေးကားမှုဥ (၉) | နှာ ပ သံးဥာဏ် ဘားအာ နိ.မှ ပ သင်းနှုဂါမားဗားပ (၁၆) |

ဒါန စွန့်ခြင်းကြီး သီးပုံညီးကြီယာ၊သုစရိုက်၊ရှုဆော့ပြု၊ဂျင်ပြု၊ရှုဟန်း ပြု၊ရှုတင်ကျင့်၊ပါရဒီ၊စရိယာ၊ပိဋ္ဌကတ်ဆောင်၊စာပေပို့ချ။။ဗျာဒိတ်ရ(၁၂)။ သမထ၊ဝိဇ္ဇာ၊ အဘိညဉ်၊ သမာပတ် ဈာန်စုံ။ မေဂ္ဂါ ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ(၉)အစုစုဒါနနယ်ကနှစ်ပါး၊သီလနယ်က ၁၂ပါး၊(သမထနယ်က ၉-ပါးသော တရားစုကား ဓမ္မတာနယ်တည်း။ ဥာဏ်စဉ် ၁၆-ပါးကား သာသနာနယ်တည်း။၃ စုသားတို့သည် ဓမ္မတာနယ်၌သာ ရှိကြကုန်၏။သာ သာသနာနယ်သို့ရောက်ကိုရန်စိတ်မှမကူးကြသေးပါ။ ဆုံးရှုံးခံစံနာလေစွ တကား။

---

## ၂၄ သန်ရှိ၊ကုဋေ ၆ ဝ၊ဗိုလ်ခြေတသိန်းတို့ရောက်ကြသည့် ဂေါတမမြတ်ဘုရား၏ သာသနာ နယ်ကြီးကား။

(၁) သဗ္ဗပါပဿ၊အကရဏံ။ သီလသာသနာဘည်း။
ကုသလဿ၊ဥပသမ္ပဒါ။ သမာဓိ သာသနာတည်း။
သစိတ္တပရိယောဒါပနံ။ ပညာသာသနာတည်း။
ဧတံဗုद္ဓာနုသာသနံ။ ဒီဃ-ပါးဟာ သာသနာဘဲလို့ဆိုင်းဘုတ်
(ဓမ္မပဒပါဠိတော၁၈ထာ) ဆွဲ၍။ကျော်ငြာထားပါသည်။

အနက်ကား။ ။သဗ္ဗပါပဿ၊အလုံးစုံသော အကုသိုလ်ကို။အကရဏံ၊မ ပြုလုပ်ခြင်းသည်။ သီလ်၊သီလသာသနာပင်တည်း။ ။ကုသလဿ၊ဈာန် သမာပတ်စသော ဂရုတ်ကုသိုလ်မျှားကို။ ဥပသမ္ပဒါ၊ ပြည့်စုံစွာနေခြင်း သည်။ သမာဓိ၊သမာဓိသာသနာပင်တည်း။ ။သစိတ္တပရိယောဒါပနံ၊

ဓမ္မစိတ်ကိုဖြိုစင်စေခြင်း သည်။ ပညာပညာ သာသနာပင်တည်း။ ။ထို ဤပြုခဲ့သော (သီလသမာधိပညာ) ဆိုတဲ့မဂ္ဂင်၌ပါသောသိက္ခာ ၃ ပါး သည်။ ဗုဒ္ဓသာမြတ်စွာဘုရား၏။ သာသနံသာသနာပင်တည်း။

(၂) သီလံသမာधိပညာစ ယသေတေသုဘာဝိတာ။
အတိက္ကမ မာရရေယျံ။အာဒိစ္စောဝ ဝိယောစတိ။

ဤတိဝုတ်ပါပြီတော်။ ။ယသေ အကြင်ယောဂိအား။သီလံ၊ မဂ္ဂင်သီလ သည်ရင်း။သမာधိ၊မဂ္ဂင်သမာधိသည်ရင်း။ပညာစ၊မဂ္ဂင်ပညာသည်ရင်း။ ဒေတာ၊ဤသာသနာသုံးရပ်တရားတို့ကို။ သုဘာဝိတာ၊ ကောင်းစွာ ပွါးများ လေ့လာအင်ကုန်၏။ တသေ၊ထိုယောဂိအား။ မာရရေယျံ၊ ကိလေသမာရ် စသော၊ မာရ်ငါးပါး၊မာရ်စစ်သည်ဆယ်ပါးကို။အတိက္ကမ၊ လွန်မြောက်၍။ အာဒိစ္စောဝ၊နေမင်းကြီးကဲ့သို့။ဝိရောစတိ၊တင့်တယ်၍နေရ၏။ သာသနာနှင့် ဆိုင်ရာပါဠိကို ဤနေရာ၌ ၂-ပုဒ်မျှထုတ်၍ပြထားသော်လည်း။ ကျွန်သေး သောပါဠိသာဓကများကို (သာသနာ့ဝိနိစ္ဆယ်၊ ဂုဏ်းတန်းကြီး ကျမ်း၌ (၂၄)ပုဒ်ရေးထဲ့ခဲ့၍။သာသနာပါဠိ (၂၆)ပုဒ်စုပြ၍ပါသည်။

---

## သာသနာနယ်၌ (အစ အလယ် အဆုံး) စုပြဦးအံ့။

ဓါတ် ၄-ပါးတွေမှ။ကလာပ်များတွေမှ၊ဓါတ်မှပေါ်လာသောလက္ခဏာ ရေး၃-ပါးကိုတွေမှ၊ဓါတ်မှပေါ်လာသော ဥာဏ်စည်ဝေ၀-ပါး၊ဝ၆-ပါးတွေ မှ၊ဓါတ်ပေါ်ပြီးမှတွေ့ရသောခန္ဓာ ၅-ပါး၊အာယတနာ ၂-ပါး၊ဓါတ်၁၈-ပါး သစ္စာ ၄-ပါး၊ပရိညာ ၃-ပါး။ဘသုဒ္ဓိ ၇-ပါး၊ဗေါဓိပက္ခိယတရား ၃၇-ပါး၊ မဂ်၄-ပါး၊ဖိုလ်၄-ပါး၊နိဗ္ဗာန်တရားဤအစုပုံကားသာသနာအစစ်ပင်တည်း၊ ပြခဲ့ပြီးသော ၃-စုသားတို့ကား။ ဤသာသနာတော်ကြီးသို့ မရောက်ခဲ့ကြ သေးပါ။အဲဒါကြောင့်(မဟာဇာနိယောဝတာဘော၊အာဠာဝယော ဥဒဒေကာ, ဒေဝိလော )ဟူ၍မြတ်စွာဘုရားကြီးကပင် ပြီးတွားကဲ့ရဲခြင်းခံ ကြ ရ လေ သည်။

အထက်ပါ (စ။လယ်။ဆုံး) တရားစုကို။စတုဂေါ့ဠိပါတ် ဒုံပါတ်(၇ ၂) ကြောင်းရေ (၃၀) အစိုးရပုံနှိပ်တိုက်မှဖြစ်။ (တထ) ဟူ၍ရင်း။(သစ္စ) ဟူ၍ရင်း။ (ယထာဘူတ) ဟူ၍ရင်း ဖွင့်ခဲ့ပါသည်။ ရင်း (စ၊လယ်၊ဆုံး)ဘရားစုကို အမှီသာလိုနိုင်၍။အတိအတိရေကောစမ္ဘော

အဘိဓမ္မာ ဟူ၍ ဖွင့်ပြခဲ့ပါသည်။ ဋီကာကျော်၌ ပရေမောဒအဝိပရိတောဒ အဟောပရမဟော။ ။ပရမသဒ္ဓါသဒ္ဓြည်ုတဉာဏသဒ္ဓါဟောဂေါစရော တိပရမဟော ဟူ၍ ဖွင့်ပြခဲ့ပါသည်။ အပဒါပါဠိတော်။ ဗုဒ္ဓဝင်ပါဠိတော် များ၌။ ၎င်းဘရားစုတို့ကို။ (ဒေဝံဓမ္မာအစိန္တိယျာ အစိန္တိယျပသန္နာနံ၊ဝိပါ ကောပေါတိ၊အစိန္တိယျော) ဟူ၍ ဖွင့်ခဲ့ပါသည်။

## စိတ်-စေတသိက်၊ရုပ်၊နိဗ္ဗာန်။ ၎င်း ၄-တန်သည်။

တထ၊ မဲ့ကျတ်မယွင်းတဲ့တရား။သစ္စာ၊မှန်ကန်လှတဲ့တရား။ ယထာဘူတ၊ ဟုတ်မှန်လှသောတရား။အဘိဓမ္မာ၊လွန်ကဲစွာဖိုဆောင်နိုင်သောတရား။ ပရ မတ္ထ မဖေါ်ကက်မပြန်။အနက်အဓိပ္ပါး ရှိသောတရား။ပရမတ္ထ၊သဒ္ဓ ညုတ ဗျော ဉာဏ်တော်ကြီး၏ အာရုံ၊ကျက်စားရာဖြစ်သောတရား။ အစိန္တိယ၊ကြံစိ၍ မကုန်နိုင်သောတရား။ အပ္ပမေယျ၊မနှိုင်းယှဉ်အပ်သောတရား။ အသင်္ခေ ယျ၊ရေတွက်၍မဆုံးနိုင်သောတရား။အနန္တ၊အဆုံး အပိုင်းအခြား မရှိသော တရား။ အပ္ပရိမာဏ၊ပမာဏပြစရာမရှိသောတရား။ အပ္ပရိဏ္ဍိန္န၊အပိုင်း အ ခြားမရှိသောတရားဟူ၍စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်၊လေးတန်သောတရား စုကို ဂုဏ်ပြု၍ထားပါသည်။

လူလာ၍ဖြစ်ပါလျက်သားနှင့်။ ဒီတရား ၄-ပါးကို၊ကိုယ်တွေ့ ပဋိဝေ ဓသဘောနှင့်မရထားပါလျှင်။ ကမ္ဘာ့အမှောင်တိုနေရာ အပါယ်ရွာ၌ ကြာ်ကြာ ကြီးနေကြရဦးမည်။သတိပြု သမ္မာဒိဋ္ဌိဖြင့် ဝေဖန်ပြုကြပါကုန်။

---

## ပြခဲ့ပြီး တထ၊သစ္စာ၊ယထာဘူတမတ္တေက မဟာဒုက္ခ။

အဒိဋ္ဌသစ္စာသနာမ၊ ပဋိသန္ဓိဘာဝိယာ၊ တဿသာသာဝိကော၊သံပရိဝတ္တ မာနော၊ဂန္တ္တဝါ၊နေသာဒကုလေ၊နိဗ္ဗတ္တိံ။ ။ဓမ္မပဒအဋ္ဌကထာ၊ဒုအုပ်၊နံပါတ် (၂၇)ကြောင်းရေ(၁၀)သုမ္ဂဋ္ဌ။ အဒိဋ္ဌသစ္စာသနာ၊စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်၊ အမှန်တရားကိုမတွေ့ရ၊မမြင်ရသေးသောသူ၏။ ပဋိသန္ဓိနာမ၊ ဤဘဝက ဟိုဘဝသို့ကူးပြောင်း၍။ ပဋိသန္ဓေတည်နေရခြင်းမည်သည်။ အာရိယာ၊ ဆင်းရဲဝန်လေးလှပေ၏။ ဇာတိတသွာ၊ထို့ကြောင့်၊တဿာ၊ထိုသောတာပန် သူ၌ဦးထိုး၏။ သာဝိကော၊ လင်ယောကျ်ားသည်။ သံပရိဝတ္တမာနော၊ တ

ပြောင်းပြန်ပြန် လှည့်ကာ-လှည့်ကာ။ ဂန္ဓာ၀ါ၊ သွားချ။ နေသာဒကုလေ၊ မုဆိုးအမျိုးဌ။ နိဗ္ဗတ္တိ၊ ဖြစ်ရလေတော့၏။

သစ္စာအမှန်ကို၊ မတွေ့လို၊ ဝဋ်လယ်ပြီး မုဆိုးဘ၀ရောက်ရသည်ဟူလို။

## သစ္စာအမှန်မတွေ့လို့ အပါယ်ဌ ခဏ-ခဏ ကျရပုံ။

အထခေါ်ဒေ၀ေ၀ဟုတရာ၊သတ္တာယေ၊ ပေတ္တိ၀ိသယာရုတာ၊ ပေတ္တိ၀ိသယေသစ္စာ ဇာယန္တိ၊တံကိသဟေတု၊ အဒိဋ္ဌတ္တာဘိက္ခ၀ေ၊ စတုန္နံ၊အရိယသစ္စာနံ။ ။အနုမတဂ္ဂသံယုတ်ပါဠိတော်။

အသခေါ၊ စင်စစ်သော်ကား။ယေသတ္တာ၊ အကြင် သတ္တ၀ါတို့သည်။ ပေတ္တိ၀ိသယာ ပြိတ္တာဘုံမှစုတေ၊သေကြကုန်၏။ပေတ္တိ၀ိသယေ၊ပြိတ္တာဘုံ၌ ပစ္စာဇာယန္တိ၊ပြန်၍ဖြစ်ကြရကုန်၏။ဒေ၀ေ၀၊ပြိတ္တာဘုံမှသေ၍ ပြိတ္တာဘုံ၌ ဖြစ်သောသူတို့ကသာလျှင်။ဗဟုတရာ၊အလွန်တရာ မျှားလှစွာကုန်၏။ တံ၊ ထိုသို့ဖြစ်ရခြင်းသည်။ကိသဟေတု၊အဘယ် အကြောင်းကြောင့်ပါနည်း။ ဘိက္ခ၀ေ၊ ချစ်သားတို့၊ စတုန္နံ၊လေးပါးကုန်သော။ အရိယသစ္စာနံ၊အရိယသစ္စာတို့ကို။အဒိဋ္ဌတ္တာ၊မတွေ့ရး၊မမြင်ရသောကြောင့်တည်း။ ။သစ္စာ -၄ ပါးကို မတွေ့မမြင်က။သတ္တ၀ါတိုင်းအပါယ်ဘုံ၌အဖြစ်များမည်တဲ့။ သတိထားကြပါတော့။

## နစ်နစ်နာနာ၊ကမ္ဘာ့အမှား၊တော်ကြီးများဟုဆိုတာ။

နစ်နစ်နာနာ၊ ကမ္ဘာ့အမှား၊တော်ကြီးများဟု ဆိုရတာပါ။ ဘယ်ထိအောင် ကမ္ဘာသူ၊ကမ္ဘာသား၊တို့ မှားနေရတယ်ဆိုတာကို။ဘဝ်တိုက်ကြီး(၇၆)နံပါတ်(၂၁)ကြောင်းရေ၌။မိဆွေ၀ပဋိပဒါသုတ်ဘာသာပြန်ခန်း၌ရင်း။ ရင်းဘဝ်တိုက်ကြီးနံပါတ်(၃၂၄) ကြောင်းရေ (၂၅) ၌။ ပထမမိဆွေ၀ပဋိပဒါကစ၍။တိ ံသမိဆွေ၀ပဋိပဒါအထိပြခဲ့ရာ၌ရင်း။ ။တဏှာသတ်ခလောက်၊ ခါတ်ကမ္မဋ္ဌာန်းကျမ်း၌ရင်း။ ။အ၀ိဇ္ဇာနှင့်၀ိဇ္ဇာစစ်ကိုးခဏ်း ကျမ်းများ၌ ရင်း။ ။ဥာဏစာ၀ိ၊ ဖြေလွှာကျမ်း၌ရင်း။ ။၀ေဒကကျမ်း၌ရင်း။ ။အ၀ိဇ္ဇာ၀ပစ္စယာ သင်္ခါရာ၊ ဋီကာကျမ်း၌ရင်း။ သေသေ ချာချာ ကြည့်ပြီးမှ။ (ရှေ့-ကမ္ဘာ့အမှားကော်ကြီးများပါကကား) ဟူ၍။ စိတ်ချ ယုံကြည်ကြပေလိမ့်မည်။

# သတ္တဝါအမှားတော်ကြီး။

၊ကမ္ဘာ့အမှားတော်ကြီးများကို အမြင်ကမ္ဘာသဲလွန်စမှပြုပြီး၍။ သတ္တဝါ့အမှားတော်ကြီးများကို။အမြင်ကမ္ဘာပြုဆိုပါဦးအုံ့။ ။အောက်ဌ ရေးပြခဲ့သည့် အတိုင်း လူနတ်ဗြဟ္မာတို့နစ်နာဆုံးရှုံးရတာတွေကို ဘုရားအလောင်းတော်ကြီးတွေက ပွေ့ဖြင်တော့။ အဲဒီလိုနစ်နာခံနေရတဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေကို၊ ငါအသေခံ၍ကယ်မယ်ဆိုတဲ့ မဟာကရုဏာသဘောထားကြီးကြီးနှင့် ကျင့်၍လာခဲ့တာများ၊ (က) သမဒ္ဓိဂုဏ်ကြီးလေးစင်းမှာရှိတဲ့၊သဲလုံးနှင့်အမျှ ဘုရားတွေကုန်အောင်ပင် ပြင်းပြင်းထန်ထန်ဇွဲတော်ကြီးသန်သန်နှင့်အဖန်ဖန်ပင်ကျင့်ကြံခဲ့ရပါတယ်။ (ခ,ပါရမီ ၁၀-ပါးအပြားသုံးဆယ်။ စရိယာ ၃-ပါး၊ဗွန်ခြောင်းကြီး ငါးပါးနှင့်တကွသော လောကီကုသိုလ်တွေ ၂၃-မျိုး၊၃၅-မျိုးထိအောင် ကျင့်ကြံခဲ့ရပါတယ်။ (ဂ) ၇-သင်္ချေပတ်လုံး၊ ၉—သင်္ချေပတ်လုံး။ ၄—သင်္ချေပတ်လုံး။ ကမ္ဘာတသိန်းပတ်လုံး အစုစု သင်္ချေ ၂၀-နှင့်ကမ္ဘာတသိန်းကျင့်ကြံခဲ့ရပါတယ်။ ။ဘာ့ကြောင့် ကျင့်ကြံရပါသလဲဟုမေးလျှင်။ ဝမ္မတာနယ်မှ သာသနာနယ်သို့ ရောက်အောင်။ သတ္တဝါအားလုံးအား ပို့ချင်လို့ ကယ်ချင်လို့ ကျေးဇူးပြုချင်လို့ ကျင့်ရတာပါဟု သိရမည်။ ဖြေဆိုရမည်။ ဝမ္မဘာနယ်က လွန်မြောက်၍။ သာသနာနယ်သို့ရောက်လျှင်။ အပါယ်မှတွက်ပေါ်ပြီ။ ဆင်းရဲအတွက်ပေါ်ပြီ။ ဘုံစည်စံရတော့မည်။ လောကီစည်းစိမ်၊ဂုဏ်သိမ်ငယ်တွေနှင့်။ ပိုပိုရိုရိုလိုလေသေးမရှိ။ ပြည့်ပြည့်ဝဝ နှင့် တက်မြင့်၍သာ သွားရတော့မည်။ ဗုဒ္ဓ၊ဝမ္မ သံဃ၊အတွက်လဲပေါ်ပြီ။ ၆၇—ဆင့်ကိုလဲ မလိုချင်လဲရ။ လိုချင်လဲရ။ တသံသရာလုံး ဖြေသွားတော့မည်။ အဲဒါတွေကို အလောင်းတော်ကြီးက သိရှိလို့ နားလည်လို့ ငါကယ်မယ်။ ငါဆယ်မယ်။ နိဗ္ဗာန်သို့ ငါဖို့မယ်ဟု ဝိဠာန်ကာပေါ့။

---

## အလောင်းတော်ကြီးကြုံးဝါးပုံ ၃-မျိုး။

တိဏ္ဍောတာရေယျံ၊ငါကူးမြောက်လျှင်။ကူးမြောက်စေမယ်။
ရဏ္ဍောမောစေယျံ၊ငါလွတ်လျှင်။လွတ်စေမယ်။
ဗုဒ္ဓေါဗောဓေယျံ၊ငါသိလျှင်၊သိစေမယ်။

ဒီပက်ရာဘုရားလက်ထက်တော်ကဒီပုံကြီးဝါးပြီး အားတိုက်အင်တိုက် ကျင့်၍လာလိုက်ထာ။ ၄-သင်္ချိုနှင့်ကမ္ဘာတသိန်း စေ့မြောက်ပါရောတဲ့။ ထိုအခါမှာ သုဒ္ဓေါဒနမင်းမြတ်ကြီး၏ သားတော်ဖြစ်၍ လုမ္ဗနီဥယျာဉ်တွင် ဖွားမြင်လာရာ။ ၄-မျက်နှာ၌ ၇-လမ်းစီ လမ်းပြီး။ လူနတ်ဗြဟ္မာတို့၏အပူဇော်ကိုခံယူပြီး ကြီးဝါးပြန်သည်ကား။

---

## အလောင်းတော်ဖွားစ၌ကြီးဝါးပုံ။

အဂ္ဂေါဟာသို့လောကသ။ လောကထက် ငါအမြတ်ဆုံးပါဘဲ။

ဇေဋ္ဌောဟာသို့လောကသ။ လောကထက် ငါဟာအကြီးဆုံးဘဲ။

သေဋ္ဌောဟာသို့လောကသ၊ လောကထက်ငါဟာ အချီးမွမ်းခံရဆုံးဘဲ။

ဤပုံကြီးဝါးပြီး။တဖြည်းဖြည်းကြီးပြင်းလာရာ။ ၂ ၉-နှစ်သို့ရောက်တော့၊ ဘုရားဖြစ်ချင်တဲ့ဇော။ ဝင့်မှကျွတ်ချင်တဲ့ဇော။သတ္တဝါများကိုကယ်ဆယ်ချင်တဲ့ဇောနှင့်ရဟုလာနှင့်ယသော်ဓရာကိုထားခဲ့ပြီးတော့။ တောရကုံမြှင်းများသို့။တောထွက်၍သွားပါရောတဲ့။ အဲဒါဟာ လူနတ်ဗြဟ္မာတို့နှင့်တကွ။ မယ်ယသော်၊ သားတော်ရာဟုလာတို့ကို ဇာတိဘေးကြီး၊ ဇရာဘေးကြီး၊ ဗျာဓိဘေးကြီး၊မရဏာဘေးကြီး၊အပါယဘေးကြီး၊ အသိုးသိုးတို့မှ ကယ်ယူပြီး နိဗ္ဗာန်ကိုပို့ချင်ရှာလွန်းလို့ တောထွက်ခဲ့ရတာပါ။ အဲဒီအခဏေးဌ အလောင်းတော်တို့နှင့်ငါတို့ အရာရာယှဉ်ပြိုင်ကြည့်ပါလျှင်။ ကွာချင်တိုင်း ကွာပါလိမ့်မည်။ ဓမ္မကထိကများ၏ အာဝဇ္ဇနိ်းအတိုင်း ချွတ်ထွင်ချင်တိုင်း ချွတ်ထွင်၍ဟောပြနိုင်ပါ၏။ အလောင်းတော်သည် ဘိဘဘိုးဘွား ဆွေမျိုးများနှင့်တကွ။ တိုင်းကားပြည်ရှာ။ ဇနီးများနှင့် သို့သားတို့ပါ စွန့်ထား၍ တောထွက်သွားတော့။ အများက ကဲ့ရဲ့ပြစ်တင် ရှုံ့ချကြတယ်။ ဘယ်လိုများကဲ့ရဲ့ပြစ်တင်ရှုံ့ချကြသလဲဆိုတော့။ (ရှေးထုံးလဲမပယ်နှင့်။စျေးသုံးလဲ မလွယ်နှင့်) စကားပုံဟာရှိထားပါတယ်။ ဟောဒီ သိဒ္ဓတ္ထကုမ္ဘာမင်းသားဟာ သူတို့ရဲ့ဘိုးဘွားဘီဘင် အစ်အစဉ်ကပြုကျင့်လာခဲ့တဲ့ ရှေးရှေးမင်းမြတ်တို့၏ထုံးကို ချေမှုံးပယ်ဖျက်ခဲ့တယ်။ဒီလိုလူစားဟာ ဘုရားဖြစ်မှာတဲ့လား။ (ဖျားသုံးမလွယ်နှင့်) ဆိုတာကတော့။ ခန္ဓာကိုယ်နှင့် ရင်းနှီးပြီး ဘုရားအဖြစ်ကိုဝယ်မလို့တဲ့။ ဘာဘုရားဖြစ်နိုင်မလဲ။ ။နို့ပြီးတော့ ( အရင်လိုလမ်းအိုလိုက်ရမယ် ) လို့စကားပုံရှိပြန်သေးတယ်။ ဒီလိုဘုရားဖြစ်ဘို့

ရန် အရင်လိုရင်လဲ လမ်းအိုနှင့်တူတဲ့ အိုမင်းအောင်စောင့်ဆိုင်းပြီးတော့ အယွယ်အိုမှ မီးကိုလုပ်ကျွေးခြင်း ဗျာန်အတိညည့်ပွေးပြီး ဇေပေါ်ဘုရား လုပ်ပါတော့လား။ ယခုမှာ။ မိဘများလဲ မသက်သာ။ သားမယားလဲ မျက်နှာမလှ။ ငယ်ငယ်က မုဆိုးမဖြစ်ရတယ်။ တာဟာ ဘာကောင်းသလဲ သားတော်ကလေးမှာလဲ ဖွါးစနေ့မှာပင် ဖ သဆိုးလေးဖြစ်ရရှာတယ်။ နို့ပြီးတော့လဲ စကားပုံတချက်ရှိသေးတယ်။ (မိဘစကားနားမထောင်။သားတကောင်နှင့်။ဘဲ့လိတ်ဘဲ့လောင်း) ဆိုတာ။ယခုသိဒ္ဓတ္ထကုမ္ဘာမင်းသားဟာ။ မိဘစကားကိုနားမထောင်ဘူး။ နောင်အခါ၊ဘုရားလဲမဖြစ်၊သားကိုလဲမပြုစုနှင့်။တဲ့လိတ်ဘဲ့လောင်းပြန်ရောက်၍လာခုံးမှာကို။မြင်ရောင်သေးရဲ့တဲ့။တချို့ကလဲ ဒီမင်းသားဟာ မိဘကိုလဲမသနား။ သားကိုလဲမသနား။မယားကိုလဲမသနားဘူး။ အားလုံးကို သနားလို့ ဘုရားလုပ်ရအောင်သွားတယ်ဆိုတာ၀ါတို့မယုံကြည်နိုင်ဘူး။ကြည့်စမ်းပါ၊လား။မိဘသားမယားကိုမှ မသနားတဲ့သူဟာ ဘယ်သူကိုကောသနားခုံးမှာလဲ၊မိဘစကားတောင် နားမထောင်တဲ့သူဟာ။ ဘုရားဖြစ်နိုင်ပါ့မလား။ (အဖထက်ပင်၊သားက တလကြီးချင်သေးသလား) မိဘနှင့်တကွ။ ကမ္ဘာ့ရိုးရာဘရား။ ဝမ္မတာ ရိုးရာတရားကို။ဖျက်စီးပြစ်တယ်။ရှေးကလူကြီးတွေဟာ သူ့လောက် တောင်မှ အသုံးမကျဘူးလို့မျှား ထင်နေရော့သလား စသည်ဖြင့်။ (ငါ့မြင်း-ငါ့ဆိုင်း စစ်ကိုင်း–ရောက်ရောက်) သဘောနှင့် ကဲ့ရဲ့ပြောဆိုကြသည်။ အချို့ကလဲ (ငါ့လေ၀ါထိုး၊ပဂိုးရောက်ရောက်) သဘောနှင့်။ ရှုံ့ချကြသည်။ အချို့ကလဲ(ငါ့လေ၀ါစုံ-ရန်ကုန်ရောက်ရောက်) သဘောနှင့်အပြစ်တင်ကြသည်။ အချို့ကလဲ (ငါ့လေ၀ါဆန့် ပုဂံရောက်ရောက်) သဘောနှင့် အပြစ်ဖို့ကြသည်။ အချို့ကလဲ။ (ငါ့လေ၀ါလော်၊ ဗန်းမော်ရောက်ရောက်) သဘောနှင့် မေးခေါ်ကြလေသည်။ အဲဒါတွေဟာ သတ္တ၀ါအများကြီးပင်တည်း။

---

## လိုတာဖြည့်။ပိုတာနှုတ်။

ကမ္ဘာ့တရား၊ဝမ္မတာတရား၊အစဉ်အလာတရားကို ဖျက်ဆီး တယ်လို့ အပြစ်တင်ကြတယ်။ ဖျက်ဆီးတာ မဟုတ်ရပါ။လိုနေလို့ ဖြည့်တာပါ။ အောက်ပါဇယားကိုကြည့်လျှင်၊ လိုတာကိုသိပါလိမ့်မည်။

| သီလ ၁ ဆင့် | စိတ္တ ၂ | ဒိဋ္ဌိ ၃ | ကင်္ခါ ၄ | ဝိစိကိစ္ဆာ ၅ | ပဋိ ၆ | ဉာဏ ၇ |
|---|---|---|---|---|---|---|
| ကမ္မာ၃ဘုရား ဓမ္မတာဘုရား သာသနာပတေရား | သာသနာတရား ဒီဂါးဆင့်ကိုဘုရားပိုမှ သာဝကတို့ရောက်နိုင်သည် လိုလိုနေတဲ့ဂါးဆင့်ပါ။ | | | | | |
| ၃၁-ဘုံသားတို့ စုစု နေကြပါတယ်။ | | | | | | |

ဤဇယားကိုကြည့်လျှင် ဘုရားအလောင်းတော်ဟာ ကမ္မာ၃ရိုးရောဓမ္မတာကိုမပယ်ပါ။သီလနှင့်စိတ္တဌာ အကျင့်ဝိဇ္ဇာ အတိညဉ်သမာပတ် ဈာန်ပါ ကောက်ရ၏။ သတ္တဝါအားလုံးတို့သည်။ သီလစိတ္တ ၂-ဆင့်မျှသာ တက်ရောက်နိုင်ကြ၍။ ၃၁-ဘုံသာ ရကြတော့သည်။ ဒိဋ္ဌိကစ၍ ကျန်ဂါးဆင့်သို့မတက်နိုင်သဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရကြပါ။ တာကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရစေရန် ကျန်နေသောဂါးဆင့်နှင့် ရှိနေသော ၂-ဆင့်ကိုဆက်စပ်၍ပေးခြင်းမျှသာ ဖြစ်ပါတော့သည်။ ဥပမာ ပိဘက အခင်ဖြစ်ချင်သာလျှင် သားသို့ကား။ အပေါ်ကထပ်ပြီးတိုက်ဆောက်ကြတာလိုပင်။

ကမ္မာ၃က(သီလ၊စိတ္တ) ၂-ဆင့်အကျင့်ထားခဲ့ရာ ဘုရားက၊ (ဒိ-ကင်-မ-ဒို-ဉာ)ဂါးဆင့်ထပ်ထပ်ဆင့်၍သွားလေသည်၊ အလောင်းတော်နှင့် ဘုရားရှေးထုံးကိုမပယ်ကြောင်းမှာ။ မဂ်လာတရား၊ ၃၀-ပါးကိုဟောခဲ့ခြင်း၊ မိဝတ်၊ဖဝတ်၊ဆရာ့ဝတ် စသော ဝတ်များကျင့်ကြရန်။ သိဂ်ါလောဝါဒသုတ်၌ ဝတ်အကျင့်တွေကိုဟောခဲ့သည်။ရှေးရှေးကရသေ့များကျင့်သောသမထ၊ ဝိဇ္ဇာ၊အတိညဉ်၊ သမာပတ် ဈာန် စသည်တို့ကိုမပယ်ခဲ့ပုံမှာ သီလကွန်စသောပါဠိတော်များ၌ ဗျာနဘက်စဉ် ကျင့်စဉ်များကိုပါ ဟောတော်မူခဲ့ပါသည်။ဒိဋ္ဌိနှင့်ဆိုင်ရာအကုသိုလ်နှင့်ဆိုင်ရာလောက်ကိုသာပယ်မြစ်ခဲ့ပါ၊သည်။

---

## သတ္တဝါ! မဟာအမှာနှင်တော်ကြီးတခု။

ဝိပဿနာကျင့်ကြံကြဟော့ အချို့က ဝိပဿနာဆိုတာ မင်းတို့နဲ့မတန်ပါဘူးကွာ။ဘုရားအလောင်းတော်များတောင်မှ ၄-သင်္ချေကမ္ဘာတာသိန်း

ကျင့်ပြီးမှ ဝိပဿနာသို့တက်ရောက်ရတာဘဲ။ ဝိပဿနာရောက်မှ မဂ်ဖိုလ်ရတာဘဲဟု မဂ်တား-ဖိုလ်တားပြောတတ်ကြပါသည်။

## ဘုရားတဆူထဲက ဟောသွားပုံကြည့်ပါ။

| | |
|---|---|
| ဘုရားလောင်းကျင့်လာပုံ<br>စတ္တာရီအသင်္ချေယျာနိကပ္ပသ<br>တသဟဿာနိ၊ပါရမီ၊ယာ<br>ပူရယိတ္ဝာ၊ဗုဒ္ဓတ္တံခုပဂ၁ိ။<br><br>ဇာတ်အဋ္ဌကထာ | သာဝကများကျင့်ခိုင်းပုံ<br>ယောဟိကောစိ ဘိက္ခဝေ၊ ဣမေ<br>စတ္တာရောသတိပဋ္ဌာနေ၊ ဇေါ်ဘာဝေ<br>ယျသတ္တာဟံ၊ဘသ္ဒိန္ဒိုဖလာနံအည<br>တရုံဖလံပါဋိကင်္ခံ။ ဒ္ဝေ ဝေမ္ဘ<br>အညာ၊သတိ၀ါ၊ ဥပါဒိသေသေ၊ အ<br>နာဂါမိတာတိ။ (သတိပဋ္ဌာနသုတ်) |
| ပါဠိလိုယှဉ်ကြည့်ပါ | ပါဠိလိုယှဉ်ကြည့်ပါ |
| မြန်မာလိုတော့<br>ငါဘုရားအလောင်းဟာ<br>၄-သင်္ချေနှင့် ကမ္ဘာ တသိန်း<br>ပါရမီဖြည့်မှ ဘုရားအဖြစ်သို့<br>ရောက်သည်။ | မြန်မာလိုတော့<br>တစုံ တယောက် သတိ ပဋ္ဌာန်<br>၄-ပါးပွါးကြပါ၊၇-ရက်အတွင်း အ<br>နာဂါမိဖိုလ် အရဟတ္တဖိုလ်ကို ရပါ<br>လိမ့်မယ်။ |

ငါဘုရားအလောင်းမှာဟော့။ ပါရမီ ၃၀၊စရိယာ ၃-ပါး၊ စွန့်ခြင်းကြီး ငါးပါး ကျင့်မှ ဘုရားဖြစ်တယ်။ သို့ပေမဲ့၊သင်တို့ကတော့ (ဇေကောဓမ္မော) တရားတခုသာဖိကျင့်ကြ၊ (ဇေကာယနော) တလမ်းထဲနှင့်နိဗ္ဗာန်ရောက်မယ်တဲ့။ ဒီလိုပြောပြီးဟော့။ အာဠာဝက ဆွတ်ပြ၊အင်္ဂုလိမာလ ဆွတ်ပြ၊ တံငါအရိယဆွတ်ပြ၊သုဘဒ္ဒဆွတ်ပြ၊ ဥပကဆွတ်ပြ၊ ဗါဟိယဆွတ်ပြ၊ မိဘရှာထားတဲ့ ပစ္စည်းကို။ တပြားမှမရှာဘဲနှင့်သားသွီးများ၊စားသုံးဒါဖြင်သားနှင့်။ အလကား။ လျှာရှေ့ရောက်နေကြတယ်။ မဂ်သတ်ဖိုလ်သတ်သတိထားကြ။

၁။ ဘုရားက ၄-သင်္ချေနှင့်တသိန်းကျင့်မှဘုရားဖြစ်၊ အာဠာဝကမှာ ချက်ခြင်းမဂ်ရ။

၂။ ဖိဘသည် အနှစ်ငါးဆယ်စုမှ သူဌေးဖြစ်၏၊ သူ့သားသွီးမှာ ဘာမှ မလုပ်ရဘဲနှင့် ဌေးကြ၏။ ဇေးဆေးဆေး အမြဌေး၍ နေကြ၏။ မျက်မြင်ပင်တည်း။

၃။ သူဌေးကြီးသည်၊ တဆယ့်ငါးသိန်း အကုန်ခံ၍၊ တံတားကြီး ဆောက်လုပ်လှူဒါန်းခဲ့၏။ လူများတိရစ္ဆာန်များ တပြားမှမကုန် ဘဲနှင့်သွားရ၊လာရ၏။ ယှဉ်ကြည့်ပါ။

၄။ သူဌေးများက ၁၀-သိန်း အကုန်ခံ၍ သဘော်ဘုန်းမော်တော်ကြီး တည်၍ကူးတိုမိ၏။ လူများက ၀၊ဂဲ၊၁-မတ်၊၁-မူး၊၁-ပဲ စသည် ပေးခြင်းကြ၏။ မျက်မြင်။

၅။ သူဌေးများက ၂-သိန်း ၃-သိန်းအကုန်ခံ၍၊ တိုက်များတည်ကာ ငှါးစားကြ၏။ ကုန်သည် စာရေးများက။ ကလ၊၁၀၀၀၊ ၅၀၀၊ပေး၍ နေထိုင်ကြ၏။ ဘုရားအလောင်းများနှင့် ငါတို့တရားရပုံ ဥပမာ ပြချက်တည်း။

## တမ္ပားလာပြန်သေး၏။

ဝိပဿနာဆိုတာ သင်္ကြိဟ်အတိုင်း ကိုးပိုင်းစလုံး ညက်ညက်ကြေ သွက်သွက်နေမှ တရားရမှာဗျ၊ သာမန်အသိမျှနှင့် တရား မရနိုင်ဘူးတဲ့။ "ကြည့်ကြစမ်း" (မြန်မာ့အလင်း၊ ၁၃၁၂-ခုနှစ်။ ပြာသိုလ်လျှပ် ၁၁ ရက်နေ့ထုတ်သတင်းစာ၌၊အယ်ဒီတာဆရာက၊ဝေဖန်ပြခဲ့သည်ကား။

(ဒဋ္ဌိဝိသုद्ध) စိတ်တရ ရှပ်ကိုးဆယ်။ စေတသိတ် ၅၂-ပါး၊ရှပ် ၂၈-ပါး တို့ကို။ လက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်၊ကိုယ်စီနှင့်တကွ။ အကုန်အစည် သိမှသာ၊ဒဋ္ဌိဝိသုद्ध ဖြစ်နိုင်သည်ဟု မမှတ်လင့်။ အမှန်မှာ ပဓါနဖြစ်သော တရားသောရှပ်. တရားသောနာမ်၌၊ ဉာဏ်အမြင်ပေါက်ရောက်ခဲ့လျှင်။ ဒဋ္ဌိ ဝိသုद्ध ဉာဏ်မှစ၍။ အရဟတ္တမိုလ် ဉာဏ်တိုင်အောင်။ ပေါက်ရောက်နိုင် သည်ဟု မှတ်ယူရမည်။ "မူရင်းအတိုင်း"။

## အဌကထာ ဆရာကဆုံးဖြတ်သွားပုံ။

သာဝကာဟိ၊ စတုန္နံ ခါတျနံ၊ ကေဒေသမေဝသမ္ဘသိတ္ထာ နိဗ္ဗာနံ ပါပုဏန္တိ။ ။မူလပဏ္ဏာသအဌကထာ။ ။သာဝကများဟာ၊ ခါတ်ကြီး-၄ ပါးအထဲက တပါးပါးကို ရှုပွါးရုံနှင့် နိဗ္ဗာန်ရောက်နိုင်ပါသည်တဲ့။

## ဘုရားကိုယ်တော်တိုင် ဆုံးဖြတ်သွားပုံ။

နာမရူပေ ပရိညာတေ၊ နတ္ထိကိဉ္စိဥတ္တရိကရဏီယန္တိ။ ။နိဒါနဝဂ္ဂ၊ ယုတ်ပါဠိတော်။ ။နာမ်ရူပ်မှကပါး ကျင့်စရာမရှိ တရုတ် ရှုပါတဲ့။

## လယ်တီဆရာတော်ကလေ။

ဟူတဟူပေါ၊မြေ၊ရေ၊လေ၊မီး၊ခါတ်ကြီး၄-တန်၊အမာခံ၍၊အရံရှိပ်သေး၊ ၂၄-နှင့်ဟူ၍။ ခါတ်၄-ပါးတွေလျှင် မှီနေ ရံနေတဲ့ ဥပါဒါရှိပ်တွေရောပေါ့ တဲ့။

## မဟာဂန္ဓာရုံဆရာတော်ကလေ။

မြေ၊ရေ၊မီး·လေ၊လေးထွေခါတ်ထုတ်၊မဟာဘုတ်ကို၊မူလယူရာ၊ တည့်ပြီးခါမှ။ ။ဟူ၍။ခါတ်ကြီး၄-ပါးထဲက တခုခုကို မဲ့၍ရှုပါတဲ့။

## တမှားဆင့်ကြပြန်ပြီ။

ဝိပဿနာဆိုတာ စာမတတ်ဘဲနှင့်၊ ရတာမျိုး မဟုတ်။ စာတတ်မှ ရတာမျိုးပါတဲ့။ ။ဒါဖြင့် ရှုဌပန်ဟာ အလွန်ဥာဏ်ထိုင်းပါတယ်။ ရှေးက ရလျှင် နောက်ကမေ့မေ့လိုက်နှင့် လုံးဝစာမတတ်ဘူး။ ဒါပေမဲ့ **အ**ဝတ်စုတ်ကိုပွတ်ရင်း (ရဇောဟရဏံ) နှင့်စီးဖြန်းတော့၊ ပဋိသန္ဓိဒါ ပတ္တရဟန္တာထိပ်ဆုံးတန်းကိုရရှိသွားပါတယ်။စာမတတ်ဘဲ ရုတာတွေပြောပြ ပါဦးမယ်။ အာဌာဝကာဘိလူး။ ဒေဝိလိမာသကြီး။ မယ်ကာဌို။ ကာဌိ ယက္ခိနီ။ သုစိလောမဘိလူး။ ခရလောမဘိလူး။ ဟေမဝတာရဘိလူး။သာ တာဂိရိဘိလူး။ တံငါအရိယ တမ္ဗဒါဋ္ဌိက။ ဗါဟိယ။ ဇမ္ဗုက။ ပဗ္ဗတမုဆိုး ကုက္ကုဠမိတ္တမုဆိုး။ ခိုးသားကိုးရာ။ ၎င်းခန့်စ်ရာ။ ၎င်းငါးရာ။စသောမျှား ပြားလှသော ၂၄-သင်္ချေ။ကုဋေ၆၀။ ဗိုလ်ချေတာသိန်းတို့ မဂ်ဖိုလ်ရကြ တာဟာ စာတတ်က သဲတလုံးပါ။ စာမတတ်က သဲလွဲအစီးတရာက သဲ ပမာပါ။မဂ်ဘားဖိုလ်တားမ ပြောကြမိစေရာ။

## တမှားမျှင့်ကြပြန်ပြီ။

